# လူမဟုတ်သောရဟန်း

## ရဟန်းသင်း

၉၄၈၄

# လူမဟုတ်သော ရဟန်း

ရဟန်းသား ရေးသည်

သင့်ဘဝ ပုံနှိပ်တိုက်
၁၇-မလွှကုန်းလမ်း၊ ကျောက်မြောင်း
ရန်ကုန်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် ၈၂၂၂
ကင်းလွတ်ခွင့် အမှတ် ၀၃၀၀၆
ပထမ အကြိမ်
အုပ်ရေ ၂၀၀၀

ဓမ္မဒါန
မြန်မာ ၁၃၃၈-ခု၊ တပို့တွဲလ
ခရစ် ၁၉၇၇-ခု၊ ဖေဖော်ဝါရီလ

အဖုံးရိုက် သင့်ဘ၀

ထုတ်ဝေသူ။ ။ဦးမိဝရ၊ ချမ်းသာကြီးကျောင်း၊
ကမ်းနားတန်း၊ ရွှေတောင်မြို့။
ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့်၊ သင့်ဘ၀ပုံနှိပ်တိုက်၊ (၀၁၁၁)
၁၇ - မလွှကုန်းလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အနုသန္ဓေ** | .... .... | ၁ |
| အကြမ်းဖျင်း | .... | ၅ |
| လက်ထက်တော်က ရဟန်း | .... | ၈ |
| အရှင်သုဒိန် | .... | ၂၉ |
| မဟာဆွေတော်မျိုးတော်ရဟန်းများ | .... | ၅၃ |
| ကျောက်ကောင်းတစေ့ | .... | ၅၈ |
| ရဲဟန်းတွေကို ဘာ့ကြောင့်ရှိခိုးထိုက်သလဲ | .... | ၆၈ |
| ဆဗ္ဗဂ္ဂီရဟန်းများ | .... | ၇၆ |
| ဗမာပြည်ရဟန်းများ | .... | ၈၆ |
| သရေခေတ္တရာဝိုးတဝါး | .... | ၈၇ |
| ပုဂံရဟန်းများ | .... | ၉၀ |
| အရည်းကြီးရဟန်းများ | .... | ၉၂ |
| ရဟန်းများအတွက်သေဒဏ် | .... | ၉၅ |
| ပုထုဇဉ်ရဟန်းတို့ဘဝ | .... | ၁၀၅ |
| မနေနိုင်ရင်ထွက်စတမ်း | .... | ၁၁၃ |
| ကွဲကြပြန်ပြီ | .... | ၁၁၆ |
| ရဟန်းလူထွက်သံပျင်အမတ် | .... | ၁၁၉ |
| ပင်းယခေတ်ရဟန်းများ | .... | ၁၂၂ |
| စကားကျောင်းများနာမည်ပျက် | .... | ၁၂၄ |
| လက်စွဲကျော်သဃ်ရာဇာ | .... | ၁၃၁ |
| ဆူးတွင်းပစ်ဆရာတော် | .... | ၁၃၅ |
| အင်းဝခေတ်ရဟန်းများ | .... | ၁၄၃ |
| မင်းခေါင်ဓါငယ်ဆရာ | .... | ၁၄၅ |
| သိကြားသေလို | .... | ၁၄၇ |
| အရှင်ခေမင်္ဂသိလ | .... | ၁၄၉ |
| ရဟန်းဆိုတာခေတ်ဆံလို့ဖြစ်သလား | .... | ၁၅၂ |
| ရေငုံဆရာတော် ရှင်အရိယာဝံသ | .... | ၁၅၆ |

ဟံသာဝတီရဟန်းများ .... ၁၆၁
ပျို့ကဗျာခေတ် .... ၁၆၅
အတုစယူရာ .... ၁၆၇
သိုဟန်ဘွားနှင့်ရဟန်းများ .... ၁၆၈
မင်းကြီးရန်နောင်၏ သာသနာစိတ် .... ၁၇၃
တောင်ငူရှင်တိသာသနဓဇ .... ၁၇၈
ပြည်ရဟန်းများ တစေ့တစောင်း .... ၁၈၃
ဆီးတောဆရာတော် .... ၁၉၂
သတိပြုစရာ .... ၁၉၅
အလိုရမက် .... ၁၉၈
ဟံသာဝတီ အရေးအခင်း .... ၂၀၀
ငါးဆူဒါယကာနှင့် ရဟန်းများ .... ၂၀၃
ညောင်ရမ်းခေတ် .... ၂၀၉
လေးထပ်ကျောင်း .... ၂၁၁
ကျော်နှစ်ပါး .... ၂၁၄
ပြည်ထဲကိစ္စနှင့် ရဟန်းများ .... ၂၂၀
မွန်နှင့်မြန်မာရဟန်းများ .... ၂၂၃
စာသင်တိုက်ကြီးများ .... ၂၂၆
သာလွန်မင်းတရားလက်ထက်အခြေအနေ .... ၂၂၈
တောင်ဘီလာပုဂ္ဂိုလ်ကျော် .... ၂၃၃
ဦးထုပ်တရပတ် .... ၂၃၇
အရှင်ဇမ္ဗူဒီပဓဇ .... ၂၄၄
သူမြတ်နှစ်မှာ .... ၂၄၈
အမြတ်ထွက်သူ .... ၂၆၂
ရဟန်းတို့စည်းစိမ် .... ၂၆၄
ဆန်သယ်အပျိုတော်များ .... ၂၆၆
မြောက်နန်းကျောင်းဆရာတော် .... ၂၆၇
ရေနံဘုန်းကြီး .... ၂၇၅
အငြင်းအခုံပွဲကြီး .... ၂၇၈

# အနုသဒ္ဒေ

ဗမာပြည်ကို ဗုဒ္ဓမြတ်စွာ၏တပည့်ရဟန်းများ ရောက်လာတာဟာ ဗုဒ္ဓသာသနာ၏ သက်တန်းနဲ့ အတူလောက်ဘဲ ရှိပါလိမ့်မယ်၊ တနိုင်ငံလုံးမပျံ့နှံ့သေးပေမဲ့ ဒေသအချို့မှာ ရောက်ရှိနေတာကတော့ ဘုရားမြတ် သက်တော်ထင်ရှား ရှိတုန်းကတဲ့ကပါဘဲ။

ခုအထိဆိုရင် ဗမာပြည်နဲ့ ရဟန်းများနဲ့ အကျွမ်းတဝင်ဖြစ်ခဲ့တာဟာ နှစ်ပေါင်း ၂၅၀၀-ကျော်လာပီပေါ့၊ ဒီလောက်ရှည်လျားတဲ့ ကာလတလျှောက်လုံးမှာ ဗမာပြည်ရဟန်းများအနေနဲ့ ဘယ်အတိုင်းအတာအထိ အမူအကျင့်များကောင်းခဲ့ပီး၊ ဘယ်အတိုင်းအတာအထိ ချို့ယွင်းဖောက်ပြားခဲ့တယ်ဆိုတာ သိချင်စရာပါဘဲ၊ ကိုယ့်တိုင်းပြည်ရဲ့ အရင်းအခြာဆုံး ရဟန်းများဖြစ်လို့လဲ ပိုပီးသိချင်ရပါတယ်။

ဒီစာအုပ် ဖြစ်လာရတဲ့ အကြောင်းရင်းကတော့ ဒါပါဘဲ၊ သိချင်လို့လေ့လာမိပါတယ်၊လေ့လာမိတော့ သိတန်သလောက် သိရပါတယ်၊ သိတော့ရေးချင်လာပါတယ်၊ ယခုရေးလိုက်ပါပီ၊ လူတကာတွေအနေနဲ့ ရဟန်းတွေရဲ့ ဘဝအခြေအနေကိုနားလည်

ပီး ရဟန်းတွေကို ကြည့်ညိုတတ်လာရမယ်၊ လေးစားတတ်လာရမယ်၊ ရဟန်းတွေကိုယ်တိုင်ကလဲ ကိုယ့်ဘဝကိုယ် တန်ဘိုးထားတတ်ပီး၊ လေးစားတတ်လာရမယ်၊ ရဟန်းဘဝ ကို မြှော်လင့်ချက်ထားတတ်လာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးပါတယ်၊ ဒါပေတဲ့ တကယ်ချရေးပီးလို့ ကိုယ့်စာကိုယ်ပြန်ဖတ်တဲ့အခါ ရည်ရွယ်ချက်အပြည့်အဝ မအောင်မြင်သေးကြောင်း တွေ့နေရတာကိုဝန်ခံပါတယ်။ စာရေးအတတ်ပညာ လိုနေသေးလို့ဖြစ်မှာပါဘဲ၊ ဒါပေတဲ့ ခေတ်အဆက်ဆက်မှာ ရှိခဲ့တဲ့ ရဟန်းတွေရဲ့ အခြေအနေကို တော့လူအများ နားလည်အောင် ရေးနိုင်တယ်လို့တော့ ထင်မိပါတယ်။

စာဖတ်သူ ဘယ်လိုနားလည်မလဲတော့မသိပါ၊ တကယ်တော့ ဒီစာအုပ်ဟာ ရဟန်းသမိုင်းမဟုတ်ဘူး ဆိုတာတော့ စေ့စေ့စပ်စပ် ပြောထားပါရစေ၊ ရဟန်းအများစုကြီးရဲ့ ယေဘုယျ အဖြစ်အပျက်များနဲ့ ရဟန်းတပါးချင်း နှစ်ပါးချင်းရဲ့ ဝိသေသ အဖြစ်အပျက်များကိုသာ ဝေဖန်ချက်များနဲ့တွဲပီးရေးထားတာပါ၊ ဒီနေရာမှာရဟန်းတပါးချင်းနှစ်ပါးချင်းရဲ့အကြောင်းကိုရေးတာဟာ ပုဂ္ဂလိကရှုတ်ချခြင်း၊ ချီးမွမ်းခြင်းတွေ ဖြစ်မနေဘူးလားလို့ မေးထိုက်ပါတယ်၊ ဒီလိုမှ မရေးရင် မပြည့်စုံဘူးလို့ ထင်ပါတယ်၊ ဒါကြောင့်ပုဂ္ဂလိက အဖြစ်အပျက်များကိုလဲ ရေးရပါတယ်၊ အပျက်နဲ့ကျော်သူကို ပျက်ကျော်အဖြစ်ရေးပီး၊ အကောင်းနဲ့ ကျော်သူကို ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်တော်အဖြစ်နဲ့ ရေးပါတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီနှစ်မျိုးနှစ်စားလုံးဟာ သူတို့ရဲ့ခေတ်မှာ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေရဲ့ ခိုင်လုံသော သက်သေများ ဖြစ်ကြလို့ပါဘဲ။

ဘယ်သူတဦးတယောက်ကိုမျှ ပြစ်တင်ကဲ့ရဲ့ခြင်းမပြုလိုပါ၊ မရေးမဖြစ်လို့ တချို့နေရာမှာ ဝေဖန်မိတာကလေးများတော့ ရှိပါတယ်၊ စေတနာနဲ့ဝေဖန်ခြင်းပါ၊ တချို့နေရာမှာတော့ တဖက်ဖက်ကိုပါသွားတာမျိုးလဲ ရှိပါတယ်၊ ဒီအခါမျိုးမှာစာဖတ်သူက ထပ်ဆင့်ဝေဖန်သင့်ပါတယ်၊ အမှန်အတိုင်းဝန်ခံရရင် ဒီစာအုပ်မှာ ဖော်ပြထားချက်တွေဟာ အဲဒီခေတ်ကာလတလျှောက်လုံးရဲ့ အကြောင်းအရာအဖြစ်သနစ် အပြည့်အစုံ မဟုတ်ပါဘူး၊ အချို့အဝက်မျှသာဖြစ်ပါတယ်၊ လက်လှမ်းမှီသလောက်ကိုသာ ဖော်ပြနိုင်ပါတယ်၊ စာရေးသူ မတွေ့ဘူးသေးသော အကြောင်းအရာများကို အခြားပုဂ္ဂိုလ်များ တွေ့နိုင်ကောင်းပါတယ်၊ ဒီတော့ စာရေးသူရဲ့ဝေဖန်ချက်တွေကို ထပ်ဆင့်ဝေဖန်နိုင်တာပေါ့၊ ခြုံပြီးပြောရမယ်ဆိုရင် ရေးသူရည်ရွယ်ချက်အတိုင်း စာဖတ်သူအနေနဲ့ စာပါအကြောင်းအရာကို နားလည်ပြီး ရှေ့တဆင့်တက်၍ စိတ်၏ခံစားမှု မဖြစ်ပေါ်သည့်တိုင် အကြောင်းအရာ ရိုးရိုးကိုပင် နားလည်သဘောပေါက်သည်ဆိုပါက ရည်ရွယ်ချက် တစိတ်တဒေသ အောင်မြင်တာဖြစ်လို့ အားတက်မိမှာအမှန်ပါ လို့ဆိုတဲ့အကြောင်း အနုသဗ္ဗေပြုရပါတယ်။

နောက်တခုက ဒီစာအုပ်မှာ အင်းဝခေတ်ကုန်ဆုံးချိန် အထိ အခြေအနေကိုသာဖော်ပြထားတာမို့ ကျန်ရှိနေတဲ့ ကုန်းဘောင်၊ ရတနာပုံ စတဲ့ခေတ်တွေမှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကိုတော့ နောက်စာအုပ်ကျမှဘဲ ဖတ်ရှုကြပါလို့ ပန်းကြားလိုပါတယ်။

# လူမဟုတ်သောရဟန်း

ရဟန်းသားရေးသည်

### အကြမ်းဖျင်း

လွန်ခဲ့သော နှစ်ပေါင်းသုံးရာလောက်က အဖြစ်အပျက်ကလေးတခုကို ကြည့်မယ်ဆိုရင် ရဟန်းတွေရဲ့ဘဝကို အကြမ်းဖျင်း မြင်ရပါလိမ့်မယ်။

သက္ကရာဇ် ၁၀၃၄ ခုနှစ်မှာ နန်းတက်တဲ့ အဝပြည့်ရှင် ဘုရင်နရာဝရမင်းလက်ထက်မှာ ရဟန်းပျိုကလေးတပါး ရှိတယ်၊ အဝရွှေစည်းခုံဘုရား မြောက်စောင်းတန်းနားက “ဇေတဝန်ခြေတိုင်”ခေါ်တဲ့ ကျောင်းမှာ စာပေသင်ကြားနေပါသတဲ့၊ စာပေကျမ်းဂန်တတ်လှပေမဲ့ အရွယ်တော်က ငယ်သေးတာမို့ [illegible]ရိုစိတ်ကို[illegible]ိုက်ပြီး တနေ့မှာ လူထွက်ဘို့ ကြံမိတာကိုး၊ ဒါနဲ့ အဝတ်အစားတွေယူပြီး အ[illegible]ဘော်ရဟန်းတွေနဲ့အတူ “ယင်းခဲ့” [illegible]ခေါ်တဲ့ ရေဆိပ်ကို ဆင်းလာပါလေရော၊ “ရဟန်းအဖြစ်နဲ့

ဘုရားရှိခိုးအုံးမယ်”လို့ စိတ်ကူးပေါက်တာနဲ့ လိုဏ်ထဲဝင်ပြီး ဘုရားရှိခိုးလိုက်ပါသေးတယ်၊ ဒီအခိုက်မှာ လိုဏ်ပြင်ဘက်ကလဲ တကာမတယောက် ဘုရားရေချမ်းကပ်ပြီး ဆုတောင်းနေတာကို ကြားလိုက်မိတာကိုး။

“ဤကောင်းမှုကြောင့် ဆင်းရဲနွံ့ငရဲကင်းလိုပါ၏၊ ဖြစ်လေတိုင်းသောဘဝ၌လည်း လူထွက်မယား မဖြစ်ပါလို”ဆိုတဲ့ ဆုတောင်းဘဲ ဖြစ်ပါတယ်။

ဒါနဲ့ဘဲ ရဟန်းပျိုလေးလဲ အင်မတန်အံ့သြပြီး “ငါလည်း လူထွက်မည်လာသည်၊ တကာမလည်း ပြင်ကဆုတောင်းသည်၊ မေးရစေဦး”လို့ စိတ်ကူးပြီး အပြင်ထွက်လာတယ်၊ “လူထွက်မယားမဖြစ်ပါလိုလို့ ဘယ့်ကြောင့် ဆုတောင်းသနည်း”လို့ မေးတော့—

“လူထွက်မယား မဖြစ်ပါလို ဆုတောင်းသည်ကား လူမိုက်မယားမဖြစ်ပါလိုလို့ ဆုတောင်းတာပါ” ဆိုတော့ “လူထွက်လျှင်ပင် မိုက်လေတော့သလော”ပေါ့ ရဟန်းက၊

“လူထွက်သောရဟန်းသည် ဘယ့်ကြောင့် မမိုက်ဘဲရှိတော့မည်နည်း၊ ရဟန်းမည်သည်ကား သူလှူသော အဝတ်အစား၊ သူလှူသောအရိပ်သင်္ခမ်းကို သုံးဆောင်စားသောက်၍ ချမ်းသာစွာနေထိုင်ရပေသည်၊ စာပေကျမ်းဂန် သင်ကြားလိုသော်လည်း သင်ရ၏။ မသင်လိုလျှင်လည်း သင်္ကန်းကြီးကို ခြုံကန်ကာသာ အိပ်လိုသမျှ အိပ်နေရသည်၊ သို့စင်လျက် သူ့ကျွန်ခံဦးမည်၊ မယားကျွန်ပြု၍ လုပ်ကျွေးဦးမည် လူထွက်သောရဟန်းထက် မိုက်သောသူ မရှိပြီ၊ လူမိုက်မယားဖြစ်ချေက ကျွန်ပ်မဆင်းရဲပြီ

လော”လို့ တကာမက ပယ်ပယ်နယ်နယ် လျှောက်လိုက်ပါတော့တယ်။

ရဟန်းပျိုကလေးဟာ စိတ်ထဲထွေတေတေဖြစ်သွားတာပေါ့၊ ဟုတ်တာပါဘဲလေဆိုတာမျိုးလဲ တွေးမိမှာပေါ့၊ ဒီတော့မှယင်းရဲ့ တံခါးပြင်ဘက်ထွက်ပြီး ရပ်နေပါသတဲ့၊ သူမျက်နှာမူနေတာက တော့ သွင်သွင်ဒီးဒီးစီးနေတဲ့ ဧရာဝတီမြစ်ကြီးပေါ့၊ မြစ်ထဲမှာ လှေကလေးတွေ လူးလာခပ်နေတာတို့၊ မိန်းမပျိုကလေးတွေ၊ ကာလသားလေးတွေ မြူးတူးနေတာတို့ စတဲ့ လှုပ်ရှားမှုမြင်ကွင်း ကိုမြင်ရပေမဲ့ သူ့စိတ်ထဲမှာ ဒါတွေကို အာရုံထားဟန်မတူပါ၊ အတော်ရင့်ကျက်တဲ့ ဣန္ဒြေနဲ့မတ်မတ်ရပ်ပြီး တစုံတရာကိုနက်နက် နဲနဲစဉ်းစားနေဟန်တူပါတယ်။

အဝတ်အစားတွေယူလာတဲ့ အဖော်တွေက လှမ်းခေါ်တော့ သူက “လာကြပါအုံး”လို့ ခေါ်ပြီး အကျိုးအကြောင်းပြောပြ လိုက်တယ်၊ “ခုမှတော့လူမထွက်တော့ဘူး”လို့လဲ ပြောလိုက် တယ်၊ အဲဒီနောက် စစ်ကိုင်းဘက်ကူးပြီး စာတတ်ပေတတ် ဆရာ တော်တွေထံမှာ ဆက်လက်ပညာဆည်းပူးတော့တာဘဲ၊ နိဂုံးချုပ် မှာတော့ သာသနာတော်မှာ အတော်အလေးထားလောက်လို့ မင်းကိုးကွယ်ခံ ဆရာတော်ဖြစ်သွားပါတယ်။

အကြမ်းဖျင်းဆိုကတဲက အသေးစိတ်မဟုတ်ဘူးဆိုတာတော့ သတိပြုရပါလိမ့်မယ်၊ ဒီနေရာမှာ သူလှူတာစား၊ သူလှူတာဝတ်၊ သူလှူတဲ့ကျောင်းမှာနေ ဆိုတာတွေဟာရဟန်းဘဝရဲ့ပုံကြမ်းပါဘဲ၊ ဒီပုံကြမ်းကိုကြည့်ပြီး ရဟန်းဘဝဆိုတာ ဒါလောက်ဘဲလို့ထင်ရင် တော့မှားပါလိမ့်မယ်၊ အသေးစိတ် ခြယ်မှုံးကြည့်မှသာ ရဟန်း ဘဝရဲ့ပုံသဏ္ဌာန်ကို ပီပီပြင်ပြင်မြင်ရမှာပါ၊ ဒါပေတဲ့ ဒီစာအုပ်

မှာကတော့ အကုန်လုံး အသေးစိတ်ပြီး ဖော်ပြနိုင်မယ်မဟုတ်ပါဘူး၊ ပြီးသလောက်မြင်ရအောင်တော့ ဖော်ပြဖို့ စိတ်ကူးထားပါတယ်။

## လက်ထက်တော်က ရဟန်း

မြတ်စွာဘုရား သက်တော် ထင်ရှား ရှိတော်မူတုန်းကတော့ ရဟန်းတွေဟာ တကာတကာမတွေရဲ့ အရေးပေးခြင်းကို အတော်ဘဲရရှိကြပါတယ်၊ အရေးပေးတယ်ဆိုတာက ယုံကြည်ခြင်း လေးစားခြင်းကို ဆိုလိုတာပါ၊ ခုခေတ်မှာလဲ ဒီယုံကြည်မှု လေးစားမှုတွေဟာ ရှိတန်သလောက် ရှိပါသေးတယ်၊ နို့ပေတဲ့ဟိုတုန်းကနဲ့စာရင်တော့ အတော်ကြီးဘဲ လျော့ပါးနေပါပြီ၊ ဒီလိုလျော့ပါးရတာဟာ ရဟန်းတွေရဲ့ အပြစ်လား၊ တကာတွေရဲ့ အပြစ်လားဆိုတာကိုတော့ ဒီစာအုပ်က တစေ့တစောင်း ပြသွားပါလိမ့်မယ်၊ ဒါပေတဲ့ အဆုံးအဖြတ်တော့ ပေးမယ် မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ကြဘို့ပါဘဲ။

ပြီးတော့ တခုရှိပါသေးတယ်၊ ခုခေတ် တကာ တကာမတွေက သူတို့ရဟန်းတော်တွေကို သိပ်ပြီး ခေတ်မှီစေချင်ကြတယ်၊ ခေတ်မှီတယ်ဆိုတာ ရှေးရိုးအတိုင်းမဟုတ်ဘဲ ခေတ်အလျောက် ကျင့်ကြံပြုမူနေထိုင်ရမယ့်သဘောပါ၊ ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့လဲ ရဟန်းတွေဟာ ခေတ်မှီလို့ ဖြစ်မဖြစ်ဆိုတဲ့ပြဿနာကို စဉ်းစားကြဘို့အကြောင်းအရာတွေကိုလဲ ဒီစာအုပ်မှာပေးထားပါလိမ့်မယ်။

ရဟန်းဆိုတာ လူထဲကလူ မဟုတ်တဲ့ အမျိုးအစားပါ၊ အသွင်အပြင်ကိုက နေရာတကာမှာ လူဝတ်ကြောင်နဲ့ ခြားနားနေတာပါ၊ ပုံစံအမျိုးမျိုးနဲ့ ဗိုလ်ဆံတောက်ထားဘို့ အခွင့်မရှိပါဘူး၊ ဆံပင်ရှည်ထားဘို့ ဆိုတာတော့ ဝေလာဝေးပါ၊ ရဟန်းလုပ်မယ်ဆို

ကတဲက ခေါင်းတုံးရိတ်လိုက်ရတာပါဘဲ၊ ခေါင်းနဲ့ ပတ်သက်လို့ အလှပြင်စရာမရှိတော့ အဝတ်အစားနဲ့ ပတ်သက်ပြီးတော့ကော အလှပြင်စရာများရှိသေးသလားဆိုရင် အားလုံးမြင်ကြတဲ့အတိုင်း ပါဘဲ အောက်ပိုင်းကဝတ်တာကလဲ အဝါရောင် ဝန်းကျင်အမျိုး အစားဗျန်းကြီးဘဲ၊ အပေါ်ပိုင်းဝတ်တာကလဲ ဒီလိုဗျန်းကြီးပါဘဲ၊ အထည်အမျိုးအစားသာ ပိုးဖဲ စသည် ဖြစ်ချင်ဖြစ်မယ် အသွင် အပြင်ကတော့ ဒီပုံအတိုင်းပါဘဲ။

အဲဒီ ဗျန်းကြီးတောင်မှ ဝတ်ချင်သလို ဝတ်ခွင့် မရှိပါဘူး၊ ဥပမာ မင်းသားတွေဝတ်တဲ့ တောင်ရှည်ပုဆိုးဟာ ဗျန်းကြီးဘဲ ပေါ့၊ရဟန်းမှာက တောင်ရှည်ဝတ်သလို မဝတ်ရဘူး၊ ရှေ့တည့် တည့်က အနားကို သုံးခေါက်လောက်ခေါက်ပြီးတော့မှ အပေါ် ဘက်က နှစ်ခါသုံးခါလောက် လိပ်ပြီးဝတ်ရတာ၊ အပေါ်အဝတ် ကြည့်ပြန်တော့လဲ သိုင်းကြိုးတွေ ဘာတွေတပ်ပြီး စစ်သားတွေ ဝတ်တဲ့ဝတ်ရုံကြီးလို ဟိတ်ကြီးဟန်ကြီး ဖြစ်အောင် ဝတ်လို့မရ ဘူး၊ ပုခုံးတဖက်ဖော်ပြီး ဘေးတဖက်မှာလဲ ကြယ်သီးတို့ဇစ်ကြိုး တို့ဆိုတာတွေ တပ်ရတာမဟုတ်ဘဲ ဒီအတိုင်း ဟာလာဟင်းလင်း ထားပြီး ဝတ်ရတာဖြစ်လေတော့ လူဝတ်ကြောင်တွေလို ကြွားရ ရွားဖြစ်နေတာတို့၊ ထည်ထည်ဝါဝါကြီးဖြစ်နေတာတို့ ကပိုကရို ဖြစ်နေတာတို့ဆိုတာတွေ မရှိနိုင်တော့ဘူးပေါ့။

ကမ္ဘာပေါ်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကျော် က ပုံစံအတိုင်း ဆင်ယင်ထုံးဖွဲ့မှုကို တသွေမတိမ်းမြင်နိုင်သေးတာ ဟာ ဒီရဟန်းတွေရဲ့ ဆင်ယင်ထုံးဖွဲ့မှုဘဲ ရှိနိုင်လောက်ပါတော့ တယ်၊ ဘုရားလက်ထက်က ရဟန်းတော်တွေရဲ့ ဝတ်ပုံ ရုံပုံဟာ ခုခေတ်ရဟန်းတော်တွေရဲ့ ဝတ်ပုံရုံပုံနဲ့ အသွင်အပြင်မှာ ခုချိန်

အထိတော့အတူတူပါဘဲ၊ တကောင်းသရေခေတ္တရာ ပင်းယခေတ်တုန်းကလဲ ဒီအတိုင်းပါဘဲ၊ ဘာ့ကြောင့်ဒီလိုပြောနိုင်သလဲ ဆိုရင် ဘုရားလက်ထက်ကစပြီး ခုအထိ ဆရာစဉ်ဆက် မပျက်ကြသေးတဲ့ ပြင် ဝိနည်းတော်ကြီးကလဲ အထင်အရှား ရှိနေလေတော့ဘယ်လို မှပြောင်းလဲ ပြင်ဆင်ပြီးဝတ်လို့မရတဲ့ အတွက်ကြောင့်ပါဘဲ၊ ဒါ ကြောင့်အကျင့်သိက္ခာဆိုတာတွေ အသာထားပြီး ခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ဒီဆင်ယင်ထုံးဖွဲ့မှုဟာ ရှေးဟောင်းပစ္စည်းအနေ နဲ့ကြည့်ရင်ကိုဘဲ တန်ဘိုးမဖြတ်နိုင်တဲ့ ပစ္စည်းပါ။

ဖော်ပြတဲ့အတိုင်း ကြည့်မယ်ဆိုရင် ရဟန်းတို့ရဲ့ ဝတ်ဆင်မှုဟာ ဝါကြွားဘို့လဲမဟုတ်၊ ခြိမ်းချောက်ဘို့လဲ မဟုတ်၊မြူဆွယ်ဘို့ လဲ မဟုတ်လေတော့ ဣန္ဒြေရရနဲ့ တမျိုးတဘာသာ ဖြစ်နေတာ ကိုတွေ့နိုင်ပါတယ်၊ ဒါကြောင့်မို့ သင်္ကန်းဝတ်၊ ဝတ်ကြောင်ဆို ပြီး ဝေါဟာရ ခွဲခြားထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ခေတ်မှီ စေချင်ရှာကြတဲ့ တကာ တကာမတွေက မေးချင်ကြလိမ့်မယ် ထင်တယ်၊ "ဒီဝတ်စားဆင်ယင်မှုကိုခေတ်မှီမှီ ပြင်ဝတ်လို့မရဘူးလား" လို့။

ဒီပုံစံအတိုင်းကဖြင့် တပြားသားမှ ပြင်လို့မရပါဘူး၊ ဘာ ကြောင့်လဲလို့ အထူးပြောနေစရာ မလိုပါ၊ ဒီသာသနာမှာ ဒီပုံစံ ဟာ ရဟန်းပုံစံဘဲဆိုတဲ့ဥပဒေပုံစံခွက်ကြီးရှိနေလို့ပါဘဲ၊ အားလုံး ခြုံကြည့်လိုက်မယ်ဆိုရင် ရဟန်းတွေရဲ့ အသွင်သဏ္ဌာန်ဟာ ဘယ် နေရာမှာမှ ဝတ်ကြောင်နဲ့ တူတာရယ်လို့မရှိပါဘူး၊ မတူအောင် တမင်ကိုခွဲခြားထားတာလဲဖြစ်ပါတယ်၊ဒါပေတဲ့တူအောင် တုရင် တော့လဲ တူမှာပါဘဲ၊ သို့သော် အကောင်းဆုံးသော လူသား

တယောက်ရဲ့ ဟန်ပန်နဲ့ လူ့စည်းစိမ် လူ့ဘဝကို အထင်ကြီးနေတဲ့ လူတယောက်ဟာ ဘယ်လိုလုပ်ပြီး ဒီပုံစံကို တုချင်ပါ့မလဲ၊ ဒီပုံစံက အရပ်နဲ့တော်တဲ့ပုံစံမှမဟုတ်ဘဲ၊ ဒီတော့ ဝတ်ကြောင်တွေ အနေနဲ့ မတုချင်အောင် လုပ်ထားတာဆိုရင်လဲ မမှားပါဘူး၊ စင်စစ်ကတော့ ရဟန်းတွေရဲ့ မာန်မာနကို နှိမ်ထားတာဖြစ်ပါတယ်၊ ဒါကြောင့် ရဟန်းဆိုတာ လူထဲကလူ မဟုတ်တဲ့ပုဂ္ဂိုလ်လို့ ဆိုရတာပါ၊ ဘယ်သူမှတပ်မက်မောခြင်းမရှိတဲ့ ဒီဆင်ယင်ထုံးဖွဲ့မှုကို ရဟန်းတွေ ဝတ်ဆင်ရတာဟာ တခြားအကြောင်းလဲ ရှိပါတယ်။

ရဟန်းတွေထားရမဲ့ အဓိကရည်ရွယ်ချက်ဟာ တပ်မက်မှုကင်းဘို့ဘဲဖြစ်ပါတယ်၊ တပ်မက်မှု ကင်းအောင်ဆိုရင် တပ်မက်စရာမရှိတဲ့အဝတ်ကို ဝတ်ပြီးကျင့်ကြံတာဟာ ပိုပြီး ခရီးရောက်ပါတယ်၊ ဒီနေရာမှာ တပ်မက်စရာမရှိ ဆိုတဲ့ စကားဟာ လေးစားစရာ မဟုတ်ဆိုတဲ့စကားနဲ့ တခြားစီပါ၊ အဓိပ္ပာယ်မတူပါဘူး၊ တပ်မက်စရာ မရှိရင် ရွံစရာ စက်ဆုပ်စရာပေါ့လို့ ဆန့်ကျင်ဘက်အဓိပ္ပာယ်ရတဲ့ နေရာမျိုးလဲရှိပါတယ်၊ ဥပမာ လူသေကောင်ပုပ်၊ ဒီမှာဆိုလိုတာကတော့ ဒီလိုမဟုတ်ပါဘူး၊ တပ်မက်စရာ မရှိပေမဲ့ လေးစားရပါမယ်၊ ဥပမာ အလှန်ကိုအရုပ်ဆိုးပြီး လူမြင်ရင် သရဲလား၊ သဘက်လား အောက်မေ့ရတဲ့ ကုသဘုရင်ကြီးဟာ ရုပ်ရေအနေနဲ့တော့ တပ်မက်စရာ တကွက်မှ မရှိဘူးပေါ့၊ ဒါပေတဲ့ သူ့အရည်အချင်းကြောင့် လေးစားထိုက်တဲ့ ဘုရင်ကြီး ဖြစ်ပါတယ်။

သက်န်းလို့ခေါ်တဲ့ ဒီအဝတ်တွေကို အခဏ်းဖွဲ့တာ နပတ်တပ်တာကစပြီး ချုပ်လုပ်နည်းကို ဘုရားကိုယ်တော်တိုင် ညွှန်ပြတော်မူ

ခဲ့တဲ့ပြင်၊ သူ့ကိုဝတ်ပီးတပ်မက်မှုလုံးဝချုပ်ငြိမ်းတဲ့ အရဟတ္တဖိုလ် အထိ ခရီးပေါက်နိုင်ကြလို့ "အရဟတ္တဖိုလ်အောင်လံ" ရယ်လို့ ကျမ်းဂန်များမှာ ဂုဏ်ပြုခေါ်ဆို ထားကြပါတယ်၊ ဒါကြောင့် ဒီသင်္ကန်းဆိုတဲ့အဝတ်ဟာ တပ်မက်စရာ မရှိပေမဲ့ လေးစားစရာ အပြည့်ရှိနေတယ်ဆိုတာတော့ သတိပြုရပါလိမ့်မယ်၊ ဒီအကြောင်း တွေဟာ ဘယ်သူမှတပ်မက်ခြင်းမရှိတဲ့အဝတ်ကို ရဟန်းများဝတ် ရခြင်းအကြောင်းဖြစ်ပါတယ်။

ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်လို့ ရဟန်းဘဝရဲ့ ရုပ်လုံးကို ဒါထက်ပိုပီး ဖော်ပြစရာမလိုတော့ပါဘူး၊ ဒီနေရာမှာ ရဟန်းတွေ ရဲ့အမျိုးအစားကို ဗဟုသုတအဖြစ် ခွဲခြားသိစေချင်ပါတယ်။

လက်ထက်တော်တုန်းက ရဟန်းတွေထဲမှာ ဧဟိဘိက္ခုရဟန်း ဆိုတာရှိပါတယ်၊ ဒီအမည်ကိုရတာကတော့ ဘုရားကိုယ်တော်တိုင် "ဧဟိဘိက္ခု" လို့ခေါ်တော်မူတဲ့အတွက် ဖြစ်လာရတဲ့ ရဟန်းမို့ ပါ၊ ဒီရဟန်းအမျိုးအစားဟာ ရှေးဘုန်းရှေးကံ ကြီးမားတဲ့ရဟန်း များလို့ဆိုနိုင်ပါတယ်၊ ဒီရှေးဘုန်း ရှေးကံဆိုတာက လာဘ်သပ် ပကာပေါများတဲ့ ရှေးဘုန်း ရှေးကံကို ဆိုလိုတာ မဟုတ်ပါဘူး၊ ရဟန်းအဖြစ်ရဘို့ အဖက်ဖက်က လုံလောက်တဲ့ ရှေးဘုန်းရှေးကံ ကို ဆိုလိုတာပါ။

ဒီ ဧဟိဘိက္ခု အမျိုးအစား ရဟန်းမြတ်တွေဟာ ရဟန်းဘဝ မရောက်ခင်ကိုက အနဲဆုံး သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေပါ၊ ရဟန်းဘဝရောက်လာပုံကလဲ တခြားရဟန်းတွေလို သင်္ကန်းရှာရ သပိတ်ရှာရနဲ့ ပရိက္ခရာတွေ အပြည့်အစုံရှာဖွေပြီးမှ ရဟန်းဘဝ ရောက်လာရတာမဟုတ်ပါဘူး၊ ဒီနေရာမှာ "ဘဒ္ဒဝဂ္ဂီ" လို့ခေါ်တဲ့

မင်းညီမင်းသားညီနောင်တစုရဲ့ အကြောင်းအရာကလေးကို မှတ်သားသင့်ပါတယ်။

ဘုရားလက်ထက်တုန်းက သာဝတ္ထိပြည်ဆိုတာရှိပါတယ်၊ ပသေနဒီကောသလမင်းကြီးဆိုတာက အဲဒီသာဝတ္ထိပြည်ရဲ့ ဘုရင်ကြီးပါ၊ ဒီဘုရင်ကြီးနဲ့ ခုနက ဘဒ္ဒဝဂ္ဂီလို့ခေါ်တဲ့ မင်းသားသုံးကျိပ်သုံးယောက်တို့ဟာ ဖအေတူ မအေကွဲ ညီအစ်ကိုတွေ ဖြစ်ပါတယ်။

တနေ့မှာ ဘဒ္ဒဝဂ္ဂီညီတော်နောင်တော်တွေဟာ တောကစားထွက်ခဲ့ကြပါတယ်၊ဥရုဝေလဆိုတဲ့ တောအုပ်ကြီးဟာ အဲဒီအချိန်က အင်မတန် နာမည်ကြီးပါတယ်၊ မင်းသားတွေ တောကစားထွက်လာတာ ဒီတောအုပ်ကြီး အနီးအပါးက တောအုပ်ကလေးတခုပါဘဲ၊ တောအုပ်ကလေးဆိုပေတဲ့ အတော်ကြီးမားပုံတော့ရပါတယ်၊ ဒီတုန်းက ဘုရားကိုယ်တော်မြတ်ကြီးဟာ အဲဒီတောအုပ်ထဲမှာရှိတဲ့သစ်ပင်ကြီးတပင်အောက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ မင်းသားတွေ တောကစား ထွက်လာတယ် ဆိုတာက သမင်တို့ ဒရယ်တို့ဆိုတဲ့ သားကောင်တွေကို ပစ်ရ ခတ်ရအောင် မဟုတ်ပါဘူး၊ အပျော်ကျူးကြတဲ့ မင်းသားတွေဆိုတော့ မြို့ထဲရွာထဲမှာ ပျော်ရ ပါးရတာဟာ လွတ်လပ်မှုမရှိဘူးပေါ့၊ ဒီတော့ တောထဲမှာဆိုရင် ထင်သလို ပျော်နိုင်တယ်ဆိုပြီး ဇနီးသယ်တွေကိုယ်စီနဲ့ ပျော်ရအောင် ထွက်လာကြတာပါ၊ ဒါ့ကြောင့်မို့လို့လဲ သူတို့အထဲမှာ ဇနီးမရှိတဲ့မင်းသားတယောက်ဟာ လှပချောမွေ့တဲ့ ပြည့်တန်ဆာမတယောက်ကို ငှားလာရပါတယ်။

ဒီလို လာလာပြီး ပျော်ကြ ပါးကြတာဟာ ကျမ်းဂန်ရဲ့စကားရိုပ်အရဆိုရင် တရက်လဲမဟုတ် နှစ်ရက်လဲမဟုတ်၊ နေ့စဉ်

လာကြတာ ဖြစ်ပါတယ်၊ တနေ့တော့ ဒီလိုဘဲ ပျော်ရင်းပါးရင်း မောကြပမ်းကြလေတော့ မင်းသား မင်းသမီးတွေဟာ အိပ်ပျော် ကြပါရော၊ဒီအခါမှာ ပြည့်တန်ဆာမက သူ့ကိုငှားလာတဲ့ မင်း သားကိုယ်မှာဝတ်ဆင်ထားတဲ့ ရတနာတွေကို ယူပြီးထွက်ပြေးတာ ကိုး၊ဒါကို အိပ်ရာကနိုးလို့သိကြတော့ လူစုပြီး လိုက်ရှာကြတယ်၊ ဒီလိုရှာကြရင်းက ဘုရားနဲ့ ဆုံမိကြတာဖြစ်ပါတယ်၊ ဘုရားနဲ့ တွေ့တော့ မင်းသားတွေက—

“အရှင်ဘုရား တကာမတယောက်များ မြင်လိုက်မိပါသ လား”လို့ မေးလျှောက်ကြတယ်။

“ဘာတကာမလဲ”လို့ မြတ်စွာဘုရားက ပြန်မေးတော်မူတဲ့ အခါကျတော့ မင်းသားတွေက အကြောင်းစုံလျှောက်ထားကြ တာပေါ့၊ ဒီတော့ဘုရားမြတ်က—

“မင်းသားတို့....တကာမရှာတာနဲ့ ကိုယ့်ကိုယ်ကိုရှာတာ ဘယ် အရာကမြတ်သလဲ”လို့ မေးတော်မူတာကိုး။

ဒီမေးခွန်းဟာ သာမညမေးခွန်းမဟုတ်သလို မင်းသားတွေ ဟာလဲ သာမန်မင်းသားတွေမဟုတ်ပါ၊ ဥပနိသျအပြည့်အစုံရှိကြ တဲ့ မင်းသားတွေပါ၊ ဘုရားမြတ်စွာက ဒီမေးခွန်းကို မေးတဲ့ အခါမှာ မင်းသားတွေဟာ တွေနေတဲ့အမူအရာ၊ စဉ်းစားနေတဲ့ ဟန်ပန်မျိုးတွေ ဖြစ်မနေဘဲ၊ ချက်ချင်းပြန်ပြီး လျှောက်ထားဖြေ ကြားနိုင်ကြပါတယ်။

“ကိုယ့်ကိုယ်ကို ရှာတာက ပိုမြတ်ပါတယ်”တဲ့၊

ဒီတော့မှ ဘုရားမြတ်က—

"ဒါဖြင့်ထိုင်ကြ၊ သင်မင်းသားတို့ကို ငါတရားဟောတော်မူမယ်"လို့ မိန့်တော်မူလိုက်တော့ မင်းသားတွေဟာလဲ တခါထဲ ရိုရိုသေသေထိုင်ပြီး တရားနာကြတော့တာဘဲ၊ တရားတော်ရဲ့ အဆုံးမှာတော့ မင်းသားအားလုံးဟာ ပုထုဇဉ်ဘဝက လွန်မြောက်ပြီး အရိယာအဖြစ်ရောက်ကုန်ကြပါတယ်၊ အပျော်အပါးရဲ့အပြစ်တွေကို ကျကျနနမြင်သွားကြပါတယ်၊ လောကကြီးနဲ့ ပတ်သက်ပြီး အမြင်မှားနေတာတို့၊ ယုံမှားသံသယရှိနေတာတို့ဆိုတာတွေအားလုံး ကင်းစင်သွားတယ်ဆိုတော့ ဘယ်ရှုထောင့်က နေကြည့်ကြည့် ဘယ်တော့ကမှ အမြင်မမှားနိုင်တဲ့ အဖြစ်ကို ရောက်ရှိသွားတယ်လို့ တနည်းအားဖြင့် ဆိုလိုခြင်းဖြစ်ပါတယ်။

ဒီအခါမှာ မင်းသားတွေက ရဟန်းပြုပါရစေလို့ တောင်းပန်ကြတော့ မြတ်စွာဘုရားက"ထေဘိက္ခဝေါ"လို့ ခေါ်တော်မူလိုက်တယ်၊ ဒီလိုခေါ်လိုက်ယင်ဘဲ မင်းသားအသွင်သဏ္ဌာန်တွေပျောက်ကွယ်ပြီး သင်္ကန်းပရိက္ခရာအစုံအလင်နဲ့ အင်မတန်ကြည်ညိုစရာကောင်းတဲ့ ရဟန်းအသွင်ကို ချက်ချင်းပြောင်းလဲ သွားကြပါတယ်၊ ဒီလိုခေါ်တော်မူလိုက်ရုံနဲ့ ရဟန်းအသွင်အပြင်ပါ တခါထဲ ရရှိသွားတဲ့ရဟန်းတွေကို "ဟေဘိက္ခု"ရဟန်းလို့ခေါ်ဆိုပါတယ်။

"ထေဘိက္ခဝေါ"ဆိုတဲ့စကားက "ရဟန်းတို့လာကြ"လို့ အများစုအတွက်အသုံးပြုတဲ့ စကားပါ၊ တဦးထဲအတွက် ကျတော့ "ဟေဘိက္ခု"ဆိုတဲ့ ကေဝုစ်စကားကို အသုံးပြုတော်မူပါတယ်၊ ဒီလိုတဦးထဲအတွက် ခေါ်တဲ့စကားကိုအစွဲပြုပြီး "ဟေဘိက္ခု" ရဟန်းလို့ ဆိုတာပါ။

ဒီရဟန်းအမျိုးအစားဟာ ရဟန်းဘ၀ မရောက်ခင် ကတဲက အရိယာဖြစ်နေတာရယ်၊ ခေါ်တော်မူလိုက်ရုံနဲ့ဘဲ သက်နိုးပရိက္ခရာအစုံအလင်နဲ့ ရဟန်းအသွင်ကို အလွယ်တကူရကြတာရယ်ဆိုတာတွေကို ထောက်ဆကြည့်ရင် ရဟန်းဘ၀ရဘို့ ရှေးဘုန်းရှေးကံ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိနိုင်ပါပြီ၊ ဒီလို ဧဟိဘိက္ခုရဟန်းမျိုးတွေဘုရားလက်ထက်တော်မှာ အများအပြားဘဲ ရှိကြပါတယ်။

အရပ်ထဲ ပျော်ရပါးရတာအားမရလို့ တောထဲမှာ အတိုင်းအဆမရှိ နေ့စဉ်နဲ့အမျှ ပျော်ချင်တိုင်း ပျော်နေကြတဲ့ မင်းသားတွေဟာ ဘုရားတရားတော်ကို တထိုင်ထဲနာကြားရရုံနဲ့ သူတို့အင်မတန်တပ်မက်တဲ့ အပျော်အပါးတွေကို ရှိမှန်းစက်ဆုပ်ပြီး လုံး၀ စွန့်ပစ်နိုင်တာဟာ အတော့်ကို အံ့သြစရာပါ။

ရဟန်းဘ၀ ရောက်တာနဲ့တပြိုင်နက် အရင်ကလို ကလေးကလားအမူအရာတွေ မရှိကြတော့ပါဘူး၊ ရဟန်းဆိုတာဣန္ဒြေရှိတဲ့ နေရာမှာလဲ ၀တ်ကြောင်နဲ့မတူပါဘူး၊ ခန္ဓာကိုယ်လှုပ်ရှားတာကစပြီး ဣန္ဒြေရှိရပါတယ်၊ ဣန္ဒြေဆိုတဲ့စကားကို လူတိုင်းကြားဘူးပေမဲ့ သူ့အဓိပ္ပာယ်ကိုပုံမှန်သိသူဟာ ၀တ်ကြောင်ထဲမှာ ဖြင့် ရှားပါလိမ့်မယ်၊ အဓိပ္ပာယ်ကတော့ အစိုးရခြင်း၊ စောင့်စည်းခြင်းဆိုတာပါဘဲ၊ အစိုးရခြင်းဆိုတာက ပင်ကိုယ် သဘာ၀ အဓိပ္ပာယ်ပါ၊ စောင့်စည်းခြင်းဆိုတာကတော့ တစုံတရာ၏တိုက်တွန်းနှိုးဆော် ညွှန်ကြားချက်အရ ဖြစ်လာရတဲ့ သဘောပေါ့၊ အဘိဓမ္မာဆိုင်ရာ စကားမျှားဖြစ်လို့ ခက်ခဲပေတဲ့ လေ့လာသင့်ပါတယ်။

ဥပမာ စက္ခုဝိညာဉ်ဆိုတာ မျက်စိဝိညာဉ်ပေါ့၊ မြင်ခြင်းကိစ္စမှာ အကြီးအမှူးဖြစ်တဲ့ စက္ခုပသာဒရဲ့ နာမည်ဖြစ်ပါတယ်၊ ဒီစက္ခု ပသာဒဟာ သူ့နေရာမှာ သူတဦးထဲရှိနေတာ မဟုတ်ဘူး၊ ကိုယ်ပိုင် သဘာဝ သီးသန့်ရှိကြတဲ့ တခြားတရားအချို့နဲ့ အတူတွဲ နေရပါတယ်၊အဆင်းတို့ အနံ့တို့ စတဲ့ သဘောတွေပါ၊ဒါပေတဲ့ မြင်ဘို့ကိစ္စနဲ့ ကြုံတဲ့အခါ တနည်းအားဖြင့် မြင်ခြင်းကိစ္စဖြစ်လာ တဲ့အခါမှာ တခြားတရားတွေဟာ သူတို့ကိုယ်ပိုင် သဘောတွေ ဆုပ်ကိုင်ထားပြီး ဂျစ်ကန်ကန်လုပ်နေလို့မရပါဘူး၊ အဆင်းခေတ် ကလဲ ငါ့လဲ ငါ့ဟာနဲ့ ငါရှိသားဘဲဆိုပြီး သူ့အဆင်းကလေးတပြပြ လုပ်နေလို့မရဘူး၊အနံ့ကလဲ သူ့အနံ့ကလေး ပွဲထုတ်ချင်လို့မရ ဘူး၊ ဒီကိစ္စမှာ စက္ခုပသာဒက အကြီးအကဲဖြစ်လို့ တခြားသဘော တရားတွေဟာ သူ့အလိုကို လိုက်ကြရပါတယ်၊ ဒါကိုဘဲ အစိုးရ တယ်လို့ခေါ်တာပါ၊ ဒီကိစ္စဖြစ်ရင် ဒီတရားရဲ့သဘောအတိုင်း သာ ဖြစ်ရတယ်ဆိုတာ ဒီဣန္ဒြေတွေရဲ့ ပင်ကိုယ်သဘာဝပါ။

စောင့်စည်းတယ်ဆိုတာကတော့ တခုခုရဲ့တိုက်တွန်းညွှန်ကြား ချက်ကြောင့် ဖြစ်တယ်ဆိုတာ၊ စကားအနေနဲ့ကိုဘဲ ထင်ရှားပါ တယ်၊ လောက ဝေါဟာရမှာတော့ သူက စောင့်စည်းခိုင်းလို့ စောင့်စည်းတယ်၊ ကိုယ့်ဟာကိုယ် စောင့်စည်းတယ်ဆိုပြီး ပြောကြ ပါတယ်၊ကိုယ့်ဟာကိုယ်စောင့်စည်းတယ် ဆိုတာဟာ အကြောင်း တခုခုကြောင့် စောင့်စည်းတာဖြစ်ပါလိမ့်မယ်၊ အဲဒီအကြောင်း တခုခုဟာ စောင့်စည်းခြင်း ကြိယာကို ဖြစ်ပေါ်စေတဲ့ ကတ္တား ဖြစ်ပါတယ်။

ဟေဘိက္ခုနဲ့တခြား အရိယာရဟန်းမြတ်တွေကို ဒီစောင့်စည်း မှု ဣန္ဒြေအတွက် ဘုရားမြတ်က အထူးတလည် ဆုံးမဘို့မလိုပါဘူး၊

ကိုယ်တွင်းတရား ပြည့်ဝပြီး ဖြစ်တဲ့အတွက် စောင့်စည်းမှု ဂုဏ်ပြေ တွေဟာ သူတို့ သန္တာန်မှာ အလိုအလျောက် ဝင်လာကြပါတယ်။

နောက်ပြီး သရဏဂုံ ရဟန်းဆိုတာ ရှိပါသေးတယ်၊ ဟေ ဘိက္ခုရဟန်းကတော့ ဘုရားထံတော်မှောက်မှာ ဘုရားကိုယ်တော် တိုင်ချီးမြှင့်လို့ဖြစ်လာရတဲ့ ရဟန်းပါ၊ သရဏဂုံ ရဟန်းတွေကျ တော့ ဒီလိုမဟုတ်တော့ဘူး၊ ဘုရားထံတော်မှောက်မှာ ဖြစ်တာလဲ ရှိ၊ ရဟန်းတွေထံမှာ ဖြစ်တာလဲ ရှိကြပါတယ်၊ ဒီရဟန်းအမျိုး အစားဖြစ်ပေါ်လာပုံကတော့ ဒီလိုပါ–

ဘဒ္ဒဝဂ္ဂီမင်းသားတွေနဲ့ တွေ့တော်မမူခင် ဘုရားမြတ်ထံတော် မှာ ရဟန္တာ အရှင်မြတ်ကြီးတွေ ခြောက်ကျိပ်တပါး ရှိနေပါပြီ၊ ဒီတပည့် ရဟန်းများနဲ့အတူ မိဂဒါဝုန်တောမှာ ပထမဆုံး ဝါ ကပ်တော်မူပါတယ်၊ခြောက်ကျိပ်တပါး မရှိခင်တုန်းကဆိုရင် ဟို အရပ် သည်အရပ်က ရဟန်းပြုချင်သူတွေကို နီးစပ်ရာ အရှင်မြတ် က ဘုရားထံတော်မှောက်ခေါ်လာရပါတယ်၊ ဒီလိုသာ ရဟန်းပြု လိုသူတွေကို ခေါ်ခေါ်လာရမယ်ဆိုရင် ခေါ်လာရတဲ့ရဟန်းရော ရဟန်းပြုလိုသူပါ ပင်ပန်းကြပေလိမ့်မယ်လို့ ဘုရားမြတ် စဉ်းစား တော်မူမိပါတယ်၊ နောက်တခုကလဲ အလုပ် မတွင်ကျယ်နိုင်ဘူး ပေါ့၊ ဒါကြောင့်မို့ သီတင်းဝါလကျွတ်တဲ့အခါမှာ တပည့်ရဟန်း တွေ ခေါ်ပြီး....။

"ရဟန်းတို့ ထိုထိုဇနပုဒ် ကျေးရွာတွေမှာ ရဟန်း ပြုလိုသူတွေ ကို သင်တို့ဘာသာ ရဟန်းပြုခွင့်ပေးတော်မူတယ်၊ သရဏဂုံသုံး ပါးကို ဆိုစေပြီး ရဟန်းပြုပေးကြ" လို့ ရဟန်းပြုဘို့ အစီအစဉ်ကို ပါ မိန့်မြွက်တော်မူပြီး၊ တပည့်ရဟန်းတွေကို ထိုထိုမြို့ရွာ များသို့

စေလှတ်တော်မူပါတယ်၊ ဒီလို လွှတ်တော်မူတာဟာ သတ္တဝါ ဝေနေယျအကျိုးစီးပွားများကြစေဘို့ ဖြစ်ပါတယ်။

ဒီရဟန်းအမျိုးအစားတွေဟာ ဟေ့ဘိက္ခု ရဟန်းမျိုးလိုတော့ ရှေးဘုန်းရှေးကံ ကြီးမားကြဟန်မတူဘူး၊ ဒါပေတဲ့ ရဟန်းဖြစ်ဘို့ အစီအစဉ်မှာတော့ သိပ်ပြီးခဲခဲယဉ်းယဉ်း မရှိလှပါဘူး။

ရှေးဦးစွာ သင်္ကန်းဝတ်၊ ရဟန်း ပြုပေးမဲ့ ပုဂ္ဂိုလ် ရှေ့မှာ ဆောင့်ကြောင့်ထိုင်၊ ဦးပါချ ပြီးတော့....၊ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"လို့ သရဏဂုံသုံးပါးကို ဌာန်ကရိုဏ်းကျကျ သုံးကြိမ်သုံးခါဆိုပြီးရင် ရဟန်းဖြစ်တော့တာ ပါဘဲ၊ ဤနည်းအားဖြင့် သရဏဂုံရဟန်းရယ်လို့ ဖြစ်ပေါ်လာ ရပါတယ်၊ ဒီအမျိုးအစားထဲမှာတော့ ပုထုဇဉ်ရဟန်းရော အရိ ယာ ရဟန်းပါ ပါဝင် လာကြပါတယ်၊ ဒါပေတဲ့ ပုထုဇဉ်ရဟန်း တွေဟာ ရဟန်းဖြစ်ပြီးနောက် ကြိုးပမ်း အားထုတ်တော်မူကြလို့ အရိယာအဖြစ် ရောက်ရှိသွားကြတဲ့ပုဂ္ဂိုလ်တွေလဲ အများအပြား ဘဲ ရှိကြပါတယ်၊ ခုခေတ်မှာတော့ ဒီရဟန်း အမျိုးအစားတွေ မရှိတော့ပါဘူး။

ဒီနေရာမှာ ပုထုဇဉ် အရိယာဆိုတဲ့ ဝေါဟာရတွေဟာ ငယ် ရွယ်သူများအတွက် ရှင်းဘို့ လိုလိမ့်မယ်ထင်ပါတယ်။

"လောဘသားတွေဘဲလေ၊ လုပ်ကြမှာပေါ့"လို့လျှော့လျှော့ ပေါ့ပေါ့စဉ်းစားတတ်သူများက မတရားတဲ့နည်းနဲ့ စီးပွားရှာကြ တဲ့သတင်းတွေကို ကြားရတဲ့အခါ ပြောတတ်ကြပါတယ်၊လောဘ ကို ခေါင်းတပ်ပြီး ပြောကြတာကတော့ လောဘက နာမည်ကြီး

တရားဖြစ်လို့ပါ၊ စင်စစ်ကတော့ ပုထုဇဉ်မှန်ရင် လောဘသာ မဟုတ်၊ ဒေါသလဲရှိ၊ မောဟလဲရှိ၊ မာနလဲရှိတာပါဘဲ၊ အခြား မကောင်းတဲ့ တရားတွေလဲ အကုန်ရှိပါတယ်၊ ဒီမကောင်းခြင်း တရားတွေရှိနေသေးတဲ့ရဟန်း သို့မဟုတ် လူကို ပုထုဇဉ်လို့ခေါ် ရပါတယ်၊ အနည်းဆုံး မကောင်းခြင်းတရားနှစ်မျိုးကို ယတိပြတ် ပယ်ပြီးရင်တော့ သူ့ကို အရိယာလို့ ခေါ်ပါတယ်။

အရိယာဘဝ ရောက်သွားတဲ့ပုဂ္ဂိုလ်ဟာ လောကကြီးနဲ့ ပတ် သက်ပြီး ဘယ်တော့မှ အမြင်မမှားတော့ဘူး၊ ယုံမှားသံသယမရှိ တော့ဘူး၊ ဒါကြောင့် သူလုပ်သမျှ အလုပ်တွေဟာလဲ မကောင်း တဲ့ ဘုံဘဝကို ရောက်ဘို့ဖြစ်မလာပါဘူး၊ အကယ်၍ တမလွန်ရှိနေ သေးရင် သူ့အတွက် တမလွန်ဟာ ဘုံနန်းဖြစ်ဘို့ သေချာနေပါ တယ်။

နောက်ဆုံး ရဟန်း အမျိုးအစားကိုတော့ "ဉာတ္တိစတုတ္ထ" ရဟန်းလို့ခေါ်ပါတယ်၊ ရှေးကလို လွယ်လွယ်နဲ့ မဖြစ်တော့ဘူး၊ ရှေ့အခါကတော့ ရဟန်းတပါးပါးထံမှာ သရဏဂုံ သုံးကြိမ် ရွတ်ပြီးရင် ကိစ္စပြီးပါတယ်၊ ဒီကဏ္ဍမှာတော့ ချီးမြှင့်မဲ့ ရဟန်း အရေအတွက် အနည်းဆုံး လေးပါးရှိရပါမယ်၊ ပြီးတော့ သရဏ ဂုံနဲ့ မဖြစ်တော့ဘူး၊ ဉာတ်ကမ္မဝါစာ ဆိုတာနဲ့ ရဟန်းတွေ ကိုယ်တိုင်ဌာန်ကရိုဏ်းကျကျ ဖတ်ပြီးချီးမြှင့်ရပါတယ်၊ ခုခေတ်မှာ ရှိနေကြတဲ့ ရဟန်းတော်တွေဟာ ဒီအမျိုးအစား ရဟန်းတွေဖြစ် ပါတယ်၊ ဒီနေရာမှာလဲ အတ္ထုပ္ပတ်ကလေးရှိပါတယ်။

သာဝတ္ထိပြည်မှာ ရာဓပုဏ္ဏားဆိုတာရှိပါတယ်၊ ပုဏ္ဏားကြီးဟာ အတော်ဘဲ အိုလှပါပြီ၊ အလွန်လဲ ဆင်းရဲလှပါတယ်၊ "ဗမာအို

ကျောင်းကြို ကျောင်းကြား”လို့ ရှေးကဆိုရိုးရှိပါတယ်၊ အသက်ကလေးကြီးလာလို့ ဇရာစာရင်း ဝင်လာပြီဆိုရင် ရပ်ထဲရွာထဲမှာ နေရတာ ငြီးငွေ့လာတတ်ပါတယ်၊ အိမ်က ဆူဆူညံညံ၊ အရပ်က ဆူဆူညံညံ၊ လူစုမိလို့ စကားပြောကြပြန်တော့လဲ အရပ်စကား၊ ဇာတ်စကား၊ သားအကြောင်း သမီးအကြောင်း၊ တော်ကြာ ဟိုကရန်ဖြစ်သံကြားရ၊ ဒီက ဆဲသံကြားရနဲ့ ဆိုတော့ အရပ်ထဲ နေရတာ ငြီးငွေ့စရာ၊ စိတ်ညစ်စရာကြီး ဖြစ်လာတာပေါ့၊ အေးရာအေးကြောင်း ရှာကြည့်တော့ ကျောင်းကန် ဘုရားဘဲ ရှိတယ်၊ ဒီတော့ ကျောင်းဘဲ ကပ်မိတာပေါ့၊ ကျောင်းဆိုတော့ ပင်ကိုယ်သဘာဝကိုက အအေးဓာတ်ရဲ့ဘူမိနက်သန်မဟုတ်လား၊ ကိုရင်ဦးပဉ္ဇင်းတွေရဲ့ ရွတ်ကြ ဖတ်ကြ အံကြတဲ့ စာသံပေသံ တညံညံကြားနေရတာကိုက စိတ်ကြည်နူးစရာဘဲကိုး။

ရံဖန် ရံခါ ဆရာတော်အနားကပ်ပြီး ဆရာတော်ဟောတာ ပြောတာ နာ၊ မသိတာ မေး၊ အချိန်ကျအိမ်က လာပို့တဲ့ ထမင်းစား၊ အိမ်ကမပို့လဲ အရေးမကြီးပါဘူး၊ ကျောင်းက ကျွေးတာပါဘဲ၊ အမှိုက်ကလေး သိမ်းလိုက်၊ မြက်ကလေး နှုတ်လိုက်နဲ့ သိပ်အေးချမ်းတာပေါ့၊ ဒီစကားပုံကလဲ ပေါ်မဲ့သာ ပေါ်ရတာ ကျောင်းက အလကား ကျွေးထားတာတောင် နေနိုင်တဲ့လူက အရှားသား။

ရာဓပုဏ္ဏားကြီးဟာ အသက်ကလဲကြီး၊ ဆင်းကလဲ ဆင်းရဲလွန်းတော့ ဘုရားကျောင်းတော်ကို အားကိုးရာကြီးတခုအဖြစ်နဲ့ ရောက်လာပါတယ်၊ ကျောင်းဝတ္တရားလဲ သိမ်ကျောင်းပါအောင်
ရဟန်းတွေကလဲ ကျေးလို့မွေးလို့ ချီးမြှောက်

၄၄၁၄
စာကြည့်တိုက်

တဲ့ အရွယ်က အိုနေလေတော့ ဘယ်ရဟန်း တပါးကမှ သူ့ကို လက်ခံမထားချင်ကြဘူးပေါ့၊ ရဟန်းပြုပေးပါဘုရားလို့ တောင်း ပန်ပြန်တော့လဲ ပြုပေးမဲ့သူမရှိ၊ ဒီတော့ ပဏ္ဍာကြီးမှာ အိုရတဲ့ အထဲ စိတ်နှလုံးမချမ်းမသာဖြစ်ပီး အရိုးပေါ် အရေတင်အောင် ပိန်ချုံးသွားပါသတဲ့၊ ဒီအခြင်းအရာကို မြတ်စွာဘုရား မြင်တော် မူလို့ အကျိုးအကြောင်း မေးတော်မူတော့ ပဏ္ဍာကြီးကလဲ အခြေအကြောင်းပြန်ပီး လျှောက်ထားပါတယ်၊ ဒါနဲ့ ....

"ရဟန်းတို့ ဒီပဏ္ဍာကြီး ပြုဘူးတဲ့ ကျေးဇူးကို ဘယ်သူများ သတိရမိသလဲ" လို့ မေးတော်မူတော့ အနားမှာရှိနေတဲ့ ရှင်သာရိ ပုတြာကိုယ်တော်ကြီးက "တပည့်တော်သတိရပါတယ်ဘုရား" လို့ လျှောက်လိုက်တယ်၊ "ဘယ်လိုကျေးဇူးများလဲ" လို့ ဘုရားမြတ်က ထပ်မေးတော့ "တပည့်တော် မြို့တွင်း ဆွမ်းခံ လှည့်လည်စဉ်က ဒီပဏ္ဍာကြီးဟာ ဆွမ်းတယောက်မ လှူဒါန်းဘူးတဲ့ ကျေးဇူးပါ ဘုရား" လို့ လျှောက်ထားပါတယ်။

ဒါနဲ့ မြတ်စွာဘုရားက သာဓုခေါ်တော်မူပီး "သာရိပုတြာ သူ့ကျေးဇူးကို သိတတ်တယ်၊ သူ့ကျေးဇူးဆပ်ဘို့ကိုလဲ သိတတ် တယ်၊ ဒီလိုဆိုရင် ပဏ္ဍာကြီးကို ရဟန်းပြုပေးလိုက်ပါ" လို့ မိန့် တော်မူတော့၊ "ဘယ်လိုပြုရမှာပါလဲဘုရား" လို့ ပြန်လျှောက်ပါ တယ်၊ ဒီနေရာကစပီး ရှေ့က ခွင့်ပြုတော်မူထားတဲ့ သရဏဂုံနဲ့ ရဟန်းပြုခွင့် လုံးဝပယ်ဖျက်ပီး ဉတ္တိစတုတ္ထကံကို ခွင့်ပြုတော်မူ တာပါ၊ သရဏဂုံနဲ့ပြုခွင့်ကို ဖျက်သိမ်းပီး ဉတ္တိစတုတ္ထကံကို ခွင့်ပြုတော် မူတာကတော့ ပေါ့ပေါ့တန်တန် မဖြစ်စေလို့တဲ့ သဘောပါ။

ဒီသာသနာတော်မှာ အခုဖော်ပြခဲ့တဲ့ ရဟန်းသုံးမျိုးဟာ လူ
သိများတဲ့ အမျိုးအစားဘဲဖြစ်ပါတယ်၊ ကျန်တဲ့အမျိုးအစားတွေ
ကတော့ ပုဂ္ဂိုလ်အရ ထင်ရှားလှပေတဲ့ အမျိုးအစားမှာ လူသိ
နဲလှပါတယ်၊ ဥပမာ အရှင်မဟာကဿပ မထေရ်ကြီးဟာ သာ
သနာမှာ အလွန်ကျော်ကြားတာပေါ့၊ ဒါပေတဲ့မထေရ်မြတ်ကြီး
ရဲ့ ရဟန်းအမျိုးအစားကတော့ အင်မတန်မှ လူသိနဲလှတဲ့(သြဝါဒ
ပဋိဂ္ဂဟကာ)လို့ ခေါ်တဲ့ အမျိုးအစားဘဲဖြစ်ပါတယ်၊ ဒီစာအုပ်မှာ
ဖော်ပြသွားမဲ့ ရဟန်းတွေဆိုတာက ဉတ္တိစတုတ္ထရဟန်း၊ အထူး
သဖြင့် ပုထုဇဉ်ရဟန်းတွေဘဲ ဖြစ်ပါတယ်၊ ဉတ္တိစတုတ္ထရဟန်းမှာ
လဲ ပုထုဇဉ် အရိယာဆိုပြီး ရှိသေးတာကိုး၊ အရိယာတွေရဲ့ အ
ကြောင်းကိုတော့ အထူးဖော်ပြဘို့မလိုပါဘူး၊ အရိယာဆိုကတဲက
အမှုအကျင့် အားလုံး သိပ်သည်း ကျစ်လစ်ပြီးသား ဖြစ်နေကြ
ပါပြီ။

တခုတော့ရှိပါတယ်၊ ဝါသနာဆိုတာကို အားလုံးဘဲ ကြား
ဘူးကြပါလိမ့်မယ်၊ သတ္တဝါတဦးရဲ့ အဓိကဝါသနာဟာ ခုဘဝ
ကျမှ ကောက်ခါ ငင်ခါ ဖြစ်ပေါ်လာတာ မဟုတ်ပါ၊ ဘဝ
တော်တော် များများ ဆက်ပြီး အမှုအကျင့်ကို လုပ်ခဲ့ပြုခဲ့
ဘူးရင် ဒါဟာ နောက်ဘဝကို လိုက်လာမဲ့ ဝါသနာ ဖြစ်တော့
တာပါဘဲ၊ ဒီလိုဖြစ်ရတာဟာ ပတ်ဝန်းကျင်နဲ့ မိမိဓာတ်ခံကြောင့်
ဖြစ်ပါတယ်၊ လူလိမ်လူကောက်တွေ ဝိုင်းရံနေတဲ့ ပတ်ဝန်းကျင်
အတွင်းမှာ မိမိဓာတ်ခံကလဲ ခပ်ညီညီဆိုရင် လိမ်ရကောက်
ရတဲ့အလုပ်မှာ ပျော်တော့တာပါဘဲ၊ စိတ်ရှိလက်ရှိ စွဲစွဲလမ်းလမ်း
နဲ့ လုပ်မိပြီဆိုရင် ဒီအလုပ်ဟာ နောက်ဘဝတခုခုအတွက် ဝါသ
နာဖြစ်ဘို့ သေချာနေပါပြီ။

ပတ်ဝန်းကျင်က ဘာတွေဖြစ်နေနေ မိမိစိတ်ခံက ခိုင်ခန့် ကောင်းမွန်နေတယ်ဆိုရင်တော့ အရေးမကြီးပါဘူး၊ ဝါသနာ ကောင်းဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့်ဝါသနာဆိုတာ လျှပ်စစ် ဓာတ်စီးဆင်းသလိုဘဝတခုမှ ဘဝတခုသို့ စီးဆင်းလာတာဘဲဖြစ် ပါတယ်၊ ဒီဘဝက စွဲစွဲလမ်းလမ်းနှစ်နှစ်ကာကာ အမူအကျင့်တွေ ဟာ နောင်လာမဲ့ဘဝတခုခုရဲ့ ဝါသနာဖြစ်ဘို့ မျိုးစေ့တွေပါ ဘဲ။

ဒီဝါသနာကို ဘုရားကိုယ်တော်မြတ်ကြီးသာ အမြစ်မကျန် အောင် ပယ်သတ်တော်မူနိုင်တာဖြစ်ပါတယ်၊ တခြား အရိယာ ပုဂ္ဂိုလ်တွေဟာ ကိလေသာအညစ်အကြေးတွေကို အသီးသီး ပယ် သတ်နိုင်ကြလို့ အမူအကျင့်တွေအားလုံး သိပ်သည်း ကျစ်လစ် တယ်ဆိုပေတဲ့ ဝါသနာကို မပယ်နိုင်ကြတဲ့အတွက် ဝါသနာ အ လျောက် ဖြစ်တာတွေလဲရှိပါတယ်။

ကာခါတုန်းက ဒါယကာတယောက်ဟာ ရှင်သာရိပုတြာ ကိုယ် တော်ကြီးကို သင်္ကန်းလှူမယ်လို့လာပင့်တယ်၊ ကိုယ်တော်ကြီးက ရှေ့က၊ ဒါယကာက နောက်က၊ နှစ်ဦးသားသွားကြရင်း လမ်းမှာ ချောင်းငယ်ကလေးတခုတွေ့တော့ ရှင်သာရိပုတြာ ကိုယ်တော် ကြီးက ရုတ်တရက်ခုန်ပြီး ကူးလိုက်တယ်။

ဒါကို နောက်က အလှူဒါယကာမြင်တော့ အလွန်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ရက်နဲ့ ကလေးကလား ဘယ့်အတွက်ကြောင့်များ ခုန်ကူးပါလိမ့်လို့ဆိုတဲ့ သဘောနဲ့ တုန့်သွားပြီး မူလကသင်္ကန်းသုံးစုံ လှူမယ်လို့ ရည်ရွယ်ထားတာ နှစ်စုံဘဲလှူတော့မယ်လို့ ပြင်ပြီးဆုံး ဖြတ်လိုက်ပါသတဲ့၊ နောက်တခါ ချောင်းငယ်ကလေးတခု တွေ့

ပြန်တော့လဲ ဒီလိုဘဲ ခုန်ကူးပြန်တယ်၊ ဒါကိုမြင်ပြန်တော့ ဒကာက သက်န်းတစုံဘဲ လှူတော့မယ်လို့ စိတ်ပျက်ပျက်နဲ့ ဆုံးဖြတ်လိုက်ပြန်ပါတယ်၊ ဒီလိုနဲ့ သွားပြန်တော့ ချောင်းငယ်ကလေးတခုတွေ့ပြန်တယ်၊ ဒီတခါတော့ကိုယ်တော်မြတ်ကြီးဟာ မခုန်တော့ဘဲနဲ့ ချောင်းထဲဆင်းပြီး တည်တည်ငြိမ်ငြိမ်ကြွတော်မူတယ်၊ ဒီတော့ အလှူဒကာက နောက်ကနေပြီး၊ "အရှင်ဘုရား ခုန်ကူးပါအုံးလားဘုရား" လို့ လျှောက်သတဲ့၊ ဒီတော့ ရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးက "ဒီတခါ ခုန်ကူးရင် သက်န်းတစုံမှ ကျန်မှာမဟုတ်ဘူး" လို့ မိန့်တော်မူလိုက်ပါတယ်။

"ငါကြံစည်တာတွေ ကိုယ်တော်မြတ်ကြီး သိနေပါကောလား" လို့ အလှူ့ဒါယကာခမျာ တုန်လှုပ်ထိတ်လန့်ပြီး အရှင်မြတ်ကြီးကို ဝန်ချတောင်းပန်ရပါတယ်၊ သက်န်းလဲသုံးစုံစလုံးဘဲ လှူလိုက်ပါသတဲ့။

ရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးဟာဘဝတခုမှာ မျောက်ဖြစ်ခဲ့ဘူးတဲ့အရှိန်ကလွှမ်းမိုးနေလို့ တခါတခါမှာ ခုန်ချင်ပျံချင်တဲ့ဝါသနာ ဖြစ်တော်မူပါသတဲ့၊ ဒါပေတဲ့ ဒီလိုခုန်တာပျံတာဟာ ပျော်မြူးချင်တဲ့စိတ် ရှိလို့မဟုတ်ဘူးဆိုတာတော့ သတိပြုရပါမယ်။

တခါတုန်းကလဲ ဒကာတဦးဟာ လှည်းတစီးအပြည့် ပိတ်ချင်းသီးတွေကို တင်ဆောင်လာရာမှာ အရှင်ပိလိန္ဒဝစ္ဆနဲ့ လမ်းခရီးမှာ ရင်ဆိုင်တွေ့နေပါတယ်၊ဒီအခါ အရှင်မြတ်က "ဟဲ့လူယုတ်မာ-ဘာတွေလဲ" လို့ လှမ်းပြီးမေးတော့၊ ငါများ လူယုတ်မာလေ့ဘာလေ့နဲ့ အတော်ဆိုးတဲ့ရဟန်းပါလားလို့ စိတ်ဆိုးဆိုးရှိတာနဲ့

"ကြွက်ချေးတွေပါဘုရား"လို့ ဒေါသဖြစ်ပြီး ပြန်လျှောက် လိုက်ပါတယ်၊မထေရ်မြတ်လှန်သွားလို့ အတော်ကလေးဝေးသွားတယ်ဆိုရင်ဘဲ၊ ပိတ်ချင်းသီးတွေဟာ တလှည်းလုံး ကြွက်ချေးတွေဖြစ်ကုန်ပါသတဲ့၊ ဒီတော့မှ ကြောက်ရွံ့ထိတ်လန့်ပြီး မထေရ်မြတ်ကိုအမှီလိုက်လို့ ဝန်ချတောင်းပန်ရပါတယ်၊ ပိတ်ချင်းသီးများလဲ နဂိုအတိုင်း ပြန်ဖြစ်လာပါသတဲ့။

ဒီအရှင်မြတ်ကြီးဟာ ရဟန်းရော လူရောမရှောင်ဘူး၊ မြင်ကရာကို (လူယုတ်မာ)လို့ ခေါ်လိုက်တာဘဲ၊ ဝါသနာဖြစ်နေတာပါ၊ ဒီလိုခေါ်ဖန်များလို့ တချို့ရဟန်းတွေက ဒီအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက ခေါ်ယူအကျိုးအကြောင်း မေးပြီးတော့မှ အရှင်ပိလိန္ဒဝစ္ဆရဲ့ ဘဝအစဉ်ကို ဉာဏ်တော်နဲ့ကြည့်တော်မူပါတယ်၊ ပြီးမှ"ရဟန်းတို့ ပိလိန္ဒဝစ္ဆဟာ ဒေါသကြောင့် ဒီလိုခေါ်တာ မဟုတ်ဘူး၊ သူဟာဒေါသကင်းတဲ့ရဟန္တာဖြစ်တယ်၊ ဒါပေတဲ့ဘဝငါးရာတိုင်တိုင် ပုဏ္ဏားမျိုးမှာဖြစ်ခဲ့ပြီး အဲဒီဘဝတွေမှာ (လူယုတ်မာ)ဆိုတဲ့ ဝေါဟာရနဲ့ ပြောဆိုကျင်လည်ခဲ့ဘူးတယ်"လို့ ရှင်းလင်းမိန့်ကြားတော်မူပါတယ်၊ဒီနေရာမှာလဲဝါသနာအလျောက်ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့ အရိယာပုဂ္ဂိုလ်တွေဟာ အမူအကျင့်သိပ်သည်းကျစ်လစ်တယ်ဆိုပေမဲ့ ဝါသနာအလျောက်တော့ ဖြစ်တတ်တာများ ရှိသေးကြောင်း ဖော်ပြရခြင်းဖြစ်ပါတယ်။

လက်ထက်တော်က ရဟန်းတွေဟာ ဒကာ ဒကာမတွေရဲ့ အရေးပေးခံကြရတယ်လို့ ဆိုခဲ့ပါတယ်၊ ဒါကတော့ ဘုရားရှေ

မျက်နှာတော်ကြောင့်တကြောင်း၊ ရဟန်းတော်များ ကိုယ်တိုင် အနေအထိုင် သိပ်သည်း ကျစ်လစ်တာကြောင့်တကြောင်း ဖြစ်ပါတယ်၊ ဝါသနာအလျောက်ဖြစ်တာလောက်တော့ ဒကာ ဒကာမများက ခွင့်လွှတ်နိုင်ကြပါလိမ့်မယ်၊ ရဟန်းဆိုတာ ကိုယ်အမူအရာ နှုတ်အမူအရာများ သိပ်သည်းကျစ်လစ်ဘို့ အလွန်လိုအပ် ပါတယ်။

လျှပ်ပေါ်လော်လီတဲ့ အမူအရာတွေ၊ ရိုင်းစိုင်းရက်စက်တဲ့ အမူအကျင့်တွေနဲ့ဆိုရင် ဝတ်ကြောင်များအနေနဲ့ အထူးသဖြင့် ဘာသာခြားများအနေနဲ့ သာသနာတော်ကြီးတရပ်လုံးကို အထင်အမြင်သေးစရာဖြစ်လာနိုင်ပါတယ်၊ ဒီနေရာမှာအထင်အမြင် သေးတယ်ဆိုတဲ့ စကားကို ရှင်းလိုပါတယ်၊ သူတို့ကိုအထင်အမြင် သေးတယ်ဆိုတာကို ပုထုဇဉ်ရဟန်းတွေဟာ နဲနဲမှမခံနိုင်ကြပါဘူး၊ ဒီလိုဖြစ်တာဟာ ပုထုဇဉ်ဓမ္မတာမို့ အပြစ်ဆိုစရာတော့မရှိပါဘူး၊ ဒါပေမဲ့ ဘယ်လိုအထင်အမြင်သေးမှုမျိုးလဲ ဆိုတာကိုတော့ စုံစမ်းဘို့သင့်ပါတယ်။

ဝတ်ကြောင်များအနေနဲ့ ရဟန်းများအပေါ်မှာ သားကျွေးမှု၊ မယားကျွေးမှု အစရှိတဲ့ လောကအလုပ်နဲ့ ပတ်သက်လို့တော့ ဘယ်အခါမှ အထင်ကြီးမယ် မဟုတ်ပါဘူး၊ ဒါကြောင့်မို့လဲ ရဟန်းဘဝက ရွှေ့လျောလို့ လူဘဝရောက်လာတယ် ဆိုရင် "ဘုန်းကြီးလူထွက်"ဆိုတဲ့ စကားလုံးနဲ့ ဝိုင်းပီးနှိမ်တတ်ကြပါတယ်။

ဒါကိုအချို့ရဟန်းများ အထူးသဖြင့် ခုခေတ်ရဟန်းများက အင်မတန် မခံမရပ်နိုင်ဖြစ်ကြပါတယ်၊ စင်စစ်တော့ ဒါဟာ

ကျွမ်းကျင်ရာ လိမ္မာဆိုသလို ကိုယ်နိုင်နင်းတာကို အမှီပြုပြီးအထင်သေးတာဖြစ်ပါတယ်၊ ပန်းချီအတတ် တတ်သူဟာ တီကောင်မှ ဟန်ကျ ပန်ကျ မရေးဆွဲတတ်သူကို ပုံဆွဲပညာနဲ့ ပတ်သက်ပြီး အထင်မကြီးနိုင်တာဟာ ဓမ္မတာပါဘဲ၊ အသက်အရွယ်ကြီးရင့်မှ ရဟန်းဘောင်ရောက်လာကြတဲ့ ရဟန်းကြီးများဟာ "တောထွက်ကြီး"ဆိုတဲ့ စကားလုံးနဲ့ အဖိခံရတာလဲ ဒီသဘောဘဲပေါ့။

လောကီ လောကုတ္တရာရယ်လို့ ပညာနှစ်မျိုးရှိတဲ့ အထဲက လောကီပညာဆိုတာ လောက အထူးသဖြင့် မျက်မှောက် လောကအတွက် ထမင်းစားပညာ ဖြစ်ပါတယ်၊ ရဟန်းဆိုတာ အဓိက ရည်ရွယ်ချက်ကိုက တပ်မက်ခြင်းကင်းအောင်ဆိုတာ ဖြစ်လေတော့ တပ်မက်ခြင်းကင်းစေနိုင်တဲ့ ပညာကိုသာ အဓိကထားရပါမယ်၊ ဒီပညာဟာ လောကုတ္တရာပညာဖြစ်ပါတယ်၊ ဝတ်ကြောင်တွေက ရဟန်းတွေကို ကိုးကွယ်ဆည်းကပ်နေတာဟာ အဓိကအားဖြင့် လောကုတ္တရာပညာကြောင့် ဖြစ်ပါတယ်၊ ဒါပေတဲ့ သင်္ကန်းဝတ်မထားဘူးဆိုရင်လဲ ခုလောက်တော့ ဆည်းကပ်ကြမယ် မဟုတ်ပါဘူး။

တကယ်တော့ ဝတ်ကြောင်တွေ အထင်သေးတယ်ဆိုတာက လောကီပညာမတတ်လို့ မဟုတ်ပါ၊ ရဟန်းရဲ့အမူအကျင့်ကိုကြည့်ပြီး "သင်္ကန်းဝတ်ကြီးနဲ့ ဒီလိုဘဲနေရသလား၊ ဒီစကားမျိုးပြောရသလား"ဆိုတဲ့ သဘောနဲ့ အထင်သေးတာဖြစ်ပါတယ်၊ အနေအထိုင် ဣန္ဒြေသိက္ခာ ကျစ်ကျစ်လစ်လစ်ရှိလှတဲ့ ရဟန်းတွေကို ဘယ်ဒကာ ဒကာမကမှ အထင်မသေးကြပါဘူး၊ ဒီလိုအထင်မသေးတာဟာ လောကအကြောင်းနဲ့ ပတ်သက်လို့တော့ မဟုတ်ဘူး၊ လောကုတ္တရာကြောင်းနဲ့ ပတ်သက်လို့ဘဲ ဖြစ်ပါတယ်။

လောကုတ္တရာကြောင်းနဲ့ ပတ်သက်လို့ အထင်ကြီးတာကို ကြည်ညိုလေးစားတယ်လို့ ဆိုရပါတယ်။

ကြည်ညိုပြီး လေးစားတာနဲ့ အထင်ကြီးပြီးလေးစားတာဟာ အဓိပ္ပာယ်တမျိုးစီပါ၊ အထင်ကြီးပြီး လေးစားတာဟာ ဝတ်ကြောင်လောကနဲ့ ပတ်သက်ပါတယ်၊ သာသနာတော်မှာက ဒီလေးစားနည်းမျိုးကို ဂရုမပြုထိုက်ပါဘူး၊တခုတော့ရှိပါတယ်၊လူသားဆိုတာ ဘယ်ဟာနဲ့ပတ်သက်လို့ဘဲဖြစ်ဖြစ် တဖက်သားရဲ့ အထင်ကြီးမှုကို ကျေနပ်တတ်ကြပါတယ်၊ ဒါကြောင့် အထင်ကြီးပြီးရောဆိုတဲ့ သဘောနဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်နေကြတာလဲ ဒီခေတ်မှာ အတော်များလှပါတယ်။

ဒါပေတဲ့ ဘာဘဲဖြစ်ဖြစ် ရဟန်းဘဝမှာက ဝတ်ကြောင်တွေရဲ့ အထင်ကြီးမှု မကြီးမှုကို ဘေးဖယ်ထားပြီး လုပ်သင့်တာကိုဏ္ဍန္ထြေရရန်နဲ့ လုပ်ဘို့သာ အရေးကြီးတယ်လို့ထင်ပါတယ်၊ လက်ထက်တော်က ရဟန်းတွေ လေးစားကြည်ညိုမှု အတော်များများ ရရှိကြတာဟာ ဒီအနေအစား ကျစ်လစ်မှုလဲ အဓိကအကြောင်း ပါဝင် ပါတယ်၊ ဒါပေတဲ့ တချို့နထော်ကားယား ကျွကားယား ရဟန်းတွေလဲ အနဲအပါးရှိသေးတာကို ဝန်ခံရပါမယ်။

ခုဖော်ပြမဲ့ အကြောင်းအရာကိုကြည့်ရင် ဒီရဟန်းတော်တွေဟာ ဘယ်လောက် အနေအထိုင် သိပ်သည်း ကျစ်လစ်တယ် ဆိုတာ အကဲခပ်နိုင်ကြပါလိမ့်မယ်။

## အရှင်သုဒိန်

တခါက မြတ်စွာဘုရားဟာ ဝေသာလီဆိုတဲ့မြို့မှာ သီတင်းသုံးနေတော်မူပါတယ်၊ ဒီမြို့မှာ တန်ဆောင်မုန်းလဆိုရင် ကြတ္တိ

ကာ နက္ခတ်ပွဲသဘင်ကို အကြီးအကျယ် ကျင်းပလေ့ရှိပါသတဲ့၊ ခုခေတ် တန်ဆောင်တိုင်ပွဲနဲ့ အတူတူပါဘဲ၊ ဒီအခါမှာ မြို့ပေါ်ကလူတွေရော၊ ရွာနီးချောက်စပ်ကလူတွေပါ ဒီပွဲတော်ကြီးကို အားရပါးရနဲ့ ပါဝင်ဆင်နွှဲလာကြပါတယ်၊

ဒီအထဲမှာ ကာလန္ဒဆိုတဲ့ရွာက သူဌေးသားကလေး သုဒိန်ဆိုတာလဲ ပါပါတယ်၊ မိတ်ဆွေ သူငယ်ချင်းတစုနဲ့ ပျော်ပျော်ပါးပါး လာကြတာ၊ မြို့ပေါ်ရောက်တော့ ညနေချမ်းအချိန်မှာ မြို့သူမြို့သား ခပ်များများဟာ ဝတ်ဖြူစင်ကြယ်တွေနဲ့ ပန်းစည်းပန်းခိုင်ကလေးတွေကိုင်ပြီး၊ တချို့လဲတဦးချင်း၊ ဘချို့လဲအစုလိုက် အပြုံလိုက် သွားနေကြတာကို သူဌေးသား သုဒိန်က သတိပြုမိပါတယ်၊ "ဒီလူတွေဘယ်များ သွားကြပါလိမ့်"လို့ သိချင်တာနဲ့ မြို့ကအသိတွေ မေးကြည့်တော့ တရားနာသွားကြတာဖြစ်တဲ့အကြောင်းကို သိရပါတယ်။

သူမေးတာကလဲ ဒီလိုပွဲတော်ကြီး ခြိမ့်ခြိမ့်သဲ ကျင်းပနေတဲ့အထဲမှာ အဲဒီလူတွေရဲ့ ထူးထူးခြားခြား ဟန်ပန်မြင်လို့ မေးတာနဲ့ဘဲတူပါတယ်၊ ဒါနဲ့ ငါလဲတရားနာရရင် ကောင်းမှာဘဲလို့ အကြံဖြစ်ပြီး သူ့ဘာသာသူ တရားနာလိုက်သွားတာကိုး၊ ဟိုရောက်တော့ ပရိသတ်တွေကများလွန်းလို့ အစွန်ကဘဲ ထိုင်ပြီးနာရပါတယ်။

နာရင်း နာရင်းနဲ့ သူ့စိတ်ထဲ စိတ်ကူးတခု ရလာပြန်တယ်၊ "ငါဟာဘုရားဟောတော်မူတဲ့ တရားတော်ကို အသင့်အတင့်သိရပြီ၊ သိတဲ့အတိုင်း ကျင့်ရဘို့ဆိုတာကလဲ ကိစ္စဝိစ္စများလှတဲ့ လူ

ဝတ်ကြောင်နဲ့တော့ ဘယ်နည်းမှ လွယ်မှာမဟုတ်ဘူး၊ ဒီတော့ ရဟန်းဘဝရရင်ဖြင့် ကောင်းမှာဘဲ”ပေါ့။

သူ့ကြည့်ရတာ အတော်ဘဲ ရဟန်းဝတ်ချင်တဲ့စိတ်ပေါက်နေပုံရပါတယ်၊ ကလန္ဒသူဌေးဆိုတာ ကုဋေပေါင်းများစွာ ချမ်းသာတဲ့ သူဌေးကြီးပါ၊ သူ့စည်းစိမ်ဟာလဲ လောကအနေနဲ့ဆိုရင် ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ စည်းစိမ်ကြီးပေါ့၊ သုဒိန်ဆိုတာက ဒီစည်းစိမ်ကြီးအလယ်မှာ လူတကာက ဖူးဖူးမှုတ်ထားရတဲ့ တဦးထည်းသော သားကလေးပါ၊ ဒီစည်းစိမ်ကြီးရောဟာ သူ့တသက်မပြောနဲ့ သားစဉ်မြေးဆက် ဆယ်သက်စားလို့ ကုန်နိုင်စရာမရှိပါဘူး၊ ဒါလောက် လိုလေသေးမရှိတဲ့ စည်းစိမ်ရှင် လူရွယ်ကလေးတဦးဟာ တကြိမ်တခါ ဘုရားတရားနာရရုံနဲ့ ရဟန်းဝတ်ချင်စိတ် ပေါက်သွားတယ်ဆိုတာ ခုခေတ် လူများအနေနဲ့တော့ မဟာအံ့သြစရာကြီးဖြစ်နေမှာပါဘဲ။

တရားတော်အပြီးမှာ ပရိသတ်တွေ ပြန်သွားကြပေမဲ့ သုဒိန်ကတော့ မပြန်သေးဘူး၊ ပရိသတ်တွေစဲသွားတော့မှ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး သူ့ကိုရဟန်းပြုပေးဘို့ လျှောက်ထားပါတယ်၊ မြတ်စွာဘုရားက မိဘများထံက အခွင့်ရမရမေးတော်မူတော့ အခွင့်မရသေးကြောင်း ပြန်လျှောက်ပါတယ်၊ ဒီအခါ မြတ်စွာဘုရားက မိဘအခွင့်မပြုတဲ့သားကို ငါဘုရားရဟန်းပြုပေးတော်မမူဘူးလို့ မိန့်တော်မူလိုက်တော့ မိဘများထံ အခွင့်ပန်ရအောင်ဆိုပြီး ပြန်သွားပါတယ်။

အိမ်ရောက်တော့ မိဘတွေဆီမှာ အကျိုးအကြောင်းပြောပြပြီးခွင့်တောင်းပါရော၊ ဘိုင်းမဆင့်ဗုံမဆင့် ဒီစကားပြောလိုက်

တော့ မိဘတွေဟာ အတော့ကိုဘဲ စိုးရိမ်ခြင်းကြီးစွာ ဖြစ်ရပါ သတဲ့၊ တဦးထည်းသော သားကလေးမို့ ရဟန်းပြုသွားရင် သေတာ ရှင်တာကိုမှမသိဘဲနေမှာကို စိုးရိမ်တာလဲတကြောင်း၊ ဘယ်တုန်းကမှ ဆင်းရဲဒုက္ခနဲ့ မကြုံဘူးခဲ့တဲ့သားကလေးဖြစ်လေ တော့ ရဟန်းဝတ်တယ်ဆိုရင် ဆင်းရဲခြင်း အမျိုးမျိုးနဲ့ ကြုံရမယ် ဆိုတာကို တွေးမိတာလဲတကြောင်း၊ ပြီးတော့လဲ တဦးထည်း သော သားကလေးမို့ မခွဲနိုင်တာလဲတကြောင်း ဒီအကြောင်း တွေပြောပြပြီး မိဘများက ခွင့်ပေးဘို့ငြင်းဆန်ကြတယ်။

ရှေးကတော့ ရဟန်းဝတ်တယ်ဆိုရင် မိဘတွေနဲ့ အဆက် ပြတ်တာကများပါတယ်၊ ဘာပြုလို့လဲဆိုတော့ ရဟန်းဘဝဟာ မိဘတွေရဲ့ အုပ်ထိန်းမှုနဲ့ မသက်ဆိုင်တော့လို့ ဖြစ်ပါတယ်၊ ရဟန်းဝတ်တယ်ဆိုရင် သူ့ရဲ့အုပ်ထိန်းသူဟာ ဆရာသမားဘဲဖြစ် ရပါတယ်။

မိဘတွေက သားသမီးတွေအပေါ် အုပ်ထိန်းတာဟာ ဂေဟ သိတပေမလို့ ခေါ်တဲ့ သံယောဇဉ် ချစ်နဲ့ အုပ်ထိန်းတာပါ၊ ဆရာသမားများက တပည့်ရဟန်းတွေအပေါ် အုပ်ထိန်းတာက တော့ မေတ္တာလို့ ခေါ်တဲ့ ဖြဟ္မစိုရ်နဲ့ အုပ်ထိန်းတာဖြစ်ပါ တယ်၊ သံယောဇဉ်နဲ့ အုပ်ထိန်းတာမျိုးဟာ မျက်စိအောက်က အပျောက်မခံနိုင်ပါဘူး၊ အိမ်ထောင်ရက်သားကျသွားလို့ တရပ် တကျေးပြောင်းသွားသည့်တိုင်အောင် အမြဲတမ်း ဆက်သွယ်ပြီး နေကြပါတယ်၊ မေတ္တာတရားရဲ့ အုပ်ထိန်းမှုကတော့ ဒီလို မဟုတ်ပါဘူး၊ အကျိုးဖြစ်ထွန်းဘို့ဆိုရင် ဘယ်တော့မှ ပြန်မတွေ့ ရ တွေ့ရ ခွဲခွာနိုင်ပါတယ်၊ ဒါကြောင့် ရဟန်းများဟာ ဆွေမျိုး မိဘတွေနဲ့ ခွဲခွာပြီး ဆရာသမားများထံမှာ နေကြရပါတယ်။

ဆရာသမားထံကတဆင့် ရဟန်းအလုပ်အတွက်ဘဲဖြစ်ဖြစ်၊ အခြားအကြောင်း တခုခုကြောင့်ဘဲဖြစ်ဖြစ် ခွဲခွါသွားပြန်တဲ့အခါ မျိုးဆိုရင် မိဘများနဲ့ ပိုလို့ပင် ဝေးကွာသွားတတ်ကြပြန်ပါတယ်၊ ဒီအခါမျိုးမှာ သေဆုံးသွားပါက ခြေလျင်နဲ့လှည်းလမ်းခရီးသာ ပေါက်သေးတဲ့ ထိုခေတ်မှာ မိဘများအနေနဲ့ အတော်ကြီး ကြာ အောင်ဘဲ သတင်းစကားမရနိုင်ဘဲ ရှိရပါတယ်။

ခုခေတ်မှာ လူချမ်းသာတဦးဟာ ရဟန်းဝတ်တယ်ဆိုရင် သူ ကိုယ်တိုင်က သားမယားမိဘဆွေမျိုးနဲ့ ဝေးကွာလှတဲ့ မြို့ရွာမှာ ခွဲခွါမနေနိုင်ပါဘူး၊ ဒီလိုဖြစ်ရတာက တခြားကြောင့် မဟုတ်ပါ ဘူး၊ လူ့ဘဝမှာ စည်းစိမ်နဲ့ နေလာတာ ဖြစ်လေတော့ ဆွေဝေး မျိုးဝေး သွားနေရတယ်ဆိုရင် အအိပ်အနေဆင်းရဲတာတို့ အပြု အစုမဲ့တာတို့ စတဲ့ဒုက္ခတွေကို ကြောက်လို့ဘဲဖြစ်ပါလိမ့်မယ်၊ ရှေး ခေတ်ပုဂ္ဂိုလ်များကတော့ အများအားဖြင့် ဒါတွေကို တယ်ပြီး ဂရုမထားပါဘူး၊ ရဟန်းဖြစ်တာနဲ့ တပြိုင်နက် ဒီဒုက္ခလောက်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တာ များပါတယ်၊ သုဒိန်ရဲ့ မိဘများဟာ မခွဲ နိုင်အောင် ချစ်လှတဲ့ သားကလေးအပေါ်မှာ ဒါတွေကိုစိုးရိမ်ပြီး ခွင့်မပြုတာ ဖြစ်ပါတယ်။

မိဘတွေရဲ့ ခွင့်ပြုချက်မရတော့ သုဒိန်ဟာ မြေကြီးပေါ်မှာ လှဲအိပ်ပစ်လိုက်ပါတယ်၊ "ရဟန်းမပြုရရင် ဒီနေရာမှာဘဲ အသေ ခံမယ်"ဆိုပြီး အိပ်လိုက်တာပါ၊ ထမင်းလဲမစားတော့ဘူး၊ ခွန်နှစ် နှပ်လောက် မစားဘဲနေတော့ မိဘတွေဟာ အတော်ဘဲ စိတ် မကောင်းခြင်းဖြစ်ပြီး ချော့ကြပြန်ပါတယ်။

"ချစ်သားသုဒိန်-ထပါအုံး၊ ပျော်ပျော်ပါးပါးနေပါချစ်သား၊ စားလဲ စားအုံးမှပေါ့၊ လူ့ဘဝနဲ့ စည်းစိမ်ခံစားပြီး ကုသိုလ်

ကောင်းမှုတွေဆည်းပူးရင်လဲ ဖြစ်တာဘဲမဟုတ်လား၊ ရဟန်းပြုဘို့တော့ ခွင့်မပြုနိုင်ပါဘူးချစ်သား"။

ဒီလို ချော့နည်းမျိုးနဲ့တော့ သူဒိန်က ဘဝင်မကျပါဘူး၊ ဒါကြောင့် ဘာစကားတခွန်းမှ ပြန်မပြောဘဲ နေလိုက်ပါတယ်၊ မိဘတွေခမျာ ဘယ်လိုမှ ချော့လို့မရတော့ သူဒိန်ရဲ့ သူငယ်ချင်းတစု ဝင်လာကြပြန်ပါတယ်၊ သူတို့လဲ မိဘတွေလိုဘဲ ချော့ကြပါတယ်၊ မိဘတွေဘက်ကနေပြီး အကျိုး အကြောင်းတွေ အမျိုးမျိုးပြလို့ ပြောကြဆိုကြပါတယ်။

ဒါပေတဲ့ ရဟန်းဘဝကို အင်မတန် လိုလိုလားလားတောင့်တနေတဲ့ သူဒိန်ဟာ သူတို့ကိုလဲ ဘာတခွန်းမှ ပြန်မပြောဘူး၊ဘယ်လိုမှ နားချလို့မရတဲ့အဆုံးမှာ သူငယ်ချင်းတစုဟာ သူဋ္ဌေးကြီး ဇနီးမောင်နှံ့ထံသွားပြီး အကျိုးသင့် အကြောင်းသင့် ပြောကြရပါတယ်။

"မိခင်ဘခင်တို့ ဒီအတိုင်းဆိုရင်တော့ သူဒိန်ဟာ သေမှာပါဘဲ၊ခွင့်ပြုမယ်ဆိုရင်တော့ ရဟန်းအဖြစ်နဲ့မြင်နိုင်ပါလိမ့်အုံးမယ်၊ တကယ်လို့ရဟန်းဖြစ်ပြီးမှ မပျော်ပိုက်ဘူးဆိုရင်လဲ တခြားဘယ်မှ သွားစရာမရှိပါဘူး၊ ဒီအိမ်ဘဲပြန်လာမှာပါ၊ဒီတော့ ရဟန်းပြုခွင့်သာ ပေးလိုက်ပါ"။

ဒီစကားကြားရတော့ မိဘတွေလဲ ဘယ်လိုမှ မတတ်သာလို့ ခွင့်ပြုလိုက်ရပါတယ်၊ သူငယ်ချင်းတစုဟာ ချက်ခြင်းဘဲ သူဒိန်ဆီသွားပြီး "သုဒိန်-ထ၊ မင့်မိဘတွေက ခွင့်ပြုလိုက်ပြီ"ဆိုတာ ပြောပြကြပါတယ်။ ဒါကိုကြားလိုက်တယ်ဆိုဘဲ သုဒိန်ဟာ အင်မတန်အားရ ရွှင်လန်းလို့ ဖုတ်တွေဘာတွေခါပြီး ထတော့တာပါဘဲ၊

ဒါပေမဲ့ ချက်ခြင်းတော့ ထွက်မသွားသေးဘူး၊ နှစ်ရက်လောက် အားဖြည့်ပြီးမှ မြတ်စွာဘုရားထံ သွားပါတယ်။

ဒီနေရာမှာ သုံးမကုန်နိုင်လောက်အောင် ချမ်းသာပြီး ဘာမှ လိုသေးသေးမရှိတဲ့ သူဌေးသားဖြစ်ရက်နဲ့ အနေအစားကျပ်တည်း ကျဉ်းမြောင်းလှတဲ့ ရဟန်းဘဝကို ဘာကြောင့်များ ဒါလောက် တောင် မက်မက်မောမောဖြစ်နေရပါလိမ့်ဆိုတဲ့သဘောကိုတော့ လူသာမန်တို့ နားလည်ဘို့ ခက်ပါလိမ့်မယ်၊နားလည်အောင်တော့ လေ့လာသင့်တာပေါ့။

ဘုရားထံတော်မှာ ရဟန်းအဖြစ်ကို ရရှိပြီးတဲ့နောက် အရှင် သုဒိန်ဟာ ဝေသာလီပြည်မှာ ကြာရှည်မနေပါဘူး၊ မိဘတွေနဲ့ အတော်ဝေးတဲ့ ဝဇ္ဇီလို့ခေါ်တဲ့ တိုင်းပြည်အတွင်းက ရွာတရွာကို ဂေါစရဂါမ် အဖြစ်နဲ့ အမှီပြုပြီး တောရဆောက်တည် နေပါ တယ်၊ တောရဆောက်တည်တယ်ဆိုတာက မြို့ရွာနဲ့ ကုလားလေး တာ ပေါင်း အပြန်ငါးရာ အနည်းဆုံးဝေးကွာတဲ့ နေရာမှာ နေ ပါ့မယ်လို့ အဓိဋ္ဌာန်ပြုပြီး နေတဲ့အကျင့် ဖြစ်ပါတယ်၊ ခုခေတ် အတိုင်းအတာနဲ့ ဆိုရင်တော့ ကိုက်ပေါင်း ၂၅၀၀ - အကွာ အဝေးပါ။

ဒီလောက် ဝေးကွာတဲ့နေရာကနေပြီး သူ့ ဂေါစရဂါမ် ဖြစ်တဲ့ ရွာကိုကြွပြီး ဆွမ်းခံစားတဲ့ အကျင့်ကိုလဲ ကျင့်ပါတယ်၊ ဆွမ်းခံပြန် တော့လဲ ကိုယ်နဲ့ အလွမ်းသင့်တဲ့ အိမ်လောက်သာမဟုတ်ဘဲ အိမ် စဉ်အတိုင်း အကျော်အလွှားမရှိ ဆွမ်းခံရတဲ့ အကျင့်ကိုလဲ ကျင့် ပါတယ်၊ ပြီးတော့ ဝတ်ဘို့ သင်္ကန်းကျပြန်တော့လဲ ပံ့သကူ သင်္ကန်းကိုဘဲ ဝတ်တဲ့အကျင့်ကို ကျင့်ပါတယ်၊ ပံ့သကူသင်္ကန်းဆို

တာက အရှင်မရှိဘဲ စွန့်ပစ်ထားတဲ့ အဝတ်တွေကို ကောက်ယူချုပ်စပ်ဆိုးပြုပြီးဝတ်ရတဲ့ သင်္ကန်းပါ၊ ဒီလို ခြိုးခြံတဲ့ အနေအစားဟာ လူ့ဘဝကအနေအစားနဲ့ နှိုင်းယှဉ်မယ်ဆိုရင် နံ့သာဆီနဲ့ အီးဆိုတာမျိုး ဖြစ်မှာပါဘဲ၊ ဒီအနေအစားမျိုးသာ သူ့မိဘတွေ တွေ့မြင်ရရင် အကြီးအကျယ် ရင်ထုမနာ ဖြစ်မှာ သေချာပါတယ်။

ဒီလို နေလာတဲ့အတွင်းမှာဘဲ ဝဇ္ဇီတိုင်းကြီးဟာ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုးကြီးဆိုက်လာပါတော့တယ်။

စပါးနှံတွေ အဖုံးအလုံးတက်မဲ့အချိန်မှာ ဆစ်ပိုးတွေကျပြီး ကောက်ရိုးဘဲကျန်ပါသတဲ့၊ ဆန်ကိုအဓိကစားကြတဲ့ နိုင်ငံဖြစ်လေတော့ စပါးပျက်တယ်ဆိုရင် ဒီပြဿနာပေါ်တတ်တာမျိုးပါ၊ ခုခေတ်လို တနိုင်ငံနဲ့တနိုင်ငံ ခရီးလမ်းပန်းအဆက်အသွယ်က မကောင်းသေးတဲ့အချိန်ဆိုတော့ ပိုလို့ပင်ဆိုးမှာပါဘဲ၊ လူတွေလဲ အရမ်းကာရော သေကျေပျက်စီးကြလို့ တထိတ်ထိတ် တလန့်လန့်နဲ့ နေကြရပါတယ်၊ ကျန်တဲ့လူတွေလဲ နေ့သေမလား၊ ညသေမလားနဲ့ အင်မတန် စိုးရိမ်ရတဲ့အချိန်ပါ။

ဒီဘေးဆိုးကြီး ဆိုက်တယ်ဆိုရင် ပထမဆုံးအခက်အခဲနဲ့ ရင်ဆိုင်ရတာကတော့ ရဟန်းတွေဘဲ ဖြစ်ပါတယ်၊ ဒီအချိန်မျိုးမှာ ကမ္ဘာမီးလောင် သားကောင်ချနင်းရတဲ့ကိန်းမို့ တော်ရုံ ဒကာ၊ ဒကာမတွေဟာ ရဟန်းတွေကို ပြန်မကြည့်နိုင်ကြပါဘူး။

ဒီအခါမှာစပါးဟောင်းလက်ကျန်ရှိသူများကထုတ်ရောင်းကြလို့ အဆာပြေ စားရသောက်ရသူများလဲ ရှိပါတယ်၊ ဒါပေတဲ့ ဆင့်ပါးစပ်နှမ်းပက်တာမျိုး ဖြစ်နေတော့ ပြဿနာဟာ ပြေလည်

မသွားပါဘူး၊ ဒီအထဲမှာ ခုခေတ်တန်းစီတိုးစားတဲ့ လူတွေထက် တောင် ဆိုးမလားမပြောတတ်ပါဘူး၊ တချို့လူတွေဟာခွန်အား ကို အားကိုးပြီး တိုးဝှေ့တန်းကန် ဝယ်ကြလေတော့ မတိုးနိုင် မကန်နိုင်လို့ လက်ချည်းပြန်ကြရတဲ့ လူတွေလဲမနဲပါဘူး၊ လူမယူ ထားဘဲ တော်သေးတယ်လို့ အောက်မေ့ရပါတယ်။

ဒီလိုဖြစ်လာတော့ကာ စပါးရောင်းသူတွေအနေနဲ့ တရား မျှတမှုဖြစ်အောင် တမျိုးစီစဉ်ရ ပြန်ပါတယ်၊ ဒီအစီအစဉ်ကို ခုခေတ်အစီအစဉ်နဲ့ နှိုင်းယှဉ်ကြည့်ဘို့ ဗဟုသုတအဖြစ် ဖော်ပြ ပါအုံးမယ်။

စပါးခြင်ပေးတဲ့လူကို စပါးထားတဲ့နေရာမှာနေစေပြီး စာရေး တယောက်ကို တနေရာမှာနေစေပါတယ်၊ စပါးဝယ်မဲ့လူတွေ ဟာ စာရေးဆီကို ပထမလာရပါတယ်၊ လာတဲ့လူတွေကို လက် သင့်ရာ စားတော်မခေါ်ဘဲနဲ့ စာရေးလုပ်သူက အစဉ်လိုက် စာရေးပေးရပါတယ်၊ ကပ်ပြားကလေး တခုခုပေါ်မှာဘဲဖြစ် မှာပါ။

ရေးတဲ့စာကတော့ "သူ့ကိုစပါးဘယ်လောက်ရောင်းပါ"ဆို တဲ့စာပါဘဲ၊ ဒီစာကလေး ရေးပေးလိုက်တော့ လက်မှတ်ပိုင်ရှင် ဟာ ဒါကလေးကိုယူပြီး စပါးခြင်ပေးတဲ့လူဆီကိုသွားရပါတယ်၊ ဒီတော့မှ ခြင်ပေးတဲ့လူက လက်မှတ်ပေါ်မှာပါတဲ့ အရေအ တွက်အတိုင်းခြင်ပေးလိုက်ပါတယ်၊ ငွေကိုဘယ်နေရာမှာ သွင်း ရတယ်ဆိုတာတော့ ဖော်ပြမထားပါဘူး။

ဒီအစီအစဉ်ကလေးဟာ ဘယ်လောက် အောင်မြင်တယ် မ အောင်မြင်ဘူးဆိုတာတော့ မပြောတတ်ဘူး၊ သူ့ခေတ် သူ့

အခါနဲ့ ဆိုရင်တော့ ခေတ်မှီတဲ့အစီအစဉ်လို့ဘဲ ဆိုရပါလိမ့်မယ်။ ဒါလောက်ခက်ခက်ခဲခဲနဲ့ ရတဲ့ ဆန်စပါးကိုချက်ပြုတ်ပြီး ဆွမ်းလောင်းရမှာဆိုတော့တော်ရုံတန်ရုံနဲ့ ဖြင့်တော့ မလောင်းနိုင်ပေဘူးပေါ့။

ရွာမှာကျန်ခဲ့တဲ့ မိဘတွေအနေနဲ့ သူတို့သားကလေးဘယ်နေရာရောက်နေတယ်ဆိုတာ သိပုံမရပါဘူး၊ သိတောင်မှ ဖြစ်ပျက်နေတဲ့သတင်းဆိုးကြီးကို လွယ်လွယ်နဲ့ ကြားမယ်မဟုတ်ဘူးပေါ့၊ ဒါပေတဲ့ မျက်နှာကြီးတွေဆိုတော့ ဝေသာလီမြို့ပေါ်မှာလဲ မျက်နှာကြီးပိုင်းတွေက ဆွေတွေမျိုးတွေနဲ့ ဟာ အဆက်အသွယ်ရှိပြီး သတင်းစကားကို အမြဲတမ်းစုံစမ်းနားစွင့်နေကြမှာပါဘဲ၊ ဒီတော့လဲ အကြောင်းကြောင်းကိုထောက်ရင် သူတို့သားကို တနေ့မှ မေ့ဟန်မတူပါဘူး၊ တနေ့နေ့မှာ ရဟန်းဘဝကိုစိတ်ပျက်ပြီးအိမ်ပြန်လာလိမ့်မယ်လို့ ယူဆနေဟန်တူပါတယ်။

တနေ့မှာတော့ မြို့ပေါ်က ဆွေမျိုးတွေဟာ ရှင်သုဒိန်ပြန်ရောက်လာပြီဆိုတဲ့သတင်းကို ကြားကြပါရော၊ ချက်ချင်းဆိုသလိုဘဲ ဆွေတွေမျိုးတွေဟာ မြို့ရဲ့အနီးမှာရှိတဲ့ မဟာဝုန်တောကိုသွားပြီး စုံစမ်းကြတော့တယ်၊ ပက်ပင်းပါဆိုသလိုဘဲ အဲဒီတောကပြသာဒ်ကျောင်းကြီးမှာ ရှင်သုဒိန်နဲ့ တွေ့ကြတာပါဘဲ၊ ရှင်သုဒိန်ဟာ ဝဇ္ဇီတိုင်းမှာ အငတ်ဘေးကြီးဆိုက်နေလို့ ဆွမ်းကွမ်းကိစ္စမလွယ်တာနဲ့ ဆွေနားမျိုးနားကို ပြန်လာတာဖြစ်ပါတယ်။

ဆွေမျိုးတစုဟာ ဝမ်းသာအားရနဲ့ ဆွမ်းအိုး အတွက်တာဝန်ယူလှူဒါန်းလိုက်ကြတာ ဆွမ်းအိုးပေါင်း ခြောက်ဆယ်ပင်ရှိပါသတဲ့၊ ခုခေတ်ဆွမ်းအုပ် သဘောပါဘဲ၊ နေ့စဉ်ရရှိမဲ့

ဆွမ်းအိုးတွေကို ရှင်သုဒိန်က သံဃာတွေကိုတဆင့် လှူဒါန်းပြီး သူကတော့သူ့ဆောက်တည်ထားတဲ့အကျင့်အတိုင်း ဆွမ်းခံစားဘို့ဘဲ ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့်မို့ နောက်တနေ့ဆွမ်းခံချိန်မှာ သင်္ကန်းပါရုံပြီး သူ့မွေးဇာတိ ကလန္ဒရွာကို ဆွမ်းခံကြွတော်မူခဲ့ပါတယ်။

ဒီနေရာမှာဆောက်တည်ထားတဲ့ကျင့်ဝတ်ကိုရပ်ဆိုင်းပြီး ရရှိတဲ့ဆွမ်းအိုးတွေနဲ့ အေးအေး လူလူ ဘဉ်းပေးနေလဲ ဖြစ်ပါတယ်၊ ဒါပေတဲ့သူ့အတွေးက "ငါ့မှာချမ်းသာကြွယ်ဝတဲ့ ဆွေတွေမျိုးတွေအနီးအနားမှာမို့ ဆွမ်းကွမ်းအတွက် ပင်ပမ်းငြိုးငယ်စရာမရှိ၊ တခြားသံဃာတွေဟာ ဆွေဝေးမျိုးဝေးနဲ့ အမြို့မြို့အရွာရွာကလာနေကြတာ ဖြစ်လေတော့ ဆွမ်းကွမ်းအတွက် အနည်းအများဆိုသလို ပင်ပမ်းကြပေလိမ့်မယ်၊ ဒါကြောင့် ငါလဲကျင့်ဝတ်မပျက်၊ အခြားသံဃာတော်တွေလဲ ဆွမ်းကွမ်းအတွက် မငြိုငြင်ရအောင်"ဆိုတဲ့သဘောနဲ့ ဒီလိုလုပ်လိုက်တာဘဲဖြစ်ပါတယ်၊ ဒီစိတ်ထားမျိုးဟာ ဒီခေတ်မှာလူဘက်ကဘဲဖြစ်ဖြစ် ရဟန်းဘက်ကဘဲဖြစ်ဖြစ် အတော်ကြီးခန်းခြောက်နေပါပြီ။

ရွာရောက်လို့အိမ်စဉ်အတိုင်း ဆွမ်းရပ်တော်မူလာရင်းက သူ့မိဘများအိမ်ကို ရောက်လာပါတယ်၊ ရှစ်နှစ်လောက် ခွဲခွာပြီးနေခဲ့ရတာဖြစ်လို့ ဇနီးသယ်ရဲ့မျက်နှာ မိဘတွေရဲ့ မျက်နှာကို မြင်ချင်ဇော၊ တွေ့ချင်ဇောအားကြီးနဲ့၊ ပြီးတော့လဲ မမြော်လင့်ဘဲ သူရောက်လာတာကို မိဘများ တအံ့တသြဝမ်းပန်းတသာဖြစ်ကြပါစေဆိုတဲ့ သဘောနဲ့ "ဟေ့....ဘယ်သွားကုန်ကြသလဲ၊ ဘသူမှမရှိဘူးလား"ဆိုပြီး လျှပ်ပေါ်လော်လီတဲ့ အမူအရာမျိုးနဲ့နဲ့မှမဖြစ်တာဟာ အင်မတန်ကို ကြည်ညိုစရာဖြစ်ရပါတယ်။

ရှင်သုဒိန်ဟာ အင်မတန် တည်တည်ငြိမ်ငြိမ်နဲ့ အိမ်ရှေ့မှာ ဆွမ်းရပ်နေတုန်း သူ့အိမ်ကအစေခံမကလေးတယောက်ဟာ ညကကျန်လို့ သိုးနေတဲ့ထမင်းတွေကို လွှင့်ပစ်မလို့ အိမ်ထဲကထွက်လာပြီး သွန်မဲ့နေရာကိုသွားတာကိုး။

လောင်းမဲ့လူလဲထွက်မလာ၊ ကန်တော့လဲမကန်တော့ဆိုတော့ ငြိမ်ငြိမ်ကလေးဘဲ ရပ်နေရတာပေါ့၊ ဒီအဖြစ်မျိုးနဲ့ကြုံရင် ရဟန်းများဟာ အတော်ဘဲ အကြပ်ရိုက်တတ်ကြပါတယ်၊ အထူးသဖြင့် ဆွမ်းကွမ်းခက်ခဲလှတဲ့ မန္တလေးလိုနေရာမျိုးမှာ ပိုလို့ပင်ဆိုးကယ်လို့ဆိုချင်ပါတယ်၊ ထွက်သွားရလဲအခက်၊ဆက်ပြီးနေရလဲအခက်၊ အတော့်ကို ကသိကအောက်နိုင်ပါတယ်၊ ဒါလောက်အသိကင်းမဲ့တဲ့အိမ်မှာ ဘာလို့ဆက်ရပ်နေရမလဲ ထွက်သွားပေါ့လို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ဆွမ်းကွမ်းက ခက်ခဲတာမို့ လောင်းမျှားလောင်းအုံးမလားဆိုတဲ့ မြှော်လင့်ချက်ကရှိနေတာဖြစ်တော့ တစက္ကန့်ပြီး တစက္ကန့်မြှော်လင့်ချက် မဆုံးမချင်းရပ်နေမိတဲ့ သဘောပါဘဲ။

မမြင်လို့မျှားလားလေလို့ အောက်မေ့ပြီး အမှတ်မဲ့ အိမ်ထဲလှမ်းကြည့်လိုက်ရင် သတင်းစာ ကြည့်နေတာတို့ တခုခုလုပ်နေတာတို့ကိုတွေ့ရတတ်ပါတယ်၊ ဒီလိုရဟန်းကလှမ်းကြည့်လိုက်တာကိုမြင်ကာမှ ကုလားထိုင်ပေါ်က သတင်းစာအကြည့်မပျက်-ကန်တော့ပါသေးရဲ့ဆိုတာမျိုးကြောင့်ပြန်လာရတဲ့အခါလဲရှိပါတယ်၊ ဒီကန်တော့ ပါသေးရဲ့လို့ ဆိုရမှာကလေးကို ဒါလောက်ကြာအောင်ဆိုင်းငံ့ထားတဲ့သဘောကို စဉ်းစားပေမဲ့ ဒီနေ့အထိ ရေရေလယ်လယ် သဘောမပေါက်နိုင်အောင်ဘဲ ဖြစ်ရပါတယ်။

တခါတလေတော့လဲ နေပူကြီးကျဲကျဲမှာ ရပ်ရတာကြာလွန်းလို့ သူတို့ကန်တော့တာ မစောင့်နိုင်ဘဲ၊ ကိုယ့်ဟာကိုယ် ကန်တော့ပြီး ပြန်ခဲ့ရတဲ့အခါမျိုးလဲရှိပါတယ်။ တခါတလေကျတော့လဲ ရပ်မဲ့ကြံရုံရှိသေး အိမ်ထဲက မာဆတ်ဆတ်နဲ့ ကန်တော့လွတ်လို့ အောင့်သက်သက်နဲ့ ပြန်ခဲ့ရတဲ့အခါမျိုးနဲ့လဲ ကြုံကြိုက်ရပါတယ်။

ဒါမျိုးနဲ့ မကြုံဘူးသေးရင် ရဟန်းဘဝဟာလဲ မပြည့်စုံသေးဘူးလို့ ဆိုသင့်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ ရဟန်းဆိုတာ ရွှေပုံပေါ်မှာချည်း စံနေလို့မဖြစ်ပါဘူး၊ မီးခဲဖင်ခုထိုင်မိတဲ့ အခါမျိုးလဲ ရှိသင့်ပါတယ်၊ဒါမှလဲ လောကဓံကို သည်းခံနိုင်တဲ့ အလေ့အကျင့်ရှိမှာပါ၊ ကြုံဘူးတဲ့ရဟန်းများအနေနဲ့ ပြည့်စုံတာကတော့ မှန်ပါတယ်၊ ဒါပေတဲ့ ဒီအထဲက ရဟန်းအချို့ရဲ့ စိတ်ပျက်လက်ပျက်နဲ့ ညည်းညူတော်မူကြတဲ့ အသံကို ကြားရတာကတော့ ရဟန်းဘဝကို အထင်လွဲမှားစရာပါဘဲ၊ "ဘုန်းကြီးဘဝဟာ တယ်အောက်တန်းကျတာပါဘဲလား"တဲ့။

ဒကာဒကာမတွေအနေနဲ့ ဒီလိုလုပ်တာဟာ သူတို့မှာ ရဟန်းနဲ့ ပတ်သက်တဲ့ဒဏ်ရာဒဏ်ချက်ကလေးတွေရှိလို့ လုပ်တာ ဖြစ်ချင်လဲဖြစ်မယ်၊ ပီးအထင်တမျိုးပေါက်ပီး တမင်လုပ်တာ ဖြစ်ချင်လဲ ဖြစ်မယ်။တမင်လုပ်တာကို ဘာမှမပြောလိုပေတဲ့ ဒဏ်ရာဒဏ်ချက်ကြောင့် လုပ်တာဆိုရင်တော့ ဝါးလုံးရှည်နဲ့ သိမ်းမရမ်းဘို့ကို သတိပြုသင့်လှပါတယ်။

ဒါပေတဲ့ ဒီလိုအဖြစ်မျိုး ကြုံကြိုက်ရရုံနဲ့တော့ ရဟန်းဘဝဟာ အောက်တန်း ကျမသွားပါဘူး၊ ဒီအဖြစ်မျိုးကို ဘုရားကိုယ်တော်မြတ်ကြီးလဲ ကြုံရဘူးပါတယ်။

စကားစပ်မိလို့ ပြောရအုံးမယ်၊ တခါက သာဝတ္ထိပြည်မှာ ဘုရားကိုယ်တော်မြတ်ကြီးဟာ ပုဏ္ဏားကြီးတဦးအိမ်မှာ ဆွမ်းရပ်တော်မူပါတယ်၊ ပုဏ္ဏားလင်မယား ထမင်းစားတုန်း တန်းလန်းပေါ့၊ ပုဏ္ဏားကြီးက အိမ်ရှေ့ကို ကျောခိုင်းပြီး ထမင်းစားနေတာဖြစ်တော့ ဘုရားမြတ်ကိုမမြင်ပါဘူး၊ ပုဏ္ဏေးမကြီးကတော့ မြင်ပါတယ်၊ ဒါပေတဲ့ သူ့ယောကျ်ားကြီးသိရင် ဆွမ်းလောင်းမှာစိုးတာနဲ့ မြတ်စွာဘုရားကို မျက်ရိပ်ပြပြီး ကန်တော့ လွှတ်ပါတယ်၊ ပါးစပ်က မကန်တော့ဘဲနဲ့ မျက်ရိပ်ပြပြီး ကန်တော့တယ်ဆိုတာ အင်မတန်ကို ဂါရဝ နဲလွန်းအားကြီးပါတယ်။

ဘုရားမြတ်တောင် ကြုံရဘူးသေးတယ်ဆိုတော့ ခုခေတ်မျိုးမှာ ပိုပြီး ကြုံရမှာပါ။ ဒါတွေကို ဥပေက္ခာပြုပြီး တသောင်းတယောက်၊ တသိန်း တယောက် ဆိုသလို ရခဲလှတဲ့ ရဟန်းဘဝကို စိတ်မပျက်လက်မပျက်ဆက်လက်ကြိုးပမ်းတော်မူကြဘို့အထူးဘဲ တိုက်တွန်းလိုပါတယ်။

ဒီလိုမျက်ရိပ်ပြပြီး ကန်တော့ပေမဲ့ မြတ်စွာဘုရားက ခေါင်းတော်ကို ခါပြလိုက်ပါတယ်၊ ငါမကြွနိုင်ဘူးဆိုတဲ့ သဘောပေါ့၊ ဒီအချင်းအရာမြင်တော့ ပုဏ္ဏေးမကြီးမှာ မရယ်ဘဲမနေနိုင်အောင်ဖြစ်တာကိုး၊ ဒါနဲ့ တခစ်ခစ်နဲ့ ရယ်နေတာပုဏ္ဏားကြီးက မြင်တော့ဘာများ ရယ်ပါလိမ့်မလဲလို့ အိမ်ရှေ့ လှည့်ကြည့်လိုက်တော့ ဘုရားကိုယ်တော်မြတ်ကြီး ဆွမ်းရပ်နေတာကိုတွေ့တော့တာပေါ့၊ ဒီတော့မှ ပုဏ္ဏေးမကြီးကို မာန်မဲပြီး ဘုရားကိုယ်တော်မြတ်ကြီး သွားပင့် တဝက်တပျက် ကျန်နေတဲ့ ဆွမ်းကိုဘဲ လောင်းလှူပြီး တရားနာရာကနေ အကျွတ်တရား ရသွားတာပါဘဲ။

ဆက်ကြပါအုံးစို့၊ ထမင်းသိုးတွေ သွန်မလို့လာတဲ့ အစေခံမကလေးကို မြင်တော့ ရှင်သုဒိန်က "နှစ်မငယ်-အဲဒါတွေလှင့်ပစ်ဘို့ဆိုရင် ဒီသပိတ်ထဲမှာလောင်းပါ" လို့ ဆိုလိုက်ပါတယ်၊ အစေခံမကလေးဟာ ရုတ်တရက်တော့ မမှတ်မိဘူးပေါ့၊ ဒါပေတဲ့ထမင်းသိုးတွေ သပိတ်ထဲလောင်းနေရင်း ခြေလက်အင်္ဂါ အစိတ်အပိုင်းတွေကို အကဲခပ်ကြည့်လိုက်တော့မှ သူ့သခင်လေးဘဲဆိုတာမှတ်မိသွားပါတယ်၊ လောင်းထဲ့ပြီးတယ်ဆိုရင်ဘဲ၊ အစေခံမကလေးဟာ အိမ်ထဲချက်ချင်းဝင်ပြီး သူဌေးကတော်ကြီးကို အကျိုးအကြောင်း ပြောတော့တာပေါ့၊ သူဌေးကတော်ကြီးလဲ ပျာပျာသလဲဖြစ်သွားပြီး—

"ဟဲ့မိတိုဒင်း၊ နင်ပြောတဲ့အတိုင်း မှန်ရင် နင့်ကို ကျွန်အဖြစ်ကလွတ်ပေးမယ်" လို့ ဝမ်းသာအားရနဲ့ ဂတိပြုလိုက်တယ်။

ရှင်သုဒိန်လဲ အဲဒီက ပြန်လာပြီးရွာထဲက ဇရပ်တခုရဲ့နံရံကိုမှီလို့ ထမင်းသိုး တွေကို အရွံအရှာမရှိ ဘုဉ်းပေး ပါတော့တယ်၊ ဒီအချိန်မှာ ကလန္ဒသူဌေးကြီးကလဲ အလုပ်ခွင်ကပြန်အလာ ခုနကနေရာမှာ ရှင်သုဒိန်နဲ့ တွေ့ပါလေရော၊ သူ့သားမှန်းသိလို့ အနားကပ်သွားတော့ ထမင်းသိုးတွေ ဘုဉ်းပေးနေတာကို စိတ်မချမ်းသာစရာတွေ့မြင်ရပါတော့တယ်၊ အတော်လဲ ရင်နာသွားတာပေါ့။

"ချစ်သား....ဖြစ်မှ ဖြစ်ရလေ၊ ဘယ့်နှယ်အသိုးတွေ စားနေရတာလဲ၊ အိမ်ရှိသားဘဲဥစ္စာ၊ အိမ်ကို သွားပါတော့လား" ပေါ့။

"ဒါယကာ....သင့်အိမ်ကို ရောက်ခဲ့ပြီ၊ ဒီ ထမင်းသိုးတွေဟာ သင့်အိမ်က လောင်းလိုက်တာပါ" ဆိုတော့။

သူဌေးကြီးဟာ အတော်ကို ရင်ထုမနာ ဖြစ်လှန်းလို့ သား လက်မောင်းဆွဲပြီး "လာလာ....ထ၊အိမ်သွားကြပါစို့" လို့ အတင်း ခေါ်တော့တယ်၊ ရှင်သုဒိန်လဲ လိုက်သွားပါတယ်၊ အိမ်ရောက် တော့ နေရာထိုင်ခင်းပါပေးပြီး မွှန်မွှန်မြတ်မြတ် သူဌေးစာဖြစ်တဲ့ စားကောင်း သောက်ဘွယ်တွေကို ဆက်ကပ်ပါတယ် "ချစ်သား စားစမ်းပါအုံး" လို့လဲ သူဌေးကြီးပါးစပ်က ကြိတ်မနိုင်ခဲမရ လေသံနဲ့ တိုက်တွန်းပါတယ်။

"ဒါယကာ....တော်ပြီ၊ ယနေ့အဘို့ ငါ့မှာ ဆွမ်းကိစ္စပြီးပြီ" လို့ ငြင်းတာနဲ့၊ "ဒီလိုဆိုနက်ဖြန်အတွက်ဆွမ်းကို လက်ခံပါ"လို့ ကြို ပြီး ပင့်လိုက်ရပါတယ်။

ဒီနေရာကနေ နောက်ကြောင်းပြန်ကြည့်လိုက်မယ်ဆိုရင် လက် ထက်တော်က ရဟန်းများရဲ့ ရုပ်လုံးကိုပီပီသသမြင်ရပါပြီ၊ အချို့ အမူအကျင့် မသေသပ်တဲ့ ရဟန်းအချို့ရှိတာမှန်ပေမဲ့ အများ အားဖြင့်တော့ ဒီပုံစံအတိုင်းချည်းဘဲလို့ ဆိုနိုင်ပါတယ်၊ သံယော ဇဉ်ကင်းနိုင်တာတို့ လောကကိုမငဲ့တာတို့၊ သာသနာကို အလေး အမြတ်ထားတာတို့ ဆိုတာတွေဟာ လက်ထက်တော် ရဟန်း ခပ်များများရဲ့ တန်ဆာပလာတွေဘဲ ဖြစ်ပါတယ်။

နောက်တနေ့မနက် မိုးလင်းလာတော့သူဌေးကတော်ကြီးဟာ ကျေးကျွန်တွေနဲ့ အလုပ်ရှုပ်နေပါတယ်၊ သားရဟန်းလာရင်ဆွမ်း ကျွေးဘို့နေရာပြင်နေတာပါ၊ အိမ်ရှေ့ကွက်လပ်ကြီးမှာ အပုံကြီး နှစ်ပုံ ပုံလိုက်ပါတယ်၊ တပုံကရွှေတွေ၊ တပုံကငွေတွေ၊ ဒီရတနာပုံ ကြီးတွေဟာ လူတရပ်ကျော်ကျော်စီ မြင့်ပါသတဲ့၊ တပုံနဲ့တပုံကို တခန်းစာလောက် ခွါထားပါတယ်၊ အပုံကြီးတွေကို ဖျာတွေနဲ့

အုပ်ဆိုင်းထားပြီး အပုံကြီးနှစ်ခုအကြားမှာ ရှင်သုဒိန် အတွက် နေရာပြင်ထားပါတယ်၊ ရှင်သုဒိန်ထိုင်တဲ့အခါ ရတ်တရက်မမြင်နိုင်အောင်ဆိုပြီး ဘေးနှစ်ဖက်ကနေပြီး ကန့်လန့်ကာများနဲ့လဲ ကာရံထားပါသေးတယ်၊ ပြီးတော့မှ ရှင်သုဒိန်ရဲ့မယားဟောင်းဖြစ်တဲ့သူ့ချွေးမကို အလှပဆုံးဖြစ်အောင်ဖီးလိမ်းပြင်ဆင်ထားဘို့ကိုလဲ မှာထားပါသေးတယ်။

အချိန်ကျလာတော့ ရှင်သုဒိန်ဟာ အလွန်တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ကြွတော်မူလာပါတယ်၊ မိဘများကလဲ ခရီးဦးကြိုပြုပြီး ပြင်ထားတဲ့နေရာမှာ နေစေပါတယ်၊ နေရာမှာ ထိုင်မိတယ်ဆိုရင်ဘဲ သူဌေးကြီးက ငြုံးဆို ရွှေပုံ ငွေပုံကြီးတွေကို ဖွင့်လှစ်ပြလိုက်ပါတော့တယ်။

"ချစ်သား၊ ဒီရတနာတွေဟာ သင့်အမိဘက်က ပါလာတဲ့ရတနာတွေပါ၊ ဖခင်ဘက်ကပါတဲ့ ရတနာတွေက သီးသန့်ရှိပါသေးတယ်၊ ပြီးတော့ ဘိုးစဉ်ဘောင်ဆက်က ရတနာတွေလဲ အများအပြားဘဲ ရှိပါသေးတယ်၊ ချစ်သားလူထွက်ပြီး လူစည်းစိမ်ခံစားမယ်ဆိုရင် ဒါတွေဟာ ချစ်သားဘို့ချည်းဘဲပေါ့၊ အလှူအတန်း ကုသိုလ်ကောင်းမှု လုပ်မယ်ဆိုလဲ ဘာမှနှောင့်နှေးစရာမရှိဘူး၊ ဒီတော့ လူသာထွက်ပါချစ်သား"

"အို-ကျွန်ုပ်သာသနာတော်မှာ အလွန် ပျော်ပျော် ရွှင်ရွှင်နဲ့ အကျင့်မြတ်ကို ကျင့်နေတာပါ၊ လူမထွက်နိုင်ပါဘူး ဖခင်"။

သားအဖ နှစ်ဦးသားအချီအချ ပြောနေကြတာပါ၊ ဖခင်က အတင်းဆွဲသလို သားကလဲအတင်းရုံးနေပါတယ်၊ နောက်ဆုံးကျ

တော့ ရှင်သုဒိန်က နိဂုံးချုပ်လိုဟန်နဲ့ စကား ပြောင်းလိုက်ပါတယ်။

“ဒါယကာ - သင် စိတ်မဆိုးဘူးဆိုရင် စကားနဲနဲပြောချင်ပါတယ်”။

“ပြောပါချစ်သားရယ် ပြောပါ”၊ သားအဖချင်းများ ခွင့်တောင်း နေရသေးသလားလို့များ အတွေး ပေါက်သွားလေသလားမသိ၊ သူဌေးကြီးက အလျင်အမြန်ဘဲ ခွင့်ပြုလိုက်ပါတယ်။

“ဒီလိုဆိုရင် ဂုံအိတ်ကြီးကြီးတွေ ရှာပါ”။

“ရပြီထားပါတော့”။

“အဲဒီဂုံအိတ်ကြီးတွေထဲမှာ ဒီရွှေတွေငွေတွေကိုထဲ့ပါ”။

“ထဲ့ပြီး ဘယ်လိုလုပ်ရမှာလဲ”။

“လှည်းတွေနဲ့တိုက်ပြီး ဂင်္ဂါမြစ်ထဲ လွှင့်ပစ်လိုက်ပေါ့”။

“ဘယ်လိုများပြောလိုက်တာလဲ ချစ်သားရယ်”။

“ဟုတ်ပါတယ် ဒါယကာ၊ ဒီဟာတွေရှိနေရင် သင့်မှာစောင့်ရှောက်ရတာနဲ့၊ ကြောက်လန့်ရတာနဲ့ ဒုက္ခ များလှပါတယ်၊ ဒါတွေမရှိရင် သင်ချမ်းသာမှာပါဘဲ”။

သူဌေးကြီးဟာ စိတ်ပျက် အားလျော့ပြီး အတော့်ကို စိတ်မချမ်းမသာ ဖြစ်သွားပါတယ်၊ ဒို့ပြောလို့တော့ ရမှာမဟုတ်ဘူးဆိုပြီး ချွေးမကိုအခေါ် တိုက်တွန်းပြန်ပါတယ်၊ ချွေးမသယ်ကလဲ အလှပဆုံး အကောင်းဆုံးဆိုရမဲ့ အဝတ်အစားတွေ ဝတ်ဆင်ဖီးလိမ်းထားပြီးမို့ ရှင်သုဒိန်ဆီကို ခပ်ရှိ့ရှိ့ကလေး ရောက်လာပါ

တယ်၊ ရှိသမျှအတတ်ပညာနဲ့ အစွမ်းကုန် ကရမှာမို့ ရောက်ဘယ် ဆိုရင်ဘဲ ရှင်သုဒိန်ရဲ့ ခြေအစုံကိုင်ပြီး—

"အရှင့်သား နတ်သမီးကို လိုချင်လို့ အကျင့်မြတ်ကို ကျင့်နေတာဆို၊ အဲဒီနတ်သမီးဆိုတာ ဘယ်လိုများ နေပါလဲအရှင့်သား"။

ဒီမေးခွန်းဟာ စကားနာထိုးတဲ့မေးခွန်းပါ၊ မင့်ထက်လှတာ တော့မရှိပါဘူး၊ မနေနိုင်လို့ လူထွက်တောင် မင်းကလဲပြီး ကိုယ့်အဘို့တွယ်တာစရာမရှိပါဘူးကွာ-ဆိုတဲ့ အဖြေမျိုးကို လိုချင်တယ်နဲ့ တူပါတယ်၊ ဒါပေတဲ့-

"နှမ-ငါဟာ နတ်သမီးကို လိုချင်လို့ အကျင့်မြတ်ကို ကျင့်ခြင်း မဟုတ်ရပါ"လို့ တည်ငြိမ်လှတဲ့ အဖြေကို ကြားရတော့ ဇနီးဟောင်းဟာ တမင်လုပ်တာလားဘာလားတော့မသိဘူး၊ အဲဒီနေရာမှာဘဲ မေ့ပြီးလဲသွားပါသတဲ့၊ ရှေ့အခါကတော့ ငါ့ကိုတွတ်တီးတွတ်တာနဲ့ ကြင်ကြင်နာနာ ပြောဆိုပါရက်နဲ့ ခုမှ "နှမ" ဆိုတဲ့ တစိမ်းဆံတဲ့ ဝေါဟာရနဲ့ ခေါ်ရက်လေခြင်းဆိုပြီး ဝမ်းနည်းလွန်းလို့ မူးမေ့သွားခြင်းဖြစ်ရတာပါတဲ့၊ စင်စစ်ကတော့ "နှမ" ဆိုတဲ့ ဝေါဟာရဟာ တအူတုံဆင်း နှမအရင်းနဲ့ အသက်ဆိုင်ဆုံး ဝေါဟာရမို့ ဖြူစင်သန့်ရှင်းတဲ့အဓိပ္ပာယ်ကို ဆောင်ပါတယ်၊ ခုဟာက လင်မယားအရင်း ခေါက်ခေါက် ဖြစ်ခဲ့လေတော့ ဒီဝေါဟာရကိုဘဝင်တွေ့ဟန်မတူဘူး၊ ပေါင်တိုဇာတ်ထုပ်ထဲကလို မိန်းမ၍၊ မယားရဲ့ဆိုတာမျိုးကို ကြားချင်တယ်နဲ့ တူပါတယ်။

ဒါလောက်တောင် တပ်မက်ခြင်းကင်းကွာနေတာကို ကြည့်ရင် ရှင်သုဒိန်ဟာ ကေနွှအာသဝေါ ကင်းကွာတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကြီးဘဲလို့ ထင်လောက်ပါတယ်၊ မဟုတ်ပါဘူး၊ ပုထုဇဉ်

ဘဲရှိပါသေးတယ်၊ အခြေအနေအရပ်ရပ်ချင်း နှိုင်းစာရင် ပုထုဇဉ်အနေနဲ့ ဒါလောက်ကင်းပြတ်နိုင်တာဟာ ဒီတပါးဘဲရှိသေးတယ်လို့ ဆိုရမလောက်ပါ။

ကြာတော့ ရှင်သုဒိန်လဲ စိတ်ညစ်လာတယ်နဲ့ တူပါတယ်၊ "ဒါယကာ--ဆွမ်းလှူမှာဖြင့်လဲလှူပါ၊ ငါ့ကို ဥစ္စာတွေ မိန်းမတွေနဲ့ ဖျားယောင်းပြီးမညှင်းဆဲပါနဲ့"လို့ ဆိုတော့မှ သူဌေးလင်မယားလဲ တိုက်ပွဲရှုံးပြန်လာတဲ့ စစ်ဗိုလ်ကြီးလို စိတ်ပျက်လက်ပျက်နဲ့ ဆွမ်းကပ်ပါတော့တယ်၊ ဒါပေမဲ့အားတော့မလျှော့သေးဘူး၊ ဆွမ်းပါစားပြီးတော့ တခါအမျိုးအနွယ်ဟာ ဘယ်မျှကြီးကျယ်ကြောင်း၊ ဥစ္စာပစ္စည်းအနေနဲ့ ခုမြင်ရတာမျှမက မြေမှာမြှုပ်တာက ဘယ်လောက်၊ ရောင်းရေးဝယ်တာ အရင်းအနှီးကဘယ်မျှ၊ ဆိုတာမျိုးတွေနဲ့ သရေကျလောက်အောင် ဆွဲပြန်ပါတယ်၊ ဒါပေတဲ့ ဒီစကားတွေကို အလွန်ငြီးငွေ့နေတဲ့ ရှင်သုဒိန်ဟာ ဗူးဆိုဖရုံမသီးတော့ပါဘူး၊ ဘယ်လိုမှ ပြောမရတဲ့အခါ သူဌေးကတော်ကြီးက ရသမျှအမြတ်ချည်းဘဲဆိုတဲ့ သဘောနဲ့လားမသိ နောက်ဆုံးမှာခုလိုစကား ဆိုပြန်ပါတယ်။

"ချစ်သား--မိခင်တို့မှာ ဥစ္စာနေ အလွန်များပြားပါတယ်၊ အမွေခံမဲ့လူမရှိတဲ့ ဒီပစ္စည်းတွေကို မိခင်တို့သေရင် မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းပါလိမ့်မယ်၊ ဒီတော့ချစ်သားလူမထွက်လိုဘူးဆိုရင် အမွေစားအမွေခံ ကျန်ရစ်အောင် သားမျိုးစေ့တော့ပေးပါ ချစ်သား"

ရှင်သုဒိန်ဟာ ဒီတောင်းဆိုချက်ကိုတော့ မငြင်းပယ်ပါဘူး၊ မငြင်းပယ်ဘူးဆိုတာက လော်လီတဲ့သဘောနဲ့ မဟုတ်ပါဘူး၊

ဒီကိစ္စအတွက် အပြစ်မရှိနိုင်ဘူးလို့ အထင်ရှိတဲ့အတွက်ဘဲ ဖြစ်ပါတယ်၊ တခြားမိန်းကလေး တစ်မိန်းတရံစံဆိုရင်လဲ လက်ခံချင်မှ လက်ခံမှာ၊ ခုဟာက ကိုယ့်ဇနီး အရင်းခေါက်ခေါက်ကြီးကိုး၊ ဒါကြောင့်လဲ ဒီကိစ္စကို လွယ်လွယ်နဲ့ လက်ခံလိုက်တာ ဖြစ်ပါတယ်။

အချိန်ကာလများလဲ တဖြည်းဖြည်းကုန်ဆုံးခဲ့ပါပြီ၊ တောထဲမှ ရာသီပန်းများလဲ တမျိုးပီးတမျိုး မြေခလို့သာ နေကြရှာပါတယ်၊ရာသီတွေပြောင်းသည်နှင့်အမျှ ရှင်သုဒိန်ခမျာလဲ ညှိုး၍ညှိုး၍လာပါတော့တယ်၊ ပိန်၍ပိန်၍သာလာပါတော့တယ်၊ “ငါမှားလေခြင်း”ဆိုတဲ့ နောင်တတွေဟာ သူ့အဇ္ဈတ္တမှာ ပလုံစီလို့တက်နေပါတော့တယ်၊ တာထွက်ကထဲက အစွမ်းကုန်လျှော်လာပီး ပန်းဝင်ကာနီးကျမှ တက်ကျိုးရတာမို့ ပိုပီးမချိတင်ကဲဖြစ်ဟန်တူပါတယ်၊ သူကိုယ်တိုင် လော်လီလို့ဖြစ်ရတာ မဟုတ်ပေတဲ့ ကာယကံရှင်ဟာ သူကိုယ်တိုင်ဖြစ်နေလေတော့ အပြစ်ရစရာရှိရင် သူဘဲ ရှေ့ကနေခံရမယ်ဆိုတာ ဓမ္မတာဘဲပေါ့။

မိတ်ဆွေ သူငယ်ချင်းဖြစ်ကြတဲ့ ရဟန်းတွေဟာ သုဒိန်ရဲ့ ရှေးကနဲ့မတူတဲ့ အသွင်အပြင် ဟန်ပန်တွေကို မြင်ရတော့ အကျိုးအကြောင်းစပ်စုကြတယ်၊ သာသနာတော်မှာ မပျော်လို့လားလို့လဲ မေးကြတယ်၊ ရှင်သုဒိန်ဟာ သူ့အကြောင်းတွေကို ရှက်ရှက်နဲ့ဘဲ ဖွင့်ပြောရတော့တာပေါ့၊ ဒီတော့ ကြားရတဲ့ ရဟန်းတွေက “သာသနာတော်မှာနေပီး ဒီအကျင့် ကျင့်တာ တော်သလား” ဘာလားနဲ့ တယောက်တခွန်းကဲ့ရဲ့ကြ ရှုံ့ချကြလုပ်တော့၊ နောက်ပိုင်းမှာ ဘုရားမြတ် သိတော်မူတာပါဘဲ၊ ရှေးက ရဟန်းတွေဟာ

လူချင်းဘယ်လောက်ပဲ ခင်နေပေတဲ့ သိက္ခာပုဒ်နဲ့ ငြိစွန်းလာရင် မစင်တစက်ကျနေတဲ့ ဆွမ်းသပိတ်မြင်ရသလို တခါထဲ မသတီဘဲ ဖြစ်တတ်ကြပါတယ်၊ ဒီအခါမျိုးမှာ တဖက်သားရဲ့အပြစ်ကို ကူညီပြီး ဖုံးတာ ဖိတာတို့ဆိုတာတွေ မလုပ်ပါဘူး၊ တကယ်တော့လဲ ဒီကိစ္စမျိုးဟာ ကူညီပြီး ဖုံးဖိသင့်တဲ့ဟာမှမဟုတ်ဘဲ။

ဘုရားမြတ်စွာက ရှင်သုဒိန်ကို ခေါ်ယူ မေးမြန်းတော်မူပြီး၊ ရဟန်းတွေ့အလယ်မှာ ပြင်းပြင်းထန်ထန် ကဲ့ရဲ့တော်မူပါတယ်၊ ဘုရားဆိုတာ အမျက်ဒေါသလုံးဝကင်းစင်ပြီးဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန်ဆိုတဲ့ စကားဟာ ဒေါသကြောင့် မဟုတ်ဘူးဆိုတာတော့ နားလည်ရပါမယ်။

ဒီကိစ္စကိုအကြောင်းပြုပြီး ရဟန်းတွေဟာ မသတ္တဝါနဲ့ မေထုန်သံဝါသမပြုရ၊ ပြုရင် ပါရာဇိကခေါ် ရဟန်းဘဝက ရှုံ့လျော့စေရမယ်ဆိုတဲ့ သိက္ခာပုဒ်တော်ကို ဝိနယသမိုင်းမှာ ပထမဆုံး ပညတ်တော်မူလိုက်ပါတယ်။

ဒီနေရာမှာ ရှင်သုဒိန်ဟာ အမူအကျင့် အင်မတန် သိပ်သည်းကျစ်လစ်ပါရက်နဲ့ မိဘတွေရဲ့ လော်လီမှုကြောင့် မှားမှားယွင်းယွင်းဖြစ်သွားရတာပါ၊ ဒါပေတဲ့ ဘယ်နည်းနဲ့ဘဲ မှားယွင်းမှားယွင်း အပြစ်ကိုအပြစ်လို့ အမှန်အတိုင်း သိတော်မူတဲ့ မြတ်စွာဘုရားက သူ့ကို နှစ်သိမ့်ချီးမြှောက်တော်မမူနိုင်တာဟာ အလွန်မှန်ကန်ပြီးသဘာဝကျလှပါတယ်၊ နောက်ပြီး လက်ထက်တော်က ရဟန်းများအနေနဲ့ သူငယ်ချင်းဘဲဖြစ်ဖြစ် ညီအကိုဘဲဖြစ်ဖြစ် အပြစ်ရှိလာရင် ဖုံးဖိမထားဘဲ အပြစ်ကို အပြစ်အတိုင်း မြင်ပြီး ဘုရားရှေ့နားတော် ပေါက်အောင် လျှောက်ကြတာဟာလဲ ချီးကျူးစရာ ကောင်းလှပါတယ်။

"ငါနဲ့ဘာဆိုင်လို့လဲ၊ သူ့အပြစ်နဲ့သူပေါ့၊ ငါ့အနေနဲ့ နေသာသပ လေညာက" ဆိုတာမျိုးလို ရှောင်လွှဲမနေဘဲ တာဝန်တခုအနေနဲ့ သဘောထားတာကို ချီးကျူးရတာပါ၊ ပီးတခါ အပြစ်ရှိတဲ့ရဟန်းအနေနဲ့ကလဲ "ငါ့ကို အရှက်ခွဲရကောင်းလား" ဆိုပြီး ငြိုးသူရန်ဘက်ပမာ သဘောမထားဘဲ ကျေကျေနပ်နပ်နဲ့ လက်ခံနိုင်တာဟာလဲ အင်မတန်ကို ကြည်ညိုစရာ ဖြစ်ရပါတယ်။

တစုံတယောက်မှာ အပြစ်ကလေး တခုခုရှိရင် ဝိုင်းဖီး ကဲ့ရဲ့ ပြစ်တင်တတ်ကြတာဟာ လက်ထက်တော်က ရဟန်းတွေရဲ့ အစဉ်အလာတခုလိုဖြစ်နေပါတယ်၊ ရှင်သာရိပုတြာ ကိုယ်တော်ကြီးလို ပုဂ္ဂိုလ်ကိုတောင်မှ ချမ်းသာ မပေးကြဘူးဆိုတော့ ဒီရဟန်းတွေဟာ လွန်ဘဲလွန်လွန်းတယ်လို့ ထင်စရာပါဘဲ၊ သို့ပေမဲ့ ဒီလိုလုပ်တာဟာ တမင်အပြစ်ရှာပြီး လုပ်ကြတာတော့ မဟုတ်ပါဘူး၊ သူတပါးအပြစ်ကို ရှာရှာဖွေဖွေနဲ့ စပ်စုတာမျိုးကို မြတ်စွာဘုရားက ခွင့်ပြုတော်မမူပါဘူး၊ ဒါပေတဲ့ အပြစ်ရှိရင် အပြစ်တွေ့ရင်တော့ ဒီအပြစ်ကို ထောက်ပြခွင့်ပြုတဲ့ပြင် ဒီလို ထောက်ပြလာတဲ့ ပုဂ္ဂိုလ်ကို ရွှေအိုးကြီး ဖော်ထုတ်ပေးတဲ့သူပမာ ကျေကျေနပ်နပ် လက်ခံသင့်တယ်လို့လဲ မိန့်တော်မူပါတယ်။

လက်ထက်တော်က သာသနာဘောင် ဝင်လာကြတဲ့ ပုဂ္ဂိုလ်တွေဟာ လူတန်းစားမျိုးစုံလှပါတယ်၊ သုံးမကုန်နိုင်အောင် ချမ်းသာကြွယ်ဝကြတဲ့သူဌေးတွေ၊ မင်းညီမင်းသားတွေ၊ အစိုးရအရာရှိတွေ၊ ကုန်သယ်တွေ၊ လယ်သမားတွေ၊ ကျေးကျွန်တွေ၊ သူတောင်းစားတွေ စုံလို့ပါဘဲ၊ ဒါပေတဲ့ ဂင်္ဂါယမုန်နာစတဲ့ အိန္ဒိယမြစ်တွေ ချောင်းတွေကဘဲ ဖြစ်ဖြစ်၊ ရောဝတီ ချင်းတွင်းစတဲ့

ဗမာပြည်ကမြစ်တွေ ချောင်းတွေကဘဲဖြစ်ဖြစ် စီးဆင်းလာသမျှ ရေတွေဟာ ပင်လယ်သမုဒ္ဒရာထဲ ရောက်တဲ့အခါ ပင်လယ်ရေ သမုဒ္ဒရာရေလို့ ခေါ်ရသလို ဘယ်လူတန်းစားမျိုးမဆို သာသနာ တော်ထဲရောက်လာရင် ဘုရားသားတော်ဆိုတဲ့ အမည်တမျိုးထဲ သာရှိပြီး ရဟန်းဆိုတဲ့ ပုဂ္ဂိုလ်တမျိုးတစားထဲကိုသာ အသိအမှတ် ပြုကြပါတယ်၊ ဒီအခါမှာ ငယ်သူကကြီးသူကို ရှိခိုးခြင်းစတဲ့အရို အသေများကို ပေးရတဲ့ သာသနာတော်ကျင့်ဝတ်အတိုင်း သူဌေး ဘဝကလာတဲ့ရဟန်းဟာ သူတောင်းစားကျေးကျွန်ဘဝက လာ တဲ့ ရဟန်းကို ရှိခိုးရပါလိမ့်မယ်၊ ခရီးဦးကြိုပြုရပါလိမ့်မယ်။

ဒါဟာ သာသနာတော်ရဲ့ ဓမ္မတာကျင့်ဝတ် ဖြစ်ပါတယ်၊ အ လွန်မာန ပြင်းထန်ကြတဲ့ပုဂ္ဂိုလ်တွေဟာ ဒီသာသနာတော်ရဲ့ ရဟန်းဘဝကို ရဘို့မလွယ်ကူလှပါဘူး၊ မာနကြီးတခဲ့သားနဲ့ဝင်လာ တဲ့ ရဟန်းအချို့ဆိုရင်လဲ တဖြည်းဖြည်းတော့ မာနကျသွား တတ်ကြပါတယ်၊ ဒါ အဲဒီခေတ်ကပြောတာပါ၊ ပြီးတော့ ဖော် ပြခဲ့တဲ့ လူတန်းစားစုံဟာ ရဟန်းအဖြစ်ဆိုတဲ့အကျိုးတရားအနေနဲ့ တူညီကြပေမဲ့ သာသနာထဲ ဝင်လာတဲ့အခြေခံ အကြောင်းရင်း မှာတော့ အမျိုးမျိုးကွဲပြားကြပါတယ်။

တချို့ကဂတိဝန်ခံချက်ကြောင့်ဖြစ်ပြီး တချို့ကသံယောဇဉ် ကြောင့်ဖြစ်ပါတယ်၊ တချို့ကျတော့လဲ ခိုကိုးရာမဲ့ဖြစ်လို့ ရောက် လာတာမျိုးလဲရှိပါတယ်၊ တကယ်သဒ္ဓါတရားနဲ့ သာသနာကို ကြည်ညိုပြီး ဝင်လာကြတဲ့ ပုဂ္ဂိုလ်တွေလဲမနဲလှပါဘူး၊ ဒါပေတဲ့ ဘာအကြောင်းကြောင့် ရောက်လာတဲ့ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ရဟန်း ဘဝရောက်ပြီးမှ လူထွက်သွားတဲ့ ရဟန်းရယ်လို့ လက်ထက်တော်

မှာ အင်မတန်ကိုဘဲ ရှားရှားပါးပါး ဖြစ်ပါတယ်၊ ဘုရားသက်တော်ထင်ရှားရှိတဲ့ ကာလတခုလုံးကို ခြုံပြီးပြောတာပါ၊ ဒါကို အကြောင်းရှာရင် သာသနာတော်မှာ ပျော်မွေ့နိုင်လောက်တဲ့ အခြေအနေ အရည်အချင်းရှိလို့ဘဲပေါ့။

ရှင်သုဒိန်ဟာ တကဲ့သဒ္ဓါနဲ့ သာသနာကိုယုံပြီး ရဟန်းဝတ်တဲ့ ပုဂ္ဂိုလ်ပါ၊ ချို့ယွင်းချက်ကြောင့် တပိန်ပိန် တလိန်လိန်ဖြစ်နေရပေတဲ့ လူထွက်သွားတယ်လို့တော့ မကြားမိပါဘူး၊ အမှုအကျင့် ပိပိရိရိနဲ့ နေထိုင်သွားပုံရပါတယ်၊ ဒီလိုအမှုအကျင့် သိပ်သည်းကျစ်လစ်တော်မူကြတဲ့ ရဟန်းတော်တွေဟာ လက်ယက်တော်မှာ အများအပြားရှိပေတဲ့ အကြောင်းအရာအနေနဲ့မှတ်သားလောက်တဲ့ပြင် ပုဂ္ဂိုလ်အနေနဲ့ကလဲ ပုထုဇဉ်ပုဂ္ဂိုလ်ကိုသာ ဖော်ပြချင်တာဖြစ်လို့ ရှင်သုဒိန်ကိုဘဲ ဖော်ပြလိုက်ရပါတယ်။

## မဟာ ဆွေတော် မျိုးတော် ရဟန်းများ

ဘုရားလောင်း ဖွားတော်မူစက ဆွေတော် မျိုးတော်တွေ ဂတိပြုထားတာရှိပါတယ်၊ သိဒ္ဓတ္ထမင်းသားဟာ လူ့ဘောင်မှာ နေပြီး စကြာမင်းစည်းစိမ်ကို ခံစားမယ်ဆိုရင် မဟာဆွေတော် မျိုးတော်ဖြစ်တဲ့ မင်းညီမင်းသား ပရိသတ်ခြံရံပြီး လှည့်လည်စေမယ်၊ တကယ်လို့ ဘုရားဖြစ်မယ်ဆိုရင်လဲ မင်းညီမင်းသား ရဟန်း ပရိသတ်ခြံရံစေမယ်ဆိုတဲ့ ကတိစကားဖြစ်ပါတယ်။

ဘုရားဖြစ်လို့ နေပြည်တော်ကို ကြွရောက်တော်မူလာတဲ့အခါမှာ ဆွေတော်မျိုးတော်ထဲက ရဟန်းတပါးမှ မပါသေးဘူး၊ ဒါကြောင့်ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ကတိစကားအတိုင်း

ဆွေတော်မျိုးတော်ထဲက မိသားတစုလျှင် တယောက်ကျစီဘုရား နောက်လိုက်ပြီး ရဟန်းပြုကြဖို့ မိန့်ကြားပါတယ်၊ ဒီအချိန်မှာ မြတ်စွာဘုရားဟာ နေပြည်တော် ကပိလဝတ်မှ ပြန်ကြွသွားပါပြီ။

ဒီအချိန်မှာ မင်းကြီးညီတော် သက္ကောဒနမင်းမှာမဟာနာမ်၊ အနုရုဒ္ဓါဆိုတဲ့ သားတော်နှစ်ယောက်၊ ညီတော် အမိတောဒန မင်းမှာ အာနန္ဒာဆိုတဲ့ သားတော်တယောက်၊ နှစ်မတော် ကာဠီ ဂေါဓာ မင်းသမီးမှာ ဘဒ္ဒိယဆိုတဲ့သားတော်တယောက်၊ နှစ်မ တော်အမိတာ မင်းသမီးမှာ ဒေဝဒတ်ဆိုတဲ့သားတော်တယောက် အသီးသီးရှိကြပါတယ်၊ ဒီအထဲမှာ ကာဠီဂေါဓာဆိုတဲ့မင်းသမီး ဟာ မင်းကြီးရဲ့ နှစ်မတော်အရင်းတော့ မဟုတ်ပါဘူး၊ သူ့သား ဘဒ္ဒိယဆိုတာကလဲ ဒီအချိန်မှာ ထီးနဲ့နန်းနဲ့ သီးခြားဘုရင်တပါး ဖြစ်နေပါပြီ၊ သူတို့အပြင်ကိုမိလ၊ ဘဂုဆိုတဲ့ သာကီဝင်မင်းသား နှစ်ပါးလဲ ရှိသေးတယ်၊ အမျိုးတစုမှာ တယောက်ကျရဟန်း ပြုရမယ်ဆိုတော့ ဒီမင်းသားတွေဟာ ရဟန်းပြုရဖို့ ဖြစ်လာပါ တယ်၊ ကတိရှိလို့သာပြုရမှာဖြစ်ပေတဲ့ မင်းသားတွေဟာ တယ်ပြီး စိတ်မပါလှဘူး၊ အနုရုဒ္ဓါတယောက်ဘဲ စိတ်ပါပုံရပါတယ်။

ခေါင်းတုံးထားရမယ်၊ဖန်ရည်ဆိုးတဲ့သင်္ကန်းဝတ်ရမယ်၊တနေ့ တထပ်သာစားရမယ်၊ တယောက်ထဲဘဲအိပ်ရမယ်၊ စသည်စသည် ကျင့်ဝတ်တွေကို မြင်ရတဲ့အခါ မင်းစည်းစိမ်ကို မြိန်မြိန်ယှက်ယှက် ခံစားနေကြတဲ့ မင်းသားတွေဟာ တွန့်ကြရုံ့ကြမှာ ဓမ္မတာဘဲ ပေါ့၊ ဒါပေတဲ့ နောက်ဆုံးမှာ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိုမိလ၊ ဘဂု၊ ဒေဝဒတ်ဆိုတဲ့ မင်းသားခြောက်ယောက်တို့ဟာ

နောင်တော်ဘုရားထံ လိုက်ပီးရဟန်းပြုကြဘို့ ဆုံးဖြတ်လိုက်ကြ တယ်။

အင်မတန် ကြီးကျယ်ခမ်းနားတဲ့ စစ်အင်္ဂါလေးပါး ခြံရံပီး ဘုရားကြွသွားတော်မူတဲ့ ခရီးအတိုင်း လိုက်ကြတာကိုး၊ နိုင်ငံ တခုရဲ့ နယ်စပ်ကိုရောက်တဲ့အခါကျတော့ မှူးကြီးမတ်ရာများနဲ့ စစ်သည်ဗိုလ်ပါ အားလုံးကိုပြန်လွှတ်လိုက်ကြပါတယ်၊ မင်းသား ခြောက်ယောက်နဲ့အတူ ဥပါလိဆိုတဲ့ ဆတ္တာသည် ကျေးကျွန် တယောက်သာ ကျန်ပါတယ်၊ ရှံရွှေတော်တွေ မောင်းမမိဿံ ခြွေရံသင်းပင်းတွေ အစဉ်အမြဲဝန်းရံခနေကြတဲ့ မင်းသားတွေ ဟာ ခုလိုသူတပါးနယ်မြေမှာ အထီးထီးသွားလာနေကြရတယ် ဆိုတော့ သနားစရာလိုလို ဝမ်းနည်းစရာလိုလို ဖြစ်ရပါတယ်။

ဒီလိုနဲ့ သွားကြလို့အတန်ကြာတော့ တောအုပ်ကြီး တခုဆီကို ရောက်လာကြပါတယ်၊ အဲဒီမှာ မင်းသားတွေက သူတို့ဝတ်ဆင် ထားတဲ့ တန်ဆာရတနာတွေကို အကုန်လုံးချွတ်ပီး အဝတ်တခုနဲ့ ထုပ်ကြပါတယ်၊ ဒီ လက်ဝတ်တန်ဆာတွေနဲ့ဆိုရင် သူတို့အတွက် လမ်းခရီးမှာ စိတ်မချရပါဘူး၊ သူတပါး နယ်မြေထဲမှာ ဆိုတော့ ပိုပီး အန္တရာယ်ရှိနိုင်တာပေါ့၊ ဒါကြောင့် ဒီရတနာတွေကို ယူပီး နေပြည်တော်ပြန်ဘို့၊ ဒါတွေကိုထုခွဲပီး အသက်မွေးဝမ်းကျောင်း ဘို့ ပြောပီး ဥပါလိကို ရတနာထုပ်ကြီး အပ်ပီး ပြန်လွှတ်လိုက်ကြ ပါတယ်၊ မင်းသား ခြောက်ယောက် ဝတ်ဆင်တဲ့ ရတနာတွေဆို တော့ တန်ဘိုးနဲ့လှမယ်မဟုတ်ပါဘူး၊ဒါပေတဲ့ ဥပါလိကလဲ အရှင် သခင်များနဲ့အတူ ဆိုးတူကောင်းဘက် လိုက်လိုကြောင်း တောင်း ပန်ပါတယ်၊ မင်းသားတွေက အတင်းပြန်ခိုင်းလို့ မလွန်ဆန်စံ့

တာနဲ့ နောက်ဆုံးမှာ ရတနာထုပ် ထမ်းလို့ မျက်စိ မကောင်း၊ မျက်နှာမကောင်းနဲ့ ပြန်လာခဲ့ရပါတယ်။

ခပ်လှမ်းလှမ်းလောက် ရောက်လာတော့ ဥပါလိက စဉ်းစားမိပါသတဲ့၊ "ဒီ သာကီဝင် မင်းမျိုးတွေဟာ အလွန် ခက်ထန်ပြီး စောင်းမာန်ဒေါသကြီးလှတယ်၊ ဒီဆတ္တာသယ်ဟာ မင်းသားတွေ သတ်ပြီး ရတနာတွေ ယူလာတယ်လို့ ထင်ရင် ငါ့ကို သတ်မှာ ကောန်ဘဲ၊ အင်မတန် စည်းစိမ်ကြီးတဲ့ မင်းသားတွေတောင် ပြုနိုင်သေးရင် ကျေးကျွန်မျှသာ ဖြစ်တဲ့ငါက ဘာ့ကြောင့် ရဟန်းမပြုနိုင်ရမှာလဲ"လို့ အကြံရတာနဲ့ တွေ့တဲ့လူ ယူဆိုပြီး ရတနာထုပ်ကို သစ်ပင် တပင်မှာ ဆွဲထားခဲ့ပါတယ်၊ သူလဲ မင်းသားတွေ နောက်ကို ပြန်လိုက်သွားပါတယ်၊ မင်းသားတွေက မေးတော့ သူက အကျိုးအကြောင်း ပြောပြတာနဲ့ မင်းသားတွေလဲ ဥပါလိကို သူတို့နဲ့ တပါတည်း ခေါ်သွားကြပါတယ်။

ဘုရား ထံတော်မှောက် ရောက်တဲ့အခါမှာ ရဟန်း ပြုပေးဘို့ လျှောက်ထားပုံကလဲ သားနားလှပါတယ်၊တပည့်တော်တို့ သာကီဝင်တွေဟာတဲ့ အလွန်မာန်မာန ကြီးလှပါတယ်တဲ့၊ ဒါကြောင့် တပည့်တော်တို့ မာန်ကျအောင် ဒီဥပါလိကို အရင် ရဟန်းပြုပေးပါဆိုပြီး လျှောက်ထားကြပါတယ်၊ ဒါနဲ့ မြတ်စွာ ဘုရားကလဲ သူတို့ဆန္ဒအတိုင်း ဥပါလိကို အရင် ရဟန်းပြုပေးပါတယ်၊ ကျေးကျွန်တယောက်ကို ရှိခိုးဦးချခြင်းစတဲ့ အရိုအသေပြုရတဲ့ အလုပ်ဟာ သာကီဝင်လို မင်းမျိုးတွေကို မဆိုထားနဲ့ သာမန် အရပ်သားများအနေနဲ့ ကိုဘဲ အင်မတန်ခဲယဉ်းပါလိမ့်မယ်၊ ရဟန်းဘဝရောက်နေမှဘဲ ဘာပြုလို့ မလုပ်နိုင်ရမှာလဲ ဆိုပေတဲ့ အပြော လွယ်သလောက် အလုပ်မှာ ခက်ပါလိမ့်မယ်။

ဒီနေရာမှာ ရဟန်းပြုကြမဲ့ သာကီဝင်မင်းသားတွေဟာ ဘယ်သာကီဝင်မှ မလုပ်နိုင်တဲ့အလုပ်ကို ပထမဆုံး လုပ်လိုက်တယ်လို့ ဆိုရမှာပါဘဲ၊ မာနနှိမ်ချမှုနဲ့ ပတ်သက်လို့ အင်မတန် အတုယူစရာ ကောင်းတဲ့ ရဟန်းကောင်းတွေပါ၊ စနစ်တခုအပြစ်တခု မရှိဘဲနဲ့ ကိုယ့်ဟာကို မာနချရဘို့ဆိုတာ သိပ်ခက်ပါတယ်။

သာသနာတော်မှာက ကြီးသူကို ငယ်သူက ရိုသေလေးစားရတဲ့ စနစ်ရှိလေတော့ သူတို့ရဲ့မာနကျဘို့ အတွက် ဒီစနစ်ကို မှန်မှန်ကန်ကန် အသုံးချလိုက် တာပါဘဲ၊ ဒါကြောင့် အတုယူစရာ ကောင်းတယ်လို့ ဆိုရတာပါ၊ ဒီစနစ်အရ သူတို့ကိုယ်တိုင် အရင်ရဟန်းပြုရင်လဲ ဖြစ်သွားပါဘဲ၊ ဒါပေတဲ့ ဒီအခွင့်အရေးဟာ သူတို့အဘို့တော့ ရွှေပုဂံပြားကြီးနဲ့ ထဲ့ကျွေးတဲ့ မစင်တုံးလို ဖြစ်နေပုံရပါတယ်၊ စနစ်မှာ အပြစ်မရှိပေတဲ့ သူတို့ရတဲ့ လောလောဆယ် အခွင့်အရေးကတော့ သူတို့အဘို့ မစင်တုံးပမာ ဖြစ်နေတယ်လို့ ဆိုလိုပါတယ်။

ရဟန်းဘဝ ရောက်ကြတဲ့အခါမှာလဲ အမူအကျင့် အင်မတန် သိပ်သည်းတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ နောက်ပိုင်းမှာ ရဟန္တာအရှင်မြတ်ကြီးတွေ ဖြစ်ကုန်ကြပါတယ်၊ ဒေဝဒတ် တဦးသာ ထော်လော်ကန့်လန့်သမားမို့ ကျန်ရစ်ခဲ့တာပါ။

မိဘတွေဟာ အထူးသဖြင့် အထက်တန်းစားထဲက မိဘတွေဟာ သူတို့သားတွေကို သာသနာတွင်းဝင်ပြီး ရဟန်းမပြုစေချင်ကြတာက များပါတယ်၊ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သူ့သား ဘုရားဖြစ်မှာကို အလိုမရှိပါဘူး၊ လေးကျွန်းပိုင်တဲ့ စကြာမင်းကြီး အဖြစ်ကိုသာ မြင်လိုပါတယ်။

မိဘလုပ်သူတွေအနေနဲ့က သာသနာတော်ကိုယုံကြည်တယ်၊ ရဟန်းဘဝဟာ မြတ်တယ်ဆိုတာလဲ သိကြတယ်၊ဒါပေတဲ့ ရဟန်းဆိုတာ အာဏာမရှိ၊ ပါဝါမရှိ၊ ငုံးတိတိဘဲလို့ နားလည်ထားကြတယ်၊ ခေတ်အဆက်ဆက်မှာ အာဏာနဲ့ ပါဝါဟာ ရှေ့တန်းကချည်း ပြေးလာခဲ့တာ ဖြစ်လေတော့ သာမန် အားဖြင့် ဘယ်လောက်ကြီး မြတ်နေနေ အာဏာပါဝါ မရှိတဲ့ ဒီဘဝကို မိဘတွေအနေနဲ့ မလိုလားနိုင်တာဟာ ပုထုဇဉ် ဓမ္မတာဘဲလို့ ဆိုရမှာပါဘဲ။

ဒါပေတဲ့အဲဒီခေတ်က သားယောကျ်ားကလေးတွေ အနေနဲ့ ဒီရဟန်း ဝတ်ဘို့ကိစ္စမျိုးမှာ မိဘတွေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တဲ့အကြောင်း သူ့ဌေးသား သုဒိန်ကိုကြည့်ရင် တွေ့နိုင်ပါတယ်၊ သုဒိန်လိုဘဲ တခြားပုဂ္ဂိုလ်တွေလဲ ခပ်များများဘဲ ရှိကြပါတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ သာသနာတော်ကို ဝင်ရောက်လာကြတဲ့အခါမှာလဲ အလွန်သေသေဝပ်ဝပ်နဲ့ထက်ထက်သန်သန်ရှိတာကို တွေ့ရပါတယ်၊အောက်ပါ ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းကလေးဟာ ဒီကိစ္စကြောင့်ဘဲလားလို့ ထင်စရာပါဘဲ။

## ကျောက်ကောင်းတစေ့

လက်ထက်တော်က သာဝတ္ထိပြည်မှာ သူဌေးသားကလေးတယောက်ရှိပါတယ်၊တနေ့မှာ ဘုရားတရားတော်နာရလို့ ရဟန်းပြုဘို့ မိဘတွေဆီမှာ ခွင့်တောင်းတယ်၊ ထုံးစံအတိုင်းဘဲပေါ့၊ မိဘတွေက ခွင့်မပြုဘူး၊ ဒါနဲ့သုဒိန်လိုဘဲ ပြင်းပြင်းထန်ထန် ဆန္ဒပြလိုက်တော့ နောက်ဆုံးမှာ ခွင့်ပြုလိုက်ရတာပေါ့၊ အဲဒီနောက် သူဌေးသားကလေးဟာ ရဟန်း ပြုပြီး ငါးဝါတိုင်တိုင် စာပေ

ပရိယတ်ကို သင်ပါတယ်၊ နောက်တော့ ကမ္မဋ္ဌာန်းကို သင်ယူပြီး တောရွာကလေး တရွာကို ထွက်သွားပါသတဲ့၊ ဒီရွာကလေးကို အမှီပြုပြီး တောရဆောက်တည် နေပါတော့တယ်။

ကျန်ခဲ့တဲ့မိဘတွေအနေနဲ့ သူတို့သားကလေးကို တနေ့မှမမေ့ပါဘူးတဲ့၊ တနေ့ပြန်လာနိုးနဲ့ နေ့တိုင်းလိုဘဲ မျှော်နေတတ်ပါသတဲ့၊ တနေ့သော်လဲ ပြန်မလာ၊ တလကြာလဲ ပြန်မလာ၊ တနှစ်ကြာလဲပြန်မလာ၊ သုံးလေးငါးနှစ်ကြာလဲပြန်မလာ၊ ဘာသတင်းမှလဲ မကြားရဆိုတော့ သူဌေးကြီး လင်မယားဟာ သားအတွက် သောကတွေ ပြင်းပြင်းထန်ထန်ဖြစ်လာပါတယ်၊အသက်ရှင်လျက်မှ ရှိသေးရဲ့လား၊ သေများ သေလေပလားပေါ့။

သူတို့ဟာ သူဌေးတွေမို့ အလုပ်ကြီးအကိုင်ကြီးတွေရှိတာပေါ့ ဒီလုပ်ငန်းတွေပေါ်မှာ အဓိကဦးစီးသူဟာ သူဌေးကြီးဘဲ ဖြစ်ပေတဲ့ သားဖြစ်သူကိုလဲ မျက်နှာလွှဲတန်သလောက် လွှဲရတယ်နဲ့ တူပါတယ်၊ ဒါကြောင့်လဲ သူတို့ဟာ လွှမ်းတာဆွေးတာတွေအပြင် လုပ်ငန်းအတွက်ကလဲ တဖက်တလမ်း အားကိုးရတာမို့ သားကို ဒါလောက်မျှော်လင့်နေတာ ဖြစ်မှာပါဘဲ။

ခြောက်နှစ်ကျော်သွားပါပြီ၊ အရိပ်အရောင်တောင်မှ မပေါ်လာပါဘူး၊ ခုနှစ် ရှစ် ကိုး ဆယ်နှစ် ကျော်ခဲ့ပြန်ပါပြီ၊ ဘာသတင်းမှ မကြားရဘူး၊ အမှန်မှာတော့ နှစ်တွေကုန်လာတာနဲ့ အမျှ စီးပွားရေးအတွက်ထက် သားကို လွမ်းဆွတ် အောက်မေ့တဲ့ စိတ်တွေကပိုကဲနေတာပါ၊ ဒီဘက်မှာပိုရင် ဟိုဘက်မှာ လျော့တာကတော့ ထုံးစံဘဲပေါ့၊ ဒါကြောင့် အလွမ်းပိုနေတဲ့ မိဘတွေဟာ အလုပ်မှာ လျော့ပါးလာကြပါတယ်၊ အလုပ်ပျက် အကိုင်ပျက် ဖြစ်လာ

ကြတော့တယ်၊ ကိုယ်ကိုယ်တိုင် ဖိဖိစီးစီးမဟုတ်ဘဲ တခြားသူကို မျက်နှာလွှဲ ထားတယ်ဆိုတာ တိုးတက်ခြင်းရဲ့ လက္ခဏာ မဟုတ်ပါဘူး။

ဒီလိုနဲ့ နေလာကြတဲ့ သူဌေးလင်မယားဟာ နောက်တော့ ရှိတာတွေကို တတိတိရောင်းချ စားသောက်လာရပါတော့တယ်၊ တဖြည်းဖြည်းနဲ့ စိတ်ဆင်းရဲလူဆင်းရဲဖြစ်လာကြပါတယ်၊ကုသိုလ်ကံ ဆိုးချင်တော့ပစ္စည်းတွေကုန်တဲ့အချိန်မှာလူတွေဟာလဲ မလုပ်နိုင်မကိုင်နိုင်နဲ့ ဇရာပိုင်းရောက်လာကြခြင်းဘဲဖြစ်ပါတယ်၊ဟိုတုန်းကတော့ ဆွေတွေမျိုးတွေ မိတ်သင်္ဂဟတွေ ဝိုင်းဝိုင်းလယ်နေမှာပါ၊ အဲဒီလူတွေဟာ ခုတော့ မျက်စောင်းတောင် မထိုးကြတော့ဘူးနဲ့ တူပါတယ်၊ ဘယ်သူကမှ ထမင်းတနပ် ခေါ်ကျွေးတယ်လို့ မကြားမိပါဘူး၊ ဒါပေတဲ့ အဘိုးအို လင်မယားဟာ ဘယ်သူ့ကိုမှလဲ အပြစ်မဆိုရှာဘူး၊ အားကိုးရာ မဲ့နေတဲ့ ဒီအချိန်မျိုးမှာ အကြွေးတွေဆိုတာလဲ တပြားတချပ်မှ ပြန်မရပါဘူးတဲ့၊ နေစရာ အိမ်မရှိတော့တဲ့ အတွက် ဇရပ်ကလေးတခုပေါ်မှာ တက်ပြီးနေကြရပါတယ်။

တခြားဟာတွေထက် ပိုအရေးကြီးတာက ဝမ်းရေးပါဘဲ၊ အဝတ်မခံနိုင်သေးရင်၊ အသေမခံနိုင်သေးရင် ဒီဝမ်းရေးဆိုတာကို ဖြစ်တဲ့နည်းနဲ့ ဖြည့်တင်းရမှာပါဘဲ၊ ဘာမှ မလုပ်နိုင်ရှာကြတဲ့ အဘိုးအိုလင်မယားဟာ သူတို့ဝမ်းရေးအတွက် ဘယ်လိုများစီမံဆောင်နိုင်ကြမှာတဲ့လဲ၊ တခြား ဘယ်နည်းနဲ့မှ စွမ်းဆောင်နိုင်စရာမရှိတဲ့အတွက် လင်မယားနှစ်ယောက်စလုံး ခွက်ကိုယ်စီကိုင်ပြီး အိမ်တကာလယ်လို့ တောင်းရမ်းစားသောက် ကြရရှာပါတော့

တယ်၊ ဒီလိုအချိန်မျိုးမှာ ရဟန်းပြုသွားတဲ့ သားကလေးကိုသတိရလိုက်ပုံများတော့ ထပ်လို့သာနေတယ်လို့ ဆိုရပါမယ်၊ သတိရတိုင်းမျက်ရည်ကျပြီး၊ မျက်ရည်ကျတိုင်းလဲ "ဒို့သားကလေးသာရှိရင် ဒီအဖြစ်မျိုးရောက်မှာ မဟုတ်ဘူး" ဆိုတာမျိုးတွေ မခါတင်ကဲ တွေးမိရှာမှာပါဘဲ။

ရဟန်းတော်ကလေးလဲရွာကလေးတရွာအမှီပြုပြီး တရားအားထုတ်လိုက်တာ ဆယ့်နှစ်နှစ်ကြာသွားပါပြီ၊ ဒါပေမဲ့ ဘာတရားထူးမှ မရရှာပါဘူး၊ ဒီအတောအတွင်း မိဘတွေရဲ့သတင်းကိုလဲ သိုးသိုးသန့်သန့် ကြားလေတော့ "ငါတရားအားထုတ်တာ ဆယ့်နှစ်နှစ်ရှိပြီ၊ ဘာတရားထူးမှလဲမရဘူး၊ မဂ်ဖိုလ် မရထိုက်တဲ့ပုဂ္ဂိုလ်နဲ့ဘဲ တူပါတယ်၊ ရဟန်းဘဝနဲ့ နေလို့တော့ မထူးပါဘူး၊ ငါ့မိငါ့ဖတွေ ဆင်းရဲနေတယ်လို့ ကြားတယ်၊ ငါလူထွက်ပြီး မိဘတွေ လုပ်ကျွေးရင်း ကုသိုလ်ကောင်းမှုဘဲ လုပ်တော့မယ်" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောရွာကနေ ပြန်လာပါတယ်။

သာဝတ္ထိပြည်ရောက်တော့ "ဒီနေ့ဘုရားဖူးပြီး တရားနာအုံးမယ်၊ နက်ဖန်မှမိဘတွေဆီ သွားမယ်"လို့ စိတ်ကူးပေါက်တာနဲ့ ကျောင်းတော်တွင်းကိုဝင်လာပါတယ်၊ ဒီအခါမြတ်စွာဘုရားကလဲ အဲဒီရဟန်းရဲ့စိတ်အကြံကို သိတော်မူတာနဲ့ မိဘတွေရဲ့ကျေးဇူးကြီးပုံ၊ မိဘကိုလုပ်ကျွေးခြင်းရဲ့အကျိုးရှိပုံ၊ ရဟန်းဘဝနဲ့ မိဘကိုလုပ်ကျွေးနိုင်ပုံတွေကို ဟောတော်မူတာကိုး၊ ဒီတရားနာရတော့ ရဟန်းတော်ကလေးဟာ သိပ်ကိုဘဲ ကျေနပ်ဝမ်းမြောက်သွားပါတယ်၊ "ဘုရားနဲ့အရှင်တွေပေလို့သာ၊ နို့မဟုတ်ရင်တော့ ငါလူထွက်မိမှာဘဲ"လို့ ဝမ်းသာအားရဖြစ်ပြီး နောက်တနေ့နံနက်မှာ သူ့အတွက်ရတဲ့ ယာဂုကို သပိတ်ထဲထဲ့ယူပြီး မြို့ထဲဝင်ခဲ့ပါတယ်။

ဝင်ခဲ့တော့ အိမ်တအိမ်ရှေ့မှာ ခွက်ကလေးတွေ ကိုင်ပြီး တောင်းနေကြတဲ့ အဘိုးအိုလင်မယားကို တွေ့လိုက်တာကိုး၊ သူ့မိဘတွေဘဲဆိုတာ သေသေချာချာသိလို့ အဲဒီအိမ်ရှေ့မှာဘဲ ဆွမ်းရပ်တော်မူလိုက်ပါတယ်။

အဘိုးအိုလင်မယားဟာ တောင်းရမ်းနေရာက အိမ်ရှေ့မှာ ရပ်နေတဲ့ ကိုယ်တော်ကလေးကို မြင်တော့ သူတို့ဆီဆွမ်းရပ်တယ် အောက်မေ့လို့ "ကန်တော့ပါသေးရဲ့ဘုရား" လို့ ဆိုလိုက်သတဲ့၊ ဒါပေတဲ့ ကိုယ်တော်ကလေးကကြွမသွားပါဘူး၊ ရပ်မြဲရပ်နေပါတယ်၊ မျက်ရည်မကျမိအောင် မနဲထိန်းချုပ်ထားရတယ်နဲ့ တူပါတယ်၊ ချက်ချင်းနှုတ်ဆက်ပြီး အသိမပေးတာကတော့ ရဟန်းတပါးအနေနဲ့ ဣန္ဒြေစောင့်ထိန်းတဲ့သဘောဖြစ်မှာပါဘဲ၊ နှစ်ခါလောက်ကန်တော့လို့ မကြွတော့ "ဒို့သားကလေးများဖြစ်နေလေမလား" လို့ တွေးမိပြီး အဘိုးအိုက အမယ်အိုကိုပြောမိပါသတဲ့၊ မျက်စိကလဲ ခပ်မှုန်မှုန်မို့ မသဲကွဲတာနဲ့ နှစ်ယောက်သားအနားကပ်သွားတော့မှ သားရဟန်းကလေးဖြစ်နေတာကိုသိရတာကိုး၊ မျက်ရည်တွေမဆည်နိုင်အောင်ဖြစ်ပြီး အောင့်ထားရတာတွေ အတိုးချလို့ငိုပွဲကြီးဆင်ကြပါသတဲ့။

ရဟန်းတော်ကလေးဟာ မိဘတွေကို နှစ်သိမ့် အားပေးပြီး တနေရာကို ခေါ်သွားပါတယ်၊ အဲဒီမှာ သူရလာတဲ့ ယာဂုကိုမိဘတွေကို တိုက်ကျွေးပြီး သူကတော့ ဆွမ်းခံစားပါတယ်၊ အဲဒီနေ့ကစပြီး သူ့အတွက် အလှူအတန်းကဘဲဖြစ်ဖြစ် စာရေးတန်ကာဘဲဖြစ်ဖြစ် ရတဲ့ဆွမ်းကိုမိဘတွေ ကျွေးပြီးသူကတော့ ဆွမ်းခံစားရှာပါတယ်၊ ဆွမ်းခံတယ်ဆိုတာက ရတဲ့အခါရှိသလို မရတဲ့အခါလဲ

ရှိပါတယ်၊ ရတဲ့အခါစားရပြီး မရလို့မစားရတဲ့နေ့တွေလဲ မနဲလှဘူးပေါ့၊ တခါတရံ စာရေးတန်တို့ အလှူအတန်းတို့မရှိတဲ့အခါ ဆွမ်းခံလို့ရတဲ့ဆွမ်းကိုဘဲ မိဘတွေကျွေးလိုက်ရလို့ သူမစားရတဲ့နေ့တွေလဲ ရှိမှာပါဘဲ။

အဝတ်အတွက် ကျပြန်တော့လဲ ဒီလိုပါဘဲ၊ သင်္ကန်းချုပ်ဘို့လှူတဲ့အဝတ်တွေ၊ ပြီးတခြားအသုံးပြုဘို့လှူတဲ့အဝတ်တွေ၊ ဒါတွေကိုမိဘတွေကိုပေးပြီး သူကတော့နွမ်းရိနေတဲ့သင်္ကန်းကိုဘဲဖာလိုက်ထေးလိုက်နဲ့ ဝတ်ရုံရပါတယ်၊ ဒီလိုနဲ့ဘဲမိဘတွေကို မွေးမြူရတဲ့အလုပ်က ပလိဗောဓကြီးတခုဖြစ်နေတော့ ကိုယ်တော်ကလေးဟာ တနေ့ကခြား ပိန်ခြုံးကြုံလှီပြီးလာပါတော့တယ်၊ ဒါကိုအပေါင်းအဖော်ရဟန်းတွေကမေးလို့ အကျိုးအကြောင်းပြန်ပြောပြတဲ့အခါ ရဟန်းတွေကကဲ့ရဲ့ကြသတဲ့၊ "ရဟန်းဖြစ်ရက်သားနဲ့လူဒကာ ဒကာမကို ဒီလိုလုပ်ကျွေးရမလား"လို့ပေါ့။

ဒါနဲ့ ဘုရားသွားပြီး လျှောက်ထားကြသတဲ့၊ မြတ်စွာဘုရားကလဲ သိတော်မူပေတဲ့ ဒါကို အကြောင်းပြုပြီး တရား ဟောတော်မူချင်လို့ ကာယကံရှင် ရဟန်းကလေးကို ခေါ်တော်မူပြီး မေးတော် မူပါတယ်၊ ရဟန်းကလေးကလဲ ဟုတ်ပါတယ်လို့ ဝန်ခံလျှောက် ထားတယ်၊ "ဘာ တော်သလဲ"လို့ မေးတော့ မိဘတော်တဲ့ အကြောင်း လျှောက်ထားတယ်၊ ဒီတော့မှ မြတ်စွာဘုရားက သာဓုခေါ်တော်မူပြီး မိဘကို လုပ်ကျွေးခြင်းရဲ့ မြင့်မြတ်ပုံ၊ သူတော်ကောင်းတို့ အလုပ်ဖြစ်ပုံတွေကို ထုတ်ဖော်မိန့်ကြားပြီး ဒီနေရာမှာဘဲ လူတကာ သိပြီးဖြစ်တဲ့ သုဝဏ္ဏသာမ ဇာတ်တော်ကိုဟောတော်မူပါတယ်၊ တရားတော် အဆုံးမှာ ရဟန်းကလေး

ဟာ သောတာပန် ဖြစ်သွားပါတယ်၊ တကဲ့ သားကောင်းကလေး တယောက်ပါဘဲ။

ဒီကိုယ်တော်ကလေးဟာ ပုထုဇဉ်ဘဝနဲ့ ကိုဘဲ အနေအထိုင် အကျင့်သိက္ခာ အလွန်သေသပ်လှပါတယ်၊ လွတ်ဖော့ ဆိုကတဲ့က ကျန်ခဲ့တဲ့စည်းစိမ်တွေကို ဘာတခုမှ တွယ်တာခြင်း မရှိခဲ့ပါဘူး၊ လူထွက်မယ်လို့ တချက်စိတ်ကူးမိလိုက်တာကတော့ မိဘတွေရဲ့ အခြေ အနေကြောင့်လဲ တဲကြောင်း၊ အင်မတန် လုံ့လပြုပါ ရက်နဲ့ တရားထူးကလေး တခုတလေမှ မရနိုင်တာလဲတဲကြောင်း ဒါတွေကြောင့်ပါ၊ လူ့ဘဝကို မက်မောပြီး ကာမဂုဏ်တွေ ခံစား ချင်လို့ မဟုတ်ပါဘူး။

ခုဖော်ပြခဲ့တဲ့ အကြောင်းအရာတွေကို ကြည့်တဲ့အခါ အဲဒီ အရှင်မြတ်ကြီးတွေဟာ စွန့်လွှတ်ပီးတဲ့ဘဝ၊ သို့မဟုတ် လောက စည်းစိမ်တွေကို နဲနဲကလေးမှမငဲ့ကွက်တော့တာကို တွေ့ရပီး အနေ အထိုင် ဣန္ဒြေသိက္ခာတွေဟာလဲ အင်မတန် ကျစ်လစ် သိပ်သည်း တဲ့ာကို တွေ့ရပါတယ်၊ ဒီပုံတော်တွေကို မြင်ရတဲ့ အခါဒကာ ဒကာမတွေဟာလဲ အင်မတန် ကြည်ညိုကြတာပေါ့၊ သို့သော်လဲ ဒီပုဂ္ဂိုလ်မြတ်ကြီးတွေက ဒကာဒကာမတွေ ကြည်ညိုအောင်ဆိုပီး တမင်ဣန္ဒြေဆောင်နေကြတာတော့ မဟုတ်ပါဘူး၊ဒီလိုနေမှ ရည် ရွယ်ရင်းဖြစ်တဲ့ ကိလေသာ ကုန်ခန်းခြင်း အကျိုးတရားကိုရမှာမို့ ပင်ကိုယ်သဘောအရ ဣန္ဒြေသိက္ခာကို စောင့်စည်း နေကြခြင်း ဖြစ်ပါတယ်။

ဒီလိုအနေအထိုင်စတဲ့ အပြင်ဘန်း အသွင်အပြင်ကိုသာ ထိန်း သိမ်းကြတာ မဟုတ်သေးပါ၊ ရှေးက အရှင်ကောင်းတွေဟာ ကိုယ့်

ကိုယ့်ကိုယ်ကို မာနနှိမ်ချတဲ့နေရာမှာလဲ မှတ်သားလောက်အောင်ဘဲ ကျင့်ကြံကြပါတယ်။

ရှင်သာရိပုတြာ ကိုယ်တော်ကြီးဆိုတာ ရှေ့လက်ထက်တော်အခါက အလွန်ဘုန်းတန်ခိုး ကြီးမားပါတယ်၊ ပညာအရာမှာ ဘုရားကလွဲရင် ပြိုင်ဘက်မရှိပါဘူး၊ ပြီးတော့လဲ လက်ျာတော်ရံ အဂ္ဂသာဝကကြီးဖြစ်လို့ ရဟန်းရှင်လူ ဘုံသမျှတွေရဲ့ လေးစားသမှုကို တရားသဖြင့် ခံယူရရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။

ရဟန်းဆိုတာ သင်္ကန်းဝတ်တဲ့နေရာမှာ အဝန်းညီညီဝတ်ရပါတယ်၊ တဖက်စွန်းကရှည်ပြီး တဖက်စွန်းက တိုနေတာမျိုးတို့ နောက်ကတိုပြီး ရှေ့ကရှည်ကျနေတာမျိုးတို့ဆိုတဲ့ မသေမသပ်ဟာမျိုးကို မဝတ်ရပါဘူး၊ ဝတ်ရင်အပြစ်ရှိပါတယ်၊ ရှင်သာမဏေများလဲ ဒီအတိုင်းဘဲဝတ်ကြရပါတယ်။

အဲဒါ တနေ့မှာတော့ ရှင်သာရိပုတြာ ကိုယ်တော်ကြီးဟာ အမှတ်တမဲ့မို့ သင်္ကန်းကို မညီမညာဝတ်ရုံ လိုက်မိပါတယ်၊ ဒါကို ကိုရင်ကလေးတပါးက မြင်သွားတယ်၊ မြင်တော့ ကိုရင်ကလေးက အရှင်မြတ်ကြီးကို လျှောက်တယ်။

"အရှင်ဘုရား သင်္ကန်းဝတ်တာ မညီမညာနဲ့၊ အဲဒီလိုလဲဝတ်ကောင်းပါသလား"ပေါ့။

ဒီတော့မှ အရှင်မြတ်ကြီးက သတိထားမိလို့ ကြည့်လိုက်တော့ ကိုရင်ကလေးပြောတဲ့အတိုင်း သင်္ကန်းက မညီမညာတ်ဘဲဖြစ်နေတာကိုတွေ့ရတာကိုး၊ ဒါနဲ့ ကျကျနန သပ်သပ်ရပ်ရပ်ပြန်ဝတ်ပြီး ကိုရင်ကလေးကို လေးလေးစားစားနဲ့ ပြန်ပြောပါသတဲ့။

"အရှင်ဘုရား ဒီလောက်ဆိုရင် သင့်လျော်ပါပြီလား၊ နောက်နောင်လဲ အမြင်မတော်တာရှိရင်ဆုံးမပါ" လို့ ဆိုသတဲ့၊ အင်မတန်ကြည်ညိုစရာ လေးစားစရာကောင်းတဲ့ မြင်ကွင်းကလေးပါ။

ပြီးတော့လဲရှိသေးတယ်၊ ရှင်ရာဟုလာဆိုတာ လူတကာသိပါတယ်၊ ဘုရားသားတော်ရင်းပါ၊ ရုပ်ရေရူပကာယ လှပပြေပြစ်ပုံများတော့ အထူးပြောစရာမလိုပါဘူး၊ အမျိုးအနွယ်ဆွေအားမျိုးအားနဲ့ မာနတက်မယ်ဆိုလဲ ဘဝင်ထိအောင် တက်နိုင်တဲ့ ပုဂ္ဂိုလ်ပါ၊ ဒါပေတဲ့ ပင်ကိုယ်ဓာတ်ခံကလဲ အဆင့်အတန်းမှီ၊ ဘုရားအဆုံးအမတော်ကလဲ အမြဲလိုရရှိနေတော့ "ခြေသုတ်ပုဆိုး၊ မြေစွယ်ကျိုးသို့" ဆိုတာလို အင်မတန်သိမ်မွေ့နူးညံ့ပြီးနေတာကို တွေ့ရပါတယ်၊ နမူနာတခုပြရရင်—

တခါတော့ ကျောင်းတိုက်ကြီးတခုရဲ့ ကျောင်းတကျောင်းရှေ့ကလမ်းပေါ်မှာ အမှိုက်သရိုက်တွေ ပစ်ထားတာကိုလမ်းသွားတဲ့ရဟန်းတွေကမြင်တယ်၊ မြင်တော့—

"ဒီအမှိုက်တွေ ဒီနေရာလာပြီး ဘယ်သူကများပစ်ထားတာလဲ" လို့ ရဟန်းတွေက အပြစ်တင်ကြတယ်၊တကယ်ကတော့ အနီးအနားက ကျောင်းက ကိုယ်တော်တွေပစ်ထားတာပါ၊ ဒါပေမဲ့ ဒီကိုယ်တော်တွေက အကဲစမ်းတဲ့သဘောနဲ့ ရှင်ရာဟုလာကို ထင်ယောင်ထင်မှား လုပ်လိုက်ကြတယ်။

"ဒီနေရာမှာ ရှင်ရာဟုလာဘဲ သွားလာနေတာမြင်မိတာဘဲ" ပေါ့။

ဒါကို ရှင်ရာဟုလာသိတော့ မဟုတ်ဘဲနဲ့ သူ့ကိုစွပ်စွဲရပါမလားလို့ ဒေါသအမျက်ချောင်းချောင်းမထွက်ပါဘူး၊ တောင်း

ကလေးတကောင်း ဆွဲယူလာပြီး "အရှင်ဘုရားတို့ သည်းခံတော်မူကြပါဘုရား"လို့ ကန်တော့ပြီး အမိုက်တွေကို ကျုံးပစ်လိုက်ပါတယ်၊ သိပ်ကြည်ညိုစရာကောင်းပါတယ်၊ ဒီလိုလှပကြည်နူးစရာကောင်းတဲ့ မြင်ခင်းရှုခင်းတွေဟာ အများအပြားဘဲ ရှိပါတယ်။

ပြီးတော့ မထေရ်ကြီးတပါးလဲ ရှိသေးတယ်၊ သူကစာဘတ်ဘေတတ်ပုဂ္ဂိုလ်ကြီးပါ၊ တပည့်ရဟန်းပေါင်းများစွာကို စာချပေးနေလို့ နာမည်လဲကြီးလှပါတယ်၊ ဒါပေမဲ့ ကိလေသာ မခန်းခြောက်သေးတဲ့ ပုထုဇဉ်အဖြစ်နဲ့ဘဲ ရှိနေပါသေးတယ်၊ တနေ့တော့ဘုရားမြတ်ထံတော်ကိုဆည်းကပ်ရအောင်သွားပါတယ်၊ သူ့ကိုမြင်တော့ ဘုရားမြတ်က "ဟဲ့....တုစ္ဆ"လို့ ခေါ်တော်မူလိုက်ပါတယ်၊ ရဟန်းပရိသတ်တွေအလယ်မှာ ဒီလိုခေါ်လိုက်တော့ သူသိပ်ရှက်သွားတာပေါ့။

"တုစ္ဆ"ဆိုတာက ဘာမှ အနှစ်သာရမရှိတဲ့ အကောင်လို့ အဓိပ္ပာယ်ရှိပါတယ်၊ ဒီလိုအခေါ်ခံလိုက်ရတော့ ကိုယ်တော်ကြီးက စဉ်းစားတယ်၊ "ငါဟာ စာပေကျမ်းဂန်နှံ့စပ်အောင်တတ်တဲ့ ပညာရှိတဦးဖြစ်ပါရက်နဲ့ ဘုရားမြတ်ဟာဘာ့ကြောင့်များငါ့ကို တုစ္ဆလို့ ခေါ်တာပါလိမ့်"နောက်တော့ အဖြေကိုတွေ့သွားပါတယ်။

"ဟုတ်ပြီ....ကေန္တ ငါ့သန္တာန်မှာ တရားထူးတရားမြတ်မရှိသေးလို့ဘဲ"

ဟုတ်ပါတယ်၊ ဒါကြောင့် သူ့ကို တုစ္ဆလို့ ခေါ်တော်မူတာပါ၊ ဒီလိုသတိကလေးပေါ်လာအောင်ဆိုပြီး ဘာပေးတဲ့အနေနဲ့ ဒီလိုခေါ်လိုက်တာဖြစ်ပါတယ်။

## ရဟန်းတွေကို ဘာ့ကြောင့် ရှိခိုးထိုက်သလဲ

ဒီနေရာမှာ ပရိယတ်နဲ့ ပဋိပတ်အကြောင်းကို ပြောပြချင်ပါတယ်၊ "ပရိယတ်"ဆိုတာက ဘုရားဟောတော်မူထားတဲ့ဒေသနာကျမ်းဂန်တွေဖြစ်ပါတယ်၊ ဒီ ဒေသနာကျမ်းဂန်တွေကို နှစ်စပ်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ကို စာတတ်ပေတတ် ပရိယတ်ကျွမ်းကျင်သူ ပညာရှိရယ်လို့ ခေါ်ရပါတယ်။

"ပဋိပတ်"ဆိုတာက မဂ်ဖိုလ်လို့ ခေါ်တဲ့တရားထူး တရားမြတ်ရအောင် ကျင့်ကြံအားထုတ်ရတဲ့ အကျင့်တရားဘဲ ဖြစ်ပါတယ်၊ ဒီအကျင့်တရားနဲ့ ပတ်သက်လို့ ဘယ်နည်းဘယ်ပုံ ကျင့်ရမယ်ဆိုတာတွေကို ခုနက ပရိယတ်တွေထဲမှာ အပြည့်အစုံဟောတော်မူထားပါတယ်။

ဒီလုပ်ငန်းနှစ်ခုဟာ ဗုဒ္ဓသာသနာတော်မှာ အရေးပါတဲ့ လုပ်ငန်းများဖြစ်တယ်၊ သို့သော်လဲ ဒီလုပ်ငန်းနှစ်ခုပြည့်စုံရုံနဲ့ သူ့ကို ရဟန်းလို့ မခေါ်ရပါဘူး၊ ရဟန်းလဲမဟုတ်သေးပါဘူး၊ တချို့လူဝတ်ကြောင်တွေဟာ ဒီနှစ်မျိုးထဲကတမျိုး သို့မဟုတ်နှစ်မျိုးစလုံး ပြည့်စုံနေကြတာတွေ လက်ထက်တော်က အများအပြားဘဲရှိပါတယ်၊ ဒါတင်မကသေးဘူး၊ ဒီအကျင့်တရားတွေကြောင့် မဂ်ဖိုလ်ရနေကြတဲ့ ဝတ်ကြောင်တွေလဲရှိကြပါတယ်၊ ဒါပေတဲ့ သူတို့တွေဟာ အခါခပ်သိမ်းရှိခိုးဦးချခံထိုက်တဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ သူတို့တွေဟာ ရဟန်းမဟုတ်တဲ့လူတွေ ဖြစ်နေလို့ပါဘဲ။

ရဟန်းဖြစ်ဘို့ဆိုတာစာတတ်ရုံနဲ့လဲဖြစ်မလာပါဘူး၊မဂ်ဖိုလ်ရရုံနဲ့လဲ မဖြစ်သေးဘူး၊ ရဟန်းဖြစ်ဘို့အတွက်အစီအစဉ်နဲ့ရဟန်းကျင့်ဝတ်ဆိုတာက သီးသန့်ရှိပါတယ်။

ရဟန်းရယ်လို့ ဖြစ်လာတယ်ဆိုရင်ဘဲ "မ" သတ္တဝါတွေနဲ့ ကူးလူးဆက်ဆံခြင်းမပြုရတာကစပြီး သတ်မှတ်ထားတဲ့ သိက္ခာပုဒ်တွေကို စောင့်ထိန်းရတော့တာပါဘဲ၊ ဒီလိုစောင့်ထိန်းရတဲ့သိက္ခာပုဒ်တွေဟာ အရေအတွက် အတိအကျနဲ့ဆိုရင် ၂၂၇ ပါးရှိပါတယ်၊ ဒါတွေဟာ စောင့်ထိန်းရတဲ့ကျင့်ဝတ်တခုဖြစ်လို့သူတို့ကိုလဲ ပဋိပတ်လို့ဘဲ ခေါ်ရပါတယ်။

လူ့ဝတ်ကြောင်တွေအနေနဲ့ ထိန်းသိမ်းနိုင်ဘို့ အင်မတန်ခက်ခဲတဲ့အရာတွေကို ရဟန်းများစောင့်ထိန်းရပါတယ်၊ ဥပမာ လူသောတာပန် (လူဝတ်ကြောင်ဖြင့် သောတာပတ္တိဖိုလ်ကိုရနေသူ)ဟာ သူ့သဘောအတိုင်း အိမ်ထောင်သားမွေးနေတဲ့ လူလဲရှိပါတယ်၊ မနေတဲ့လူလဲရှိပါတယ်၊ ရဟန်းကျတော့ပုထုဇဉ်ဘဲဖြစ်ဖြစ် အရိယာဘဲဖြစ်ဖြစ် ဒီလိုမနေရတော့ပါဘူး၊ ဝိနည်းအားလျော်စွာသာ ကျင့်ကြံနေထိုင်ရပါတယ်၊ ဒါကြောင့်သာ ရဟန်းမဟုတ်သူတွေဟာ ရဟန်းများကို ရှိခိုးထိုက်ခြင်း ဖြစ်ပါတယ်၊ ရဟန်းများဟာလဲ ဒီအကြောင်းတွေကြောင့်သာ ရှိခိုးခံထိုက်သူတွေဖြစ်ကြရပါတယ်။

လူလူချင်းမှာ ကြီးသူကငယ်သူရဲ့ဦးချကို ခံနိုင်တာဟာ ဝယဝုဍ္ဍိဂုဏ်ကြောင့်သာဖြစ်ပါတယ်၊ ရှင်ဘုရင်တွေကို ဦးချရတာကတော့ ကုသိုလ်ကျင့်ဝတ်နဲ့မဆိုင်ပါဘူး၊ ယဉ်ကျေးမှုတရပ်သာပါ၊ ဒါကြောင့် ရဟန်းဘဝဆိုတာ အလွန်မြင့်မြတ်ပြီး အလွန်လဲ အေးချမ်းလှပါတယ်၊ ရဟန်းပီပီနေနိုင်မယ်ဆိုရင် တကယ်ဘဲ အေးချမ်းပါတယ်၊ စားဝတ်နေရေးနဲ့ပတ်သက်လို့ ဘာမှပူပင်စရာမလိုပါဘူး၊ တကယ်တော့ အများတကာက ပူပင်စရာလို့

သတ်မှတ်ထားတဲ့ လောကကိစ္စတွေမှာ မပူပင်ဘဲ နေနိုင်ခြင်းကိုက အေးချမ်းခြင်းတမျိုးဘဲဖြစ်ပါတယ်။

ဒီလို အေးချမ်းလိုလဲဘဲ ဒီသိက္ခာပုဒ်တွေဟာ တရားထူးတရားမြတ်တွေရဘို့အတွက် တောင့်တင်းခိုင်မာတဲ့ အခြေခံ ဥပနိဿယတွေဖြစ်တာပါ၊ ဒီအခြေခံတွေရှိနေပေတဲ့ တဆင့်တက်ပြီး လုလ္လ ဝိရိယမပြုရင်လဲ တရားထူးဆိုတာ ရနိုင်မယ်မဟုတ်ပါဘူး၊ တရားထူးမရသေးရင် တချိန်ချိန်မှာ ဖောက်ပြန် နိုင်ပါသေးတယ်၊ ဖောက်ပြန်တယ်ဆိုတာက အကျင့်ဘက်မှာရော၊ အယူဝါဒဘက်မှာရော အားလုံးကိုဆိုလိုတယ်။

ဒီတော့ ဘဝအေးချမ်းမှုအတွက် တရားထူးရဘို့ဆိုတာ အလွန်ဘဲလိုအပ်ပါတယ်၊ ခန္ဓာကိုယ်အပုပ်ကောင်ကြီးထဲမှာ ကိန်းအောင်းနေကြတဲ့ သဘာဝတရားတွေဟာ အမြဲတန်းနိုင်ရာစား လုပ်နေကြပါတယ်၊ အများအားဖြင့်တော့တရားဆိုးတွေကချည်း အနိုင်ရကြပါတယ်၊ တခါတလေတရားကောင်းကနိုင်တဲ့အခါမျိုး လဲရှိပါရဲ၊ဒါပေတဲ့ခဏပါဘဲ၊ တော်ကြာလက်ပြောက်လိုက်ရတာပါဘဲ၊ တနှစ်အတွင်း ဥပုသ်စောင့်တဲ့လူနဲ့ မစောင့်တဲ့လူ၊ တရားနာတဲ့လူနဲ့ မနာတဲ့လူ၊ အကုသိုလ်မဖြစ်ရအောင် ထိန်းသိမ်းတဲ့လူနဲ့ မထိန်းတဲ့လူ၊ ဒါတွေကိုနှိုင်းယှဉ်လိုက်ရင် ဘယ်တရားတွေက အနိုင်ယူနေတယ်ဆိုတာ ထင်ရှားလှပါတယ်။

ဒီတော့ကာ တရားဆိုးကကြီးစိုးလိုက်၊ တရားကောင်းက ကြီးစိုးလိုက်နဲ့ ဒီခန္ဓာကိုယ်နိုင်ငံကြီးမှာ မင်းပြောင်းမင်းလဲတွေသိပ်များလွန်းလှပါတယ်၊ ဒီအထဲမှာ မင်းဆိုးအကြိမ်တရာ တထောင် လောက်စံပြီးမှ မင်းကောင်းက တကြိမ်လောက်စံနိုင်ပါတယ်၊ ဒီ

လို့သာ လုံးလယ်ချပ်ပြြားလိုက်နေရင် ဘဝသံသရာကြီးထဲမှာလဲ လုံးလယ်ချပ်ပြြားကျင်လည်ကြရပါလိမ့်မယ်၊ ကောင်းတာလေးနဲ့ တကြိမ်တခါလောက်ဆုံပြီး မကောင်းတဲ့ အဖြစ်ဆိုးတွေနဲ့တော့ အကြိမ်ပေါင်းရာထောင်ဆိုတဲ့ အချိန်နဲ့တွေ့ကြရပါမယ်။

ဘာ့ကြောင့် ဒီလို လုံးလယ်ချပ်ပြြား လိုက်နေရသလဲဆိုတော့ ပြောပြီးခဲ့တဲ့အတိုင်းပါဘဲ၊ မဂ်ဖိုလ်ဆိုတဲ့ တရားထူးကို မရကြသေး လို့ပါ။

ဒါကြောင့် ဒီခန္ဓာကိုယ်ထဲမှာ မဂ်ဖိုလ်ကာလဲ့ပြီး အနှစ်သာရ ရှိတဲ့တရားရယ်လို့မရှိပါဘူး၊ မဂ်ဖိုလ်သည်သာ ဒီခန္ဓာကိုယ်ရဲ့အနှစ် သာရလို့ဆိုထိုက်ပါတယ်၊ ဒါကြောင့်လဲဘဲ ဒီမဂ်ဖိုလ်မရှိသေးတဲ့ တပည့်သားတွေကို သတိပေးတဲ့ အနေနဲ့ "တုစ္ဆ" ဒါမှမဟုတ် "မောဃပုရိသ" လို့ ဘုရားမြတ်က ခေါ်တော်မူတာဖြစ်ပါတယ်၊ ဒီမှာအနှစ်သာရဆိုတာက အနုတ္တရှဲဆန့်ကျင်ဘက် အတ္တကို ရည် ညွှန်းတာမဟုတ်ပါဘူး၊အလွန်ကို မွန်မြတ်လို့ အနှစ်သာရလို့ခေါ် ဆိုခြင်းပါ။

ခုနပြောခဲ့တဲ့ မထေရ်ကြီးဟာ ဘုရားထံတော်မှောက်က ပြန် လာတယ်ဆိုရင်ဘဲ ပဋိပတ်အကျင့်တရားကို အားထုတ်ဘို့ ဆုံး ဖြတ်လိုက်ပါတယ်၊ ပြီးတော့မှ တပည့်တွေမသိအောင် ကျောင်း က ထွက်သွားပါတယ်၊ ရက်အတော်ကြာ သွားမိတော့ တော ကျောင်း တကျောင်းကို တွေ့ပါတယ်၊ သစ်အုပ် ဝါးအုပ်ကလဲ ကောင်း လူသူလေးပါးနဲ့လဲ ကင်းဝေးတော့ တိတ်တိတ်ဆိတ် ဆိတ် ရှိလိုက်ပုံမှာ ရဟန်းသံဃာမရှိဘူးလားတောင် အောက်မေ့ ရပါတယ်၊ဒါပေမဲ့ အဲဒီကျောင်းမှာရဟန်းတော်သုံးကျိပ်လောက် ရှိပါသတဲ့။

အဲဒီရောက်တော့ ရှေးဦးစွာ နာယကဖြစ်တဲ့ မထေရ်ကြီးထံ ဝင်ပြီး သူ့ကို တရားကျင့်စဉ် နည်းလမ်းများ ဟောကြားပေး သနားဘို့ တောင်းပန်ပါသတဲ့၊ အဲဒီ ကျောင်းမှာ ရှိကြတဲ့ရဟန်း တွေကလဲ သူ့ကို စာတတ် ပေတတ်ပညာရှိ မထေရ်ကြီးအဖြစ်နဲ့ သိထားပြီးသားကိုး၊ ဒါကြောင့် သူက ယခုလို လျှောက်ထား တောင်းပန်တဲ့အခါ—

"မတော်ပါဘူးအရှင်ဘုရား၊ တပည့်တော်တို့ကသာ သိချင် တာများရှိရင် အရှင်ဘုရားထံမှာ မေးလျှောက်ရမှာ ဖြစ်ပါ တယ်"လို့ ပြန်ပြောကြတယ်။

တကယ့်ကို မပေးဝံ့လို့ဘဲလား၊ ဒါမှမဟုတ် အစ်အောက် ထားတဲ့သဘောနဲ့လားတော့မပြောတတ်ပါဘူး၊နာယကမထေရ် ကြီးကငြင်းဆိုလိုက်ပါတယ်၊ ဒီတော့ သူကသူ့ကို သနားသော အားဖြင့် ငြင်းဆန်ခြင်းမပြုဘို့ ထပ်ပြီး တောင်းပန်ပြန်ပါတယ်၊ ဒီလို တောင်းပန်ပေတဲ့ မထေရ်ကြီးက သူကိုယ်တိုင်တော့ မမေး ဘူး၊ တခြား မထေရ်တပါးထံမှာ လျှောက်ထားဘို့ ညွှန်ကြား လိုက်ပါတယ်၊ တခြားမထေရ်ကလဲ ဒီလိုဘဲငြင်းဆန်ပြီး နောက် တပါးထံညွှန်လိုက်ပြန်ပါတယ်၊ ဒီလိုနဲ့ တပါးပြီးတပါး ညွှန်ညွှန် ပေးလိုက်တာ နောက်ဆုံး ကိုရင်ငယ်ကလေးတပါးဆီ ရောက်လာ ပါရော။

"ဒါလောက် သေးကြီးမွေးကြီးနိုင်လှတဲ့ ကိုယ်တော်တွေ ဒင်း တို့ဆီဖြင့် ခဲယဉ်းလုပ်မနေဘောပါဘူး"ဆိုပြီး၊ သူကိုယ်တိုင်ကလဲ ကိုယ်တွေသာ မသိသေးတာကိုး၊ ဒေသနာကျမ်းဂန်အနေနဲ့က တော့ ကွက်ကွက်ကွင်းကွင်းသိပြီး ဖြစ်နေတာမို့ မာန်မာနထွက်

လာမယ်ဆိုရင်လဲ ထွက်လာနိုင်တာပေါ့၊ ဒါပေတဲ့ ဒီလိုမလာပါဘူးတဲ့၊ မထေရ်ကြီးဟာ မာန်မာနကို အလွန်နှိမ်ချထားတာ ဖြစ်လေတော့ နောက်ဆုံး ကိုရင်ကလေးထံမှာလဲ တောင်းပန်ပြန်ပါတယ်၊ ကိုရင်ကလေးကလဲ ယခင့်ယခင် ရဟန်းတွေလိုဘဲ ငြင်းတာပေါ့၊ ညှိမျှားထားကြလေရော့သလားမသိပါဘူး။

"မငြင်းပါနဲ့ အရှင်ကောင်း၊ တပည့်တော်ကို သနားသဖြင့် ညွှန်ပြပေးပါ" လို့။

ကိုယ့်ကျောင်းမှာ လက်တိုလက်တောင်း ခိုင်းစေနေတဲ့ ကိုရင်ကလေးလောက်ရှိတဲ့ဟာကို တရိုတသေကြီး တောင်းပန်နေရှာပါတယ်၊ ဒီပဋိပတ်ကျင့်စဉ်ဆိုတာကလဲ လက်ဦးကတဲ့ကိုက မာန်မာနကျနေတို့ လိုပါတယ်၊ ဒါကြောင့် မထေရ်မြတ်ကြီးရဲ့ မာန်မာနချထားပုံကို တွေ့မြင်ရတဲ့အခါ ကိုရင်ကလေးက နောက်ထပ်နှံနှဲ ပါးပါးစမ်းသပ်ပြီး တခါတည်း နည်းလမ်း ညွှန်ပြပေးလိုက်တာပါဘဲ၊ မထေရ်မြတ်ကြီးလဲ ဒီနည်းနဲ့ဘဲ အရိယာဇာတ် ဝင်သွားပါတယ်။

ဒီနေရာမှာလဲ နာမည်ကျော် ကျမ်းတတ် မထေရ်ကြီးရဲ့ မာန်မာနနှိမ်ချထားပုံဟာ အလွန်ကြည်ညိုဘို့ ကောင်းပါတယ်။

ရဟန်းဘဝဟာ အေးချမ်းတယ်လို့ ဆိုခဲ့ပါပြီ၊ အေးချမ်းတယ် ဆိုတာက လူတွေလို လူရေးလူရာ ငွေဘို့အတွက် လုပ်ငန်းအဝဝ တွေကိုအားထုတ်ကြိုးစားလုပ်စရာမလိုတဲ့အတွက်၊ ပြီးတော့လဲ သားသမီး ဇနီး အနှောင်အဖွဲ့မရှိလို့ ဒါတွေအတွက် စသဖြင့်ပေါ့လေ လူ့ဇာတ်ထုပ်ထဲမှာ ပါတဲ့ ဇာတ်ဝင်ခန်းတွေအတွက် ပူပင်စရာ

မလိုလို အေးချမ်းတယ်လို့ ဆိုရခြင်းပါ၊ ဒီအေးချမ်းမှု တွေဟာ မဂ်ဖိုလ်တရားရဲ့အထောက်အပံ့အမှီသဟဲတွေဖြစ်ပါတယ်၊ လူ့ဘဝနဲ့ လဲကုသိုလ်တရားတွေ ဆည်းပူးရင်ဖြစ်နိုင်သားဘဲဆိုပေတဲ့ အခုပြောခဲ့တဲ့ အထောက်အပံ့ မျိုးကိုတော့ လူ့ဝတ်ကြောင်အနေနဲ့ မရနိုင်ရိုးအမှန်ပါ၊ ဒါကြောင့် ရဟန်းဘဝကို အရယူကြခြင်းဖြစ်ပါတယ်။

တကယ်တော့ ရဟန်းဆိုတာ မဂ်တရားဖိုလ်တရားတွေ မရနိုင်သေးတောင်မှ လူ့ဇာတ်ထုပ်ကြီးတွေ ကြည့်ပြီး သံဝေဂယူဘို့၊ ဘဝသံသရာကို ငြီးငွေ့ဘို့ဖြစ်ပါတယ်၊ ဒါမှလဲ အေးချမ်းမှာပါ၊ ဒီလိုမဟုတ်ဘဲ သူတကာ က,တာ ခုန်,တာတွေကို အားကျလိုအားမလို အားမရဖြစ်ပြီး ကိုယ်တိုင် ကပြဘို့ကြိုးစားမယ် ဆိုရင်တော့ အေးချမ်းမှုကိုမရတဲ့အပြင် ဝတ်ကြောင်တွေရဲ့ သူလိုငါလို သဘောထားမျိုးကို ခံကြရဘို့ရှိပါတယ်၊ ဒီလိုခံရတယ်ဆိုရင် စိတ်ဟာလဲ တုန်လှုပ်လာတတ်ပါတယ်။

အတတ်နိုင်ဆုံး ရဟန်းပီပီ နေကြထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဝတ်ကြောင်တွေက ဘယ်လိုဘဲ သဘောထားထား ဘယ်လိုဘဲထင်ထင် မတုန်လှုပ်ကြပါဘူး၊မတုန်လှုပ်နိုင်အောင်လဲကိုယ့်ကိုယ်ကို ထိန်းသိမ်းထားကြပါတယ်၊ ရဟန်းဆိုတဲ့ ဘဝသနစ်ကိုအမှန်သိကြတဲ့ ဝတ်ကြောင်တွေဟာ ရဟန်းမြတ်တွေကိုအထင်အမြင်မသေးဝံ့ကြပါဘူး၊ မသေးဝံ့တဲ့အပြင် ယုံကြည်မှုလေးစားမှုဟာ ဆတပိုးတိုးသာလာတတ်ပါတယ်၊ သနစ်အမှန်ကို မသိကြတဲ့ ဝတ်ကြောင်တွေကျတော့ လူဆံဆံ ရဟန်းတွေကို သူလိုငါလိုဘဲ သဘောထားတတ်ကြပါတယ်၊ "လူတွေနဲ့ ဘာထူးသေးလို့

လဲ”ဆိုတာမျိုးတွေ ပြောလာကြပါတယ်၊ တခါလူနဲ့မတူတဲ့ရဟန်းတွေအပေါ် ကျပြန်တော့လဲ အဖက်မတန်သလိုသဘောထားကြလေသလားမသိ ဂါရဝတရားခေါင်းခေါင်းပါးပါးနဲ့ ဆက်ဆံကြတာကို တွေ့လာရပါတယ်။

ပုထုဇဉ်ရဲ့စိတ်ဟာ ဖောက်ပြန်တတ်ပါတယ်၊ ရဟန်းဘဝဟာ မြင့်မြတ်တယ်ဆိုတာကို အတော်အတန် သိထားကြပေမဲ့ ပုထုဇဉ်စိတ် ပြင်းထန်လှတဲ့ရဟန်းတွေဟာ သူတို့ကိုမတူမတန် သဘောထားတာမျိုးတို့၊ ပမာမခန့် လုပ်တာမျိုးတို့ ဆိုတာတွေကို ကြုံတွေ့ရတဲ့အခါ စိတ်တွေဟာ တုန်လှုပ်လာကြပါတယ်၊ တုန်လှုပ်ရုံတင်မကဘူး တူတယ်ဘန်တယ်လို့ သဘောထားလာအောင် ခန့်ငြားလာအောင်ဘယ်လိုလုပ်ရပါ့မလဲလို့သဘောထားပြောင်းလာတတ်ကြပါတယ်။

ဒီလိုဖြစ်လာတော့ လူအချင်းချင်း ဆက်ဆံကြတာကို လှမ်းမြင်ကြပါရော၊ ငွေကြေးချမ်းသာရင် လူတွေက ခင်မင်ကြတယ်၊ နာမည်ကြီးရင် ဝိုင်းဝန်းကြတယ်၊ အဆက်အသွယ် ကောင်းရင် အများတကာက လေးစားကြတယ်ဆိုတဲ့ အမြင်ကို ရသွားပါတော့တယ်။

ဒီအခါမျိုးမှာ “ငါရဟန်းပါလား” ဆိုတာကို သုံးပုံနှစ်ပုံလောက်မေ့သွားတတ်ကြပါတယ်၊ နာမည်ကြီးအောင် စည်းလွတ်ဝါးလွတ်ကြိုးစားလာကြပါတယ်၊ ငွေကြေး ကြွယ်ဝအောင် လုပ်ဆောင်လာကြပါတယ်၊ အထက်တန်းအရာရှိတွေ၊ လူချမ်းသာတွေနဲ့ ဆက်မိအောင် ကြံဖန်လာကြပါတော့တယ်၊ ဒီလိုကြိုးပမ်းရတဲ့အတွက် ရှိသင့်ရှိထိုက်တဲ့ ရဟန်းတို့ရဲ့သမာဓိ၊ သမဏိန္ဒြေ၊

သမဏသာရုပ္ပစတဲ့ ရဟန်းဘဝရဲ့ ဂုဏ်ထူးဆောင် တံဆိပ်တွေဟာ ပြုတ်ကျကုန်တတ်ပါတယ်၊ ဒီလိုနဲ့ဘဲ လူ့ဇာတ်ထုပ်ကြီးထဲကို ပါမှန်းမသိ ပါသွားတော့တာပါဘဲ၊ ဒါပေမဲ့ ဒီလိုပါသွားတဲ့ အတွက်သံဝေဂတို့၊နောင်တတရားတို့ မဖြစ်တဲ့အပြင် သူတို့မြှောလင့်ထားတဲ့အတိုင်း ဝတ်ကြောင်တွေက ဝိုင်းအုံပြီး ကောင်းချီးပေးလာတာ တွေ့ရလို့ ဝမ်းတောင် သာမိကြပါသေးတယ်။

## ဆဗ္ဗဂ္ဂီရဟန်းများ

ဘုရားမြတ်လက်ထက်တော်က ဆဗ္ဗဂ္ဂီခေါ်တဲ့ ရဟန်းတချို့ဟာ ခုပြောခဲ့တဲ့ ရဟန်းအမျိုးအစားများဘဲ ဖြစ်ပါတယ်။

ဆဗ္ဗဂ္ဂီရဟန်း ဆိုတာက ရဟန်းခြောက်ပါး စုပေါင်းအဖွဲ့ကို ဆိုတာပါ၊ မေတ္တိယ၊ ဘုမ္မဇက၊ ပဏ္ဍုက၊ လောဟိတက၊ အဿဇိ၊ ပုနဗ္ဗသုက ဆိုတဲ့ခြောက်ဦးဘဲ ဖြစ်ပါတယ်၊ သူတို့တွေက နှစ်ပါးတတွဲစီ ပေါင်းပြီး ခေါင်းဆောင်လုပ်ကြပါတယ်၊ တတွဲတတွဲမှာ နောက်လိုက်ရဟန်းတွေက ငါးရာစီရှိကြတယ်ဆိုတော့ သူတို့အင်အားကလဲ မသေးလှဘူးပေါ့။

ခေါင်းဆောင်ခြောက်ဦးဟာ ဝတ်ကြောင်ဘဝနဲ့တုန်းကလယ်ယာလုပ်ကိုင် စားသောက်ကြရတဲ့ ပင်ပန်းဆင်းရဲသူများ ဖြစ်ကြပါတယ်၊သင်္ကန်းဝတ်နဲ့ နေရင်တော့ချမ်းသာမှာဘဲလို့ တယောက်က စိတ်ကူးပေါက်ရာကနေပြီး အချင်းချင်း တိုင်ပင်ကြတဲ့ အခါ ရဟန်းဝတ်ကြဘို့ အားလုံး သဘောတူ ကြပါတယ်၊ ဒါပေတဲ့ သာမည ပုဂ္ဂိုလ်ထံမှာဆိုရင် မျက်နှာငယ်ရမယ်တဲ့ ဘုန်းကြီးတဲ့ နာမည်ကျော်ပုဂ္ဂိုလ်ကြီးတွေထံမှာဝတ်မှ ဆရာသမားရဲ့ ဘုန်းရိပ်ကံရိပ်နဲ့ တပည့်တွေလဲ မျက်နှာကြီးပြီး လူရာဝင်နိုင်တယ်ဆိုတာ

ကို လက်ခံကြတယ်၊ဒါကြောင့်တချို့ကအရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးထံမှာ၊ တချို့ကတော့ အရှင်သာရိပုတြာ ကိုယ်တော်ကြီးထံမှာ ရဟန်းဝတ်လိုက်ကြတယ်၊ ချီကတဲက ယဉ်သကို ဆိုတဲ့ လူများပါဘဲ။

ရဟန်းဝတ်ပြီးတဲ့နောက် နှံနှံပါးပါး စာလေးပေလေး သင်ကြားပြီး ငါးဝါလောက် ရတဲ့အခါ အချင်းချင်း တိုင်ပင်ကြပြန်သတဲ့၊ သူတို့ ယခုလက်ရှိနေတဲ့နေရာက တောအရပ် ဒေသကိုး၊ တောရွာလို့ ဆိုတော့ မြို့တွေ ပြတွေမှာလို မဖွံ့ဖြိုး လှဘူးပေါ့၊ ဒီတော့ ဒီတောရပ်မှာ မနေဘဲ မြို့ကြီးပြကြီးနဲ့ စည်ကားသိက်မြိုက်တဲ့ဒေသတွေမှာ လူစုခွဲပြီး ဂိုဏ်းထောင်ကြဘို့ကို တိုင်ပင်ကြပါတယ်၊ ပြီးတော့လဲ သူတို့ရဲ့အစုအဝေးအသိုင်းအဝိုင်း ကြီးပွားဘို့အတွက် ဒကာဒကာမတွေကို ဘယ်လို ပေါင်းသင်းရမယ် ဆိုတာကအစ အချင်းချင်းတိုင်ပင် ဆွေးနွေးပြီး မှချမှတ်ကြပါသတဲ့။

အဲဒီနောက်မတော့ အဿဇိနဲ့ ပုနဗ္ဗသုကဆိုတဲ့ ဆဗ္ဗဂီရဟန်းနှစ်ပါးဟာ ကိဋ္ဌာဂိရိဆိုတဲ့ ဒေသမှာ သွားရောက်နေထိုင်ဘို့ တာဝန်ကျပါတယ်၊ ကိဋ္ဌာဂိရိဆိုတာက ဆန်ရေစပါးပေါများပြီးပွဲဖြိုးတဲ့ မြို့တမြို့ဖြစ်ပါတယ်။

ဆဗ္ဗဂ္ဂီရဟန်းတွေဟာ တခြားရဟန်းတွေလို ဘာသိဘာသာနေတာမဟုတ်ဘူး၊ ဒကာ ဒကာမတွေကို အင်မတန် အရေးပေးပါတယ်၊ သစ်ပင် ပန်းပင်တွေကိုလဲ ဝေနေအောင်စိုက်ထားပါတယ်၊ ဒကာ ဒကာမတွေလာရင် ဖျာရိုင်သင်ဖြူး ခင်းပေးရတာတို့၊ မြောက်သင့်တဲ့လူကိုလဲမြောက်မြှက်ပြောရတာတို့မိန်းကလေး

မိန်းမငယ်ကျပြန်တော့လဲ ပန်းခူးပေးရတာတို့ သစ်သီးဝလံခူးပေး ရတာတို့ အစရှိတဲ့ လောကွတ်တွေကို သာသာထိုးထိုးကြီးဘဲလုပ် တတ်ကြပါတယ်။

ဒီအလုပ်တွေဟာ ဒကာ ဒကာမတွေရဲ့ စစ်မှန်တဲ့ သဒ္ဓါတရား ကို ဖျက်ဆီးတဲ့ အလုပ်တွေဖြစ်လို့ ဘုရားမြတ်က မလုပ်ရဘူးလို့ ပညတ်တော်မူထားပါကယ်၊ ဝိနည်းတော်မှာ ဒီအလုပ်ကို ကုလ ဒူသနအလုပ်လို့ ခေါ်ပါတယ်။

တခြားပုထုဇဉ်ရဟန်းတချို့တလေလဲဘဲ ဒီကုလဒူသနအလုပ် ကို အနဲအပါးတော့ လုပ်မိကြမှာပါဘဲ၊ ဒါပေမဲ့ ဆဗ္ဗဂ္ဂီတွေလိုစီ မံကိန်းချပြီးလုပ်တာမျိုးလိုတော့ရုပ်ပျက်ဆင်းပျက်မရှိပါဘူး၊အဲဒီ နည်းတွေနဲ့ ဒကာ ဒကာမတွေကို ဆက်ဆံလာကြတော့ ဆဗ္ဗဂ္ဂီ ရဟန်းတွေကို လူကြိုက်များလာပါတယ်၊ လူညံ့တွေဟာ ရဟန်း ကောင်းတွေနဲ့ ဒွန်မတွဲနိုင်သလို ရဟန်းညံ့တွေဟာလဲ လူကောင်း များနဲ့ မစပ်ဟပ်နိုင်ဘူးပေါ့၊ ဒီအနေအထားအရဆိုတော့ လူညံ့ တွေများလှတဲ့ဒေသမှာ ဆဗ္ဗဂ္ဂီရဟန်းတွေ စားသာနေတာပေါ့။

ဘာသိဘာသာနေတဲ့ ရဟန်းမြတ်တွေဟာ တစတစနဲ့လူတွေ ရဲ့ဝိုင်းပယ်ခြင်းကိုခံလာကြရပါတော့တယ်၊ ဆွမ်းကွမ်းဘောဇဉ်မှ စပြီး အများကြီး ချို့တဲ့လာကြပါတယ်၊ ငှက်ပျောသီးပေးတဲ့ ဘုန်းကြီးများသာ စာတတ်နေကြတဲ့အထဲမှာ ဧေဆေးဆေး ဘာသိဘာသာ နေလေ့ရှိကြတဲ့ ရဟန်းတွေဟာ ကကြီးပုတ် လောက်ရေးပြလို့မှ မဖတ်တတ်သူတွေ ဖြစ်ကုန်ကြပါတော့တယ်၊ လူတွေကလဲ ပေးတဲ့ ကမ်းတဲ့ဘုန်းကြီးမှာဘဲတော်တယ်၊ သဘော သကာယကောင်းတယ်လို့ ထင်နေကြတာကိုး၊ လူချင်းတွေရင်

အာသွက်ရှာသွက်နဲ့ နှုတ်ဆက်တတ်တဲ့ ကိုယ်တော်ဆိုရင် အရည်အသွေးရှိတယ်၊ အာစရှာစရှိတယ်၊ဆက်ဆံမှုသိပ်ကောင်းတယ်နဲ့ ချီးမွမ်းထောမနာကြပါတယ်။

ကိုယ်တော်တပါးအကြောင်း ကြားဖြတ်ပြောပါရစေ၊ တခါတုန်းက အောက်မြို့ကျေးရွာက ကိုယ်တော်တပါး မန္တလေးကို စာသင်ရောက်လာပါတယ်၊ ရောက်လို့တနှစ်လောက်ကြာပေမဲ့လဲ ဆွမ်းခံအိမ် ဟုတ်တိပတ်တိမရှိသေးဘူး၊ ဘုံလောင်းတိုင်းလဲ ဝင်မတိုးချင်လေတော့ ဆွမ်းကွမ်းအတွက် အင်မတန်စိတ်ဆင်းရဲရပါသတဲ့။

ရေရှည်မှာ ဒီအတိုင်းနေသွားလို့ကလဲမဖြစ်နိုင်တော့ မန္တလေးပါးဝနေတဲ့ ကိုယ်တော်ကြီးတပါးကိုချဉ်းကပ်ရပါတယ်၊ အကျိုးအကြောင်းပြောပြတော့ သူကလဲသနားသွားဟန်တူပါရဲ့ ဆွမ်းခံအိမ် လိုက်ဖိတ်ပေးလိုက်တာ ငါးအိမ်လောက်ရသွားဆိုကိုး၊ ငါးအိမ်မို့ ဆွမ်းဟင်းငါးခွက်လောက်ဆိုရင် လောက်လောက်ငငရှိနိုင်ပါတယ်၊ ဒါပေတဲ့ တနေ့လာလဲတခွက်နှစ်ခွက်၊ တနေ့လာလဲ တခွက်နှစ်ခွက်၊အဲဒီတခွက်နှစ်ခွက်ကလဲ ယေဘုယျအားဖြင့်တော့ ပဲပြုပ်ဘဲများပါသတဲ့၊ သုံးလေးလလောက်ကြာတော့ မဖြစ်ချေဘူးဆိုပြီး ဆရာသမားထံပြန်ချဉ်းကပ်လို့ အကျိုးအကြောင်းပြောရပြန်ပါတယ်၊ အဲဒီတုန်းက ဆွမ်းခံအိမ်ဖိတ်ပေးတဲ့ ဆရာသမားရဲ့ သြဝါဒဟာ မှတ်သားလောက်ပါတယ်။

"မင်း တယ်ခက်တဲ့ကောင်ဘဲတဲ့၊ ဆွမ်းခံအိမ်ရောက်ရင် အပေါ် ဂံအစရှာပြီး စကားပြောရတယ်ကွ၊ ခေါင်းရင်းခန်းကနေ ကျောက်ဆင်းတုကြီးလို ထိုင်နေလို့ ဖြစ်တာမှတ်ဘူးကွ" ဟုသတည်း။

ဟုတ်လောက်ပါသည်၊ အပေါက်ရှာပြီး ပြေးတတ်မှလဲ ဒီကိုယ်တော်လေး သွက်လက်တယ်၊ ချက်ချာတယ်နဲ့ ကြည်ညိုနိုင်ကြဟန်တူသည်၊ ဘယ်လိုအပေါက်ရှာရမည်ကို မသိရှာသောထိုကိုယ်တော်များမှာ ဘာမှမကြာလိုက်ပါ၊ ထိုဆွမ်းခံအိမ်များနဲ့ သံယောဇဉ် ဖြတ်လိုက်ရပါတော့၏။

ဆဗ္ဗဂ္ဂီရဟန်းတွေဟာ အဲဒီဒေသမှာ တနေ့တခြား လူကြိုက်များလာတော့ နောက်ဆုံးမှာ ကျောင်းထိုင်ပုဂ္ဂိုလ်များဖြစ်လာကြပါတယ်။

လက်ဆက်တော်အခါက ကျောင်းတွေဟာ သံဃာအားလုံးပိုင်ဆိုင်တဲ့ သံဃိကကျောင်းတွေသာများပါတယ်၊ အခု ဆဗ္ဗဂ္ဂီရဟန်းတွေနေကြတဲ့ ကိဋ္ဌာဂိရိကျောင်းများဟာလဲ သံဃိကကျောင်းပါဘဲ၊ ဘယ်ရဟန်းမဆိုနေနိုင်ခွင့်ရှိပါတယ်၊ ဒါပေတဲ့ ရဟန်းကောင်းတွေကသူတို့နဲ့ အတူမနေနိုင်ကြတော့တဲ့အတွက်တခြားကို ထွက်ထွက်သွားကြရပါတယ်၊ ဒီလိုနဲ့ ဘဲ နောက်ဆုံးသူတို့အသိုင်းအဝိုင်းချည်းကျန်လေတော့ သူတို့ဘဲကျောင်းထိုင်ဖြစ်လာရတဲ့သဘောပါ။

ကျောင်းထိုင် ပုဂ္ဂိုလ်တွေ ဖြစ်လာတယ်ဆိုရင် သူတို့ရဲ့အကျင့်တွေဟာ ရှေးကထက် ဆိုးဝါးလာပါတယ်၊ စည်းလွတ်ဝါးလွတ်ဖြစ်လာပါတယ်၊ သင်္ကန်းဝတ်ထားတာ အိမ်ထောင်မပြုတာကလွဲလို့ ကျန်တဲ့အမူအကျင့်တွေဟာ ဝတ်ကြောင်တွေနဲ့ ဘာမှ မထူးတော့သလောက်ပါဘဲ။

မျက်နှာလှအောင်ဆိုပြီး သနပ်ခါးလဲ လိမ်းတတ်ကြပါတယ်၊ အမွှေးနံ့သာတွေကိုလဲ ဆွတ်ဖျန်းတတ်ပါတယ်၊ ပျင်းပျင်းရှိရင်

အော်ဟစ်ပြီး သီချင်းလဲဆိုတတ်ကြပါတယ်၊ ကျောင်းထဲမှာ ပွဲလမ်းသဘင်ကျင်းပလို့ မင်းသမီးက က,နေရင်သူတို့ကလဲ လိုက်ပြီး ကတတ်ကြပါတယ်၊ တခါတရံ နှစ်ထပ်သင်္ကန်းကြီးကို ပွဲကတဲ့နေရာမှာ ခင်းပြီး မင်းသမီးကို အဲဒီသင်္ကန်းပေါ် တက်အကခိုင်းတာမျိုးလဲ ရှိပါတယ်၊ ကကြိုးတခုဆုံးတာနဲ့ တပြိုင်နက် 'ဝမ်းစမိုး' ဆိုတာမျိုးအော်ပြီးကောင်းချီးပေးတာလဲရှိပါတယ်၊ဒါလောက်နဲ့ မကျေနပ်နိုင်လို့ ဆလံပေးပြီး အလေးပြုတာမျိုးလဲ မရှားပါဘူး၊ အရက်သောက်တာတို့ အချိန်မတော် စားတာသောက်တာတို့ကတော့ သူတို့အဖို့မဆန်းတော့ပါဘူး။

တခါတလေ ကျောင်းမှာညအိပ်မဲ့ ဧည့်သည် ဒကာ ဒကာမတွေရှိရင် သူတို့အတွက် အိပ်ရာ သီးသန့် ခင်းပေးမနေပါဘူး၊ သူတို့အိပ်တဲ့ အိပ်ရာမှာ အတူတူဘဲ အိပ်လိုက်ကြတာပါဘဲ။

သင်္ကန်းကြီးတွေ တဖားဖားနဲ့ လူ့ဇာတ်ထုပ်ကြီးထဲမှာ ဒီလိုပါဝင်အသုံးတော်ခံနေကြတာကိုအဲဒီဒကာဒကာမတွေကသိပ်သဘောကျကြပါတယ်' ဘယ်အထိ သဘောကျသလဲဆိုရင်သူတို့ဆဗ္ဗဂ္ဂိကိုယ်တော်တွေကလွဲလို့ တခြား ရဟန်းဆိုရင် မကြည်ညိုနိုင်လောက်တဲ့ အထိပါဘဲ။

တနေ့သ၌တော့ ကာသိတိုင်းဘက်က ရဟန်းတော်ကလေးတပါးဟာ ဘုရားဖူးရအောင်ဆိုပြီး သာဝတ္ထိပြည်ကို ကြွလာခဲ့ပါတယ်။ တနေ့သော နံနက်မှာ အဲဒီဆဗ္ဗဂ္ဂိတွေ ကြီးစိုးနေတဲ့ကိဋာဂိရိကို ရောက်လာပါရော၊ အချိန်ကလဲ ဆွမ်းခံချိန် ရောက်နေပြီဖြစ်လို့ သင်္ကန်းပါရုံပြီး ဣန္ဒြေရရနဲ့ မြို့ထဲကိုဆွမ်းခံကြွခဲ့ပါတယ်၊ တအိမ်ပြီးတအိမ် တလမ်းပြီးတလမ်းဆိုတာလို လှည့်လည်ပြီး ဆွမ်းရပ်လိုက်တာ မွန်းတည့်လုသာ နီးလာတယ် ဆွမ်းဆိုလို့ တစိမှ

မရရှာပါဘူး၊ မြင်သမျှလူတိုင်းလိုလိုက နှာခေါင်းရှုံ့ပြီး ကဲ့ရဲ့ကြဖြစ်တင်ကြသတဲ့။

"ဘယ်လို ကိုယ်တော်ပါလိမ့်၊ မျက်နှာထားကလဲ အောက်သိုးသိုးနဲ့၊ ဒီကိုယ်တော်ကြည့်ရတာ ယဉ်ကျေးပုံမရဘူး၊ ဘယ်သူ့မှလဲ စကားမပြော၊ နှုတ်မဆက်နဲ့၊ မာနလဲ ကြီးပုံရတယ်၊ ဒီကျောင်းက ရှင်အသျှစိတို့၊ ရှင်ပုနဗ္ဗသုတို့နဲ့ များ တယ်ကွာတာဘဲ"ပေါ့။

ဟုတ်ပါ၏၊ ကွာခြားပါ၏၊ သို့သော် ဒီကွာခြားချက်မှာ ဘယ်သူကယုတ်၍ ဘယ်သူက မြတ်တယ်ဆိုတာတော့ ကိဋာဂိရိသားတွေ သိရှိနားလည်ခြင်း မရှိကြပါဘူး၊ သူတို့စိတ်ထဲတော့ ဒီကိုယ်တော် ရဟန်းအစစ်မှ ဟုတ်ပါလေစ-လို့ သံသယရှိနေမလားဘဲ၊ ဒီလိုဖြစ်ရတာဟာ ဆဗ္ဗဂ္ဂီဆရာကြီးတွေရဲ့ လက်ချက်ကြောင့်ဘဲ ဖြစ်ပါတယ်၊ သာသနာတော် သန့်ရှင်းကောင်းမွန်ဘို့ဆိုတာဟာ ရဟန်းတွေအပေါ်မှာချည်း ပုံချလို့မဖြစ်ပါဘူး၊ ဝတ်ကြောင်တွေဘက်ကလဲ ပြုပြင်စရာတွေ အများဘဲရှိပါတယ်၊ အမှားကို အားပေးအားမြှောက် မလုပ်မိဘို့ လိုအပ်ပါတယ်၊ အမှန်ဘက်ကို ရောက်လာအောင် ဖျောင်းဖျတဲ့နည်းနဲ့ဘဲဖြစ်ဖြစ် အကျပ်ကိုင်တဲ့နည်းနဲ့ဘဲဖြစ်ဖြစ် ဆွဲဆောင်ပြောင်းလဲပေးနိုင်ရင် ရောမကောင်းမှုတခုကို ပြုရသလို ကောင်းကျိုးချမ်းသာ များစွာ ရနိုင်ပါတယ်။

ကိုယ်တော်ကလေးဟာ တလယ်လယ်နဲ့ ဆွမ်းခံကြွသွားရင်း တနေရာရောက်တော့ ဒကာတဦးနဲ့ တွေ့ပါတယ်၊ ကိုယ်တော်ကလေးရဲ့ ဣန္ဒြေသိက္ခာကို မြင်လိုက်ကတဲက ဒီကိုယ်တော်တော့ ဆွမ်းရမှာ မဟုတ်ဘူးဆိုတာ ဒကာက သိပြီးသားပေါ့၊ ဒါနဲ့

ကိုယ်တော်ကလေးအနား ကပ်သွားပြီး "အရှင်ဘုရား ဆွမ်းရခဲ့ပါ ရဲ့လား"လို့ လျှောက်ထားသတဲ့၊ ကိုယ်တော်ကလေးကလဲ မရ သေးကြောင်း ပြန်ပြောတော့—

"အရှင်ဘုရားလို ဣန္ဒြေသိက္ခာရှိတဲ့ အရှင်ကောင်းတွေ ဒီ ဒေသမျိုးမှာ ဆွမ်းမရတာဟာ အံ့ဩစရာမဟုတ်ပါဘူး ဘုရား၊ တနေ့လုံးလုံးခံလဲ ရမှာမဟုတ်ပါဘူး၊ ဒီတော့ တပည့်တော်အိမ် ကိုသာ ကြွပါဘုရား" ဆိုပြီး ပင့်သွားတာကိုး၊ တော် တော် သေးတော့ နို့မဟုတ်ရင် ဆွမ်းငတ်မှာ၊ အိမ်ရောက်တော့ ဖွယ် ဖွယ်ရာရာပါဘဲ၊ ဆွမ်းပါကပ်လို့ပြီးတဲ့အခါ ဒကာကမေးပါတယ်။

"အရှင်ဘုရား၊ ဘယ်အရပ်ကို ကြွမလို့ပါလဲ" တဲ့။

"ဒကာ ငါသာဝတ္ထိမြို့ကို ဘုရားဖူးရအောင် ကြွမလို့" ဆို တော့—

"ဒါဖြင့် တပည့်တော်၏ စကားနဲ့ မြတ်စွာဘုရားခြေတော် စုံကို ရှိခိုးပြီး ဒီလိုလဲ လျှောက်ထားပါ ဘုရား၊ (အရှင်ဘုရား၊ ကိဋ္ဌာဂိရိဌ်ရှိသော ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိ၊ ပုနဗ္ဗသုကဆိုတဲ့ အရှက်မရှိသော ရဟန်းယုတ်တွေဟာ ဒီကျောင်း မှာ ကျောင်းထိုင်ပုဂ္ဂိုလ်တွေဖြစ်နေကြပါသည်၊ သူတို့ဟာအမျိုး မျိုးသော အကျင့်ဆိုးတွေကို ကျင့်ကြပါသည်။

မြတ်စွာဘုရား၊ ရှေးအခါက ရတနာသုံးပါးကို ယုံကြည် လေးစားကြတဲ့ လူတွေဟာ ယခု မယုံကြည် မလေးစားကြတော့ ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည် ယခုပြတ် ကုန်ပါပြီ၊ သီလသိက္ခာကို မြတ်နိုးကြတဲ့ ရဟန်းဆိုလို့ မရှိတော့ ပါ၊ ယုတ်မာသော ရဟန်းများသာ ရှိနေကြပါသည်။

တောင်းပန်ပါသည် မြတ်စွာဘုရား၊ ကိဋ္ဌာဂိရိသို့ နောက် ထပ် ရဟန်းကောင်းများ လွှတ်ပေးတော်မူပါ။ သို့မှသာ ကိ...

ဂိရိကျောင်းတိုက်သည် ကောင်းစွာ တည်တန့်နိုင်ပါမည်၊)ဆိုတဲ့ အကြောင်းပါ၊ ဘေးက မကြားအောင် ခပ်တိုးတိုးဘဲ ပြောနေတယ်လို့ ထင်ရပါတယ်။

အဲဒီဒကာရဲ့ လျှောက်ထားတဲ့ စကားတွေကို မှတ်သားဝန်ခံပြီးတဲ့နောက် ရဟန်းကလေးဟာ သာဝတ္ထိမြို့ကို ထွက်လာခဲ့ပါတယ်၊ ဟိုရောက်တော့ ဘုရားမြတ်ထံ ရိုသေစွာ ချဉ်းကပ်လို့ ဦးပါချပြီး ရှေ့တော်မှောက်တနေရာမှာ ငြိမ်ငြိမ်ကလေး ထိုင်နေပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးကလဲ ထုံးစံအတိုင်း အလ္လာပ သလ္လာပစကားများ ပြောဆိုပြီးမှ ရဟန်းကလေးဟာ ဒါယကာ ပါးလိုက်တဲ့ စကားအလုံးစုံကို ဘုရားမြတ်အား လျှောက်ထားပါတယ်။

ဒီအခါ ဘုရားမြတ်စွာက ရဟန်းတွေကို စုဝေးစေပြီး အဲဒီအကြောင်းကို မေးမြန်းတော်မူတဲ့အခါ ရဟန်းတွေကလဲ ဟုတ်ပါကြောင်းနဲ့ လျှောက်ထားကြတာပေါ့၊ ဒါနဲ့ အရှင်သာရိပုတြာနဲ့ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးနှစ်ပါးကို ခေါ်တော်မူပြီး–

“သာရိပုတြာနဲ့ မောဂ္ဂလာန်၊ အဿဇိနဲ့ ပုနဗ္ဗသုက ရဟန်းတွေဟာ သင်တို့ရဲ့ တပည့်တွေဖြစ်တယ်၊ ဒါကြောင့် အဲဒီရဟန်းတွေကို ကိဋာဂိရိက နှင်ထုတ်ကြရမယ်”လို့ မိန့်တော်မူပါတယ်၊ ဒီတော့အရှင်မြတ်ကြီးနှစ်ပါးကပြန်ပြီးလျှောက်ထားကြပါတယ်။

“မြတ်စွာဘုရား၊ ဆဗ္ဗဂ္ဂိရဟန်းတွေဟာ အင်အားကလဲများ ကြမ်းလဲ ကြမ်းတမ်းကြပါတယ်၊ တပည့်တော်တို့ဘယ်လိုလုပ်ပြီး နှင်ထုတ်ရပါမလဲဘုရား”ပေါ့၊ မထေရ်မြတ်ကြီးတွေဟာဒီရဟန်းတွေကို ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပေမဲ့ သူတို့နဲ့ တပြီးစကား ပြောရမှာကိုတော့ စက်ဆုပ် ရွံရှာတော်မူကြတာပေါ့။

"ဒီလိုဆိုရင် ရဟန်းများများခေါ်သွားပြီး နှင်ထုတ်ရမယ်" လို့ ဘုရားမြတ်က ထပ်မံပြီး မိန့်တော်မူတော့ ကိုယ်တော်မြတ်ကြီး နှစ်ပါးလဲ မနေသာတော့ဘူးပေါ့၊ ရဟန်းတွေအများကြီးခေါ်သွားပြီးတော့ ဘုရားအမိန့်တော်နဲ့ နှင်ထုတ်ကြရပါတယ်။

ဒါနဲ့ ဆဗ္ဗဂ္ဂိ ရဟန်းတွေဟာလဲ အရှင်မြတ်ကြီးနှစ်ပါးကို အမျိုးမျိုးဆဲရေးတိုင်းထွာပြီး ထွက်သွားကြပါတော့တယ်၊ တော်တော်သေးတော့၊ ခုခံပြီး ရိုက်လား နှက်လားတွေ လုပ်နေရင် အခက်သားပေါ့၊ ဒါလဲ ပြောသာ ပြောရတာပါ၊ တကယ်လို့ ခုခံကြမယ်ဆိုရင်လဲ ဆဗ္ဗဂ္ဂိ ရဟန်းတွေဟာ အဲဒီ နေရာတွင်ဘဲ အလွန်ခါးသည်းတဲ့ အကျိုးကို ရသွားမှာပါ၊ ဘုရားအမိန့်တော် မဟုတ်လား၊ ပြီးတော့ လာရောက် ပြောကြား နေတာကလဲ တကဲ့အရှင်မြတ်ကြီးတွေကိုး။

ဘုရားလက်ထက်တော်တုန်းက သီလသိက္ခာကို ချစ်မြတ်နိုးပြီး သာသနာတော်ကို အလွန် လေးစားကြတဲ့ အလွန် ကြည်ညိုစရာ ကောင်းတဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေဟာ ဒုန့်ဒေးဆိုရ လောက်အောင်ကိုလဲ ပေါများလှပါတယ်၊ ဒီကြားထဲ "ဆွမ်းဆန် ထဲ ကြွက်ချေးရော" ဆိုတာလို ထော်လော်ကန့်လန့်နဲ့ ဒီဆဗ္ဗဂ္ဂိ ရဟန်းမျိုးတွေကို တွေ့ရတဲ့အခါ တရားတော်က ဘယ်လောက် ပင် မှန်ကန်ပေတဲ့ ဒီတရားကို လက်ခံကျင့်သုံးနေကြပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဖောက်ပြန်မှုကြောင့် ဖြောင့်စင်းသာယာလှတဲ့ ဓမ္မ လမ်းကြောင်းကြီးဟာ နှစ်ပရိစ္ဆေဒ ကြာငြောင်းလာတာနဲ့ အမှျ ခြုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်ပြီး တဖြည်းဖြည်း တိမ်ကောလာ တာကို ဝမ်းနည်းစွာ တွေ့ကြရပါတယ်၊ ဒီလို ဖြစ်လာတာကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြုပြင်မပေးနိုင်ရင် ဒလဟော ကျဆင်း သွားဘို့ဘဲ ရှိပါတယ်။

## ဗမာပြည်ရဟန်းများ

ဘယ်အရာမဆို တဖြည်းဖြည်း ယိုယွင်းလာတဲ့ သဘောရှိတာပါဘဲ၊ ရေကို အိုးတခုထဲမှာ ထဲ့ပြီးမလှုပ်မရှားနိုင်အောင် ထားလိုက်ရင် တဖြည်းဖြည်း အနယ်ထိုင်ပြီး ကြည်လာပါတယ်၊ ကြည်ရာကနေ ကာလကြာလာသည်နှင့်အမျှ အညှိ တက်လာပါတယ်၊ ခန်းလိုက်လာပါတယ်၊ အသွင်သဏ္ဍာန်အားဖြင့် တည်ငြိမ်တယ်လို့ ထင်ရပေမဲ့ အတွင်းအရည်အသွေးဟာ တစတစ ဖောက်ပြန်ပျက်စီးလာတာကို တွေ့ရပါတယ်။

ဗမာပြည်မှာ ဗုဒ္ဓသာသနာတော် အမြစ်တွယ်ပြီဆိုတာဟာ သာသနာတော်၏ တည်ငြိမ်မှုကို ပြတဲ့သဘောပါ၊ ဒါကတော့ အသွင်သဏ္ဍာန် တည်ငြိမ်တဲ့ သဘောပါဘဲ၊ အတွင်းသားအရည်အသွေးကတော့ တဖြည်းဖြည်းယိုယွင်းလာနေပါတယ်၊ ဆွမ်းဆန်ထဲကြွက်ချေးရောရာကနေ တဖြည်းဖြည်းနဲ့ ကြွက်ချေးထဲ ဆွမ်းဆန်ရောလာမှာကို စိုးရိမ်စိတ်ထားကြရပါလိမ့်မယ်။

ဘုရားကိုယ်တော်မြတ်ကြီးကလဲ သာသနာတော်သည် တနေ့သောအခါ ဆုတ်ယုတ်ယိုယွင်းလာမယ်လို့ ဟောတော်မူထားတာပါဘဲ၊ ဒါပေမဲ့ ယိုယွင်းမှုဟာ ဒလဟောမဟုတ်ဘဲ ဆုတ်ခံခံသွားနိုင်ဘို့အရေးကြီးပါတယ်၊ ဒီလို ခံသွားနိုင်အောင်ဆိုပြီး ရှေးအခါကတဲက သံဃါယနာအကြိမ်ကြိမ် တင်လာခဲ့ရတာပါ၊ ဒီလို တင်လာလို့လဲ ဒီနေ့အထိ ဆုတ်ခံခံနေနိုင်တာပါ၊ ဒါပေတဲ့ ခုတော့ ဆုတ်ရတာက များလာပါပြီ။

ဒီလို သံဃါယနာ အဆင့်ဆင့်နဲ့ ဆုတ်ခံ ခံလာရာမှာ စတုတ္ထနဲ့ ပဥ္စမသံဃါယနာတို့ရဲ့ ကြားကာလဟာ အတော်ကြီးကိုဘဲ ကွာခြားနေတာကို တွေ့ရပါတယ်။

ပထမနှင့်ဒုတိယ သံဂါယနာဟာနှစ်ပေါင်း (၁၀၀) ကွာပြီး၊ ဒုတိယနှင့် တတိယသံဂါယနာက နှစ်ပေါင်း ၁၃၅-နှစ်ကွာခြားပါတယ်၊ တဖန်တတိယနှင့် စတုတ္ထသံဂါယနာက နှစ်ပေါင်း (၂၀၀)ကျော်ကွာခြားပြီး စတုတ္ထနှင့် ပဉ္စမသံဂါယနာကျတော့ နှစ်ပေါင်း (၂၀၀၀) နီးပါးကွာခြားသွားပါတယ်၊ ဘာကြောင့် ဒါလောက်တောင် ကွာခြားသွားရတယ်ဆိုတာကို လေ့လာဘို့ သိပ်ကောင်းပါတယ်။

ဒါကြောင့် စတုတ္ထနှင့် ပဉ္စမသံဂါယနာကြားကာလမှာ ရှိကြတဲ့ ရဟန်းတွေရဲ့ အခြေအနေကို လေ့လာသင့်ပါတယ်၊ ဒီအချိန်မှာ ဗမာပြည်ရဲ့ အိမ်နီးချင်းနိုင်ငံအများစုမှာလဲ ရဟန်းများရှိနေကြပါတယ်၊ ဒါပေမဲ့ ကိုယ့်ဗမာပြည်ကရဟန်းများအကြောင်းကိုဘဲ လက်လှမ်းမှီသလောက် ဖော်ပြလိုပါတယ်။

စတုတ္ထသံဂါယနာကို သာသနာ သက္ကရာဇ် ၄၅၀၊မှာ(၄၅၃-လည်း အဆိုရှိ၏) တင်ပါတယ်၊ နိုင်ငံခြားမှာတင်ပေမဲ့ ထေရဝါဒချင်းတူတဲ့အတွက် ဗမာပြည်ရဟန်းများကလဲ အသိအမှတ်ပြုရပါတယ်။

## သရေခေတ္တရာ ဝိုးတဝါး

အဲဒီအချိန်ဟာ ဗမာပြည်သရေခေတ္တရာမှာ ငါးတပါးမင်းနန်းစံလို့(၁၇)နှစ်ပင်ရှိနေပါပြီ၊ ဒီသရေခေတ္တရာတို့ သုဝဏ္ဏဘူမိ ... ခေါ်တဲ့ သထုံပြည်မှာလဲ သာသနာတော်အခြေအမြစ် ခိုင်ခန့် ... ရဟန်းသံဃာတော်အများအပြားဘဲရှိနေကြတဲ့အချိန်ပါ၊ ပြီးတော့ ရဟန်းသံဃာများနဲ့ ထိုက်ထိုက်တန်တန် သာသနာပြုလာ ခဲ့တာ နှစ်ပေါင်း ၂၀၀-လောက်သာ ရှိသေးတယ်ဆိုတော့ ဒီအချိန်ဟာ သာသနာတော် နုပျိုလန်းဆန်းတုန်းဘဲ ဖြစ်ပါတယ်။

သာသနာတော် တိုးတက်ပြီး နှုတ်ပြုလန်းဆန်းနေဆဲ အချိန်မျိုးမှာ ရဟန်းအများစုကြီးဟာ လူမှုရေးကိစ္စတွေမှာ ပါဝင်လေ့ မရှိကြပါဘူး၊ ဘာသာရေး၊ သာသနာရေးနဲ့ပတ်သက်တဲ့ကိစ္စကိုဘဲ ဆောင်ရွက်လေ့ ရှိကြပါတယ်၊ ဒီလိုလူမှုရေးတွေမှာ မပါဝင်ဘဲနေရကောင်းလားဆိုပြီး ဒကာဒကာမတွေကလဲ အပြစ်မဆိုရုံသာမက ဆတပိုးတိုးပိုးတောင်မှ ကြည်ညိုကြ၊ လေးစားကြ၊ အားထားကြပါသေးတယ်၊ ဒါကြောင့်လဲ ဒီအချိန်မျိုးဟာ စာပေပရိယတ်သင်လို့ ကြားလို့အကောင်းဆုံး၊ ဓမ္မလမ်းကြောင်းနောက်ကိုလိုက်လို့ အကောင်းဆုံးအချိန် ဖြစ်ရပါတယ်။

ဝတ်ကြောင် ဒကာ ဒကာမတွေ အနေနဲ့လဲ သီတင်းသီလ ဆောက်တည်ကြ၊ လှူဒါန်းပေးကမ်းစွန့်ကြဲကြနဲ့ အင်မတန် သာယာစိုပြေပြီး ကြည်နူးစရာ သိပ်ကောင်းပါတယ်။

စိတ်ပိုင်းဆိုင်ရာများ တိုးတက်ဖွံ့ဖြိုးနေတဲ့အချိန် ဖြစ်လေတော့ လောဘသက္ကာယလဲ သိပ်မရှိကြပါဘူး၊ တဦးနဲ့တဦးမနာလို မုန်းထားတာတို့ မရှုစိမ့်နိုင်တာတို့ဆိုတာတွေလဲ အတော်ကြီးနဲပါးပါတယ်၊ ဒီအချိန်အခါမျိုးမှာ သာသနာတော်အတွင်း ကုသိုလ်မျိုးစေ့ ကြဲချစိုက်ပျိုးကြတဲ့ ပုဂ္ဂိုလ်တွေဟာ တမလွန်ကောင်းစားရေး၊ ဘဝလွတ်မြောက်ရေး သက်သက်ကိုသာ မျှော်မှန်းပြီး ပြုစုစိုက်ပျိုးကြစာ များပါတယ်၊ ဘုန်းကြီးကိုလှူရင် ဘုန်းကြီးဆီက ဘယ်လို အကျိုးအမြတ်တွေ ပြန်ရနိုင်တယ်ဆိုတဲ့ လောလောဆယ်အမြတ်ကို တွက်ပြီး လှူဒါန်းတာမျိုးများ မရှိသလောက်ပါဘဲ။

ငါတပါးမင်းဟာ ငါးရာမျှလောက်သော ရဟန္တာအရှင်မြတ်တွေကို ဆရာပြုကိုးကွယ်ပြီး ပစ္စည်းလေးပါးနဲ့ အမြဲထောက်ပံ့

ပါတယ်၊ ဒီလို လှူဒါန်းနေတာဟာ အရေးဟဲ့ အကြောင်းတဲ့ ဆိုရင် ဒီရဟန်းတွေဟာ သူ့ဘက်က အကာအကွယ်ဖြစ်အောင် ဆိုတဲ့သဘောနဲ့ တော့ မဟုတ်ပါဘူး။

ရဟန်းများအနေနဲ့ကလဲ ဣန္ဒြေသိက္ခာ အင်မတန်သိပ်သည်းကျစ်လစ်တော်မူကြပါတယ်၊ ပရိယတ်ပဋိပတ် လုပ်ငန်းတွေမှာလဲ လေးလေးစားစား ရှိတော်မူကြပါတယ်၊ တကယ်တော့ အကျင့်ကောင်း အကျင့်မြတ်တွေဟာ ရဟန်းများအတွက် မျက်မှောက်ဘဝကစပြီး နိဗ္ဗာန်အထိ ကောင်းကျိုး ချမ်းသာကို သေသေချာချာကြီး ဖြစ်စေပါတယ်။

ဒါကြောင့် ရဟန်းဘဝကို ရယူတယ်ဆိုတာ အမှန်အားဖြင့်တော့ မိမိ၏ကောင်းကျိုးချမ်းသာအတွက်ဘဲ ဖြစ်ပါတယ်၊ ဒါလဲ ဘဲ ကောင်းအောင် နေထိုင်ကျင့်ကြံတဲ့ ပုဂ္ဂိုလ်ကို ပြောတာပါ၊ ကောင်းအောင် မနေတဲ့ပုဂ္ဂိုလ်မှာ ကောင်းကျိုး မဖြစ်ပါဘူး၊ ညံ့ဖျင်းတဲ့ ဒကာဒကာမတွေရဲ့အကြိုက်လိုက်လုပ်လို့ ခုမျက်မှောက်မှာ မြိုးမြိုးမြက်မြက်ကလေး ရှိတာလောက်ကိုတော့ အားမကျသင့်ပါ၊ ကောင်းကျိုးလို့လဲ မမှတ်သင့်ပါ၊ ဒီနည်းနဲ့ ကြီးပွားမှုတွေဟာ တမလွန်မှာ ခါးသည်းနာကျည်းဘွယ်ရာတွေ ကျိန်းသေဖြစ်မှာမို့ ဆိုးကျိုးလို့ဘဲ သဘောထားသင့်ပါတယ်။

တမလွန်ဆိုတာ ဝေးလှသည်မဟုတ်ကြောင်းကို လူတိုင်းသတိပြုသင့်ပါတယ်၊ ကောင်းအောင်နေတဲ့ရဟန်းဟာ ကိုယ်ကျိုးချမ်းသာကို ဘုတကာတွေထက် ပိုပြီးရစမြဲပါဘဲ၊ မိမိကောင်းကျိုးချမ်းသာအတွက် ရဟန်းပြုတယ်ဆိုပေတဲ့ မိမိကောင်းကျိုးအတွက် ကျင့်ကြံနေခြင်းသည်ပင်၊ မိမိအား ဆည်းကပ်နေကြသော ဒကာ

ဒကာမများ၏ကောင်းကျိုးချမ်းသာအတွက်လဲ ဖြစ်နေပါတယ်၊ ဒါကို လိမ္မာတဲ့ ဒကာဒကာမများက သိပြီးဖြစ်ပါတယ်။

ဒါကြောင့်သာသနာတော်နုပျိုလန်းဆန်းချိန်ဆိုဟာလူလိမ္မာတွေ ပေါများတဲ့အချိန်လို့ ဆိုရပါမယ်၊ပီးတော့ သာသနာတော် သက်တန်းကြာငြောင်းသွားလို့ အိုစာရင်းသွင်းလိုက်ရပေမဲ့ ပင်အိုကြီးများရွက်နုတက်သလို နုပျိုရွင်လန်းလို့၊ ပြန်ပီး တခေတ်ဆန်းပြန်ရင်လဲ ဒီအခါမျိုးဟာ လူတော် လူကောင်း လူလိမ္မာပေါများတဲ့အခါမျိုးဘဲ ဖြစ်ပါတယ်၊ ဒီခေတ်မှာ ထိုကာလရဲ့ အခြေအနေကို သက်သေ ပြုနိုင်လောက်အောင် ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့ တဦးချင်းအကြောင်းကို မတွေ့မိလို့ အားလုံးရဟန်းတွေရဲ့အခြေအနေကို ခြုံပီး စိုးတိုးဝါးတားသာ ဖော်ပြနိုင်ပါတယ်။

သရေခေတ္တရာ ခေတ်အတွင်းမှာ ရဟန်းထုကြီးဟာ တော်တယ်၊ ကောင်းတယ် ဆိုတာသာ ကြားဘူးပါတယ်၊ စာဆိုလောက်အောင် ပျက်စီးနေတဲ့ ဆိုးသွမ်းရဟန်းများကို မကြားမိရပါဘူး၊ လက်ထက်တော်ကြီးမှာတောင် ဆဗ္ဗဂ္ဂီများလို ဆိုးသွမ်းရဟန်းများ ရှိနေတာကတော့ အားကောင်းမောင်းသန်ပျိုရွယ်ချိန်မှာ နာမကျန်းဖြစ်တဲ့သဘောပါဘဲ၊ အရှိန်ကောင်းတုန်းမို့ ကိစ္စမရှိလှပါဘူး၊ လူအိုကြီး ရောဂါဖြစ်နေတာသာ စိုးရိမ်ရပါတယ်။

သာသနာသက္ကရာဇ် (၆၃၈) ရောက်တဲ့ခါ သရေခေတ္တရာပြည်ကြီး ပျက်ပါတော့တယ်၊ သက္ကရာဇ်(၆၅၁)မှာ သမုဒ္ဒရာဇ်မင်းကြီးဟာ ပုဂံပြည်ကို စတင် တည်ထောင်ပါတယ်။

## ပုဂံရဟန်းများ

ပုဂံတည်ပြီးတဲ့နောက် နှစ်ပေါင်း(၄၀၀)လောက်အထိ သာသနာကောင်းတုန်းပါဘဲလို့ ဆိုတော့ ဒီကာလအတွင်းမှာ ရဟန်း

တော်တွေရဲ့ အမှုအကျင့်တွေဟာ တည်တည်ငြိမ်ငြိမ်နဲ့ ကြည်ညို ဖွယ်ရှိနေသေးတယ်လို့ ဆိုရပါမယ်။

သိုက်တိုင်မင်း လက်ထက်ကစပြီး သာသနာညှိုးနွမ်းလာတယ် လို့ ရာဇဝင်က ဆိုပါတယ်၊ သာသနာနှစ် ၁၀၆၀ လောက်က တော့ပါဘဲ၊ သာသနာတော်နှစ်ပေါင်း တထောင်ကျော်လာပြီ ဆိုတော့ ရှေ့ကနဲ့စာရင် အတော်ကလေး အရွယ်ရလာပြီပေါ့၊ ခက်တာက ဒီအချိန်အထိ ပိဋကတ်တော်တွေကို အဲဒီဒေသမှာ စာနဲ့ ပေနဲ့ ရေးမထားသေးခြင်းဘဲ ဖြစ်ပါတယ်၊ ရေးစရာ အက္ခရာနဲ့ရေးဘို့ ပစ္စည်းကိရိယာမရှိသေးလို့တော့ ဟုတ်ပုံမရပါ ဘူး၊ ဒီအချိန်မှာ စာပေရေးသားမှုနဲ့ ပတ်သက်လို့ အတော် အခြေကျနေလောက်ပါပြီ၊ ဒါပေမဲ့ တစုံတယောက် တဖွဲ့တစည်း က ဆော်အောတိုက်တွန်းမှု မရှိလေတော့ ဖာသိဖာသာဖြစ်ကုန် ကြပုံရပါတယ်။

ဒီလိုစာနဲ့ပေနဲ့ ရှိမထားတော့ကာ ကိုယ်ထင်သလို နေကြ ထားကြရာကစပြီး ရဟန်းများ အကျင့်ပျက်လာတာ ဖြစ်မှာပါ။

ပစ္စည်းတခုကို ဖြစ်မြောက်ဘို့ ကြိုးစားတဲ့အချိန်ဟာ အဲဒီ ပစ္စည်းအတွက် တိုးတက် ကောင်းမွန်တဲ့ အချိန် ဖြစ်ပါတယ်၊ ပစ္စည်းဖြစ်မြောက် အောင်မြင်သွားတဲ့ အချိန်ဟာ အဲဒီပစ္စည်း အတွက် အတိုးတက်ဆုံး၊ အကောင်းဆုံး အချိန် ဖြစ်ပါတယ်၊ ပစ္စည်းဖြစ်မြောက်အောင်မြင်တဲ့ အချိန်ကစပြီး ထိုပစ္စည်းအတွက် တစတစကောင်းလာဘို့ဆိုတာ မရှိတော့ပါဘူး၊ တစတစပျက် လာဘို့ဘဲ ရှိပါတော့တယ်။

ဒါကိုဘဲ ပြုရင်းပြင်ရင်း ဖာရင်းထေးရင်းနဲ့ အသုံးချသွား ရတာပါ၊ သာသနာတော်ဆိုတာ ပစ္စည်းတခုပါဘဲ၊ ဒီပစ္စည်း

ဟာ ရဟန်းတွေနဲ့ ခွဲခြားလို့ မရစကောင်းပါဘူး၊ ဒီပစ္စည်းကို ထိန်းသိမ်းကြတဲ့အထဲမှာ ဝတ်ကြောင်တွေလဲ ပါပါတယ်၊ တာဝန်အရှိဆုံးကတော့ ရဟန်းများဘဲပေါ့၊ ယိုယွင်းလာတဲ့ အခြေအနေကို ပြုပြင်ပေးရပါမယ်၊ ဖာထေးပေးရပါမယ်၊ တည့်မတ်ပေးရပါမယ်။

## အရည်းကြီးရဟန်းများ

အဲဒီ အချိန်တုန်းက ရဟန်းတွေ အကျင့်ပျက်လာတာဟာ ဘယ်သူကမှ ဂရုမစိုက်လို့ ဖြစ်မှာပါဘဲ၊ ဂရုမစိုက်ဆိုတာက လှူဒါန်းပေးကမ်းမှုမရှိ၊ သီတင်းသီလ ဆောက်တည်မှု မရှိစတဲ့ဟာတွေကိုဆိုလိုတာမဟုတ်ပါဘူး၊ လှူနေပေမဲ့ ကိုယ်လှူတဲ့ရဟန်းဘာဖြစ်နေတယ်၊ အကျင့်ပျက် နေသလား၊ မဟုတ်တာ လုပ်နေသလားဆိုတာတွေကို ဂရုမစိုက်ဘဲ နေတာကို ပြောတာပါ။

ရဟန်းတွေ အနေအထိုင် မကျစ်လစ်တာကို ပြုပြင်ပေးရမဲ့အစား၊ ရဟန်းလိုမှ မနေဘဲ ဘဲဆိုပြီး လူတွေကလဲ ရဟန်းတွေကို လူပေါင်း ပေါင်းလာကြပါတယ်၊ အရှိအသေ မပြုတော့ဘူးပေါ့၊ ဒီလို ဒကာတွေက လူပေါင်း ပေါင်းလာတာကို တချို့ရဟန်းများက ကျေကျေနပ်နပ် လက်ခံကြပါတယ်၊ ရဟန်းမှာ ဂုဏ်သိက္ခာ ဘယ့်လောက် ကျဆင်းပြီး လူတွေမှာ အပြစ်ဘယ်လောက်ကြီးတယ်ဆိုတာ နှစ်ဦးနှစ်ဘက်စလုံးက သိကြပုံ မရဘူး၊ ပြည်ပိုင်မင်းတွေကလဲ လောကီရေးလောက်သာ အာရုံထားနေတော့ လောကီရေးမှာ စွမ်းနိုင်တဲ့ ရဟန်းလောက်ကိုဘဲ ဦးစားပေးလာကြပါတယ်။

ဒါကြောင့်လဲ မဟုတ်တာယုတ်တွေ ဖြစ်ပြီး ဘယ်အကုသိုလ် ပြုမိရင် ဘယ်ပရိတ်ရွတ်၊ ပျောက်တယ်ဆိုတာတွေ ဖြစ်ပေါ်လာ တာပါ။

"ဒါဟာကျမ်းဂန်စကားမဟုတ်ဘူး၊ကျမ်းဂန်နဲ့ မညီဘူး"လို့ ကာကွယ်ပြောဆိုနိုင်တဲ့ရဟန်းများလဲရှိကောင်းပါတယ်၊ပြောချင် လဲပြောကြပါလိမ့်မယ်၊ဒါပေမဲ့ တဖက်ကအားကောင်းနေတော့ ပြောလို့အရာရောက်မယ်မဟုတ်ဘူးပေါ့၊ မီးများမီးနိုင်ရေများရေ နိုင်ဆိုသလို ကြာတော့ ရဟန်းကောင်း အနဲအပါးကလေးဟာ အဲဒီမှာ မနေနိုင်တော့ဘဲ တခြားတနေရာ ပြောင်းရွှေ့သွားကြ တာဖြစ်မှာပါဘဲ။

နောက် သူတို့ချည်း ကျန်တဲ့အခါ ဩဇာအရှိန်အဝါကလဲ ကြီးသထက် ကြီးလာလို့ ခေါင်းဆောင် ရဟန်းပျက် သုံးကျိပ် မှာ တပည့်ပေါင်းခြောက်သောင်းလောက် ရှိလာတယ်လို့ဆိုပါ တယ်၊ အရှိန်အဝါ ကြီးပိုလာတာနဲ့ အမျှ အကျင့်ပျက်လိုက် လာတာကလဲ လွန်လွန်းပါရော၊ သူတို့ရဲ့ အသွင်သဏ္ဌာန်နဲ့ ပတ် သက်လို့ စာတပုဒ်က ဆိုထားပုံမှာ—

"ရှေးအတီတော၊ ပုဂံပြေတွင်၊ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေးဗလပြစ်နှင့်၊မဲညစ်သည့်စီဝရံ၊ တာတေလံ အကျင့် ဆိုးနှင့် ရှင်သို့တကာ့ ခေါင်ကြီး ရှင်မထီး" လို့ ဆိုထားပုံကို ထောက်ရင် တကယ့် အရိုင်းအစိုင်းတွေရဲ့ ပုံပန်းသဏ္ဌာန်မျိုးဖြစ် ပေါ်နေပါတယ်၊ သူတို့ကို အရည်းကြီး ရဟန်းများလို့ ခေါ် တာကတော့ ရဟန်းအတန်းအစားထဲ ထည့်သွင်းထားလို့ဘဲ ဖြစ် ပါတယ်။

ခေါင်းပေါ်မှာ ဆံပင် ဂုတ်ဝဲကြီးတွေနဲ့ မုတ်ဆိတ်မွေး၊ နှခမ်းမွေးကြီးတွေ တကားကားနဲ့ ရှိနေပေတဲ့ အတန်းအစားက ရဟန်းထဲပါနေလေတော့ အသွင်သဏ္ဌာန်နဲ့ အကျင့်က ယုတ် နေပေတဲ့ အရည်းကြီးလို့ဘဲ တင်စား ခေါ်ရတာပေါ့၊ သူတို့ရဲ့ အဝတ်အစားနဲ့ပတ်သက်လို့ မဟာယာနဂိုဏ်းဝင် တရုပ်ဘုန်း ကြီးများ ဝတ်လေ့ရှိတဲ့ မဲပြာရောင်သင်္ကန်းလို့ သာသနဝံသက ဆိုပါတယ်။

အရည်းဆိုတဲ့ အဓိပ္ပါယ်ကတော့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်လို့ အဓိပ္ပါယ် ရှိပါတယ်၊ "ဦးခေါင်းပြည်းစည်း၊ သင်မုန်းလှည်း၊ အရည်းမြတ်ပုဂ္ဂိုလ်" လို့ ကဝိလက္ခဏာက ဆိုသကိုး။ ယခုခေတ် ဘုန်းကြီး၊ အလယ်ခေတ်က ခင်ကြီး၊ အဲဒီခေတ်ကတော့အရည်း ကြီးလို့ခေါ်တာတွေဟာ အဓိပ္ပါယ် အတူတူပါဘဲ၊ သူ့ခေတ် နဲ့သူ ဝေါဟာရပြောင်းလဲလာတဲ့ သဘောပါ၊ ဒါပေမဲ့ အရည်း ကြီး ဝေါဟာရခေတ်မှာ ရဟန်းတွေ အကျင့်ပျက်တာက ကမ်း ကုန်နေလို့ နောက်ပိုင်းခေတ်များကျတော့ အရည်းကြီးဆိုတဲ့ ဝေါဟာရဟာ ကမ်းကုန်အောင် အကျင့်ပျက်နေတဲ့ ရဟန်းဘဲ ဆိုတဲ့ အဓိပ္ပါယ်ကို ကူးပြောင်း အတည်ဖြစ်သွားပုံ ရပါတယ်။

သာသနာ့လင်္ကာရမှာတော့ သိက္ခာမတင် သိမ်မဝင်ဘဲ ကိုယ့်ဘာသာကိုယ် သင်္ကန်းဝတ်ထားသူများ ဖြစ်တယ်လို့ ဆိုပါ တယ်၊ ဒါက နောက်ပိုင်းမှာတော့ ဟုတ်ပုံရပါတယ်၊ ပထမတုန်း ကတော့ ရဟန်းဘဝကနေ ရွေ့လျောသွားတာဖြစ်မှာပါ၊ ဘာပြု လို့လဲဆိုတော့ အဲဒီတုန်းက အဲဒီဒေသမှာ ဘာသာတရားအနေနဲ့ ဗုဒ္ဓဘာသာတခုသာ ရှိနေသေးလို့ ဖြစ်ပါတယ်။

ဒီအရည်းကြီးတွေဟာ လူတွေရဲ့ ရှိခိုးဦးချကို ခံသလို လူတွေရဲ့ အခစအပါးကိုလဲ ခံကြတယ်လို့ ကြားဘူးပါတယ်၊ ထင်းပေါက်

ပေးတာတို့၊ ရေခပ်ပေးတာတို့ စတဲ့ ကိစ္စတွေပါဘဲ၊ ဆင်စီး မြင်းစီး အစရှိတဲ့ဟာတွေကိုလဲ လုပ်ကြပါသတဲ့။

အဆိုးဆုံးကတော့ မူးကြီးမတ်ရာ သေနာပတိမှစပြီး သူဌေး သူကြွယ် ကုန်သယ်လယ်လုပ်အထိ သမီးကလေးတွေ ထိမ်းမြား မင်္ဂလာပြုရင် အဲဒီ အရည်းကြီးတွေကို ပူဇော်တဲ့အနေနဲ့ မင်္ဂလာ မဆောင်ခင် တည လွှတ်ပေးရပြီး နောက်တနေ့ရောက်မှ မင်္ဂလာ ဆောင်ရတယ် ဆိုတဲ့ ကိစ္စပါဘဲ၊ ဒါကို ပန်းဦးလွှတ်တယ်လို့ ဝေါဟာရ ပြုကြပါတယ်၊ ဒီလိုမှမလုပ်ရင် ရှေးအစဉ်အလာ ဖျက်တယ်ဆိုပြီး မင်းပြစ်မင်းဒဏ် ခံရပါသတဲ့။

ဒီကိစ္စမှာတော့ ပုဂံခေတ်အရည်းကြီးရဟန်းတွေဟာ လက်ထက်တော် ခေတ်က ဆဗ္ဗဂ္ဂီရဟန်းတွေထက် နှာတဖျား ပိုသွားပါတယ်၊ ဆဗ္ဗဂ္ဂီရဟန်းတွေ ဆိုးသွမ်းယုတ်မာတယ်ဆိုပေတဲ့ ဒီကိစ္စမျိုးတော့ မကြားမိပါဘူး၊ ဒကာမတွေနဲ့ တနေရာထဲ အတူ အိပ်ကြတယ် ဆိုပေတဲ့ ဒီကိစ္စကိုတော့ လွတ်အောင် ရှောင်ပုံရကြပါတယ်၊ တချို့တလေလဲ မလွတ်မကင်း ရှိကောင်းပါတယ်၊ ဒါပေတဲ့ အစဉ်အလာကြီးတခုဖြစ်အောင်တော့ မကျူးလွန်ခဲ့ရိုးအမှန်ပါ၊ ပြီး ဒီကိစ္စက ရဟန်းတွေအနေနဲ့ မရှောင်ရင် မဖြစ်တဲ့ ကိစ္စမျိုး ဖြစ်နေတာကိုး။

## ရဟန်းများအတွက် သေဒဏ်

ရဟန်းမှန်ရင် 'မ' နဲ့ ကင်းရပါမယ်၊ 'မ' ဆိုရင် တိရစ္ဆာန် မ သော ဘာသော ဘာ မ နဲ့မှ မကျူးလွန်ရပါဘူး၊ ကျူးလွန် ဆိုတဲ့နေရာမှာ မမွတာပေါက်သာမက ပါးစပ်ပေါက်တို့ စအို ပေါက်တို့ကိုလဲ မကျူးလွန်ရပါဘူး၊ ဒါကြောင့် ယောကျ်ားချင်းလဲ မကျူးလွန်ရပါဘူး၊ ကျူးလွန်ရင် "ပါရာဇိက" ပါဘဲ။

ပီးတော့ သူများပစ္စည်းကို မခိုးရပါဘူး၊ ဒီ ခိုးမှုကိစ္စမှာတော့ သိက္ခာပုဒ်ကို ထိခိုက်လောက်တဲ့ တန်ဘိုးပမာဏကို ဆုံးဖြတ်တဲ့ နေရာမှာ အမျိုးမျိုး အစားစား ရှိပါတယ်။

နောက်တခုက လူသားချင်းကို မသတ်ဖြတ်ရပါဘူး၊ ဘယ်နည်းနဲ့သတ်သတ် လူကိုသတ်ရင် ပါရာဇိကပါဘဲ၊ လူမသတ်ရဘူးဆိုလို့ တိရစ္ဆာန်တော့ သတ်ခွင့်ရှိတယ် မအောင့်မေ့ပါနဲ့ ၊ မသတ်ရပါဘူး၊ ဒါပေတဲ့ လူသတ်တာလောက် အပြစ်မကြီးလို့ သူ့ကို နောက်ပိုင်း အပြစ်ထဲမှာ ထဲ့ထားပါတယ်။

လေးခုမြောက် နောက်ဆုံးအချက်ကတော့ ဒကာ ဒကာမတွေကိုဘဲဖြစ်ဖြစ် ရဟန်း အချင်းချင်းကိုဘဲ ဖြစ်ဖြစ် ဈာန်တရားရသယောင်ယောင်၊ မဂ်တရားဘဲ ရနေသလိုလို၊ ဖိုလ်ဘဲ ဝင်စားနိုင်သလိုလိုနဲ့ လိမ်လည် လှဲ့ဖြားတဲ့အလုပ်ကို မလုပ်ရပါဘူး၊ လုပ်ရင် ပါရာဇိကပါဘဲ။

ပါရာဇိကဆိုတာ ရဟန်းတွေအတွက်တော့ သေဒဏ်ပါဘဲ၊ ခုပြောခဲ့တဲ့ ပြစ်ချက် လေးခုထဲက တခုခုကို ကျူးလွန်မိရင်ကိုဘဲ ရဟန်းဘဝဟာ တခါထဲ ပျက်သုဉ်းသွားတော့တာပါဘဲ၊ ဒီဘဝမှာဖြင့် နောက်ထပ် ရဟန်းဘဝကို မရယူနိုင်တော့ပါဘူး၊ ကိုရင်သာမဏေအဖြစ်ဘဲ ရပါတော့တယ်၊ ဒါထက် အောက် ရောက်သွားရင်တော့ လူပါဘဲ။

အရည်းကြီးရဟန်းတွေဟာ ဒီသိက္ခာပုဒ်တွေကို ကျူးလွန်ထားတဲ့ လူတွေဖြစ်လေတော့ သူတို့မှာ ရဟန်း သိက္ခာလဲ မရှိ၊ သာမဏေသိက္ခာလဲ မရှိတော့ပါဘူး၊ ဒါက ပထမပိုင်းကို ပြောတာပါ၊ နောက်ပိုင်းမှာတော့ သူတို့ဟာ ကျူးလွန်တယ်ဆိုတာ မရှိတော့ပါဘူး၊ ဘာပြုလို့လဲဆိုတော့ သူတို့သန္တာန်မှာ ကျူး

လွန်စရာ သိက္ခာပုဒ်ဆိုလို့ တခုမှ မရှိတော့ဘဲကိုး၊ သင်္ကန်းကြီး ဝတ်နေပေတဲ့လဲ ရဟန်း မဟုတ်တော့ပါဘူး၊ ရဟန်းယောင် ဆောင်နေကြတဲ့သူတွေဖြစ်လို့ သူတို့ကို "လူရဟန်း" လို့ ဆိုရပါ လိမ့်မယ်။

မင်းဘေး ခိုးသားဓားပြဘေးကြောင့် ခေတ္တခဏ သင်္ကန်း ဝတ်ပြီး အယောင်ဆောင်တာမျိုးကတော့ အပြစ်မရှိလှပါဘူး၊ ပါရာဇိကကျပြီးပါရက်နဲ့ အရှိန်အဝါ လျှော့ပါးသွားမှာစိုးလို့ စားဝတ်နေရေး ခက်မှာစိုးလို့ သင်္ကန်းဝတ်ပြီး ရဟန်းယောင် ဆောင်နေတာမျိုး၊ ပြီးတော့ အသက်မွေးဝမ်းကျောင်း လွယ် အောင်ဆိုပြီး ကိုယ့်ဘာသာကိုယ် သင်္ကန်းဝတ်ပြီး အလှူခံ စား သောက်နေတာမျိုး၊ ဒါမျိုးတွေကတော့ အင်မတန်ကိုအပြစ်ကြီး ပါတယ်၊ အဲဒီ သင်္ကန်းဝတ် အယောင်ဆောင်တွေကို "လိင်္ဂ ထေနက" ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်၊ အသွင်သဏ္ဌာန်ကိုခိုးထားတဲ့ အယောင်ဆောင်သမားလို့ အဓိပ္ပါယ်ရပါတယ်။

ဒီလိမ်လည်မှုမျိုးဟာ ဘာသာတရားကို အကြီးအကျယ် ဖျက်ဆီးရာ ရောက်တဲ့အတွက် သာသနာပြု မြန်မာ ဘုရင်များ လက်ထက်ကဆိုရင် သေဒဏ်အထိ ပေးတာကို တွေ့ရပါတယ်။

လိင်္ဂထေနက ဖြစ်ရင် သံဝါသထေနက ဖြစ်ဘို့ ဆိုတာလဲ အများကြီး နီးစပ်ပါတယ်၊ သံဝါသထေနကဆိုတာက မိမိ ကိုယ် တိုင်က အယောင်ဆောင်ဖြစ်ပါရက်နဲ့ ရဟန်းစစ်တွေနဲ့ ကံကြီး ကံငယ်မှုစပြီး ရောနှောပေါင်းသင်းတာတို့၊ ဝါစဉ်ရေတွက်တာတို့ ရှိခိုးဦးချမှုကို သာယာတာတို့ ဆိုတာတွေ ဖြစ်ပါတယ်၊ ဒါက သာမန် နားလည်အောင် ပြောတာ ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်အမျိုးအစားတွေဟာ ဒုတိယဘဝအတွက်တော့ဖြင့် ဘယ်နည်းနဲ့မှ ကောင်းကျိုးဖြစ်မလာတော့ပါဘူး၊ သူတို့အတွက်

တမလွန်ဆိုတာဟာ ခါးသည်းဘွယ်ရာ ဘေးဆိုးကြီးများဘဲ ဖြစ်ပါတယ်၊ အပါယ်ငရဲရဲ့ နာကျည်းလှတဲ့ အင်မတန် ဆိုးဝါးမှုတွေနဲ့ တွေ့ထိကြရမှာ ဖြစ်ပါတယ်။

အရည်းကြီးတွေဟာ ဒီတမလွန်ရဲ့ အပြစ်အနာအဆာတွေကို မသိလို့တော့ မဟုတ်နိုင်ပါဘူး၊ ဒါပေမယ့် လောလောဆယ် ရရှိနေတဲ့ အရသာကလေးကို ခပ်မျက်မျက်ကလေး တွေ့နေရတော့ ဒီအရသာကလေးကို မစွန့်နိုင် မပယ်နိုင် ဖြစ်နေကြပါတယ်၊ နောက်မှ တွေ့ရမယ့် ဆင်းရဲဒုက္ခဟာ ဘယ်လောက်ဘဲ ကြီးမားတယ် ဆိုပေတဲ့ ခုလောလောဆယ် တွေ့နေရတဲ့အရသာကလေးက အနာဂတ်ဒုက္ခကြီးကို မမြင်နိုင်အောင် ဖုံးဖိပေးထားသလို ဖြစ်နေတာပါ။

အထူးသဖြင့် ဒီကိစ္စမျိုးဟာ အရှိန်အဝါကြီးမားလှတဲ့ ပုဂ္ဂိုလ်တွေနဲ့၊ အပြစ် မမြင်နိုင်လောက်အောင် မောဟဖုံးလွှမ်းခြင်း ခံရတဲ့ ပုဂ္ဂိုလ်တွေမှာ ပိုပြီးဖြစ်တတ်ပါတယ်၊ ဖြစ်တတ်တာကိုပြောတာပါ။

အရှိန်အဝါကြီးမားလှတဲ့ပုဂ္ဂိုလ်တွေဟာ အရှိန်ဝါကြီးလေလေ ကိုယ့်ကိုယ်ကိုထိန်းသိမ်းဘို့ လိုလေလေပါဘဲ၊ မထိန်းသိမ်းနိုင်လို့ ထိခိုက်လောက်တဲ့ပြစ်မှုတခုကို ကျူးလွန်မိပြီ ဆိုရင်တော့၊ ဘဝတခုကိုရင်ဆိုင်ရတဲ့သူ့အနေနဲ့ ဖြစ်လာမဲ့ အခြေအနေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သော်လဲ၊ သတ္တိနဲ့သူများအဘို့တော့ လက်ရှိဘဝကိုဘဲဖုံးဖုံးဖိဖိနဲ့ နေထိုင်သွားတတ်ကြပါတယ်၊ ဒီလိုဖြစ်ရတာကလဲ လက်ငင်း ရနေတဲ့ အရှိန်အဝါသြဇာ အာဏာ ကလေးတွေ ဆုတ်ယုတ်ကျဆင်းသွားမှာ စိုးရိမ်လို့ဘဲဖြစ်ပါတယ်၊ ရဟန်းဘဝမှာ မိုးထိအောင်ဘုန်းတန်ခိုးကြီးနေပေတဲ့ လူဝတ်လဲလိုက်ရင် ဒီဘုန်းတန်ခိုးတွေက ပျောက်ကုန်တာ များပါတယ်၊ ဒါလဲအ

ကြောင်းရင်းရှာတော့ မောဟအားကြီးတဲ့သဘောပါဘဲ။

တကယ်တော့လဲ လက္ခဏာအတွေ့ဆိုတာကို (အာရုံရဲ့ ပမာဏကိုလိုက်လို့)အင်မတန်လက်လွတ် နိုင်ခဲပါတယ်၊ အထူး သဖြင့် တော့ မတွေ့ တွေ့အောင်လိုက်ရှာနေသူများအတွက်ပိုလို့ပင် ရှောင် နိုင်ခဲပါတယ်၊ ရှောင်နိုင်ရင်လဲ တကယ့်ပုဂ္ဂိုလ်ပါဘဲ၊ ဒီအတွေ့ ဆိုတာကို လက်လွတ် ရှောင်ရှားလိုက်တဲ့အတွက် ရရှိမဲ့ အကျိုး အာနိသင်ကိုနှစ်နှစ်ကာကာဆန္ဒထားပြီး၊ မရှောင်ရှားတဲ့အတွက် ကြုံရဆုံရမဲ့ ဘေးဆိုးကြီးကို ပြင်းပြင်း ထန်ထန် ကြောက်ရွံ့တဲ့ ပုဂ္ဂိုလ်အတွက်တော့ ဒီအတွေ့လောကကိုရှောင်ရှားနိုင်ပါတယ်။

အဲ တခုတော့ရှိပါတယ်၊ ဒါမျိုးဆိုတာကလဲ ပုဂ္ဂိုလ်ရဲ့ နှုန်းနဲ့ ပမာဏ လိုက်ပြီး ဖြစ်စမြဲဆိုတော့ သာမန်ပုဂ္ဂိုလ်ဟာ သာမန် အတွေ့ကိုသာ ရှောင်နိုင်ပြီး တကယ့်အတွေ့ကျတော့ တကယ့် ပုဂ္ဂိုလ်မှဘဲ ရှောင်နိုင်ပါတယ်။

ဒီစကားအရ ချိန်ထိုးကြည့်မယ်ဆိုရင် အရည်းကြီးတွေဟာ တကယ့်ပုဂ္ဂိုလ်မဟုတ်ရုံသာမက သာမန်ပုဂ္ဂိုလ်ထက်ပင် အောက် ကျနေသေးတာကို တွေ့ရပါတယ်၊ဘာကြောင့်လဲဆိုတော့ အပြစ် ကြောက်လို့ ရှောင်ရှားတယ်ဆိုတာ သူတို့အတွက် ဘာမှမရှိဘဲကိုး။

သာသနာသက္ကရာဇ် ၁၄၇၅-ခု ရောက်တော့ တောင်သူကြီး မင်းလက်ထက်မှာ ပြည်ပိုင်ဘုရင်ကစပြီး တပြည်လုံးဟာ အရည်း ကြီးတွေရဲ့ အဆုံးအမကို အားလုံးခံယူကြပါရောတဲ့၊ ကောင်းကြ ပါ၏၊ တောင်သူကြီးမင်းဟာ အရည်းကြီးထိပ်သီးတွေနဲ့ တိုင်ပင် ပြီး ပုထိုး ဆိုတာတွေကို တည်ပါတယ်၊ တမြေထဲတရေထဲ ဖြစ်နေ ကြတဲ့ သရေခေတ္တရာတို့ သထုံတို့ အစရှိတဲ့ဒေသတွေမှာ ဘုရား စေတီတွေ ရှိတယ်ဆိုတာ ကြားသိလို့ သူကလဲ တည်ချင်လာပုံရပါ တယ်၊ တည်ပြီးတော့ အဲဒီပုထိုးတွေထဲမှာ နတ်လိုလို ဘုရားလိုလို

ဘာမှန်းမသိတဲ့ ရုပ်ထုတွေလုပ်ထားပါတယ်၊ အရည်းကြီးတွေက ပေးတဲ့ ပုံစံဖြစ်မှာပါဘဲ၊ အဲဒီရုပ်ထုတွေကို နေလွဲချိန် မွန်းတည့်ချိန် ဆိုတာ မထားဘဲ နေ့ရောညရော ထမင်းတွေ ဟင်းတွေ အရက်သေစာတွေကို တင်လေ့တင်ထ ရှိကြပါတယ်။

သူတို့ကိုယ်တိုင်ကလဲ အရက်မရှောင်ထန်းရေမရှောင် ပီးတော့ နေ့ရောညရော ဘုဉ်းပေးနေကြတာလို့ဆိုတော့ သူတို့ဘုရားကိုလဲ ဒီလိုဘဲ တင်တာပေါ့။

ဒေသနာဆိုလို့ ဘယ်သူမှ "ဝေမသုတ်" တပုဒ်ကိုတောင် ရကြပုံ မပေါ်ဘူး၊ စာနဲ့ပေနဲ့ကလဲ ရေးတင်ထားခြင်း မရှိလေတော့ သူတို့လုပ်ချင်တာကို သူတို့ပါးစပ်ကထွက်၊ သူတို့ပါးစပ်ကထွက်တာဟာ ဒေသနာ ဖြစ်နေပါတော့တယ်၊ အဲဒီ နည်းနဲ့ အရည်းကြီးတွေရဲ့သာသနာဟာ ပုဂံပြည်မှာ နှစ်ပေါင်း(၅၀၀) လောက် ခရီးပေါက်လာပါတော့တယ်၊ နဲတဲ့ နှစ်ပရိစ္ဆေဒ မဟုတ်ပါဘူး၊ ရှေးအခါက ထေရဝါဒ အရှင်ကောင်းတွေဟာ ဒီလောက်နှစ်ပရိစ္ဆေဒအတွင်းမှာ သင်္ဂါယနာ ၄-ကြိမ်တိုင် တင်နိုင်ခဲ့ကြပါတယ်၊ ယခု သာသနာနှစ် တထောင်ကျော်လာရှိသာမက နောက်ဆုံး တင်ခဲ့တဲ့ သံဂါယနာနဲ့လဲ နှစ်တထောင်ကျော် ကွာခြားလာခဲ့ပါပီ၊ ဒါပေမဲ့ ဒလဟော ကျဆင်းနေတဲ့ ပုဂံသာသနာကို ကာကွယ်ပြုပြင်ဘို့ ဘယ်သူကမှ စိတ်ကူးနိုင်ခဲ့ဟန် မတူပါ။

ဒီအချိန်မှာ သီဟိုဠ်မှာတော့ ယိုယွင်းနေတဲ့သာသနာကို အားစိုက် ခွန်စိုက် တားဆီးပိတ်ဆို့နေကြပါတယ်၊ သရေခေတ္တရာလဲ အိမ်နားနီးချင်းဆိုတော့ အရည်းကြီးအရှိန် အနဲအပါးတော့ ဟပ်ပုံရတယ်၊ သထုံမှာတော့ သာသနာအရှိန် ကောင်းတုန်းပါဘဲ။

အနော်ရထာစော မင်းဖြစ်တဲ့ ကောဇာသက္ကရာဇ်(၁၅၆၀) အထိ အရည်းကြီးတွေဟာ ကောင်းစားနေဆဲဘဲ ဖြစ်ပါတယ်၊

အနော်ရထာစောကတော့ ဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အရည်းကြီးတွေရဲ့ အမူအရာကြည့်ပြီး သူတော်တရား မဟုတ်ဘူးဆိုတာကို အကဲဖြတ်နိုင်ပါတယ်၊ ဒါပေမဲ့ ကယ်မဲ့လူမရှိတော့လဲ ဒီလိုဘဲ နေလိုက်ရတာပေါ့၊ နောက်တော့မှ အားလုံးသိကြတဲ့အတိုင်း ရှင်အရဟံနဲ့တွေ့ပြီး အမှန်တရားကို အမှန်အတိုင်း သိရှိလာရတဲ့ အတွက် ဖောက်ပြန်လှတဲ့ အရည်းကြီးတွေကို ပြင်းပြင်းထန်ထန် နှိမ်နင်းပါတော့တယ်။

တကယ်တော့ အရည်းကြီးတွေရဲ့ စဉ်းလဲ ကောက်ကျစ်မှုကလဲ အခံရခက်သကိုး၊ သူတို့ရဲ့အမူအကျင့်တွေ ကိုယ့်ယို့ကားယား နိုင်လှတာကို မျက်စိ စပါးမွေးစူးနေတဲ့ပြင် ကျမ်းဂန်ဆိုတာကိုလဲ စိစစ်လို့မရလေတော့ အနော်ရထာစောဟာ အရည်းကြီးတွေကို ဘာမှ ကျေးမွေး ပေးကမ်းခြင်းမပြု၊ ချီးမြှောက်ခြင်းမပြု၊ ဘာအလှူအတန်းမှမလုပ်ဘဲ ပစ်ပယ်ထားလိုက်ပါတယ်၊ ဒီတော့ အရည်းကြီးတွေဟာ ဘေးကျပ်နံကျပ် ဖြစ်လာတာပေါ့။

အားကိုးစရာ စာပေကျမ်းဂန် အထောက်အထားရှိရင် ရှိရင်းစွဲ အရှိန်အဝါ မကျနိုင်တဲ့ပြင် တိုးတောင်လာနိုင်တယ်လို့ တွက်မိကြပေတဲ့ ကျမ်းစာဆိုလို့ ပေတရွက်တောင် မရှိဘူးမဟုတ်လား။ ဒီတော့ ကလိန်ကျရတော့တယ်၊ ပုဂံနဲ့ အတော်အတန် ဝေးတဲ့ သရေခေတ္တရာ ရသေ့မြို့လယ်ခေါင်မှာ လုံးပတ် ၃၂-တောင်ရှိတဲ့ သခွပ်ပင်ကြီး ရှိသတဲ့၊ အဲဒီအပင်ကြီးကို အခေါင်းထွင်း၊ လက်ရှိကျင့်ကြံနေတဲ့ သူတို့ရဲ့ အကျင့်အကြံတွေကို ဝတ်ပုံစားပုံကမကျန် အကုန်လုံး ပေမှာရေးပြီး သစ်ခေါင်းမှာသွင်း ခပ်မြန်မြန် အပေါ်တက်အောင် ဆိုပြီး သစ်ခေါင်းနှုတ်ခမ်းကို ရွှံ့တွေသဲတွေနဲ့ အုံ၊ အမြဲစိုနေအောင် ရေလောင်းပေးဘို့အတွက် အနီးအနားမှာ အရည်းကြီးတယောက်က တောရဝင်သယောင်ယောင် သုံးနှစ်လော

နေ၊ ဒါတွေဟာ တဦးဟယောက်ရဲ့သဘောတော့ ဟုတ်ပုံမရဘူး၊ အကြီးအကဲအားလုံးရဲ့ စည်းဝေးဆုံးဖြတ်ချက် အရနဲ့ဘဲ တူပါတယ်။

သစ်ခေါင်း အပေါ်တက်ပြီး ပိတ်သွားလို့ အတော့ကို သေသပ်တဲ့အခါကျမှ ပုဂ်သွားပြီး မင်းကြီးကိုတပတ်ရိုက်ကြတယ်၊ "အရှင်မင်းကြီးက ကျမ်းဂန်မရှိလို့ ငါတို့ကို မယုံသလိုဖြစ်တယ်၊ ငါတို့ရဲ့မှန်ကန်မှု မင်းကြီးရဲ့ ဘုန်းကံကြီးမှုကြောင့် ယခု ကျမ်းစာရှိတဲ့နေရာကို သိရပြီ၊ ညက ငါ အိပ်မက်တယ်" စသဖြင့် ပြောတော့မင်းကြီးက သိပ်ဝမ်းသာသွားတာပေါ့၊ ဒါနဲ့ ဗိုလ်ပါအများနဲ့ရသေ့မြို့သွားပြီး သစ်ခေါင်းမှာရှာတော့ တွေ့ပါရော၊ ကျမ်းစာတွေယူပြီး ရွှေတော်မှာ အဖတ်ခိုင်းတော့ အရည်းကြီးတွေရဲ့လက်ရှိအနေအထားနဲ့ ဘာမှ မထူးခြားတဲ့ သဘောသွားတွေကိုဘဲ ကြားရတာကိုး၊ အတော်ကောက်ကျစ်တဲ့ ပုဂ္ဂိုလ်တွေဘဲလို့ မင်းကြီးက နားလည်သွားတယ်။

ကာလစကားနဲ့ပြောရရင်တော့ ဒီစာတွေကို "အမဲ့စာပေ" သို့မဟုတ် "စာမဲ" လို့ခေါ်ရမလားဘဲ၊ ဗုဒ္ဓရဲ့ နက်နဲလှတဲ့ ဒေသနာစာပေကို လူပိန်းကြိုက်အောင် မဟုတ်မဟပ် ရှောက်ရေးထားတာကိုး၊ လူ့ဘောင်မှာ လူတွေရဲ့အကြောင်း မဟုတ်မဟပ် အယုတ္တအနတ္တ ရှောက်ရေးထားတဲ့ စာအုပ်ကို "အပြောစာအုပ်" ဆို မဟုတ်လား၊ သူများပြောတာ ပြောရတာ၊ ဒါကြောင့် အဲဒါတွေကို မီးပုံတိုက်ခိုင်းပစ်လိုက်ပါတယ်။

စာပေအင်မတန်ခဲယဉ်းတဲ့ခေတ်မှာဆိုတော့ ဗုဒ္ဓကျမ်းစာများ အသစ်တွေ့ရတယ် ဆိုတဲ့ သတင်းဟာ အနယ်နယ် အရပ်ရပ်ကို တမုဟုတ်ချင်း ပျံ့နှံ့သွားတာပေါ့၊ ဒီသတင်းကြားလို့ အစစ်အမှန်ဟုတ် မဟုတ်ဆိုတာ သိရအောင် သထုံက အရှင်ဓမ္မဒဿီလို့ခေါ်

တဲ့ ရှင်အရဟံဟာ ရသေ့မြို့ကိုကြွလာပါတယ်၊ တောင်တွင်းကြီး အရှေ့ကုန်းခေါင်တောင်ရိုးမှာ မုဆိုးတယောက်နဲ့တွေ့ပါရော၊ ရှင်အရဟံရဲ့ အသွင်အပြင်မြင်တော့ ကေနွှ လူရိုင်းဘဲလို့ မုဆိုးက တွက်တယ်။

ဒါနဲ့ ဘုရင့်ထံပို့မယ်ဆိုပြီး ရှင်အရဟံကို ဖမ်းဆီးခေါ်သွားသတဲ့၊ ဘယ်လိုဖမ်းသလဲတော့ မသိပါဘူး၊ လမ်းတလျှောက်မှာရှိကြတဲ့ အရပ်ထဲကလူတွေက ထွက်ထွက် ကြည့်လိုက်ကြတာ လူတွေကို အုံနေတာဘဲတဲ့၊ အရည်းကြီးတွေရဲ့ ဝတ်ပုံစားပုံနဲ့ ကတဲဘာသာစိဖြစ်နေတော့ သူတို့စိတ်ထဲ ရဟန်းရယ်လို့ မသိဘူးပေါ့၊ သူတို့သိဘာက ရဟန်းဆိုတာဆံပင်ဂုတ်ဝဲကြီးနဲ့၊ မုတ်ဆိတ်ကျင်စွယ်တွေနဲ့၊ နက်ပြာရောင်အဝတ်ကြီးတွေနဲ့ ဒါမှ ရဟန်းကိုး၊ ခုဟာမျိုးကို မြင်မှမမြင်ဘူးဘဲ၊ လူရိုင်းတမျိုးလို့ဘဲ ထင်ကြသတဲ့၊ နောက် မင်းကြီးနဲ့တွေ့၊ ဒီကနေစပြီး ဒလဟော ကျဆင်းနေတာကို ခုခံပိတ်ဆို့နိုင်လိုက်လို့ သာသနာဟာ တခေတ်ဆန်းလာပြန်ပါတယ်။

ဒီအချိန်မှာ ဖြစ်ပေါ်လာကြတဲ့ ရဟန်းတွေဟာလဲ အမူအကျင့် အင်မတန် သိပ်သည်း ကျစ်လစ်တော်မူကြတဲ့ အတွက် ပြည်သူတွေဟာ တဖြည်းဖြည်း ကြည်ညိုလေးစား လာကြပါတယ်၊ ရှေးအခါက အရည်းကြီးရဟန်းတွေလို ကလေးထိန်းပေးဖော်၊ ထင်းခွဲ ရေခပ်ပေးဖော် မရပေတဲ့ သူတို့ရဲ့ အမူအကျင့်တွေကိုကြည့်ပြီး စိတ်ကြည်နူးမှု ဖြစ်ရတာက ပိုပြီး လေးနက်တဲ့အရသာကို ခံစားကြရပါတယ်။

မကောင်းမှုအကုသိုလ်ဆိုတာ ပရိတ်ရွတ်ရုံနဲ့ ပျောက်တယ်ဆိုတော့ စိတ်လွတ်လက်လွတ် နေချင်တဲ့လူ အပေါစားတွေက သိပ်ကြိုက်တာပေါ့၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ အကုသိုလ်ဆိုတာ

ပရိတ်ရွတ်ရှိနဲ့ မပပျောက်နိုင်ဘူးဆိုတော့ သူတို့ ကြိုက်ချင်မှ ကြိုက်မယ်၊ ဒါပေမဲ့ အတွေးအခေါ် ဖြောင့်မတ်ပြီး ဆင်ခြင်နိုင်သူများကတော့ အတော့ကို အားရကျေနပ်ကြပါတယ်၊ မင်းကိုယ်တိုင် ယုံကြည် လက်ခံလိုက်တယ် ဆိုတော့ ပြည်သူတွေလဲ တဖြည်းဖြည်းနဲ့ ယိုင်ပါလာကြတော့တာပါဘဲ၊ ဖြောင့်မတ်မှုစင်တဲ့ အရှင်ကောင်းတွေကို ဆည်းကပ်ရတာဟာ ပစ္စုပ္ပန်မှာကိုဘဲ စိတ်၏ချမ်းသာမှုကို အပြည့်ရရှိပြီး သံသရာမှာလဲ ကြီးမားတဲ့ ကောင်းကျိုးချမ်းသာကို နိဗ္ဗာန်အထိ ရနိုင်တယ်ဆိုတဲ့ သမ္မာဒိဋ္ဌိ သဘောသွားကို ကျေနပ်လာကြပါတယ်။

ဒီအခြေအနေမှာ အရည်းကြီးတွေဟာ အရေးနိမ့်ပြီး မှေးမှိန်သွားပေတဲ့ လုံးဝတော့ ပျောက်မသွားပါဘူး၊ နေပြည်တော်ဝန်းကျင်မှာ မနေဝံ့တော့ပေမဲ့ ဝေးရာမှာ ပြောင်းရွှေ့ပြီး နေကြပါသေးတယ်၊ ပင်းယခေတ်တိုင်အောင် အရည်းကြီးတွေရဲ့ အသံကို ကြားနေရတုန်းပါဘဲ၊ ဒါပေမဲ့ ရှေးကလိုတော့ အထက်စီး မရတော့ပါဘူး၊ စစ်မှု ထမ်းတာတို့ မင်းခစား လုပ်တာတို့ လောက်သာ ရပါတော့တယ်။

သာသနာကို ထိန်းသိမ်းမဲ့လူ ပေါ်လာတယ်ဆိုရင်ဘဲ ရဟန်းကောင်း အရှင်ကောင်းတွေဟာလဲ ပေါ်လာကြပါတော့တယ်၊ ဒါပေမဲ့ တော်ရုံတန်ရုံ ဘုန်းကံရှိရုံနဲ့တော့ဖြင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဘို့ဆိုတာ မလွယ်ဘူးပေါ့၊ ပုံ့ကနှင်း ဦးကထောင်၊ ဦးကနှင်း ပဲ့ကထောင်ဆိုတာမျိုးတွေ ဖြစ်တတ်ပါတယ်၊ အဲ တခုတော့ရှိပါတယ်၊ ဖြုတ်လဲ ဖြုတ်အတောင်နဲ့၊ ဆင်လဲ ဆင်အတောင်နဲ့ ဆိုဘာလို သူ့အတိုင်းအဘာနဲ့ သူတော့ ထိန်းသိမ်းနိုင်လောက်ပါတယ်။

ဘုန်းလက်ရုံးကြီးမားလှတဲ့ ပုဂ္ဂိုလ်များကျတော့ ကျော်ခဲ

တွေနဲ့ ရောနေတဲ့အထဲမှာကိုဘဲ ပတ္တမြားနဲ့ တွေ့ရတတ်ပါတယ်၊ အနော်ရထာမင်းကြီး ရှင်အရဟံနဲ့ တွေ့ရတာဟာ ဒီသဘောပါဘဲ၊ သဘာဝတရားက အချိန်အခါကိုရွေးပီး ဆုံပေးလိုက်သလိုဖြစ်ရပါတယ်၊ ဆုံမှ ဆုံဆည်းတတ်ပလေလို့ ပြောလေ့ ရှိကြတယ် မဟုတ်လား၊ ဒီလိုဆုံဆည်းတာဟာ မတော်တဆ ဆုံဆည်းတာ မဟုတ်ဘူးဆိုတာကိုတော့ သတိပြုကြရပါမယ်။

နရပတိစည်သူမင်းကြီး လက်ထက်ရောက်တော့ အရှင်ဥတ္တရာဇီဝမထေရ်မြတ်ကြီးနဲ့ ဆုံကြပြန်ပါတယ်၊ အရှင်ကလဲ အရှင်ကောင်း၊ ဘုရင်ကလဲ ဘုရင်ကောင်းဆိုတော့ ရွှေနဲ့ ရွှေ ဂဟေစပ်သလို အကြားမလပ်အောင်ဘဲ ရှိနေပါတယ်၊ ဒီမှာလဲဘဲ ရဟန်းတွေဟာ အမူအကျင့်တွေ အင်မတန်ကောင်းပီး ပြည်သူတွေရဲ့ စိတ်နှစ်လုံးကို အများကြီး ကြည်နူးစေနိုင်ကြပါတယ်။

ဝိနည်းပြစ်ဆိုတာက တမလွန် ဘဝကျမှ တွေ့ရမှာ၊ မင်းပြစ်မင်းဒဏ်ကတော့ ခုလောလောဆယ်ကို တွေ့ရမှာဆိုတော့ တော်ရုံတန်ရုံ ဝိနည်းသိက္ခာကိုဘေးချိပ်ပြီး အမူအကျင့်ဆိုးချင်တဲ့ ရဟန်းတွေဟာမင်းပြစ်မင်းဒဏ်ကိုလဲကြောက် ပြည်သူတွေ့ရဲ့အကဲ့ရဲ့ခံရမှာကိုလဲလန့်ကြတဲ့အတွက် ဝိနည်းသိက္ခာပုဒ်ကို ဘက်ပီးတော့ဘဲ သေသေဝပ်ဝပ် နေကြထိုင်ကြပါတယ်၊ ဒါလဲ အကုန်လုံးတော့မဟုတ်နိုင်ဘူးပေါ့လေ၊ နေပြည်တော်နဲ့ ဝေးလံတဲ့ဒေသ အချို့မှာတော့အတော်အတန် ဆိုးသွမ်းမှုတွေ ရှိမယ်ဆိုလဲ ရှိလောက်ပါတယ်၊ ဒါပေတဲ့ ဟိုးလေးတကျော်ကျော် ဖြစ်လောက်အောင်တော့ မရှိပါဘူး။

## ပုထုဇဉ် ရဟန်းတို့ ဘဝ

နရပတိစည်သူမင်းကြီးလက်ထက်မှာ အရှင်ဆပဒဆိုတဲ့ ဆရာတော်တပါးရှိပါတယ်၊ မင်းကြီး၏ ဆရာဖြစ်တဲ့ အရှင် ဥတ္တရာဇီဝ

မထေရ်မြတ်ကြီးရဲ့ တပည့်ပါဘဲ။

ဒီအရှင်ဆပဒဆိုတာ ဗမာပြည်သားဖြစ်ပေမဲ့ ဗမာပြည်ဖြစ်ရဟန်းတော့မဟုတ်ပါဘူး၊ ဘုရားဖူးရအောင်ဆိုပြီး နောက်ပါ တပည့် သံဃာအများနဲ့ အရှင်ဥတ္တရာဇီဝမထေရ်ကြီး သီဟိုဠ်ကိုကြွတော့ ရှင်ဆပဒဆိုတဲ့ တပည့်ကလေးဟာကိုရှင်ဘဝနဲ့ ပါသွားပါတယ်၊ ဟိုရောက်တော့ ဘုရားပါဖူးပြီး အဲဒီရှိကြတဲ့ ရဟန်းတွေနဲ့ အလ္လာပသလ္လာပပြောရင်း အနွယ်ကိုစူးစမ်းကြတဲ့အခါ ဒီကဗမာပြည်ရဟန်းများက အရှင်သောဏ၊အရှင်ဥတ္တရတို့အနွယ်၊ဟိုကလဲ ရှင်မဟိန္ဒအနွယ်ကဆက်တွေဖြစ်နေတော့တာကိုး၊အရှင်သောဏ၊ အရှင်ဥတ္တရနဲ့ အရှင်မဟိန္ဒတို့ဆိုတာက တတိယသံဂါယနာ မဟာနာယက ဖြစ်တော်မူတဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးရဲ့ တပည့်တွေချည်းပါဘဲ၊ တတိယသံဂါယနာ အပြီး ကိုးတိုင်းကိုးဌာနကို သာသနာပြု စေလွှတ်တော်မူတဲ့အခါ အရှင်သောဏ, အရှင်ဥတ္တရတို့က ဗမာပြည်ဘက်ကို တာဝန်ကျပြီး အရှင်မဟိန္ဒက သီဟိုဠ်ကျွန်းမှာ တာဝန်ကျခဲ့ပါတယ်၊ အရင်းစစ်တော့ အနွယ်တူ အဆက်တူတွေ ဖြစ်နေတာ တွေ့ရပါတယ်။

အနွယ်တူတွေ တွေ့တုန်းဆုံတုန်း စုပေါင်းပြီး ဥပသမ္ပဒကံဆောင်ဘို့ အကြံရကြပါတယ်၊ ဒီအခါမှာ ရှင်ဆပဒကလဲ ရဟန်းခံဘို့ အသက်စေ့နေတဲ့အချိန်ရောက်နေတော့ အဆင်သင့်သွားတာပေါ့၊ ဒါကြောင့် အနွယ်တူဖြစ်ကြတဲ့ သီဟိုဠ်ရဟန်းတွေနဲ့ ဗမာရဟန်းတွေ စုပေါင်းပြီး သီဟိုဠ်ကျွန်းမှာဘဲ ရှင်ဆပဒ ဆိုတဲ့ ဗမာပြည်သား သာမဏေကို ရဟန်းခံ(ဥပသမ္ပဒကံဆောင်) ပေးလိုက်ကြပါတယ်။

ရဟန်းခံကိစ္စပြီးတဲ့အခါ ဆရာတော်အရှင်ဥတ္တရာဇီဝတို့ ဗမာပြည်ပြန်ကြွသွားကြပေမဲ့ ရဟန်းသစ်ကလေး အရှင်ဆပဒကတော့

ပြန်မလိုက်သေးဘဲ သီဟိုဠ်မှာ နေရစ်ခဲ့ပါတယ်၊ အဲဒီမှာ စာပေကျမ်းဂန်များကို ဆယ်နှစ်တိုင်တိုင် သင်ကြားဆည်းပူးပြီး ဆယ်ဝါအရမှာ ဗမာပြည်ကိုပြန်ဘို့စိတ်ကူးပါတယ်၊ ဒါနဲ့ ပြန်လာတော့ သူတပါးထဲမဟုတ်ဘူး၊ အတူနေ အဖော်လေးပါးကိုပါ ခေါ်လာပါတယ်၊ သီဟိုဠ်မှာနေတဲ့ နှစ်ကာလက အတော်ကလေးကြာသွားလေတော့ ဗမာပြည်မှာ သူ့ဆရာ အရှင်ဥတ္တရာဇီဝမထေရ်ကြီး ရှိမှရှိပါအုံးမလား၊ တကယ်လို့ ပျံလွန်တော်မူခဲ့ရင် သံဃာ့ကံဆောင်ဘို့အတွက် လိုလိုမယ်မယ်ဆိုပြီး အဖော် ရဟန်းလေးပါးကို ခေါ်လာတာပါ။

"သံဃာ့ကံ"ဆိုတာက အများကြီးရှိပါတယ်၊ ဥပုသ်ကံ၊ပဝါရဏာကံ၊ရဟန်းခံကိစ္စဖြစ်တဲ့ ဥပသမ္ပဒကံ၊ကထိနကံ၊ပရိဝါသကံ၊ အဗ္ဘာနကံ စသဖြင့် အများအပြားဘဲရှိပါတယ်၊ ဒီအထဲကတချို့ကံတွေမှာ ရဟန်းတပါးထဲနဲ့ ကိစ္စပြီးနိုင်ပေတဲ့ တချို့ကံကျတော့ အနည်းဆုံး လေးပါးရှိမှ ဖြစ်ပါတယ်။

ပုဂံနေပြည်တော်ရောက်တော့ ထင်တဲ့အတိုင်းဘဲ အရှင်ဥတ္တရာဇီဝမထေရ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူပြီး ဖြစ်နေတာကို တွေ့ရပါတယ်၊ ဒီတော့ အရှင်ဆပဒမှာ ဆရာရင်း မရှိတော့ဘူးပေါ့၊ ရှေးအခါက သံဃာ့ကံကိုဆောင်ရွက်တဲ့နေရာမှာ သူ့ဆရာ အရှင်ဥတ္တရာဇီဝမထေရ်ကြီးဟာ အကြီးအမှူးဖြစ်ခဲ့ပါတယ်၊ ယခု သူ့ဆရာ မရှိလေတော့ သံဃာ့ကံကိစ္စများမှာ လက်ရှိမြန်မာရဟန်းများက ကြီးစိုးကြပေလိမ့်မယ်။

ဒီအခါ သူတို့နဲ့ သဘောချင်း တိုက်ဆိုင်ချင်မှတိုက်ဆိုင်မယ်၊ ဒါကြောင့် မြန်မာရဟန်းများနဲ့ အတူတူသံဃာ့ကံကို မဆောင်ရွက်တော့ဘဲ သူနဲ့သီဟိုဠ်သား သံဃာလေးပါးနဲ့ဘဲ သံဃာ့ကံကို သီးခြားဆောင်ရွက်မယ်လို့ အချင်းချင်းတိုင်ပင်ပြီး ဂိုဏ်းခွဲထောင်

လိုက်ကြပါတယ်၊ သူတို့ဂိုဏ်းကို ပစ္ဆိမဂိုဏ်းလို့ခေါ်ပါတယ်၊မူလ ရှိနှင့်တဲ့ သံဃာ့အဖွဲ့အစည်းကိုတော့ ပုရိမဂိုဏ်းလို့ခေါ်ပါတယ်။

အရှင် ဆပဒတို့ဟာ လင်္ကာပေသလသိက္ခာကာမဖြစ်တဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေပါဘဲ၊ အမူအကျင့်သိပ်ကောင်းပါတယ်၊ ဣန္ဒြေသိက္ခာမျှားလဲ ကျစ်လစ်ကြပါတယ်၊ ဒါပေမဲ့ ပုထုဇဉ်ဆိုတော့ ပုထုဇဉ်တွေးတွေးလိုက်ပုံရပါတယ်၊ လက်ရှိမြန်မာရဟန်းတွေဟာ သူနဲ့ဆိုရင် ဆရာတူတပည့်ရင်းတွေ အနွယ်တူချင်းတွေဖြစ်ကြပါတယ်၊ ဒါနဲ့တောင်သူက အတူတူကံမဆောင်နိုင်ဘူးဆိုတော့ မြန်မာပြည်ဖြစ်ရဟန်းတွေဟာ သူ့လောက်ဟန်မကျဘူးများထင်နေသလား၊ ဒါမှမဟုတ် လူကြီးလုပ်ချင်တဲ့ သဘောထားကြောင့်ဘဲလား၊ ဒီလိုမှမဟုတ်ရင်လဲ မြန်မာပြည်ဖြစ်ရဟန်းတွေအပေါ်မှာ သံသရာဘဲရှိနေလေသလား၊ သေသေချာချာတော့ မပြောတတ်ပါဘူး၊ သို့သော် ဘာဘဲဖြစ်ဖြစ် ပုထုဇဉ် ဆိုတာ ပုထုဇဉ်မာန်တော့ တချို့တမောင်း ပေါ်လာတတ်တာ အမှန်ပါဘဲ။

နရပတိစည်သူမင်းကြီးကလဲ သီဟိုဠ်ဖြစ်ရဟန်းတွေကို အလွန်ဘဲကြည်ညိုပါသတဲ့၊ ကြည်ညိုလွန်းလို့သီးခြားလှူတာတို့၊ သီးခြားကျောင်းဆောက်ကိုးကွယ်တာတို့ တွေလုပ်ပါတယ်၊ ဂိုဏ်းသံဃာတိုးပွားအောင်ဆိုပီးကိုရင်သာမဏေအများအပြားကို သီဟိုဠ်ဖြစ်ဂိုဏ်းမှာရဟန်းပြုစေပါတယ်၊ မင်းကြီးကိုယ်တိုင်က ကမကထပြုလုပ်တာဖြစ်လေတော့ ဂိုဏ်းဟာတနေ့တခြားကြီးထွား လာပါတယ်။

တနေ့တော့ ဘုရင်ကြီးဟာ သီဟိုဠ်ဖြစ် ရဟန်းငါးပါးကို ရွှေနန်းတော်ကြီးမှာ ပင့်ပီးအလှူကြီး အကြီးအကျယ်လုပ်ပါတယ်၊ ဘုရင့်အလှူဆိုတော့ လာသမျှပရိသတ်တွေဟာ အထက်

တန်းစားမှုးမျိုး၊ မတ်မျိုး မင်းဆွေ စိုးမျိုးတွေချည်းဘဲပေါ့၊ ပွဲကြီးပွဲကောင်းဆိုတော့ သူ့ထက်ငါ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်လာလိုက်ကြတာကလဲ ပျံနေတာပါဘဲ၊ ဒီအထဲ ရွှေနန်းတော်သုံးဖြစ်တဲ့ သဘင်သည်မကာလေးတယောက်လဲ ပါပါတယ်၊ ဒီဟာမကာလေးကလဲ လုံးရုပ်သဏ္ဌာန်မှာန်ပန် သွင်ပြင်ကအင်မတန်ချောမောလှလေတော့ ယောဘုယျ မျက်လုံးတွေဟာ ဝိုင်းနေအောင် ခစားကြရတာပေါ့၊ ဒါကိုဘယ်သူက မြင်လိုက်သလဲဆိုတော့ ရှင်ရာဟုလာဆိုတဲ့ သီဟိုဠ်ကပါလာတဲ့ ရဟန်းတပါးက မြင်လိုက်ပါတယ်။

ရွှေနန်းတော်ကြီးအတွင်းမှာလဲဖြစ်၊ မင်းပေါင်းစုံတဲ့ ဗိုလ်ပုံအလယ်မှာလဲဖြစ်လေတော့ ဒါဟာတမင်ကြည့်လို့ မြင်တာတော့ဟုတ်ပုံမရပါဘူး၊ အမှတ်တမဲ့ မြင်လိုက်ခြင်းဘဲဖြစ်မှာပါ၊ ဒါပေတဲ့ မြင်လိုက်ရတဲ့ အာရုံက သိပ်ပြည့်စုံနေတော့ အမှတ်တမဲ့ကနေသတိလွှတ်ပြီး ငေ စိုက်သွားမိပုံရပါတယ်၊ မင်းကိုးကွယ်ခံ အရှင်ကောင်းတပါးဆိုတော့ ဘယ်သူမှမသိခင် ဣန္ဒြေဆည်လိုက်နိုင်လို့တော်ပါသေးရဲ့၊ သို့သော်မျက်စိကိုသာ ဣန္ဒြေဆည်လို့ရပါတယ်၊ အတွင်းစိတ်ကဖြင့် ဣန္ဒြေဆည်လို့မရတော့ပါဘူး။

ဒါကြောင့် အလှူပွဲပြီးလို့ကျောင်းပြန်ရောက်တဲ့အခါ သူတော့ဖြင့် ရဟန်းဘဝနဲ့ မပျော်ပိုက်နိုင်တော့လို့ လူထွက်တော့မယ်ဆိုတဲ့အကြောင်း ရှင်ဆပဒအမှူးရှိတဲ့ အဖော်ရဟန်းလေးပါးကို လျှောက်ထားပါတော့တယ်။

ဒီစိတ်မျိုးဟာ ပုထုဇဉ်ရဟန်းများ အတွက်တော့ ရောမအန္တရာယ်ကြီးပေါ့၊ အနုသယမကင်းကြသေးတဲ့ဘဝမှာ ကိလေသာဆိုတဲ့ တရားဟာ အာရုံနဲ့တွေ့တယ်ဆိုရင် အနုသယအဆင့်ကနေပြီး ပရိယုဋ္ဌာနအဆင့်ကို ကူးပြောင်းလာတတ်ပါတယ်၊ အနု

သယဆိုတာက ငြိမ်ငြိမ်ကလေးရှိနေတဲ့သဘော၊ တနည်းအား ဖြင့် ကျားများလို ငြိမ်ပြီး ချောင်းနေတဲ့သဘော၊ ပရိယုဋ္ဌာနဆို တာက လှုပ်လှုပ်ရှားရှား ဖြစ်လာတဲ့သဘော၊ ဒီလိုလှုပ်လှုပ် ရှား ရှားဖြစ်လာရာကတဆင့် မနေနိုင်တော့လို့ ကျူးလွန်မိမိဆိုရင် အဲဒီမှာ ဝီတိက္ကမအဆင့် ရောက်သွားတော့တာပါဘဲ။

ပရိယုဋ္ဌာနအဆင့်မှာ အပြစ်မရှိသေးပေမဲ့ ဝီတိက္ကမအဆင့်မှာ တော့ အပြစ်ရှိပါတော့တယ်၊ ဒီသဘောဟာ ကိလေသာအား လုံးနဲ့ သက်ဆိုင်ပါတယ်၊ ကိလေသာဆိုတာ တမျိုးထဲမဟုတ် ပါဘူး။

ဒါကြောင့် ရဟန်းတွေဟာ ရှေးဦးစွာ ပရိယုဋ္ဌာန မဖြစ် အောင်ထိန်းသိမ်းရပါတယ်၊ ဒီလိုထိန်းသိမ်းရာမှာ အာရုံကိုရှောင် ရှားပြီး နေနိုင်ရင်အကောင်းဆုံးပါဘဲ၊ အနုသယဓာတ်ဆိုတာက အာရုံနဲ့ တွေ့လိုက်ရင် တနေ့လုံးထွက်ခွင့်မရတဲ့ မြွက်တွေဟာ မိုးကလေးတပြိုက်လောက် ကျတယ်ဆိုရင်ဘဲ ပြူထွက်လာသလို လှုပ်ရှားလာပါတယ်၊ ဒါကြောင့် အာရုံနဲ့ဝေးရင် ကိလေသာ တွေဟာ တော်ရုံနဲ့တော့မဖြစ်ပေါ်နိုင်ပါဘူး၊ တောရဆောက် တည်တာတို့၊ ရပ်နဲ့ရွာနဲ့ ဝေးဝေးနေတာတို့ ဆိုတာတွေဟာ အာရုံကို ရှောင်ရှားနေကြတဲ့ သဘောတွေဘဲဖြစ်ပါတယ်။

ဒီအာရုံတွေနဲ့ ကြုံတိုင်းလဲ ပရိယုဋ္ဌာနဖြစ်ပါလို့တော့ မဆိုနိုင် ပါဘူး၊မြို့ထဲရွာထဲနေထိုင်သတင်းသုံးကြတဲ့ရဟန်းတွေဟာ ဒီအာ ရုံတွေကို ရှောင်ကွင်းလို့ဘယ်ရမလဲ၊ ဒါပေမဲ့ ဒီအာရုံတွေကြောင့် ဖြစ်လာမဲ့ ကိလေသာကိုတော့ ဣန္ဒြေကို စောင့်စည်းခြင်းအား ဖြင့်၊ ပီးတော့လဲတခြားမိမိတို့ သင်ယူမှတ်သားထားကြတဲ့ နည်း နာနိသျကို အသုံးပြုခြင်းအားဖြင့် ရှောင်ကွင်းနိုင်ကြပါတယ်။

တခုတော့ရှိပါတယ်၊ ဒီအဆင့်က အဘိဓမ္မာသဘောအရ သူ

ခိုးလက်ခံ အနေနဲ့ အပြစ်ရှိသော်လည်း ဝိနည်းသိက္ခာပုဒ် အရ တော့ အပြစ်မဖြစ် သေးပါဘူး၊ ဒါကြောင့် ဒီအဆင့်ထိတော့ ရောက်လာတတ်တာများပါတယ်၊ များပါတယ်လို့သာပြောတာ ပါ၊ အကုန်လုံးလို့ မဆိုလိုပါ၊ အဲဒီကနေကျော်လို့ ဝီတိက္ကမ မ ရောက်အောင်ကတော့ အထူး သတိရှိရပါတော့တယ်၊ ဒီပရိယု ဋ္ဌာနတို့ ဝီတိက္ကမတို့ဆိုတဲ့ အဆင့်တွေအထိ ရောက်မလာနိုင် အောင် ကိလေသာကိုထိန်းသိမ်း နှိမ်နင်း ရတာကတော့ ခေတ်စ ကားနဲ့ပြောရရင် အနုသယကို အပြတ်ရှင်းဘို့ဘဲဖြစ်ပါတယ်။

ဒီလိုရှင်းဘို့ ကြိုးစားတဲ့ နေရာမှာ တွေ့သမျှ အာရုံတွေကိုမ ရှောင်တန်း စိတ်ထဲမှာ လက်သင့်ခံပြီး တနုံ့နုံ့ ခံစားနေမယ်ဆို ရင် ကိလေသာတွေဟာ နောက်မဆုတ်တဲ့ပြင် တဖြည်းဖြည်း ရောင့်တက်လာတတ်ပါတယ်။

ကြားဘူးတာကလေးတခု ပြောပါရစေ၊ မင်းတုန်းမင်းကြီး လက်ထက်မှာ တနေ့တော့ ဆရာတော်များကို နန်းတော်ထဲပင့်ပြီး ဆွမ်းကပ်ပါတယ်၊ ဆွမ်းပါဘုဉ်းပေးပြီးလို့ ဆွမ်းအနုမောဒနာ ပြုပြီးတဲ့အခါကျတော့ ဘုရင်ကြီးက ဆရာတော်များကို ချီးမွမ်း စကားလျှောက်ထားပါတယ်၊ ဒီအသက် ဒီအရွယ်ထိ ဆရာတော် များဟာ ကာမဂုဏ်ကို ရှောင်ကွင်းပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်း လာနိုင်တာ သူ့အနေနဲ့ အင်မတန်အံ့သြချီးမွမ်း မိပါကြောင်း ပါပေါ့၊ ဒီတော့ ဆရာတော်တပါးက "မင်းကြီး ဒို့ရဟန်းဆို တာ ထန်းပင်က ထန်းနို့နဲ့ တူတယ်၊ ထန်းနို့များဟာ ညှစ်သူ ရှိရင် ထန်းရည်ထွက်တာဘဲ၊ ညှစ်သူမရှိတော့လဲ သူ့ဟာသူ တ ဖြည်းဖြည်းခြောက်ကပ်သွားတာပေါ့" လို့ အမိန့်ရှိပါသတဲ့။

ရဟန်းဆိုတာ ကိလေသာ ခေါင်းပါးသွားအောင် အတတ် နိုင်ဆုံးကြိုးစားရပါတယ်၊ ဒီလိုကြိုးစားတဲ့ နေရာမှာဝိနည်းသိက္ခာ

ပုဒ်တော်များဟာ အထက်မျက်ဆုံး ကူဖော်လောင်ဘက်များဖြစ်ကြပါတယ်၊ ဝတ်ကြောင်များမှာတော့ဒီကူဖော်လောင်ဘက်တွေ မရှိကြပါဘူး၊ ဒါကြောင့် လူဝတ်နဲ့ ကုသိုလ်ပြုလဲ ဖြစ်သားတဲ့ဆိုပေတဲ့ ဒါနသီလလောက်သာ ပြောင်မြောက်နိုင်ကြပါတယ်၊ သားတွဲလောင်း သမီးတွဲလောင်းကတမျိုး၊ ဇနီးကတမျိုး၊ အိမ်ကိစ္စက တမျိုး၊ ပတ်ဝန်းကျင်လူမှုရေးတွေကတမျိုး၊ စားရေးသောက်ရေးကတမျိုးနဲ့ အမျိုးမျိုးတွေဝိုင်းနေတာဖြစ်လေတော့ ဘာဝနာ ကုသိုလ်မျိုးမှာ မလုပ်ရင်သာရှိရမယ် တကယ်တန်းလုပ်မယ်ဆိုရင်တော့ ရဟန်းများလောက် မပြောင် မြောက်တတ်ပါဘူး၊ ဒါကြောင့် အဟုတ်ကြိုးစားချင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရဟန်းဘဝကို ရယူကြတာဖြစ်ပါတယ်။

ဒါပေတဲ့ ခုနပြောသလို အာရုံကိုမရှောင်နိုင်ဘူး ဆိုရင်တော့ အရှင်ရာဟုလာလို ဒယိန်းဒယိုင်ဖြစ်တော့မှာသေချာပါတယ်။

အရှင်ရာဟုလာရဲ့ စကားကိုကြားရတော့ အဖော်ရဟန်းတွေက အကျိုးအကြောင်းမေးကြတယ်၊သူကလဲမှန်တဲ့ အတိုင်းဝန်ခံတယ်၊ ချောချော လှလှ သဘင်သယ် မကလေး အာရုံကြောင့်ပေါ့၊အဖော်ရဟန်း လေးပါးဟာအတော်ကြီးစိတ်ထိခိုက်မှု ရှိပါလိမ့်မယ်၊ အထူးသဖြင့် ရှင်ဆပဒမှာ ပိုပြီးထိခိုက် ပါတယ်၊ တဂိုဏ်း တဖွဲ့အနေနဲ့ ထူထောင်လို့ခုမှ အရှိန်ကောင်းတုံး ရှိသေးဒီကိစ္စမျိုးဖြစ်ရတယ်ဆိုတော့ ဘယ်မှာစိတ်ကောင်းနိုင်ပါ့မလဲ၊ ဒီတော့ အမျိုးမျိုးနှား ချပြီး တရားပြကြ တာပါဘဲ၊ ဒါပေမဲ့ တဖက်အာရုံက ဆွဲအားကောင်းနေတော့ ဘယ်လိုမှမရပါဘူး၊ မရတဲ့အဆုံးကျတော့ အဖော်များကပြောကြတယ်။

"လူထွက်ချင်ရင်တော့ ဒီပုဂံပြည်မှာ မထွက်ပါနဲ့၊ သင့်အတွက်နဲ့ ငါတို့အားလုံးအရှက်မရစကောင်း၊ ဒါကြောင့်မလွှာယု

ကျွန်းကိုသွားပြီးထွက်ပါ” တဲ့ပြောကြတယ်။

ဒါနဲ့ ရှင်ရာဟုလာလဲ ပုသိမ်ကတဆင့် သဘော်စီးပြီးမလ္လာယု ကျွန်းကိုသွားပါတယ်၊ ဟိုရောက်တော့ မလ္လာယုမင်းက ဝိနည်း သင်ချင်ပါတယ်ဆိုလို့ ခုဒ္ဒသိက္ခာအမည်ရှိတဲ့ ကျမ်းကိုသင်ပေးပါ တယ်၊ တတ်မြောက်တဲ့အခါမှာမင်းက ညာဏ်ပူဇော်တဲ့အနေနဲ့ ပတ္တမြားတသပိတ်လှူပါသတဲ့၊အဲဒါကိုအရင်းအနှီးပြုပြီးရှင်ရာဟု လာလဲအဲဒီမှာဘဲဝတ်ကြောင်ပြောင်းပြီးအိမ်ယာထောင်ပါတယ်။

## မနေနိုင်ရင် ထွက်စတမ်း

ဒီကိစ္စမှာ ရှင်ရာဟုလာကို လူထွက်ရကောင်းလား၊စိတ်မထိန်း နိုင်ကောင်းလားလို့အပြစ်မဆိုသင့်ပါ၊ ထိန်းရသိမ်းရတဲ့အထဲမှာ စိတ်ကိုထိန်းရတာဟာ အခက်ဆုံးပါ၊ ခက်သမှ အတော့်ကိုခက် ပါတယ်၊ ရဟန်းအထူးသဖြင့် ပုထုဇဉ်ရဟန်းတွေဟာ ဒီအခက် ဆုံးကိစ္စကို တအောင့်တမကြီး ထမ်းဆောင်ကြရပါတယ်၊ ကျင့် သားမရခင် ဆိုရင်တော့ စိတ်ဟာ ငရဲပြာလူးဖြစ်နေတာပါဘဲ၊ ဒါကြောင့် ကျင့်သားရအောင် လုပ်နိုင်ဘို့ လိုပါတယ်၊ ဆင်လာ မြက်ကျွေး၊ ကျားလာအမဲကျွေးဆိုတာလို သူ့ဟာနဲ့သူ အသား ကျသွားတော့လဲ တယ်ပြီးပင်ပန်းလှမယ်မဟုတ်ပါ၊

အဲဘယ်လိုမှ ကိုယ့်စိတ်ကိုထိန်းလို့ချုပ်လို့ မရတော့ဘူးဆိုရင် တော့လူထွက်လိုက်တာဘဲကောင်းပါတယ်၊ ရဟန်းဘဝမှာဆက် နေရင်အကုသိုလ်တွေတိုးပွားလာတော့မယ်ပြီးတော့ရဟန်းသိက္ခာ ကျဆုံးပြီးဖြစ်နေပါရက်နဲ့ သင်္ကန်းကြီးကိုဆက်ဝတ်နေတဲ့ ပုဂ္ဂိုလ် များလဲရှိတတ်ပါတယ်၊ အင်မတန် ဝန်လေးလှပါတယ်၊ နေ့ရှိ သရွေ့ အကုသိုလ်တက်နေလေတော့၊ ခန္ဓာကိုယ်ကြီးဟာ အကု သိုလ်ဂိုဒေါင်ကြီးဖြစ်နေပါတော့တယ်၊ ပညာအမြော်အမြင်ရှိကြ

 တဲ့ပုဂ္ဂိုလ်တွေဟာဒီအဖြစ်မျိုးကို အရောက်မခံနိုင်ကြပါ၊ရလာမဲ့

အဝကိုသတ္တိရှိရှိနဲ့ ရင်ဆိုင်လိုက်ကြတာပါဘဲ။

ဒါကြောင့်ရှင်ရာဟုလာ လူထွက်လိုက်တာကို တော်တယ်လို့ ချီးမွမ်းသင့်ပါတယ်၊ ပုထုဇဉ်ဆိုတာ မျက်ကန်း တစ္ဆေမကြောက် သဘောမျိုးဖြစ်တတ်ပါတယ်၊ နောင်ဘဝ ဖြစ်ချင်ရာဖြစ် ခုဘဝ ကောင်းပြီးရောဆိုပြီးဇွတ်လုပ်နေကြတာတွေဟာ ဒီသဘောပါဘဲ၊ ဒီတော့ကိုယ့်ကိုယ်ကို အနစ်မွန်းမခံဘဲ သတ္တိပြောင်ပြောင်နဲ့ တစိမ်း တရန်ဆန် ဘဝကို ရင်ဆိုင်လိုက်တဲ့ ရှင်ရာဟုလာရဲ့ စိတ်နေ စိတ်ထားကို ချီးကျူးသင့်တာပေါ့၊ ကိုယ့်အတွက်လဲ ပေါ့ပါး သွားတယ်၊ သာသနာအတွက်လဲ အနှောက်အယှက် ဖြစ်မလာဘူး၊ အင်မတန် ကောင်းပါတယ်။

ဒါထက်ပိုပြီး သိပ်တော်တာဘဲလို့ ချီးမွမ်းသင့်တာ ကတော့ ရဟန်းသိက္ခာမပျက် ဆက်လက်ပြီးနေထိုင်နိုင်ကြတဲ့ ရဟန်းတော် များဘဲ ဖြစ်ပါတယ်၊ သဘောကတော့ နေရင် ကောင်းကောင်း နေ မနေနိုင်ရင် ထွက်ဆိုတဲ့သဘောဘဲဖြစ်ပါတယ်။

"မနေနိုင်ရင် ထွက်" ဆိုပေမဲ့ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာရေးကို ရှေ့တန်းတင်ပြီး အလေးအနက် စဉ်းစား သင့်ကြပါတယ်၊ မနေနိုင်တိုင်းသာထွက်ကြရမယ်ဆိုရင်ငယ်ငယ်ရွယ်ရွယ်ဖြစ်ကြတဲ့ သာသနာ့အဆက်အနွယ် ရဟန်းကလေးတွေဟာ တပါးမှ တောင်ကျန်မယ်မဟုတ်ပါဘူး၊ ဒီတော့မနေနိုင်ဘူးဆိုတာ ဘာပြု လို့ မနေနိုင် တာလဲ၊ သာမန် ကိစ္စကလေး လောက်ကိုတော့ အကြောင်းမပြသင့်ဘူးလို့ထင်ပါတယ်၊ အားတင်းပါ၊ရဟန်းသိက္ခာ မပျက် ဆက်လက်နေနိုင်အောင် ကြိုးစားပါ။

ပုထုဇဉ်မို့ စိတ်ရဲ့ ဖောက်ပြန်မှုကိုတော့ ခံကြရတာ များပါ တယ်၊ ဒါကို ထိန်းထိန်း သိမ်းသိမ်းနဲ့ ရပ်တည်နိုင်အောင် အား မာန်တင်းထားသင့်ပါတယ်၊အိမ်တအိမ်မှာ လူတယောက်သေဆုံး

သွားတယ်ဆိုရင်၊ သေတဲ့လူဟာအိမ်မှာရှိတဲ့ပစ္စည်းတွေကို ဖြုံးသုံးပြီး ငါးပြားတစ်မူးရအောင်မလုပ်နိုင်တဲ့ လူတလူပေဖြစ်ရင်တော့ အရေးမကြီးလှပါဘူး၊ တာဝန်တခုပေါ့သွားတယ်ဆိုပြီး ကျန်တဲ့လူတွေက ဝမ်းတောင်သာကြမှာပေါ့၊ အိမ်ရဲ့ ဂုဏ်သိက္ခာကိုမြှင့်ပေးနေတဲ့ လူဆိုရင်တော့ အဲဒီအိမ်ဟာတအားရော့တော့တာဘဲ၊ သာသနာတော်မှာလဲ ဒီအတိုင်းဘဲပေါ့၊ရှင်ကောင်းတပါး ထွက်ရင်တအား ရော့ တာပါဘဲ။

ဒီတော့ ငါလူထွက်လိုက်ရင် သာသနာမှာ တအားများရော့သွားလေမလား၊ဒါမှမဟုတ်သာသနာမှာ သန့်ရှင်းမှုတခု ရသွားနိုင်မလားဆိုတာ အလေးအနက် နှိုင်းချိန်သင့်ပါတယ်၊ ဘယ်လိုဘဲချိန်ချိန် ဝတ်ကြောင် ဘက်မှာ အလေးသာ နေတယ် ဆိုရင်တော့ဖြင့်ထွက်ပေတော့။

အရှင် ရာဟုလာထွက်သွားပြီးတဲ့ နောက်ပိုင်းတချိန်မှာ အရှင်ဆပဒလဲ ပျံလွန်တော်မူသွားပါတယ်၊ဒါကြောင့် အကြီးအကဲအဖြစ်ကျန်ခဲ့တဲ့ ရှင်သီဝလိ၊ ရှင်အာနန္ဒာ၊ ရှင်တာမလိန္ဒဆိုတဲ့ မထေရ် သုံးပါးဘဲဆက်လက်ပြီးတော့ စာပေ ပရိယတ် ပို့ချရင်း သာသနာပြုတော်မူကြပါတယ်၊ အထိန်း အသိမ်း အပိုက် အထုပ်ကလဲ အလွန်တော်ကြလေတော့ တပည့်သံဃာများလဲ အလွန်ပွားစီးတိုးတက်ပါတယ်၊ အမူအကျင့်အနေအထိုင်များကလဲ မြင်သူတကာစိတ်ကြည်နူးပြီး ဦးနှိမ်ချချင် လာလောက်အောင်ကိုဘဲ သိက္ခာပြည့်ဝကြပါတယ်၊ ဒါကြောင့်ရှင်ဆပဒ မရှိပေတဲ့လဲ နရပတိစည်သူမင်းကြီးဟာ ကျန်ခဲ့တဲ့ အရှင် သုံးပါးကို သဒ္ဓါမပျက်ဆက်လက်ကိုးကွယ်နိုင်ခဲ့ပါတယ်။

ပုရိမဂိုဏ်းလို့ခေါ်တဲ့ ရှင်အရဟံရဲ့ အဆက်အနွယ်ဂိုဏ်းသံဃာများဟာလဲ အမူအကျင့် သိပ်သည်း သေဝပ်တော်မူကြ ပါတယ်၊

ဂိုဏ်းကွဲနေပေမဲ့ လဲ တဂိုဏ်းနဲ့ တဂိုဏ်း ပုတ်ခတ်တာတို့၊ အတင်း ပြောတာတို့၊ ကိုယ်သာကောင်းစေပီး တဖက်ကိုဖိထောင်းတာတို့ ဆိုတာတွေကိုမကြားမိပါဘူး၊ ဒီအချိန်မှာ သာသနာတော်ဟာ အရှိန်အဝါအလွန်တက် နေပြန်ပါတယ်။

## ကွဲကြပြန်ပြီ

တနေ့သောအခါမှာ နရပတိစည်သူမင်းကြီးဟာ သူ့ဆရာ မထေရ် သုံးပါးကို ကြည်ညိုလွန်းလို့ တပါးလျှင် ဆင်ပေါက် တကောင်စီ လှူဒါန်းလိုက်ပါတယ်၊ အရှင်သီဝလိနဲ့ အရှင်တာ မလိန္ဒကသူတို့ရတဲ့ဆင်ကို တောမှာပြန်ပီး လွှတ်လိုက်ပါတယ်၊ အရှင်အာနန္ဒာကတော့ ဟို ကိဉ္စိပူရမြို့မှာရှိကြတဲ့ မိဘဆွေမျိုး များကိုလက်ဆောင်ပေးမယ်ဆိုပီး ပုသိမ်ဆိပ်ကမ်းကနေ သင်္ဘော နဲ့ တင်ပို့ လိုက်ပါတယ်။

ဒါကိုကျန်တဲ့ မထေရ်နှစ်ပါးကကြားတော့၊ အရှင်အာနန္ဒာ ပြန်လာတဲ့ အခါအကြောင်းကို ပြောပြ ကြပါတယ်၊ "ငါ့ရှင် မင်းကြီးလှူတဲ့ ဆင်ကို ချမ်းသာပါစေတော့လို့ ငါတို့နှစ်ပါး သည်တောမှာလွှတ်ကြသည်၊ သင်တမူကားဆွေမျိုးများသို့ ပေး ဘိသည်၊ သင်၏အမူအကျင့်သည်တရားနှင့် မလျော်ကပ်ပတ်" ပေါ့။

ဒီလိုပြောတော့ အရှင်အာနန္ဒာကလဲ -

"ဘုရားသဗ္ဗညု ကိုယ်တော်တိုင် (ညာတကာနဉ္စ သင်္ဂဟော) ဆွေမျိုးတို့ကို ထောက်ပံ့ခြင်းသည် မင်္ဂလာလို့ အထင်အရှား ဟောတော်မူထားသည်သာ" လို့ ပြန်ပြောလိုက်တာကိုး။

ဒီတော့ မထေရ်နှစ်ပါးက ဒီကောင် တယ် ဆင်ခြေ တက် တယ် ဆိုပီး စိတ်တိုသွားဟန်တူပါတယ်၊ "အကျိုးကိုလို၍ ဆိုပါ သည်၊ စကားကို မလိုက်နာနိုင်မူ သံဃာ့ကံကို သီးခြား ဆောင် လေ" လို့ ပြောပီး နှစ်ပါးသောမထေရ်တို့က ဖွဲ့ထုတ်လိုက်လို့ ရှင်

အာနန္ဒာဟာ သူ့တပည့်များနဲ့အတူ တဂိုဏ်းခွဲ ထောင်လိုက်ရပါတယ်။

ဒီလိုနဲ့ဘဲ သီဟိုဠ်က တပေါင်းတစည်းထဲ ကြလာတဲ့ အရှင်မြတ်တွေဟာ နှစ်ပါးနဲ့ တပါး ကွဲပြားပီး နေလာလိုက်ကြတာ အတော်ကလေး နှစ်ကြာသွားပါတယ်၊ ဒီလို ကြာလာတော့ တချိန်မှာ အရှင်တာမလိန္ဒမထေရ်မြတ်က အင်မတန် စာပေပရိယတ် ကျွမ်းကျင်လိမ်မာတဲ့ တပည့်တပန်းတွေကို ချီးမြှောက်ချင်လို့ သူ့ထံ ဆည်းကပ်လာကြတဲ့ မူးမတ် သူဌေးသူကြွယ်တွေကို စကားစမြည် ပြောရင်းဆိုရင်းက—

"ဒကာကြီး၊ ဟောဒီ ကိုယ်တော်ကလေးဟာ တယ်တော်တယ်၊စာပေပရိယတ်သိပ်ကြိုးစားတယ်၊ဘယ်ကိုယ်တော်ကလေးကတော့ ပဋိပတ်နဲ့ တယ်ပျော်တာဘဲ၊ ဒီပရိယတ် ပဋိပတ်ကို အရှေ့သဖြင့် အားထုတ်နိုင်ဘိဆိုတာဟာ ပစ္စည်းလေးပါး လိုလောက်မှ အားထုတ်နိုင်တယ်" ဆိုတဲ့သဘောမျိုးတွေကို ကြော်ငြာလေ့ ရှိပါတယ်။

ဒီအရှင်မြတ်ရဲ့ကြော်ငြာအရ မူးကြီးမတ်ရာ သူဌေးသူကြွယ်များဟာ စေတနာသဒ္ဓါတရားပေါက်ပီး ဆွမ်း သင်္ကန်း စတဲ့ ပစ္စည်းများကို လှူဒါန်းကြပါတယ်၊ ဒီအကြောင်းကို ရှင်သီဝလိမထေရ်ကြီးကြားတော့ အရှင်တာမလိန္ဒမထေရ်ကိုပြောပါတယ်။

"ငါ့ရှင်၊ ဝစီဝိညတ်ကြောင့် ရသောပစ္စည်းကို ဘုရားရှင်စက်ဆုပ်တော်မူသည်၊ သင်သည် ဘယ့်ကြောင့် ဝစီဝိညတ်ဖြင့် ပစ္စည်းလေးပါးကို ဖြစ်စေရသနည်း၊ သင်၏ အမူအကျင့်သည် မလျှောက်ပတ်" လို့ဆိုပီးပြစ်တင်ကဲ့ရဲ့တာပေါ့၊ဒီတော့အရှင်တာမလိန္ဒမထေရ်ကလဲ ပြန်ပီး ချေပပြန်တယ်။

"ငါသည် ငါ့အတွက်ကိုမဆိုပါ၊ တပည့်များ သာသနာ

တော်ကိုဆက်လက်အားထုတ်နိုင်ရန် တပည့်များအတွက်သာပြော ဆိုပါသည်၊ ဘုရားမြတ်က ဝစီဝိညတ်ကြောင့် ရသောပစ္စည်းကို စက်ဆုပ်တော်မူသည်ဆိုရာမှာ ကိုယ့်အတွက် ရည်ညွှန်းပြောဆို၍ ရသော ပစ္စည်းသာဖြစ်သည်၊ ယခုမူ တပါးသောသူအတွက် ရည်ညွှန်းခြင်းဖြစ်၍ အပ်ပါသည်”ပေါ့။

ဒါနဲ့ရှင်သီဝလိမထေရ်ကြီးက“အကျိုးလို၍ဆိုသည်၊ဆိုသည့်အတိုင်း မလိုက်နာလျှင် သီးခြားကံဆောင်လေ” လို့ ပြောပြီး အရှင်တာမလိန္ဒမထေရ်နဲ့ ဂိုဏ်းခွဲလိုက်ကြပြန်ပါတယ်။

ကြာလာရင် ဒီလိုဖြစ်တတ်တာဘဲပေါ့၊ သီဟိုဠ်သား ရဟန်းသုံးပါးဦးစီးတဲ့ သံဃာဂိုဏ်းဟာ ခုဆိုရင် သုံးဂိုဏ်းကွဲသွားပီပေါ့၊ နရပတိစည်သူမင်းကြီး လက်ထက်မှာ ဒီဂိုဏ်းကို စတင် တည်ထောင်ပီး ဒီမင်းကြီးလက်ထက်မှာဘဲ ကွဲကြတယ်ဆိုတော့ နှစ်ကာလအားဖြင့် သိပ်မကြာသေးခင် ကွဲကြတာဖြစ်မှာဘဲ၊ ဒီ ကွဲတယ် ဆိုတဲ့ကိစ္စဟာ ပုထုဇဉ်သား လောကမှာတော့ မဆန်းတဲ့ကိစ္စပါ၊ ဒါပေမဲ့ မညီညွတ်တာဟာ မတိုးတက်တဲ့ လက္ခဏာကိုဆောင်နေပါတယ်၊ ဒါကြောင့် အဆန်းမှုမဟုတ်ဘဲဆိုပီး အရေးမယူဘဲထားရင် သူ့လက္ခဏာအတိုင်း ဖင်ထိုင်ကျဘို့ဘဲ ရှိပါတော့တယ်၊ တိုးတက်ဘို့ဆိုတာ လမ်းဝေးသထက် ဝေးသွားမှာပါ။

ဒီလို ကွဲကြပေမဲ့လဲ ခုအချိန်အထိတော့ဖြင့် ဘယ်ဂိုဏ်းကတော့ ဖောက်ဖောက်ပြန်ပြန် ဖြစ်ကုန်ကြပီလို့ မကြားရသေးပါဘူး၊ သာသနာသက္ကရာဇ်(၁၇၀၀)ဝန်းကျင်သို့ ရောက်နေပါပီ၊ ရာဇဝင်နဲ့ သာသနာလင်္ကာရတို့ အဆိုမညီကြ၍ ဝန်းကျင်လို့ဘဲ ဆိုလိုက်ရပါတယ်။

ဒီမင်းကြီးလက်ထက်မှာ ပံ့သကူစွယ်ရှင် မဟာထေရ်နဲ့ ငပါင်းလောင်ရှင်ကဿပမဟာထေရ်တို့လဲ သီလသိက္ခာနဲ့ ပတ်

သက်လို့ အထူးကျော်ကြားတော်မူကြပါတယ်။

ကျစွာမင်းကြီးလက်ထက်ရောက်တော့ အထူးသဖြင့် ပရိယတ္တိ သာသနာဟာ တဟုန်ထိုး တက်လာတာကို တွေ့ရပါတယ်၊ ဒီလို ထွန်းပြောင်လာတာဟာ ရဟန်းတွေကလဲ ကောင်း၊ လူဒကာ တွေကလဲ ကောင်းကြလို့ဖြစ်ပါတယ်၊ နာမည်ကျော် သဒ္ဒနီတိ ကျမ်းကြီးကို ပြုစုတဲ့ အရှင်အဂ္ဂဝံသဆိုတာ ဒီခေတ်မှာ ပေါ် ပေါက်တာပါ၊ နာမည်ကျော် သဒ္ဒါငယ်ကျမ်းများ ဖြစ်ကြတဲ့ သဒ္ဒတ္ထဘေဒစိန္တာ တို့ ကစ္စာယနသာရ တို့ စတဲ့ ကျမ်းများကိုလဲ ရဟန်းတော် ရှင်သဒ္ဓမ္မသိရိ တို့ ရှင်ယသ တို့ ဆိုတဲ့ ပုဂ္ဂိုလ်တော် တွေ ပြုစုထားတာပါ။

တခြား သဒ္ဒါငယ် ကျမ်းများစွာကိုလဲ ရဟန်းတော်များဘဲ ပြုစုကြပါတယ်၊ သက္ကရာဇ် အတိအကျနဲ့ ဖော်ပြမထားပေမဲ့ ကျမ်းပြုပုဂ္ဂိုလ်တွေဟာ ပုဂံသားတွေဖြစ်တဲ့ပြင် ကျမ်းပြု ခေတ် စားတာကလဲ ဒီကျစွာမင်းကြီး ဝန်းကျင်ခေတ်မှာ ပိုပီး ခေတ် စားတာဖြစ်လို့ ဒီခေတ်မှာဘဲ ပြုစုတယ်လို့ ယူဆရပါတယ်။

မင်းကြီးကိုယ်တိုင် ပရမတ္ထဗိန္ဒု ဆိုတဲ့ ကျမ်းပြုပုဂ္ဂိုလ်တဦး ဖြစ်လို့ ဒီခေတ်ဟာ ကျမ်းပြုခေတ်စားဟန်တူပါတယ်၊ ဒီခေတ် ရဟန်းတွေဟာ ပရိယတ်အလုပ်နဲ့ကိုဘဲ လက်လှည့် မအားနိုင် အောင်ရှိနေကြလို့ အမူအကျင့် အလွန်ကြည်ညိုစရာ ဖြစ်ကြရပါ တယ်။

## ရဟန်းလူထွက် သံပျင်အမတ်

ဒီလိုစာပေပရိယတ် လုပ်ငန်းတွေနဲ့ မအားအောင် ရှိရတဲ့ ကြားထဲကဘဲ ကိလေသာနှိပ်စက်လွန်းလို့ ရွေ့လျောသွားရတဲ့ ရဟန်းများကိုလဲ ရံဖန် ရံခါ တွေ့ရ ပါတယ်၊ သူ့အကြောင်းနဲ့ သူဘဲလေလို့ဆိုရမလား မသိပါဘူး။

သာသနာတခေတ်ဆန်းလာတယ်လို့ဆိုရမဲ့ အနော်ရထာမင်း လက်ထက်ကစပြီး ပုဂံသား ရဟန်းများဟာ တခါထက်တခါ ပရိယတ်ကို ပိုပြီးအလေးပေး လာတာကိုတွေ့ရပါတယ်၊ ကျမ်းပြု ပုဂ္ဂိုလ်များကလဲ ဒီခေတ်မှာ အတော်များများ ပေါ်ထွက်လာ ပါတယ်၊ စာရေးကိရိယာရှားပါးခက်ခဲလှတဲ့ အဲဒီလို ခေတ်မျိုး မှာ ကြိုးစားပန်းစားရေးကြတဲ့ ပုဂ္ဂိုလ်ကျော်များရဲ့ ကျေးဇူးကို မမေ့သင့်ဘူးပေါ့၊ တခုတော့ရှိပါတယ်၊စာမဲ့မျိုးတော့လဲ မဖြစ် သင့်ဘူးပေါ့။

တနေ့တော့ စာဇတော်ပေတော် ရဟန်းတပါးဟာ နရပတိစည် သူမင်းတရားကြီးရဲ့ အမြှိတ်အစွန် ဖြစ်တဲ့ မင်းသမီးတဦးကိုမြင် မိလို့မအိပ်နိုင် မစားနိုင်ဖြစ်ရပါသတဲ့၊ ဒါကိုမင်းကြီးကြားတော့ ခိုင်ခန့်အားကိုးလောက်တဲ့ ကျမ်းတစောင်ပြုပါအုံးလို့ ဆိုတာနဲ့ ဥဿကျမ်း အဖွင့် ဋီကာတစောင်ကို ရေးပါတယ်၊ ပြီးစီးတဲ့အ ခါကျတော့ မင်းကြီးသဘောကျတာနဲ့ အဲဒီမင်းသမီးနဲ့ ပေး စားပြီး မြေတိုင်းသံပျင် အမတ်ရာထူးကို ပေးပါသတဲ့၊ သူရေး တဲ့ဋီကာကိုလဲ သံပျင်ဋီကာလို့ ခေါ်စမှတ်ပြုကြပါတယ်၊ ဒါက သာသနာ့လင်္ကာရက ပြောတဲ့ စကားပါ၊ ပိဋကတ်တော် သ မိုင်းကလဲ ဒီစကားကိုဘဲ အကိုးအကားပြုပါတယ်။

ယယ်ယယ်က ဆရာသမားများဆီက တဆင့်ကြားဘူးတာ က တော့ ကျစွာ မင်းကြီးလက်ထက်လို့ ဆိုပါတယ်၊ ကျစွာ မင်း ကြီးကစာပေအလွန်တော်လေတော့ နန်းတွင်းသူ နန်းတွင်းသား တချို့ ကိုသာမက ရဟန်းများကိုပင် စာချ ပေးတယ်လို့ ဆိုပါ တယ်၊ နောက်တော့မင်းကြီးသာမက သမီးတော်ကပါစာချပေး ပါသတဲ့၊ စိတ်ဝင်စားစရာ ကောင်းလို့ ဆက်ပြီးပြောရအုံးမယ်။

သမီးတော် စာချတော့ စာလိုက်တာက ရဟန်းတွေတဲ့၊ ဒါ

ကြောင့် ရဟန်း တွေနဲ့ သမီးတော် တဖက်နဲ့ တဖက် မမြင်ရအောင်ဆိုပြီး တင်းတိမ်ကန့်လန့်ကာများ ကာရံပြီးထားပါသတဲ့၊ ဒါပေတဲ့ မြင်သာမမြင်ရတာ၊မင်းသမီးရဲ့ အသံကလေး သာသာယာယာကိုတော့ တပ်မက် ဖွယ်ရာ ကြားနေရတာကိုး၊ ဒီတော့ ရဟန်းတပါးက သိပ်မြင်ချင် လာတော့ တာပေါ့။

ဒါနဲ့ အကြံတခုရလာလို့ သူ့ပေစာထဲက အဆုံးသတ်မှာ သူကမဆုံးသေးဘဲ စာပိုဒ် ကလေးတခုဆက် ရေးထားလိုက်တယ်၊ ဒီလိုနဲ့ နေ့တိုင်းတက် နေတာပေါ့၊ နောက် ပေကုန်တော့၊ ပီးပြီ၊ ဆုံးပြီလို့ မင်းသမီးက ကန့်လန့် ကာထဲကနေ ပြောတာကိုး၊ ဒီတော့ အကြံနဲ့ ရဟန်းက မဆုံးသေးဘူး၊ကျန်ပါသေးတယ်ပေါ့၊ ဘေးကရဟန်း တွေလဲ သူ့ကြည့် ငါကြည့်ဖြစ်နေမှာပေါ့၊ ဒီလိုနဲ့ မင်းသမီး ကလဲဆုံးပြီ၊ ရဟန်းကလဲ မဆုံးသေးဘူးနဲ့ အငြင်းအတင်ဖြစ်လေတော့ နောက်ဆုံး မင်းသမီးလဲ ကန့်လန့်ကာကြား ကထွက်လာပြီး "ဘယ်မတုံး ပြစမ်း" ဆိုတာမျိုး လုပ်ရတော့ တာပေါ့။

အဲဒီမှာ ရဟန်းက သူ့ပေစာကိုပြရင်း မင်းသမီးကို တဝကြီး ကြည့်လိုက်တာပါဘဲ၊ မင်းသမီးကလဲ ပေစာယူပြီးကြည့်တော့ အဆုံးမှာ ရဟန်းဆက်ရေးထားတဲ့ စာပိုဒ်ကို တွေ့ရတာကိုး၊စာပိုဒ်က "ဟိံ ဇာလေ၊ ဟေဟေ ယျုံ" ဆိုတာပါဘဲ၊ ဒါနဲ့ မင်းသမီးကစာပိုဒ်ကြည့်ပြီး(ဟိံ-တငါသည်တို့သည်၊ဇာလေ—ကွန်ယက်မဆွ—ငါးတို့ကို၊ ဟေဟေယျုံ—ဖမ်းယူ ညှင်းဆဲကုန်၏) လို့အနက်ပြန်ပေးလိုက်ပါသတဲ့။

ဒီကစပြီး ရဟန်းခများ သူ့ဘဝမှာ မပျော်ပိုက်နိုင်ဘဲ ဖြစ်လာပါတော့တယ်၊ ဒါကိုမင်းကြီးသိတော့ အထက်က ပြောခဲ့တဲ့ အတိုင်းဘဲ အားထားလောက်တဲ့ ကျမ်းတစောင်ရေးခိုင်းပြီး သမီး

တော်နဲ့ ပေးစားလိုက်ပါတယ်၊ မြေတိုင်သံပျင်အမတ်ရုံးထူးကို လဲ အပ်လိုက်ပါတယ်၊ ငယ်ငယ်က စာလိုက်ရင်း ကြားဘူးတာပါ၊ ဟုတ်လှပါလို့တော့မဆိုသာပါဘူး။

သာသနာ သက္ကရာဇ် ၁၅၇၀ အနော်ရထာမင်းစော လက်ထက်ကစပြီး ပုဂံ ခေတ်တလျှောက်လုံးသာသနာ့ဝန်ထမ်း ရဟန်းတော်များဟာ ဣန္ဒြေသိက္ခာ အမူအကျင့် အလွန် တည်ကြည်တော်မူကြပါတယ်၊ မနေနိုင်လို့ ရိုးရိုး သားသား လူထွက်တာကိုတော့ဖောက်ပြန်တယ်လို့ မဆိုသာပါဘူး၊ အဓိက အားဖြင့် ပရိယတ်ကို ဇောက်ချအားထုတ်ကြပြီး ပဋိပတ်ကိုလဲကျင့်တော်မူကြပါတယ်၊ ဒီသာပါမောက္ခဦးကျည်ပွေ့ဆိုတာ နည်းယူလောက်တဲ့ ဆရာတော်ကြီးပေါ့၊ ပြည်သူ ပြည်သား အပေါင်းတို့ကလဲ ကြည်ညိုလှန်း ကြတဲ့အတွက် ရဟန်းများ အတုလိုက်ပြီး စာပေ ပရိယတ်ကို လှန်လှန် ကဲကဲ သင်ယူကြတာ တွေ့ရ ပါတယ်၊ ထို ခေတ်ကမိန်းကလေးများပင် စာပေ ပရိယတ်မှာ အံ့ဩလောက်အောင် တတ်မြောက်ကြပါတယ်။

သို့သော်လဲ ဒီခေတ်ရဲ့ နောက်ပိုင်းမှာတော့ တိုင်းရေး ပြည်ရေးတွေက ရှုပ်ရှုပ် ထွေးထွေး ဖြစ်လာတဲ့ အတွက် ပြည်ပိုင်မင်းတွေဟာ သာသနာရေးကို ရှေ့ကလောက် ဂရုမစိုက် နိုင်ဘဲဖြစ်ခဲ့ရပါတယ်၊ ဒီအချိန်မျိုးဟာ ရဟန်းများအနေနဲ့ အကျင့်သိက္ခာ ရော့ရဲရဲဖြစ်လာနိုင်တဲ့ အချိန်မျိုးဘဲဖြစ်ပါတယ်။

## ပင်းယခေတ် ရဟန်းများ

ပုဂံပျက်စီးပြီးနောက် ပင်းယခေတ်ရောက်လာတဲ့အခါ ပင်းယ ဘုရင်တစီး ရှင်သီဟသူ(သာသနာသက္ကရာဇ် ၁၈၅၆)လက်ထက်မှာ ရဟန်းသံဃာများ သိပ်ပြီးတည်တည်ငြိမ်ငြိမ် မရှိသေးပါဘူး၊ ရှုတ်ရှုတ်ဖြစ်နေတဲ့ တိုင်းရေး ပြည်ရေးရဲ့ ဂယက်ရိုက်မှုကြောင့်

ဘဲဖြစ်ပါတယ်၊ ဒီမင်းလက်ထက် ပထမပိုင်းမှာ ရဟန်းကောင်း ရဟန်းမြတ်ရယ်လို့ မရှိဘဲ ပုဂံခေတ်အကြွင်းအကျန် ရှင်ယောင် အရည်းကြီးများသာ ရှိနေကြပါတယ်၊ ဒါပေတဲ့ အရည်းကြီး တွေဟာ ရှေ့ကလိုအရှိန်အဝါကြီးကြီးနဲ့ အထက်စီးမရကြတော့ ပါဘူး။

ရဟန်းကောင်းတွေဟာ စိတ်ချမ်းသာရာကို ပြောင်းရွှေ့ သီတင်းသုံးကြတယ်နဲ့ တူပါတယ်၊ ဒီရဟန်းကောင်း ရဟန်းမြတ် တွေနဲ့ ကိုးဘူးဆုံဘူးလာကြတဲ့ ပြည်သူတွေဟာအရည်းကြီးတွေ ကို လူဝတ်ကြောင်ထဲက လူတန်းစားတမျိုးလို သဘောထားပြီး ဆက်ဆံလာကြပါတယ်၊ ဒါကြောင့်လဲ အရည်းကြီးတွေဟာ မင်းညီ မင်းသားတွေဆီမှာ ကပ်ရပ်ပြီး အမှုတော်ထမ်းဘဝကို ရောက်ကုန်ကြတာပါ၊ ဒါကိုဘာပြုလို့ သိရသလဲဆိုတော့—

တခါတုန်းက တစီးရှင်သီဟသူဟာ သားတော်သုံးပါးကို ခေါ်ပြီး သားတော်များတွင် အင်အား ဘယ်လောက်စီရှိသလဲလို့ သားတော်တယောက်စီကိုမေးတော်မူပါတယ်၊ အကြီးနဲ့အလတ် က သူတို့အင်အားကို သံတော်ဦးတင်ပြီးတဲ့အခါ သားတော် အငယ်ဆုံးကို မေးပါတယ်၊ သားတော်အငယ်ဆုံး အသင်္ခယာ စောယွမ်းက "ကျွန်တော့်တွင် အရှင်အရည်းတို့ကိုထား၍ အ ထိန်းသားနှင့်သော် ရှစ်ကျိပ်ရှိပါသည်"လို့ လျှောက်ပါတယ်။

ဒါကိုထောက်ရင် အရည်းကြီးတွေဟာ မျက်နှာကြီး ပုဂ္ဂိုလ် အမျိုးမျိုးတွေဆီမှာ သင့်သလို အမှုထမ်းနေကြတယ်ဆိုတာ သိ သာပါတယ်၊ ဘယ်သူ့ဆီမှ အမှုမထမ်းဘဲ ကိုယ့်ကျောင်း ကိုယ် ဆောက်ပြီး တခမ်းတနားနေကြတဲ့အရည်းကြီးများလဲရှိမှာပါဘဲ၊ ဒီတခမ်းတနားနေတဲ့ အရည်းကြီးတွေဟာ ရပ်ထဲရွာထဲမှာ သာ ရေး နာရေးစတဲ့ကိစ္စတွေ ပေါ်လာရင် ရဟန်းများဆောင်ရွက်

ရမဲ့အပိုင်းမှာ ဒီအရည်းကြီးတွေကဘဲ ဆောင်ရွက်ကြမှာပါ၊ ဘာပြုလို့လဲဆိုတော့ ဒီအချိန်မှာ အရည်းကြီးတွေသာ အားကောင်းနေပါတယ်လို့ သာသနာ့ဝံသပ္ပဒီပိကာမှာ ဆိုပါတယ်။

ရဟန်းကောင်းအနဲအပါးရှိပေတဲ့ ထင်ထင်ပေါ်ပေါ်မနေဝံ့တဲ့အချိန်မျိုးပါ၊ နောက်မှရဟန္တာထွေးခေါ် အရှင်ဒိဗ္ဗစက်ဆိုတဲ့ မထေရ်မြတ်ကြီး ကြွရောက်လာပြီး ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဆည်းကပ် ကိုးကွယ်ရာမှစပြီး ရဟန်းကောင်းမျာ း ပွင့်လင်းလာနိုင်ကြပြန်ပါတယ်။

တိုင်းရေး ပြည်ရေးတွေ တစတစ အေးလာတယ် ဆိုရင်ဘဲ ပြည်ပိုင်မင်းတွေဟာ သာသနာတော်ကို ဂရုစိုက်လာနိုင်ကြပါတယ်၊ နှိမ်တန်သူကိုနှိမ်ပြီး ချီးမြှောက်သင့်တဲ့ပုဂ္ဂိုလ်ကို ချီးမြှောက်လာကြပါတယ်၊ တစီးရှင်သားတော် ဥဇနာမင်းကြီး လက်ထက်မှာဆိုရင် နာမည်ကျော်ကြားလှတဲ့ စကားခွန်နှစ်ကျောင်းကို ဆောက်လုပ်ပြီး ပုဂ္ဂိုလ်တော် ပုဂ္ဂိုလ်ကျော်များကို တင်လှူပါတယ်၊ စကားသားနဲ့ ဆောက်တဲ့ကျောင်းတွေဖြစ်လို့ စကားကျောင်းလို့ ခေါ်တာပါ၊ ပင်ကြားဆိုတဲ့အရပ်မှာ ဆောက်လုပ်ပါတယ်။

ဒီမင်းလက်ထက်မှာတော့ အရှင်ကောင်း အရှင်မြတ်တွေပေါ်လွင်ပြီး ပရိယတ် ပဋိပတ်ဆိုတဲ့ သာသနာ့ လုပ်ငန်းတွေကို ဖွံ့ဖြိုးရရ လုပ်ဆောင်နိုင်ကြပါတယ်။

### စကားကျောင်းများ နာမည်ပျက်

ဥဇနာမင်းကြီးဟာ သူဆောက်လုပ်လှူဒါန်းထားတဲ့ စကားကျောင်းနေ သံဃာတော်များ အတွက် ဝတ္ထုကံ မိုးမြေလို့ခေါ်တဲ့ မြေယာများကို အမြောက်အမြား လှူဒါန်း ပါတယ်၊ ဒီဝတ်မိုး ဝတ်မြေများကထွက်တဲ့ အခွန်ဘဏ္ဍာများကိုကျောင်း

နဲ့ ကျောင်းနေ သံဃာတော်များရဲ့ ပစ္စည်းလေးပါးအတွက် အသုံးပြုဘို့ဘဲဖြစ်ပါတယ်၊ ရဟန်းတော်များအနေနဲ့ သာသနာတော်ကို အားထုတ်ရာမှာ ပစ္စည်းလေးပါးအတွက်ကြောင့် ကျစရာမရှိကော့လို့ အင်မတန်ကောင်းမြတ်တဲ့ အစီအစဉ်ဖြစ်ပါတယ်၊ အဲဒီတုန်းကအခြေအနေကို သာသနာဝံသ ကျမ်းဟောင်းက အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

"ထိုသို့ ဝတ်မိုးဝတ်မြေ များစွာလှူရာတွင် အတွင်းသံဃာတော်တို့ သုံးဆောင်ခံယူခြင်း၊ လုံ့လဥဿာဟကို မနှစ်သက်၍ လျှောက်ထားရာတွင် အရှင်သုမ္မမဟာသာမိ မထေရ်ကြီးက ဝတ္ထုကံသိမ်းအခြား၊ သာသနာစိုးအခြား၊ ဝတ်စားသံဃာဟူ၍ အသီးသီးခန့်အပ်၍ သာသနာတော်ပရိယတ် ပဋိပတ်ကို အားထုတ် ဆောင်ရွက်ကုန်သည်။

ထိုအခါ သာသနာစိုး ဝိနယဓရကိုကား သံဃာတော်ကြီး မဟာမဟိန္ဒကို ခန့်တင်တော်မူသည်၊ဝတ္ထုကံသိမ်းကိုကား တောင်စွန်းကျောင်းကို တင်လှူသော အရှင်သီရိပုည ပုဂ္ဂိုလ်အား ခန့်အပ်တော်မူ၍ ဝတ္ထုကံသိမ်းရသည်"

မှတ်ချက်။ ။ဒီနေရာမှာ ခန့်အပ်တဲ့ သာသနာစိုးဆိုတာက ကျောင်းနေရဟန်းအများကို တရားနဲ့အညီ နေထိုင် ကျင့်ကြံအောင် ဆုံးမဩဝါဒ ပေးရပါတယ်၊ ဝတ္ထုကံသိမ်း ဆိုတာက ဝတ်မိုးဝတ်မြေများက ရတဲ့ အခွန်ဘဏ္ဍာများကို သိမ်းဆည်းရသူ ဖြစ်ပါတယ်၊ ဝတ်စားသံဃာဆိုတာက ဝေစုရတဲ့သံဃာကို ခေါ်ပါတယ်။

ထိုသို့ ဝတ်သိမ်း၊ ဝတ်စား၊ သာသနာစိုး အသီးသီး ပွားများရာတွင် ပဋိပတ် ပေါ့လျော့သည်ဟု အရှင်သာသနဝရနှင့် အရှင်ပရက္ကမ ပုဂ္ဂိုလ်ညီနောင် ပေါင်းသုံးပါးသော သံဃာ့ထေရ်

အကြီးသည် နှစ်လုံးချမ်းသာရာရှာ၍ အရှင်သာသနဝရပုဂ္ဂိုလ်လည်း တုရင်ခြေတောင်တောတွင် သီတင်းသုံးနေလေသည်၊ အရှင်ပရက္ကမညီနောင် နှစ်ပါးလည်း တောင်ဘလူးကုန်းတွင်းသို့ ပြောင်းနေတော်မူသည်၊ ထိုတွင် အစမူ၍ ထိုပုဂ္ဂိုလ်တို့ကို အရညဝါသီ တောနေအာစရဟု ခေါ်ဝေါ်ခြင်း၊ ရွာနီးအိမ်နီး နေသော ပုဂ္ဂိုလ်တို့ကိုကား ဂါမဝါသီဗဟုစာရဟု ခေါ်ဝေါ်ခြင်း တွင်သည်၊ နောက်လျှင် ရွေ၍ ဧကစာရ၊ ဗဟုစာရဟု ခေါ်တွင်သည်။

ပုဂံမှသည် ပင်းယ စစ်ကိုင်းတိုင်အောင် ဆက်ရောက်၍ အရှေ့ဂိုဏ်း၊ အနောက်ဂိုဏ်း၊ အရှင်အာနန္ဒာဂိုဏ်းဟု အသီးသီး ကွဲ၍ နေသော်လည်း ဒုသီလ သုသီလဟု ဆိုခြင်း အပြစ်မမူကြ၊ အသီးသီး ကံဆောင်နိုင်သည်၊ ကျမ်းသင်ကျမ်းတက် တပည့်သံဃာ လောက်ကေုလုံသည်ဟု ဂိုဏ်းမာန်တစိတ်ဝင်၍ ဆောင်ရွက်သည့် သဘောကိုသာ တဂိုဏ်း တဂိုဏ်းဟု ခေါ်ဝေါ်ခြင်း ထင်ရှားသည်၊ ဝိနည်းသိက္ခာပုဒ် ပညတ်တော်ကို လွဲ၍မသုံးမဆောင်ကြကုန်၊ သီလအာစာရအတူတူ၊ အရညဝါသီ ဂါမဝါသီဟူ၍သာ ကွဲသည်၊ ဝိသဘာဂ မကွဲမပြားကြသေး ဖြစ်သည်၊ ပွဲကျောင်းဟူ၍လည်း မဖြစ်သေး၊ သင်္ဃရာဇာဟူ၍လည်း မဖြစ်လေသေး။

၆၇၄-ခု ပင်းယမြို့ တည်သည်မှစ၍ သက္ကရာဇ် (၇၂၆)ခု အဝမြို့ကိုတည်သည့် သတိုးမင်းဖျားနောက် မင်းကြီးစွာစော်ကဲသည် သက္ကရာဇ်(၇၂၉)ခုတွင် နန်းတော်တက်စံ၍ (၇၃၀)တွင် ရာဇာဘိသေကခံ၍ ကောလီနန်းစံတော်မူသည်တွင်မှ သင်ပန်အရပ်တွင် ပင်းယရာကြည့်ကျောင်းကိုဆောက်၍ တောင်ဘလူး ရှင်ပရက္ကမသံဃာ ရှင်ဝရသီလကို တင်လှူသည်တွင် ဝတ္ထုကံ လယ်ယာမိုးမြေများစွာ လှူတော်မူသည်၊ ထိုနောက် ပင်ကြား

အင်း အနောက်တွင် အောင်စည်းခုံဘုရားနှင့် ကျောင်းကို တည်သည်၊ ဝတ္ထုကံမြေ တောင်ဘက် ၁၀၀၀၀၊ မြောက်ဘက် ၁၀၀၀၀ လှူသည်ကို ဝတ်သိမ်းအခြားမခန့်၊ သာသနာစိုးအခြားမခန့်၊ ဝတ်စားအခြားမရှိကျောင်းနေ ဆရာမထေရ်ပင် ဝတ်သိမ်းဖြစ်လေသောကြောင့် ထိုတွင် သင်္ဃရာဇာဟု ခေါ်ဝေါ်လေသည်။

ထိုသို့ သင်္ဃရာဇာ ဝတ်သိမ်းမထေရ်ကြီး၊ဖြစ်ရာတွင်မှ တောနေ တောင်ဘလူး ပရက္ကမည်နောင်နှစ်ပါးလည်း စစ်ကိုင်းတောင်ရိုး အနောက် ငှက်မနားဘုရားရှင် မြောက်ချောက်သို့ ပြောင်းနေလေသည်၊ ထိုတွင်မှ သင်္ဃရာဇာတို့သည် ပွဲလမ်းသဘင် အလိုကြိုက်၍ ပရိယတ်ပဋိပတ်ကို ဖြည့်စွမ်း ရှက်ဆောင်ခြင်းမရှိ၊ လက်ဖွဲ့ လက်ပမ်းကိုသာ အလေ့ပြု၍ အားထုတ်သည်၊ အောင်စည်းခုံ သင်္ဃရာဇာမှာ လက်ဖွဲ့ဆု တနှစ်တနှစ်လျှင် မြင်း-၁၅ စီး၊ ၂၀-ရသော ဆို၏။

ထိုတွင် အစမူ၍ ဂါမဝါသီပွဲကျောင်းဟူ၍လည်း ခေါ်ဝေါ်လေသည်၊ သင်္ဃာရစာကိုသာ သုံးစွဲလေသောကြောင့်လည်း သင်္ဃစာဟုခေါ်ဝေါ်လေသည်၊ ထိုတောနေ ဂဏစာရတို့နှင့်လည်း ဝိသဘာဂဖြစ်၍သာမဂ္ဂီမဖြစ်ပီး ကွဲပြားလေတော့သည်၊ ထိုသို့ကွဲပြား၍ ဝိသဘာဂဖြစ်ခြင်းသည်ကား ဂါမဝါသီဗဟုစာပွဲကျောင်းဟု ခေါ်ဝေါ်သည်က စသည်၊ ယင်းကျောင်းများသည်ကား ပင်းယတွင် စကားခွန်နှစ်ကျောင်း၊ ငါးစီးရှင်ကျော်စွာ ဆောက်လှူသည့် စကားကျောင်းအနီးတွင် ဆေးသစ်ကျောင်း၊ ငါးစီးရှင်သား ကျော်စွာ မိဖုရား ဥမ္မာဒန္တီ ကျောင်းတည်၍ စကားပုဂ္ဂိုလ်ကြီး မြေးတော်သူ ရှင်မဟာနန်ကို

တင်လှူသည့် ကျော်စွာကျောင်း၊ တကောင်းမင်း သတိုးဆင်ထိန်းနှင့် မြောက်သားတော် စိုးမင်းကိုယ်တော်ကြီးတို့ သိမ်တော်ကြီး အနောက်မြောက်တွင်တည်၍ စံကားကျောင်း သံဃာအား တင်လှူသော စိုးမင်းကိုယ်တော်ကြီးကျောင်း၊အမတ် ၅-ယောက် အနက် အမတ်နတောင်များ ပင်းယမြို့ အရှေ့တောင်အပြင်တွင် ဆောက်၍ တောင်တွင်းငယ်စား ဆရာရှင်ဝရသီလကို တင်လှူသည့် ကျောင်း(အမတ်-ထောက်လှေကား၊ ယောက်-လှေကား) နန်းတော် အနောက်မြောက်ထောင့် မြို့တွင်းဝယ် ဆောက်၍ ဗေဒင်တတ် ရှင်ဥတ္တမစာရီကို တင်လှူသည့်ကျောင်း၊ ရာဇသူ အမတ် ရွှေစည်းခုံတန်တိုင်းအောက် အရှေ့မြောက်ထောင့်တွင် တည်၍ သာမဏေလှကို တင်လှူသော အောက်ကျောင်း၊ အမတ် ရာဇနန္ဒသင်္ကြံသည့် ရွှေစည်းခုံဘုရားအရင်းတွင် ကဿပဟု သမုတ်၍တည်လျှင် အမတ်ကျောင်းခေါ်ဝေါ်၍ စလေစကြို့က လာ၍ သင်ကြားသော ပုဂ္ဂိုလ်ပဥ္စင်းကျော်ကို တင်လှူသော ကျောင်း။

စစ်ကဲကျောင်း၊ ရွှေစည်းခုံအနောက်တွင်ဆောက်၍ လက်ရွေးမှူးဆရာ ရှင်ဒီပညာဏကို တင်လှူသောကျောင်း၊ ကျော်စွာသား နရသူမောပါတည်လှူသော နွားလည်ကျောင်း၊ ဖွားတော်ရာ ကျောင်း၊ သမန်းကုန်းကျောင်း၊ မြစ်ငယ်နွားပုတ္တောကျောင်း၊ နန်းတော် အရှေ့မြောက်နွားတွင် ၅-မျက်နှာကျောင်း၊ မြို့နွားတွင် မင်းကျောင်း။

ဤကျောင်းရပ်များသည် စကားကျောင်းအပါ၊ ပင်းယတွင်ချည်း၊ ဂါမဝါသီပွဲ ကျောင်းဗဟုစာရ ခေါ်ဝေါ်တွင်၍ ကွဲပြားသည်။

စကားကျောင်းမတော်နေ ပုဂံ ရှင်အရဟံ ဂိုဏ်းဝင် သင်္ဃာ အရင်းဖြစ်သော အရှင်သုဓမ္မ မဟာသာမိသည် အသက်တော် ၉၅ နှစ်၊ ၆ကျိပ်သား၊ ခနှလက်၊ ခနှစန်း ၅တေးနှင့် အကွတည် သည်ကား ပင်းယမင်း ၆ဆက်တို့ လက်ထက်ပင်းယထွက်ဖြစ်ပွား သည့်ပွဲ ကျောင်းဂါမဝါသီကိုဆိုသည်။

ရတနာ ပူရ အဝမြို့တည်မှ ပင်းယတွင် မင်းကြီး စွာစော်ကဲ ဆောက်လှူသော ကျောင်းသည် ကား မြင်ထင် စည်းခုံ ကျောင်း၊ ပင်းယ ယယ်ကြည့် ကျောင်း၊ တောင်စည်းခုံ ဘုရားအရင်း စွာင် ကျောင်း ဤသို့အစရှိသဖြင့် ပင်းယမင်း ဥစ္စနာ မှသည် ရတနာ ပူရအဝ ရွှေနန်းစံမင်းကြီး စွာစော်ကဲ လက်ထက်တော်တိုင် စကားကျောင်း မတော် အပါအရုံကား အနီး ပတ်လည် ၂၃၃ ကျောင်း၊ မြင်းဆိုင် မက္ခရာ ပင်လယ်၊ ညောင်ရမ်း ကိုး ခရိုင်အာ ဝေးတွင် အဝင်အပါ သာသနာ အဆုံး အမ အဝင် သွင်းသည့် အဝေး ကျောင်းကား ၇၇၀ ကျောင်းတည်း။

ထိုသောအခါ စကား ကျောင်းမတော်နေ မထေရ်ကြီး ကား အရှင် မဟာမဟိန်တည်း၊ ၅တေးသား၊ မိန်လက်၊ မိန်စန်း ၁ဋ္ဌေ ဂဟု အတူတည်း၊ သက်တော် ၉၉ နှစ် နှင့် ၆လ နေတော်မူ သတည်း။

ခုဖော်ပြခဲ့တဲ့ စကားရပ်တွေကတော့ သာသနာဝံသ ကျမ်း ဟောင်း(ပေမူ)ထဲက အတိုင်း ကူးထဲ့ လိုက်တာ ဖြစ်ပါတယ်၊ ၁၂၀၅–ခုမှာမှ တဆင့်ကူးထားတဲ့ ပေမူ ဖြစ်ပါတယ်၊မူလရေး သူအမည် မပါပေတဲ့ ပိဋကတ် တော် သမိုင်းက ၁၁၂၅–ခု၊ ဆင်ဖြူရှင် လက်ထက် ပိဋကတ်တိုက်စိုး ချောင်းဦး ဆယ်ရွာစား ရေးတယ်လို့ဆိုဘာဘဲ။

ဒီ အကြောင်းအရာတွေဟာ ဖြစ်ရပ်အနေနဲ့တော့အမှန်ပါဘဲ၊

အချိန်ကာလ ဖော်ပြပုံမှာတော့ အခြား သာသနာရေး ဆိုင်ရာ ကျမ်းများနဲ့ ကွဲလွဲနေပါတယ်၊ သို့သော်လဲ ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်က အဖြစ်အပျက် အမှန်ကိုသာဖော်ပြ ချင်တာဖြစ်လို့စကား အသွားအလာ ထောင့် တောင့် တောင့် ရှိပေမဲ့ အဆို အမိန့်ကောင်းတဲ့သာသနာဝံသစကားကိုဘဲ ဖော်ပြရခြင်းဖြစ်ပါတယ်။

အဲဒီအချိန်တုံးက ရဟန်းတွေ အမူအကျင့် ပျက်လာတာဟာ လာဘသက္ကာရကစတယ်လို့ဆိုရပါလိမ့်မယ်၊ ဝတ်မိုးဝတ်မြေပေါကရရှိတဲ့အခွန်ဘဏ္ဍာတွေ ခွဲဝေတဲ့ အခါ ပုထုဇဉ်တို့ထုံးစံအတိုင်း မကျေနပ်မှုတွေ ဖြစ်ရာကနေ အချင်းချင်း မတဲ့ဖြစ်၊ မတဲ့တော့ သူ့ဘက်ငါ့ဘက်နဲ့ ဘက်ပြိုင်လာ၊ ဒီအခါ ရဟန်းကောင်းတွေက မနေနိုင်တော့ တခြား နားအေးရာထွက်သွား၊ ကျန်တဲ့ရဟန်းတွေထဲမှာ တရားအားလျော်စွာ ဆုံးမမဲ့ပုဂ္ဂိုလ်ကလဲ မရှိ၊ ရှိပြန်တော့ လဲ မလိုက်နာနဲ့ နောက်တော့ ကိုယ်ထင်သလို ကိုယ်နေ၊ ဗေဒင်ဝါသနာပါသူက ဗေဒင်သင်၊ ဆေးဝါးဝါသနာပါသူက ဆေးသင်၊ မြင်းဝါသနာရှိသူကလဲ မြင်းစီးသင်၊ လက်ဖွေ့ဝါသနာရှိသူကလဲ လက်ဖွေ့သင်နဲ့ ထင်သလိုဖြစ်ကုန်ကြတော့တာပါဘဲ။

အထူးသဖြင့်တော့ အဲဒီခေတ်က အားကစား ပညာရပ်တွေထဲမှာ လက်ဖွေ့ထိုးသတ်တဲ့ပညာရပ်ဟာ အတော် ခေတ်စားပုံရပါတယ်၊ ဘာပြုလို့လဲဆိုတော့ အဲဒီ ပွဲကျောင်း ရဟန်းတွေဟာ လက်ဖွေ့ကို အများအပြားလေ့လာလိုက်စားကြလို့ပါဘဲ၊ ဒီ ပွဲကျောင်းဆိုတာဟာ မူလကတော့ ဂါမဝါသီရိုးရိုးပါဘဲ၊ နောက်တော့ လက်ဖွေ့ပွဲသဘင်စတဲ့ပွဲသမ်းတွေကို ကနားကြီးများထိုးပြီး လက်ခံကျင်းပရာကအစ ဂါမဝါသီပွဲကျောင်းရယ်လို့ အမည်တွင်လာတာ ဖြစ်ပါတယ်။

## လက်ဝှေ့ကျော် သယ်ရာဇာ

အဲဒီတုန်းက လက်ဝှေ့ထိုးသတ်ရာမှာ အလွန်နာမည်ကြီးတဲ့ အောင်စည်းခုံ သယ်ရာဇာကြီးဆိုတာ ရှိပါတယ်၊ တချို့ကလဲ မင်းခေါင်ကြီးလက်ထက်လို့ ဆိုပါတယ်၊ တချို့ကလဲ ငါးစီးရှင် ကျော်စွာလက်ထက်လို့ဆိုပါတယ်၊ ဘယ်သူ့လက်ထက်ဘဲဖြစ်ဖြစ် အဲဒီကိုယ်တော်ကြီးရှိတာကတော့ အမှန်ပါဘဲ၊ ဒီကိုယ်တော်ကြီး ဟာ သူတပါးကျောင်းမှာ ကပ်ရပ်နေတဲ့ သာမည ကိုယ်တော် ကြီး မဟုတ်ပါ၊ အောင်စည်းခုံ ကျောင်းတိုက်ကြီးကို အုပ်ချုပ် နေတဲ့ပြင် ကိုယ်တိုင်ဝတ်သိမ်းနေတဲ့ ဆရာတော်တပါးဘဲ ဖြစ်ပါ တယ်။

ဒီဆရာတော်ကြီးဟာ လက်ဖွေ့သတ်ကောင်းလွန်းလို့ တနှစ် တနှစ်ကို မြင်း ၁၅-စီး အစီး-၂၀ ဆုရပါသတဲ့၊ အုပ်ချုပ်နေတဲ့ ဆရာတော်ကိုယ်တိုင်က ဒီလိုလုပ်နေတယ်ဆိုတော့ လက်အောက် မှာရှိတဲ့ ငယ်ရွယ်သူတွေဟာ ဘယ်လိုလုပ်ပြီး ကောင်းနိုင်ပါတော့ မလဲ၊ ဒီအထဲ ဘုရင်ကိုယ်တိုင်က လက်ခုပ်တီးပေးနေတယ်ဆိုတော့ ပိုပြီး ဆိုးကုန်တော့တာပေါ့။

တနေ့တော့ ရှမ်းအမျိုးသား လက်ဖွေ့ကျော်ကြီးတဦး အဝ ရွှေမြို့တော်ကို ရောက်လာပါတယ်၊ သူ့ကို ရှမ်းစော်ဘွားတဦးက ခေါ်လာတာပါ၊ လက်ဝှေ့တခွန်ထုမယ်ဆိုတဲ့ ကြွေးကြော်ချက် နဲ့ လာခဲ့တာပါဘဲ၊ တခြား ဘယ်မှာမှ ပြိုင်ဘက်မရှိလို့ အင်းဝ ရွှေမြို့တော်ကို ရောက်လာတာပါ၊ ဒါပေမဲ့ အင်းဝမှာလဲ ယှဉ် ပြိုင်မဲ့လူ တယောက်မှ မပေါ်ပါဘူးတဲ့၊ ဒါနဲ့ ဘုရင်မင်းမြတ်ကြီး က အောင်စည်းခုံ သယ်ရာဇာကို စုံစမ်းခိုင်းလိုက်တယ်၊ ပြိုင်ဝံ့ မပြိုင်ဝံ့ပေါ့၊ ဒီတော့ သယ်ရာဇာကြီးက "ငါဟာ ရှေးတုန်းက တော့ ပျိုပျိုရွယ်ရွယ်မို့ နာမည်ကျော်ရှိသာ ထိုးသာတယ်၊ ယခု

ငါ အသက် ၆၉-နှစ်ရှိပြီ သေအောင် သတ်တော့မယ်”လို့ ပြန်ကြားလိုက်ပါတယ်၊ ဒါနဲ့ ဘုရင်ကြီးကြားတော့ “သေအောင်တော့ မသတ်ပါနဲ့၊ တော်ရုံတန်ရုံဘဲ သတ်ပါ”လို့ မှာလိုက်ပါသတဲ့။

လက်ဝှေ့သဘင်အခန်းအနား ကျင်းပတဲ့နေရာကို စကားကျောင်းတော် မော်ကွန်းစိုက်တဲ့ မုခ်ဝတံခါး အရှေ့ဘက်ကကွင်းကြီးမှာ ကျင်းပပါတယ်၊ တောင်ကုန်းကလေး တချို့ဟာဒီကွင်းကြီးကို ကာရံပြီးနေပါတယ်၊ ရက်ချိန်းရောက်တဲ့နေ့ကျတော့ဘုရင်မင်းမြတ်နဲ့ ရှမ်းစော်ဘွားက အရှေ့ဘက် ကုန်းပေါ်ကနေပြီး ကြည့်ကြတယ်၊ ရဟန်းတွေနဲ့ လူပရိသတ်တွေ ဆိုတာလဲ ကုန်းအပြည့်ပါဘဲ၊ ဝက်ဝက်ကွဲအောင်လူစည်တဲ့ပွဲကြီးပေါ့။

ပွဲစတယ် ဆိုရင်ဘဲ လက်ဝှေ့သမားနှစ်ဦးစလုံးဟာ ဟန်ရေးပြပြီး ကကြခုန်ကြရင်းနဲ့ တဦးအလစ်ကို တဦး ကြည့်ပြီး ချက်ကောင်းကို စောင့်နေကြပါတယ်၊ သဃ်ရာဇာကြီးက အနားတိုးသွားပြီး ခြေနဲ့ခပ်သလိုလုပ်တော့ တဖက်လူက ခြေကို ကာကွယ်လိုက်တယ်၊ တကယ်တော့ သဃ်ရာဇာကြီးဟာ ခြေကို ဟန်ပြပြီးညာဘက်လက်နဲ့ ရိုက်လိုက်တာကိုး၊ ရှမ်းကြီးရဲ့ မျက်နှာဟာတကတဲ နောက်ပြန်ကြီး လယ်သွားပါလေရောတဲ့၊ ဒါကို ရှမ်းစော်ဘွားကမြင်တော့ “သေတာကမှ ကြည့်ကောင်းပါသေးတယ်၊ ဒီအတိုင်းဖြင့် မြင်ဝံ့စရာမရှိဘူး” ငြီးငြူလိုက်မိတာပေါ့၊ ဒါနဲ့ သဃ်ရာဇာကြီးက နောက်တခါ ဘယ်လက်နဲ့ ရိုက်လိုက်ပြန်တဲ့အခါ ရှမ်းကြီးမျက်နှာ ပြန်တဲ့သွားပါသတဲ့၊ ရှမ်းကြီးလဲရှုံးသွားတာပေါ့။

ပရိသတ်ကလဲ သောသောညံအောင် ဩဘာပေးကြတယ်၊ ဘုရင်မင်းမြတ်ကလဲ ဆုလပ်များစွာဘဲချတော်မူလိုက်တယ်၊ ဒါ

ကိုကြည့်ရင် ဒီအချိန်တုန်းကလူတွေရော၊ ရဟန်းအချို့ပါ ဘယ့်လောက် ဖောက်ပြန်နေတယ်ဆိုတာ တွေ့နိုင်တာပေါ့။

ဒါပေတဲ့ စဉ်းစဉ်းစားစားတော့ ဝေဘန်သင့်ပါတယ်၊ အဲဒီတုန်းက မင်းကြီးစွာစော်ကဲလက်ထက်မှာ အဝေးအနီး ကျောင်းပေါင်းတထောင်ကျော်ရှိတဲ့အထဲက ပွဲကျောင်းအမည်နဲ့ နာမည်ပျက်တဲ့ ကျောင်းပေါင်းက ၂၀ - လောက်ဘဲ ရှိပါတယ်၊ ပွဲကျောင်းရဟန်းတွေဟာ အဖတ်ဆယ်မရအောင် ပျက်စီးနေပေတဲ့ တခြားကျောင်းက ရဟန်းတွေဟာတော့ တော်ကြပေသေးတယ်လို့ မှန်းဆနိုင်ပါတယ်။

တခု စဉ်းစားစရာက ဒါလောက် အမူအကျင့် ပျက်နေတဲ့ ရဟန်းတွေကို ဘုရင်မင်းမြတ်က အားပေး အားမြှောက် လုပ်နေတာဘဲ ဖြစ်ပါတယ်၊ ရဟန်းကောင်းတို့ရဲ့ အမူအကျင့်နဲ့ ဖြင့် တက်တက်စင်အောင် လွဲနေတယ်ဆိုတာ ဘုရင်လဲ သိမှာပါဘဲ၊ ဒါတင်မကသေးဘူး၊ စဉ်းစားစရာက ဒီအဖြစ်အပျက်တွေဟာ ပင်းယငါးစီးရှင်ကျော်စွာလက်ထက်မှာဖြစ်တယ်ဆိုရင် ငါးစီးရှင်ကျော်စွာဟာ ရဟန်းကောင်းတွေကို ကြည်ညိုတတ်တယ်လို့ သိရပါတယ်။

ကခါတော့ ငါးစီးရှင် ပွဲတော်တည်မဲ့ဆဲဆဲ ရဟန်းတပါး ကြွလာပြီး ဆွမ်းရပ်ပါတယ်၊ ရပ်တော့ အချိန်ကလဲ အတော်ဘဲ နေမြင့်နေပြီ၊ ဒေသခံရဟန်းတွေရဲ့ ဆွမ်းခံချိန် မဟုတ်တော့ဘူး၊ ဒါနဲ့ ဘုရင်မင်းမြတ်က ရွှေလင်ပန်းနဲ့ ပြင်ထားတဲ့ ပွဲတော်ကို အကုန်လုံးဘဲ လောင်းလှူလိုက်ပါသတဲ့။

"ငါလဲပွဲတော်တည်မဲ့ဆဲဆဲ၊ အချိန်ကလဲ မွန်းတည့်လုနီးနေပြီ၊ ဒီရဟန်းဟာ သာမန်တော့ မဖြစ်နိုင်ဘူး၊ ငါ ကုသိုလ်ပွားအောင် လာပြီး ချီးမြှောက်တာနဲ့တူတယ်၊ ကေန္တ ရဟန္တာဖြစ်

မှာဘဲ" လို့ ဝမ်းပန်းတသာ တွေးပြီး၊ မင်းချင်း တယောက်ကို နောက်ယောင်ခံပြီး လိုက်ကြည့်ခိုင်းပါတယ်။

မင်းချင်းယောကျ်ားကလဲ နောက်ယောင်ခံပြီး လိုက်ကြည့်တဲ့အခါ ခပ်လှမ်းလှမ်း တနေရာ ရောက်တော့ မယားလုပ်သူက သပိတ်ကို လှမ်းယူတာ မြင်လိုက်တာကိုး၊ ဒီတော့ မင်းချင်း ယောကျ်ားဟာ မျက်လုံးပြူးသွားမှာပေါ့၊ သို့သော် မှန်တဲ့အတိုင်း သံတော်ဦးတင်ရင်တော့ ရဟန်းယောင်ဟာ ရာဇဝတ်ဘေး ကေန်သင့်တော့မယ်၊ ဒီတော့ ရဟန်းယောင်လဲ အပြစ်လွတ်၊ ငါလဲမျက်နှာရ၊ ဘုရင်ကြီးလဲကုသိုလ်ပွားနိုင်အောင်ဆိုပြီး နန်းတော်ပြန်ရောက်တဲ့အခါ ဒီလို သံတော်ဦးတင်လိုက်ပါတယ်။

"ကျွန်တော်မျိုး နောက်ယောင်ခံပြီး လိုက်ကြည့်တဲ့အခါ ကြည့်ရင်းပင် အသွင်ကွယ်ပျောက်ပါကြောင်း ဘုရား" လို့-

ဒါကိုကြည့်ရင် ငါးစီးရှင်ဟာ ရှင်ကောင်း ရဟန်းကောင်းများကို ကြည်ညိုတတ်တာ ထင်ရှားပါတယ်၊ အလှူခံသူဟာ ရဟန်းကောင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဘုရင့်အနေနဲ့ ရဟန်းကောင်း ရဟန်းမြတ်ကိုသာ လှူလိုက်တာ ဖြစ်တယ်ဆိုတာကို **သတိပြုရပါမယ်**။

ဒီအဖြစ်သနစ်က အဲဒီတုန်းက ရဟန်းတွေရဲ့ အခြေအနေကို တစေ့တစောင်းဖော်ပြနေခြင်းဘဲဖြစ်ပါတယ်၊ ရဟန်းတွေထဲမှာ ဒီလိုအမျိုးအစားရှိနေတယ်ဆိုတာကို ပြောပြနေတာပါ၊ အဲဒီလို ရဟန်းအချို့ဟာ သားနဲ့မယားနဲ့ နေကြတယ်ဆိုတော့ ဘယ်လိုအမျိုးအစားလဲဆိုတာ စစ်ဆေးဘို့တော့လိုပါလိမ့်မယ်၊ ရဟန်းစစ်ဘဝကနေ ရွေ့လျောပြီး လူဝတ်မလဲဘဲနဲ့ သားမယား မွေးမြူနေတာလား၊ ဒါမှမဟုတ် လူဝတ်ကြောင်တွေက စားရေးသောက်ရေးကျပ်တည်းလို့ ရဟန်းယောင်ဆောင်ပြီး သားမယား

လုပ်ကျွေးနေတာလား ဆိုတာကို သိအောင်လုပ်ဖို့ ကောင်းပါတယ်။

ခုပြောပြခဲ့တဲ့ အဖြစ်အပျက်ဟာ ငါးစီးရှင်ရဲ့သား လေးစီးရှင် လက်ထက်မှာလဲ မဟုတ်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ လေးစီးရှင်ဟာ စတုရင်္ဂဗလကဲ့သို့သော တကယ့်ပညာရှိ အမတ်ကြီးတွေနဲ့ တိုင်တိုင်ပင်ပင်ရှိနေလို့ ဖြစ်ပါတယ်၊ ပြီး ဘုရင်ကိုယ်တိုင်ကလဲ ရှင်ကောင်း ရဟန်းကောင်းတွေကို ရွေးချယ်ကြည်ညိုတတ်တဲ့သဘောရှိပါတယ်။

## ဆူးတွင်းပစ် ဆရာတော်

တခါတော့ လေးစီးရှင်ဟာ စကားကျောင်းအနီးမှာ အလွန်သာယာလှတဲ့ ရှေမ ကျောင်းကြီးတကျောင်း ဆောက်ထားပါတယ်၊ မူလရှိတဲ့ စကား ကျောင်းတွေထက် မညံ့ရုံသာမက ပိုတောင် ကောင်းပုံရပါတယ်၊ ဒါပေတဲ့ ဘယ်ရဟန်း ဘယ်ဆရာတော်ကိုမှ ကျောင်းတင်ခြင်းမပြုပါဘူး။

သီလဝန်၊ ဂုဏဝန်၊ ပညာဝန်ဖြစ်တဲ့ ပုဂ္ဂိုလ်များ တက်နေပေစေလို့ သတင်းလွှင့်ထားပါသတဲ့။

အဲဒီအချိန်မတိုင်မီလောက်က စစ်ကိုင်းမြို့ မြောက်ဘက်မှာ သာစည်ဆိုတဲ့ရွာ ရှိပါတယ်၊ ရွာထဲက ဒကာတဦးဟာ သူ့သားကလေးကို ရွာဦးက ဘုန်းတော်ကြီးကျောင်းမှာ အပ်နှံထားပါတယ်၊ ကလေးငယ်ဟာ ကျောင်းမှာစာသင်ရတာ ပျင်းလွန်းလို့ ခနခနဘဲ အိမ်ထွက်ပြေးလေ့ ရှိပါသတဲ့။

တနေ့တော့ ဒီလိုဘဲပေါ့၊ ကျောင်းက ထွက်ပြေးလို့ အိမ်ပြန်ရောက်တော့ ဖအေကြီးက ကျောင်းကိုပြန်ပို့လိုက်ဘယ်၊ ပအေကြီးမှ ကျောင်းက မပြန်သေးဘူး သူကထွက်ပြေးပြန်ရော၊ ဖအေကြီးက ချက်ချင်းလိုက်သွားတော့ လမ်းတဝက်မှာ မှီပါ

တယ်၊ ဒါနဲ့ အင်မတန် စိတ်ဆိုးလွန်းလို့ ဒါလောက်တောင် ကျောင်းသွားပျင်းတဲ့ကောင် သွားဟာ ဆိုပီး ကလေးငယ်ကို ဆူးခြုံတခုထဲ ပစ်ထဲ့လိုက်ပါသတဲ့၊ ကလေးငယ်ဟာ အင်မတန် ကြောက်သွားပီး ဆူးခြုံထဲကနေ သူ့ဟာသူ ထွင်ပြု ထလာပီး တခါထဲ ကျောင်းပြန်ပြေးပါတော့တယ်၊ ဒီအချိန်ကစပီး အိမ်ကို တခေါက်တလေမှ မပြန်တော့ဘဲ ကျောင်းမှာသာ စာပေကို ကြိုး စားနေတော့သတဲ့၊ ဖခင်ကိုလဲ အတော်စိတ်နာသွားပုံရပါတယ်။

ဒီလိုနဲ့ ကြိုးစားရင်း ကျောင်းသားက ကိုရင်၊ ကိုရင်ကရဟန်း ဘဝရောက်လာပီး နေရပ်ကထွက်လာလိုက်တာ ပုဂံမြို့ကို ရောက် လာပါတယ်၊ ရောက်တော့ လုံ့လဝီရိယကောင်းကောင်းနဲ့ စာ သင်လိုက်တာ အတော့်ကို တတ်မြောက်လာပါရော၊ အမူ အကျင့်ကလဲကောင်း၊ စာပေပရိယတ်ကလဲ ထက်မြက်လာတော့ တနေ့တခြား နာမည်ကြီးလာပါတယ်၊ နောက်တော့ ပုဂံသာ မကဘူး ဟိုနယ် ဒီနယ်တွေမှာပါ နာမည်ထွက်လာတာကိုး။

ဘွဲ့တော်ကိုတော့ အရှင်နာဂိတလို့ ခေါ်ပါတယ်၊ (စကား ကျောင်း နာမည် မပျက်ခင်က တောင်စွန်း ရွှေကျောင်းဆရာ အရှင်သီရိပုညရဲ့တပည့်လို့ ကျမ်းဟောင်းတွင် ဆိုသည်။) ဒီလိုနဲ့ သတင်းဟာ စစ်ကိုင်းဘက် ရောက်လာပါတယ်။

သားကလေးနဲ့မတွေ့ရတာ နှစ်ပေါင်း အများကြီး ကြာနေ တော့ မိခင်ကြီးဟာ သားကို နေ့တိုင်းမြှော်နေမိပါသတဲ့၊ တနေ့ ဖြင့် ပေါ်လာနိုးပေါ့၊ သားကလေး ခွဲခွာသွားတဲ့အချိန်ကစပီး မျက်ရည်တစမ်းစမ်းနဲ့ ဖြစ်နေရတဲ့မိခင်ကြီးဟာ ခုနကသတင်းကို ကြားတော့ ကေန္တ ငါ့သားကလေး ဖြစ်မှာဘဲလို့ အမှတ်ပြုလိုက် မိပါသတဲ့၊ ဒါနဲ့ ယောကျ်ားလုပ်သူကို အကျိုးအကြောင်း ပြော ပြတော့ ဖအေကြီးကလဲ ယောကျ်ားမို့သာ ဟန်လုပ်နေရတာ၊

သူ့ကြောင့် သူ့သားလေး တခြားထွက်သွားတာ ဖြစ်လေတော့ ဝမ်းထဲကတော့ မချိလှဘူးပေါ့၊ ဒါကြောင့် ဒီသတင်းကြားတယ် ဆိုရင်ဘဲ သား ရဟန်းရှိရာကို သတင်းမေးပြီး လိုက်တော့တာပါဘဲ။

ဒါနဲ့ ပုဂံမှာ သားရဟန်းကိုတွေ့ပါရော၊ ဝမ်းသာသွားလိုက်ပုံများတော့ မပြောနဲ့တော့ပေါ့၊ ဒါပေတဲ့ ရဟန်းကလေးဟာ သူ့ဖခမည်းတော်ကို စကားတခွန်းမှမပြောဘူးတဲ့၊ ဒါကို သူ့ဖခမည်းတော်ကလဲ စိတ်မကွက်ဝံ့ဘူး၊ ဒီတခါနဲ့ဆို နှစ်ခါဖြစ်သွားမှာကိုး၊ စကားတလုံးမှ မပြောပြောပြော သားရဟန်း မျက်နှာတော်ကလေး မြင်တွေ့နေရတာကိုဘဲ ကျေနပ်လှပြီပေါ့၊ သူ့ဒကာကြီး ရောက်တဲ့ အချိန်ကစပြီး ရဟန်းကလေးဟာ ဆွမ်းခံမထွက်ရပါဘူး၊ ဒကာကြီးကဘဲ ချက်ပြုတ်ပြီး နေ့တိုင်းဆွမ်းကပ်ပါတယ်။

ဒီလိုနဲ့ ရက်ကလေးအတော်ညောင်းလာတော့ ခမည်းတော်ကြီးဟာ သားရဟန်းကလေးကိုသိပ်စကားပြောချင်လာပါတယ်၊ ဒါနဲ့ တနေ့တော့ ဟင်းထဲကို ဆားတွေအများကြီး ထည့်ချက်လိုက်သတဲ့၊ ဟင်းက ငန်ငန်လွန်းတော့ ဆွမ်းစားတဲ့အခါ ဒါကို အကြောင်းပြုပြီး စကားစကလေး ရများရမလားလို့ပေါ့၊ ဒါပေတဲ့ ရဟန်းကလေးကတော့ ငန်တူးတူးနဲ့ဘဲ ဘုဉ်းပေးလိုက်တယ်၊ ဘာစကားမှမပြောဘူးတဲ့၊ စားသောက်ပြီးတယ်ဆို သူ့စာ သူကြည့်လို့ အံ့လို့ စာကိုဘဲ ဇွဲကြီးကြီးနဲ့ အားထုတ်နေတာကို တွေ့ရပါတယ်၊ ဣန္ဒြေသိက္ခာကလဲ အင်မတန် တည်ကြည် ခန့်ငြားလှတော့ ဖခမည်းတော်ကြီးလဲ ဘာစကားမှ မစဝံ့ဘူးပေါ့။

တနေ့တော့ ဆွမ်းစားရင်း "ဒကာကြီး ဆားငန်တယ်" လို့ ပြောလိုက်တာကိုး၊ ဒီတော့ ဖအေကြီးက သိပ်ဝမ်းသာသွားတာ

ပေါ့၊ ဒါပေတဲ့ ဘာစကားမှ ဆက်ပြီးပြောခွင့်မရဘူး၊ ဒါကြောင့် နောက်တနေ့မှာ ဆားမပါဘဲ ချက်လိုက်ပြန်တယ်၊ အဲဒီနေ့ ဆွမ်းဘုဉ်းပေးတဲ့အခါ "ဒကာကြီး ဆားပေါ့တယ်" လို့ ဆိုပါသတဲ့၊ ဒါနဲ့ ဖအေကြီးက ဒီနေ့တော့ အရဲစွန့်ပြီး ပြောရတော့တယ်။

"အရှင်ဘုရား၊ ဟိုနေ့တွေတုန်းကတော့ ပေါ့တယ် ငန်တယ် မပြောဘဲနဲ့ ဒီနေ့ကျမှ ဘာပြုလို့ ပြောရပါသလဲ ဘုရား" လို့ လျှောက်ထားလိုက်သတဲ့၊ ဒီတော့ သားရဟန်းက "ဟိုနေ့တွေ တုန်းက ငါ့မှာ စာပေပရိယတ် အားထုတ်နေရလို့ စကားပြော ချိန် မရဘူး၊ ဒီနေ့ ငါ စာတတ်မြောက်ပြီ၊ ဒါကြောင့် ဒီနေ့မှ ပြောရတာ" လို့ မိန့်ပါသတဲ့။

ဒါနဲ့ ဖအေကြီးက စကားပြောတို့ အခွင့်ရပြီဆိုပြီး အကျိုးအကြောင်းတွေကို လျှောက်ထားလိုက်ပါတယ်။

"အရှင်ဘုရား စာတတ်မြောက်တာဖြင့် ရပ်ရွာကို ပြန်ကြွကြွပါစို့လား ဘုရား၊ မယ်တော်ကြီးဟာ အရှင်ဘုရားကို အင်မတန် ဖူးတွေ့ချင်နေပါတယ်ပေါ့"

သံယောဇဉ်ကလဲရှိ၊ ရဟန်းတပါးမို့ ဂါရဝတရားကလဲရှိ ဆိုတော့ သားရဟန်းအပေါ် ဖခင်ကြီးရဲ့ ပြုမူပုံဟာ အင်မတန် ကြည်နူးစရာ ကောင်းပါတယ်၊ သားမို့ ချစ်ကလဲချစ်၊ ရဟန်းမို့ ရိုလဲရိုသေနဲ့ အတော့်ကို စိတ်ချမ်းမြေ့စရာကောင်းတဲ့ မြင်ကွင်းပါ၊ ဒီအချိန်ဟာ ပင်းယ လေးစီးရှင်လက်ထက် ရောက်နေပါပြီ၊ ဒါကြောင့် ဒီမင်းလက်ထက်မှာ ရှင်ကောင်း ရဟန်းကောင်းတွေ ပွားများလို့ နေပြည်တော်ဝန်းကျင်မှာ ကမ္ဘာ့ဘုန်းဘာဝနာ ပွားများ အားထုတ်သူ ရဟန်းများပင် တထောင်လောက် ရှိဘယ်လို့ သာသနာဝံသပ္ပဒီပိကာက ဆိုပါတယ်။

ဖခမည်းတော်ကြီးရဲ့ စကားကြားတော့ သားရဟန်းကလေး

ကလဲ သဘောတူလိုက်တယ်၊ "သွားကြတာပေါ့"လို့ ပြောပြီး တနေ့မှာ သားအဖနှစ်ဦးသား ပြန်လာကြပါတယ်၊ တရွာဝင် တရွာထွက်နဲ့ပေါ့၊ ဒီလိုနဲ့ လာလိုက်တာ ထနေ့မှာ ပင်းယ ရွှေမြို့ တော်ကို ရောက်လာပါတယ်၊ သူတို့ရောက်တော့ တော်တော် နေမြင့်နေပါပြီ၊ ဆွမ်းစားဘို့အချိန်က သိပ်နီးနေတာမို့ အရပ်ထဲ လှည့်ပြီး သွမ်းခံမနေတော့ဘဲနဲ့ အိမ်တအိမ်တက်ပြီး ဆွမ်းဖိတ်ပါ သတဲ့။

သူတို့ ဆွမ်းဖိတ်တဲ့အိမ်ဟာ ဝန်ကတော်ကြီးတဦးရဲ့အိမ် ဖြစ် နေတာကို၊ တကယ့် အထက်တန်းစားအိမ်ဆိုတော့ ခရီးသွား လမ်းလာ အနုညာတ ရဟန်းသားအဖကို မကြည်ဖြူနိုင်ဘူးပေါ့၊ မသကာတဲ့မျက်လုံးနဲ့များ ကြည့်သေးသလားမသိဘူး၊ဒါကြောင့် ဝန်ကတော်ကြီးက ကန်တော့ဆွမ်း လုပ်လိုက်ပါတယ်၊ ရဟန်း ကလေးက အမျိုးမျိုး တရားဟောပေတဲ့ မရဘူးပေါ့၊ ရဟန်း ကလေးစိတ်ထဲမှာ အတော်ကလေးထိခိုက်သွားသတဲ့၊ သာသနာ တော်ကို ကြည်ညိုလှတယ်လို့ ဟိုးလေးတကျော်ကျော်နဲ့ နေလို လလို ထင်ရှားတဲ့ မင်းနေပြည်တော်ကြီးမှာ အဖက်ဖက်ပြည့်စုံနေ တဲ့ ဝန်ကတော်ကြီး ဖြစ်ပါရက်နဲ့ ဆွမ်းကလေးတနပ်စာမျှ မလှူ နိုင်ဘူးဆိုတာကို သိပ်အံ့သြသွားမိသတဲ့။

ဒါနဲ့ ပြောမရတဲ့အဆုံး အချိန်ကလဲ နီးကပ်နေတော့ သိပ် ရှေဝေးမနေနိုင်ဘူးပေါ့၊ ခပ်မြန်မြန်ဆင်းသွားပြီး တခြားအိမ် တအိမ်ကို ဘက်ဖိတ်လိုက်ပါတယ်၊ အဲဒီအိမ်ကျတော့ နှစ်ခါ မပြောရပါဘူး၊ ဒါနဲ့ ဆွမ်းပါ စားပြီးလို့ ထွက်လာကြတော့ အထက်ကပြောခဲ့တဲ့ ဘုရင်ဆောက်လုပ်ထားတဲ့ ကျောင်းတော် ကြီး တွေ့ကြပါရော၊ ကျောင်းတော်ကြီးက သာလဲသာယာ၊ အဝန်း အဝိုင်းကြီးကလဲ ကောင်းပါဘိသနဲ့ ဒင်မတန် နေချင်

စဖွယ် ဖြစ်နေတာကိုး၊ ဒါနဲ့ ရဟန်းကလေးက—

"ဒကာကြီးရေ၊ ဒီကျောင်းကြီးမှာ ဒို့များတက်နေရရင် သိပ်ကောင်းမှာဘဲ"လို့ ပြောပါသတဲ့၊ ဒီတော့ ခမည်းတော်ကြီးက "သီလ သိက္ခာ ပညာအရာမှာ ရဲစွမ်းရှိတဲ့ပုဂ္ဂိုလ်များမှ နေနိုင်ခွင့်ရှိသတဲ့ ကိုယ်တော်"လို့ ဖအေကြီးက အရပ်ထဲက သူကြားခဲ့တဲ့ သတင်းကို ပြန်လျှောက်ထားပါတယ်။

"ဒီလိုဆို ဒို့နေနိုင်တာပေါ့"လို့ ပြောပြီး ရဟန်းကလေးဟာ ဒကာကြီးနဲ့အတူ ကျောင်းပေါ် တက်နေပါရောတဲ့။

ဒီသတင်းကို ဘုရင်ကြားတော့ စတုရင်္ဂဗလ အမတ်ကြီးကို လွှတ်ပြီး ရဟန်း ရဲ့အခြေအနေကို စုံစမ်းခိုင်းလိုက်ပါတယ်၊ စတုရင်္ဂဗလ အမတ်ကြီးဆိုတာ သာမညမဟုတ်ပါ၊ အဘိဓာန် ဋီကာကျမ်းကို ပြုစုတဲ့ ကျမ်းပြုပုဂ္ဂိုလ်ကြီး ဖြစ်တဲ့ပြင် ပိဋကတ်သုံးပုံကို ချောက်ချားနိုင်တဲ့ ပညာရှိကြီး ဖြစ်ပါတယ်။

ဒါနဲ့ အမတ်ကြီးကလဲ နောက်လိုက်နောက်ပါ အခြွေအရံ အယောင်တွေ တခမ်းတနားကြီးနဲ့ပေါ့၊ သွားလို့ ရဟန်းတော်ကလေးနဲ့ တွေ့တဲ့အခါ ပိဋကတ်သုံးပုံမှာ အဖုအထစ် အဆစ်အမျက်တွေကို မေးစစ်တော့တာပါဘဲ၊ ရဟန်းတော်ကလေးကလဲ မြင်းကောင်းစိုင်းသလို အထစ်အငေါ့မရှိ တောက်လျှောက်ကြီးဘဲ ဖြေဆိုပြနိုင်ပါသတဲ့။

ဖအေကြီးမလဲ တထိတ်ထိတ်နဲ့ ရှိမှာပေါ့၊ ဆွမ်းခံရင်း ငှက်သင့် ဆိုတာလိုများ ဖြစ်နေမလားပေါ့၊ တကယ်လို့များ မဖြေနိုင်ခဲ့ရင် မတန်မရာ ဘုရင့်ကျောင်းဘော်ကို တက်နေရသလားဆိုပြီး မင်းဒဏ်သင့်မှာ ကြောက်ရသေးတဲ့ကိုး၊ အကြောက်အရွံ့မရှိ ဖြေသံကြားလိုက်ရတိုင်း ခမည်းတော်ကြီးမှာ အလုံးကြီးတလုံး ကျကျသွားပါတယ်၊ နောက်ဆုံး စစ်ဆေးပွဲကြီး ပြီးမှဘဲ

နောက်ဆုံးအလုံးကြီးလဲ ကျသွားပါတော့တယ်။

အမတ်ကြီး စိတ်တိုင်းကျ မေးစစ်ပြီးတဲ့အခါ၊ ဦးပါချလို့ အရှိအသေ ပေးပြီး နန်းတော်ကို ပြန်ခဲ့ပါတယ်၊ ကျောင်းတော်ကြီးနဲ့ အသင့်တော်ဆုံး ပုဂ္ဂိုလ် ဖြစ်တဲ့အကြောင်း၊ ကိုးကွယ်ဆည်းကပ်ထိုက်တဲ့အကြောင်း၊ ဘုရင်မင်းမြတ်ကို သံတော်ဦးတင်တဲ့အခါ ဘုရင်ကြီးဟာ အလွန်အားရကျေနပ်တော်မူလွန်းလို့ နေ့ကောင်းရက်သာရွေးပြီး ကျောင်းတင်လှူပွဲကြီး အကြီးအကျယ်လုပ်တော့တာကိုး။

အဲဒီနေ့မှာ ဘုရင်မင်းမြတ်ဟာ ရွှေဝင်းနောက်ဝင်း ဝဲယာကျင်းပြီး ခန်းကြီးနားကြီးနဲ့ ကိုယ်တော်တိုင်ထွက်ပြီး ရေစက်ချလှူဒါန်းလိုက်ပါတယ်၊ ဘုရင့်ပွဲတော်ကြီးဖြစ်လေတော့ ဝန်ကြီးဝန်ကလေး မှူးမတ် ဗိုလ်ပါ ကလန် သံပျင်မှ စပြီး မျက်နှာကြီးမှန်သမျှ တယောက်မှ မကျန်အောင် လာရောက်ကြတာပါဘဲ၊ ဘယ်ကကိုယ်တော်ကိုတင်သလဲ ဘာလဲနဲ့ တယောက်တပေါက် မေးကြမြန်းကြတာကလဲ အမောပေါ့၊ ဒီအထဲမှာ တလောကကန်တော့ဆွမ်းလုပ်လိုက်တဲ့ ဝန်ကတော်ကြီးလဲ ပါလာတာကိုး။

ဒါနဲ့ နောက်တနေ့မှာ ဝန်ကတော်ကြီးဟာ ဆွမ်းအုပ်ကြီး ကိုယ်တိုင်ရွက်လို့ နောက်လိုက်နောက်ပါ အခြွေအရံတွေပါခေါ်ပြီး အာရပါးရနဲ့ ကျောင်းတော်ကို လာပါလေရော၊ လာလို့ကျောင်းအဝင် တံတိုင်းမုခ်ဝကိုရောက်တော့ အစောင့်နဲ့ တွေ့တော့တာပေါ့၊ မင်းဆရာတော်ကျောင်းလို့ဆိုတော့ ဝင်ချင်တိုင်းဝင်လို့မရဘဲကိုး၊ ဆရာတော် ခွင့်ပြုချက်ရမှ ဝင်ရပါတယ်၊ ဒါကြောင့် အစောင့်က ဆရာတော်ကိုသွားပြီး လျှောက်ထားရပါတယ်၊ ဆရာတော်က ဘယ်သူလဲ ဘယ်ကလဲနဲ့ စစ်ဆေးတော့ဟိုနေ့က ဝန်ကတော်ကြီးမှန်း သိသွားတယ်။

ဒါနဲ့ ဆရာတော်က အကြောင်းတခုခုပြပြီး ဝင်ခွင့် မပေး လိုက်ဘူး၊ ဝင်ခွင့်မရဘူးဆိုတော့ သူ့ကို အနီစားမှတ်ပုံထင်ပါရဲ့ ဆိုပြီး သူဟာဝန်ကတော်ဖြစ်တဲ့အကြောင်း အစေခင့်ကို လျှောက် ထားခိုင်းပြန်ပါတယ်၊ အစေခင့်ကလဲ ဝန်ကတော်မှန်း ဆရာတော် သိပါတယ်၊ ကိစ္စရှိလို့ မတွေ့နိုင်ကြောင်း ထပ်ပြောတော့ ဝန် ကတော်ကြီးဟာ အခြေအရုံတွေရှေ့မှာဆိုတော့ သိပ်ရှက်သွား တာပေါ့။

ဒါနဲ့ အိမ်ပြန်သွားပြီး နောက်တနေ့မှာ အုတ်ခဲတွေဝယ်ပြီး ကျောင်းနဲ့ မလှမ်းမကမ်း တနေရာမှာ စေတီတဆူ တည်တော့ တာပါဘဲ၊ စေတီပြီးတဲ့အခါမှာတော့ ကျောင်းကလှမ်းကြည့်ရင် မြင်နိုင်အောင် ဆိုင်းဘုတ်ကြီးကို ကျောင်းဘက်ပြပြီး ချိပ်ထား လိုက်ပါတယ်၊ ဘုရားဘွဲ့တော်ကတော့ "မြင်ပါလို့" တဲ့။

တနေ့ မနက်မိုးလင်းတော့ ဆရာတော်က မျက်နှာသစ်ရင်း အဲဒီ ဘုရားဆိုင်းဘုတ်ကြီးကို မြင်လို့ သေသေချာချာကြည့်လိုက် မိပါတယ်၊ နောက် ဒါဘယ်သူတည်တာလဲလို့ စုံစမ်းတော့ ဟို နေ့က ဝန်ကတော်ကြီးဖြစ်ကြောင်း သိရပါတယ်၊ ဒါနဲ့ ဆရာ တော်ကလဲ အုတ်တွေမှာပြီး ကျောင်းထဲကနေ ဘုရားတဆူ တည် ပြန်ပါတယ်၊ ပြီးတဲ့အခါကျတော့ ဘုရားဘွဲ့တော် ဆိုင်းဘုတ်ကို တဖက်နဲ့ မျက်နှာချင်းဆိုင် ချိပ်လိုက်ပါတယ်၊ "မြင်ပါဘူး" တဲ့ ဘွဲ့တော်က။

ဒါနဲ့ မြင်ပါလို့ဘုရား၊ မြင်ပါဘူး ဘုရားရယ်လို့ ဖြစ်လာ ပါသတဲ့၊ ဖခမည်းတော်ကြီးကိုလဲ ဘုရင်မင်းမြတ်က သူဌေး အရာ ပေးလိုက်လို့ သူဌေးဖြစ်သွားပါတယ်၊ ဒီစကားရပ်တွေ ကတော့ သာသနာ့လင်္ကာရမှာပါတဲ့ စကားနဲ့ မန္တလေးမြို့က ရွှေပြည်ဦးဘတင့်ရဲ့ ဟောပြောချက်တွေကို ပေါင်းစပ်ပြီး ဖော်ပြ

လိုက်တာဘဲ ဖြစ်ပါတယ်၊ အဲ ပီးတော့ တခု ကျန်သေးတယ်၊ ဒီဆရာတော်ငယ်ငယ်က ဆူးခြုံထဲ အပြစ်ခံရတာကို အကြောင်းပြုပြီး "ဆူးတွင်းပစ် ဆရာတော်"လို့ ခေါ်ပါသတဲ့။

ဒါတွေကို ထောက်ဆရင် လေးစီးရှင်ကျော်စွာဟာ သာသနာကို ချီးမြှင့်တဲ့နေရာမှာ အင်မတန် ဆင်ခြင်တိုင်းထွာမှု ရှိတယ်ဆိုတာ သိသာပါတယ်၊ ဒါကြောင့် ဒီမင်း လက်ထက်မှာ ရဟန်းများ အနေနဲ့ မတော်တရော်ဖြစ်မှုတွေ မကြားရပါဘူး၊ ဒီတော့ လက်ဝဲကျော်သဃ်ရာဇာကြီးဆိုတာ ဒီမင်းလက်ထက် မဟုတ်တာ ထင်ရှားပါတယ်။

## အင်းဝခေတ် ရဟန်းများ

အဝမြို့နန်းကို စတင်တည်ထောင်တဲ့ သတိုးမင်းဖျား လက်ထက် (သာသနာနှစ် ၁၀၅၄၊ ကောဇာ ၇၂၆) မှာ တိုင်းရေး ပြည်ရေးက မတည်ငြိမ်သေးတဲ့ပြင် ဘုရင်ကိုယ်တိုင်ကလဲသုံးနှစ်သာ နန်းစံရတာမို့ သာသနာတော်ကို လှည့်မကြည့်နိုင်ခဲ့ပါဘူး။

ဒါပေတဲ့ ထူးထူးဆန်းဆန်း ဘုရင်ကိုယ်တိုင် အရေးယူခဲ့ရတဲ့ အကြောင်းအရာကလေးတခုကိုတော့ ပြောရပါအုံးမယ်၊ ထူးဆန်းတယ်ဆိုတာက ဘုရင်ဆိုတာ သာမန်အမှု အသေးအဖွဲ့ကို ကိုင်တွယ်တာမဟုတ်လို့ ဆန်းဘယ်လို့ဆိုတာပါ။

တခါက စစ်ကိုင်းဘက်မှာ မုံ့သည်မတဦးရှိပါတယ်၊ ရောင်းရတဲ့ ပိုက်ဆံကလေးတွေစုပီး ရဟန်းတပါးဆီမှာ အပ်ထားပါသတဲ့၊ တနေ့တော့ အသုံးလိုလို့ ပြန်တောင်းတဲ့အခါ ရဟန်းက သူမယူပါဘူး၊ ဘယ်တုန်းကမှလဲ လာအပ်မထားပါလားလို့ ပြောလိုက်တာကိုး ဒါနဲ့ မုံ့သည်မက မခံမရပ်နိုင်ဖြစ်ပီး ဘုရင် သတိုးမင်းဖျားထံ ပင်ရောက် တိုင်တန်းတော့တာပါဘဲ။

ဒါနဲ့ ချက်ချင်းဘဲ ဘုရင့်အမိန့်တော်နဲ့ အဲဒီရဟန်းကို ရှေ့တော် သွင်းရပါတယ်၊ ရှေ့တော် ရောက်တော့ "ဒီ မုံ့သည်မက အရှင်ဘုရားဆီမှာ ငွေအပ်ထားတယ်ဆိုတယ် ဟုတ်ပါသလား" လို့ ကိုယ်တော်တိုင် စစ်မေးပါသတဲ့၊ ရဟန်းကလဲ "ရှင်မင်းကြီး ကျွန်ုပ်ဟာ ရဟန်းဖြစ်ပါတယ်၊ မလိမ်ပါဘူး၊ ဘယ်တုန်းကမှ သူ့ငွေကို လက်ခံမယူခဲ့ပါဘူး"လို့ သူကလဲ ဘူး ခံလိုက်တယ်။

တော်တော်နဲ့ စစ်မေးလို့မရဘူး၊ နောက်ဆုံးတော့ အမူပေါ်သွားပါတယ်၊ "ရဟန်းဖြစ်ပါရက်နဲ့ ပျက်ကွက်ရသလား" ဆိုပြီး လက်သုံးတော်ဓားနဲ့ ကိုယ်တော်တိုင် ကွက်မျက်ပြီး နန်းကြမ်းပေါ်က ချလိုက်ပါသတဲ့၊ ဒီသတင်းကို ကြားကြရတော့ ရှင်ပျက် ရှင်သွမ်းတွေဟာ အလွန် ကြောက်ပြီး အထင်အရှား မဆိုးသွမ်းဝံ့တော့ကြောင်းနဲ့ သာသနာလင်္ကာရမှာ ဆိုပါတယ်၊ ရာဇဝင်ကလဲ ဒီလိုဘဲ ဆိုပါတယ်။

အမှန်ကတော့ ဒီအမှုကလေးဟာ ဒါလောက်ကြီး အပြစ်မထိုက်သင့်ဘူးပေါ့၊ ဒါပေတဲ့ တတိုင်းပြည်လုံး ရုတ်ရုတ်ရက်ရက်နဲ့ အလုပ်များနေရတဲ့အထဲ သခွပ်ပင်က မီးတကျိကျိ လုပ်နေရသလားလို့ သဘောထားလေရော့သလား မသိဘူး၊ တခါထဲကို အဆုံးစီရင်လိုက်ပါတယ်။

သက္ကရာဇ် ၇၂၉ ဘုရင် မင်းကြီးစွာစော်ကဲ လက်ထက်မှာလဲ ရှင်ကောင်း ရဟန်းကောင်း ပုဂ္ဂိုလ်ကျော်များ သိပ်ပြီးမထင်ပေါ်လှပါဘူး၊ မင်းဆရာ အရှင်းခေါက်ခေါက်ကြီးကိုယ်တိုင်က လောကီကို အထုံအလေ့များနေတော့ မျက်နှာကြီးရာ ဟင်းဖတ်ပါကုန်ကြပါတယ်၊ သတိုးမင်းဖျား လက်ထက်တုန်းကလဲ ဗေဒင်အင်းအိုင်၊ ဆေးဝါးမန္တယားဘက်မှာ အလွန် ကျွမ်းကျင်လှတဲ့ ပတူကြီး သင်္ဃရာဇာကို ဆည်းကပ်ကိုးကွယ်ပါတယ်၊ ခုလဲဘဲ

မင်းကြီးစွာဟာ သူ့ဆရာရင်း ရခိုင်ဆရာတော် (ဗေဒင် နက္ခတ် တတ်လှသူ)ကို ချီးမြှောက်ပါတယ်။

သားတော် မင်းခေါင် လက်ထက်ကျတော့လဲ ဒီလိုပါဘဲ၊ လက်ဝဲ့ကျောင်းကြီး သဃ်ရာဇာဟာ ဒီမင်းလက်ထက်မှာ ဖြစ် တယ်လို့သာသနဝံသက အခိုင်အမာဆိုပါတယ်၊ ဘုရင်မင်းခေါင်ရဲ့ ယယ်ဆရာဟာလဲ လောကီဘုန်းကြီးပါဘဲ။

**မင်းခေါင်၏ ယယ်ဆရာ**

မင်းဆွေယယ် ကိုးနှစ်သားအရွယ်မှာ ညီတော်မင်းသိဒ္ဓတ် နဲ့အတူ ပင်လယ်ကျေး သဃ်ရာဇာထံမှာ ပညာ သင်ရပါတယ်၊ အများအားဖြင့် မင်းသားတွေရဲ့ ယယ်ဆရာများဟာ လောကီ ထက်မျက်တဲ့ ဆရာတော်တွေ ဖြစ်တာ များပါတယ်၊ ယခု ဆရာ တော်ဟာလဲ ပိဋကတ် ဗေဒင် သိပ်တော်တာမို့ ဇာတာတွေကို မြင်တယ်ဆိုရင်ဘဲ မင်းသားတွေရဲ့ ရှေ့အလားအလာကို ဗေဒင် နည်းနဲ့ သိတာပေါ့။

ဒါကြောင့် သင်သမျှ ကြားသမျှတွေ အကျိုး ဖြစ်ထွန်း အောင်မြင်အောင်ဆိုပြီး စာစသင်တဲ့အခါ "သိဒ္ဓံ နမောဗုဒ္ဓါယ အ အာ၊ ဣ ဤ၊ ဥ ဦ၊ ဧ ဩ၊ အံအား"လို့ ဆိုပြီး သင်ပေးပါ သတဲ့၊ အလျင် မင်းဖြစ်စေလို၍ လို့ သာသနာလင်္ကာရက ဆိုပါ တယ်၊ သဘောကတော့ ကိုယ်သင်ရမဲ့ပညာကို ဘုရားရှိခိုးပြီး သိနိုင်တင်ပေးတဲ့သဘောပါဘဲ။ သင်ရမဲ့ စာပေပညာတလျှောက် လုံးမှာ စာလုံးပေါင်း အချုပ်အချာက သရတွေ ဖြစ်နေတော့ ဒီသရတွေကို အကျဉ်းရုံးပြီး စုစည်းလိုက်ရင် စာပေတခုလုံး အကျုံးဝင်သွားတာ ဖြစ်လို့ သရတွေနဲ့ဘဲ အစပျိုးလိုက်တဲ့ သဘောပါ၊ ဒါကိုကြည့်ရင် ရှေးက စာသင်နည်းဟာ သရက များ စလေသလားလို့လဲ စဉ်းစားစရာ ဖြစ်ရပါတယ်။

မင်းဆွေ ၁၂-နှစ်သား အရွယ်ရောက်တော့ တညမှာ သူ့ဗိုက်က အူတွေ ထွက်ပြီး အဝ တမြို့လုံးကို ရစ်ပတ်နေတယ်လို့ အိပ်မက်မြင်ပါရော၊ ဒါနဲ့ အိပ်ရာက လန့်နိုးတော့ ဘုန်းတော်ကြီးကိုနှိုးပြီး ပြောပြပါသတဲ့၊ ဒါနဲ့ ဆရာတော်က ချက်ချင်း ထတဲ့ပြီး မင်းသားကို ခြေနဲ့ ကန်လိုက်တာ မင်းသားတုံးလုံးလဲတဲ့အထိပါဘဲ၊ မင်းသားက "အရှင်ဘုရား ပြုရက်ဘိသည်"လို့ ဆိုတော့ "ငါ ပဥ္စင်းပျိုဘဝ ရဟန်း ၄၊ ၀ါလောက်ရတုန်းက တောင်ဘီလူးပရက္ကမမှာ စာသင်တယ်၊ တနေ့တော့ လေလာရာမှာ ငါ့ဦးထုပ် လွင့်ကျတာကို ငါ ခြေနဲ့ နင်းမိလို့ မင်းဆရာ ကော့ဖြစ်မယ်လို့ ငါ တွက်ခဲ့တယ်၊ မင်းဆရာဖြစ်ရင် တံတားဦးကို ယက်မရှိ အမိုးနဲ့ တံတားလုပ်မယ်လို့ အဓိဋ္ဌာန်ရှိခဲ့တယ်၊ မင်းသားမြင်သော အိပ်မက်အလို မကြာခင် မင်းဖြစ်မယ်၊ မင်းဖြစ်တဲ့အခါ မေ့နေမည်စိုး၍ ငါ ခြေနဲ့ ကန်သည်၊ မင်းဖြစ်လျှင် ငါ ဓိဋ္ဌာန်သည့်အတိုင်း လုပ်ပါ"လို့ ဆရာတော် အမိန့်ရှိတဲ့အခါ မင်းသားကလဲ တာဝန် ယူလိုက်ပါသတဲ့၊ ဒီမင်းသားဟာ နောက်တော့ မင်းခေါင် ဆိုတဲ့ နာမည်ကို ခံယူလိုက်သူပါ။

ဆရာရင်းက လောကီဆံနေလေတော့ တခြား ရဟန်းများကလဲ အတူလိုက်ကြမှာပေါ့၊ ဒီဆရာတော်ဟာ ဗေဒင် သိပ်တော်လို့ မင်းဆရာဖြစ်နေတာ၊ ငါလဲ ဗေဒင်တတ်ရင် မင်းဆရာ မဖြစ်တောင် အမတ်ကြီး ဆရာတော့ ဖြစ်နိုင်တယ် ဆိုတာမျိုးပေါ့၊ ဒါပေတဲ့ အကျိုးပေးမှုလဲ အကြောင်းထင် ဆိုတာမျိုးလို သေးငယ်လှတဲ့ အတိတ်ကံနဲ့ဖြင့် ကြီးကြီးကျယ်ကျယ်တော့ ဖြစ်လာနိုင်မယ်မဟုတ်ပါ။

ဘုရင်မင်းခေါင်ဟာ လောကီ ရဟန်းတွေကို အဲသားပေး

ရွှေတန်းတင်ထားပေမဲ့ စာပေ ပရိယတ်နဲ့ နေကြတဲ့ ရဟန်းတွေကိုလဲ အသင့်အတင့် ချီးမြှောက်သေးကြောင်းကို အကဲခပ်နိုင်ပါတယ်။

## သိကြားသေလို့

တခါတုန်းက စကားကျောင်းမတော်ထွက် ပုဂ္ဂိုလ်တဦးဖြစ်တဲ့ ရှင်ခေမာစာရဆိုတာရှိပါတယ်၊ကျမ်းဂန်စာပေ တတ်မြောက်တဲ့အခါကျတော့ ဝင်မနှားပြင် ငါးဆူအရပ်မှာ ကျောင်းဆောက်နေပါသတဲ့၊ အဲဒီမှာ သံဃာတော်တွေကို စာပေပရိယတ် ပို့ချပြီး တပည့်တပန်းတွေကို ဆုံးဆုံးမမနဲ့ နေပါတယ်၊ ဒါပေတဲ့ ဘုရင်မင်းခေါင်က လောကီရဟန်းတွေနဲ့သာ ဆည်းကပ်နှီးနှောခြင်း၊ ချီးမြှောက်ခြင်း ဆိုတာ ရှိပြီး ပရိယတ် ပဋိပတ် ရဟန်းတွေကျတော့ ဥပေက္ခာပြုထားတဲ့ သဘောမျိုး ရှိနေတာကိုး၊ ပီးတော့ လက်ဝှေ့ကျော်ကြီးကိုတော့ ဆုအဖြစ် တနှစ်ကို မြင်း ၁၅-စီး၊ အစီး-၂၀ ချီးမြှင့်ပီး သာသနာပြုတွေကျတော့ ချီးမြှင့်ဘော်မရဘူး။

ဒါကြောင့်မို့ တနေ့ကျတော့ ညဥ့်နှစ်ချက်တီးကျော် လူခြေတိတ်ချိန်မှာ ဘုရားစည်းခုံမှာ ဆွဲထားတဲ့ စည်ကြီးကို (၁၉)ချက် အထိ ပြင်းပြင်းထန်ထန် တီးစေပါသတဲ့၊ တမြို့တော်လုံး တိတ်ဆိတ်နေတဲ့ အချိန်ကြီးမှာ တဒိန်းဒိန်းနဲ့ စည်တီးသံကြားတော့ ဘုရင်မင်းခေါင်က သူငယ်တော်တဦးကို ဘုန်းကြီးများ ပျံတော်မူလေသလား ဆိုပီး ကျောင်းကို သွားစုံစမ်း ခိုင်းပါတယ်၊ ကျောင်းမှာ ဆရာတော်ကို လျှောက်ထားကြည့်တော့-

"ဘုန်းကြီးပျံလို့ မဟုတ်ဘူး၊ မိုးပေါ်က သိကြားသေလို့ တီးတာ" လို့ ပြောလိုက်တယ်၊ ဒါကို သူငယ်တော်က ဘုရင့်ပြန်ပီးလျှောက်တော့ "သိကြားသေမှန်း ဘာပြုလို့သိသလဲ မေး

လျှောက်ချေ”ဆိုပြီး ခိုင်းလိုက်လို့ ဆရာတော်ကို ပြန်လျှောက်တော့-

“မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးမှာ ငါ၏ သာသနာကို စောင့်ရမည် အမိန့်ရှိသည်ကို သိကြားမင်း ဝန်ခံထားပါလျက် မကြည့်မရှု မစောင့်ရှောက်ဘဲ နေသည်၊ ငါသည် ခုနစ်နှစ်ရှယ်က စကားကျောင်းတွင်နေ၍ စာသင်သည်၊ ၁၃-နှစ်မှာ သာမဏေပြုသည်၊ အသက်-၂၀ ပြည့်လျှင် ပဥ္စင်းခံသည်၊ ပိဋကတ်တော် သုံးပုံကို ပါဠိအဋ္ဌကထာကုန်အောင် သင်ကြားသည်၊ ယခု ဆယ်ဝါကျော်မှ သည်အရပ်သို့ ပြောင်းနေ၍ စာသင်သား သံဃာ ၃၀-ကျော်ကို နေ့ဝါ ညဝါ မပြတ်ပို့ချသည်၊ မင်းကေရာဇ်သည် သာသနာတော် ဒါယကာ မဟာဓမ္မရာဇ်ဟု ဆိုသည့်အတိုင်း သာသနာကိုဖြည့်စွက်ရှက်ဆောင် သင်ကြားသသူတို့အား ဆွမ်းတလုတ် တအုပ်မျှ မလှူမရောက်သော် သိကြားသေ၍သာ အရှင်မင်းကေရာဇ်အား မဆိုနေလေ၍ မပို့မရောက်ရခြင်းသည် သိကြားသေသည် မဟုတ်လော”လို့ ဆရာတော်က မိန့်လိုက်တာကိုး။

ဒီစကား မင်းခေါင်ကြားတော့မှ “ခေမာစာရဝိမလဗုဒ္ဓိ” ဆိုတဲ့ ဘွဲ့တံဆိပ်တော် အပ်ပြီး ဝမ်းဘဲအင်းမြောက်မှာ ကျောင်းဆောက် ကိုးကွယ်ပါတယ်၊ ဒီဆရာတော်ဟာ ဒန့်တော ဆရာတော်လို့ ကျော်ကြားပါသတဲ့။

မင်းခေါင်ဟာ ဒီလိုကျတော့လဲ ပြုစုပြန်ပါတယ်၊ ဒါပေတဲ့ သူ့ခမည်းတော်လက်ထက်ကစပြီး သူ့လက်ထက် တလျှောက်လုံးဘဲ မွန်တွေနဲ့ စစ်တိုက်နေရတာမို့ အင်းအိုင်ခလွှဲ လက်ဖွဲ့မန္တာန်ဘုန်းတော်ကြီးများကိုသာ အားကိုး အားထား ပြုပြီး ဆည်းကပ်နေတာနဲ့ တူပါတယ်။

ဒါကြောင့် သူ့လက်ထက်မှာ ပုဂ္ဂိုလ်ကျော်များ သိပ်ပြီး မထွန်းကားလှပါဘူး၊ အတော်အတန်လူသိများတဲ့ ပင်းယစကြိုသူ မြတ်ဆိုတာတော့ ရှိပါတယ်၊ ဒီအရှင်ဟာ ဗေဒင်ပိဋကတ် တော်တော်တတ်တယ်လို့ဆိုပါတယ်၊ ဒါပေတဲ့ စာတတ်ပေတတ်ပုဂ္ဂိုလ် မို့ ဘုရင်က ချီးမြှောက်တဲ့အတွက် ကျော်တာ မဟုတ်ပါဘူး၊ ဒီအတွက်နဲ့လဲချီးမြှောက်တာမဟုတ်ပါဘူး၊ မွန်ဘုရင်ရာဇာဓိရာဇ် က အင်းဝကို တိုက်ရအောင် လာတာမှာ မတိုက်ဘဲ ပြန်သွား အောင် ထိုအရှင်က မွန်ဘုရင်ကို တရားဟော လွှတ်တဲ့အတွက် နာမည်ကျော်သွားပါတယ်၊ဘုရင်ကလဲ အထိုက်အလျောက် ချီး မြှင့်ပါတယ်။

ဒီတုံးက ဘုရင့်အနေနဲ့ ရှင်ကောင်း ရဟန်းကောင်းတွေကို လှည့်မကြည့်နိုင်ပေမဲ့ မှူးကြီးမတ်ကြီး စတဲ့လက်အောက်ခံ ကျေး တော်မျိုး ကျွန်တော်မျိုး များကတော့ ပစ်မထားနိုင်ပါဘူး၊ ယခု စာကြိုသူမြတ် ဆိုတာလဲ မင်းခေါင်အမတ် ရာဇနန္ဒသင်္ကြံ ကျောင်းဆောက်ကိုးကွယ်တဲ့ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်၊ သို့သော်လဲ မင်းမေ့တာလောက်တော့ နေ့ချင်း ညချင်း မကြီးပွားနိုင်ဘူး ပေါ့။

**အရှင်ခေမင်္ဂသီလ**

ရဟန်းတွေအမူအကျင့်ချွတ်ယွင်းတာနဲ့ တွေ့တိုင်းရဟန်းတွေ ကိုချည်း တဖက်သတ် အပြစ်တင်ခြင်းဟာ မတရားဘူးလို့ထင်ပါ တယ်၊ ဒကာဒကာမတွေဟာ အများအားဖြင့်တော့ သိမ်ငယ် တယ်လို့ထင်ရတဲ့ ရဟန်းများကို ကြည်ညိုဆည်းကပ်လေ့ မရှိကြ ပါဘူး၊ သိမ်ငယ်တာကိုး။

သိမ်ငယ်တယ်လို့ထင်ရတာကလဲ အကြောင်းအမျိုးမျိုး ရှိပါ တယ်၊ဒီနေရာမှာတော့ ရဟန်းများဘက်က အပြစ်လဲပါပါတယ်၊

အချို့ရဟန်းများဟာ ရဟန်းဆိုတဲ့ နာမည်နဲ့ဘယ်လိုမှ အစပ် အဟပ်မတဲ့တဲ့ အမူအကျင့်မျိုးတွေရှိနေကြပါတယ်။

ဒီလို ရဟန်းဘဝနဲ့ မတဲ့တဲ့ အမူအကျင့်တွေကြောင့် မကြည် ညိုမဆည်းကပ်နိုင်တာကတော့ ရဟန်းများဘက်က ချွတ်ယွင်း ချက်ကြောင့်ဘဲဖြစ်ပါတယ်၊ ဒီအတွက်အပြစ်မဆိုသာပါဘူး၊ ဒါ မျိုးကို သိမ်ငယ်တယ်လို့ထင်ရင် ထင်နိုင်ပါတယ်၊ဒါပေမဲ့ တချို့ ရဟန်းတော်တွေဟာ အင်မတန်တည်ငြိမ်ပြီးအေးအေးဆေးဆေး ဖောသိဖောသာ နေတတ်လေ့ရှိပါတယ်၊ ပြောဆိုဆက်ဆံတဲ့ နေရာ မှာ အပိုမသုံးတတ်ဘဲ အရိုးအတိုင်းဘဲ ပြောတတ်ကြပါတယ်၊ ဒီရဟန်းမျိုးကျတော့လဲ ဒကာဒကာမတွေက သိမ်ငယ်တယ်လို့ ထင်ပြန်တယ်၊ အစွမ်းအစမရှိဘူးဆိုပြီး အထင်သေးကြတယ်၊ ဒါ ကြောင့် တယ်ပြီးဆည်းကပ်လေ့မရှိကြဘူး။

တချို့ရဟန်းများဟာ အင်မတန် ဟိတ်ဟန် ကောင်းကြပါ တယ်၊ခမ်းကြီးနားကြီးဖြစ်အောင် ဖန်တီးတတ်ကြပါတယ်၊အခြေ အရံအသိုင်းအဝိုင်းတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဟိတ်ထုတ်ကြပါ တယ်၊ ဒီရဟန်းမျိုးတွေကျတော့ သာမန်လူစားတော့ မပြောနဲ့ တော့ ထိပ်ပိုင်းကလူတွေကတောင် ဝိုင်းဝိုင်းလယ်အောင် ဆည်း ကပ်လာတတ်ကြပါတယ်၊သူတို့ရထားတဲ့ ခမ်းကြီးနားကြီး ဟိတ် ကြီးဟန်ကြီးတွေဟာ တရားနဲ့အညီ ဟုတ်သလား မဟုတ်ဘူး လားဆိုတာကို ဘယ်သူကမှ စိစစ်မနေပါဘူး။

သက္ကရာဇ် ၈၀၄ ခုနှစ်မှာ ဘုရင်နရပတိ နန်းတက်တော့ စစ် ကိုင်းဘက်မှာ ထူပါရုံစေတီကြီးနဲ့ ကျောင်းကြီးဆောက်ပါတယ်၊ ထူပါရုံစေတီကြီးပြီးလို့ ထီးတင်ပွဲ ကျင်းပတဲ့အခါ မင်းအဆက် ဆက်မပြုဘူးခဲ့တဲ့ ထူးထူးခြားခြားပွဲတော်ကြီးဖြစ်အောင် လုပ်ပါ တယ်၊ ရောဝတီမြစ်ကိုဖြတ်ပြီး တံတားကြီးတခုလုပ်ပါသတဲ့၊ မင်း

ဖမောင်းမမိသုံ ခြေရုံသင်းပင်းတွေဟာ စစ်အင်္ဂါ လေးပါး ခင်းကျင်းပြီး ဒီတံတားကြီးကနေ ဖြတ်ကူးကြပါတယ်၊ထောင်ပေါင်းများစွာသော ပြည်သူပြည်သားတွေလဲ ဒီတံတားကြီးကနေ အစီအရီကူးကြရပါတယ်။

ထီးတင်ပွဲကြီးမှာ ပြာသာဒ်မဏ္ဍပ်ကြီး ငါးဆောင်ကို အကြီးအကျယ်ဆောက်လုပ်ပြီး ညှော်ခံကျွေးမွေးခြင်း၊လှူဒါန်းခြင်း၊ ကပွဲသဘင် ကျင်းပခြင်းဆိုတာတွေကို ခြိမ့်ခြိမ့်သဲအောင် ပြုလုပ်ပါတယ်၊သီဟိုဠ် ယိုးဒယား တရုပ် လင်းဇင်း ဟံသာဝတီ စတဲ့ နိုင်ငံခြား တိုင်းပြည်များက ညှော်သည်တော်ကြီးများနဲ့ အချို့ဘုရင်များကိုယ်တိုင်လာရောက်ပြီးသဘင်ခံကြပါတယ်၊ရှမ်းပြည်တလွှားက စော်ဘွားများလဲ အစုံအညီရောက်ကြပါတယ်။

မရေတွက်နိုင်တဲ့အလှူခံတွေနဲ့ ရဟန်းသံဃာတော် အများတို့ကိုလဲ အတိုင်းမသိ အလှူကြီး ပေးပါတယ်၊ အဲဒီပွဲတော်ကြီးကို ရဟန်းသံဃာများ ကြွရောက်တော် မူတဲ့အခါမှာ တခြားရဟန်းတော်များကတော့ ရိုးရိုးသားသားဘဲ ကြွကြပါတယ်၊ စကားကျော်း ဆရာတော် ဖြစ်တဲ့ အရှင်ခေမင်္ဂသီလ ဆိုတာကတော့ သူ့ရဲ့အမှုထမ်းဖြစ်တဲ့ စည်တီးရှေ့ပြေးတွေ ဘာတွေနဲ့ ကြွတာကိုး၊ သူ့ပရိသတ်ကလဲ နဲတာမဟုတ်ဘူး၊သူကြွချီတဲ့အခမ်းအနားမှာ စည်တီးသမား ဘယ်နှစ်ယောက် ပါတယ်တော့ သေချာမသိဘူး၊ ရဟန်းအရေအတွက်ကတော့ သံဃာရှစ်ရာ၊ မထေရ်လေးရာ သင်္ဃာဝတ်စားတထောင်ပါပါသတဲ့။

ပရိသတ်ဟာ ဘယ်လောက် များသလဲဆိုရင် ဆရာတော်ကြီးက အဝမြို့တော်က မော်ကွန်းတံခါး ရောက်ရှိရုံ ရှိသေးတယ် စည်တီး ရှေ့ပြေးများက စစ်ကိုင်းဘက် ဆင်များရှင်ဘုရား အနောက်ရွှေကျောင်းတော်ဆိုတာကို ရောက်နေပါပြီ၊ ဆရာတော့်

နောက်က ပရိသတ်ကတော့ စကားကျောင်းဝမှာဘဲ ရှိနေသေး ပါသတဲ့။

ဒီအချိန်မှာ အုန်းပေါင်စော်ဘွားကလဲ မြစ်ငယ်အဆုံမှာ သူ့ တပ်ကြီးတပ်ခိုင်နဲ့ ရပ်နားနေတဲ့ အချိန်ဆိုတော့ မဆုံးနိုင်တဲ့ ပရိသတ်တွေနဲ့ခြံရံပြီး ကြွချီလာတဲ့ ဆရာတော်ကို မြင်ရတာကိုး၊ သူ့စိတ်ထဲတော့ နိုင်ငံခြား ဘုရင်တပါးများ ကြွချီလာသလား အောက်မေ့ရလောက်အောင် အံ့သြသွားပါတယ်၊ ဒါနဲ့ "ဒါ ဘယ်သူလဲ" လို့မေးပါတယ်၊ သိတဲ့လူများက စကားဘုန်းတော် ကြီးပါလို့ ဖြေတော့ "အချစ်တော်နရပတိမှာ ဒီဘုန်းကြီးလို ဘယ်နှစ်ပါးရှိသလဲ" လို့ မေးပြန်သတဲ့၊ "ငါးပါးရှိတယ်"လို့ ဖြေ ကြတဲ့အခါ အုန်းပေါင် စော်ဘွားဟာ အတော် ရှုံ့သွားသတဲ့၊ နောက်တော့ဒီအကြောင်းကို ဘုရင်နရပတိအား သံတော်ဦးတင် ကြတဲ့အခါ ဘုရင်မင်းမြတ်ဟာ သိပ်ကိုသဘောကျကျေနပ်သွား ပါတယ်။

တခြား ဆရာတော်တွေဟာ သူတကာ နည်းသာ သွားကြ တယ်၊ စကားဘုန်းတော်ကြီးတပါးသာ ငါ၏တန်ခိုးကို ဆောင် ရွက်ပေတယ်လို့ မိန့်မြွက်ချီးကျူးပါသတဲ့။

## ရဟန်းဆိုတာ ခေတ်ဆံလို့ဖြစ်သလား

ဒီလိုခန်းကြီးနားကြီးနဲ့ စားသောက်နေထိုင် သွားလာမှုတွေ ဟာ ဒကာဒကာမများက ကြည်ညိုလွန်းလို့ စီမံပေးတာမျိုးဆို ရင်တော့ အပြစ်မရှိပါဘူး၊ အများအထင်ကြီးအောင် ကိုယ့်ဟာ ကို စီမံရတာဆိုရင်တော့ အပြစ်မလွတ်ပါဘူး။

ရဟန်းဆိုတာ ဝိနည်းနဲ့ ဘောင်ခတ်ထားတဲ့အထဲမှာ နေကြ ရတာပါ၊ လက်ပတ်နာရီ ပတ်ချင်လို့ မဖြစ်ပါဘူး၊ လက်စွပ် ဝတ်ချင်လို့လဲ မရပါဘူး၊ ရှူးဘိနပ် စီးချင်လို့လဲ မစီးရပါဘူး၊

ဖက်ဖူးရောင်သင်္ကန်းဝတ်ချင်လို့လဲ မဖြစ်ပါဘူး၊ ဦးထုပ်ဆောင်းချင်လို့လဲမရပါဘူး၊ ဘောင်အပြင်ဘက် ကျော်တာနဲ့ တပြိုင်နက် အပြစ် ရှိတော့တာပါဘဲ၊ အပြစ်ကတော့ ကျူးလွန်တဲ့အရာကို လိုက်ဂိုးကြီးတာငယ်တာ ရှိပါတယ်။

ခေတ်ဆံတယ်ဆိုတာ ခေတ်နဲ့အညီ ပြောဆိုနေထိုင် စားသောက်ရခြင်းပါ၊ တကယ်တော့ ခေတ်တခေတ်မှာ အတွေးအခေါ်ကစပြီး အပြုအမူ အနေအထိုင်တွေဟာ နောက်တခေတ်မှာ လူကြိုက်မများ ခေတ်မစားတော့ဘဲ အသစ်အသစ်သော ပြုမူခြင်းများကို ခေတ်ဆံတယ်လို့ဆိုကြတာပါ၊ လူကြိုက် များရင် ခေတ်ဆန်တယ်ခေတ်မှီတယ်လို့ သာမညအားဖြင့်တော့ ဆိုနိုင်ပါတယ်၊ဒါပေတဲ့လူကြိုက်များတိုင်း အမှန်တရား ဖြစ်တယ်လို့တော့ ဆိုလို့မရပါဘူး။

ဒါကြောင့် ခေတ်ဆံတယ် ခေတ်မှီတယ်ဆိုတာ အမှန်တရားဖြစ်ချင်မှဖြစ်မှာပါ၊ယေဘုယျအားဖြင့် အမှန်တရားတွေ ခေတ်မှီနေရာက မမှန်တရားတွေ ပြောင်းလဲပြီး ခေတ်စားလာတာကို လက်သင့်ခံလိုက်ရင် ခေတ်မှီတယ်လို့ ဆိုနိုင်သော်လဲ မှန်တယ်လို့တော့ မဆိုနိုင်ဘူးပေါ့၊ ဒီတော့ အပြောင်းအလဲကို လက်ခံနိုင်မှ ခေတ်မှီတယ်ဆိုတာ ဖြစ်နိုင်မှာကိုး။

ဝိနည်းဆိုတာက လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကတဲက ခတ်ထားတဲ့ ဘောင်ဟာ ဒီနေ့အထိ ဒီအတိုင်းပါဘဲ၊ ရာစုနှစ်တနှစ်ကို တခေတ်ထားပြီးတွက်မယ်ဆိုရင် ခေတ်ပေါင်း ၂၅ ခေတ် ပြောင်း ခဲ့ ပြီ ပေါ့၊ ဒါပေတဲ့ ဝိနည်းတော်ကတော့ မပြောင်းပါဘူး၊ ပြောင်းလို့လဲ မရပါဘူး၊ အတင်း ပြောင်းဘို့ ကြိုးစားမယ်ဆိုရင် ကြိုးစားသူဟာ သူ့ကြိုးစားချက်နဲ့ အညီ

သူ့ဘာသာသူ နေထိုင်သွားနိုင်ပါတယ်၊ ဒါပေတဲ့ ဗုဒ္ဓဘာသာ ရဟန်းတော့ မဟုတ်တော့ပါဘူး။

ဒီတော့ ပြောင်းလဲလို့ မရတဲ့အကြောင်းကို သိသင့်ကြတာ ပေါ့၊ရဟန်းဘဝကို ရယူတယ်ဆိုတာ ယူသူကိုယ်တိုင်က ဘယ်လို ရည်ရွယ်ချက်နဲ့ ယူတာဘဲ ဖြစ်ဖြစ် ပေးသူ ဘုရားမြတ်ကတော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ဘို့အတွက် ပေးသနားတာဘဲ ဖြစ်ပါ တယ်၊ ဟိုတုံးကလဲ ဒီရည်ရွယ်ချက်နဲ့ ပေးသနားတော်မူတယ်၊ ခုလဲဒီရည်ရွယ်ချက်နဲ့ဘဲ ပေးတော်မူတယ်၊ နောင်လဲ ဒီရည်ရွယ် ချက်ပါဘဲ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဘို့ဆိုရင် ဒီဝိနည်းသိက္ခာပုဒ် များကို လုံခြုံဘို့ လိုပါလိမ့်မယ်၊ သိက္ခာပုဒ်တခုခုကို ခေတ်မမှီ တော့လို့ဒါမှမဟုတ် အခြားအကြောင်း တခုခုကြောင့် ပြောင်း လဲပစ်လိုက်မယ်ဆိုရင် ဒါဟာ ဘောင်ကို ချိုးပစ်တာပါဘဲ၊ ဘောင်ကျိုးရင် လုံခြုံမှုဆိုတာ မရနိုင်တော့လို့ မဂ်ဖိုလ်နိဗ္ဗာန် ဆိုတာနဲ့ဝေးကွာရပါတယ်။

ဒီလိုဆိုရင် ဝိနည်းတော်ကို လုံလုံခြုံခြုံ စောင့်ထိန်းသူတိုင်း မဂ်ဖိုလ်ကို ရရောလားလို့ တွေးသင့်ပါတယ်၊ လုံခြုံတိုင်းလဲမရပါ၊ မရပေတဲ့သာသနာတော်မှာ အကောင်းဆုံးနေထိုင်သွားတဲ့ ပုထု ဇဉ်ရဟန်းမြတ်ဘဲလို့ မော်ကွန်းဥဒါန်း ထိုးရပါတယ်၊ ဒီလိုရဟန်း မြတ်များဟာ ပစ္စုပ္ပန်လဲ ချမ်းသာ တမလွန်လဲ ချမ်းသာမည့် သူမြတ်များပါ၊ ဘောင်ကို ချိုးပီးကျင့်မယ်ဆိုရင် နိဗ္ဗာန်ဆိုတာ ဝေလာဝေး၊တမလွန်မှာကိုဘေးဆိုးဆိုက်ဘို့ သေချာလှပါတယ်၊ ဒါတွေဟာ ဝိနည်းကို ပြောင်းလဲလို့မဖြစ်နိုင်တဲ့ အကြောင်းတွေ ဘဲ ဖြစ်ပါတယ်။

ဝိနည်းကို ပြောင်းလဲလို့မရရင် ခေတ်မှီလို့ ဖြစ်ပါ့မလားဆို တဲ့ပြဿနာကတော့ ရှင်းနေပါပီ၊တခုတော့ရှိတာပေါ့၊ဝိနည်းနဲ့

အညီခေတ်မှီနိုင်တာတွေ ရှာကြံပြီး ခေတ်မှီချင်ရင် ခေတ်မှီကြတို့ ပါဘဲ၊ အဲဒီ ဘောင်အတွင်းကနေ ခေတ်မှီကြမယ် ဆိုရင်တော့ နိဗ္ဗာန်မရနိုင်ပေမဲ့ ဝိနည်းပြစ်ရှိတာမဟုတ်လို့ ပစ္စုပ္ပန်လဲခေတ်မှီ တမလွန်လဲ ခေတ်မှီနိုင်ကောင်းစရာရှိပါတယ်၊ခုပြောခဲ့တဲ့ စကား ကျောင်းဆရာတော်ဟာ ဒီနည်းနဲ့ ခေတ်မှီတာလဲ ဖြစ်နိုင်ပါ တယ်။

ရွှေထီးရွှေနန်းဆိုတာကလဲ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား နဲ့၊ ဒီမှာစိုးစံအုပ်ချုပ်နေတဲ့ နရပတိ ဘုရင်မင်းမြတ်ကလဲ ဘုန်း လက်ရုံးထတွန်း၊ပွဲတော်ကြီးကလဲပြည်သူအများသာမကနိုင်ငံရပ် ခြားဧည့်သည်များနဲ့ စိုင်းစိုင်းလည်နေအောင် စည်ကားလှတဲ့ ပွဲကြီးပွဲကောင်း၊ ဒီပွဲကြီးမှာ ဆရာတော်က ခမ်းကြီးနားကြီးနဲ့ ကြွတော်မူတာ ဖြစ်လေတော့၊ ဆရာတော်ကိုယ်တိုင်က ဘယ်လို သဘောထားတယ်တော့ မသိဘူး၊ ဇာတ်စကားနဲ့ ပြောရရင် ဒါဟာ ဘုရင်မင်းမြတ်ကို ပို့ပေးနေတာပါဘဲ။

ဒါကြောင့်နဲ့ဘဲတူပါတယ်၊ရမည်းသင်း၊ယင်းတော်၊ ညောင် ရမ်း၊မင်းလှ၊ ပြင်စည်၊ တလုပ်၊ ရှမ်းပြည်ညောင်ရွှေ၊ ရပ်စောက် ဆိုတဲ့ အရပ်တွေမှာ လေးတိုင်စင်ကျောင်းကစပြီးဝတ်မိုးဝတ်မြေ ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ဆရာတော်က တင်ချပိုင်စေ ဆိုပြီး စကားဘုန်းတော်ကြီးကို ထပ်ပြီး သာသနာဝင် သွင်းလိုက်ပါ တယ်၊ သာသနာဝင် သွင်းတယ်ဆိုတာက စကားဘုန်းတော်ကြီး ရဲ့ ဩဇာအာဏာအောက်ကို ထပ်ပြီးဩဇာခံ ဖြည့်စွက်ပေးလိုက် တဲ့ သဘောနဲ့ဘဲတူပါတယ်။

ဒီသတင်းကို ကြားတော့ ထူပါရုံဘုန်းတော်ကြီးကလဲ အာ ဏာခွဲချင်လာတာပေါ့၊ဒါနဲ့ဘုရင့်ထံကို ခမတ္တာရပ်လိုက်ပြန်ပါ တယ်၊ "ငါ့အချစ်တော်စကားဘုန်းကြီးလိုဘဲ ငါ့ကိုလဲ မြောက်

ဘက်တလွှားမှာရှိတဲ့ကျောင်းတွေကို ပြဋ္ဌာန်းပေးပါ” လို့ပြော လာပါသတဲ့။

ဒါတွေဟာ တဦးကို ချီးမြှောက်တာမြင်လို့ တဦးကလဲချီးမြှင့်ခံချင်လာတဲ့သဘောပေါ့၊ မေတ္တာရပ်ခံရုံ ရပ်ခံတာမို့ တော်ပေသေးတယ်လို့ဘဲ ဆိုရပါမည်၊ သူ့ထက်သာအောင် ငါလဲလုပ်အုံးမယ်လို့ စိတ်ကူးပေါက်ပြီး မတော်တရော်တွေများ လျှောက်လုပ်ရင် အခက်သားပေါ့၊ ဒါလဲ အဆင်အခြင်ရှိပေလို့သာ၊ မရှိရင် လုပ်ချင်လုပ်မှာပါ၊အပြိုင်အဆိုင်သဘောကိုး။

ထူပါရုံဘုန်းတော်ကြီးရဲ့မေတ္တာရပ်ခံချက်ကိုတော့ ဘုရင်က မလိုက်လျှောပါဘူး၊“ငါ့ဆရာထူပါရုံဘုန်းတော်ကြီးသည် ဝတ္ထုကံကိုသာ သိမ်းခံစီရင်ပါ၊စစ်ကိုင်းတောင်ရိုးချောက်တွင် အရညဝါသီတောနေရဟန်းများစွာရှိသည်၊ ဒါကြောင့် ကျောင်းတိုက်အရပ်ရပ်ကိုမူ ပရိယတ်ပဋိပတ်အားထုတ်၍ မွေ့လျော်သလို နေကြပါစေ” ဆိုပြီး ဝတ္ထုကံကိုသာ သိမ်းပိုက်ခွင့် ပေးပါတယ်၊ ကျောင်းတွေကိုတော့ စီမံပိုင်ခွင့်မပေးလိုက်ပါဘူး။

ဒီဆရာတော်ကြီးများကို အကျင့်ပျက်တယ်လို့မဆိုလိုပါ၊ သို့သော်နှဲနဲတော့ လော်မာတဲ့သဘော သက်ရောက်လိမ့်မယ်လို့ထင်ပါတယ်၊တကယ်တော့ ဒီလိုလုပ်မှလဲဒကာဒကာမတွေက အထင်တကြီးရှိပြီးလေးစားလာတတ်ကြတာကိုး၊ တကယ့်သာသနာစိတ်နဲ့ တရားသဖြင့် လုပ်တာမျိုး ဆိုရင်တော့လဲ မိုးထိအောင် လျှော့ခါးထောင်ပေတဲ့ အပြစ်မဆိုသာပါဘူး၊ ခုလဲအပြစ်ဆိုတာတော့ မဟုတ်ပါဘူး၊အဖြစ်ကိုသာ ဖော်ပြတာပါ။

## ရေငုံဆရာတော် ရှင်အရိယာဝံသ

ခေတ်တခေတ်မှာ တချို့ ရဟန်းများဟာ ထီးထမ်းလမ်းလျှောက်နေကြပေမဲ့လဲ တချို့ဟာပရိယတ်ကို အားသွန်ခွန်စိုက်

ကြိုးစားပြီး တချို့လဲပဋိပတ်ကို နေ့ညမအား ကျင့်ကြံနေကြတာ တွေ့ရှိရပြီပါတဲ၊ ဒါကြောင့် စကားကျောင်းတွေမှာ လက်ဝေ့ ရဟန်းစတဲ့အကျင့်ပျက်ရဟန်းတွေကြောင့် နာမည်ပျက်နေပေမဲ့၊ အဲဒီ ရဟန်းတွေ ကြားထဲမှာဘဲ စာပေပရိယတ်ကို ကြိုးကြိုး စားစားအားထုတ်နေကြတဲ့ ရဟန်းမြတ်များကိုလဲ ကြည်ညိုဘွယ် ရာ တွေ့ရပြန်ပါတယ်။

အဲဒီ ထူပါရုံစေတီ ဒါယကာ နရပတိမင်း လက်ထက်က ရှင် မဟာအရိယာဝံသဆိုတာ ပင်းယစကားကျောင်းတွေက စာသင် ပုဂ္ဂိုလ်တဦးပါတဲ၊ ဘယ့်လောက်ကြိုးစားသလဲဆိုရင် မိန်းမကိုယ် ဝန်ဆောင် တရွက်ခန့်လောက်ရှိတဲ့ ပေစာများကို အာဂုံဆောင် နိုင်ပါသတဲ့၊ ဒါလောက် အာဂုံရှိထားတဲ့ပုဂ္ဂိုလ်ဟာ အမိပွဲဘွယ် သဘောသကန်မှာလဲ ဘယ်နည်းနဲ့မှ မညံ့နိုင်ဘူးပေါ့။

ဒါပေတဲ့ စာတတ်တယ်ဆိုတာ ဘယ်လိုလဲလို့မသိဘဲ ဖြစ်နေ သတဲ့၊ ဒါလောက်တောင် စာပေရမိနေတဲ့ပုဂ္ဂိုလ်က စာတတ် တယ်ဆိုတာ ဘယ်လိုဟာခေါ်မှန်းမသိဘူးဆိုတော့ အင်မတန်ကို မာန်မာန ကင်းတဲ့သဘောပါတဲ၊ တချို့ဆိုရင် အတော်အတန် ပေါက်ရုံလောက်နဲ့ဘဲ ကိုယ့်ကိုယ်ကို စာတတ်ပီလို့ ထင်တာလဲ ရှိသေးတာကိုး။

ဒီအရှင်မြတ်ကတော့ သူ့ကိုယ်သူ လိုသေးတယ်လို့ဘဲထင်နေ ပုံရပါတယ်၊ဒါကြောင့် တနေ့မှာ စစ်ကိုင်းဘက်ကို ကူးသွားပါ တယ်၊ ဟိုရောက်တော့ စစ်ကိုင်းချောင်မှာ ရေငုံဘုန်းကြီးဆိုတာ စာပေကျမ်းဂန် အလွန်တတ်မြောက်ကြောင်း သတင်းကောင်း ကြားရပါတယ်၊ ဒါနဲ့ ရေငုံဘုန်းကြီးထံမှာ စာဝါတောင်းမယ် ဆိုပီးသွားပါရော၊ ဟိုရောက်တော့ ဘုန်းတော်ကြီးက ပါးစပ်ထဲ ရေငုံထားပီး စကားမပြောတာနဲ့ပြန်လာခဲ့ရတယ်။

တကယ်တော့လဲ ဗာဟိရစကားတွေကို ဘယ်သူနဲ့မှ မပြောချင်လို့ ရေကို ငုံထားတာပါ၊ ဒါကြောင့်လဲ ရေငုံဆရာတော်လို့ နာမည်တွင်ခြင်းပါ၊ ရှင်မဟာအရိယာဝံသဟာ နောက်တနေ့ သွားပြန်တော့လဲ ဘုန်းတော်ကြီးက ရေငုံထားလို့ စကားမပြောခဲ့ရဘူး၊ ဝတ်ချပြီးတော့သာ ပြန်ခဲ့ရတယ်၊ ၂ရက် ၃ ရက်ဒီလိုချည်းဘဲ၊ ဒါနဲ့ နောက်တနေ့ထပ်သွားတော့ ရေငုံဘုန်းကြီးလဲ အားနာလာသလားမသိပါဘူး၊ရေကိုထွေးပြီး အကြောင်းကို မေးပါတယ်၊ဒီကလဲ စာတဝါတက်ချင်တဲ့အကြောင်း လျှောက်တော့ ဘာစာများ သင်ဘူးခဲ့သလဲဆိုတာ မေးမြန်းပါတယ်၊ သင်ဘူးတဲ့စာတွေ လျှောက်ထားတော့ မသင်ဘူးတဲ့ သင်ရိုးကျမ်းဂန် မရှိတော့ပါလားလို့ဆိုသတဲ့။

ဒါနဲ့ ရှင်မဟာအရိယာဝံသကလဲ ဒါလောက် သင်ဘူးပေမဲ့ စာတတ်တယ်ဆိုတဲ့သဘောကို မသိသေးသဖြင့် ထပ်ပြီးစာသင်လိုသေးကြောင်း လျှောက်တော့ ရေငုံဘုန်းတော်ကြီးက ပြောတယ်—

"ငါ့မှာ တနေ့ကို စာသုံးဝါ ပို့သရသည်၊ မွန်းလွဲတော့လဲ ပုညစေတီမှာ တံမြက်လှည်း ဝတ်ပြုရသည်၊ အားလပ်ချိန်မရှိ၊ သို့သော်လည်း စာတတ်မှန်းမသိ ဆိုသည်ကို သိအောင် တံမြက်လှည်းဝတ်ခေတ္တ ဖျက်ထားမည်၊ဋီကာလက်သန်းကို တက်တော့" ဆိုပြီး စာဝါတဝါပေးလိုက်ပါတယ်။

အဲဒီကျမ်းစာကို သုံးရက်လောက် တက်မိတော့ ကောင်းကောင်းကြီး သဘောပေါက်သွားသတဲ့၊ ဒါနဲ့ ရေငုံဆရာထံ မသွားတော့သေးဘဲ သူ့ဘာသာသူ စာသွားစာလာ ဖွင့်ပုံ ဖွင့်နည်းတွေကို သုံးသပ်ဆင်ခြင်နေမိလိုက်တယ်၊ ဒီလိုကြည့်နေရာက သဘောကျလွန်းလို့ "ဋီကာ့နယ် ကျော်ရောပေါ့" လို့ ဆိုလိုက်

မိပါသတဲ့၊ ဒါကိုအကြောင်းပြုပြီး ဒီကျမ်းကို နှောင်းကာလကျ တော့ "ဋီကာကျော်"ရယ်လို့ နာမည်တပ်ကြပါတယ်။

စာတက်မလာတာ ၂ရက်၃ရက်ကြာတော့ရေငုံဆရာတော်က သူ့တပည့်ရဟန်းအချို့ကိုလွှတ်ပြီး စုံစမ်းခိုင်းလိုက်ပါတယ်၊ပင်းယ ရဟန်းပျို ဘာပြုလို့မလာသလဲ၊ နေထိုင်မျှားမကောင်းလို့လား ပေါ့၊အဲဒီနေ့မှာဘဲ ရှင်မဟာအရိယာဝံသကလဲဆရာ့ထံသွားအုံး မှဘဲဆိုပြီးအလာ ဆရာတော်ကလွှတ်လိုက်တဲ့ ရဟန်းတွေနဲ့ လမ်း မှာဆုံမိကြတာပေါ့၊ အကျိုးအကြောင်း မေးကြဖြေကြပြီးဆရာ တော်ဆီ လိုက်သွားပါတယ်၊ ဆရာတော်က မလာတဲ့အကြောင်း မေးတော့ ကျမ်းစာကို မိမိဘာသာဆင်ခြင်သုံးသပ်ရာ သဘော ပေါက် ကျေနပ်မိသဖြင့် မလာပါကြောင်းကို လျှောက်တာပေါ့၊ ဒီတော့ ဆရာတော်က "ဒီလိုဆိုရင် ထိုဋီကာ၏ အဖွင့်ကျမ်းစာ တစောင်ရေး၍ ကျေးဇူးဆပ်ရမယ်"ဆိုလို့ ဝန်ခံလိုက်ရပါတယ်။

ပင်းယပဥ္စင်းပျိုရှင်မဟာအရိယာဝံသဟာသူဝန်ခံခဲ့တဲ့အတိုင်း ဋီကာလက်သန်းအဖွင့်ကျမ်းကို သူတဲခိုတဲ့ နေရာမှာဘဲ ရေးပါ တယ်၊ ဒါပေတဲ့ နေ့အချိန်မှာမရေးဘူး၊ လူသံငှက်သံတိတ်ဆိတ် တဲ့ညအခါကျမှ ရေးပါတယ်၊ ရေးပြီးသမျှကိုလဲ ဥပုသ်နေ့တိုင်း ပုညရှင်စေတီတော် ရင်ပြင်မှာ တက်ပြီး ရဟန်း ပရိသတ်တွေ အလယ်မှာ ဖတ်ပြပါတယ်၊ အမှားပါရင်လဲ ပြောကြပါလို့ စာ လာနာတဲ့ ရဟန်းမျှားကို ဘိတ်မန္တကပြုထားပါတယ်။

တနေ့တော့ ပုဂံက ရဟန်းတပါးဟာ ဘုရားဖူး လာရင်းနဲ့ ကြုံကြိုက်လို့ အဲဒီမှာဝင်ပြီး စာနာပါသတဲ့။ ဂရုစိုက်ပြီးနာနေတဲ့ ပုဂံရဟန်းဟာ ချွတ်ယွင်းသွားတဲ့ နေရာနှစ်ပုဒ်ကို ကြားရတော့ အေး၊အေး-လို့ ပါးစပ်ကဆိုလိုက်မိဘာကိုး၊အဲဒီနေရာကိုကျမ်းပြု

ဆိုရာ ပင်းယပဉ္စင်းက မှတ်ထားပြီး ပုဂံသားရဟန်းရဲ့ တည်းခိုတဲ့ နေရာကိုလဲ မေးလိုက်ပါသတဲ့။

ဒါနဲ့ ကျောင်းပြန်ရောက်လို့ ပေစာကို ပြန်ကြည့်တဲ့ အခါ အနည်းငယ်တိမ်းပါးချွတ်ချော်တဲ့ နေရာနှစ်ခုကို တွေ့ရပါသတဲ့၊ ဒါပေတဲ့ အဓိပ္ပာယ်လွဲတာမဟုတ်ပါဘူး၊ ပါဠိစည်းမျဉ်း လွဲတာ သာဖြစ်ပါတယ်၊ ပြီးတော့မှ ပုဂံရဟန်းကို အပင့်ခိုင်းပြီး သူ့ ကျမ်းရဲ့ အမှားကို ထောက်ပြခိုင်းပါတယ်၊အမှားကိုပုဂံရဟန်းက ပြတဲ့အခါ သူတွေ့တဲ့အမှားအတိုင်း ကိုက်ညီနေလို့ ရှင်မဟာအရိ ယာဝံသဟာ ပုဂံရဟန်းကို အင်မတန်ကြည်ညိုပြီး သူ့ရဲ့ ဒုကုဋ် သင်္ကန်းကြီးကို လှူလိုက်ပါသတဲ့။

ဒီရဟန်းမြတ်တွေဟာ အင်မတန် ကြည်ညိုစရာကောင်းပါ တယ်၊ သူတပါးရေးထားတဲ့ ကျမ်းကို ကိုယ့်နေရာမှာဘဲ ကိုယ် အေးအေးဆေးဆေး ဖတ်ချင်ဖတ်မယ်၊ ဒီလိုဖတ်ပြနေတာကို တ ကူးတကကြီး လာပြီး နားထောင်ဘို့ဆိုတာ တော်ရုံတန်ရုံ အလေး ထားရုံနဲ့တော့မဖြစ်ဘူးပေါ့၊ ဒီကြားထဲခရီးသည်ပုဂံကလဲ မပျင်း မယိုထိုင်ပြီး နားနေနိုင်တာဟာ ပရိယတ်ကို ဘယ်လောက်လေး စားတယ်၊ တန်ဘိုးထားတယ်ဆိုတဲ့ သရုပ်ကို ပြလိုက်တာပါဘဲ၊ ဒီတော့ တဖက်မှာဘုန်းကြီးဘို့နာမည်ကြီးဘို့ လောက်သာ အာရုံ ထားနေကြတဲ့ ပုဂ္ဂိုလ်တွေလို တဖက်မှာလဲ သာသနာကို အာရုံ ထားနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ အများအပြား ရှိနေတယ်ဆိုတာ တွေ့နိုင်တာပေါ့။

ခုဆိုရင် သာသနာနှစ် ၂၀၀၀ ကျော်လာပါပြီ၊စတုတ္ထသံဂါ ယနာတင်တဲ့ အချိန်နဲ့ဆိုရင် နှစ်ပေါင်း ၁၅၀၀ ကွာဝေးခဲ့ပါပြီ၊ ဒီကာလအတောအတွင်းမှာ ရဟန်းတွေရဲ့ အခြေအနေဟာ ပုံစံ အမျိုးမျိုးနဲ့ ရှိနေကြပါတယ်၊ ပြည်ပိုင်ဘုရင်တွေက ဂရုတစိုက်

ရှိတဲ့အခါမျိုးမှာ ရဟန်းတွေ အရည်အသွေးပြည့်ဝပြီး ဘုရင်တွေ ရဲ့ လျစ်လျူရှုခြင်းခံရတဲ့အခါမျိုး၊ ဒီလိုမှ မဟုတ်ရင်လဲ ဘုရင် တွေကိုယ်တိုင်က လောကီဘက်ကို အရေးပေးလွန်းတဲ့ အခါမျိုး မှာ ရဟန်းတွေဟာ ဖောက်ပြန်လာတတ်တာကို တွေ့ရပါတယ်။

## ဟံသာဝတီရဟန်းများ

ရာမညတိုင်းဘက်ကို လှည့်ကြပါအုံးစို့၊ ရာမညတိုင်းဆိုတာ သာသနာတော်နဲ့ပတ်သက်လို့ အစဉ်အလာ အင်မတန်ကြီးကျယ် တဲ့ဒေသပေါ့၊ စတုတ္ထသံဂါယနာရဲ့ ရလဒ် ကိုးတိုင်း ကိုးဌာနရဲ့ ခက်မကြီးတခုဖြစ်လေတော့ ပိုပြီး သာသနာ့အရှိန်အဝါကြီးမား လှပါတယ်၊ ဒါပေတဲ့ ရဟန်းအချို့ဟာ ဒီလိုကြီးမားလှတဲ့အရှိန် အဝါကို ချက်ကောင်းယူ အလွဲသုံးစားတွေ လုပ်ကြတဲ့အတွက် နောက်ပိုင်းမှာ သေးသိမ်လာတာကို တွေ့ရပြန်ပါတယ်။

သက္ကရာဇ် ၈၂၀ မှာ ဓမ္မစေတီမင်းကြီးဟာ ဟံသာဝတီထီး နန်းကို စိုးစံပါတယ်၊ ဒီအချိန်ဟာ အင်းဝထီးနန်းမှာ ထုပါရုံ ဒါယကာမင်းကြီး စံနေချိန်ပေါ့၊အဝနဲ့ သရေခေတ္တရာမှာ ရဟန်း အများစုကြီးဟာ ပရိယတ်၊ ပဋိပတ် လုပ်ငန်းကြီးတွေနဲ့ မြိုင် မြိုင်ဆိုင်ဆိုင်ဖြစ်နေချိန်ပါဘဲ၊ ကောက်ကော်ကံကား ရဟန်းများ ရှိပေတဲ့ အနဲအကျဉ်းသာပါ။

ဟံသာဝတီဘက်မှာတော့ ရဟန်းအချို့ဟာ အကျင့်ဖောက် ပြားနေကြတယ်လို့သိရပါတယ်၊ အချို့ဆိုတာ ဘယ်လောက် များသလဲမသိပါ၊ စာဖတ်ရင်း ခန့်မှန်းကြည့်ကြရုံပါဘဲ၊ ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရားကို စောင့်မနေနိုင်ကြလို့နဲ့ တူပါရဲ့ တချို့ရဟန်းများက ဆေးကုပြီး အသက်မွေးကြပါသတဲ့၊တချို့ ကလဲ ဗေဒင်ဟော၊ တချို့ကျတော့လဲ တောရပ် ဒေသက တောင်ယာပဲခင်းတွေထဲ လှည့်ပြီး သံတိုသံရှည်နဲ့ တရားဟောလို့

ရေှတ်တို့ ဝါတို့တွေ အလှူခံပြီး ရောင်းဝယ် ဖောက်ကားကြပါ သတဲ့၊ ကျောင်းအသုံးအဆောင်ဘို့ပါဆိုပြီး ရွှေငွေ ကျောက်သံ တွေအလှူခံ အသက်မွေးတဲ့ ရဟန်းလဲရှိရဲ့၊ ကျွန်သွားမွေးပြီး လယ်နဲ့ ယာနဲ့ ဥယျာဉ်ခြံတွေနဲ့ဖြိုးနေတဲ့ ရဟန်းမျှားလဲမရှားဘူး၊ အရက် သမား၊ ကစားသမားတွေနဲ့ ပေါင်းပြီး ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ လေပွေရဟန်းမျှားလဲပါသပေါ့။

မမွှစေတီမင်းကြီးဟာ ဒီအကြောင်းတွေ ကြားသိလာတော့ ဒါတွေကိုရှင်းချင်လာတယ်၊သို့သော်ဒီအကြောင်းနဲ့ ဆက်စပ်သ လားမစပ်သလားတော့ မသိဘူး၊ အချိုးကျကျသိမ်တခုဖြစ်ဘို့ကို စီမံပါတော့တယ်၊ ရဟန်းအဖြစ်ရဲ့ စင်ကြယ်မှုမှာပထမဆုံးအရေး ကြီးတာက သိမ်ဘဲကိုး၊ သူကိုယ်တိုင်ကလဲ ဘုန်းကြီးလူထွက်ဆို တော့ ပိုနားလယ်တာပေါ့၊တိုင်းပြည်ထဲရှိနေတဲ့ ရဟန်းတွေကလဲ အမျိုးမျိုးဖြစ်နေတော့ ဒီရဟန်းတွေနဲ့ချည်း သိမ်ကိစ္စ ဆောင် ရွက်ဘို့ကို ဘုရင်ကြီးက စိတ်ပါပုံမရဘူး။

ဒါကြောင့် လက်ရွေးစဉ် ရဟန်းအချို့နဲ့ ရဟန်းလောင်း သာမဏေတော်တော်မျှားမျှားကို သီဟိုဠ်လွှတ်ပြီး မဟာဝိဟာရ ဝါသီခေါ်တဲ့ ရှင်မဟိန္ဒအနွယ်တော် ရဟန်းမျှားထံမှာ ရဟန်း ခံစေပါတယ်၊ သီဟိုဠ်ကလျာဏီမြစ်အတွင်းက ဥဒကုက္ခေပသိမ် မှာ သာမဏေမျှားကို ရဟန်းခံခြင်း၊ ရဟန်းမျှားကိုလဲ အသစ် တဖန် ရဟန်းခံစေခြင်းမျှား ပြုလုပ်ကြပါတယ်၊ ကိစ္စပြီးလို့ပြန် လာတော့ သူတို့ရဲ့ အပြန်ခရီးဟာ စိတ်မချမ်းသာစရာပါဘဲ၊ လေပြင်းမုန်တိုင်းမိလို့ သင်္ဘောပျက်တာကိုး၊ ပျက်တော့ သီဟိုဠ် က လိုက်ပို့တဲ့သင်္ဘောမှာ ပြောင်းစီးရပြန်တယ်၊ အဲဒီသင်္ဘော ကလဲ သောင်တင်ပြန်ရော၊ ဘယ်နေရာမှာ တင်တယ်တော့မသိ

ဘူး၊ အဲဒီနေရာကနေ ဟံသာဝတီအရောက် ခြေလျင်ပြန်လာလိုက်တာ လမ်းခရီးမှာ ရဟန်း ၁၀ ပါး ပျံလွန်တော်မူပါသတဲ့။

ရဟန်းတွေပြန်ရောက်လို့ အကြောင်းမျိုးစုံသိရတော့ ဘုရင်ကြီးလဲ အလွန်ဝမ်းနည်းတာပေါ့၊ ဒါပေတဲ့ လုပ်စရာကရှိနေသေးတော့ ဝမ်းနည်းစရာကို ဘေးဖယ်ထားပြီး သက္ကရာဇ် ၈၃၈ မှာ ယခုကလျာဏီ ခေါ်တဲ့ သိမ်ကို သီဟိုဠ်ပြန် ရဟန်းများနဲ့ သမုတ်လိုက်ပါတယ်၊ ပြီးတော့မှ ရာမညတိုင်းသား ရဟန်းတွေကို ဒီသိမ်မှာ ရဟန်းထပ်ခံစေပါသတဲ့၊ တဖြည်းဖြည်းနဲ့ သာသနာဟာ အတော့်ကိုကြီးပွားလာတာပေါ့ ကြည်ညိုသူ ဒကာဒကာမများလဲ အများကြီးစိတ်သန့်သွားတာပေါ့၊ဒါပေတဲ့ ဒါလောက်နဲ့ ဘုရင်ကြီးက ရပ်မနေဘူး၊ မူလ စိတ်ကူးအတိုင်း စောစောကပြောခဲ့တဲ့ ရဟန်း စား တွေ ကို ရှင်း ပစ် ဘို့ က ရှိ နေ ပါသေးတယ်။

ဒါနဲ့ တနေ့တော့ ရဟန်းတော်များကို ပင့်ပြီး တောင်းပန်လျှောက်ထားပါတယ်။

"ယနေ့ကစပြီး ရှင်သာမဏေပြုချင်ပါတယ်လို့ အရှင်ဘုရားများကို လာရောက်လျှောက်ထားရင် အိုမင်းမစွမ်းဖြစ်နေသူတွေ ပြင်းပြင်းထန်ထန် ရောဂါခံနေရသူတွေ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူတွေ၊ ကြည်ညိုစရာ မကောင်းလောက်အောင် အမြင်ဆိုးနေသူတွေ၊ခိုးတတ်တဲ့လူတွေ၊ တခြားနည်းနဲ့ ဆိုးသွမ်းနေသူတွေကို ရှင်ပြုမပေးကြပါနဲ့။

"ပဉ္စင်းခံချင်တယ်လို့ လာပြီးလျှောက်ရင်လဲ အကျွန်ုပ်ကိုဘဲဖြစ်ဖြစ်၊ ဟံသာဝတီမှာ သီတင်းသုံးနေကြတဲ့ ဆရာတော်များကိုဘဲဖြစ်ဖြစ်၊ အကြောင်းကြားရပါမယ်၊ အကြောင်းမကြားဘဲ လက်သင့်ခံပြီး ရှင်ရဟန်းပြုပေးမယ်ဆိုရင် ပဉ္စင်းလောင်း၊ ရှင်

လောင်းရဲ့ အမိအဖ ဆွေမျိုးများနဲ့ အရှင်ဘုရားတို့ရဲ့ အလုပ်အကျွေး ဒါယကာများကို မင်းဒဏ်ခတ်ရပါလိမ့်မယ်” စသဖြင့် ခတ်တင်းတင်း ကိုင်လိုက်ပါတယ်။

ရဟန်းများကို တောင်းပန် လျှောက်ထားပြီးတဲ့နောက် စီးပွားရေးလုပ်နေတဲ့ ရဟန်းတွေကို စီးပွားဥစ္စာကို စွန့်လွှတ်စေပါတယ်၊ မစွန့်နိုင်တဲ့ရဟန်းကို လူထွက်စေပါတယ်၊ တချို့လဲ လူထွက်လိုက်ကြပါတယ်၊တချို့လဲ ဥစ္စာပစ္စည်းတွေစွန့်ပြီး ရဟန်းဘောင်မှာဘဲ ကောင်းကောင်းမွန်မွန် နေသွားကြပါတယ်၊ နှစ်မျိုးစလုံး တော်တယ်လို့ဘဲ ချီးမွမ်းသင့်ပါတယ်၊ ဘဝမပျက်ဆက်နေသွားကြတဲ့ ရဟန်းများကို ပိုလို့ပင်ချီးမွမ်းရပါတယ်၊ ပါရာဇိကသို့ ရောက်နေတဲ့ ရဟန်းများကိုလဲ တောင်းပန်မနေဘဲ လူထွက်ခိုင်းပါတယ်၊ ပါရာဇိက ကျနေတယ်ဆိုတာမသေချာမတိကျပေတဲ့ လူပြောသူပြောများတဲ့ ရဟန်းများကိုလဲ အညာအတာမရှိ လူပြုစေပါတယ်၊ ဆေးကုရဟန်း၊ ကုန်သွယ်ရဟန်းများကိုလဲချမ်းသာမပေးပါဘူး။

ဒီလို တင်းတင်းကျပ်ကျပ်ကိုင်လိုက်တဲ့အတွက် ရဟန်းများအနေအထိုင်ကျုံ့သွားမှာအမှန်ဘဲပေါ့၊ ဒီအတွက် မနေနိုင်သူများ၊လူထွက်ကြလို့ကျန်ရဟန်းတော်များဟာဆန်ကာတင်ချည်းဘဲလို့ဆိုနိုင်ပါတယ်၊ ဆန်ကာတင်တာသာ ပြောတာပါ၊အားလုံးကောင်းပါသည်လို့တော့ မဆိုနိုင်ပါဘူး၊ သို့သော် တချို့ကောင်းပြီး တချို့သင့်တယ်လို့တော့ ဆိုနိုင်ပါတယ်၊ အနေအစားကျုံ့သွားတယ်ဆိုပေတဲ့အဲဒီအချိန်မှာ သင့်သော၊ကောင်းသော၊ အကောင်းဆုံးသော ရဟန်းတွေကို ပေါင်းလိုက်ရင် (၁၄၂၂၆)တသောင်းလေးထောင်ကျော် ရှိနေကြောင်း သိရပါတယ်။

ဒီကိစ္စမှာ ဓမ္မစေတီမင်းကြီးဟာ ရဟန်းတော်တွေကို ဝိနည်းတော်နဲ့ချည်း ပြစ်မထားဘဲ မင်းအာဏာကိုပါ အသုံးပြုတာကို မှတ်သားသင့်ပါတယ်၊ ဝိနည်းထက် မင်းအာဏာကိုပိုကြောက်တဲ့ရဟန်းများ ရှိနေကြောင်း ဒီအဖြစ်အပျက်ကသက်သေပြုနေပါတယ်၊ ဒါတွေကို ကြည့်မယ်ဆိုရင် ဒီအချိန်မှာ ရာမညတိုင်းမှာလဲ ရဟန်းတွေကို သူ့ထိုက်နဲ့သူ့ကံလို့ ပစ်မထားဘဲပြုပြင်ပြီးမွေးမြူနေတာကို တွေ့နေရပါတယ်၊အင်မတန်ယုံကြည်သဒ္ဓါရှိလို့ ဒီလိုလုပ်နိုင်တာပေါ့၊ ဒါကြောင့် အဲဒီမှာ ရဟန်းများဟာ ကြည်ညိုဘွယ်ရာဖြစ်နေတာကို တွေ့ရတာပါ။

## ပျို့ကဗျာခေတ်

ခုတခါ သက္ကရာဇ် ၈၄၂ မှာ နန်းတက်တဲ့ ဒုတိယမင်းခေါင်လက်ထက်က စပြီး အဲဒီ ခေတ်တလွှားမှာ ဖြစ်ထွန်း သွားကြတဲ့ရဟန်းတွေနဲ့တွေ့ကြပါအုံးစို့။

အဲဒီခေတ်မှာ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာတေဇောဝန္တ၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တိသာသနဓဇ စတဲ့ ပုဂ္ဂိုလ်ကျော်တွေကို တွေ့ရပါတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ အဲဒီခေတ်ကို ကိုယ်စားပြုသွားတယ်လို့လဲဆိုနိုင်ပါတယ်၊ ဒီခေတ်မှာ ပျို့ကဗျာလင်္ကာများတိုးတက်ထွန်းကားလှလို့ မြန်မာစာပေ အထွဋ်အထိပ်ရောက်တဲ့ခေတ်လို့ဆိုရပါမယ်၊အထူးသဖြင့်တော့ ဒီကဗျာလင်္ကာဆိုတဲ့ သာယာနာပျော်ဘွယ်ရှိတဲ့ ရေးထုံးရေးနည်းတွေကို ရဟန်းတော်များက ပိုပြီး ကျွမ်းကျင်တာကို တွေ့ရပါတယ်၊ နာမည်ကျော်လှတဲ့ ပါရမီခန်းပျို့တို့၊ ကိုးခန်းပျို့တို့ ဆိုတာတွေဟာ ဒီခေတ်မှာ ပေါ်ပေါက်တာတွေ ဖြစ်ပါတယ်၊ဒီအပြင်လဲ တခြားမကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေရေးတဲ့ ပျို့ကဗျာတွေလဲ အများအပြားရှိမှာပါဘဲ။

ဒီပျို့ကဗျာတွေဟာ ဖေတော့မောင်တော့တွေမဟုတ်ပါဘူး၊ ဒါတွေကို ရဟန်းတွေက ရေးနေတဲ့အတွက် ပရိယတ်မှာ အားနည်းသွားလိမ့်မယ်လို့ မထင်ပါလေနဲ့၊ ပရိယတ်ပို့ချသင်ကြားနေတဲ့ အထဲကနေပြီး ရေးတာပါ၊ ပါဠိခေတ်မှာ ပါဠိနဲ့ ကျမ်းပြုကြပြီး၊ စကားပြေခေတ်မှာ စကားပြေနဲ့ ကျမ်းပြုနေကြတာလို ကဗျာခေတ်မှာလဲ ကဗျာနဲ့ကျမ်းပြုကြတဲ့သဘောပါ။

အဲဒီခေတ်ကလဲ ပျို့ကဗျာတွေနဲ့ တန်ဆာဆင်ပြီးရေးတဲ့စာမှလဲ စာလို့ ထင်နေပုံရပါတယ်၊ စကားပြေနဲ့ ရေးတဲ့စာဆိုရင် တယ်ပြီး လူကြိုက်များပုံ မရဘူး၊ ဒါပေတဲ့ရှင်မဟာသီလဝံသစကား ပြေနဲ့ ရေးတဲ့ ပါရာယနဝတ္ထုကတော့ ဒီနေ့အထိ ပါလာတာကိုတွေ့ရပါတယ်၊ ပျို့စာတွေကတော့ အများကြီးဘဲပါလာတာပေါ့။

လူတွေကို ကိုယ်သိစေချင်တဲ့ အကြောင်းအရာတခုကို ဖော်ပြနိုင်ဘို့အတွက်ဆိုရင် ခေတ်သုံးစာပေကို လက်ကိုင်ပြုရမယ်ဆိုတာ စာပေသမားတိုင်းသိကြပါတယ်၊ ရဟန်းတွေဟာ ဘာသာတရားရဲ့အဆုံးအမတွေကို လူတကာတွေဘယ်လိုများ နားလယ်နိုင်ကြမလဲ၊ ဘယ်လိုများ စိတ်ဝင်စား နိုင်ကြမလဲလို့ အမြဲစဉ်းစားကြံဆနေလေ့ ရှိကြပါတယ်၊ လူဒကာတွေကို သိပ်ပြီး သိစေချင်၊ နားလယ် စေချင်ကြပါတယ်၊ ဒါပေတဲ့ ဘာသာတရားရဲ့ အဆုံးအမတွေကလဲ ပါဠိဘာသာထဲမှာ နစ်မြုပ်နေတာ ဆိုတော့ တော်ရုံလူတွေဟာ သိခွင့် မရတော့ဘူးပေါ့၊ ဒါကြောင့်မို့ လူဒကာတွေအတွက် ထိထိ ရောက်ရောက်ဘာသာတရားကို ဖြန့်ဖြူးနိုင်အောင် ဒီပျို့ကဗျာ လင်္ကာ စာပေတွေကိုဘဲ အသုံးပြုလိုက်ရတာ ဖြစ်မှာဘဲလို့ ယူဆရပါတယ်။

ဒါပေတဲ့ ကဗျာလင်္ကာတွေကို အလေးပေးထားတဲ့အတွက် ဒီပုဂ္ဂိုလ်ကြီးတွေဟာ အမှုအကျင့်ဖောက်ပြန်ပြီး ဣန္ဒြေသိက္ခာမဲ့

နေကြလိမ့်မယ်လို့တော့ မယူဆသင့်ပါဘူး၊ တပည့်တပန်းတွေနဲ့ ပရိယတ်ကိုအားပေးချီးမြှင့်နေကြတဲ့ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်၊ စာပေပရိယတ်နဲ့ ကင်းကွာမနေကြပါဘူး၊ ကြည်ညိုစရာ ဆရာတော်များဘဲဖြစ်ပါတယ်။

## အတုယူစရာ

အဲဒီတုန်းက ဇေတဝန်ကျောင်းတိုက်ဆိုတာ ရှိပါတယ်၊ အဲဒီမှာ ရှင်သဒ္ဓမ္မကိတ္တိဆိုတဲ့ ဆရာတော်က စာပေ ပို့ချပါတယ်၊ ရှင်သဒ္ဓမ္မကိတ္တိဆိုတာ "မဏိသာရမဥ္ဇူသာကျမ်း"ပြုအရှင်မဟာအရိယာဝံသရဲ့စာသင်တပည့်ပါ၊ တနေ့မှာ ပုဂံက ရဟန်းတပါးဟာ စာပေအတော်တတ်လို့အင်းဝနေပြည်တော်ကိုတက်ပြီးစာချမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ရောက်လာပါတယ်၊ဇေတဝန်ကျောင်းအောက်ရောက်တော့ ကျောင်းပေါ်ကဆရာတော်ရှင်သဒ္ဓမ္မကိတ္တိစာချနေသံကြားတာနဲ့ စူးစိုက်ပြီး စာနာနေပါသတဲ့။

စာချလို့ ပြီးတဲ့အခါကျတော့ အတော့်ကို သဘောကျသွားတာကိုး၊ ဒါနဲ့ "ငါစာချမလို့လာတာ ဒါပေမဲ့ မချသေးဘူး၊ ဒီဆရာတော်ထံမှာ နည်းနာခံပြီး သင်အုံးမယ်" လို့ ဆုံးဖြတ်ပြီး ကျောင်းပေါ် တက်သွားပါသတဲ့၊ ကျောင်းပေါ် ရောက်တော့ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားပါတယ်၊ ဆရာတော်ကအသက်သိက္ခာကို စစ်မေးလိုက်တော့ သူ့ထက် အာဂန္တု ပုဂံရဟန်းက အသက်သိက္ခာကြီးတာကို သိရပါတယ်၊ "အရှင်ဘုရားက တပည့်တော်ထက် ကြီးပါတယ်" လို့ ရှင်သဒ္ဓမ္မကိတ္တိက လျှောက်တော့ ပုဂံရဟန်းက "ကိစ္စမရှိပါ၊ အရှင်ဘုရားထက် သိက္ခာ ဝါကြီးပေမဲ့ တပည့် အရာမှာနေပြီး စာတက်ပါရစေဘုရား" လို့ လျှောက်ထားတာနဲ့ ရှင်သဒ္ဓမ္မကိတ္တိကလဲ ခွင့်ပြုလိုက်ပါတယ်။

ပုဂ်သားရဟန်းဟာပုဂ္ဂိုလ်ညံ့တဦးမဟုတ်ပါဘူး၊ ကျမ်းဂန်တတ် စာတော် ပေတော်တဦးပါဘဲ၊ ဒါပေတဲ့ သူ့ ထက်သာတဲ့အရည် အချင်းအချို့ရှိတာကိုအကြောင်းပြုပြီးငယ်သူကိုပင်ဆရာတင်နိုင် တာဟာ အင်မတန်ကို စိတ်နှလုံးပြည့်ဝလို့ပါ။

ဒါကြောင့်မို့လဲ ဆရာတော် ရှင်သဒ္ဓမ္မကိတ္တိက ကြည်ညို လွန်းလို့ "သူတော်ကောင်းကြီး၊ သူတော်ကောင်းကြီး"နဲ့ အင် မတန်အလေးထားပြီး ဆက်ဆံပါတယ်၊ ဒါတွေဟာ အဲဒီခေတ် ရဟန်းတွေရဲ့ ကြေးမုံပြင်ပါဘဲ၊ ဒီလိုပရိယတ်ဘက်မှာ အားစိုက် နေကြတဲ့ ပုဂ္ဂိုလ်တွေရှိသလို ပဋိပတ်မှာ မွေ့လျော် နေကြတဲ့ သူမြတ်တွေလဲ အများအပြားဘဲရှိပါတယ်၊ ဒီခေတ် တလွှားကို ရွှေဆောင်ပြီး ထူထောင်လာကြတဲ့ ထူပါရုံစေတီဒါယကာဘုရင် နရပတိ၊ ပြည်စုံမင်း၊ ဒုတိယမင်းခေါင်၊ ပြီးတော့ ရွှေနန်းကြော့ ရှင်ဆိုတဲ့ ဘုရင်တွေဟာ စစ်ရေး စစ်ရာတွေ များပြားလှတဲ့ ကြားက သာသနာတော်ကိုပွင့်လင်းပြီး ကြည်နူးဘွယ်ဖြစ်အောင် ဂရုတစိုက် ချီးမြှောက်ကြတဲ့ တိုင်းပြည်ခေါင်းဆောင်ကြီးတွေဘဲ ဖြစ်ပါတယ်။

## သိုဟန်ဘွားနှင့် ရဟန်းများ

သက္ကရာဇ် ၈၈၈ ခုနှစ်ဆိုရင် 'ဂငယ်သုံးခု၊ ဥသျှစ်ထု' လို့ဆိုရိုး ဖြစ်လောက်အောင်နာမည်ကြီးလွန်းလို့ဒီသက္ကရာဇ်ရဲ့အဖြစ်သနစ် ကို ဗမာတိုင်းရင်းသားတိုင်းလိုလို သိကြပြီးဖြစ်ပါတယ်၊ စစ်ရေး စစ်ရာတွေ သိပ်များလှတဲ့ အချိန်ပေါ့၊ တောင်ငူဘက်နဲ့ မွန်တို့ ဒေသမှာသာ အနည်းငယ်သက်သာရပြီး အထက် ဗမာပြည် တခုလုံး ရှမ်းပြည်အလုံးနဲ့ ပြည်စစ်ကြောင်း တလျှောက်လုံး ထောင်းထောင်းကြေအောင် ဆိုးဝါးနေတဲ့အချိန်ပါ။

ဒီသက္ကရာဇ်မှာ မိုးညှင်းစလုံနဲ့ သား သိုဟန်ဘွားတို့ အလွန် အရှိန်အဝါကြီးမားနေကြပါတယ်၊ တမြို့ပြီးတမြို့သူတို့လက်ထဲကို ကျရောက်နေတဲ့အချိန်မှာ နောက်ဆုံးအင်းဝနေပြည်တော်လဲကျ ဘုရင်ရွှေနန်းကြော့ရှင်လဲ စစ်ပွဲမှာဆုံးလို့ နေပြည်တော်တခုလုံး ရှမ်းတွေလက်ထဲကျရောက်သွားရတော့တာပါဘဲ။

သိုဟန်ဘွားသားအဖဟာ ဗုဒ္ဓသာသနာကို ကြည်ညိုတဲ့ပုဂ္ဂိုလ် တွေမဟုတ်ပါဘူး၊ သားမရှိ၊ မယားမရှိ၊ အလကားစားသောက် နေကြတဲ့ ပုဂ္ဂိုလ်တွေဘဲဆိုပြီး ရဟန်းတွေကို အင်မတန်မျက်မုန်း ကျိုးပါသတဲ့၊ ဘုရင်လုပ်သူက ဘယ်လိုပင် အရေးမပေးပေတဲ့ ဒီဗရုတ်ဗရက်ခေတ်ထဲမှာဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ကျမ်းပြုကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပရိယတ် ပဋိပတ်အားထုတ်နေကြတဲ့ အရှင်မြတ်တွေ ဟာ အများကြီးရှိနေပါတယ်၊ ဒီလိုတည်တည်ငြိမ်ငြိမ်နဲ့ မယိမ်း မယိုင်ဘဲ ဘယ့်လောက်ကြာကြာ နေနိုင်မလဲ ဆိုတာကတော့ အခြေအနေအရလို့ဘဲ ဆိုရပါမယ်၊ သတိပြုရမှာက တိုင်းပြည် ဗရုတ်ဗရက်ဖြစ်ရင် ရဟန်းတွေအမူအကျင့် ချွတ်ယွင်းလာတတ် တယ်ဆိုတာပါဘဲ။

သိုဟန်ဘွားနန်းသက်က ၁၅ နှစ်ကြာပါတယ်၊တနှစ်၊နှစ်နှစ်၊ သုံးနှစ်ဆိုသလို ရဟန်းတွေဟာ တည်တည်ငြိမ်ငြိမ်ရှိနေကြပေတဲ့ အုပ်စိုးသူ ဘုရင်က ဘာမှပြုပြင်ခြင်း၊ တည့်မတ်ပေးခြင်း၊ ဂရု စိုက်ခြင်းမရှိလေတော့ နောက်ပိုင်းတချို့ဟာ တစတစနဲ့ အမူ အကျင့်တွေ ယိုယွင်းလာပါတော့တယ်။

ဒီခေတ်မှာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝတခိုမှာ ဂါမဝါသီ ရော အရညဝါသီပါ များပြားလှပါသတဲ့၊ အရညဝါသီပုဂ္ဂိုလ် များထဲမှာ စာသင်စာအံ၊ ပရိယတ် ပဋိပတ်လုပ်ငန်း အားထုတ် တဲ့ပုဂ္ဂိုလ်တွေ အလွန်များလှပါတယ်၊ ဂါမဝါသီပုဂ္ဂိုလ်တွေထဲ

မှာတော့ စာသင်စာအံသူကနဲပီး တခြား ဗာဟိရကိစ္စတွေမှာ သာ များကြပါသတဲ့။

တချို့ကပွဲလမ်းသဘင် သွားနေသလို တချို့ကတော့လဲ မီးဖော်သတဲ့၊ ပေထဲပါလို့သာ ရေးလိုက်ရတာ မီးဖော်တယ်ဆို တာ ဘယ်လိုပျော်နည်းမျိုးလဲတော့ မသိပါဘူး၊ တချို့ကလဲ စည်တီးတယ်၊ မောင်းတီးတယ်တဲ့၊ လက်ဝှေ့ပွဲလဲ ဝင်ကြသတဲ့၊ ဒန်းလဲ ကစားကြသတဲ့၊ ရှမ်းတွေရဲ့အတု လိုက်ပီး ဘောင်တိန် တောင် တီးကြတာလဲ ရှိသတဲ့၊ ဘောင်တိန် ဘောင်တီးတယ် ဆိုတာကတော့ ခုခေတ် ရှမ်းအိုးစည်ဝိုင်းလို အိုးစည်တလှည့် မောင်းတလှည့်ကို တချက်ချင်း တီးတာမျိုးဖြစ်မှာပါ။ စာပေ ပရိယတ်တွေ လက်လွှတ်ပီး ပျင်းပျင်းရှိရင် ဒါတွေနဲ့ဘဲအပျင်း ဖြေနေကြပုံရပါတယ်၊ ဗရုတ်ဗရက် ခေတ်ကြီးထဲမှာ ဆိုတော့ ဘယ်သူကမှလဲ အဆုံးအမမရှိ၊ ရှိပြန်တော့လဲ အဆုံးအမ မခံ၊ ပြည်ပိုင်ဘုရင်ကလဲ လျစ်လျူရှုထားတဲ့အတွက် အခြေအနေဟာ ခုလိုဖြစ်နေရတဲ့သဘောပါ။

ရဟန်းတွေ ရှေးကလို တည်တည်ငြိမ်ငြိမ် မဟုတ်ဘဲ ဖြစ်လာ တော့ ရှမ်းအမတ်ရှမ်းအရာရှိတွေက "လူဖွေးဖွေးတော့ ဒိုနိုင်ပီ၊ ရှင်ချင်ချင်းလူနီတွေကိုတော့ တယောက်မှ အနိုင်မရသေးဘူး၊ အရေအတွက်ကလဲများတယ်၊ဒီလူနီတစုကို အစုအရုံးများဖျက်မှ သင့်မယ်"လို့ တိုင်ပင်ကြပီး သူတို့ဘုရင်ကို သံတော်ဦး တင်ကြ သတဲ့၊ အကြံဉာဏ်များလဲ ပေးကြမှာပေါ့။

ဒါနဲ့ တနေ့တော့ ဘုရင်သိုဟန်ဘွား အမိန့်နဲ့ တံတားဦး မြောက်၊ တောင်ဘလူးကုန်းတောင်ဘက်၊ အတော်ကျယ်ဝန်းတဲ့ မြေပြင်မှာ မဏ္ဍာပ်ကနားအများအပြားဆောက်လုပ်ရပါတယ်၊ မဏ္ဍာပ်ထဲမှာလဲ လှူဘွယ်ဒါန်းဘွယ်တွေ အများအပြားစုပုံထား

ပါသတဲ့၊ ပြီးတော့လဲ ဘုရင်မင်းတရားကြီး ရက်လည်အောင် အလှူကြီးပေးမယ်လို့ နေပြည်တော်အနှံ့ မေခင်းကြေးနင်းခတ်ရပါသတဲ့၊ ဒါတွေပြီးတော့မှ စစ်ကိုင်း၊ ပင်းယ၊ အင်းဝမှာရှိကြတဲ့ ရဟန်းအားလုံးကို ဘယ်နေ့ဘယ်ရက်မှာ ကြွရောက် အလှူခံပါဆိုပြီး အမိန့်တော်နဲ့ပင့်ရပါတယ်။

အချို့ရဟန်းတော်ကြီးများက ဆင်ခြင်တိုင်းထွာပြီး မယုံမကြည်ရှိလို့ မကြွကြပါဘူး၊ ရဟန်း အတော်များများကတော့ ဘုရင်ပင့်ရာမြို့ကို ကြွကြပါသတဲ့၊ ဒီရဟန်းဘဲ သူလှူရင် ခံရမှာပေါ့၊ ဘာအတွက်ရှိလို့လဲဆိုတဲ့ သဘောနဲ့ပေါ့။

ရဟန်း တော်တော်များများ ရောက်တော့ ဘုရင်ကိုယ်တိုင်ထွက်ပြီး တရားနာမယ်ဆိုလို့ ရဟန်းတွေလဲ အိန္ဒြေရရနဲ့ ငြိမ်ပြီးနေကြတာပေါ့။ ဆောင်းတွင်းကြီးဆိုတော့ နှင်းတွေကလဲ ဝေနေပါသတဲ့၊ ဒီအချိန်မှာ ဘုရင်သိုဟန်ဘုရားဟာ သူ့ရှမ်းအမတ်တွေ၊ ရှမ်းစစ်သားတွေနဲ့ တခါထဲအတင်းဝင်ပြီး ထိုးကြခုတ်ကြတော့တာပါဘဲ၊ ပြေးတဲ့ရဟန်းတွေလဲ ပြေးလို့ တချို့လဲလွတ်သွားပါတယ်၊ တချို့ကျတော့လဲ ရှမ်းစစ်သားတွေက သနားတာနဲ့ လွှတ်လိုက်လို့ လွတ်လာတာလဲရှိပါတယ်၊ ကွင်းပြင်ကြီးတခုလုံးဟာ အော်ကြ၊ ဟစ်ကြ၊ ပြေးကြ၊ လွှားကြနဲ့ ဝရုန်းသုံးကားဖြစ်ပြီး အသဲတုံအူတုံနဲ့ အင်မတန် စိတ်မချမ်းမြေ့စရာမြင်ကွင်းကြီးဖြစ်နေပါတော့တယ်။

ရဟန်းသာမဏေစုစုပေါင်း ၁၃၀၀ကျော်သေပါသတဲ့၊ဒီအထဲရဟန်းချည်း ၃၆၀ကျော်သေတယ်လို့သာသနာလင်္ကာရကဆိုပါတယ်၊ သာသနာဝံသကတော့ ၂၀၀ ကျော်လို့ရေးပါတယ်၊ အဲဒီအထဲမှာမှ စာပေကျနတဲ့ ကျမ်းတတ် ပုဂ္ဂိုလ်သုံးကျိပ်ကျော်ပါဝင်သတဲ့၊ ရဟန်းတွေကို သတ်ပြီးတဲ့နောက် အားမရသေးလို့

ကျောင်းတွေမှာလိုက်ပြီး စာပေကျမ်းဂန်တွေကို မီးရှို့ကြပြန် ပါတယ်၊ ပြီးတော့လဲ ဒါတွေဟာ ဘုရားမဟုတ်ဘူး၊ ဗမာတွေ ရွှေငွေဝှက်ထားတဲ့နေရာတွေဘဲဆိုပြီးစေတီပုထိုးတွေကိုဖြိုဖျက်ပြီး ဌာပနာပစ္စည်းများကိုလဲ ယူကြပြန်ပါတယ်။

ဒီလိုအချိန်အခါမျိုးဆိုတာ တော်ရုံ တန်ရုံ သဒ္ဓါတရားနဲ့ ရဟန်းဘဝမှာ ရပ်တည်နေနိုင်ဘို့ မလွယ်လှပါဘူး၊ စိတ်ပျက်ပြီး လူထွက်တဲ့ လူကထွက်၊ မထွက်ဘဲနေပြန်တော့လဲ ရဟန်းလိုမနေ နိုင်ဘဲ သင်္ကန်းဝတ်နဲ့ဘဲ တိတ်တိတ်ပုန်းပျက်စီးသူက ပျက်စီးနဲ့ အင်မတန်ဆိုးဝါးလှပါတယ်၊ သဒ္ဓါတရားနဲ့ သာသနာ့စိတ် အမှန်ရှိသူများကတော့ ဖြစ်ပေါ်လာတဲ့အခြေအနေကို ကြံ့ကြံ့ ခံပြီး ရင်ဆိုင်သွားကြပါတယ်၊ လူထွက်သွားတိုင်းလဲ သာသနာ့ စိတ်မရှိလို့တော့မဟုတ်ဘူးပေါ့၊ဆက်နေလို့မရလို့ထွက်တာမျိုးလဲ ရှိသေးတာကိုး။

ဒီကိစ္စကြီးဖြစ်လာတော့ တချို့လဲ တောင်ငူဘက်ပြေး၊ တချို့လဲ ပြည်ဘက်ပြေးနဲ့ ကစဥ့်ကလျား ဖြစ်ကုန်ကြပါတယ်၊ ရှင်မဟာသီလဝံသကတော့ ဒီမတိုင်ခင်က ပျံတော်မူပါတယ်၊ ရှင်မဟာရဋ္ဌသာရကတော့ ဒီကိစ္စဖြစ်မှ ပြည်ကို ပြေးတယ်လို့ ကျမ်းဟောင်းကဆိုပါတယ်၊ ရာဇဝင်ကတော့ ဂဂ၅ ခုနှစ်ကတဲက ပြည်ဘုရင် သတိုးမင်းစော ပင့်သွားတယ်လို့ ဆိုပါတယ်။

ရှမ်းတို့ပင့်ရာကို ကြွလိုက်မသွားတဲ့ဆရာတော် ရှင်သဒ္ဓမ္မကိတ္တိ ကတော့ မဟာသူတော်ကြီး ရှင်တိသာသနဓဇ တို့နဲ့ အတူ တောင်ငူကိုကြွသွားကြပါတယ်၊ ဒါပေတဲ့ တောင်ဘက်မှာရှမ်း တွေရှိလို့ စစ်ကိုင်းဘက်လှဲ့ပြီး ကျောက်တလုံးဆိုတဲ့နေရာရောက်မှ ကူးကြရပါတယ်၊ လမ်းခရီးမှာ အင်မတန်ပင်ပမ်းလှတာကိုး၊ ဒါကြောင့်ရဟန်းချင်းချင်း ပေးလှူပေတဲ့ ငတ်မွတ်နေတဲ့ အချိန်

အခါဖြစ်လို့ ရှင်သဒ္ဒမ္မကိတ္တိက အလှူမခံပါဘူးတဲ၊ အငတ်ခံပြီး ကြွတော်မူပါတယ်၊ တနေ့ရောက်တော့ သစ်ပင်ထက်မှာ အငွေ့ထောင်းထောင်းနဲ့ ဆွမ်းထုပ်ကိုတွေ့ရပါတယ်၊ ဒီတော့မှ အကပ်ခံပြီး ဘုဉ်းပေးပါသတဲ့၊ ဒါကြောင့် နတ်ဆွမ်းရယ်ဆိုပြီး တောင်ငူမှာ ကျော်ကြားနေပါတယ်။

တောင်ငူရောက်တော့ မဟာသူတော်ကြီးက ရှင်သဒ္ဒမ္မကိတ္တိ ယံမှာ နည်းနာရလောက်အောင် ကျမ်းဂန်များကိုသင်ယူပြီးတဲ့ နောက်မှ ရှင်သဒ္ဒမ္မကိတ္တိ ပျံလွန်တော်မူပါတယ်၊ ရှင်တိသာသန ဓဇကလဲ မဟာသူတော်ကြီးထံမှာ ဆက်လက်ပြီး ပညာသင်ယူ ပါတယ်၊ နည်းနာရလောက်မှ မဟာသူတော်ကြီးလဲ ပျံလွန် တော်မူပါတယ်။ အလွန်ကြည်ညိုဘွယ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီး တွေပါ၊ နာမည်မကျော်ပေတဲ့ ဒီပုဂ္ဂိုလ်ကြီးများလိုဘဲ မဆုတ် မနစ်တဲ့စိတ်နဲ့ သာသနာတော်မှာ နေထိုင်သွားကြတဲ့ ပုဂ္ဂိုလ် တွေလဲ အများအပြားရှိမှာပါဘဲ။

ဒီအချိန်မှာ တိုင်းပြည်ကသောင်းကနင်းဖြစ်လို့ ရဟန်းတွေလဲ ကသောင်းကနင်း ဖြစ်ရတယ် ဆိုပေတဲ့ ပုဂံပြည်က အရည်းကြီး ခေတ်ကိုတော့ ပြန်ရောက်မသွားပါဘူး၊ ယောဘုယျအားဖြင့် လူ ဒကာတွေဘက်ကရော၊ရဟန်းများဘက်ကပါ အတော်ကြီး ကြံ့ ကြံ့ခံထားတာကို တွေ့ရပါတယ်၊ ဒါ့အပြင် လေ့ခွက်ချည်းကျန် အလံမလှဲ့-ဆိုတဲ့ ပုဂ္ဂိုလ်တော်မျိုးတွေလဲ ရှိမှာပါဘဲ၊ အင်းဝမှာ အခြေအနေ မကောင်းပေတဲ့ ပြည်တို့ တောင်ငူတို့ဘက်မှာထွန်း ကားနေတာမျိုးလဲ ရှိသေးတာကိုး။

မင်းကြီးရန်နောင်၏ သာသနာစိတ်

အင်းဝမှာ အခြေအနေဆိုးနေတာကို အင်းဝသားတွေက ဒီအတိုင်းရပ်ကြည့်နေကြတာတော့ မဟုတ်ဘူး၊ အခွင့်မသာတဲ့

အခိုက်မို့ လက်လျှော့ဟန်ပြုနေတာပါ၊ ဒါပေတဲ့ နိုင်စရာရှိတဲ့ လူဟာ နိုင်ချင်ချင်ဘဲပေါ့၊ ရှမ်းအမတ်တွေဟာ ဗမာအမတ်တွေကိုအမျိုးမျိုးအနိုင်ကျင့်ကြပါတယ်၊ သွားရင်းလာရင်း နောက်ကနေပြီး ခေါင်းပေါင်းကိုလက်နဲ့ပုတ်ချတယ်ဆိုတာဟာ ကလေးချင်းဆိုရင်တော့ နောက်တာပြောင်တာပေါ့၊ လူကြီးမှာဆိုရင်တော့ ဒါဟာ ငယ်သူကဘဲလုပ်လုပ် အချင်းချင်းဘဲလုပ်လုပ်၊ ပမာမခန့် လုပ်ရာကျပါတယ်၊ အလားတူ ပမာမခန့်မှုမျိုးတွေကိုလဲ ဗမာအမတ်တွေနေ့စဉ်လိုလိုခံနေကြရတာပေါ့၊ သူတို့ခေတ်ဆိုတော့လဲ မပြောဝံ့ကြဘူး၊ ကျိတ်မှိတ်ပြီးခံနေကြရတယ်၊ ခံရပေါင်းများတော့ ကျွမ်းမြီးတိုလာကြတယ်၊ မြုံထားရတာတွေကို ဖွင့်အံပြချင်ကြတယ်၊ ဒါပေတဲ့ နဲနဲကလေးမှ အတိမ်းအစောင်းမခံတဲ့ အချိန်မဟုတ်လား၊ ဒီတော့မြန်မာအမတ်တွေရဲ့ အားကိုးအားထားဖြစ်တဲ့မင်းကြီးရန်နောင်ကို တိုင်ကြတောကြတော့တယ်။

"မင်းကြီးမှမကြံရင်ဖြင့် ကျွန်တော်တို့တတွေ သေကြရတော့မယ်" လို့ပေါ့လေ။

မင်းကြီးရန်နောင်ဆိုတာ နတ်ရှာစံဘုရင်ကြီး ရွှေနန်းကြော့ရှင်ရဲ့ တူအရင်းပါ၊ ဂငယ်သုံးခုစစ်ပွဲမှာ အရေးနိမ့်တော့ တနေရာမှာ ရှောင်ပြီးနေရပါတယ်။

အင်းဝမှာတော့ မိုးညှင်းစလုံဟာ သူ့သား သိုဟန်ဘွားကို နန်းတင်လိုက်ပါတယ်၊ ဒါပေတဲ့ သိုဟန်ဘွားက မြန်မာမှုကို နားလယ်တာမဟုတ်လေတော့ မြန်မာမှုမှာ လိမ္မာလာအောင် သွန်သင်ပေးဘို့ လူလိုလာပါတယ်၊ ဒီတော့ စလုံကြီးက မင်းကြီး ရန်နောင်ကိုသတိရတယ်၊ အစကတဲက မင်းကြီးရန်နောင်အကြောင်းကို ကြားသိပြီးသားကိုး၊ ဒါနဲ့ စုံစမ်းတော့ မြို့သစ် ပြင်သာမှာ ရှောင်နေတာသိလို့ အခေါ်လွှတ်ပြီး၊ သူ့သား သိုဟန်ဘွားကို

မြန်မာမှု မြန်မာအရာမှာ လိမ္မာလှာအောင် မင်းကြီး ကြည့်ရှုပြီး သွန်သင်ပါ၊ တိုင်းရေး ပြည်ရေးမှစပြီး စီရင်စရာ ကွပ်ညှပ်စရာ တွေကိုလဲ သူ့သားနဲ့တိုင်ပင်ပြီးလုပ်ပါလို့ စလုံကြီးကဘဲတောင်း တောင်းပန်ပန်နဲ့ ခန့်အပ်ခြင်းခံရတဲ့ မင်းကြီးရန်နောင်ပါ။

မြန်မာအမတ်တွေရဲ့ တိုင်သံ တောသံကြားရတဲ့အခါမင်းကြီး ခမျာ အသဲခိုက်အောင် နာကျည်းတာပေါ့၊ ဒါပေတဲ့ကြံရဘို့ ဆိုတာကလွယ်တဲ့ကိစ္စမဟုတ်ဘူးမဟုတ်လား၊ဒီတော့ အပြီးအပိုင် ကြံနိုင်ရင်တော့ ကောင်းတယ်၊ မကြံနိုင်ရင်တော့ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် တိုင်အောင် ပျက်စီးလိမ့်မယ်လို့ လုပ်မဲ့အလုပ် အပေါ်မှာစိတ်ခတ်ခိုင်မြဲသွားအောင်မင်းကြီးက တပ်လှန့်သတိ ပေးလိုက်ပါတယ်၊ အမတ်တွေကလဲ ကြံနိုင်အောင်သာ ကြံပါ၊ ကျွန်တော်တို့နာခံပါ့မယ်လို့ ဝိုင်းပြီး တောင်းပန် လျှောက်ထား ကြပါသတဲ့။

ဒါနဲ့ ၉၀၄-ခုနှစ်ရောက်တော့ ယာယီနန်းများ စံသင့်တယ် ဆိုတဲ့အကြောင်း ပညာရှိများရဲ့လျှောက်ထားချက်အရ ဥယျာဉ် တော်မှာ ယာယီနန်းများ ဆောက်ကြရတယ်၊ ဒီအချိန်ဟာ မင်း ကြီး ရန်နောင်တို့ မျှော်လင့်နေတဲ့ အချိန်ကောင်း အခါကောင်း ဘဲပေါ့။

မင်းကြီးရန်နောင်က လိုက်ပါရမဲ့အမတ်တွေကို တိတ်တဆိတ် ခေါ်ပြီး “ဘုရင်ကြီး ယာယီနန်းစံလိမ့်မယ်၊ မင်းမတ်တို့တတွေ ကိုယ်ထိုင်မဲ့နေရာမှာ ဓားတွေကို ကြိုတင်ပြီး မြှုပ်ထားကြ၊ ဟို ရောက်တော့ ကိုယ်မြှုပ်ထားတဲ့ နေရာပေါ်မှာကိုယ်ထိုင်၊ ငါထ တာနဲ့ တချက်ထဲ ကိုယ့်ဓားကိုယ်ဖော်ပြီး ရှမ်းတွေကိုခုတ်ကြ”လို့ မှာထားလိုက်တယ်။

ယာဃိနန်းပီးတော့ သိုဟန်ဘွားက မင်းကြီးကိုတိုင်ပင်တယ်၊ မြန်မာ့အစဉ်အလာအရ ယာဃိနန်းကို ဘယ်လိုထွက်စံသလဲဆိုတဲ့ အကြောင်းပေါ့၊ဒီတော့ မင်းကြီးက "ကျွန်တော်တို့မြန်မာဘုရင်များ ယာဃိနန်းစံတာကတော့ မည်သူမျှလက်နက်စွဲကိုင်ခြင်းမရှိဘဲ ယဉ်ယဉ် ကျေးကျေးသာ ထွက်စံပါတယ်လို့ လျှောက်တာကို၊ ဒါနဲ့ အချိန်ရောက်တော့ မင်းကြီးစကားအတိုင်း မည်သူမျှလက်နက်မကိုင်ကြရဘဲ ထွက်ကြရပါတယ်၊ ယာဃိနန်း ရောက်တော့ မြန်မာအမတ်တွေဟာ ခါးမြှုပ်ထားတဲ့ နေရာတွေမှာ ကိုယ်စီထိုင်နေကြတာပေါ့၊ မင်းကြီးရန်နောင်မှာက ခါးမရှိဘူး၊ ဒါကြောင့် ခါးရအောင်ဆိုပီး ဘုရင်နဲ့ ခါးစကား ဆက်စပ်ပီး ပြောရပါတယ်၊ ဘယ်သူ့ ခါးက ဘယ်လောက်ကောင်းတယ် စသဖြင့်ပေါ့။

ဒီတော့ သိုဟန်ဘွားက မေးသတဲ့ "ဘုရင် ရွှေနန်းကြော့ရှင်ရဲ့ ခါးဟာ ဆင်ပေါ်ကလူကိုခုတ်ရင် ဆင်ပေါ်ကလူပါပြတ်ပီး ဆင်ကျောကို ထိတယ်လို့ဆိုတယ်၊ အဲဒီခါးကို မင်းကြီး မှတ်မိပါသလား"ပေါ့၊ ဒီတော့မင်းကြီးက "ကျွန်တော့် အရှင်ခါးကို ကျွန်တော် ကိုင်ရမြဲဖြစ်လို့မြင်ရင်မှတ်မိပါတယ်" လို့ ပြောလိုက်တော့ သိုဟန်ဘွားကနန်းစဉ်လက်သုံးခါးတွေထုတ်ပြပီး ဘယ်ခါးလဲလို့ အရွေးခိုင်းပါတယ်၊ မင်းကြီးရန်နောင်ကလဲရွေးချယ်ပီး "ဟောဒီ ခါးပါဘဲ" လို့ ခါးကို ဆက်သဟန်ပြုပီး တချက်ထဲ ခုတ်လိုက်တာ သိုဟန်ဘွား ဇက်ပြတ်တဲ့အပြင် ဝါးဘိုးတိုင်နဲ့ ကြမ်းငါးချောင်းပါ ပြတ်သွားပါသတဲ့။

တချိန်ထဲမှာဘဲ ထလာတဲ့ ရှမ်းအမတ်တွေကို မြန်မာအမတ်တွေက ခါးတွေဖော်ပီး ခုတ်တော့တာပါဘဲ၊ အပြင်က ဝင်လာတဲ့ရှမ်းတွေကိုလဲ ဆီးခုတ်ကြလို့ ရှမ်းတွေဟာ တခါထဲ ထွက်ပြေး

ကြပါတော့တယ်၊ ဒီလိုနဲ့ အင်းဝနေပြည်တော်ဟာ မြန်မာတွေလက်ကို ပြန်ရောက်လာပြန်ပါတယ်၊ ဒီအခါမှာ မှူးကြီးမတ်ကြီးတွေ စုဝေးပြီးတော့ မင်းကြီးရန်နောင်ကို ဘုရင်လုပ်ဖို့ တောင်းပန်ကြတယ်၊ မင်းကြီးက မလုပ်လိုဘူးလို့ ငြင်းပါသတဲ့၊ ပြီးတော့ တခါ အင်းဝနဲ့ အမြဲလို မိတ်ဆွေဖြစ်ခဲ့တဲ့ အုန်းပေါင် စော်ဘွားလဲ အနိစ္စ ရောက်သွားပြီဖြစ်လို့ အဲဒီအချိန်မှာ သားတော်ခံမှိုင်းငယ်က စော်ဘွားဖြစ်နေပါတယ်၊ဒီစော်ဘွားကလဲရှမ်းတွေမရှိဘူးဆိုတာကြားတော့ မင်းကြီးရန်နောင်ကို အင်းဝမှာ ဘုရင်လုပ်ဖို့ တိုက်တွန်းပြီး၊အမှုအခင်းရှိရင် ဘာမှမစိုးရိမ်နဲ့လို့မှာလိုက်ပါတယ်။

မင်းကြီး ရန်နောင်ဟာ သစ္စာလဲရှိ၊ ကျေးဇူးလဲ သိတတ်သူမို့ "ကျွန်ုပ်မင်းစည်းစိမ်ကို မလိုချင်ပါ၊ အရှင်စော်ဘွားဟာ အစဉ်အဆက်ကပင် မြန်မာတို့နှင့် ဆိုးတူကောင်းဘက် ဆက်ဆံလာသူဖြစ်ပါတယ်၊ အရှင်စော်ဘွားသာ အင်းဝထီးနန်းကို လာရောက်စိုးစံပါ"လို့ ပြန်ပြီး မှာလိုက်သတဲ့၊ ဒါနဲ့ အုန်းပေါင်စော်ဘွားလဲ အင်းဝမှာလာပြီးစိုးစံပါတယ်၊ မင်းကြီး ရန်နောင်ကိုလဲ အားကိုးတခုပြုပြီး အကြီးအကျယ် မြှောက်စားပါတယ်၊ နောက်တနှစ်လောက်ကြာတဲ့ အခါမှာတော့ မင်းကြီး ရန်နောင်ဟာ ဘုရားတရားတော်များကို နှစ်လုံးသွင်း ဆင်ခြင်ပြီး ရဟန်းဘဝကို ကူးပြောင်းလိုက်ပါတယ်၊ ဒီနောက်တော့ မကွခရာဆိုတဲ့ အရပ်မှာ တောရဆောက်တည်သွားပါသတဲ့။

ဒီအကြောင်း ဖော်ရတာကတော့ မင်းကြီးရန်နောင်လို ထိပ်ပိုင်းက ပုဂ္ဂိုလ်ကြီးတဦးဟာ ဘုရား သာသနာတော်ကို ဘယ်လို သဘောထားတယ် ဆိုတာ အကဲခပ်နိုင်ဖို့အတွက် ဖြစ်ပါတယ်၊ ဒီအဖြစ်အပျက်က ဘာကိုပြောသလဲဆိုရင် အဲဒီ အချိန်အခါက

ရဟန်းတွေဟာ အများအားဖြင့် အကျင့်အာစာရပြောင်မြောက်အောင် ကောင်းကြတဲ့၊ပရိယတ်ပဋိပတ်အရှိန်ကောင်းတဲ့၊ ဒကာဒကာမတွေရဲ့ ယုံကြည်လေးစားမှုကို မှန်မှန်ကန်ကန်ရကြတဲ့ ဆိုတာကို ပြောပြနေခြင်းပါ။

ရဟန်းဘဝဆိုတာဟာ အလွန်အေးငြိမ်းချမ်းသာလှပါတယ်၊ ဒီအေးငြိမ်းချမ်းသာမှုကို ရဟန်းဖြစ်ပါရက်နဲ့ မရယူတတ်ဘူးဆိုရင် လူတွေလိုဘဲ သောကများရ၊ ဗျာပါရများရနဲ့မို့ ဆင်းရဲတာပါဘဲ၊မင်းကြီးရန်နောင်ဟာ ရဟန်းဘဝရဲ့ အနှစ်သာရကို ရေရေလည်လည် နားလည်ပုံရပါတယ်၊ ဒါကြောင့်လဲ လူ့စည်းစိမ်ကို လွယ်လွယ်နဲ့ စွန့်လွှတ်သွားခြင်း ဖြစ်မှာပါ။

## တောင်ငူ ရှင်တိသာသနဓဇ

ခေတ်တခေတ်မှာ ရှိခဲ့ကြတဲ့ ရဟန်းတော်တွေရဲ့ အခြေအနေကို လေ့လာတဲ့အခါ ပုံစံအမျိုးမျိုးကို တွေ့ရပါတယ်၊ ဒါက ဗမာပြည်အတွင်းမှာ ရှိခဲ့ကြတဲ့ ရဟန်းတွေကိုသာ ဆိုလိုတာပါ၊ တခါတလေ အဆိုးအကောင်း ထက်ဝက်လောက်စီရှိပြီး တခါတလေတော့လဲ အဆိုးဘက် အလေးသာသွားတာရှိပါတယ်၊ ဒါပေတဲ့ဖောက်ထိုးမိုးမျှော်ကြီး သာသွားတာမျိုးတော့ မတွေ့ရပါဘူး၊အကောင်းဘက်က အလေးသာတဲ့အခါမှာတော့ ဖောက်ထိုးမကာ သာတာကို တွေ့ရပါတယ်၊ ဒါဟာ တနိုင်ငံလုံးကို ခြုံပြီးပြောတာပါ။

အဲဒီတုံးက ပုဂံ၊ပင်းယ၊အင်းဝ၊စစ်ကိုင်းတို့က တဌာန၊ သရေခေတ္တရာက တဌာန၊သထုံ ဟံသာဝတီမွန်တို့ဒေသကတဌာန၊ ရှမ်းပြည်ရှမ်းရွာများကတဌာန၊ ရခိုင်ကတဌာန ဆိုပြီးရဟန်းများ သီတင်းသုံး နေထိုင်ကြတဲ့ဌာနတွေဟာ သူ့ဌာနနဲ့သူ ရှိကြပါတယ်၊

ပြည်ပိုင်ဘုရင်တွေကလဲ ကိုယ့်နေရာနဲ့ကိုယ် အုပ်ချုပ်နေကြတာ ကိုး၊ဒါကြောင့် ပုဂံရဟန်းတွေအခြေအနေမကောင်းတဲ့အချိန်မှာ ဟံသာဝတီ သထုံ ရဟန်းများ အခြေအနေ ကောင်းနေတာကို တွေ့ရတတ်ပါတယ်၊ နှစ်နေရာလောက် မကောင်းပေမဲ့ကျန်ဒေသ များမှာ ကောင်းနေတာမျိုးလဲ ရှိပါတယ်၊ အကုန်လုံး တချိန်ထဲ စုပြုံပြီး ပျက်စီးဖောက်ပြန်နေတာမျိုးမရှိကြပါဘူး၊ သူ့နေရာနဲ့ သူရှိနေကြတယ်ဆိုပေတဲ့လဲ ဘယ်မှမသွားဘဲ ကိုယ့်နေရာမှာချည်း ကိုယ်နေကြတာမဟုတ်ပါ၊အမြဲလိုလို ကူးလူးဆက်ဆံမှုများ ရှိနေ ကြပါတယ်။

သက္ကရာဇ် ၇၇၇ - ခုနှစ်ကစပြီး အင်းဝတခေတ်ဖြင့် မှေးမှိန် သွားပြီလို့ဆိုရပါလိမ့်မယ်၊ အင်းဝမှိန်တော့ တောင်ငူတခေတ် ဆန်းပြန်ပါတယ်၊ ဒီခေတ်မှာအထက်ကပြောခဲ့တဲ့ ရှင်တိသာသန ဓဇတို့ မဟာသူတော်ကြီးတို့နဲ့ တခြားလဲရှိပါလိမ့်မယ်၊ သူတို့အ ပြင်လောကီအရာကျွမ်းကျင်လှတဲ့ ရဟန်းတော်ကြီးများ ထွန်း ကားပါတယ်၊ ဒါပေတဲ့ပရိယတ်ပဋိပတ်မှာ နာမည်ကျော်လှတဲ့ ပုဂ္ဂိုလ်တွေဟာ တောင်ငူမှာအရှည်အကြာနေပုံမရပါဘူး၊ ခဏ သာနေပြီး တခြားနေရာကို ပြောင်းရွှေ့ သွားတတ်ကြပါတယ်၊ ဒါကြောင့်တောင်ငူအနေနဲ့ သာသနာခေတ် မထင်ပေါ်လှ ပါ ဘူး။

အင်းဝမှေးမှိန်နေတဲ့ ကာလတလျှောက်မှာ ရဟန်းတွေဟာ ဘယ်မှာနေကြသလဲလို့မေးရင် အများအားဖြင့်တော့ ကိုယ်နေမြဲ တိုင်းနေရာမှာဘဲနေထိုင်ကြတာပါဘဲ၊ သိုဟန်ဘွားအရေးအခင်း တုံးကပြေးမိပြေးရာကြွမိကြွရာကြွပြီး နောက်ပိုင်းမှာတော့ ရဟန်း များ ပြန်လည်စည်ကားပြန်ပါတယ်၊ ရဟန်းတွေအရှိများတဲ့နေ

ရာကိုဖေါ်ပြပါဆိုရင်တော့ အသေအချာဖေါ်ပြဘို့ မလွယ်ပါဘူး၊ သူ့ဒေသနဲ့သူအများအပြား ရှိကြမှာပါဘဲ၊ ဒါပေတဲ့ ပရိယတ် ပဋိပတ်တောက်ပြောင်တဲ့ ဒေသသာ နာမည်ကျော်လာစမြဲပါ၊ အဲဒီလိုဒေသမျိုးမှာ ရဟန်းတွေအများအပြား နေထိုင်သီတင်းသုံးကြတယ်လို့ဆိုနိုင်ပါတယ်။

ဒီနေရာမှာ တောင်ငူသား ရဟန်းတပါးအကြောင်းကို ဖေါ်ပြချင်ပါတယ်၊ တောင်ငူမှာအမတ်တဦးရဲ့ သားတယောက်ရှိပါတယ်၊ ဖခင်အမတ်မရှိတဲ့နောက်တော့ သူကိုယ်တိုင်ဘဲ အတွင်းတော်မှာ အမှုတော်ထမ်းရပါသတဲ့၊ သူ့ မှာ ဦးရီးတော်စပ်တဲ့ ရဟန်းတပါးလဲရှိသတဲ့။

တနေ့တော့ မိခင်က "အမောင့်ဦးရီးရဟန်းထံသွားချေ၊ အမောင့်ဦးရီးဟာလူကိုမြင်ရင် ကောင်းစားမည်၊ မကောင်းစားမည်ကိုသိတတ်လှသည်"ဆိုပီးလွှတ်တာနဲ့ အဲဒီဦးရီးကျောင်းကိုလာခဲ့ပါတယ်၊ ရောက်တော့ဦးရီးရဟန်းက သူရဲ့ဟန်ပန်သွင်ပြင်ကိုကြည့်ပီး"လူ့ဘောင်မှာနေသော် မှူးမတ်ဖြစ်မည်၊ရဟန်းဖြစ်ပါမူ သူမတူနိုင်ပြီ"လို့ပြောလိုက်သတဲ့၊ ဒီစကားကိုမှတ်သားပီး အမတ်သားဟာအိမ်ကိုပြန်လာခဲ့ပါတယ်။

အိမ်ရောက်တော့ အမေကို အကျိုးအကြောင်းပြော။ နောက်မင်းထံမှာခွင့်ပန်ပီး ရဟန်းပြုလိုက်ပါသတဲ့၊ မိုးထိအောင်ကြီးပွားမယ်ဆိုပေတဲ့ ရဟန်းပြုချင်သူဟာခပ်ရှားရှားပါ၊ ပျင်းစရာတယ်ကောင်းတာဘဲလို့ လူဒကာတွေရဲ့သတ်မှတ်ခြင်းခံရတဲ့ဘဝမဟုတ်လား၊ တော်ရုံနဲ့ဖြင့်စိတ်မကူးနိုင်ဘူးပေါ့၊ အရက်ကိုဘယ်လိုမှအရသာခံမရသူဟာ'အရက်ပါရမီမပါလို့' စာရေးဆရာတဦးကရေးတာကိုမှတ်မိပါတယ်၊ အဲဒီလိုဘဲပေါ့၊ ရဟန်းပါရမီမပါရင်မနေ

နိုင်လောက်အောင်ပျင်းရတဲ့ဘဝပါ၊ ဒီဘဝကို ကျေကျေနပ်နပ်ကြီးရယူလိုက်တယ်ဆိုတော့ ဒီအမတ်သားဟာ လူညံ့တော့မဟုတ်ဘူးလို့အကဲခပ်နိုင်ပါတယ်။

ဒါကြောင့်လဲ ရဟန်းပြုပြီးတာနဲ့ တပြိုင်နက် စာပေပရိယတ်ကို အင်တိုက်အားတိုက်ကြိုးစားလိုက်တာ ခုနှစ်ဝါရတယ်ဆိုရင်ဘဲ စာတတ်ပေတတ်ပုဂ္ဂိုလ်တဦးအဖြစ် ကျော်ကြားတော့တာပါဘဲ၊ ဘွဲ့တော်ကတော့ ရှင်တိသာသနဓဇလို့ ခေါ်ပါတယ်၊ ကျော်ကြားလာတော့ တောင်ငူလောက်နဲ့ အားမရတော့ဘူးပေါ့၊ အဝစစ်ကိုင်းစတဲ့နာမည်ကျော်ပုဂ္ဂိုလ်များရှိရာကို ဆည်းကပ်ပြီးသင်ချင်လာပြန်တယ်၊ အဲဒီအကြံနဲ့ ထွက်လာတာ တောင်တွင်းကြီးရောက်တော့ အဲဒီမှာနာမည်ကျော်ကြားလှတဲ့ ရှင်ဥတ္တမကျော်ကျောင်းကိုဝင်သွားတာကိုး။

ရှင်ဥတ္တမကျော်က အကျိုးအကြောင်းမေးတော့ မူလကြံစိရင်းကိုလျှောက်ထားပါတယ်၊ အဝစစ်ကိုင်းဘက်တွေတက်ပြီး စာသင်မယ်လို့ပေါ့၊ဒါနဲ့ ဘယ်ကျမ်းဂန်များသင်ဘူးပြီလဲလို့ မေးတဲ့အခါတောင်ငူရဟန်းကလဲသူသင်ဘူးတာတွေကိုပြောပြပါတယ်၊ ဒီအချိန်မှာ ရှင်ဥတ္တမကျော်ကလဲ နေတ္တိဋီကာကိုကြည့်နေခိုက်ဖြစ်လို့ထိုဋီကာကို တောင်ငူရဟန်းလက်အပ်ပြီး အနက်သမ္ဗန်ခိုင်းပါတယ်၊ ပြီးတော့ခတ်ရပစ္စည်းရကောက်ခိုင်းပါတယ်၊ နောက်စာစပ်ကျမ်းရိုးဆိုခိုင်းပါတယ်၊ မြင်းကောင်းစိုင်းသလို တချက်တလေမှတွန့်ဆုတ်ထစ်ငေါ့မှုမရှိပါဘူးတဲ့။

ဒါကိုရှင်ဥတ္တမကျော်ကသဘောကျလွန်းလို့ ပုဂံ ပင်းယ အဝစစ်ကိုင်းမသွားလေနဲ့ဦး၊ ငါတွင်ပင်သင်ဦးတော့-လို့မိန့်ပါသတဲ့၊ ဒါနဲ့ရှင်ဥတ္တမကျော်ထံမှာ သုံးနှစ်သင်ကြားပါတယ်၊ သုံးနှစ်

ပြည့်တော့ ရှင်ဥတ္တမကျော်က "အမောင့်ကိုသူမတူနိုင်ပြီ၊ စာပေပို့သတော့"လို့ခွင့်ပြုပါတယ်၊ ဒါပေတဲ့တောင်ငူကိုမပြန်ဘဲ မူလဆန္ဒအတိုင်းပုဂံသွား၊ ပုဂံမှာ ကျမ်းဂန်တတ်ဆရာတော်များနဲ့ ဆွေးနွေးပြီးမှအဝလာ၊ တခါစစ်ကိုင်းဘက်ကူးပြီး ပုညစေတီတောင်ချောက်က ခေမင်္ဂလာဘုရားစရပ်မှာ တည်းခိုနေပါသတဲ့၊ အဲဒီမှာရှိတဲ့ ဇေတဝန်ဆရာတော့်ဆီကိုလဲ ဆည်းကပ်ပြီး ကျမ်းဂန်များဆွေးနွေးပါတယ်၊ ဇေတဝန်ဆရာတော်ကလဲ ကျောင်းမှာရှိတဲ့ ကျမ်းဂန်ပေစာတွေထဲက ကြည့်လိုသမျှ ကျမ်းများကိုထုတ်ယူကြည့်ရှုခွင့်ပြုပါတယ်။

ဒီလိုနဲ့နေလာတော့ တညမှာရှင်တိသာသနဓဇဟာ "ယုန်ရိုးကိုဘုဉ်းပေးရတယ်"လို့ အိမ်မက်မြင်ပါသတဲ့၊ တောင်ငူမှာဖြစ်ရင် အိမ်မက်အကျိုးကိုခံစားရဘို့ရှိသည်၊ ဒီအရပ်မှာတော့ သူမှန်းမသိ၊ ငါမှန်းမသိ-လို့အောက်မေ့ပြီးပြန်ကျိန်းပြန်သတဲ့၊ လင်းအားကြီးတော့တခါ အသားနှင့်တကွယုန်ရိုးကိုဘုဉ်းပေးရတယ်၊ အိမ်မက်ပြန်ပါရော၊ အကျိုးကိုမချွတ်ခံစားရမယ်လို့ တွေးပြီးအိပ်ယာကထ၊ မျက်နှာသစ်၊ ပရိတ်မေတ္တာပါွားပြီး စစ်ကိုင်းဘက်ကိုဆွမ်းခံဝင်ပါတယ်၊ ဆွမ်းခံရာကပြန်လာတော့ သူတည်းတဲ့စရပ်မှာ ရဟန်းအချို့စောင့်နေတာတွေ့လို့ အကျိုးအကြောင်းမေးတော့ ဇေတဝန်ဆရာတော်က အပင့်ခိုင်းကြောင်း ပြောတာနဲ့ လိုက်သွားပါတယ်။

ဟိုရောက်တော့ မမာမကျန်းဖြစ်နေတဲ့ ဇေတဝန်ဆရာတော်က သံဃာအများရဲ့ရှေ့မှာ ဇေတဝန်ကျောင်းတိုက်ကြီးကို အပ်ပါတော့တယ်၊ အရည်အသွေးသိပြီးသားကိုး၊ သံဃာအများကလဲကျေနပ်ကြပါတယ်၊ နောက်ဇေတဝန်ဆရာတော် လွန်တော့အဲဒီမှာသီတင်းသုံးပြီး စာပေပို့ချတော့တာပါဘဲ။

နာမည်ကျော်ကြားမှုကို မတရားနည်းနဲ့မဟုတ်ဘဲ တရားတဲ့နည်းနဲ့ရှာတာဖြစ်လို့ ကြည်ညိုလေးစားရပါတယ်၊ တရားတဲ့နည်းဆိုတာတောင်မှ နာမည်ကျော်မှုဦးတည်ပြီး စာပေသင်ယူမယ်ဆိုရင် အလဂဒ္ဒူပမာသင်နည်းနဲ့ညီနိုင်တာမို့ သိပ်တော့အပြစ်မလွတ်တတ်ဘူးပေါ့၊ ဒါပေတဲ့ကျမ်းဂန်သင်ကြတဲ့ ပုဂ္ဂိုလ်အများစုဟာ ပထမပိုင်းမှာဘယ်လိုရည်ရွယ်ချက်နဲ့သင်သင် နောက်ပိုင်းတတ်မြောက်ပြီးတဲ့ အခါမှာတော့ စိတ်ကောင်းနှလုံးကောင်းနဲ့အသုံးသတ်တာဘဲများကြလို့ လေးစားထိုက်တာချည်းပါဘဲ။

ရှင်တိသာသနဓဇလိုဘဲ ထူးခြားတောင်ငူရဟန်းများလဲ ရှိပါလိမ့်မယ်၊ ဒါပေမဲ့ကိုယ့်ဒေသမှာအခြေပြုပြီး အတော်အတန်တတ်မြောက်လာတာနဲ့တပြိုင်နက် တခြားဒေသမှာနာမည်ကျော်ကြလို့ တောင်ငူဟာမင်းနေပြည်ဖြစ်ဘူးပေမဲ့ ပရိယတ်အနေနဲ့ထိုက်တန်လောက်အောင်တောက်ပြောင်မလာခြင်းဖြစ်မှာပါ။

## ပြည်ရဟန်းများတစေ့တစောင်း

သရေခေတ္တရာလို့ခေါ်တဲ့ပြည်မြို့ကို သာသနာနှစ်(၁၀၁)မှာစတင်တည်ထောင်ကတဲကိုက ရဟန်းမြတ်များ ရှိပြီးသားဖြစ်နေပါပြီ၊ဒါကြောင့် သရေခေတ္တရာဟာ ခေတ်အဆက်ဆက်မှာရဟန်းတော်များပြတ်လပ်မှုမရှိခဲ့ပါဘူး၊အစဉ်အဆက်နဲ့ကိုဘဲပရိယတ်ပဋိပတ်လုပ်ငန်းများကို အားထုတ်တော်မူခဲ့ကြတာဒီနေ့အထိပါဘဲ။

ဟိုလွန်ခဲ့တဲ့သက္ကရာဇ် ၈၀၄ မှာ အဝကလာပင့်လို့ ပြည်ဘုရင်သီဟသူအဝဆန်ပြီး နန်းတက်မယ်ကြံတော့ သားတော်လတ်မင်းဆင်များကို မင်းကြီးစွာအမည်နဲ့ ပြည်မြို့ကိုသနားခဲ့ပါသတဲ့၊ ဒီအခါတုံးက ဘုရင်သီဟသူကနယ်မြေအပိုင်းအခြားကိုလဲ တခါထဲသတ်မှတ်ပေးပါတယ်၊ တောင်ကို-ဂူထွတ်၊ တရုပ်မော်၊ အာ

နောက်ကို-ဘိုးခေါင်၊ အရှေ့ကို-ကုန်းခေါင်၊ မြောက်ကို- မလွန်တောင်ခွင်ကျွန်းတော်။

"သည်လေးရပ်အတွင်းတွင် လူဖွေးဖွေးကို ငါ့သားစီရင်စေ၊ ရှင်ချင်းချင်းကိုငါ့ဆရာစီရင်စေ" ဆိုပြီး အမိန့်တော်ကြီးနဲ့ ဆရာတော်အရှင်သဒ္ဓမ္မဋ္ဌိတိကို သာသနာပိုင်ခန့်အပ်ခဲ့ပါတယ်၊ ဒီအချိန်က အရှင်သဒ္ဓမ္မဋ္ဌိတိဟာ နာလာဂိရိကုန်းမှာ သီတင်းသုံးနေတော်မူချိန်ပါ၊ ဒီဆရာတော်မှာတပည့်ရင်းနှစ်ပါးရှိပါတယ်၊ အရှင်အရိယာဝံသနဲ့ အရှင်မဟာသာမိဆိုတာဖြစ်ပါတယ်၊ ဒီအရှင်နှစ်ပါးဟာ သမီးယောက်ဖတော်ကြတယ်လို့ဆိုတော့ တပါးပါးကတောထွက်ဖြစ်တဲ့လက္ခဏာပါဘဲ၊ ဒါမှ မဟုတ် ရင် သမီးယောက်ဖဆိုတဲ့အခေါ်ဟာ ရှေ့ခေတ်ကအင်မတန်ရင်းနှီးတဲ့မိတ်ဆွေသူငယ်ချင်းကိုဘဲဆိုလေသလားတော့မသိ။

တနေ့တော့ သူတို့နှစ်ပါးဟာ သီဟိုဠ်မှာသိက္ခာယူကြမယ်လို့ တိုင်ပင်ပြီးသွားဘို့ဟန်ပြင်ကြပါတယ်၊ သွားခါနီးရောက်တော့အရှင်အရိယာဝံသ နာမကျန်းဖြစ်လို့ မလိုက်နိုင်တာနဲ့ "အမောင်သာကူးပါလေတော့၊ ကူး၍ရောက်လျှင်ထိုတွင်သိက္ခာမယူမထပ်ခဲ့ပါနဲ့၊ သယ်ဲကိုသာရအောင် ဆရာမထေရ်ကြီးတို့မှာ လျှောက်၍တောင်းခဲ့ပါ၊ သည်အရပ်သို့ရောက်မှ အမောင်နှင့်အတူသိက္ခာထပ်ယူပါမယ်" လို့ ကတိကဝတ်စကားဆိုလိုက်ပါတယ်။

အရှင်မဟာသာမိသည်သာ အဖေါ်သံဃာအချို့နဲ့ကြွတော်မူပါတယ်၊ သီဟိုဠ်ရောက်တော့၊ သီဟိုဠ်မင်းသားတဦးသေလို့စွန့်ပစ်ရမှာပါတဲ့ ပုဆိုးတခုကိုပင့်သကူ ကောက်တော် မူတာကိုး၊ ဒါကို သီဟိုဠ်သားတွေက "အစောင့်အရှောက်ရှိသည်ကိုကောက်ယူသင့်သလော" လို့ စောဒနာကြသတဲ့၊ အစောင့်အ

ရှောက်သည်သင်းချိုင်းကိုသာစောင့်သည်ဟုဆိုကာ စွန့်ပြီးသား ဖြစ်တဲ့အကြောင်း အရှင်မြတ်ကမိန့်တော့ ဘုရင်ကိုမေးလျှောက် ကြပါတယ်၊ မင်းကလဲစွန့်ပြီးသားဖြစ်ကြောင်း ပြောလိုက်တယ်၊ ဒါကိုသိတော့ ဘုရင်ကလဲသိပ်ကြည်ညိုသွားပီး မထေရ်မြတ်ကို ပစ္စည်းလေးပါးနဲ့လုပ်ကျွေးပါသတဲ့။

အရှင်မဟာသာမိကလဲ "ငါသည်ဤအရပ်၌ နေမည်မလာ၊ သီဟိုဠ်သာသနာကိုသာယူမည်လာသည်"လို့ဆိုတော့ "ဒါဖြင့်ဤ တွင်သာယူပါ"လို့ဆိုသတဲ့၊ အရှင်မြတ်ကလဲကတိကဝတ်ရှိသည် ကိုပြောပီး"ဇမ္ဗူဒိပ်တွင်မှသာယူမည်၊ သိက္ခာပေးမည့်သူဥပဇ္ဈယ် နှင့်တကွ ဂိုဏ်းသံဃာကိုသာပေးပါ"လို့တောင်းတာကိုး၊ဒီတော့ မှသီဟိုဠ်မင်းကမေးမြန်းစုံစမ်းတဲ့အခါ ဟို ရှေး အ ခါ က တဲ က ရောက်နေလို့ သီဟိုဠ်သိက္ခာယူပြီးသားဖြစ်နေတဲ့ ပုဂံသားရဟန်း အရှင်သဒ္ဓမ္မစာရီဆိုတာကိုတွေ့ပါတယ်၊ အဲဒီအရှင်မြတ်ကို"ဇမ္ဗူ ဒိပါသို့လိုက်၍ သာသနာတော်ကိုဆောင်တော်မူပါ"လို့လျှောက် တော့ အရှင်မြတ်က"ငါသည်ဗောဓိပင်ပျိုးသုံးဆယ်ကို နေ့စဉ်ရေ သွန်း၍မွေးပါသည်၊ ပျက်ချေတော့မည်"လို့ငြင်းတော်မူသတဲ့ ဒါနဲ့ မင်းကကျွန်ုပ်လူခန့်၍ မွေးပါစိမ့်မည်၊ လိုက် တော် မူ ပါ" လို့ တောင်းပန်မှ ဂိုဏ်းသံဃာနဲ့အတူလိုက်တော်မူပါတယ်။

ဒါနဲ့တရုပ်မော်ရောက်တော့· သီဟိုဠ်သိက္ခာယူမည်သွားသည် မယူနိုင်ခဲ့-လို့ပြည်သားရဟန်းတို့ကဲ့ရဲ့မည်ကိုကြံမိတာနဲ့ အရှင်မ ဟာသာမိဟာတရုပ်မော်မှာဘဲ ဥပုသ်နေ့ဥပုသ်ပြုမီ ဤတွင်ဘဲ သိက္ခာယူတော့မည်လျှောက်ပီး သီဟိုဠ်သိက္ခာယူတော်မူလိုက်ပါ တယ်။•

အဲဒီအချိန်က ပြည်မြို့မှာလဲ အခြေအနေများပြောင်းလဲ နေ ပါတယ်၊ ပြည်ဘုရင်မင်းကြီးစွာ လွန်လို့ညီတော် သတိုးမင်းစော

သာယာဝတီက လာပြီး မင်းမူနေတဲ့အချိန်ပါ၊ ဆရာရင်း ဖြစ်တဲ့ အရှင်သဒ္ဓမ္မဋ္ဌိတိလဲ ပျံလွန်တော်တော်မူပြီးဖြစ်လို့ သိမ်ဟိုင်ဋ္ဌမလိုက်နိုင်ဘဲ ကျန်ခဲ့တဲ့အရှင်အရိယာဝံသက မင်းဆရာဖြစ်နေပါပြီ၊ မင်းဆရာဆိုတော့ သာသနာပိုင်ပေါ့၊ ဒီအခြေအနေမှာ ရှင်မဟာသာမိပြန်ရောက်လာခြင်း ဖြစ်ပါတယ်၊ ရောက်လာတော့ ရှင်အရိယာဝံသက သိမ်ဟိုင်ဋ္ဌသိက္ခာယူပြီး မပြီးကို မေးပါတယ်၊ ရှင်မဟာသာမိကလဲအကျိုးအကြောင်းရှင်းပြပြီး တရုပ်မော်ရောက်မှသိက္ခာယူကြောင်းကို ပြန်ပြောပါတယ်၊ ဒါနဲ့ သာသနာပိုင် ဖြစ်နေတဲ့ ရှင်အရိယာဝံသက "ဂတိပျက်ပေသည်၊ သည်သို့ရောက်မှ အတူယူမည်ဆိုပြီးလျှက် ခွဲ၍ယူသည် ယခုမှဖြင့် ငါမယူတော့" ဆိုပြီး မယူဘဲနေလိုက်ပါတယ်။

ရှင်မဟာသာမိလဲ စိတ်မကောင်းခြင်း ဖြစ်တော့တာပေါ့၊ အပေါ်စီးရနေလို့ ဒီလို လုပ်လိုက်တာဘဲလို့ တွေးမိဟန် တူပါရဲ့ "ယခုသူ့အရပ်ဖြစ်ပေသည်၊ သူ့အရပ်တွင် ငါမနေ" ဆိုပြီး မာန်ဝင်လာတာနဲ့ ကွဲကြပါတော့တယ်၊ ဒီတော့မှ ပြည်ဘုရင်သတိုးမင်းစောက ပုဂ္ဂိုလ်ကျော် အရှင်ကောင်းတွေ တခြားထွက်သွားမှာစိုးလို့နဲ့ တူပါတယ်၊ ဒါကြောင့် ဆင်ကျုံးကို တနေရာပြောင်းပြီး အဲဒီမှာ ရှင်မဟာသာမိကို ကျောင်းဆောက် လှူပါတယ်၊ သိမ်ဟိုင်ဋ္ဌကပါလာတဲ့ ရှင်သဒ္ဓမ္မစာရီကိုလဲ သူတပါးထဲမှာ မနေချင်ဘူးဆိုလို့ ကံတခုကို ဖို့ပြီး ကျောင်းဆောက် လှူပါတယ်၊ ကံတွင်းကျောင်းလို့ အမည်တွင်ပါတယ်။

ဒီတုံးက ရှင်မဟာသာမိထံမှာ သိက္ခာယူပြီး စာပေသင်ကြားဘို့အတွက် အရပ်ရပ်ကလာရောက်နေထိုင်ကြတဲ့ ရဟန်းသာမဏေတွေဟာ အလွန်ကို များပြားပါသတဲ့၊ ဒီမှာတင်ဘဲ အရှင်အရိယာ

ဝံသက အရှေ့သာသနာဂိုဏ်း၊ အရှင်မဟာသာမိက အနောက်သာသနာဂိုဏ်းဆိုပြီး ထင်ရှားကြီးမားတဲ့ဂိုဏ်းကြီးများ ဖြစ်လာတော့တာပါဘဲ၊ နောက်တော့ အနောက်သာသနာဝင် ရှင်မဟာသာမိမှာ တဖြည်းဖြည်းနဲ့ ဂိုဏ်းသံဃာ များပြားလှလို့ မနေလောက် မထိုင်လောက်တဲ့အတွက် အရှင်အရိယာဝံသရဲ့ လစ်လပ်သော ကျောင်းများကို တောင်းပြီး နေရပါသတဲ့၊ တောင်းတဲ့ ကျောင်းပေါင်းဟာ ၄၅ ကျောင်းပင်ရှိပါသတဲ့။

အဲဒီရှင်မဟာသာမိရဲ့ စာသင် ပေသင် တပည့်သံဃာ အများအပြားထဲက အပျိုအရွယ်ကထဲက ကျမ်းဂန် တတ်မြောက်သည်၊ သီလ သမာဓိ ပညာ သွန်သဲသည်လို့ ထင်ရှား ကျော်စောတာကတော့ အရှင်အတုလဝံသနဲ့ အရှင်သဒ္ဓမ္မပါလ နှစ်ပါးဘဲ ဖြစ်ပါသတဲ့၊ဒီအချိန်က ပြည်သာသနာမှာရှိကြတဲ့ ရဟန်းများရဲ့ အခြေအနေကို သာသနာဝံသ စာဟောင်းအတိုင်း ဖော်ပြရမယ်ဆိုရင်-

"ထိုတွင် ရှင်အတုလဝံသသည်ကား ကျမ်းဂန် တတ်မြောက်မှုပင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်းရှိ ကျမ်းတတ် ဂန်တတ်ဆရာကြီးတို့ထံ နည်းနာနယ ရရမိမိလှည့်လည် ခံယူပြီးမှ ပြည်သို့ပြန်၍ သာသနာတော်ကို ဖြည့်စွမ်း ဆောင်ရွက်သည်၊ တပည့်သံဃာ အလွန်များသောဟူ၏။

တောတောင် ချိုင့်ဝှမ်း နက်စွာသော ကွမ်းမစား ချောက်ဒွိသိတင်းသုံး၍ ပရိယတ် ပဋိပတ်ကို အလွန်အားထုတ်တော်မူ၏၊ "သီရိသဒ္ဓမ္မသေနာပတိပိဋကဓရ အတုလဝံသ" ဟူသော တံဆိပ်အမည်တော်လည်း ခံရ၏၊ အရည်ဝါသီနေ၍ သာသနာတော်ကို အလွန်အားထုတ်၏၊ ထိုဆရာတွင် အမြို့မြို့အရွာရွာမှ ဆည်းကပ်လာသောရဟန်းတို့ကား များလှစွာ၏။

အရှင် သဒ္ဓမ္မပါလလည်းအမြို့မြို့ အရွာရွာနာမည်ကျော်ကျမ်းတတ် ဂန်တတ်ဆရာကြီးများထံ လှည့်လည် သင်ကြား၍ ပြန်လာသော် ပြည်မြို့ အရှေ့တောင်ထောင့် အင်းတိုင်အရပ် အမ္ဗဝန်မည်သောအရပ်၌ ကျောင်းဆောက်လှူ၍ သီတင်းသုံးရ၏၊ ပရိယတ်ပဋိပတ်ကို အလွန်အားထုတ် ဖြည့်ဆည်းတော်မူ၏၊ အထူးသဖြင့် ဝိနည်းအရာ၌ အလွန်အားထုတ်တော်မူ၏၊ ထိုဆရာ၌လည်း အရပ်မျက်နှာအမျိုးမျိုးမှ လာရောက်ဆည်းကပ်ကြသောတပည့်ရဟန်းတို့ကား များလှသောဟူ၏။

ထိုအခါကား ပြည်တွင် သတိုးမင်းစော မရှိတော့၍ သားတော်မင်းကြီးထွေးမင်းပြု၏၊ ထိုမင်း လွန်ပြန်သော် သားတော်သည် ဘိုးတော်အမည်ကိုယူ၍ နရပတိအမည်ဖြင့် မင်းပြု၏၊ ထိုအခါ အရှေ့သာသနာဂိုဏ်းဝင် မထေရ်ကြီး အရှင်အရိယာဝံသ လွန်ခဲ့၍ ၎င်းနေရာတွင် အနောက်သာသနာဂိုဏ်းဝင်ဆရာတော် အရှင်မဟာသာမိ၏တပည့်အရှင်အတုလဝံသအား တောင်းပန်၍ အရိယာဝံသအမည်ဖြင့် ဂိုဏ်းစိုး ဂိုဏ်းချုပ် တင်ရသည်၊ ထိုဆရာသည် သတိုးမင်းစော၊ မင်းကြီးထွေး၊ နရပတိ ဟူသော မင်းသုံးပါးဆရာဖြစ်တော်မူ၏၊ အရပ်ရပ်အနယ်နယ်မှ သိက္ခာထပ်စာသင်ရဟန်းတို့ကား တရံမလပ် များလှသည်ဖြစ်ရကား “ငါသည်ယခုအရွယ်ကြီးပြီ၊အများကို စီရင်ရချေသည် ဖြစ်သောကြောင့် ပဋိပတ်ကို တင်းတင်း မဖြည့်ဆောင်ရပြီ၊ အရှင်သဒ္ဓမ္မပါလမှာသာ ယူပါသင်ပါ”ဟု လွှဲတော်မူသတည်း၊ ထိုကြောင့် အရှင်နှစ်ပါးတို့၏ တပည့်တပန်းများသည် တောနေချည်းသာဖြစ်၏။

အရှေ့သာသနာဝင် ဂိုဏ်းသံဃာတို့ကား သလူတီး၊ တရပတ်စက်ဝန်းကို ကိုင်ကုန်၏၊ အနောက်သာသနာဝင်ဂိုဏ်း သံဃာတို့

ကား ထီးဖြူ တရပတ်ဖြူ ကိုင်ကုန်၏၊ အရှင်သဒ္ဓမ္မပါလတပည့် သံဃာ အင်းတိုင်သားတို့ကား ထီးဖြူတရပတ်ဝါကို ကိုင်ကုန်၏။

အရှင်အတုလဝံသသည် ပြည်ကွမ်းမစားချောက်၌နေတော်မူသောအခါ ပြည်ဆံတော်ရှင်ရင်း၌သတင်းသုံးသောအရှင်သဒ္ဓမ္မသာမိတပည့်အရှင်ရတနရံသီသည် ထိုဆရာထံ၌ပဥ္စင်းခံ၍ သုံးနှစ်တိုင်လျှင် ထိုသိက္ခာကိုချ၍ ကွမ်းမစားချောက်အရှင်အတုလဝံသထံ၌ဝယ်သိက္ခာယူ၍ ကျမ်းဂန်တတ်မြောက်အောင် သင်ပြီးမှ စစ်ကိုင်းပင်းယသို့သွား၍ ဆရာမြတ်တို့ထံ၌ နည်းနာခံ၍ တတ်မြောက်ကျော်စောစွာလျှင် ပြည်သို့ပြန်ရောက်သောအခါ ဆရာဟောင်းအရှင်သဒ္ဓမ္မသာမိသည် အရှေ့သာသနာကို ရလေသည်နှင့် မင်းနရပတိလည်း လှူ၍ ညီတော်မင်းသရက်မင်းခေါင်အမည်ခံ၍ မင်းပြု၏။

ထိုမင်းခေါင်ကို မင်းတရားရွှေထီးလုပ်ကြံပြီးနောက် အရှင်ရတနရံသီအား အရှေ့သာသနာကိုအပ်နှင်းခဲ့လေသည်၊ ဆံတော်ရှင်အရှေ့တောင်လတ်ကျောင်းကနေ၍ အရှေ့သာသနာဂိုဏ်းကြီးကိုစီရင်ရလေသည်၊ အရှင်မဟာသဒ္ဓမ္မသာမိဟူသော အမည်ကိုလည်းခံရသည်၊ (သက္ကရာဇ် ၉၀၄ ဝန်းကျင်ဖြစ်သည်) ၉၁၂ ခု၌မင်းတရားရွှေထီး နတ်ပြည်စံသောအခါ အရပ်ရပ်ထီးဆောင်းမင်းများ ခြားနားသည့်နည်းတူ ပြည်စားသတိုးဓမ္မရာဇာသည်လည်း သတိုးသူအမည်ဖြင့်ခြားနားလေ၏။

၉၁၃ တွင် ဘဝရှင်မင်းတရားကြီးပြည်စား သတိုးသူကိုလုပ်ကြံ၍ရလျှင် ညီတော်နန္ဒယောဓါဘွဲ့ခံ(သတိုးဓမ္မရာဇာ-မှန်နန်း) ကို ပြည်ကိုပေးတော်မူ၏၊ ထိုမင်းမိဖုရားကား ပြည်မင်းတရားသမီး ဇာည်း၊ မောင်တော်နရပတိလက်ထက် စလင်းစည်သူကျော်ထင်ကိုပေး၍ စလင်းသို့နေရလေသည်၊ စလင်းကို မင်းတရားရွှေထီး

အောင်မြင်သောအခါ တောင်ငူသို့ပါလေ၍ မင်းတရားကမင်း နန္ဒယောဓါနှင့်စုံဘက်သတည်း၊ ထိုအခါ ဟံသာဝတီ၊ ပြည်၊ တောင်ငူ၊ အင်းဝ၊ စစ်ကိုင်းကိုမင်းညီနောင်လေးပါးတို့ စိုးအုပ်၍ ပြည်ရွာစည်ပင်သာယာ၍ ကျောင်းကန်ရဟန်းသံဃာအလွန် စည်ပင်သတည်း။

ထိုအခါပြည်မိဖုရားကြီးက အရှင်မဟာသဒ္ဓမ္မသာမိကို တောင်းပန်၏၊ "ဆရာတော်သည် အကျွန်ုပ်တို့မိဘတိုးဘေးတို့ ကိုးကွယ်ချီးမြှင့်သည့် ဆရာတော်တို့အနွယ် ဖြစ်တော်မူပါသည်၊ ဆရာတို့၏အရိုက်အရာဖြစ်သော အရှေ့သာသနာကိုစိုးအုပ်တော် မူပြီးဖြစ်သောကြောင့် အကျွန်ုပ်တို့၏ဆွေစဉ်မျိုးဆက်တို့၏ ကျောင်းရာဖြစ်သော အရှေ့အင်းတိုင်ရွှေလင်းပင်ကျောင်းရပ်သို့ သီတင်းသုံးတော်မူပါ၊ အကျွန်ုပ် ကျောင်းဆောက်ပါမည်" ဟု တောင်းပန်၏၊ သည်းခံတော်မူလျှင် ထိုအရပ်၌ဇေတဝန်သုံးထပ် မုတ်မှန်ကင်းနှင့်တကွဆောက်၍ တင်လှူတော်မူသည်။

ထိုအရှင်မဟာသာမိကား ဘုန်းတန်းခိုးအာဏာအခြေအရံလပ် သပ်ပကာတပည့်သံဃာများစွာ၏ သက်တော် ၉၀ နေတော်မူ ၏၊ ပရိယတ်ပဋိပတ်ကို အလွန်အားထုတ်တော်မူ၏၊ ထိုအရှင်၏ တပည့်ရင်းဖြစ်၍ ကျမ်းတတ်ဂန်တတ်အများတွင် လွန်ကဲ၍ မင်း ဆရာဖြစ်ကုန်ကြသည်ကား အရှင်သဂ္ဂဏာမိမ္မ၊ အရှင်သဒ္ဓမ္မ လင်္ကာရ၊ အရှင်သုမ္မလင်္ကာရ၊ အရှင်အဘိသင်္ကေတသာရ ဤ လေးပါးတည်း၊ ထိုဘွင်အရှင်သဂ္ဂဏာမိမ္မကား ကျောင်းထက် နေပင်တည်း၊ ပြည်မှသည်တောင်ငူသို့ရောက်သည်၊ တောင်ငူမှ သည် ဟံသာဝတီသို့ ရောက်သည့်၊ ဆင်ဖြူရှင်မင်းတရားကြီး မိဖုရားခေါင်ကျောင်းဆောက်လှူ၍ ဆရာမူ၏။

ထိုဆရာတော်၏ တူအရင်းတပည့်သည်လည်း ပျို့ရွယ်ကပင်ကျမ်း ဂန် တတ်၍ ဦးရိးတော်အရာကျောင်းကနေ၍ သုဓမ္မာလင်္ကာရဟူသောအမည်တော်ကိုခံရသည်၊ တဖန် တောင်ငူ သို့ရောက်ပြန်သော်လည်း ပြည်မိဖုရားဆရာဖြစ်၏၊ အဝသို့ရောက်ပြန်သောအခါ တုံလည်းအဝရွှေနန်းသခင် ဒုတိယမင်းတရားကြီး၏ကျောင်းတော်လေးကျောင်းတွင် တကျောင်းကိုရ၍ ဆရာဖြစ်တော်မူသတည်း။

အရှင်သဒ္ဓမ္မလင်္ကာရကား ငယ်မည်ဓမ္မရံသီတည်း၊ ဆင်ဖြူရှင်မင်းတရားကြီးမြေးတော် နတ်ရှင်မယ်တော်ဆရာဖြစ်၍ နောက်အရှင်တိပိဋကာဝါသကျောင်း ဝေဠုဝန်ကိုဒုတိယနေတော်မူ၍ နောက်တောသို့ထွက်အရညဝါသီနေတော်မူ၏။

အရှင်သုဓမ္မလင်္ကာရကား ငယ်မည်သာရကာမိတည်း၊ ပြည်မှသည် ဟံသာဝတီသို့ပါရလေသောအခါ သဒ္ဓမ္မစက္ကသာမိ ခံတော်မူရ၏၊ ဇင်းမယ်ဘုရင်အနော်ရထာမင်းစောဆရာဖြစ်တော်မူသတည်း၊ နောက်ငါးဆူဒါယကာမင်းတရား ဆရာဖြစ်တော်မူ၏။

အရှင်အဘိသင်္ကေတသာရကားနောက်သတိုးဓမ္မရာဇာမင်းတရားဆောက်သော ကျောင်းကြီးလေးကျောင်းမှသည် ကန်တွင်းအရပ်ဝယ် မဏိသိင်္ခရာဇာဟူသောအမတ်ဆောက်သည့် ဇေတဝန်သုံးထပ်ကျောင်းကိုနေတော်မူ၏၊ နောက်သားတော်မင်းကြီးနှောင်းဘက်ဘက် ဘိုးတော်ကျောင်းတော် နန်းကျောင်းကို လှူတော်မူ၍ တလသျှင်ဆွမ်းဆန် ၂၀ စသောများပြားသောအလှူဝတ္ထုတို့ဖြင့် မွေးမြူတော်မူသတည်း၊ ထိုမင်း နောက် နန်းတည်မင်းရန်နိုင်မှူးမင်းမူသောအခါ ရတနာဗိမာန်မည်သောမှန်ကင်း

၆ ဆူနှင့်တကွသော ရွှေကျောင်းကိုဆောက်လှူ၍ ဆရာပြုတော်မူသတည်း။

ထိုအရှင် အဘိသင်္ကေတသာရတပည့်ရင်း ကျွမ်းတတ်ဂန်တတ်မင်းဆရာဖြစ်ကုန်သည်ကား ရတနာဝိမာန်ကျောင်းအရာတော်နေသည့် တိစက္ကာဘိရာဇာတပါး၊ အရှေ့သာသနာပိုင်မဟာဓမ္မသာမိခံရသည့် သာသနဒ္ဓရတပါး၊ တောင်ဘီလာပထမအာဒိကမ္မိကတိပိဋကာလင်္ကာရခံသည့် မုနိန္ဒဃောသတပါး ဤသုံးပါးသည်ထင်ရှား၏။

ဤတွင် ပြည်ရဟန်းများအကြောင်း တစေ့တစောင်းရှုမြင်ခြင်းပြီးသတည်း၊ ဒီအနေကို ကြည့်မယ်ဆိုရင် သရေခေတ္တရာရဟန်းများသည် လောကီမှုအတော်ကင်းကြောင်း တွေ့ရပါ၏၊ ပုထုဇဉ်တို့ဘာဝမာန်မာနရှိသည်ဆိုနိုင်သော်လည်း ရုပ်ပျက်ဆင်းပျက်တော့မဖြစ်ပါ၊ ဒါကြောင့်ပြည်သာသနာစည်ပင်ပုံကို အကဲခတ်လျှင်၊ ၁။ ရဟန်းများတည်တည်ငြိမ်ငြိမ်နှင့် သာသနာကို အားထုတ်ခြင်း၊ ၂။ မင်းတို့ချီးမြှောက်မှုကို ရရှိခြင်း လျှင် အကြောင်းရင်းဖြစ်ကြောင်းကိုတွေ့ရပါ၏။

## ဆီးတောဆရာတော်

အဝဘက်ကို ပြန်၍လှည့်ပါဦးစို့၊ သက္ကရာဇ် ၉၁၇ ခုနှစ်ရောက်တဲ့အခါ ဟံသာဝတီဘုရင်မင်းတရားကြီးဟာ ညီတော်သတိုးမင်းစောကို သမီးတော်နှင့်ပေးမြား၍ အင်းဝမြို့ကို ပေးပါတယ်၊ အဲဒီတုံးက အဝမြို့ဟာ မြို့ပျက်ကြီးလိုဖြစ်နေပါသတဲ့၊ပြည်ရွာကလဲမငြိမ်မဝပ်သေးဆိုတော့ ငြိမ်ဝပ်မှုရှိအောင်ကြိုးစားနေရပါတယ်၊ တခါရှမ်းများနဲ့ စစ်ကိုင်းစည်သူကျော်ထင်တို့အုပ်စိုး

သွားတဲ့သက်တမ်း ၂၀ နှစ်မှာ ဘုရားမြေ၊ ကျောင်းမြေ၊ မြင်မြေ၊ ဒိုင်းမြေ၊ ဝင်းမြေ၊ သင်းမြေမြင်းမြေရယ်လို့ အသီးအသန့်မရှိ ရှမ်းတွေကအကုန်လုံးအခွန်ခံထားလို့ ရှုပ်ရှုပ်ထွေးထွေးဘဲ၊ ဒီလို တိမ်မြုပ်ယှင်းယိုသမျှကိုဖေါ်ထုတ်စစ်ကြောပြီး အမှန်အကန်ဖြစ်အောင်လုပ်နေရတာကိုကအလုပ်ကြီးတခုပါ။

ဒီကြားထဲကဘဲ အင်း၀ ပင်းယ စစ်ကိုင်းပတ်လည် သီတင်းသုံးနေတော်မူကြတဲ့ ဆရာတော်တွေကိုလဲ ကျောင်းကန်မှစပြီး ပစ္စည်းလေးပါး လှူဒါန်းလုပ်ကျွေးပါတယ်၊ ပြည်ပိုင်ဘုရင်က ကြပ်မတ် ၈ ရပ် ပြု လိုက်တယ် ဆို ရင် ဘဲ ရဟန်းများအမူအကျင့်ကောင်းမွန်သိပ်သည်းစမြဲဖြစ်သည်သာပေါ့၊ သတိုးမင်းစောဟာ သူလက်လှမ်းမှီရာ ရဟန်းများကို ကြပ်မတ်ပြီး ဆီးတောရွှေကျောင်းဆရာတော်ကို ဆရာရင်းပြုပြီး ကိုးကွယ်ပါတယ်။

ကျောင်းတော်ပတ်လည်မှာ ဆီးပင်တွေရှိလို့ ဆီးတောရွှေကျောင်းလို့ခေါ်တာပါ၊ နေရာကတော့စစ်ကိုင်းမင်းဝံလေးထပ်ကျောင်းတော်ရာအရပ်ဖြစ်ပါတယ်၊ မင်းဝံလေးထပ် ဆိုတာက နောက်မင်းကေရာဇ်တို့လက်ထက်မှာမှ ဆောက်တာပါ။

မင်းကိုးကွယ်တဲ့ဆရာတော်ကိုကြည့်လျှင် ထိုမင်းရဲ့အရည်အသွေးအတိမ်အနက်ကိုလဲသိနိုင်ပါတယ်၊ အဲ ဒီ ဆ ရာ တော် ရဲ့အကြောင်းကိုပြောပါအုံးမယ်။

ဒုတိယမင်းခေါင် ညီတော် သတိုးကျော်စလင်းမြို့ကိုစားရလို့ အဲဒီမှာနေစဉ်က၊သတိုးကျော်ရဲ့မိဖုရားဟာ ငါးနှစ်ရှယ် ကလေးငယ်တဦး ကို သားအဖြစ်ကောက်ယူမွေးစားပါတယ်၊ အရွယ်ရောက်တော့ ရှင်သာမဏေပြုပါတယ်၊ သတိုးကျော်လွန်တဲ့အခါ

13 မှာ မိဖုရားနဲ့ သားသမီးအားလုံးကို ဘုရင်မင်းခေါင်က အ၀

သို့ပြန်ခေါ်ယူပါတယ်၊အဲဒီမှာ သာမဏေလဲပါသွားတာပါဘဲ၊ မင်းခေါင်က ဆရာအဖြစ်ကိုးကွယ်ပြီးရဟန်းခံပါသတဲ့။

သီဟိုဠ်ရောက်ဆရာတော်၊ ရေငုံဆရာတော်၊ အရှင်အရိယာ ဝံသဆရာတော်တွေရဲ့ထံမှာ စာပေကျမ်းဂန်သင်ကြားလို့ အလွန်တတ်မြောက်ပါသတဲ့၊ ပိဋကဗေဒင်စသဖြင့် အားလုံးကိုမ ကျန်ကျွင်းစေရ၊ "မ" တလုံးကိုပယ်မယ်လို့ဆိုပြီး ကြိုးပမ်းတာပါ ဘဲ၊ တတ်မြောက်တော့ ဒုတိယမင်းခေါင်သားအဖနှစ်ပါးလုံးရဲ့ ဆရာတော်ဖြစ်တော်မူပါတယ်၊ နှစ်ပါးလုံးနတ်ရွာလားလို့ သား တော်ရွှေနန်းကြော့ရှင် နန်းတက်တော့လဲ ဆရာမူပြီး ကိုးကွယ် ပါတဲ့။

၈၈၈-ခု အရေးအခင်းမှာတော့ အုန်းပေါင်စော်ဘွားက ပင့်ပြီးကိုးကွယ်လို့ အုန်းပေါင်မှာသီတင်းသုံးရပါတယ်၊ ၁၆ နှစ် ကြာပါသတဲ့၊ နောက်အုန်းပေါင်စော်ဘွားသား ခုံမှိုင်းအဝသို့ ဆင်းပြီး မင်းပြုတဲ့အခါ ပင့်လာလို့ အဝမှာ ၇ နှစ်ကြာပါသတဲ့၊ နောက် ညီမိုးဗြဲနရပတိ အဝမှာ ဆက်ပြီးမင်းပြုတဲ့အခါမှာလဲ ဆ ရာမူပြီးကိုးကွယ်လို့ ၃-နှစ်၊နောက်စစ်ကိုင်းစည်သူကျော်ထင် အဝ မှာမင်းပြုတော့ ဆက်လက်ကိုးကွယ်ပြန်တာက- ၃-နှစ်၊ တခါ ဟံသာဝတီဘဝရှင်မင်းတရားကြီး ညီတော်သတိုးမင်းစော အဝ မှာမင်းပြုပြန်လို့ ကိုးကွယ်တာက ၃ နှစ်ကြာပါသတဲ့

ဒီလိုမင်းအဆက်ဆက် ဆရာမူခံရတဲ့၊ဆီးတောဆရာတော်ဟာ အမူအကျင့်မှစပြီး ပြောပလောက်အောင်မှ တပေါက် မစွန်းမ တင် အင်မတန်စင်ကြယ်လှလေတော့ ပတ်ဝန်းကျင်ရဟန်းများ လဲ ယောဘူယျအားဖြင့် အတုလိုက်ကြလိမ့်မယ်လို့ ယုံကြည်ရတာ ပေါ့၊ဒါကြောင့် အဲဒီအခါက ရဟန်းများဟာ ချွတ်ချော်တိမ်း

ပါးမှုနည်းပါးလှပါတယ်၊အဲဒီဆရာတော်ဟာ ၉၃၉-ခု(၉၃၁-သာသနာလင်္ကာရ)မှာ ပျံလွန်တော်မူပါတယ်၊ အဲဒီနေ့မှာဘဲ စလင်းမှာ ဒကာမတဦး အိပ်မက်မြင်ပါသတဲ့၊"ငါဆီးတောဆရာတော် နေပါမည်-"ပြောလာသည်ဟူ၏။

ပဋိသန္ဓေရှိလို့ လစေ့တဲ့အခါ တောင် ဘီ လာ ဆ ရာ တော် လောင်းကိုဖွားပါသတဲ့။

## သတိပြုစရာ

သတိုးမင်းစောဟာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ ဝန်းကျင်မှာ သယ်ိကဝတ်မြေမှစပြီး အလုံးစုံသောမြေအရပ်ရပ်တို့ကို ရှေးမင်းများလက်ထက်ကအတိုင်း တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိရလေအောင် စီစစ်ဖေါ်ထုတ်၍ အရပ်ရပ်ကို နေထားတကျစီရင်တော်မူပါတယ်၊ သာသနာရေးမှာလဲ ဆီးတောရွှေကျောင်းဆရာတော်၊ ရွှေစည်းခုံကျောင်းတော်ဆရာတော်၊ တုရင်ခြေတောင်တော်ဆရာတော်တို့ အဓိပတိမူတော်မူ၍ သာသနာတော်မြတ်အလွန်စည်ပင်ပါသတဲ့။

သာမန်အားဖြင့်ဆိုပါက ပစ္စည်းပေါများလျှင် ပစ္စည်းချမ်းသာသည်ဟုဆိုကြပါတယ်၊ အဲဒီလိုပါဘဲ ရဟန်းအရေအတွက်ပေါများလျှင် သာသနာစည်ပင်တယ်လို့ဆိုနိုင်ပါတယ်၊ ဒီအတိုင်းလဲမှတ်ယူကြပါတယ်၊ ဒါပေတဲ့ သာသနာတော်ကို စိတ်ဝင်စားခြင်း၊ မြတ်နိုးခြင်း၊ အလေးအမြတ်ပြုခြင်း ရှိမရှိဆိုတာနဲ့တိုင်းတာမှ တကယ် စည်ပင် သာ ယာ ရှိ သည်၊ မရှိသည်ကိုသိနိုင်လောက်ပါတယ်။

သာသနာတော်ကိုချစ်မြတ်နိုးပါ၏၊ သဲ့ယာဇဉ်ရှိပါ၏၊ သို့သော်အလေးဂရုပြုနိုင်ဘို့ရန်မှာ တော်ရုံ- တွဲပြင့်မရနိုင်ဘဲဖြစ်နေ

တတ်ပါတယ်၊ အထူးသဖြင့်ဘုန်းသမ္ဘာကြီးချင်လွန်းသူများ ဩဇာတိက္ကမလိုချင်လွန်းသူများအဘို့ ပို၍ပင်သတိပြုရမည့်အချက်ပါ၊ ရှေးကံကြောင့် ဘုန်းတန်းသမ္ဘာဩဇာတိက္ကမ ရနေသူများမှာ လက်လွန်ခြေလွန်မဖြစ်မိအောင် ထိန်းသိမ်းရတာလွယ်ကူပေမဲ့ ဘုန်းကြီးချင်လွန်း၍ တမင်ကြီးအောင်လုပ်နေသူများ ဩဇာအာဏာကြီးချင်လွန်း၍ တမင်လိုက်ရှာနေသူများအဘို့မှာ ထိန်းသိမ်းနိုင်ဘို့အတော်ပင်ခက်ပါလိမ့်မယ်၊ အဲဒီအခါမျိုးမှာ သင့်မသင့်ဆိုတာကို ဘေးဖယ်ပြီး ရသည့်နည်းဖြင့် ရှာဖွေကြတတ်လေတော့၊ ချစ်တော့ချစ်၏၊ သံယောဇဉ်လဲရှိပါ၏၊ သို့သော်အလေးထားရာ မရောက်သဖြင့် ထိုပုဂ္ဂိုလ်များ၏နေထိုင်မှုမှာ ဆန့်ကျင်နေတော့တာပေါ့။

သက္ကရာဇ် ၉၁၆ မှာဖြစ်ပါတယ်၊ဆင်ဖြူများရှင်ဟံသာဝတီမှချီလာလို့ ပုခန်းကြီးဆိပ်ကမ်းမှာရပ်နေတဲ့အခါ ပုခန်းကြီးတောင်ပြင်သံဃရာဇာကြီးက "ဒကာတော်မင်းမြတ်....ရတနာပူရအဝကိုသိမ်းယူတော်မူမည်မှာ မကြာမတင်အောင် မြင်တော်မူမည် ကေန်အမှန်။ အလိုတော်ပြည့်သောအခါ စကားကျောင်းတော်အားလှူပါ"လို့တောင်းသတဲ့၊ မင်းတရားကြီးလဲလွယ်လင့်တကူအောင်တဲ့အခါကတိအတိုင်းဘဲလှူတော်မူပါတယ်၊အဲဒီသံဃရာဇာဟာပရိယတ် ပဋိပတ်ကိုကား အားမထုတ်၊ ဝတ္တကံကိုသာ အားထုတ်ပါသတဲ့၊ ဝတ္တကလယ်မြေများမှ အခွန်ဘဏ္ဍာစသည်ကို စုဆောင်းခြင်းစတဲ့စီးပွားရေးကိုသာ ဂရုပြုပါသတဲ့၊ ဒီလိုနဲ့ ၉၂၁ မှာ အဲဒီသံဃရာဇာကြီးကွယ်လွန်ပါတယ်။

ရဟန်းဘဝကိုခိုကိုးရာအဖြစ် အမှတ်ပြုပြီးရယူခြင်းဟာကောင်းပါ၏၊ သို့သော် ရဟန်းဘဝကို မျက်မှောက်လောကအတွက် အရင်းအနှီးအဖြစ် ကျင့်သုံးခြင်းမှာမူ ညစ်ပတ်လွန်းရာရောက်ပါ၏။

ရဟန်းဘဝကိုရယူရာမှာ အကြောင်းအမျိုးမျိုးရှိပါတယ်၊ ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးရှိနေမည်မှာ ဓမ္မတာပါ၊ အဲဒီအမျိုးမျိုးများထဲက မှန်မြတ်သောရည်ရွယ်ချက်များလဲ အများဘဲပါဝင်ကြပါတယ်၊ ဒုက္ခအပေါင်းငြိမ်းစေရမယ်၊ လက်လုမ်းမီရာလူများကိုလဲ ဒုက္ခငြိမ်းရာကို အမှန်အရိုးအတိုင်း ညွှန်ကြားမယ်၊ လက်ရှိဘဝမှာဒုက္ခမငြိမ်းသေးစေကာမူ နောင်တမလွန်မှာ ငြိမ်းစေရမယ်၊ ဒုက္ခမငြိမ်းလျှင်ရှိစေဦး၊ ယခုလဲ ဝတ်စားနေထိုင်မှုအတွက်ချမ်းသာမည်၊ နောင်တမလွန်လဲ ကောင်းရာသုဂတိလားရောက်ရမည်၊ထို့ကြောင့် မည်သည့်ပယောဂမျှမပါဘဲ အအေးချမ်းဆုံးနေထိုင်မည်၊ ယခုကားနိဗ္ဗာန်ကိုမလိုချင်သေး နောင်နိဗ္ဗာန်အတွက်အကောင်းဆုံးသော အထောက်အပံ့ဖြစ်စေမည်၊ အထောက်ပြောင်ဆုံးသော ပါရမီမျိုးစေ့ ရစေမည်....စသည်တို့မှာ မှန်မြတ်သောရည်ရွယ်ချက်များပင်ဖြစ်ပါတယ်။

လူသည်ရင်း၊ရဟန်းသည်ရင်း၊ ပတ်ဝန်းကျင်ဖြင့်နေရသည်ကများတယ်မဟုတ်လား၊ ပတ်ဝန်းကျင်ဟူသည်ကလဲ အကောင်းနဲ၏၊ ထို့ကြောင့် မည်မျှပင် မှန်မြတ်သောရည်ရွယ်ချက်ဖြင့် အစပျိုးသည်ဖြစ်စေ၊ တလွဲတချော် အဆုံးသတ်သွားရသော ပုဂ္ဂိုလ်များလဲ ရှိသမှုအတော်ရှိ၏၊ တချို့လဲရည်ရွယ်ရင်းအတိုင်း တန်းတန်းမတ်မတ်သွားနိုင်၏၊ အချုပ်ဆိုရရင်တော့ မူလရည်ရွယ်ရင်းကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ တကယ် တမ်း ကျင့် ကြံဆောင်ရွက်တဲ့အခါ ကမ်းမှန်လမ်းမှန်ဖြစ်လာမှသာ ကောင်းကျိုးချမ်းသာတွေ့ရမည်ဆိုတာပါဘဲ။

အထက်ဖေါ်ပြပါ သံဃာရာဇာကြီးဟာ ဘယ်လိုပုဂ္ဂိုလ်စားလဲဆိုတာသိသာလောက်ပါတယ်၊ အောက်ပါပုဂ္ဂိုလ်နှင့် နှိုင်းယှဉ်ကြည့်စေချင်ပါတယ်။

## အလိုရမက်

အဲဒီသက္ကရာဇ် ၉၂၁ မှာ ဟံသာဝတီမှာ မဟာစေတီတည် တော်မူတော့ ဌပနာပိတ်ပွဲမှာ ကျောင်းတော်အသီးသီးတင်လှူ သည့်ပွဲလဲပါဝင်ပုံရပါတယ်၊ အဲဒီအချိန်က စကားကျောင်းဟာ လစ်လပ်နေတာမို့ ညီတော်အင်းဝဘုရင်သတိုးမင်းစောကိုဝန်ပြု ပြီး တောင်ပလူကုန်းမှာ သီတင်းသုံးနေတဲ့စာသင်သား သံဃာတ ရာ့လေးကျိတ်ရှိတဲ့ မဟာပရက္ကမ အမည်တော်ရှိ ဘုန်းတော်ကြီး ကိုတောင်းပန်၍ လှူစေပါတယ်၊ဒါကို ဆရာတော်က ငါးကြိမ် တိုင်ငြင်းပယ်တော်မူပါသတဲ့။

စကားကျောင်းဆိုတာ အစဉ်အလာရှိတဲ့ တကယ့်ကျောင်း တော်ကြီးများပေါ့၊ စတုံးကလဲဘုရင်တွေဘဲ၊ နောက်ဆက်လက် စောင့်ရှောက်လာတာလဲ ဘုရင်တွေဘဲ၊ ဒီကျောင်းတွေမှာထိုင် ရရင် မင်းအသိအမှတ်ပြု မင်းကိုးကွယ်ခံ ပုဂ္ဂိုလ်တွေဖြစ်လာရပါ တယ်၊ ကျောင်းတော်ကြီးတွေကအစဉ်အလာ ကြီးမားတာတော့ ဟုတ်ပါတယ်၊ ဒါပေတဲ့ကျောင်းကိုတင်လှူခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဗျောက်သောက်ဖြစ်နေပါတော့တယ်၊ တချို့ကအစဉ် အလာရှိပေမဲ့တချို့ကျတော့လဲတော်အိယောင်အိထဲကဖြစ်နေတာ ကိုလဲတွေ့ရပါတယ်၊ ဒါပေတဲ့ဘယ်လိုဘဲဖြစ်ဖြစ်ဒီကျောင်းတွေမှာ ထိုင်ရပြီဆိုရင်တော့ ဘုန်းအာဏာကြီးမားလာဘို့ သေချာနေပါ တော့တယ်၊ ဒါနဲ့တောင် မဟာပရက္ကမ ဆရာတော်က ဘာပြုလို့ များငြင်းပယ်နေရပါလိမ့်လို့ စဉ်းစားစရာဖြစ်လာပါတယ်။

ဒီလိုဆရာတော်က ငြင်းပယ်လိုက်တယ်ဆိုတာကို မင်းတရား ကြီးကြားတော့....“စကားကျောင်းတော်ကို မရချင်သောပုဂ္ဂိုလ် ရှိပါစိမ့်၊ ငါ့ဆရာဘယ်သို့ နှလုံးသွင်းရှိတော်မူသနည်း၊ ပိဋ္ဋက

ပဏ်သော်ကား လောကဝတ်မကင်း၊ ကျောင်းတော်နှင့်တူ၍ အာဇီဝသန့်ရှိမည်လော”မိန့်ပြီး နောက်ထပ် တောင်းပန်ပြန်ပါ တယ်၊ ဒီအခါ ဆရာတော်က“သာသနာနှင့်တကွ အပ်တော်မူလျှင် လက်ခံမည်”လို့မိန့်လိုက်ပါသတဲ့။

ဒီအတိုင်းဆိုလျှင် ဆရာတော်ဟာအလိုရမက်ကြီးတယ်လို့ထင် စရာပါဘဲ၊ သို့သော်မျှမျှတတစဉ်းစားကြည့်သင့်တာပေါ့၊ ဆရာ တော်သည်ပရိယတ်ကို လွန်အောင် ပျိုးထောင်ပေးနေသည်၊ တ ပည့်သံဃာတရာကျော်ကိုစိတ်ကြိုက်ပြုစုထားသူဖြစ်သည်၊ သာသ နာကိုအတော်ကြီး လေးစားပုံလည်းရသည်၊ စကားကျောင်းမှာ နေရမယ်ဆိုရင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းဟာ ယခုတောင်ပလူ ကုန်းရှိ အသိုင်းအဝိုင်းလိုကောင်းချင်မှကောင်းမည်၊ ဒီအခါစိတ် ဆင်းရဲရမည်၊ အကယ်၍တည်ဇာတအာဏာဖြင့် သာသနာကို ပြုစုနိုင်ခွင့်ရှိမည်ဆိုလျှင် မကောင်းတာကို ကောင်းအောင် ပြုပြင် နိုင်မယ်ပေါ့၊ ပြုပြင်မရတဲ့သူကျတော့လဲ မရသလိုပြုမူနိုင်မယ် ပေါ့၊ ဒီအခါအားလုံးမဟုတ်တောင် အများတော့ကောင်းလာ နိုင်မည်၊ ကိုယ့်စိတ်ကြိုက်ဖြစ်လာနိုင်မည်၊ ဒီရည်ရွယ်ချက်နဲ့ သာ သနာအပ်ဘို့တောင်းတာဘဲလို့ယူဆရပါတယ်။

ဘုရင်မင်းမြတ်ကြီးကလဲ ဆရာတော် အမိန့်အတိုင်း ကျောင်း ကိုတင်လှူပြီး သာသနာကိုပါအပ်နှင်းလိုက်ပါတယ်၊ ဒီအခမ်းအ နားသဘင်မှာ အဝဘုရင်သတိုးမင်းစောကိုယ်တိုင် ရေစက်ချပြီး အပ်နှင်းရပါတယ်။

ဒီကာလအတောအတွင်းဟာ စိတ်တူသဘောတူသူများ အ သီးသီးတာဝန်ယူပြီး တိုင်းပြည်ကိုအုပ်ချုပ်နေချိန်ဖြစ်လို့ ရဟန်း တော်များလဲ အင်မတန်အားတက်သရောရှိပြီး ပိပိရိရိအားထုတ်

တော်မူကြပါတယ်၊ ဒါကြောင့်ဒီအချိန်မှာ သာသနာစည်ပင်လှပါတယ်လို့ ကျမ်းဟောင်းက ဆိုပါတယ်။

## ဟံသာဝတီအရေးအခင်း

သက္ကရာဇ် ၉၂၆-မှာ ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး ဇင်းမယ်ကိုစစ်ချီတိုက်ခိုက်နေတော့၊ ဟံသာဝတီနေပြည်တော်မှာ ရှမ်းပြည်အရပ်ရပ်ကဖမ်းဆီးလာခဲ့တဲ့ သုံ့ပန်းတွေစုရုံး တိုင်ပင်ကြပြီး ပုန်ကန်ထကြွကြပါတော့တယ်၊ မင်းတရားကြီးလဲ မရှိခိုက်ဆိုတော့ ကျန်ခဲ့တဲ့ မှူးကြီးမတ်ကြီးတွေဟာ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေတာပေါ့။

သူပုန်အရေးအတွက်ကလဲ မသေးငယ်လှပါဘူး၊ သုံးသောင်းလောက်ရှိသတဲ့၊ သူပုန်တွေကမြို့တော်ကိုတိုက်မယ်လို့ အသံပေးလာပါတယ်၊ မြို့အစွန်အဖျားနေကြတဲ့လူတွေရော ရဟန်းတွေပါ သူပုန်အားကကြီးလို့မနေဝံ့တာနဲ့ မြို့ထဲကိုပြောင်းကြရပါတယ်၊ လူတွေကများလွန်းတော့ ရိက္ခာအခက်အခဲရှိလာပါတယ်၊ မင်းတရားကြီးထံသတင်းပို့ဘို့ကလဲ မလွယ်လှဘဲကိုး၊ ဒါနဲ့ မှူးကြီးမတ်ကြီးတွေတိုင်ပင်ပြီးဖြစ်တဲ့နည်းနဲ့ ပြန်တိုက်ကြတော့ သူပုန်တွေဟာ အရှုံးနဲ့ချည်း ရင်ဆိုင်ရပါသတဲ့။

ဒီအခါ သူပုန်တွေကလဲ ဖြစ်တဲ့နည်းနဲ့ ဖျက်ဆီးမယ်ဆိုတဲ့ သဘောနဲ့မီးရှို့တော့တာကိုး၊ ရှို့တော့မဟာစေတီက ရွှေစရပ်နှစ်ဆောင်၊ သိမ်ဇရပ်၊ အရှေ့တောင်ထောင့်ကကျောင်းရံ ၂၀ နဲ့ ရွှေကျောင်း၊ ရှင်သဒ္ဓမ္မဘာဝိတကျောင်း၊ ရှင်သာသနဒ္ဓရမဟာသာမိတကျောင်း၊ အရှင်အဘိသင်္ကေတတကျောင်း၊ ဇောတိယာရုံကျောင်းဆိုတဲ့ ကျောင်းတွေကိုကျောင်းရံနဲ့ပါ မီးတိုက်ကြ

ပါတယ်၊ ပီးတော့ ဓမ္မစေတီမင်း ကောင်းမှုတော်ဘုရားတန်ဆောင်းကိုလဲ ရှို့ကြပါတယ်။

နောက်တော့သတင်းတော်များကြားလို့ ဘုရင်မင်းမြတ်ကြီးအလျင်အမြန်ပြန်လာတဲ့အခါ ကောင်းမှုတော်များကို မီးတိုက်ထားတာကိုမြင်ပါရော၊ အမျက်တော်ပြင်းစွာထွက်လွန်းလို့ မြို့တော်တွင်းကိုတောင်မဝင်တော့ဘဲ သူပုန်တွေကိုချက်ချင်းတိုက်ဘို့စီမံတော်မူပါတယ်၊နောက်ဆုံး သူပုန်တွေပျက်တော့ သေသူသေ၊ ပြေးသူပြေးနဲ့ ကြားထဲကအရှင်လတ်လတ်တသောင်းကျော်ဖမ်းမိပါသတဲ့၊ အရပ်ထဲမှာရှိကြတဲ့သူပုန်မယားတွေကိုလဲ စစ်ကြောပီးဖမ်းဆီးပါတယ်၊ အဲဒီဖမ်းမိသမျှတွေကို စပ်ကြီးငါးစပ်နဲ့လှောင်ထားပါသတဲ့။

ဒီလူတွေကိုတိုင်းပြည်အနေနဲ့ ထမင်းမကျွေးပါဘူး၊ မြန်မာ၊ မွန်၊ ယွန်းရဟန်းတော်များဆွမ်းခံလို့ရတဲ့ဆွမ်းကိုဘဲ ပေးလို့စားကြရပါသတဲ့၊ ဒီလောက်များနေတဲ့လူတွေကို ဆွမ်းခံရတဲ့ဆွမ်းနဲ့ဘယ်မှာလောက်နိုင်ပါ့မလဲ၊ မစေ့မငှ၊ မဝတဝစားကြရဟာပေါ့။

တနေ့တော့မင်းတရားကြီးက ရွှေမော်ဓောဘုရားမှာ သံဃာတရာပင့်ပီး ဆွမ်းကျွေးတော်မူပါတယ်၊ ဒီဆွမ်းကျွေးပွဲမှာ တရားဟောတဲ့ဆရာတော်ဂုဏာဝံက အလောင်းတော်မျောက်မင်းဇာတ်ကိုသက်သေပြပီး သာမန်လူတွေထားနိုင်ခဲ့တဲ့ သည်းခံခြင်းတရားကိုသက်ကိုင်ထားဘို့အကျယ်တဝင့်ဟောတော်မူပါတယ်။

ဒီတော့ မင်းတရားကြီးက စဉ်းစားမိပါတယ်“ငါဖမ်းထားတဲ့လူတွေအားလုံးဟာ သူပုန်ချည်းတော့မဟုတ်နိုင်ဘူး၊ တချို့ဟာနိုးရာဓားကြောက်ပီး ပါဘာဖြစ်မှာဘဲ”ပေါ့၊ ပထမတော့အကု

လုံးမီးလောင်တိုက်သွင်းမယ်လို့ စိတ်ကူးထားပါတယ်၊ ခုတော့မှ စစ်ကြောမေးမြန်းပြီး ခေါင်းဆောင် ၇၀ ကျော်ကိုသာကွပ်မျက်လိုက်ပါတယ်၊ ကျန်တဲ့တသောင်းကျော်ကိုလဲ ထုံးစံနဲ့အညီမီးတိုက်မယ်ဆိုပြီး မီးတိုက်မဲ့ဟန်အမူအရာတွေလုပ်ကြရပါတယ်၊ မီးလောင်တိုက်သွင်းခံရတော့မယ်ဆိုတော့ မကြောက်တဲ့လူဘယ်ရှိမလဲ၊ မျက်စိမျက်နှာပျက်ပျက်နဲ့ အားကိုးရာ မျှော်ကြတာပေါ့၊ ဒီတော့မှ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဆရာတော်များက မေတ္တာရပ်ခံပြီး လွှတ်လိုက်ရပါတယ်။

လွှတ်မယ်လို့ စိတ်ပိုင်းဖြတ်ပြီးရက်သားနဲ့ ရဟန်းတွေရဲ့မေတ္တာရပ်ခံချက်ကြောင့် လွှတ်လိုက်ရသလိုလို လုပ်တာကတော့ဆူပူသူများလဲ နောင်မဆူရဲအောင်၊ ရဟန်းများရဲ့ဂုဏ်သိက္ခာကိုလဲမြင့်သွားအောင်လုပ်လိုက်တဲ့သဘောပါ။

ဒီ အရေးအခင်းမှာ ဘုရင့်ဘက်အနေနဲ့တော့ အားလုံးကိုသတ်သင့်တယ်လို့မြင်မှာပေါ့၊ ဆရာတော်များဘက်ကတော့အားလုံးကိုမသတ်သင့်ဘူး၊ သတ်သင့်သူကိုသာ သတ်ထိုက်တယ်လို့မြင်ပါတယ်၊ ဒါပေတဲ့ ဒီလိုဟောရင် ဝိနည်းသိက္ခာပုဒ်နဲ့မလွတ်လို့အားလုံးအပေါ်မှာသည်းခံထိုက်တယ်လို့ ဟောလိုက်တာနဲ့တူပါတယ်၊ ဒီနေရာမှာရဟန်းတွေဟာ တိုင်းပြည်အရေးကိုဝင်စွက်ဖက်လို့မဆိုနိုင်ပါဘူး၊နောင် တွေးမိတိုင်း စိတ်ဆင်းရဲစေမဲ့ အမှားကြီးတခုကိုကျူးလွန်မိမှာစိုးလို့ သတိပေးတာသာ ဖြစ်ပါတယ်။

ဘုရင့်နောင်လို့ခေါ်တဲ့ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးဟာ ၉၃ ခုမှာနတ်ရွာလားပါတယ်၊ ဒီသက္ကရာဇ်အတွင်းမှာနိုင်ငံဟာလဲအတော့်ကို သိပ်သည်းကျစ်လစ်လာပါတယ်၊ အစွန်အဖျားလောက်သာပွစိပွစိဖြစ်တာပါ၊ ဘုရင့်နောင်ဟာ သာသ

နာပြုကောင်းလှပါတယ်၊ သာသနာမတည်ရှိသေးတဲ့နေရာဒေသတွေမှာ သာသနာတော်ကိုတည်စေပြီး တည်ရှိပြီးတဲ့ဒေသတွေမှာလဲဖွံ့ဖြိုးစေပါတယ်၊ သူ့လက်ထက်မှာရဟန်းတွေရဲ့ကောင်းသတင်းကိုသာ တွေ့ရကြားရတာကတော့ သူရဲ့တော်ဖြောင့်မှုကြောင့်ဘဲလို့ယူဆရပါတယ်။

## ငါးဆူဒါယကာနှင့် ရဟန်းများ

ငါးဆူဒါယကာ နန္ဒမင်းလက်ထက်ရောက်တော့ တိုင်းပြည်အစည်းအရုံး ပျက်ပျယ်လာပါတော့တယ်၊ မင်းကလဲအရည်အသွေးအနည်းငယ်သည့်ပါတယ်၊ သူ့လက်ထက်မှာ "ရဟန်းများမင်းတိုင်းကြောက်၍ ရဟန်းပြုသည်၊ ဝိနည်းကျမ်းဂန်နှင့်အညီမကျင့်"လို့ စွပ်စွဲပြီးနှိသျှည်းပေးရပါတယ်၊ နှိ သျှည်း မ နာ ခံ တဲ့ ရဟန်းများကိုလူထွက်စေပါတယ်၊ ဘားမဲ့ ဘားတမေ့ဘုန်းကြီးများကိုလဲ အယုံအကြည်မရှိလို့ ညောင်ရမ်းကိုပို့ရပါတယ်၊ အချို့သောမွန်ရဟန်းများကိုလဲ အဝ၊ စစ်ကိုင်း၊ ရှမ်းပြည်အသီးသီးကိုပို့ရပါတယ်။

ဘားမဲ့၊ ဘာတမေ့ဘုန်းကြီးများဟာ လောကီရေးရာကျွမ်းကျင်သူများဖြစ်လို့ မယုံကြည်တာနဲ့ ဘဲတူပါတယ်။

ခမည်းတော် ဘုရင့်နောင်မင်းတရားကြီး လက်ထက်ကလဲ ရဟန်းများဉယျာဉ်ပန်းမလ်ပျိုးထောင်တာကို ဝိနည်းနဲ့မညီဆိုပြီး ဖျက်ဆီးရပါတယ်၊ ဝိနည်းနဲ့မညီတဲ့ရဟန်းများကိုလဲ စစ်ကြော၍ လူထွက်စေရပါတယ်၊ သို့သော် ခမည်းတော်ဘုရင်နဲ့ သားဘုရင်တို့ရဲ့ စိတ်ထား နှလုံးထားမှာတော့ အများကိုကွာခြားဟာပေါ့၊ ဘုရင့်နောင်က ရဟန်းတွေအပေါ်မှာ မျက်ခြေမပြတ်ရှုပြုနေတာဟာ ရဟန်းများအကျင့်သိက္ခာချွတ်ယွင်းပြီး သာသ

နာတော်ညစ်နွမ်းမှာစိုးတဲ့အတွက်ဖြစ်ပါတယ်၊ သားဘုရင်ရဲ့ဂရု ပြုပုံကတော့ ရဟန်းတွေအပေါ်မယုံကြည်လို့ ဂရုစိုက်ကြည့်နေ ခြင်းပါ။

ဒီမှာ စဉ်းစားစရာဖြစ်လာရပုံက ဘုရင့်နောင်မင်းတရားကြီး ဟာ ဘားမဲ့ ဘားတမော့ဘုန်းကြီးများကိုလဲ ဆည်းကပ်သည်မ ဟုတ်လား၊ထိုဘုန်းကြီးများရဲ့အလုပ်ကကောဝိနည်းနဲ့ညီသလား၊ အဲဒီဘုန်းကြီးတွေကိုတော့ လူမထွက်ခိုင်းဘဲနဲ့တခြားရဟန်းတွေ ကိုတော့ ဘာကြောင့်လူထွက်စေရသလဲ-ဆိုတဲ့ကိစ္စပါ။

ဝိနည်းနဲ့အညီဆိုတဲ့စကားကို အလေးအနက်စဉ်းစားသင့်တာ ပေါ့၊ ရဟန်းဟူသည် ဝိနည်းတော်အတိုင်း တသေ့မတိမ်းနေထိုင် သွားရမည်သာဖြစ်၏၊ ဝိနည်းအတိုင်းဆိုသည်မှာ-အာပတ်အပြစ် သင့်ခဲ့သော် အပြစ်အလျောက်ကုစားကြရမည်သာ ဖြစ်၏၊ အ ပြစ်မဖြစ်အောင်ကြိုးစား၍နေထိုင်ရမည်၊ ဖြစ်ခဲ့သော်အပြစ်အာ လျောက် ကုစားရမည်၊ အပြစ်ဆိုတာကတော့ ၂၂၇ ပါးသော သိက္ခာပုဒ်များကို ကျူးလွန်ခြင်းအပြင် ရဟန်းနှင့်မလျော်ကန် သော အပြုအမူဟူသမျှ အပြစ်ချည်းသာပေါ့။

ဗေဒင်ပညာ၊ ဆေးပညာစသောလောကီပညာရပ်များသည် ရဟန်းများအတွက်မတတ်အပ်သောပညာတွေမဟုတ်ပါ၊ ပညာ ရပ်တခုအနေဖြင့် ရှေးခေတ်နာမည်ကျော်ဆရာတော်ကြီးများပင် လေ့လာသင်ကြားတတ်မြောက်ထားကြသေးတာကိုး၊ သို့သော် အသုံးပြုဘို့အတွက်မှာတော့ အတိုင်းအတာနဲ့ရှိနေပါတယ်၊ ဒါ ကိုသိချင်ကြရင် ဝိနည်းကိုလေ့လာကြပါလို့ဘဲ ပြောစရာရှိပါ တယ်။

ဗေဒင်ပညာဆိုတာကလဲ အထူးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များမှာ ခရေစေ့တွင်းကျမှန်ကန်တတ်လေတော့၊ ဒီအချက်ကိုကဘဲ မင်း

ကြိုက်စိုးကြိုက်ဖြစ်နေတော့တာကိုး၊ အင်မတန်စည်းစိမ်ကြီးမား လေ ထိုစည်းစိမ်တည်မြဲမှုအတွက်လိုလားလေပေါ့၊ ဒီတော့ဆက် နွယ်နေတဲ့ဗေဒင်ဟာ အားကိုးရာဖြစ်လာတာပေါ့၊ ဗေဒင်ဟော စားခြင်းတော့မဟုတ်၊ မင်း၏အရှိန်အဝါကြောင့် တတ်သည့် ပညာမနေသာလုပ်လိုက်ရခြင်းပေဘဲ....လို့ သဘောထားကြလေ ရော့သလားမသိ၊ ရှေးမြန်မာဘုရင်အများအပြားဟာ ဗေဒင်ကို လက်မလွှတ်နိုင်ကြလို့ ထိုသို့သောဆရာသမားကြီးများအားလည်း တတပ်ဘအားအနေဖြင့် အားကိုးအားထား ပြုနေကြတာ က တော့ အထင်အရှားပါဘဲ။

ရဟန်းအချို့ကို လူထွက်ခိုင်းတယ်ဆိုတာကတော့ လွန်လွန်း အောင်အကျင့်ပျက်နေတဲ့ရဟန်းများဘဲဖြစ်တန်ရာပါတယ်၊ ထွက် ခိုင်းလို့ထွက်ရသူများအနက်က တချို့လဲဝမ်းသာကြလိမ့်မယ်လို့ ထင်ရပါတယ်။ဘာပြုလို့လဲဆိုတော့ ရဟန်းဘဝရရှိထားသူတိုင်း ထိုဘဝကိုမက်မောတွယ်တာနေကြတာတော့ မဟုတ်ဘဲကိုး၊ အ ကူးသဖြင့် ငယ်ရွယ်သူ ရဟန်းပျိုကလေးများမှာ ပို၍ပင်စိတ်လှုပ် ရှားတတ်ကြပါတယ်၊ မိဘကိုသနားလို့၊ ဆရာသမားကိုငဲ့ညှာ လို့၊အောင့်အည်းနေရကြတဲ့ပုဂ္ဂိုလ်များအဘို့တော့ငိုချင်ရက်လက် တို့-ဖြစ်သွားမည်သာဘဲပေါ့၊ ရဟန်းဘဝကို မမက်မောလှပေမဲ့ စားဝတ်နေရေးချောင်လည်တဲ့အတွက် တွယ်ကပ်နေသူများအ ဘို့တော့ အနည်းငယ်အခက်ခဲရှိမှာဖြစ်ပေတဲ့ ကိုယ်မနေချင်တဲ့ ဘဝကဆင်းလာရတဲ့အတွက် သိပ် တော့ မ ထောင်း တာ လှ လို့ ဘုရင်ကြီးရဲ့ဆောင်ရွက်ချက်တွေဟာ ရိုင်းစိုင်းတယ်၊ မှားယွင်း တယ်လို့မဆိုနိုင်ဘူးပေါ့။

ငါးဆူဒါယကာလက်ထက် ရဟန်းတွေအပေါ်အရေးယူပုံမှာ တော့ တိုင်းပြည်အနေနဲ့ စိတ်မချမ်းသာစရာ ဖြစ်လာရပါတယ်၊

ဝိနည်းနဲ့ မညီလို့အရေးယူခြင်းမျိုးကိုဖြေနိုင်စရာရှိပေမဲ့ အယုံအကြည်ကင်းလို့ အရေးယူခြင်းမျိုးကတော့ မကောင်းလှဘူးပေါ့၊ တခုတော့ရှိသပေါ့၊ရဟန်းတွေကိုယ်တိုင်က အရေးယူခံရလောက်အောင် ချွတ်ယွင်းနေတယ်ဆိုရင်တော့လဲ သူ့ထိုက်နဲ့သူ့ကံလို့ သဘောထားရမှာပေါ့၊ အလကားနေရင်း အယုံအကြည်ကင်းနေတာမျိုးဆိုရင်တော့ ဘုရင့်အပြစ်လို့ဆိုရမှာပါဘဲ။

ဒါက ဟံသာဝတီမှာဖြစ်နေတဲ့ အခြေအနေပါ၊ တခါ အဝဘက်လှမ်းကြည့်ကြပါအုံးစို့၊ ငါးဆူဒါယကာနန်းတက်လို့မကြာခင်မှာဘဲ အဝမှာ သားတော်မင်းရဲကျော်စွာကို ဘုရင်ခံခန့်ပါတယ်၊ မင်းရဲကျော်စွာဟာ သူ့ အရင် အုပ် စိုး သွား တဲ့ သတိုးမင်းစော အားထုတ်ကြိုးပမ်းသွားလို့အတော်ကြီးကိုသာယာလှပစည်စည်ကားကားကြီးဖြစ်နေတဲ့ အဝရွှေမြို့တော်ကြီးကို အဆင်သင့်အုပ်စိုးရတာပါ၊ ဒါပေတဲ့မင်းရဲကျော်စွာက ဒါလောက်နဲ့မကျေနပ်ဘူး၊ ထပ်ပီးကြိုးစားပါတယ်၊ မြို့ကြီးကိုလှသထက်လှအောင်ပြုပြင်တယ်၊ ကျောင်းတော်ကြီးများကိုလဲဆောက်ပြီး အစဉ်အလာရှိတဲ့ဆရာတော်များကိုလှူတယ်၊ သူပိုင်ဆိုင်တဲ့နယ်မြေအတွင်းမှာ ဆည်မြောင်းချောင်းကန်တွေကိုလဲသိပ်ကိုပြုပြင်ဖော်ထုတ်ပါတယ်၊ အကဲခပ်ရတာဖြင့် မင်းရဲကျော်စွာဟာအတော့်ကို အလှုကြိုက်တယ်လို့သိရပါတယ်။

သက္ကရာဇ် ၉၅၄ မှာ အိမ်ရှေ့မင်းအနိစ္စရောက်တော့ သားတော် အဝဘုရင် မင်းရဲကျော်စွာကို အိမ်ရှေ့ခန့်မယ်လို့ အမိန့်တော်နဲ့ခေါ်ရပါတယ်။ ဒီအခါမင်းရဲကျော်စွာက သူပြုပြင်ထားတဲ့အဝမြို့ကြီးကို သူတပါးကိုမပေးရက်လို့တဲ့ - အကုန်လုံးဖျက်ပီး ဟံသာဝတီကိုယူဘို့ စီမံပါတယ်၊ ၉၅၆ ခု တော်သလင်းလမှာမှ

ရွှေ့ရမဲ့ဟာကို ဝါဆိုဦးကတဲက အားလုံးဖျက်သိမ်းပြီး စီစစ်ကြရပါတယ်၊ ယူလို့မဖြစ်လို့လား မကောင်းလို့လားတော့မသိ၊ ဗဟိုရုံစည်ကြီးကို သစ္စလျှောင်းဘုရားမှာလှူပါသတဲ့၊ နာရီဗဟိုရ်ခေါင်းလောင်းကြီးကိုတော့ ပညစေတီက ဇရပ်ကြီးမှာ ဆွဲပြီးလှူထားလိုက်ပါသတဲ့။

ဒါပြင်တော့ အိမ်ကျောင်းဇရပ်မကျန် အကုန်လုံးဖျက်ယူတာ ဘိုင်တောင်မကျန်ပါဘူးတဲ့၊ အဲဒီတုံးကများ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း ဝန်းကျင်ကျေးရွာတွေမှာ လူသူရဟန်း မရှိရလေအောင် အားလုံးကိုဘဲခေါ်ယူသွားပါသတဲ့၊ အဝမြို့ကြီးဟာလဲ ကျီးနဲ့ဖုတ်ဖုဘဲဖြစ်ကျန်ခဲ့တာပေါ့၊ရဟန်းတွေကိုလဲ အကုန်လုံးပင့်သွားတာပါဘဲ။

အဲဒီမှာအချို့မလိုက်လိုတဲ့ရဟန်းတွေလူဒကာတွေဟာတချို့လဲရှမ်းပြည်၊ တချို့လဲတောင်ငူ၊ တချို့လဲအညာတကောင်းစတဲ့လွတ်ရာကိုပြေးပြီး ပုန်းရှောင်ကြရပါတယ်၊စစ်ကိုင်းမှာစာသင်နေကြတဲ့ ဆရာတော်သံဃာတော်များလဲ ချောက်နက်ရှိုင်းရာမှာ ပုန်းအောင်းပြီးနေကြရသတဲ့၊ အဝနဲ့ပင်းယနှစ်မြို့ဟာ ခုနစ်နှစ်လုံးလုံးလူသူမရှိဘဲ တောကြီးအုံကြီးဖြစ်ပြီးနေပါသတဲ့။

မြန်မာဘုရင်များလက်ထက်က ရဟန်းတွေဟာဒီဒုက္ခလောက်တော့ရှိးနေဟန်တူပါတယ်၊ တပြည်တရွာကိုစစ်နိုင်ပြီဆိုရင် အဲဒီမှာရှိတဲ့ရဟန်းတွေကိုလဲချန်မထားပါဘူး၊ အထူးသဖြင့်တော့ အရည်မရှိတဲ့ရဟန်းဆိုရင် ပုန်းလို့ရှောင်လို့မရနိုင်လောက်အောင်ပါဘဲ ဟောဒါထဲသိမ်းကျုံးပြီး ...ခေါ်သွားတတ်ကြပါတယ်၊ တဖက်ကနိုင်ငံပြန်လဲ ဒီလိုဘဲလုပ်တာပါဘဲ၊ တနေရာရွှေ့ပယ်ဆိုရင်လဲဒီလိုပါဘဲ။

မြန်မာဘုရင်များဟာ နန်းတက်တယ်ဆိုကတဲက "ဘုန်းတော်အလွန်ကြီး၍၊ သက်တော်အလွန်ရှည်၍ သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ ပြည်သူလူရဟန်းတို့စီးပွား၊ သားတော်အစဉ်မြေးတော်အဆက်၊ မြစ်တော်အညွန့်တိုင် ရှည်မြင့်စွာအောင်တော်မူစိမ့်သောငှာ ဤသည့်မြေနန်းတော်ကိုစီရင်သည်၊ တက်တော်မူပါ"လို့-ပြည်သူအများကိုယ်စား ပုရောဟိတ်တွေကတောင်းဆိုလျှောက်ထားပြီး ဘိသိက်ရေစင်သွန်းတာကို.... "အထူးထူးသောအလှူကိုပေးတော်မူသောအားဖြင့် ဤသို့သောကောရာဇ်မင်းအဖြစ်ကိုရတော်မူသည်၊ ပြည်သူလူရဟန်းတို့စီးပွားချမ်းသာကိုရှာတော်မူအံ့သော၊ တရားနှင့်လျော်စွာလည်း ဆုံးမအံ့သော၊ ငါ၏ကိုယ်တော်လည်း ရောဂါခပ်သိမ်းကင်း၍ သက်တော်အလွန်ရှည်လိုသော၊ ရန်မာန်ခပ်သိမ်းကိုလည်း အောင်လိုသော...."လို့ အဓိဋ္ဌာန်ပြုပြီး နန်းတက်လာတာဖြစ်ပါတယ်။

ဒီတော့ဘုရင်အနေနဲ့ တာဝန်ယူရတဲ့အထဲမှာ သာသနာတော်လဲပါလာတာပေါ့၊ သာသနာတော်ပွားစီးအောင် သာသနာတော်ထမ်းရဟန်းတွေကိုပြုစုရပါတယ်၊ ချီးမြှင့်ရပါတယ်၊ ဒါကြောင့်သူတို့ပြုစုချီးမြှင့်ထားတဲ့ ရဟန်းတော်တွေကို သူတို့သွားရာနေရာမှာပင့်ခေါ်သွားပြီး ကိုးကွယ်တာဟာ ရဟန်းတွေကိုညှဉ်းဆဲရာမရောက်ဘူးလို့ ဘုရင်တွေက ယူဆပုံရကြပါတယ်။

ပရိယတ် ပဋိပတ်အလုပ်ဆိုတာ တည်တည်ငြိမ်ငြိမ်နဲ့လုပ်ရတဲ့အလုပ်မျိုးပါ၊ အပြောင်းအရွှေ့များတာနဲ့အမျှ အလုပ်မှာလဲထိခိုက်တတ်ပါတယ်၊ သပ္ပါယမမျှလို့ မျှတဲ့နေရာကို ကိုယ့်ဘာသာပြောင်းတာမျိုးကတော့ မထိခိုက်ပါဘူး။

ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံလို့မကြာခင်မှာဘဲ တိုင်းပြည်ဟာမငြိမ်မသက်ဖြစ်လာပါတယ်၊ ပြည်ပိုင်မင်းတွေလဲအလုပ်

များလာပြန်ပါတယ်၊ တိုင်းရေး ပြည်ရေး အလုပ်ရှုပ်တော့ သာသနာရေးမှာ လစ်ဟင်းကြရော၊ ဒီအချိန်မျိုးဟာ သဒ္ဓါ ပဗ္ဗဇိတပုဂ္ဂိုလ်များကလဲလို့ ကျန်ပုဂ္ဂိုလ်တွေဟာ အမူအကျင့် ရေ့ရဲလာတတ်တဲ့အချိန်မျိုးဖြစ်ပါတယ်၊ ဒါကလဲ အနဲစုသာပါ၊ တိုင်းပြည်မငြိမ်သက်တိုင်းသာ ရဟန်းအများစု အကျင့်ပျက်ကြ မယ်ဆိုရင် သီပေါမင်း ပါတော်မူတဲ့အချိန်အထိမှာ ရဟန်းတွေ တပါးမှတောင် ကျန်လောက်ရောမရှိပါဘူး။

## ညောင်ရမ်းခေတ်

သက္ကရာဇ် ၉၅၉-ရောက်တော့ အဝကနေ အောက်မြန်မာ ပြည်တလွှား အတော်မငြိမ်မသက်ဖြစ်နေပါပြီ၊ စစ်ရေး စစ်ရာနဲ့ လူဒုက္ခတွေ ရုတ်ရုတ်ရက်ရက်ဖြစ်နေတဲ့ကြားမှာ ရဟန်းတွေ ဘယ်လိုဖြစ်နေကြမယ်ဆိုတာ စဉ်းစားကြည့်စရာပါဘဲ၊ အဲဒီ အချိန်မှာ ဘုရင့်နောင်သားတော် တဦးဖြစ်တဲ့ ညောင်ရမ်းမင်း သားဟာ တစတစနဲ့ အထက်မြို့ ကျေးလက်များကို သိမ်းပိုက်ပြီး အဝကို ရောက်လာပါတယ်၊ သုံးနှစ် လေးနှစ် လူသူကင်းပြီး ငံတောကြီးမျက်မဲဖြစ်နေတဲ့ အဝမြို့ကြီးကို အဲဒီနှစ်မှာဘဲ ပြန်လို့ တည်ထောင်ပါတယ်။

ညောင်ရမ်းမင်းသားဟာ သူနဲ့အတူ ဘားမဲ့၊ ဘားတမော့ ဆရာတော်နှစ်ပါးနဲ့ သံဃာငါးဆယ်ကိုလဲ တပါတည်းပင့်လာပါ သတဲ့၊ အဝနန်းရောက်တော့ ဆိတော်ရပ်ဆိုတာမှာ ယာယီတဲနန်း ထိုးပြီးနေတုန်း တနေ့မှာ တဲတော်ကို မီးလောင်ပါရော၊ ဒါနဲ့ ဘားမဲ့ဆရာတော်က အကြောင်းမေးမြန်းတော့ ကိစ္စမရှိဘူး မီး တောက် မီးလျှံ လုံ ဘုန်းတန်ခိုးကြီးပါလိမ့်မယ်လို့ဟောပါတယ်၊

ဟုတ်လဲဟုတ်ပါတယ်၊ အနီး အနားရှိကြတဲ့ မြို့ရွာ နယ်ပယ်တွေကို အလွယ်တကူဘဲ အလိုပြည့်ပါတယ်၊ ဒီလိုတိုက်ခိုက်သိမ်းပိုက်ရင်းနဲ့ အဝကိုရောက်လာတာဖြစ်ပါတယ်။

အဝရောက်တော့ အဝဘုရင် မင်းရဲကျော်စွာရဲ့ အချီတော် လက်ရွေးကြီးမှူးတို့က စစ်ကိုင်းဘက်က ခံနေကြတာကိုး၊ ဒါနဲ့ ညောင်ရမ်းမင်းတရားက တိုင်းပြည်ရဲ့ အခြေအနေကို ဖော်ပြပြီး သူ့ကို သစ္စာခံမလား၊ စစ်ပြိုင်တိုက်မလားလို့ မေးတော်မူပါတယ်၊ ဒီတော့ လက်ရွေးကြီးမှူးတို့က စဉ်းစားတယ်၊ သူတို့ စဉ်းစားတာက ညောင်ရမ်းမင်းဟာ အပျော့အညံ့ မဟုတ်ဘူး၊ လုပ်ရည်ကြံရည်ရှိတယ်၊ တခါတုံးက တူရွင်းခြေအရပ်မှာ သီတင်းသုံးနေတဲ့ တောနေရဟန်း ရှင်မဟာရာမဆိုတာကို တိုင်းပြည် အခြေအနေနဲ့ ပတ်သက်ပြီး လျှောက်ထားဘူးတယ်၊ ဒီရှင်မဟာရာမဆိုတာက ဗေဒင်လဲကောင်းတယ်၊ ပိဋကတ်မှာလဲ အင်မတန်တော်တဲ့ စွယ်စုံပုဂ္ဂိုလ်ဘဲ။

အဲဒီအရှင်က ဘာပြောသလဲလို့ဆိုတော့ ညောင်ရမ်းစားဟာ ဇာတာစန်းလက်ကောင်းလှတယ်၊ သားစဉ်မြေးဆက် ဘုန်းတန်ခိုး ထွားတို့ သိုက်တဘောင်လဲရှိတယ်၊ ဒါကြောင့် ဟံသာဝတီပျက်ရင် တခြားကို မမှီနဲ့၊ ညောင်ရမ်းစားမှာသာ ကျွန်ခံလို့ ပြောဘူးတာကို အမှတ်ရမိတယ်။

အဲဒါနဲ့ လက်ရွေးကြီးမှူးတို့ ညောင်ရမ်းမင်းမှာကျွန်ခံလိုက်ပြီဆိုတာကြားတော့ အဲဒီဘက်တလွှားမှာရှိကြတဲ့ မြေဒူး၊ တပယင်း အစရှိတဲ့ မြို့စား နယ်စားတွေလဲ အားလုံး ဝင်လာကြတော့တာပါဘဲ။

၉၆၁-မှာ အဝမြို့တော်ကို ဒုတိယအကြိမ် ပြုပြင်ပြီးစီးလို့ ညောင်ရမ်းမင်း အဲဒီမှာ နန်းတက်ပါတယ်၊ ၉၆၄-ရောက်တော့ လေးထပ်ကျောင်းကြီးကို ဆောက်ပါတယ်၊ တောင်ဘီလူး ပထမ ဘုန်းတော်ကြီးကိုရည်ပြီး ဆောက်တာပါဘဲ၊ ကျောင်းမပြီးခင် ၉၆၇-ခုနှစ်၊ ရှမ်းပြည်က အပြန်မှာ နတ်ရွာလားတာနဲ့ သားတော် အိမ်ရှေ့ဥပရာင်နန်းတက်ရပါတယ်၊ ဒီမင်းကို အနောက်ဘက်လွန်မင်းလို့ ရာဇဝင်က သမုတ်ပါတယ်။

## လေးထပ်ကျောင်း

၉၆၈-ခုမှာ ခမည်းတော်လက်ထက်က မပြီးသေးတဲ့မဟာမုနိဘုရားနဲ့ လေးထပ်ကျောင်းကြီးကို တန့်တိုင်းနှစ်ထပ်၊ ကျောင်းရံ ၄၀-နဲ့အတူ အပြီးဆောက်ပါတယ်၊ ဘုရားရော ကျောင်းရော ပြီးတော့ အင်မတန် သာယာကြည်နူးဘွယ်ဖြစ်ပါသတဲ့၊ ဒါနဲ့ ကျောင်းတင် လှူမယ်လုပ်တော့ ပထမရည်ရွယ်ရင်း တောင်ဘီလူး ဘုန်းတော်ကြီးမရှိတာနဲ့ တူရှင်းခြေတောင်မှာနေတဲ့ ဘုန်းတော်ကြီးကို ငါကိုယ်တော်တိုင် လျှောက်ထားပြီး ကျောင်းလှူမယ်လို့ ဆိုပြီး မှူးကြီးမတ်ကြီးများကို ဆွမ်းစားပင့်ခိုင်းပါတယ်၊ နှစ်ကြိမ်တိုင် ပင့်ပေတဲ့ မကြွလာဘူးတဲ့၊ သုံးကြိမ်မြောက် လာပင့်တော့ တပည့်သံဃာတွေက လိုက်သင့်ကြောင်း ဝိုင်းဝန်းလျှောက်ထားကြတာနဲ့ "တိုင်းပြည်ကို နှိပ်စက်လို့ရတဲ့ဆွမ်းကို ငါမစားချင်လို့ မလိုက်တာ၊ သံဃာအများက လိုက်စေလိုရင်တော့လိုက်ပါ့မယ်" လို့ ဝန်ခံပါသတဲ့။

ဒီတော့မှ မှူးကြီး မတ်ကြီးများက "ဆရာတော် ကြွတော်မူလျှင် ကျောင်းနဲ့ ဘုရားကြားက ကြွတော်မူပါ" လို့ မင်းတရား

ကြီးစာ မှာလိုက်ကြောင်း လျှောက်ထားကြပါတယ်၊ ဒါနဲ့ ကြွသွားလို့ နန်းတော်ရောက်တော့ ကျောင်းနဲ့ဘုရားကြားက ကြွခဲ့ပါဆိုလို့ အဲဒီကဘဲ ကြွလာတဲ့အကြောင်း ဆရာတော်က မိန့်တော့ "ကျောင်းနဲ့ဘုရားဟာ အလွန်သာယာပါသည်၊ အာရုံ အာရမ္မဏိကလည်း သင့်သည်၊ သူတော်သူမြတ်တို့ မွေ့လျော်ဘွယ်ရာဖြစ်ပါသည်" လို့ မင်းတရားကြီးကလျှောက်ထားတာကိုး။

ဒီတော့ ဆရာတော်က "တောနေရဟန်းနဲ့ဆိုရင်တော့ သမင်ကို လင်းလွှားပြသလိုနေတာပါဘဲ" လို့ မိန့်ပါသတဲ့၊ လင်းလွှားဆိုတာ သမင်ကို ချောက်လှန့်တဲ့ ပစ္စည်းတခုနဲ့ တူပါတယ်၊ ဆရာတော်က ဒီလိုမိန့်တော့ မင်းတရားကြီးက "ဘုန်းတော်ကြီးကို ကျွန်ုပ်မဘိတ်ပါသေး" လို့ ဆိုသတဲ့၊ တခါ ဆရာတော်က "ဘိတ်လဲ မနေနိုင်ပါဘူး" လို့ ပြန်မိန့်ပါသတဲ့။

ဒါကိုက အင်မတန် ကြည်ညိုစရာ ကောင်းပါတယ်၊ ဒါနဲ့ အလ္လာပ သလ္လာပ ပြောပြီး ဆရာတော်လဲ ပြန်ကြွခဲ့တာပေါ့၊ ဒီတော့မှ ဘုရင်ကြီးက "ဒီဆရာတော်ကို ပင့်လို့တော့ ရမှာ မဟုတ်ဘူး၊ ဒါပေတဲ့ သင့်တော်တဲ့ ဆရာတော်တပါးကို ညွှန်ပြပါလို့ သွားလျှောက်ချေကြ" ဆိုပြီး လူလွှတ်ပြန်ပါတယ်၊ ဒါနဲ့ ဆရာတော်က အဲဒီတောင်မှာနေတဲ့ အရှင်မဟာရာမဆိုတာကို ညွှန်ပြပါတယ်၊ စာပေပရိယတ်လဲ ကျွမ်းကျင်တယ်၊ သာသနာတော်ကိုလဲ အလွန်ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ပါဆိုပြီး ညွှန်ပြလိုက်တာပါ။

အများအားဖြင့်တော့ ကိုယ့်အိတ်ထဲ ကိုယ်ထဲ့တာ များပါတယ်၊ ဒီမှာတော့ တူရှင်းခြေတောင်ဆရာတော်ကို ကြည်ညိုပြီးရင်း ကြည်ညိုရင်းဖြစ်ရပါတယ်၊ ဘုရင်မင်းမြတ်ကြီးနဲ့ ဆရာရင်း

ဒကာရင်းဖြစ်ရဘို့ဆိုတာ သာမန်အားဖြင့်ဆိုရင် အင်မတန် လို လားတောင့်တနေကြတဲ့ လာဘ်ကြီးပေါ့၊ ဒါကိုစွန့်ပယ်ပီး ရှင်မ ဟာရာမဆိုတာကို လှူပေးနိုင်တာဟာ ပုထုဇဉ်ထဲမှာဖြင့် ရှာမှ ရှားပေါ့ဘဲ၊ တခါ ရှင်မဟာရာမဆိုတာက သူ့တပည့်လဲမဟုတ်၊ ဆရာလဲမဟုတ်၊ဆွေမျိုးလဲမဟုတ်၊ တ‌ဒေတောင်ထဲမှာ အတူနေကြတဲ့ အသိတပါးသာဖြစ်ပါတယ်၊ ဒီလိုဘာမှ ဆက်စပ်မှုမရှိတဲ့ ပုဂ္ဂိုလ် တော် တဦးကို သာသနာတော်ရဲ့မျက်နှာကို ထောက်ထားပီး လှူ ပေးနိုင်တဲ့ ဓမ္မဓိဋ္ဌာန်ကျမှုဟာလဲ တကယ့်ကို ကြည်ညိုစရာပါ။

အဝဘုရင် မင်းရဲကျော်စွာ ဟံသာဝတီ ပြောင်းရွှေ့သွား တုံးက အင်းဝနဲ့ ပင်းယတို့မှာ လူသူမရှိလေတော့ တူရွင်းခြေ တောင်မှာ သီတင်းသုံးနေကြတဲ့ ရဟန်းတွေမှာ ဆွမ်းခံစရာမရှိ ဘူးပေါ့၊ ဒါကြောင့် ပြင်စည်၊ မိတ္ထီလာ စတဲ့ ကိုးခရိုင်တလွှားမှာ ဆွမ်းရပ်ခံပီး အာဟာရကို မျှတကြရပါတယ်၊ အစည်းအလုံး မပျက် ပရိယတ် ပဋိပတ်ကို အားထုတ်နိုင်ကြပါတယ်။

ဟံသာဝတီဘုရင် စစ်ရှုံးအရေးနိမ့်လို့ တောင်ငူကိုပါရလေတဲ့ အခါမှာတော့ အဝကပင့်သွားတဲ့ ရဟန်းအချို့ဟာ ကိုယ့်ဒေသ ကိုယ်ပြန်ကြကြပါတယ်၊ အဲဒီအထဲမှာ ရှင်မဟာရာမနဲ့ စစ်ကိုင်း က အရှင်တိပိဋကဓရတို့လဲပါတာပေါ့၊ ခုနက လေးထပ်ကျောင်း ကို လှူအပ်ခံရတဲ့ ရှင်မဟာရာမဆိုတာ အခုပြောတဲ့ ရှင်မဟာရာမ ပါဘဲ၊ အရှင်တိပိဋကဓရ ဆရာတော်ကိုတော့ စစ်ကိုင်း ပုည စေတီအနီးမှာ ကျောင်းဆောက်ပီး ကိုးကွယ်ပါတယ်၊ အခြား ဆရာတော်တွေကိုလဲ ထိုက်သလို ချီးမြှောက်ပါတယ်၊ ဘုရင်နဲ့ ဘကွ တိုင်းပြည်ရဲ့ ကြည်ညိုလေးစားမှုကို ရလာတော့ သာသနာ ဟာ စည်ပင်လာပြန်ပါတယ်၊ ရှုတ်ရှုတ်ရက်ရက် ဖြစ်နေရာကနေ တည်ငြိမ်လာပါတယ်။

တိုင်းပြည်အနေကတော့ ပြည်တမင်း၊ ဟံသာဝတီတမင်း၊ တောင်ငူတမင်း၊ အဝတမင်း၊ ရခိုင်တမင်းနဲ့ အကွဲကွဲဘဲ၊ ဒါပေတဲ့ ရဟန်းများအနေကတော့ အစဉ်အလာ ဆရာစဉ်ဆက်နဲ့ မို့ မကွဲမပြား တသားထဲရှိကြပါတယ်။

## ကျော်နှစ်ပါး

အနောက်ဘက်လွန် မင်းတရားဟာ ၉၇၀-ခုနှစ်မှာ ပြည်မြို့ကို အောင်ပါတယ်၊ "ငါပြည်ကို တိုက်တာ ရှင်တဆူ၊ လူတယောက်သာရတယ်" လို့ ရာဇဝင်တွင်တဲ့ မိန့်ခွန်းကို ပြောစမှတ်ဖြစ်စေတဲ့ ရှင်တဆူဆိုတာဟာ ဟိုလွန်ခဲ့တဲ့ ၉၄၀-ပြည့်နှစ်က စလင်းမြို့မှာ ဖွားမြင်တဲ့ တောင်ဘီလာပုဂ္ဂိုလ်ကျော်လောင်းလျာ "တိပိဋကာလင်္ကာရ" ပေါ့၊ ၁၃-နှစ်သား အရွယ် ရောက်တော့ စလင်းမှာဘဲ ရှင်ပြုပါတယ်၊ ၁၄ နှစ်သား အရွယ် ရောက်တော့ ငါးဆူဒါယကာမင်းကြီး သားတော်ပင့်၍ ပြည်မြို့ကိုရောက်လာပါတယ်၊ အရွယ်နဲ့ မလိုက်အောင် စာပေကျမ်းဂန် တော်လွန်းလို့ သာမဏေကျော်လို့ထင်ရှားပါတယ်၊ ၉၅၄-ခု၊ ၁၅-နှစ် အရွယ်မှာ ဝေဿန္တရာပျို့ ကိုစပ်ဆိုပါတယ်။

၉၅၉-မှာ အသက်ပြည့်လို့၊ အဲဒီနှစ်မှာဘဲ မင်းဖြစ်လာတဲ့ ရန်နိုင်မှူးက ရဟန်းဒါယကာလုပ်ပြီး ပဉ္စင်းတက်ရပါတယ်၊ ပဉ္စင်းကျော်လို့ထွင်ပြန်ပါတယ်၊ ၉၇၀-မှာ အဝကို လိုက်ပါရတာပါဘဲ၊ မင်းတရားကြီး ပဲခူးကိုစုံပြန်တော့လဲ ပဲခူးကို လိုက်ရပြန်ပါတယ်၊ ညီတော်စလင်းစား မင်းရဲကျော်စွာ သုံးကြိမ်တိုင် လျှောက်မှ မင်းရဲကျော်စွာက ကိုးကွယ်ရပါတယ်၊ မင်းရဲကျော်စွာဟာ စစ်ကိုင်းမြစ်နား လေးထပ်ကျောင်းကို ဆောက်ပြီး ၉၇၃-ခုမှာ ကျောင်းအပ်လှူပါတယ်။

ပြည်ပဥ္စင်းကျောင်အဝရောက်တဲ့အချိန်မှာ အဝမှာလဲ အဝပဥ္စင်းကျောင်အဖြစ်ထင်ရှားလှတဲ့ အရှင်အရိယာလက်ာရ ဆိုတာ ရှိပါတယ်၊ ပဥ္စင်းကျောင်နှစ်ပါးဟာ သက်တူဝါတူဖြစ်ကြပါသတဲ့၊ ပြည်ပဥ္စင်းကျောင်အဝရောက်လာတော့ အဝပဥ္စင်းကျောင်က "တောတွင်းမှာသာ ကျောင်လိမ့်မည်၊ မင်းနေပြည်မှာမကျောင်နိုင်ရာ" လို့ ဆိုသတဲ့၊ ဒါနဲ့ ဘားတမော့ဆရာတော်က "မပုပ်ဘဲမပေါ်၊ မဟုတ်ဘဲကို မကျောင်-လို့ သူဟောင်းစကားရှိသည်၊ မဟုတ်ဘဲနဲ့ ကျောင်ပါ့မလား" လို့ ဆိုပါသတဲ့။

"ဒီလိုဆို သွားပြီး စုံစမ်းပြောဆိုချင်ပါတယ်" အဝပဥ္စင်းကျောင်ကလျှောက်တော့ ဘားတမော့ဆရာတော်က "အာဂန္တုကဖြစ်ပေသည်၊ ကိုယ်တိုင်သွား၍မသင့်သေး၊ သိလိုတာကို ဂါထာဗန္ဓတွဲစီ၍ မေးပေါ့" လို့ အမိန့်ရှိတာနဲ့၊ တွေ့မြင်လိုကြောင်း၊ အသက်သိကျွမ်းမည်မျှရှိကြောင်း ဆိုတာတွေကို ဂါထာဗန္ဓတွဲစီပြီး မေးလိုက်ပါတယ်၊ ပြည်ပဥ္စင်းကျောင်ကလဲ မေးသမျှကိုဂါထာဗန္ဓတွဲစီပြီး ဖြေကြားပါတယ်။

အဝပဥ္စင်းကျောင်ဟာ သူကျောင်ကြားတဲ့နယ်မြေမှာ တခြားက ကျောင်ကြားသူတဦး လာရောက်တွင်ကျယ်မှာကို မနာလိုရှိလို့မယ်လို့ ထင်စရာပါဘဲ၊ သို့သော် မဟုတ်ပါ၊ ဒါလောက်အနုကျောင်သော စိတ်စေတနာ သေးသိမ်သော ပုဂ္ဂိုလ်မဟုတ်ပါ၊ အကြောင်းမသိခင် အထင်သေးဘတ်တာမျိုးကတော့ရှိဘတ်တာပေါ့၊ အကြောင်းသိပြီးတော့လဲ တဦး တဦး လေးစားသွားကြတာပါဘဲ၊ ဘာပြုတယ် ညာပြုတယ်နဲ့ သွားပုပ် လေလွင့်ပုတ်ခတ်တာမျိုးမရှိပါဘူး။

သာသနာပြုတယ်ဆိုတာ ကိုယ်တယောက်ထဲ အရည်အချင်းပြည့်ဝနေရုံနဲ့ဖြင့် မအောင်မြင်ပါ၊ အရည်မီသူများလေ အောင်မြင်လေပါဘဲ၊ ဒါကလဲ သာသနာစိတ်ရှိမှဖြစ်မှာပါ၊ တကိုယ်တော်စိတ်ထားမျိုးနဲ့တော့ ကြာလေ အလှမ်းဝေးလေပါဘဲ၊ ဒီမှာအရည်အချင်းဆိုတာဟာ ပရိယတ်စာပေကျမ်းဂန်ကို ဒိုးလိုမွှေ၊ ရေလိုနှောက်နိုင်တဲ့ အရည်အချင်းလောက်ကိုသာ ဆိုတာမဟုတ်ပါ၊ သာသနာစိတ်လဲ အပြည့်အဝရှိပါမှ အရည်မီတယ်လို့ ဆိုရပါမယ်။

ငါ့လူမျိုးမှငါ့လူမျိုး၊ အခြားလူမျိုးဆိုတာက အရိုင်းအစိုင်းဘဲလို့အစွဲသန်နေတာဟာ တိုင်းပြည်ကို ချစ်တဲ့စိတ်မဟုတ်ပါဘူး၊ သာသနာစိတ်ဆိုဒါနဲ့ခပ်ဆင်ဆင်ပါဘဲ၊တဦးတယောက် တဂိုဏ်းတဂဏအတွက်သာ မဟုတ်ဘဲ အားလုံးအတွက်ခြုံပြီး ကြည့်နိုင်မြင်နိုင်ဘို့လိုပါတယ်၊ အဝပဥ္စင်းကျော်ဟာ ပြည်ပဥ္စင်းကျော်ကို သာသနာစိတ်နဲ့ကြည့်ဘာပါ၊ပြည်ပဥ္စင်းကျော်ကလဲ အဝပဥ္စင်းကျော်ကို သာသနာစိတ်နဲ့မြင်ပါတယ်၊ ဒါကြောင့်လဲ တဦးကိုတဦးလေးလေးစားစား ဆက်ဆံသွားနိုင်ကြတာပါ။

ပဥ္စင်းကျော် နှစ်ပါးအကြောင်းကို အနောက်ဘက်လွန်မင်းတရားကြီးကြားတော့ ပဥ္စင်းကျော် နှစ်ပါးနဲ့ အခြား စာပေကျမ်းဂန် တတ်မြောက်ကြတဲ့ ပုဂ္ဂိုလ်များ လေးထပ်ကျောင်းတော်မှာ ဟောပြောကြပါစေလို့ လျှောက်ထားလို့ လေးထပ်ကျောင်းဆရာတော်ရှေ့မှာ ခက်ရာခက်ဆစ်များ မေးမြန်း ဟောပြောကြရပါတယ်၊တနေရာမှာတော့ ပြည် ပဥ္စင်းကျော်က အဝပဥ္စင်းကျော်ကိုနှစ်ကြိမ် သာသွားတယ်လို့ ဆရာတော်ကြီးက မိန့်ပါတယ်၊နောက်ပရိသတ်အလယ်မှာ ဆရာတော်ကြီးက " ဂန္ထန္တ

ရန့် စပ်သမျှ ပြည်ပဥ္စင်းကျော်ကိုမေးလျှင် ဝါးခွဲသကဲ့သို့ရှိသည်၊ ဝိဂ္ဂိုဟ်ဝစနတ္တနဲ့စပ်သ၍အဝပဥ္စင်းကျော်ကိုမေးလျှင်မိုးသေး မိုးဖွဲ ကျသကဲ့သို့ရှိသည် ” လို့မိန့်ပါသတဲ့၊ အထူးတလည် တော်ကြတဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ ကြွရောက် နားထောင်ကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဘအံ့တသြကြီးပေါ့။

ဒါကသာသနာလင်္ကာရစကားပါ၊သာသနာဝံသစာပဟောင်းကတော့၊ ပြည်ပဥ္စင်းကျော် အဝရောက်တော့ မဟာမြတ်မုနိဘုရားအရံဇရပ်မှာ ခေတ္တသီတင်းသုံးရပါတယ်၊ မကြာ မကြာ ဆိုသလို လေးထပ်ဆရာတော်ကို ဖူးမြော်ပြီး စာပေစကား ဟော ပြောကြပါတယ်၊ မင်းတရားကြီးကလဲ ပြည်ပဥ္စင်းကျော်နဲ့ အဝ ပဥ္စင်းကျော်ကို ဟောပြောပါစေလို့ လေးထပ် ဆရာတော်ကို လျှောက်တယ်၊ ဆရာတော်ကြီးက “ရောက်စ ပေါက်စဖြစ်သေးသည်၊ ချင်းသတ္တိသိရအောင် စုံစမ်းပြီးမှ ဟောပြောစေမည်”လို့ မိန့်ပါတယ်။

ဒီနောက် ဆရာတော်ကြီးက မေးသင့်ရာရာကို ဂါထာဖွဲ့ပြီး မေးစေလို့ အဝပဥ္စင်းကျော်ကို မိန့်ပါသတဲ့၊ အဝပဥ္စင်းကျော်၏အမေးစကားများကို ချက်ချင်းဖြေနိုင်တဲ့ သတ္တိရှိပေမဲ့ ပြည်ပဥ္စင်းကျော်က မဖြေသေးဘဲ၊ နောက်နေ့ရောက်မှဖြေပါသတဲ့၊ ရှုထားတဲ့သဘောလားတော့ မသိဘူးပေါ့၊ ဒီလိုနဲ့ ခုနစ်ရက်မြောက်အောင် မေးသမျှ ဖြေပြတော့မှ ပညာရှိသဘောကိုသိကြရလို့ အင်မတန်ကို နှစ်သက် ဝမ်းမြောက်ကြရသတဲ့၊ အင်မတန်ကြည်ညိုစရာကောင်းတဲ့ ဆက်ဆံမှုတွေပါဘဲ။

အဲဒီနောက်ကျမှ အမိန့်တော်ကြီးနဲ့ လေးထပ်ကျောင်း ဆရာတော်ကြီးထံ ပဥ္စင်းကျော် နှစ်ပါးကိုပင့်ခေါ်သွားပြီး အမေး

အမြန်းခံစေကြရပါသတဲ့၊ ဒါနဲ့ မင်းတရားကြီးက ပဋ္ဌင်းကျော် နှစ်ပါး ဘယ်လိုများ ရှိပါသလဲလို့ မေးလျှောက်တဲ့အခါ ဆရာတော်ကြီးက အထက်က ဖော်ပြခဲ့တဲ့အတိုင်း ပဋ္ဌင်းကျော် နှစ်ပါးရဲ့ အရည်အသွေးကို မိန့်ကြားလိုက်ပါတယ်၊ မင်းမြတ်၏ ဘုန်းတော်ကြောင့် ပုဂ္ဂိုလ်နှစ်ပါးသည် အထူးသဖြင့် သာသနာတော်မြတ်၏ပင်စည်ဖြစ်ပါသည်လို့လဲ မိန့်လိုက်ပါသတဲ့၊ ဒါက သာသနာဝံသစကားပါ။

၉၇၄-ခု၊ သံလျင်မခါမှ မင်းတရားကြီးက ပိဋကတ်သုံးပုံ ပါဠိ၊အဋ္ဌကထာ၊ ဋီကာတို့ကို မဟာမြတ်မုနိ သုဓမ္မာ ဇရပ်မှာ မင်းကညစ်စာရေးသားပြုစုတော်မူစေပါတယ်၊ ဒီအခါကြည့်ကြပ် ဆရာတော်များအဖြစ် လေးထပ်ဆရာတော်၊ လက်ယာဘိနန်ဒသူ ဆရာတော် ရှင်ပရမဇောတ၊ ဇေသဘန်ကျောင်း ဆရာတော် ရှင်သုဓမ္မာကေသရ၊ လှော်ကား သုံးထောင်မှူးကျောင်း ဆရာတော် ရှင်ဥတ္တမာရာမ၊ ရွှေစည်းခုံ ဇေဘဝန်ခြေတိုင်ကျောင်းမှ စစ်ကိုင်းသို့ ပြောင်းနေ၍ တံဆိပ်နှင့်တကွ ကျောင်းတော်ဘည် လှူတော်မူသော တိလောကဂုရု ဆရာတော်တို့ ဖြစ်ပါတယ်။

နောက်မင်းတရားကြီး ဟံသာဝတီမှာ စံနေတော့လဲ မြို့တော် အဝမှာ နှစ်မတော် မဟာဒေဝီရှင် မိဖုယားနဲ့ အဝမြို့စောင့် မင်းရဲဥဇ္စနာတို့ နေ၍ သာသနာတော်ကို ထောက်မ ပြုစုသော ကြောင့် သာသနာတော် မဆိတ်မညံ ရှိလှတယ်လို့ ဆိုပါတယ်၊ ဟံသာဝတီမှာလဲ မင်းတရားကြီး ကိုယ်တိုင် ကျော်ကြားလှတဲ့ မွန်ဆရာတော်များကို ကိုးကွယ်ပြီး သာသနာပြုလို့ အဲဒီမှာလဲစည် ပင်တာပါသတဲ့။

အဲဒီကာလရဲ့ ရဟန်းများ အခြေအနေကို သုံးသပ်မယ်ဆိုရင် ခုပြောခဲ့တဲ့ အချက်ဟာ ခေတ်ရဲ့သရုပ်ပြကွက်တခုပါဘဲ၊ ဘုရင့်အနေနဲ့ရော၊ တိုင်းပြည်အနေနဲ့ပါ ရဟန်းတော်ရဟန်းကောင်းတွေကို သိတတ်မြင်တတ်ပြီး ကိုးကွယ် ချီးမြှောက်ကြတဲ့ အလေ့အလာကို မြင်နေရပါတယ်၊ ညောင်ရမ်းခေတ် တလျှောက်မှာ ဒီအချိန်ဟာဖြင့် ရဟန်းတွေအနေနဲ့ ပရိယတ် ပဋိပတ် အတွက် ပြောင်ဆုံး အချိန်ဖြစ်ပြီး ကြည်ညိုစရာ အကောင်းဆုံး အချိန်အခါလဲ ဖြစ်ပါတယ်၊ ဒီမှာက အဝပတ်လည်ရဲ့ အခြေ အနေကို သာသက်သေပြတာဖြစ်ပေမဲ့ ပြည်ဟံသာဝတီစတဲ့ဒေသတွေမှာလဲ မနည်းမိုးစုံရှိကြပါတယ်၊ မင်းနေပြည်မဟုတ်လို့ ထင်ရာစိုင်းရအောင်ကလဲ ဒေသတိုင်းမှာ သက်ဆိုင်ရာလက်အောက်ခံမြို့စားနယ်စားတွေရှိပြီးနေကြတယ် မဟုတ်လား။

ပြီးတော့ ပြောစရာတခုက သံလျင်စား စေင်ကာလို ဘာသာခြားလက်အောက်ရောက်နေကြတဲ့ ရဟန်းတွေအတွက် ဘယ်လိုများ နေကြမယ်ဆိုတဲ့ ကိစ္စပါဘဲ၊ စေင်ကာဟာ သူ့ဝန်းကျင်မှာရှိတဲ့ ပေါ်ပုသိုးစသည်တို့က ရွှေငွေစတဲ့ ဌာပနာပစ္စည်းတွေကိုအများ အပြားဖောက်ယူပါတယ်၊ ရဟန်းတွေအပေါ် ဘယ်လိုသဘော ထားတယ်ဆိုတာ ရာဇဝင်မှာ မပါပေတဲ့ ဘုရားဆင်းထုတွေကို တောင် ပြောင်ပြောင်တင်းတင်း ဖျက်ဆီးဝံ့တဲ့ဥစ္စာဘဲ ရဟန်း တွေလောက်တော့ အပျော့ပေါ့လို့ ယူဆရပါတယ်၊ ချီးမြှင့်မှုရှိဖို့ ဆိုတာကတော့ မလွယ်ပါဘူး။

ဒါပေတဲ့ အဲဒီအချိန်က စေင်ကာရဲ့ အနေအထားကို ကြည့် ရတာဟာ ဘာသာရေးထက် စီးပွားရေးကို အလေးပိုထားဟန် တူပါတယ်၊ သဘာဝကလဲ စီးပွား တောင့်တင်းမှ သူ့အနေ

အထားခိုင်မြဲမှာကိုး၊ ဘာသာရေးကိုတော့ ကိုယ့်ဘာသာမဟုတ်တဲ့အတွက် ပစ်စလက်ခတ်ထားမှာပါဘဲ၊ သာသနာပြုမင်းအမိန့်နဲ့ကင်းကွာနေတဲ့ အရပ်ဆိုတော့ အမူအကျင့်တွေ ဖောက်ပြန်ကြမယ်ဆိုရင်လဲ ဖောက်ပြန်နိုင်တာပါဘဲ၊ သေသေ ချာချာတော့ မပြောနိုင်ပါဘူး၊ ၉၇၄-ခု လောက်မှာ ငစင်ကာ ကွပ်မျက်ခံရပါတယ်။

## ပြည်ထဲကိစ္စနှင့် ရဟန်းများ

သက္ကရာဇ် ၉၇၁ မှာ အနောက်ဘက်လွန် မင်းတရားကြီး တောင်ငူကို ချီတက်တိုက်ခိုက်တော့ တောင်ငူသားများကအစွမ်းကုန်ခုခံကြပါတယ်၊ဒီအချိန်က တောင်ငူမှာ ဘုရင်လုပ်နေတာက နတ်သျှင်နောင်ပါ၊ ရာဇဓာတုကလျာနဲ့ပတ်သက်ပြီး တောင်ငူဘုရင်နတ်သျှင်နောင်ကို အဆွေးသမား လူပျော့ လူညံ့လို့ထင်စရာပါဘဲ၊ ဒါပေတဲ့ နတ်သျှင်နောင်ဟာလူပျော့တော့မဟုတ်ပါဘူး၊ ရက်စက်ပြီး ကောက်ကျစ်စဉ်းလဲတတ်တဲ့ လူညံ့သာဖြစ်ပါတယ်။

တောင်ငူသားတွေအစွမ်းကုန်ခုခံကြပေမဲ့အရေးမသာပါဘူး၊ နောက်ဆုံးအကြပ်အတည်းနဲ့ တိုးလာတဲ့အခါမှာတော့ ဘုရင့်ညီတော် သားတော် မြူးတော် မတ်တော်တွေ စုရုံး တိုင်ပင်ပြီး ပြဿဒ်ကျောင်းဆရာတော်ကို အပူကပ်ကြပါတယ်၊ ယခုအခါ အင်မတန် ခက်ခဲနေပါပြီ၊ အညံ့မခံလျှင် တပြည်လုံးပျက်စီးပါလိမ့်မယ်၊ ဒါကြောင့် အညံ့ခံပါရန် ဘုရင်မင်းမြတ်ကိုမေတ္တာရပ်ပေးပါ-ပေါ့၊ ဒါနဲ့ဆရာတော်ကလဲ သွားရတာပေါ့၊ နန်းတော်ရောက်တော့ စစ်ရေး နိမ့်နေကြောင်း၊ ပြည်သူများကို ငဲ့ညှာ၍ အညံ့ခံသင့်ကြောင်းဆိုတာတွေကို တရားပြပြီး မေတ္တာရပ်

ခံတာကိုး၊ ဒါပေတဲ့ ဘုရင်ကလက်မခံဘူး၊ တပည့်တော်တို့မှာ ညီနောင်လေးယောက်ရှိတယ်၊ ခုထွက်တိုက်မယ်၊ ဘာလို့ အညံ့ ခံရမှာလဲနဲ့ ဖြစ်ပါလေရော၊ ဒါနဲ့ဆရာတော်လဲ လက်လျှော့ပြီး ပြန်ခဲ့ရတာပေါ့။

နောက်တနေ့ကျတော့ တခါဘထွေးတော်နဲ့ ဘုရင့်ညီတော် သုံးပါးစုပြီး ကျောင်းရောက်လာပြန်ပါတယ်၊ အခွင့်မရကြောင်း သိတော့ အရေးတော် ပြီးရာပြီးကြောင်းကို ထပ်ပြီး ရပ်ခံပါဦး ဆိုလို့တခါ သွားရပြန်ပါတယ်၊ ဒီတခါတော့ ဆရာတော်က ကွယ်ဝှက်မနေတော့ဘူး၊ ညီတော် သားတော်မှူးတော်မတ်တော် များ စိတ်နှလုံးချောက်ချား၍ အဝဘုရင်ကို အလွန် ခန့်ညားနေ ကြကြောင်း၊ ယခုလာရောက်ရခြင်းမှာ ၎င်းတို့၏ ဆန္ဒအရဖြစ် ကြောင်း၊ အရေးပြီးလွယ်မှ ပြည်သူများ ချမ်းသာ မည်ဖြစ် ကြောင်းစတဲ့ဟာတွေကို တရားနဲ့ယှဉ်ပြီး ဟောပြောပြန်ပါ တယ်။

ဒီတော့မှ တောင်ငူဘုရင်ဟာ သူ့ညီတော် သားတော်တွေ ထိတ်လန့်နေတာကို သိရတာကိုး၊ ဒီတော့မှ သူလဲဘဲ လန့်သွား တယ်ထင်ပါရဲ့ ပြည်သူအများ ချမ်းသာရာ ချမ်းသာကြောင်း ဆရာတော်ဘဲ အမိန့်ရှိပေးပါဆိုပြီး၊ တခါထဲ လွှဲအပ်လိုက်တော့ တာပါဘဲ၊ ဒီတော့မှ ဆရာတော်လဲ တပည့်ရဟန်း ၈-ပါးခေါ် ပြီး မြို့ကထွက်လို့ အဝဘုရင့်တပ်တော်ကို ကြွသွားပါတယ်၊ တပ်နားရောက်တော့ ဝန်ရှင်တော်များက ကိစ္စကို ဆီးမေးကြ တယ်၊ ပြည်ထောင်မင်းနှစ်ပါး ချစ်ကြည်ရေးအတွက် ရပ်ခံလာ ကြောင်း ပြောတော့ တပ်တော်သို့ မဝင်ရဆိုတဲ့ အမိန့်တော်နဲ့ တားလို့ ဘုန်းတော်ကြီးများ ဘုရင်နဲ့မတွေ့ကြရပါဘူး။

ဒါပေတဲ့ ဆရာတော်ကြီးက မြို့တွင်းပြန်မကြွဘဲ အဝဘုရင် ညီတော်မင်းရဲသိခ်သူ တပ်ကိုသွားပြန်ပါတယ်၊ ရောက်တော့ ရုံးမှာ နေရပါတယ်၊ ညီတော်မင်းရဲသိခ်သူထွက်ပီး အကြောင်း မလျှောက်ကြည့်တော့ သတ္တဝါအများ ချမ်းသာရေး အတွက် မေတ္တာရပ်လာပါတယ်ဆိုပီး အကျိုးအကြောင်း မိန့်ပါတယ်၊ ဒါပေတဲ့ မင်းရဲသိခ်သူကလဲ " တပည့်တော် နောင်တော်ကို မလျှောက်ဝံ့ပါ" လို့ လျှောက်ထားတော့ အရေးတော် မပြီးဘဲ ဖြစ်နေတာပေါ့၊ ဒါနဲ့ခဏတဖြုတ် အလွှာပ သလ္လာပ ပြောပီး ဆရာတော်လဲ မြို့တွင်းပြန်ကြွသွားပါတယ်။

နောက်နေ့ရောက်ပြန်တော့ ဆရာတော်ကြီးဟာ တပ်တော် ကိုလာရပြန်ပါတယ်၊ ဒီအခါ အဝ ဘုရင်က လက်ခံတွေ့ပီး အကြောင်းလျှောက်ထားတော့ မနေ့ကအတိုင်း မိန့်တာဘဲပေါ့၊ ဒီတော့ မင်းတရားကြီးက "ခုချက်ချင်းတော့ တပည့်တော် ခွင့် မပြုနိုင်ပါ၊ စည်သူကျော်ထင်ခံသော အမတ်ရာဇသင်္ကြံခံသော အမတ်တို့ စီးမြဲနင်းမြဲ အစီးအနင်း အဆောင် အယောင်နှင့်အတူ ထွက်လာစေ" လို့ အမိန့်ရှိပါတယ်၊ ဒါနဲ့ဆရာတော်ကြီးလဲမြို့တွင်း ပြန်ဝင်သွားပီးတောင်ငူဘုရင်ကို အကျိုးအကြောင်းမိန့်ပါတယ်၊ အဲဒီကစပီး အဆင်ပြေလို့ အေးချမ်းသွားကြပါတယ်။

ဒီလိုကိစ္စတွေမှာ ရဟန်းတွေ ပါရတာကတော့ ရှိးနေပါပြီ၊ ဟိုဘုရင်မင်းခေါင်လက်ထက်ကလဲ အဝကိုရာဇာဓိရာဇ်လာတိုက် မယ်လုပ်တော့ စာကြိုသူမြတ်ထွက်ပီး မေတ္တာရပ်ရပါတယ်၊ဘုရင့် နောင်မင်းတရားကြီးလက်ထက် ရခိုင်ကို တိုက်တုံးကလဲ ရဟန်း များဘဲထွက်ပီးမေတ္တာရပ်လို့ အရေးအရာဆိုရပါတယ်၊ ဒီ့ပြင်လဲ ကော်တော်များများဘဲ ရှိပါတယ်။

သာမန်အားဖြင့်ကြည့်မယ်ဆိုရင်တော့ ရဟန်းတွေဟာလူတွေ ခိုင်းတာကို လုပ်ပေးနေရတာဘဲလို့ ထင်စရာပေါ့၊ တကယ်တော့ ဒီလိုမဟုတ်ပါဘူး၊ အာဏာ ထားပြီး ခိုင်းတာမျိုး မဟုတ်ဘဲ အသနားခံတဲ့ သဘောနဲ့တောင်းပန်လျှောက်ထားခြင်းသာ ဖြစ်ပါတယ်၊ ပြည်သူအများ အေးငြိမ်းချမ်းသာမှုကိုရှေ့ရှုပြီး ရဟန်းများကလဲ ဆောင်ရွက်တာ ဖြစ်ပါတယ်၊ ဒီလိုဆောင်ရွက်မှုမျိုးက တော့ ခေတ်အဆက်ဆက်မှာဘဲ ရှိတတ်ကြပါတယ်။

## မွန်နှင့်မြန်မာရဟန်းများ

အနောက်ဘက်လွန် မင်းတရားကြီး ဟံသာဝတီမှာစံနေခိုက် မွန်ဆရာတော်များရဲ့ နှစ်လုံးထားကို တနေ့တော့ သိရပါတယ်၊ မွန်ဆရာတော်များက - မြန်မာ ဆရာတော်များသည် ပရိယတ် အားထုတ်မှု ပေါ့လျော့လှသည်၊ ပရိယတ်အားပျော့လျှင်ပဋိပတ် လည်း ဆုတ်ယုတ်မည်သာ-လို့ ယူဆကြပါတယ်၊ ဒါကိုသိတော့ မင်းတရားကြီးက အဝမှာရှိတဲ့ လေးထပ်ကျောင်း ဆရာတော်ထံ စာပေကျမ်းဂန်၊ ဗေဒင်ပိဋကတ်၊ လောကဓမ္မ စွယ်စုံကျမ်းကျင် လှတဲ့ သံဃာနှစ်ပါးသုံးပါးကို ဟံသာဝတီသို့ စေလွှတ်တော်မူပါ လို့ အမှာစာပို့ပါတယ်။

ဒီအခါလေးထပ်ဆရာတော်ကြီးက တကယ့်ကို စွယ်စုံရတဲ့ တိပိဋကာလင်္ကာရ၊ တိလောကာလင်္ကာရ၊ တိသာသနာလင်္ကာရ၊ ဆိုတဲ့ အလင်္ကာကျော် သုံးပါးကို ရွေးချယ်ပြီး တပါးကို အရံ ရဟန်းသုံးဆယ်စီနဲ့ ပေါင်း ၉၃ပါးကို ဟံသာဝတီသို့ စုံဆင်း စေပါတယ်၊ ဒီအထဲမှာ အသက်သိပ်ကြွာ ကြီ ကြီး မားမား မပါ ဘူး၊ အသက်၃၀၊ ၄၀ ပန်းကျင် ပျိုရွယ်သူ ရဟန်းများသာ ဖြစ်ပါတယ်။

ဟိုရောက်တော့မော်ခေါဘုရားအရှေ့မြောက်မှာတဲကျောင်းကြီးသုံးကျောင်းဆောက်ပြီး၊ အဲဒီမှာ အလင်္ကာကျော် သုံးပါး စာပေများ ပို့ချကြရပါတယ်၊ မင်းတရားကြီးကလဲ ပစ္စည်းလေးပါးနဲ့အပြည့်အဝထောက်ပန့်တော်မူပါတယ်၊ သီတင်းလပြည့်လကွယ်နေ့တိုင်း မော်ခေါဘုရားရှင် ရှေ့က သုဓမ္မာဇရပ်ကြီးမှာ မွန်ဆရာတော်အပေါင်းနဲ့ ကျမ်းဂန်များကို ဆွေးနွေးပြောဆိုကြရပါတယ်၊ ဒီလိုလေးငါးကြိမ်လောက်ပြောမိတော့မှ မြန်မာရဟန်းများ ကျမ်းဂန်နှင့်တကွလောကဓမ္မဗေဒင် ပိဋကတ်တို့ကို ဂုဏ်မြောက်အောင် တတ်မြောက်ကြောင်းမွန် ဆရာတော်များက သိရှိသွားကြပါသတဲ့။

အလွန် အားရနှစ်သက်တော်မူကြလို့ စွမ်းရည် သတ္တိရှိတဲ့ မွန်ရဟန်းပျို ၃၀ နဲ့ မောင်ရှင်ငါးပါးကို ရွေးချယ်ပြီး အဝဆရာတော်များထံ အပ်နှံပြီး စာပေကျမ်းဂန်များ သင်ကြားကြရပါတယ်၊ ဟံသာဝတီ နေပြည်တော် တလွှားမှာ အလင်္ကာကျော်သုံးပါးရဲ့ သတင်းများ အကျော်တစောဖြစ်မှ အဝကိုပြန်ကြွကြရပါတယ်။

ပြန်ခါနီးမှာ မွန်ဆရာတော်ကြီးတိလောကဂုရုကို သွားရောက်ကန်တော့ကြတော့ ဆရာတော်ကြီးက အဝကို ရောက်လျှင် တိပိဋကာလင်္ကာရ ပုဂ္ဂိုလ်သည် သူများ အရင် ကျောင်းရလိမ့်မယ်လို့ မိန့်ပါတယ်၊ အကြောင်းကို လျှောက်ထားတဲ့အခါကျတော့ "တိပိဋကာလင်္ကာရ ပုဂ္ဂိုလ်ဟာဆွမ်းခံသွားတဲ့အခါ ဝါးခြမ်း ကြိမ်ခြမ်း ကလေးများ တွေ့လျှင် ကောက်ယူခဲ့ပြီး ကျောင်းကို ချိနှောင်ပြုပြင်လေ့ရှိတယ်၊ ကျောင်းကို ပြင်လေ့ရှိသော ရဟန်းသည် ကျောင်းရလွယ်သလို ရှေ့ဆရာကြီးများ

မိန့်ဘူးသည်" လို့ ပြန်ကြားတော်မူပါတယ်၊ အဝရောက်တော့လဲ တကယ့်ကိုဘဲ တိပိဋကလင်္ကာရ ပုဂ္ဂိုလ်ဟာ သူတပါးအရင်ဘဲ မြစ်နား လေးထပ်ကျောင်းကို ရသွားပါသတဲ့၊ ဒီပုဂ္ဂိုလ်ဟာ တခြားမဟုတ်ဘူး၊ ပြည်ပဥ္စင်းကျော်လို့ နာမည်ကြီးလှတဲ့ နေဒင်အခါ တောင်ဘီလာပုဂ္ဂိုလ်ကျော်ပါ။

ဒါတွေကိုကြည့်မယ်ဆိုရင် ရဟန်းတွေဟာ လောကီမှာပြည်သူတွေရဲ့အကျိုး၊ လောကုတ္တရာမှာ သာသနာတော်မြတ်ရဲ့အကျိုးအတွက် ဝိနည်းနဲ့အညီ အင်တိုက် အားတိုက် ဆောင်ရွက်တော်မူကြတာကိုတွေ့ရပါတယ်၊ ဒီအချိန်ကိုပြန်ပြီး မြှော်ကြည့်မယ်ဆိုရင် လောဘ ဒေါသ မောဟတရားဆိုးတွေကို ပရိယတ်ပဋိပတ်တရားတွေနဲ့ နှိမ်နင်းပြီး ပြည်သူအကျိုး သာသနာ အကျိုးအတွက် ကျင့်ကြံဆောင်ရွက်တော် မူနေကြတာတွေကို ကြည်ညိုဘွယ်ရာ တွေ့မြင်ရမှာဖြစ်ပါတယ်။

ခုပြောခဲ့တဲ့ အဖြစ်အပျက်ကို သာသနာလင်္ကာရက သာလွန်မင်းတရားကြီးလက်ထက်လို့ ဆိုပါတယ်၊ သာသနာဝံသကတော့ အနောက်ဘက်လွန်မင်းတရား လက်ထက်လို့ ဆိုပါတယ်၊ အကျိုးအကြောင်းတွေနဲ့ ရှင်းပြနေရင် ရှေ့နေမှာစိုးလို့ မပြတော့ပါဘူး၊ ဖြစ်နိုင်တာကတော့ အနောက်ဘက်လွန် မင်းတရားလက်ထက်မှာ ဖြစ်နိုင်တယ်ထင်ပါတယ်။

အဝပြန်ရောက်တော့ မဟာမြတ်မုနိဘုရားအရှေ့မှာ အသင်ကျောင်း ၅၀ နဲ့အတူ တဲကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းပြီး စာပေပို့ချကြရပါတယ်၊ တကယ်တော့လဲ ဒါဟာ ခုမှ အစ[illegible]းတာမဟုတ်ပါဘူး၊ နဂိုက အလုပ်ကိုဆက်ပြီး လုပ်တာသာဖြစ်ပါတ[illegible]၊ ပြီးတော့လဲ တောင်ဘီလူးပရက္ကမကျောင်းရပ်ဟောင်းမှာရှိ[illegible]တဲ့ အမတ်ဇေယျာသင်္ခ်ဆရာတော်၊ စစ်ကိုင်းမှာလဲ

ဆီဦးကောက် ဆရာတော်တို့ ဆိုတာတွေဟာ ကျမ်းဂန်ပို့ချ ခြင်းမှာ အလွန် အားစိုက်တော်မူကြပါသတဲ့၊ စာသင် သံဃာ တရာကျော်စီရှိကြပါသတဲ့။

စာပေကျမ်းဂန်ရွတ်ဖတ်သရဇ္ဈာယ်သံတွေနဲ့ ညံနေမှာဆိုတော့ အဲဒီကျောင်းမျိုးအနီးအနားရောက်သွားရင် သိပ်ပြီး စိတ်ကြည် နူးမှုဖြစ်ရပါတယ်၊ လူသူဝေးတဲ့ တောကျောင်းတွေကို ရောက်တဲ့ အခါ တိတ်ဆိတ်ငြိမ်သက်နေတာ တွေ့ရလို့ စိတ်ကြည်နူးတယ် ဆိုတာက တမျိုးပါ၊ အဲဒါက အေးချမ်းမှုကို ရှေ့ရှုတာပါ၊ စာသံပေသံ တညံညံကြားရလို့ ကြည်နူးတယ်ဆိုတာက တက်ကြွ ပီး ကြည်နူးခြင်းမျိုး ဖြစ်ပါတယ်။

## စာသင်တိုက်ကြီးများ

ရှင်ဖြူရှင်လှချောက်၊ အဘယဂီရိကျောင်း၊ ဇေတဝန် ဝတ် တော်ရုံကျောင်း၊ သီဟိုဠ်ရောက်ကျောင်း၊ စစ်ကိုင်း စကား ကျောင်း၊ ထူပါရုံ အရုံကျောင်း၊ မဟာစေတီ အရုံကျောင်း၊ ဒီကျောင်းတိုက်များမှာ လက်ရှိနေထိုင်ကြတဲ့ ရဟန်းများဟာ စာပေကျမ်းဂန် သင်ကြားခြင်းပေါ့လျော့ပြီး ဂတ်မိုး ဝတ်မြေ ကောက်ခံခြင်းလောက်သာ လုပ်နေကြပါသတဲ့၊ လူတွေနဲ့ ရော နှောပြီး ပွဲလမ်းသဘင်ခံတာတို့ ရွာထဲမြို့ထဲ လယ်ပတ်တာတို့သာ သူတို့အလုပ်လိုဖြစ်နေပါတယ်၊ တိုင်းပြည်နဲ့ သာသနာတော် ဂုဏ် ရောင်ထွန်းပြောင်ဘို့အတွက် တခြားသောရဟန်းမြတ်တွေ အား ထုတ်ဆောင်ရွက်နေချိန်မှာ ဒီပုဂ္ဂိုလ်များက ဆန့်ကျင်ဘက် အလုပ်တွေ လုပ်နေတာဖြစ်လို့ နောင်လူ နောင်သားများ သိရှိ အောင်ဆိုပြီး ရေးထားလေသလားမသိ၊ သာသနာဝံသမှာ စာ ရင်းအတိအကျနဲ့ ဖော်ပြထားပါတယ်။

စာပေပရိယတ်ကို အလေးပေးဆောင်ရွက်နေကြတဲ့ကျောင်းတိုက်များအဖြစ် အရှင်အရိယာဝံသတိုက်၊ တိလောကဂုရုတိုက်၊ လောကမှန်ကင်းတိုက်၊ ဆိဦးကောက် ဆရာတော်တိုက်၊ ရွှေတောင်ဦးတိုက်၊ ကင်းမော်တိုက်၊ အရှင်ဥပါလိတိုက်၊ ဆီးတောရွှေကျောင်းတိုက်၊ စကြံ့နီးအိမ်ရှေ့ကျောင်းတိုက်စတဲ့ ကျောင်းတိုက်တွေကို ဖော်ပြထားပါတယ်။

ဘာပြုလို့ကျောင်းတိုက်အချို့က ရဟန်းများ အမှု အကျင့်ဖောက်ပြန်သွားရတယ်ဆိုတာကို စိစစ်ကြည့်သင့်ပါတယ်၊ အဲဒီကျောင်းတိုက်တွေဟာ မူလကတော့ ဆရာကောင်းသမားကောင်းတွေနဲ့နေလာကြတာပါဘဲ၊ အကျင့်ပျက်တယ်ဆိုတာကလဲ ဖြုံးကနဲဗိုင်းကနဲထပြီး ပေါ်ပေါ်လွင်လွင် ပျက်တာရယ်လို့ မရှိလှပါဘူး၊ တဖြည်းဖြည်း ယိုယွင်းလာရာကနေ နောက်ဘော့လူရှေ့မရှောင်၊ သူရှေ့မရှောင် ပျက်လာကြတာပါ၊ အနောက်ဘက်လွန်မင်းတရား ဟံသာဝတီမှာ စံနေတုန်းက အဝမှာ မြို့စောင့်မင်းတွေရှိပါတယ်၊ ဒါပေတဲ့ ဘုရင်နားကပ်နေရတာလောက်တော့ မလေးစားဘူးပေါ့၊ ဒါကြောင့် စိတ်ဓာတ် ညှိုးဖျင်းပြီး မဘာည်ငြိမ်တဲ့ ရဟန်းများဟာ အဲဒီလောက်ကကိုဘဲ ခပ်ပေါ့ပေါ့ဖြစ်နေပုံရကြပါတယ်။

သက္ကရာဇ် ၉၉၀ မှာ အနောက်ဘက်လွန်မင်းတရား နတ်ရွာစံတော့ တိုင်းပြည်ဟာ ဗလုံး ရှုပ်ထွေး ဖြစ်လာပြန်တာကိုး၊ ဘုရင့်ညီတော် နှစ်ပါးကလဲ ရှမ်းပြည် ရှမ်းရွာ ရောက်နေခိုက်ဆိုတော့ သာပြီးဟာကုန်တာပေါ့၊ ဒီကစပြီး ၉၉၅-ခုလောက်အထိ မငြိမသက်နဲ့ တိုင်းပြည်ဟာ လိမ့်နေရပြန်ပါတယ်၊ ခပ်ပေါ့ပေါ့ဖြစ်နေတဲ့ ရဟန်းတွေ ပေါ့ရာက ပျက်လာတာ ဒီအချိန်လောက်မှာပါ၊ ဒါပေတဲ့ တိုင်းပြည်ဗရုတ်ဗရက်ဖြစ်တိုင်းလဲ အကျင့်ပျက်

တယ်လို့ မဆိုလိုပါဘူး၊ သို့သော်လဲ ရဟန်းတွေ အမူအကျင့် ရော့ရဲလာတာဟာ ဒီအချိန်မျိုးမှာသာ များ သော အားဖြင့် တွေ့နေလို့ ပြောရတာကိုး။

ဒီအချိန်မျိုးမှာ တခြားတည်ငြိမ်တဲ့ ရဟန်းအများအပြားလဲ ရှိနေသေးတာဖြစ်လေတော့ ဖောက်ပြန်တယ်ဆိုတာဟာ အချိန်အခါကြောင့် သက်သက်တော့လဲ မဟုတ်ပေဘူးပေါ့၊ ကိုယ့်ကိုယ်ကိုမထိန်းသိမ်းနိုင်တာလဲ အကြောင်းတခု ဖြစ်ပါတယ်။

## သာလွန်မင်းတရားကြီးလက်ထက် အခြေအနေ

၉၉၅ - မှာ သာလွန်မင်းတရားကြီး အထွဋ် အထိတ် ရောက်ပါတယ်၊ ၉၉၆ - မှာ အဝကိုပြန်လာပြီး၊ ၉၉၇-မှာ ရာဇာဘိသေကခံယူတော်မူပါတယ်။

ဒီမင်းတရားကြီးဟာ သာသနာ့စိတ် သိပ်ရှိပါတယ်၊ သာသနာတော်အဓွန့်ရှည်ပြီး အဆက်ဆက် မဆိတ်မညံရှိအောင် လူငယ်ရှင်ငယ်များကို စာပေကျမ်းဂန်သင်ယူစေပါတယ်၊ အားလဲပေးပါတယ်၊ နယုန်လ ရောက်ပီဆိုရင် မဟာမြတ်မုနိဘုရားရှေ့ကသုဓမ္မာဇရပ်တော်ကြီးမှာ စုဝေးပြီး သက်ဆိုင်ရာ ကျမ်းဂန်လာအနက်အဓိပ္ပာယ်ခဲရာခဲဆစ်များကို ဆရာတော်ကြီးများက မေးရပါတယ်၊ ခုခေတ် စာမေးပွဲသဘော ဆင်ဆင်ပါဘဲ၊ ဒါပေတဲ့ ခုခေတ်စာမေးပွဲထက်တော့ အများကြီး အဆင့်မြင့်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်၊ ဒီစာသဘင်ကြီး ပီးတဲ့အခါ ရှင်ဖြစ်ထိုက်တဲ့ လူငယ်များကို ရှင်ပြုပေးပြီး ရဟန်းဖြစ်ထိုက်တဲ့ ရှင်များကိုလဲ ရဟန်းပြုပေးတော်မူပါတယ်၊ ဒီအထဲက သတ္တိဗျတ္တိနဲ့ ရှေ့ကိုထူးချွန်ပြောင်မြောက်လောက်တဲ့ ပုဂ္ဂိုလ်ဆိုရင်လဲ အထူးတလည်ချီးမြှင့်တော်မူပါသတဲ့။

ဒီအချိန်ကိုမှီတဲ့ ဆရာတော်ကြီးများက သာလွန်မင်းတရားကြီးကို သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့ မင်းတရားကြီးလို့ စာစောင် ပေစောင်များမှာ အထူးချီးကျူးကြပါတယ်၊ ဒီမင်းတရားကြီးလဲ ဗေဒင်ဘုန်းတော်ကြီးများကို လက်မလွတ်ဘူး ဆိုပေတဲ့ ပရိယတ် ပဋိပတ်ရဟန်းများလောက် ဗေဒင်ရဟန်းများကို ချီးမြှောက်ကိုးကွယ်တာ မတွေ့ရပါဘူး။

ခုပြောခဲ့တဲ့ စာသဘင်ပွဲနဲ့ ရဟန်းခံပွဲကြီးများကို သက္ကရာဇ် ၁၀၀၀ ပြည့်ကစပြီး ကျင်းပတယ်လို့ ဆိုပါတယ်၊ တနေ့မှာ ပိဋကတ်တော်များကို ကညစ်စာ မင်စာ ရွှေသားစင်ပေစာများ ရေးကူးဘို့အတွက် အဝန့် စစ်ကိုင်း ဘက်မှ ဆရာတော်များ (မဟာမြတ်မုနိ သုဓမ္မာဇရပ်မှာနဲ့ တူပါတယ်) အဲဒီနေရာမှာ စုဝေးပြီး တည်းဖြတ်သုဓိသင်ကြရပါတယ်၊ ပိဋကတ်တနေရာရောက်တော့ အဝန့်စစ်ကိုင်းဆရာတော်များ အယူအဆ မညီမညွတ်ဖြစ်ပါလေရော၊ ဒါကို မင်းတရားကြီးသိတော်မူတော့ ကောင်းမှုတော်သုဓမ္မာဇရပ်မှာ ဆရာတော်များ စုဝေးပြီး ညှိနှိုင်း အဆုံးပြုကြပါ၊ အရှင်တိပိဋကာလင်္ကာရနဲ့ အရှင်အရိယာလင်္ကာရတို့လဲ တက်တော်မူပါ၊ ဒကာတော်လဲ လာရောက် နာခံပါမယ်လို့ လျှောက်ပါတယ်။

ချိန်းတဲ့နေ့ ရောက်တော့ ကောင်းမှုတော် သုဓမ္မာ ဇရပ်မှာ နှစ်ဘက်ဆရာတော်များ စုဝေးကြပါတယ်၊ အားလုံးစုံတဲ့ အခါကျတော့ စစ်ကိုင်းဆရာတော်များက "ဆိုသင့်ဆိုရာကို ခင်ဘုရားတို့က စကားလိုပြု၍ ဆိုတော်မူပါ၊ ခင်ဘုရားတို့ဆိုအားမရှိလျှင် ဘပည်ာတော်တို့က ဆိုပါမယ်" လို့ ဆိုတော့ အဝဆရာတော်များက "မင်းကေရာဇ် ရောက်မလာသေးပါ" လို့ တားလိုက်ပါတယ်။

ဒါနဲ့ ဆီဦးကောက် ဆရာတော် အရှင်ဉာဏဝိလာသက "မင်းဧကရာဇ်သည် သာသနာတော်ဒါယကာဖြစ်လို့ သာ နာတော်မူမည်လို့ အမိန့်တော်ရှိသည်၊ ကျမ်းဂန်တတ်လို့ ခွဲခြမ်း ကောက်ယူ မိန့်ဆိုမည်မဟုတ်ပါ၊ ခွဲခြမ်းစိတ်ဖြာ ကောက်ယူ ဆုံး ဖြတ်မည့် ဆရာတော်ကြီးများရှိနေပြီးဖြစ်သည်၊ အဆိုလဲမတင်၊ တင်တဲ့အဆိုကိုလဲ မခံဘူးဆိုရင် ခင်ဘုရားတို့ မဝံ့မရဲလို့သာ ပေါ့၊ ကြောက်လျှင် ညတ်မည်" လို့ ခပ်ထန်ထန်ကလေး ဆို လိုက်ပါတယ်။

အဲဒီနေ့ မင်းတရားကြီး မတက်ရောက်နိုင်လို့ စကားမဆိုဖြင် ကြပါဘူး၊ နောက်တနေ့မှာ ဒီအကြောင်းကို မင်းတရားကြီး အား သံတော်ဦးတင်တဲ့အခါ မင်းတရားကြီးက အဝဘက်ဆရာ တော်များကို အပြစ်တင်တော်မူပါသတဲ့၊ ဒေသနာကျမ်းဂန်နဲ့ ပတ်သတ်ရင် ဒီလိုအကျိတ်အနယ်ပွဲများ ရှိတာဟာ ပရိယတ်ကို ဘယ်လောက် အလေးပေးတယ် ဆိုတာကို သက်သေပြခြင်း တ နည်းပါဘဲ၊ ဒီနေရာမှာ ဆရာတော်ကြီးများ အခြေအတင် ဖြစ် ရတဲ့ကိစ္စကို အတိအကျ မသိရပေမဲ့ ဒေသနာ လမ်းကြောင်း ပြောင်းလွဲလောက်တဲ့ ကိစ္စတော့ မဟုတ်တန်ရာပါဘူး၊ အသေး အဖွဲ့လောက်သာဖြစ်နိုင်ပါတယ်။

ဒါတွေကြည့်တော့ ဒီအချိန်မှာ ပရိယတ် ပဋိပတ်ရဟန်းတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ သာသနာတော်ဟာ အတော့်ကို စည်ပင် နေတာကို အားကျစရာတွေ့ရပါတယ်၊ ပရိယတ်ကလဲ ပဋိပတ်ကို၊ ပဋိပတ်ကလဲ ပရိယက်ကို တဘက်နဲ့ တဘက် အထင်သေးပြီး ပုတ်ခတ်တာမျိုးလဲ မကြားမိပါဘူး၊ အတော့်ကို တက်ညီလက် ညီနဲ့ ဆောင်ရွက်နေကြတဲ့အချိန်ပါ။

မင်းအာဏာဆိုတာကို သိပ်ကြောက်ရပါတယ်၊ ဘုရား အာဏာတော် ဝိနည်းကို ဖောက်ဖျက်လို့ ရရှိမဲ့ အပြစ်က နောက်မှ ကိုး၊ မင်းပြစ် မင်းဒဏ်ဆိုတာက ခုချက်ချင်း ခံရမှာ ဆိုတော့ ဝိနည်းတော်အာဏာကို သိပ်မကြောက်လှတဲ့ ရဟန်းအချို့ဟာ မင်းအာဏာကို ကြောက်ဘာနဲ့ဘဲ သေသေဝပ်ဝပ် နေထိုင်ကြရတဲ့အဖြစ်မျိုးတွေလဲ သေသေချာချာ ရှိတာပေါ့၊ ဒါကြောင့် ဝိနည်းသက်သက်နဲ့ ပင်ထားခြင်းခံရတဲ့အခါ ရဟန်းတွေ ပျက်စီးတတ်တယ်ဆိုတာ ဒီသဘောတွေ အများကြီးပါပါတယ်။

ရဟန်းတပါးဟာ လူတွေတောထဲမှာ အရက်ဆိုင်ဝင်ပြီး အရက်သောက်တယ်ဆိုပါတော့၊ ဝိနည်းကြောင်းအနေနဲ့ပါစိတ် အာပတ် သင့်တယ်ဆိုတဲ့ အပြစ်ကို ရသွားပါတယ်၊ ဥပဒေကြောင်း အနေကတော့ သူကြိုက်လို့ သူ့ပိုက်ဆံနဲ့သူ သောက်တာ ဘာမှမဖြစ်ဘူး၊ သို့သော်ဒီနေရာမျိုးမှာ လူအနေနဲ့ရာဇဝတ်ပြစ်မှုမဖြစ်နိုင်သော်လည်း၊ သင်္ကန်းဝတ်ထားတဲ့ ရဟန်းတပါးအနေနဲ့ ဝိနည်းနဲ့ဆန့်ကျင်တဲ့ပြင် ဘာသာ သာသနာကိုလဲ စော်ကားရာ ဖျက်ဆီးရာရောက်လို့ မြန်မာဘုရင်များခေတ်မှာ မင်းဒဏ်ကို မှတ်လောက်သားလောက် ခံရကြပါတယ်၊ ဒါကြောင့် သာသနာစည်ပင်သာယာတယ်ဆိုတာ ရဟန်းတွေရဲ့ သဒ္ဓါတရားသက်သက်ကြောင့် မဟုတ်ဘဲ မင်းအာဏာဆိုတဲ့ ခြံစည်းရိုးလဲကာထားတဲ့အတွက် ဖြစ်တယ်ဆိုတာ သံသယရှိဘွယ် မလိုဘူးပေါ့၊ ဒါကသာသနာနှောင်းခေတ်ကို ပြောတာပါ။

ပိဋကတ်တော်တွေ ကူးပြီးတဲ့အခါမှာတော့ ဆရာတော်အရိယာဝံသ ရ တပည့် ရှင်အာဒိစ္စမှ ပိဋကတ်တော်တွေကို စိစစ်ပြီးသိမ်းဆည်းထုပ်ပိုးဖို့ အပ်ပါတယ်၊ ကတ္တိပါမျိုးစုံကိုလဲစာတုပ်

ဘို့အတွက်လှူပါတယ်၊ ပီးတဲ့အခါကျတော့ ကောင်းမှုတော်ကြီး ပိဋကတ်တိုက်မှာထားပါတယ်။

သီဟိုဠ်ကျွန်းမှာ သာသနာနှစ် ၄၅၀ လောက်က စတုတ္ထ သံဂါယနာတင်ပြီးတဲ့နောက် သံဂါယနာမတင်ဘဲ နေလာလိုက်တာ ခုဆိုရင်နှစ်ပေါင်း၁၇၀၀ကျော်ကျော်ကြီး ကွာလာခဲ့ပါပီ၊ ဒါလောက်ကြာငြောင်းတဲ့နှစ်ပရိစ္ဆေဒကြီးမှာ ရဟန်းတွေရဲ့အမူအကျင့်ဟာ စောင်းတဲ့အခါ စောင်းလိုက်၊ တဲ့တဲ့အခါတဲ့လိုက်နဲ့ ဖြစ်လာပေမဲ့ ပိဋကတ်တော်တွေအနေနဲ့တော့ ပုဒ်ပါဠိအက္ခရာ အနဲအကျဉ်းချွတ်ယွင်းတာကလွဲရင် လမ်းကြောင်းအနေနဲ့ တိမ်းစောင်းနေတယ်ရယ်လို့ မရှိပါဘူး၊ ဟောင်းနွမ်းနေတဲ့ ပေစာတွေကို အသစ်ကူးလိုက်၊ နောက်တခါ ဟောင်းပြန်ရင် ထပ်ကူးလိုက်နဲ့ဆိုတော့ နှစ်ကြာလှပေမဲ့ စတုတ္ထသံဂါယနာရဲ့ မူရင်းဟာပျောက်ကွယ်သွားဘို့ မလွယ်တော့ဘူးပေါ့။

ပီးတော့ ကူးထားတဲ့အရာဝတ္ထုကလဲ ရွှေရွက်နဲ့ပရပိုက်လောက်သာ မဟုတ်ဘူးလေ၊ ငွေသား ရွှေသားအလွှာတွေလဲပါနေလေတော့ ပိုပီး ကြာရှည်ခံတာပေါ့၊ ဒါကြောင့် သံဂါယနာကို ထပ်ပီးမတင်ကြတာ ဖြစ်မှာပါ၊ မူရင်းကြီး တိတိကျကျရှိပီးသားဆိုတော့ ထပ်တင်လဲ ပိုနေတာဘဲလို့ သဘောထားကြဟန်တူပါတယ်၊ ပိဋကတ်တော်တွေအသစ်တဖန် ကူးမဲ့ကြရင် ဆရာတော်သမားတော်များ စုဝေးပီး အချင်းချင်း ညှိနှိုင်း ကြတာဟာ သံဂါယနာအမည်မရသော်လဲ အဲဒီဆံဆံဘဲဖြစ်ပါတယ်။

ဘယ်အချိန်လောက်စပီး မြန်မာပြည်မှာ ပိဋကတ်တော်တွေ ကူးယူတယ်၊ အဆင့်ဆင့်ဘယ်လိုထိန်းသိမ်းခဲ့တယ် စတဲ့ အချက်အလက်တွေကို အသေးစိပ်ဖော်ပြဘို့ကတော့ ဒါလောက် လေ့လာရုံနဲ့မရသေး မပြည့်စုံနိုင်သေးပါဘူး။

## တောင်ဘီလာ ပုဂ္ဂိုလ်ကျော်

သက္ကရာဇ်၁၀၀၀ပြည့်နှစ်မှာ ပြည်ပဍ္ဍင်းကျော်ဖြစ်တဲ့ အရှင်တိပိဋကာလင်္ကာရဟာ မြစ်နား လေးထပ်ကျောင်းကနေပြီး မင်းဘူး စက်တော်ရာကို အဖူးအမြင်ထွက်ခဲ့ပါတယ်၊ မင်းဆရာဆိုတော့ ကြွချင်သလို ကြွလို့ မဖြစ်ပါဘူး၊ မင်းတရားထံ စာနဲ့ အကြောင်းကြားရပါတယ်၊ ဒီတော့မှ မင်းတရားကြီးက လှေတော်များ စီစဉ်ပြီး အခြွေအရံအများအပြား ထည့်တော်မူပါသတဲ့။

ဒါနဲ့ဘုရားပါ ဖူးမြင်ပြီး ပြန်ကြွလာတော့ ပခန်း ကြီး မြို့ကို ရောက်လာပါတယ်၊ အဲဒီမှာလဲရွှေဥမင် ဆရာတော်ဆိုတာ သိပ်နာမည်ကြီးနေတာကိုး၊ နေပြည်တော်တိုင်အောင် သတင်းထွက်ပြီး နာမည်ကြီးတာဆိုတော့ တော်ရုံတန်ရုံအရည်အချင်း မဟုတ်ဘူးဆိုတာသိလောက်တာပေါ့၊ ခုခေတ်တော့ ဘယ်လိုနေတယ်ဆိုတာမသိပါ၊ အဲဒီအချိန်ကတော့ ရွှေဥမင်ကျောင်းဆိုတာဟာ လူသူနဲ့ အတန်ဝေးပြီး တောရဝင်တဲ့ကျောင်းလို့ သိရပါတယ်၊ ဒီနေရာမှာ စကားနှစ်မျိုးဖြစ်နေတာကို ဖော်ပြပါမယ်၊ ကြိုက်ရာမှတ်သားကြဘို့ပါဘဲ။

ပခန်းကြီးရောက်တော့ လေးထပ် ဆရာတော်က ရွှေဥမင်ဆရာတော်ထံကိုကြွပါသတဲ့၊ ရွှေဥမင်ဆရာတော်ဟာ လူသူဝေးတဲ့ တောထဲမှာ ရဟန်းဖော်မရှိ၊ သူတော် ကပ္ပိယ တဦးနဲ့သာ နေတာပါ၊ အဝဆရာတော် ရောက်တော့ တကယ့် သူတော်စဉ်ကြီးတွေ တပါးနဲ့တပါး ဖူးတွေ့ရတာမို့ အင်မတန်ဝမ်းမြောက် ဝမ်းသာဖြစ်ကြတာပေါ့၊ ဒါနဲ့ အလ္လာပသလ္လာပ ပြောဆိုပြီးတဲ့ အခါ "ယခု မည်သည့် စာပေကျမ်းဂန်များပြုစုနေပါသလဲ"လို့ အဝဆရာတော်က မေးမြန်းပါတယ်၊ ဝိနည်းငါးကျမ်းပါဠိတော်

နိသျမျှားရေးပြီးနေကြောင်း၊ ၎င်းအဋ္ဌကထာ နိသျမျှားလည်း ပြီးလုပြီဖြစ်ကြောင်းနဲ့ ရွှေဥမင်ဆရာတော်က ပြန်ကြားလျှောက်ထားပါတယ်။

ဒီတော့ အဝဆရာတော်က "ဝိနည်းငါးကျမ်း နိသျမျှားရေးနေသည်ကို မကြားမသိရပါ၊ တပည့်တော်လည်း ဝိနည်းငါးကျမ်း နိသျမျှားကို ရေးသားပြီးစီးနေပါပြီ၊ သို့သော်လည်း အရှင်ဘုရား၏ နိသျမျှားသည် သာသနာဘော် ငါးထောင်တိုင်အောင် တည်ရစ်ပါစေ၊ တပည့်တော်၏ နိသျမျှားကိုမူ ဘုရားတည်၍ ဌာပနာပါမည်"ဟု လျှောက်ပါသတဲ့၊ ဒီနေရာမှာဆရာတော်ကြီးများဟာ တပါးထက် တပါး တွင်ကျယ်နိုင်အောင်သာလွန်အောင်ဆိုတဲ့စိတ်မျိုးကို ဘေးဖယ်ထားနိုင်တာဟာ သိပ်ကိုကြည်ညိုစရာကောင်းပါတယ်၊ မနိုင်လို လျှော့ပေးတာထက် နိုင်လောက်ရက်သားနဲ့ လျှော့ပေးတာသာ တကယ့် မြင့်မြတ်ခြင်းပါ။

ဒါနဲ့ ပြောပြီးတဲ့အခါကျတော့ အဝဆရာတော်က "တပါးတည်းနေရတာ မကြောက်ဘူးလား" လို့ မေးပြန်ပါတယ်၊ ဒီတော့ ရွှေဥမင်ဆရာတော်က "ကြောက်လှိုပင် တပါးတည်းနေပါသည်" လို့ လျှောက်ပါသတဲ့၊ မှတ်သားလောက်တဲ့စကားပါ။

ဒီနောက်ပြန်ကြတော့မယ် လုပ်တော့ အဝဆရာတော်က "တပည့်တော်မှာ မင်းဆရာဖြစ်ပါသည်၊ အရှင်ဘုရားရှေ့ကကြွပါ" လို့ဆိုပြန်ပါတယ်၊ ရွှေဥမင်ဆရာတော်ကလဲ "မင်းဆရာကသာ ရှေ့ကကြွဆိုက်ပါသည်" လို့ ပြန်လျှောက်ပါသတဲ့၊ သိက္ခာတူဝါတူတွေဆိုတော့ ရှေ့နဲ့နောက် ပြဿနာဖြစ်နေတာပေါ့၊ တကယ့်ဆရာတော်ကြီးတွေမို့ ဘေးချင်း ယှဉ်သွားလို့လဲ မလျှော်ဘူးမဟုတ်လား။

မင်းဆရာမှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြတာဘဲလို့ သူတပါး ထင်မှာကို အဝဆရာတော်က စိုးရိမ်သလို၊ ရွှေဥမင်ဆရာတော်ကလဲ အလိုက်မသိတဲ့ ကိုယ်တော် မင်းဆရာ ကိုတောင် ပမာမခန့် လုပ်တယ်လို့ သူတပါးကဲ့ရဲ့မှာကိုစိုးသပေါ့၊ ဒါကြောင့် မမူဝတ်မှာ အရည်အသွေးတူညီနေတာဖြစ်လို့ လောကဝတ်ကို ငဲ့ပြီး ရွှေဥမင်ဆရာတော်က ပြန်လည် လျှောက်ထားတာနဲ့ ဘဲတူပါတယ်၊ သိပ်ကိုကြည်ညိုရပါတယ်။

နောက်ဆုံးတော့ အဝဆရာတော်ဘဲ ရှေ့ကကြွသွားရပါတယ်၊ ဆရာတော်လိုက်ပို့ပြီးလို့ ကျောင်းပြန်ရောက်တဲ့အခါ ရွှေဥမင်ဆရာတော်က "မင်းဆရာတော်တော့ ငါပြောတာနားလည်ချင် ကျောင်းကို ဘယ်နည်းနဲ့မှ ပြန်ဝံ့မှာမဟုတ်ဘူး" လို့ ကပ္ပိယ သူတော်ကြီးကို မိန့်ပါသတဲ့။

ဟုတ်လဲဟုတ်ပါတယ်၊ ပြန်ရောက်တဲ့အခါမှာ ကျောင်းကိုပင် မဝင်တော့ဘဲ စစ်ကိုင်း မင်းဝံတောင်ကြားချောက်ကြီး တောင်ဘီလာဆီးကာရာ အရပ်ကို အရည်ကင် ဝင်တော်မူပါတော့တယ်၊ အဲဒီကစပြီး တောင်ဘီလာဆရာတော်လို့ ကျော်တော့တာပါဘဲ၊ တထောင်တယောက်မရှိသောပုဂ္ဂိုလ်ပါ။

(စကားတမျိုးကတော့- ရွှေဥမင်ကျောင်းဆိုတာ တောရမဟုတ်သလို ရေးထားတဲ့ပြင် တောင်ဘီလာဆရာတော် တောရဝင်ခြင်းဟာလဲ ရွှေဥမင်ဆရာတော်၏ ပြောစကားနဲ့ အနည်းအကျဉ်းပတ်သက်နေတယ်ဆိုတာကို အရိပ်အမြွက်တောင် ဖော်မပြပါဘူး၊ ယခုဖော်ပြထားတာကတော့ သာသနာဝံသစာဟောင်းနဲ့ ပိဋကတ်တော်သမိုင်းတို့ရဲ့ အဆိုအမိန့်အပြင် မျက်မှောက်ဆရာတော်များထံမှ နာခံမှတ်သားသူတာကို ဖော်ပြထားတာဖြစ်ပါတယ်။)

ဒီအကြောင်းကို သာလွန်မင်းတရားကြီး ကြားတော့ ဝမ်းသာ ဝမ်းနည်းဖြစ်ပုံရပါတယ်။

တညသ၌တော့ တောင်ဘီလာဆရာတော့်ထံကို ခပ်ရွယ်ရွယ် မိန်းကလေးတယောက် ရောက်လာပါတယ်၊ တောကြို တောင်ကြားထဲ မိန်းကလေးတဦးထဲ အချိန်မဟုတ် ကာလမဟုတ် ရောက်လာတာဆိုတော့ ဆရာတော်လဲ အံ့ဩသွားမှာပါဘဲ၊ ဒါပေမဲ့ တားလဲ မ တား မြစ် ဘူး၊ အနားလဲ အကပ်မခံဘူး၊ တော်တော်ကလေး ညဥ့်နက်တော့ ဆရာတော် မြင်သာလောက်တဲ့ နေရာကနေပီး ကိလေသာ ထကြွလောက်တဲ့ အာရုံတွေကို ပြတယ်လို့ဆိုတာကိုး၊ ပြတယ်ဆိုပေမဲ့ သိသိသာသာကြီး ပြတာမဟုတ်ဘူး၊ မတော်တဆ ထမိပြေကျဟန် စတဲ့ အမှတ်တမဲ့ ဖြစ်နည်းမျိုးပါ၊ နာမကျန်း ဖြစ်ဟန်ဆောင်တယ်လို့လဲ အဆိုရှိပါတယ်။

ဒါကို အမှတ်တမဲ့ ဆရာတော် မြင်လိုက်ရတော့ အတော့်ကို ထိတ်လန့်သွားပါသတဲ့၊ ဒါနဲ့ ဒီအာရုံကို ရှောင်လွှဲနိုင်အောင်ဆိုပီး အနားမှာခါးမကြီးဆွဲယူ၊ သူ့ပေါင်သားကိုသူ တဖြည်းဖြည်း တယိယိလှီးနေပါသတဲ့၊ ခန္ဓာကိုယ်နာ လွန်းတော့ တဖက်အာရုံ မရောက်နိုင်တော့ဘူးပေါ့၊ ဒီလိုနဲ့ မနက် မိုးလင်းတော့ မိန်းကလေးလဲပြန်သွားပါတယ်။

ဒီနောက် ရက်မကြာခင် မင်းတရားကြီး ရောက်လာပီး "အရှင်ဘုရား တရံရောညက မိန်းကလေးတဦးနဲ့မှားမိပါသလား" လို့ လျှောက်သတဲ့၊ ဆရာတော်ကလဲ အကျိုးအကြောင်း ပြန်ပြောပီး သူ့ဝေဒနာကိုသာ အာရုံပြုနေတဲ့အကြောင်း မိန့်ပါတယ်၊ မင်းတရားကြီးကလဲ မယုံနိုင်သလို လျှောက်ထားလေတော့ ဆရာတော်က သူအသုံးပြုတဲ့ ခါးမကြီး သက်သေပြုပီး

ရေကန်ထဲကို ပစ်ချလိုက်ပါသတဲ့၊ ခါးမကြီးဟာ ရေထဲမြုပ်သွားရမဲ့အစား တန်းတန်းမတ်မတ်ကြီး ကူးသွားပါတော့တယ်။ ဒါကိုမြင်ရတော့ မင်းတရားကြီးနဲ့အတူ ပရိသတ်တွေဟာ အကြီးအကျယ် အံ့ဩမိကြရတာကိုး၊ အဲဒီကစပြီး ဒီရေကန်ကို ခါးမကူးကန်ရယ်လို့ ခေါ်ကြောင်းနဲ့ အစဉ်အလာစကားကြားဘူးပါတယ်၊ အမှတ်လွဲနေတာဖြစ်ရင်လဲ သည်းခံကြဘို့ပါဘဲ၊ ခုနကမိန်းကလေးဟာ မင်းကြီးက စုံစမ်းခိုင်းတာပါတဲ့။

သက်ဆိုင်ရာ စာစောင်များမှာတော့ ဆရာတော် တောဝင်တော်မူတဲ့အကြောင်း မင်းတရားကြီးနဲ့ အိမ်ရှေ့မင်း သိရှိတဲ့အခါ ဆရာတော်ကိုရှာ၍ အရင်တွေ့သူက ကျောင်းဆောက်လှူမယ် ဆိုတဲ့ကတိနဲ့ လိုက်ရှာရာမှာ ညီတော်အိမ်ရှေ့မင်းက အရင်တွေ့တဲ့အတွက် ဇေတဝန်ရွှေကျောင်းကိုဆောက်လုပ် လှူဒါန်းကြောင်းသာ ဖော်ပြကြပါတယ်၊ ကြည်ညိုစရာကောင်းတဲ့ အကြောင်းအရာတွေချည်းပါဘဲ။

## ဦးထုပ် တရပတ်

ဒီမှာ စဉ်းစားစရာ တခုကတော့ "တောင်ဘီလာ ဆရာတော်ဟာ တောဝင်တဲ့အချိန်ကျမှ ဂါမဝါသီရဟန်းတို့၏ ဆောင်းမြဲ အုပ်ထုပ်အညွန့်ကို လှည်း၍ ခေါင်းတင် ဒေါက်ချာ ဆောင်းတော်မူသတည်း" လို့ စာဟောင်းမှာ ဖော်ပြပါတယ်၊ နောက်တခုက နေရင်းရွာမှ ပဗ္ဗာရုံဘုန်းတော်ကြီးသည် ကျမ်းအစောင်စောင်ပြုသည့် ပုဂ္ဂိုလ်တဦးဖြစ်ပီး ဥာဏ်ပညာ ကြီးကျယ်နက်နဲလှပါသတဲ့၊ အဲဒီပုဂ္ဂိုလ်တော်ကြီးဟာလဲ ပဥ္စင်းဖြစ်အောင်ပင် ဂါမဝါသီတို့ ဂိုဏ်းတွင် နေမိသည်၊ နောက် တရားကျမ်းဂန်ကို ဆင်ခြင်မိသည်တွင်မှ ဦးထုပ် တရပတ်ကိုစွန့်၍ တောနေဂိုဏ်းသို့ ဝင်သည်-လို့ သာသနာလင်္ကာရမှာ ဆိုပြန်ပါတယ်။

ဒီတော့ အဲဒီခေတ်က ဂါမဝါသီရဟန်းတိုင်းဘဲ ဦးထုပ် တရပတ် ဆောင်းကြလေသလားလို့ တွေးစရာ ဖြစ်လာပါတယ်၊ တောင်ဘီလာနဲ့ ပုဗ္ဗာရုံဆရာတော်များလို ပညာဥာဏ် နက်နဲပြီး ကျမ်းဂန်စာပေ ကျွမ်းကျင်လှတဲ့ ပုဂ္ဂိုလ်ကြီးများပင် ဒီဦးထုပ်ကို ဆောင်းကြတယ်ဆိုတာကတော့ အထူးစဉ်းစားစရာပါဘဲ၊ ဒီအတိုင်းမှန်ရင် ခေတ်ကာလရဲ့ဓလေ့တခုဟာ ဝိနည်းကိုပင် လွှမ်းမိုးနေတဲ့သဘောဖြစ်နေတာပေါ့။

ဦးထုပ်ဆိုတာက ခုခေတ်လူတွေဆောင်းတဲ့ ဦးထုပ်မျိုးတော့ မဟုတ်ပါဘူး၊ "သီသဝေဌန" လို့ သာသနဝံသပ္ပဒီပိကာမှာ မောင်းထောင်ဆရာတော်က ညွှန်ပြထားပါတယ်၊ ဦးရစ်ပေါင်း ခေါင်းပေါင်းလို့ ဆိုလိုပါတယ်၊ တခါ သိရဗ္ဗာဒန- လို့လဲတမျိုး ပြပြန်ပါတယ်၊ ဥခေါင်းကို ဖုံးလွှမ်းတဲ့ အဝတ်လို့ ဆိုလိုပါတယ်၊ ကျမ်းဟောင်းစကားအရဆိုရင် ဒီဦးထုပ်ဆိုတာဟာ ခေါင်းမှာ ပတ်လိုက်တဲ့အခါ တနေရာရာက အစတဖက် ထောင်နေတဲ့ပုံစံ ပါဘဲ၊ အစတဖက်ထောင်နေတာကလဲ အိန္ဒိယက အချို့မဟာရာဇာများခေါင်းပေါင်းလို နဖူးတဲ့တဲ့က ထောင်နေခြင်းလား၊ ရှေ့က မူဆလင် ကုလားအဖိုးကြီးများ ပေါင်းသလို နောက်က ထောင်ခြင်းမျိုးလား၊ သေသေချာချာတော့ မပြောနိုင်ပါဘူး၊ ရှမ်းစော်ဘွားများပေါင်းသလို နှစ်စစလုံးနောက်တဲ့တဲ့က ထောင်ထားတာမျိုးလဲဖြစ်ချင်ဖြစ်မယ်၊ ကုလားကြီးများ ပေါင်းတာကတော့ နောက်တဲ့တဲ့က တစကိုထောင်ပြီး တစကိုတော့ကျောပေါ်မှာ ခပ်ရှည်ရှည်ချထားတာကို တွေ့မြင်ဘူးပါတယ်။

ဒေါက်ချာဆိုတာကလဲ ကျမ်းဟောင်း စကားရိပ်အရ ဆိုရင် အစမထောင်ဘဲ ရိုးရိုးတန်းတန်းခေါင်းမှာ ပတ်ထားတာကိုဆိုပုံ

ရပါတယ်၊ ဒီစကားကို လက်ခံမယ်ဆိုလဲ မမှားလောက်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ မောင်းထောင်ဆရာတော်က ဦးထုပ်နဲ့ ဒေါက်ချာကို "သိရစ္ဆာဒန" လို့ မခွဲဘဲဆိုထားလို့ဘဲ ဖြစ်ပါဘယ်၊ ပွဲထဲက ရသေ့များဆောင်းတဲ့ ဒေါက်ချာကတော့ အားလုံးမြင်ဘူးကြတဲ့ အတိုင်းဘဲ၊ ပုံစံမှုသေဆိုတော့ အဆင်သင့်ကောက်စွပ်လိုက်ရုံပါဘဲ၊ ရဟန်းတွေဆောင်းတဲ့ ဒေါက်ချာကတော့ ဒီလိုမဟုတ်ပါဘူး၊ သင်္ကန်းရောင်ဆိုးထားတဲ့ ရှည်ရှည်အဝတ်စတခုပါဘဲ၊ ဒါကို ရစ်ပတ်ပြီး ပေါင်းလိုက်ရင် ဦးထုပ်ဒေါက်ချာလို့ခေါ်တာပါဘဲ၊ အစထောင်ရင်ဦးထုပ်၊ အစမထောင်ဘဲ လျှော့ထားရင် ဒေါက်ချာလို့ ခွဲတဲ့သဘောပါ။

အာစရိယဝံသမှာတော့ ဒေါက်ချာဆိုတာ အဝတ်ကို အိတ်သဏ္ဌာန်ချုပ်ပြီး ဦးခေါင်းမှာ စွပ်တဲ့အရာပါလို့ ဆိုကြောင်းနဲ့ ကပိလက္ခဏာဝိသောဓနီမှာ ဦးဆန်းထွန်းက ဖော်ပြပါတယ်၊ ဒါလဲ မှားတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဒီဦးထုပ်တရပတ် ဒေါက်ချာ ခေတ်ကလဲ အကြာသားဆိုတော့ တချိန်မှာ ဟိုပုံစံဖြစ်ပြီး၊ တချိန်မှာ ဒီပုံစံပြောင်းသွားတာမျိုးကလဲ ရှိနိုင်တာကိုး။

ရဟန်းတွေဟာဒီလိုသာ ဦးထုပ်ဒေါက်ချာကြီးတွေနဲ့လှုပ်ရှားသွားလာ နေကြတာဆိုရင် မြင်နေကျမျက်စိများ အတွက်တော့ မဆိုနိုင်ဘူး၊ ခုနေစိတ်ကူးနဲ့မြင်ကြည့်ရတာဖြင့် တမျိုးကြီးပါဘဲ။

နောက်တခုက တရပတ် အကြောင်းပါ၊ သရပတ်လို့လဲ အခေါ်ရှိပါတယ်၊ ဒါကို သာသနဝံသပ္ပဒီပိကာမှာ "တာလပတ္တ" လို့ [illegible]ရာမှာပြပြီး၊ တနေရာမှာတော့ "တာလဝဏ္ဏ" လို့ ပြပြန်ပါတယ်၊ အဘိဓာန်အတိုင်း ဆိုရင်တော့ ထန်းရွက်၊ သို့မဟုတ် ထန်းရွက်ယပ်လို့ ဆိုလိုပါတယ်၊ ဒီယပ်ကိစ္စကလဲ အနောက်ဘက် လွန်ခဲ့တာများကြီး လက်ထက်တုန်းကလဲ ကိုင်ကောင်း မကိုင်

ကောင်း ပြဿနာတခါဖြစ်ခဲ့တယ်လို့ ရာဇဝင်က ဆိုပါတယ်၊ ဘယ်က အနိုင်ရတယ်တော့ မသိဘူး။

တကယ်တော့ ထီးတို့၊ ဘိနပ်တို့၊ ယပ်တို့ ဆိုတာတွေဟာ ပရိက္ခရာရှစ်ပါးထဲမှာ မပါပါဘူး၊ မပါပေမဲ့ သူ့နေရာနဲ့သူ အသုံးပြုနိုင်ကြောင်းကတော့ ဒေသနာအရှိပါတဲ့။

ဂါမဝါသီ ရဟန်းတွေတာ ဒီဦးထုပ်တရပတ်တွေကို ဘယ်အချိန်ကစပြီး ကိုင်ဆောင်ကြတယ်ဆိုတာကိုတော့ အတိအကျ မပြောနိုင်ပါဘူး၊ နောက်ကြောင်း ပြန်ကြည့်မယ် ဆိုရင်တော့ သက္ကရာဇ်၉၀၀ ကျော်လောက်တုံးက စစ်ကိုင်းဘက်မှာ ဆရာတော်ရှင်တိသာသာသနဓဇအကြောင်းကို ပြောခဲ့ပါပြီ၊ အဲဒီဆရာတော်လက်ထက်ရောက်မှ ဆရာတော်ရဲ့ အဆက်အနွယ်များဟာ ဦးထုပ်ဒေါက်ချာ မဆောင်းတရပတ် အဖြူအနီမကိုင်၊ နောက်ဟံသာဝတီရောက် မင်းဘိုးတော်လက်ထက် လေသာကျောင်း ဆရာတော်က ဆောင်းကိုင်ရမည်နှိုးဆော်သည်တွင်မှ အမူအကျင့်ယိုယွင်းဖောက်ပြားလေသည်လို့ သာသနာလင်္ကာရမှာ ဆိုပါတယ်။

ဒါကိုထောက်ရင်းဒီမတိုင်ခင်ကတဲက ဦးထုပ်တရပတ်ဆောင်းကိုင်နေကြတဲ့ သဘောပါ၊ သာသနာလင်္ကာရအလိုဆိုရင် ဒီလိုဆောင်းကိုင်ခြင်းဟာ အမူအကျင့် ဖောက်ပြန်တယ်လို့ ဆိုရပါလိမ့်မယ်။

တခါ သက္ကရာဇ်၇၃၀ ပြည့်မှာ နန်းတက်တဲ့ မင်းကြီးစွာစော်ကဲ လက်ထက် သားတော် မင်းခေါင် ကျောင်းသားဘဝမှာ သူ့ဆရာဘုန်းကြီးက "ငါတောင်ဘီလူး ပရက္ကမမှာ စာသင်စဉ် လေ့လာ၍ ငါ့ဦးထုပ် ကျလေသည်ကို ငါခြေနှင့် နင်းမိ၍ မင်းဆရာဖြစ်မည် မချွတ်ပြီ" လို့ ပြောစကား ရှိပါ

တယ်၊ ဒီစကားရိပ်အရဆိုရင် အဲဒီတုန်းကတဲက ဦးထုပ်ဆောင်း နေကြပြီးပေါ့၊ အပြုအမူတခု ခေတ်စားတယ်ဆိုတာဟာ ရုတ်တရက် ချက်ချင်းဖြစ်နိုင်တာမျိုး မဟုတ်ပါ၊ တစတစနဲ့သာဖြစ်လာနိုင်တာမျိုးပါ၊ မင်းကြီးစွာ လက်ထက်မှာ ဦးထုပ်ပေါင်း နေကြပြီဆိုတာ ဒီမတိုင်ခင်ကတဲက ပေါင်းနေကြတဲ့သဘောပါ၊ ဒီမတိုင်ခင်ဆိုတာ ဘယ်အချိန်လောက်ကလဲလို့ မေးရင်တော့ အတိအကျမဖြေနိုင်ပါ၊ ဖြစ်နိုင်တာကတော့ ရဟန်းတွေအကျင့်ပျက်လို့ စကားကျောင်းတွေ ပွဲကျောင်းအဖြစ် ကူးပြောင်းလာရတဲ့အချိန်လောက်မှာ ဖြစ်ပါလိမ့်မယ်။

ဥဇနာမင်းကြီးဟာ သက္ကရာဇ် ၇၀၂ - မှာ စကား ကျောင်းများကို ကျောင်းတင်လှူဒါန်းပါတယ်၊ ၇၀၄ - မှာ နန်းဆင်း ပေးလို့ ညီတော် ကျော်စွာ နန်းတက်လာပါတယ်၊ ဒိငါးစီးရှင် ကျော်စွာလက်ထက်မှာဘဲ စကားကျောင်းများ ပွဲကျောင်းအဖြစ် ပြောင်းလာတယ်တဲ့၊ ငါးစီးရှင်ကလဲ စည်းစိမ် ကိုးနှစ်သာ ရှိလေတော့ စကားကျောင်းများရဲ့ နာမည်ကောင်းနဲ့ ရပ်တည်နိုင်တဲ့အချိန်ဟာ သိပ်မရှည်ကြာလှဘူးပေါ့၊ ဒါကြောင့် ဦးထုပ် ဆောင်းအလေ့ဟာ ၇၀၄-နဲ့ ၇၁၃-ခု ကြားကာလက စတင်ခဲ့တယ်လို့ ခန့်မှန်းရပါတယ်။

နောက်တခုက တရပတ် ဆိုတာ ဘယ်လို ဟာလဲ ဆိုတဲ့ အကြောင်းပါဘဲ၊ ၁၀၆၀ - ခု နှစ်မှာ နန်းတက်တဲ့ရမည်းသင်း မင်းကြီးသားတော် မင်းတရားလက်ထက် အရုံတောနေဂိုဏ်းဝင် ဆရာ တို့သည် တပည့်များ မြို့ရွာသို့ ဝင်ကြသော အခါ ဦးထုပ် တရပတ်ကို မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ ကိုင်ဆွဲစေလျက် လို့ သာသနာလင်္ကာရမှာ ဆိုပါတယ်၊ ဒီစကား အရ တရပတ်ဆိုတာ ယပ်မဟုတ်ဘူး၊ ဒီနေရာမှာ ခေါင်းတောင်

ဆရာတော်က "တရပတ်ကို တာလပတ္တ၊ ယပ်ကိုတာလဝဏ္ဋလို့ ခဲ့ပြန်ပါဘယ်၊ စောစောပိုင်းမှာတော့....

ကေစိဘိက္ခူသိရိစ္ဆာဒနံ နာနာဝဏ္ဏပ္ပဋိမဏ္ဍိတဥ္စတာလဝဏ္ဋံ ဂဟေတွာ အာစာရဝိကာရံ အာပဇ္ဇိံသု - လို့ ဆိုထားတာကိုး။

"ရဟန်းအချို့ဟာ ဦးထုပ်နဲ့ အရောင်အဆင်းအမျိုးမျိုးချယ်ထားတဲ့ တရပတ်ကို ကိုင်ဆောင်ပြီး အကျင့်ဖောက်ပြားကြတယ်" လို့ အဓိပ္ပါယ်ရပါတယ်၊ ဆိုချင်တာကတော့ တာလဝဏ္ဋဆိုတဲ့ ပါဠိကိုဘဲ တနေရာမှာ တရပတ်လို့ ဆိုပြီး တနေရာမှာ ယပ်လို့ဆို ပြန်ပါတယ်၊ ဒီတော့ တရပတ်နဲ့ ယပ်ဟာအတူတူဘဲလို့ ဆိုရမလို ဖြစ်နေတာပေါ့။

တာလပတ္တကို တရပတ်လို့ ပြန်ဆိုတာကတော့ စကားနီးစပ်လိုလက်ခံထိုက်ပါတယ်၊ ဒါပေတဲ့ တရပတ်ဆိုတဲ့ ဝေါဟာရ အရ ဘာကိုယူရမလဲဆိုတာ ရှင်းဘို့လိုအပ်တာပေါ့၊ ဒါကြောင့် တရပတ်ကို သိချင်ရင် တာလပတ္တ၊ သို့မဟုတ် တာလဝဏ္ဋဆိုတဲ့ စကားကို ကြည့်ရပါမယ်၊ ကြည့်တော့ တာလပတ္တဆိုတာ ထန်းရွက်ဘဲ၊ တာလဝဏ္ဋဆိုတာကတော့ ထန်းရွက်ယပ်ဘဲ၊ ထန်းရွက်ယပ်ကိုတော့ "အနုဇာနာမိ ဘိက္ခဝေ ဝီဇနိဥ္စ တာလဝဏ္ဋဥ္စ" လို့ ခန္ဓကမှာ အတိအလင်း ခွင့်ပြုထားတာမို့ အငြင်းပွားဘွယ်မလိုပါဘူး။

ဒါကြောင့် မကိုင်ကောင်းဘူးဆိုတဲ့ တရပတ် ဆိုတာဟာ ယပ်တော့မဟုတ်ဘူးဆိုတာ ရှင်းသွားတာပေါ့၊ ယပ်မဟုတ်ရင် ယပ်အဖြစ် မရောက်သေးတဲ့ ထန်းရွက်ကို တရပတ်လို့ဆိုရဘို့ ရှိပါတယ်၊ ဒီလိုဆိုပြန်တော့လဲ မြင့်မြတ်တဲ့အဆောင်အယောင် ဆောင်ဖို့ရာ ကြက်သရေမင်္ဂလာရှိတယ်လို့ လက်ခံကျင့်သုံးနေကြ

တဲ့ ဂါမဝါသီရဟန်းတွေဟာ ကို့ယို့ကားယားရှိလှတဲ့ ဒီထန်းရွက် ထန်းလက်ကြီးကို ကိုင်ဆောင်ကြပါ့မလား ဆိုတာစဉ်းစားစရာပါဘဲ။

ကဝိလက္ခဏာဝိသောဓနီမှာတော့ ဦးဆန်းထွန်းက "လှည်းဘီးစက်ဝန်းကဲ့သို့ အဝတ်ကို အဝန်းပြု၍၊ ဝါးတံသေးသေးကိုခွဲ၍ ညှပ်ထားသော တရပတ်မည်သောအသုံးအဆောင်ကိုသုံးဆောင်ကြ၏" လို့ ပြောပြပါတယ်၊ ဒါပေတဲ့ အဲဒီ အသုံးအဆောင်ဟာ ဆောင်းတဲ့အရာလား၊ ကာတဲ့အရာလား ဆိုတာကိုတော့ မဖော်ပြပါဘူး။

နောက်တခါ တရပတ်ဆိုတာထီးလို့လဲ စကားရိုင်ရှိပါတယ်၊ ထီးလို့ဆိုရအောင်ကလဲ အခက်ဘဲ၊ တရပတ်ရဲ့ ပါဠိ စကားတာလပတ္တ ရှိနေသလို ထီးရဲ့ပါဠိစကားကလဲ ဆတ္တဆိုတာ ရှိပြီးသားဘဲ၊ သိပ်တော့ မနီးစပ်ဘူးပေါ့၊ ဒါပေတဲ့ ပါဠိစကားချင်းသာ မနီးစပ်တာ ဗမာစကားမှာတော့ ဒါဟာ "ငရဲအိုး"ဆိုတာလို စကားကျ စကားလှယ် ဖြစ်နိုင်ပါတယ်။

ကဝိလက္ခဏာ သတ်ပုံမှာလဲ " ထီးတရပတ်၊ ဇောတိရည်၊ စိခတ်အမှမ်းဆင် " လို့ ထီးနဲ့ တရပတ်ကို အတူတူ ဆိုထားပါတယ်၊ ဒီလိုဆိုတော့ ထီးဆိုတာ တရပတ်၊ တရပတ်ဆိုတာ ထီးလို့ ရှင်းသွားတာပေါ့၊ ဒါဖြင့် တရပတ်ကို"ဆတ္တ"လို့ အများသိစကားနဲ့ မရေးဘဲနဲ့ ဘာပြုလို့ "တာလပတ္တ"ဆိုတဲ့ စကားလုံးနဲ့ ဖော်ပြရသလဲ ဆိုဘာကို စဉ်းစားသင့်တာပေါ့၊ စဉ်းစားတော့ ထီးနဲ့ တရပတ်ဟာ တူတယ်ဆိုပေတဲ့ တသဝေ မတိမ်းတူတဲ့ တူနည်းမျိုးတော့ မဟုတ်ဘူး၊ ထီးအမျိုးအစားထဲ ပါဝင်လို့ မျိုးတူလို့ဘဲ ဆိုရပါမယ်လို့ စဉ်းစားမိတာဘဲ။

ကဲ....ဒီစကားကိုတော့ ဘယ်လိုကြံကြမလဲ၊ "စေ့စေ့ကြည့်လျှင် သူ့ရုပ်သွင်မှာ၊သမင်မဟုတ်၊ရှင်မဟုတ်နှင့်၊ဦးထုပ်သရပတ်၊ ပေလူကပ်လို့၊ ပညာတ်တော်မူ၊ သည်ဟာနှင့်တူသည်လို့ မယူဆနိုင်၊ ဂေါတမနောက်၊ ဂေါတမောက်ကယ်လို့၊နှစ်ယောက်ကယ်ဘုရား၊ ဟောရှိမျှား ထားသည့်နှယ်၊ ထိပ်ဖျားမှာ ခွေထိုးလို့၊ ကိုးကွယ်လှည့်ကြုံ...."လို့ ဦးအောင်က သူ့ခေတ်ကျမ်းမှာဆိုထားတယ်လေ၊ တရပတ်ဆိုတာ ထီးအမျိုးအစားမဟုတ်ဘဲ၊ ဦးထုပ်အမျိုးအစားဖြစ်နေပြန်တယ်၊ ဒီမှာတော့ ပုံသဏ္ဌာန်ကိုပါဖော်ပြထားတယ်မဟုတ်လား၊ ထိပ်ပေါ်မှာ ခွေခွေကလေး ထိုးတက်နေတယ်တဲ့၊ ဒီတော့ အဝတ်ကို ရေစစ်ချုပ်ထားတဲ့ပုံ၊ ပြီးတော့ ဆပ်ကပ်ထဲကလူပြက်တွေဆောင်းတဲ့ ဦးထုပ်ချွန်ကြီးတွေရဲ့ ပုံလိုနေမှာဘဲလို့ ထင်ရပြန်ပါတယ်။

ဒါတွေဖော်ပြနေရတာကတော့ အဲဒီခေတ်က ရဟန်းတွေကို ပုံမှန်မြင်စေချင်လို့ပါဘဲ၊ ခုမျက်မှောက်ခေတ်မှာတော့ ရဟန်းများကိုင်ဆောင်တဲ့ ထီးဆိုတာ အနီရောင်တမျိုးထဲပါ၊အဲဒီတုန်းကတော့ တချို့ရဟန်းက တရပတ်နီ၊တချို့ရဟန်းကတရပတ်ဖြူ၊ တချို့ကလဲ တရပတ်အဝါကို ကိုင်ဆောင်ကြပါသတဲ့၊တရပတ်ဆိုတာကို ထီးလား၊ ဦးထုပ်လားလို့ တွေဝေမနေနဲ့၊ ဆောင်းစရာ ပစ္စည်းတခုဘဲလို့ သဘောထားလိုက်ပေါ့။

### အရှင်ဇမ္ဗူဒီပဓဇ

တနေ့သ၌တော့ တောင်ဘီလာ ဆရာတော်ဟာ သာလွန်မင်းတရားကြီးနဲ့စကားစပ်မိလို့ ရွှေဥမင်ဆရာတော်ရဲ့အကြောင်းကို အမိန့်ရှိပါတယ်၊ အလွန် အကျင့်သိက္ခာ ကောင်းကြောင်း ပရိယတ်ပဋိပတ်အလွန်နှံ့စပ်ကြောင်း၊ တော်ကြောင်း ကောင်းကြောင်း စုံလို့ပေါ့လေ။

တော်ရုံတန်ရုံနဲ့ဖြင့် ဒီလိုမလုပ်နိုင်ဘူးလို့ ထင်ပါတယ်၊ လူဆိုတာယေဘုယျအားဖြင့် ကိုယ်ကောင်း ကြောင်း ကိုယ်တော်ကြောင်းကိုသာ လူများတကာသိစေချင်တတ်ပါတယ်၊ ကိုယ့်အကြောင်းကိုယ်ပြောရရင် တယ်ခံတွင်းလိုက်သကိုး၊ မလွဲသာမရှောင်သာလို့ သူတပါးအကြောင်း ကောင်းနိုးရာရာကို ပြောရပြန်တော့လဲ ကိုယ်တော်ကြောင်း ကောင်းကြောင်းကိုဖြင့် မသိမသာကလေး ဖော်ပြတတ်ပါတယ်၊ အထက်တန်းကျပြီးအရေးပါတဲ့ ပုဂ္ဂိုလ်တွေရှေ့မှာဆိုရင် သာပြီး ကိုယ်ကောင်းကြောင်းတွေ ဖော်ပြတတ်ပါသေးတယ်၊ ဒါဟာယေဘုယျ ရဟန်းများ၊ ယေဘုယျလူများရဲ့ အကျင့်ဖြစ်ပါတယ်၊ လက်လှမ်းမီတဲ့ နေရာမှာ မျက်မှောက်ထင်ရှားရှိနေတဲ့ တခြားသူတဦးရဲ့ ကောင်းကြောင်းတော်ကြောင်းကို စေတနာသန့်သန့်နဲ့ ဖော်ပြနိုင်တဲ့ ပုဂ္ဂိုလ်ဟာအညံ့စားထဲက မဟုတ်ဘူးဆိုတာတော့ သတိပြုသင့်တယ်။

ကျမ်းဂန်များမှာ ယုတ်မာသူ၊ ညံ့ဖျင်းသူတို့ရဲ့ အင်္ဂါလက္ခဏာကို ဖော်ပြတဲ့အခါ အတ္တုက္ကံသနနဲ့ ပရဝမ္ဘန ဆိုတာလိုပြထားပါတယ်၊ အင်မတန်သတိပြုစရာပါဘဲ၊ မသိသူရှေ့ပြောရင်ကိုယ်ပြောတာလက်ခံမှာဖြစ်ပေတဲ့၊ သိနားလည်သူ၊ ဆင်ခြင်တတ်သူရှေ့ပြောမိရင် စိတ်သဘောထား ယုတ်မာ ညံ့ဖျင်းသူဘဲလို့ ဆုံးဖြတ်ခံရမှာ သေချာပါတယ်။

"အတ္တုက္ကံသန"ဆိုတာ ကိုယ့်ကိုယ်ကိုချီးမြှောက်ပြောဆိုတာပါ၊ "ကိုယ့်ကိုယ်ကိုဖော် မသူတော်ခနစ်ပါး"လို့ ဗမာစကားပုံလဲရှိသားဘဲ၊ ကိုယ်သာ တော်ကြောင်း တတ်ကြောင်း တွေကိုပြောတတ်တဲ့ အလေ့ပါဘဲ၊ ဒါဟာ စိတ်ထားယုတ်ညံ့သူတို့ရဲ့ လက္ခဏာလို့ မှတ်သားရပါတယ်၊ ဒါပေတဲ့ " သတ္တိဗလ၊ ဂုဏ်ထာမကို၊ မပြမသိ၊ ပြမှသိ၏ " လို့ ရှေးဆရာတော်ကြီးများ

မိန့်ထားတာကလဲ ရှိနေသေးတော့၊ ကိုယ့်မှာရှိတဲ့ အရည်အသွေး ကိုတော့ ပြသင့်သလိုလို မှတ်ရပါတယ်၊ သိစေချင်ရင်တော့ ပြမှသိမှာပါဘဲ၊ သို့သော် ဘာပြုလို့ သိစေချင်တာလဲ ဆိုတာက အရေးကြီးပါတယ်၊ ကိုယ့်အပေါ် အထင်ကြီး အောင်လား၊ ကြောက်သွားအောင်လား၊ လေးစားသွားအောင်လား ပေါ့၊ တခုသတိပြုရမှာက ပါပိစ္ဆာလို့ ခေါ်တဲ့ ယုတ်မာတဲ့အလိုဆန္ဒနဲ့ ပြောတာဆိုရင်တော့ ဒါဟာလူယုတ်မာရဲ့ လက္ခဏာဘဲလို့ သတ် မှတ်ရပါမယ်။

"ပရဝမ္ဘန" ဆိုတာက သူတပါးကိုကဲ့ရဲ့ခြင်း၊ နှိမ့်ချပြောဆို ခြင်း၊ ရှုတ်ချခြင်းတွေဘဲ၊ ဒါလဲ ပါပိစ္ဆာသဘောနဲ့ ပြောတာ ဆို တာမျိုးမှ ဖြစ်ပါတယ်။

ဒါကြောင့် သိသိသာသာဖြစ်ဖြစ်၊ မသိမသာဖြစ်ဖြစ် ကိုယ့် ကိုယ်ကိုနဲ့ ကိုယ့်အသိုင်းအဝိုင်းကို ဂုဏ်တင်ပြီး သူတပါးကိုတော့ အပြစ်အနာအဆာရှာ ပြောဆိုခြင်းမျိုးသည် ယုတ်မာ ညံ့ဖျင်း သူတို့လက္ခဏာဖြစ်လို့ အတတ်နိုင်ဆုံး ရှောင်သင့်တာပေါ့။

တောင်ဘီလာ ဆရာတော်မှာ ဒီသွင်ပြင် လက္ခဏာမျိုးလုံးဝ မပါပါဘူး၊ မရှိပါဘူး၊ အင်မတန် စင်းနေတဲ့စိတ်သဘောထား ရှိတဲ့ သူတော်ကောင်းကြီးမို့ ဘုရင်မင်းမြတ်ကြီးရှေ့မှာ သူတ ပါးရဲ့ဂုဏ်သတင်းများကို လှစ်ပေးနိုင်တာဖြစ်ပါတယ်၊ တကယ့် ကြည်ညိုစရာအရည်အသွေးပါတဲ့၊ ပိဋကတ်သုံးပုံကို ချောက်ချား နိုင်လောက်အောင် စာတတ်နေပေတဲ့လဲ ဒီအရည်အသွေးမျိုးက ရှိချင်မှရှိတာပါ၊ ဘဝအဆက်ဆက် ဖြည့်ဆည်းပူးခဲ့တဲ့ အထုံ ပါရမီကြောင့်၊ ဒါမှမဟုတ်လဲ မျက်မှောက်ဘဝမှာ ကိုယ့်ကိုယ်ကို ဆုံးမထားလို့ ....ဆိုတဲ့ တကယ့်တော်ဝင်တဲ့အကြောင်းများ ခိုင်လုံ

မှသာ ဒီအရည်အသွေးမျိုးကို ရနိုင်ပါတယ်၊ အင်မတန်ကို အား ကျပြီး အတုခိုးထိုက်တာပေါ့။

သာလွန် မင်းတရားကြီးဟာ တောင်ဘီလာ ဆရာတော်ရဲ့ စကားနဲ့ကိုဘဲ ရွှေဥမင်ဆရာတော်ကို သိပ်ကြည်ညိုသွားပါတယ်၊ ဒါကြောင့် ရွှေဥမင်ဆရာတော်ရဲ့ ဘွဲ့အမည်ကို မေးလျှောက်တဲ့ အခါ "ဇမ္ဗူ့ဓဇ" ပါတဲ့လို့ ဆရာတော်က အမိန့်ရှိတော့၊ ဘွဲ့ တော်ရဲ့အလည်က "ဒီပ" ဆိုတဲ့ စကားလုံးထပ်ထည့်ပြီး "ဇမ္ဗူ ဒီပဓဇ" ဆိုတဲ့ ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ချီးမြှင့်တော်မူပါ သတဲ့။

ဒါကြောင့် အရှင်ဇမ္ဗုဒီပဓဇရယ်လို့ ပိုမိုကျော်ကြားပြီး မင်းကိုးကွယ်ခံ ဆရာတော်အဖြစ်ကို ရောက်ရှိသွားပါတယ်၊ ဒီဆရာတော်ဟာ သာသနာတော်မှာ အလွန်ကျေးဇူးများပြီး နေ့တိုင်အောင်လဲ အသုံးပြုနေတဲ့ ဝိနည်းငါးကျမ်း ပါဠိတော် နိသျှများကို ပြုစုရေးသားတော်မူခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ကြီးပါ။

အဲဒီအချိန်ဟာ ရဟန်းတောထဲမှာ စုန်းပြူးအချို့ရှိနေပေမဲ့ သာသနာရေးအနေနဲ့ပြင့် အတော် အားရစရာကောင်းတဲ့ အချိန် ပါ၊ ရဟန်းများ ရှော့ရဲရဲဖြစ်နေရင် မှုမှန် ပြန်ရောက်တတ်ပြီး၊ မှုနှန်ဖြစ်နေရင်လဲ တိုးတက်သွားတတ်တဲ့အချိန်မျိုးပါ၊ ဒီအချိန် မှာ တောင်ဘီလာဆရာတော်နဲ့ ရွှေဥမင်ဆရာတော်တို့ဟာ ထင် ရှားလှတဲ့ ထိုခေတ်ရဲ့ဒိပ်ဆောင်း ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါ တယ်၊ ဒီဆရာတော်ကြီးများအပြင် ဒက္ခိဏဝန်ဆရာတော်အရှင် အရိယာလင်္ကာရ၊ စစ်ကိုင်းအိမ်ရှေ့ကျောင်းဆရာတော် အရှင် အဂ္ဂဓမ္မာလင်္ကာရစတဲ့ အရှယ်လတ်ပိုင်း ဆရာတော်များလဲ ထင် ရှားကြပါတယ်။

တခါတော့ ဆရာတော်များ စုဝေးမိတဲ့အခါ တောင်ဘီလာဆရာတော်က "ငါတို့မရှိရင် မောင်အဂ္ဂတို့က စာတတ်ပေတတ်လုပ်ကြတော့မှာဘဲ" လို့ ရယ်စရာအဖြစ် မိန့်တော်မူပါသတဲ့၊ ဒီအခါ အရှင်အဂ္ဂဓမ္မာလင်္ကာရက "ဆရာတော်တို့မရှိရင်တော့ တပည့်တော်တို့ဘဲ စာတတ်လုပ်ရမှာပါ ဘုရား" လို့ လျှောက်ထားပါတယ်။ ဒီတော့ အနားမှာရှိနေတဲ့ စံကျောင်းဆရာတော်ရဲ့တပည့်ဖြစ်တဲ့ အရှင်မေဓာဝီဆိုတဲ့ ရဟန်းပျိုကလေးက "အဂ္ဂိရပ်က ခြသေ့်မင်းသား ခြသေ့်ငယ်သည် ထောင့်က ဖောက်ချေ၏" လို့ ဆိုပါသတဲ့။

ဒါနဲ့တခါ မင်းဝံတောင်ရိုးမှာနေတဲ့ အရှင်ဒိဝါကရ၊ အရှင်သုဒဿနတို့ တပည့်ဖြစ်ကြတဲ့ အရှင်သီလာစာရ၊ အရှင်ဝိမလာစာရတို့နှစ်ပါးကလဲ "မြစ်ကားချင်းတွင်း၊ ချင်းကား အနောက်မြောက်သို့မယွန်း၊ သေန်စွန်းဝယ် တည်ထွန်းသာသနာ ဟူ၍လည်း စာဟောင်းရှိလေသည်၊ စစ်ကိုင်းတောင်အောက် တောက်သည့် ဆီမီးတလက်လက် - ဟူ၍လည်းဆိုချေသည်၊ တပည့်တော်တို့လည်း တော်ပါလိမ့်မည်" လို့ လျှောက်ထားပါသတဲ့။

ဝယ်ရှယ်သူများဖြစ်ကြတဲ့အတိုင်း သူတို့အပေါ် ဆရာတော်များက အထင်သေးနေတယ်ထင်လို့ လျှောက်တာနဲ့ တူပါတယ်၊ ဆရာတော်များအပေါ် မာန်မာနထားပြီး မရိုမသေလုပ်တဲ့သဘောတော့ မဟုတ်ပါဘူး။

## သူမြတ်နှစ်မှာ

ရဟန်း အထူးသဖြင့် ကျောင်းထိုင်ဘုန်းကြီးရယ်လို့ဖြစ်လာရင် ပြဿနာပေါင်း သောင်းခြောက်ထောင် မပြည့်သော်လဲ တော်တော်များများကိုတော့ တွေ့ရတတ်ပါတယ်၊ လွယ်တဲ့ပြဿ

နာရှိသလို ခက်တဲ့ပြဿနာများကိုလဲ တွေ့ရတတ်ပါတယ်၊ ဒီအခါမျိုးမှာ ရဟာန်းနည်း ရဟန်းဟန်နဲ့ ဖြေရှင်းမှ ချောချောချူချူ ပြေလယ်တတ်ပါတယ်၊ လူနည်း လူဟန်နဲ့ ဖြေရှင်းရင် အနဲ့အကျဉ်းတော့ အဖုအထစ်ကလေးများ ကျန်နေတတ်ပါတယ်။

၁၀၀၉ - ခုနှစ်မှာ ညီတော်အိမ်ရှေ့မင်း မင်းရဲကျော်စွာ အနိစ္စရောက်တော့ တိုင်းပြည်ကိစ္စများ ရှုတ်တရက် ဟာသွားတာပေါ့၊ အချောင်နှိုက်ချင်သူတွေ အကွက်ဆိုက်တဲ့ အခါမျိုးပေါ့။

အဲဒီတင်အခွင့်အရေးသမားအချို့ဟာ သားတော်အမြင့်စားရှင်တရုတ်ကို မြောက်ထိုးပင့်ကော် လုပ်ကြပါတော့တယ်၊ရှင်တရုတ်ကလဲယုံကြည်ပြီးသူပုန်ထတော့တာဘဲ၊နန်းတွင်းဝင်ပြီးမြေနန်းအရှေ့ရောက်မှတိုက်စည်တိုက်မောင်းတီးပြီး သေနတ်သံပေးတာကိုး၊ အသံကြားလို့ အပါးတော်မြဲတဦး ထွက်ကြည့်ပြီး၊ သားတော်ရှင်တရုတ်အကြံဖြစ်ကြောင်း သံတော်ဦးတင်တော့ အချိန်က သိပ်နောက်ကျနေပြီ မဟုတ်လား၊ ပြီး မနက်မိုးလင်းရုံရှိသေးတာဆိုတော့ ဘယ်လို ခုခံလို့မှမဖြစ်နိုင်တော့ဘူး၊ ဒါနဲ့အတွင်းဝန်နန္ဒဗေယျာက "ယခုပင်အလျင်ထွက်တော်မူပါ"လို့ လျှောက်တာနဲ့ တမုတ်ကြိုးငါးသွယ်နဲ့ သီထားတဲ့ အဘိုး အနဂ္ဃထိုက်တန်လှတဲ့သက်ဝတ်တော်တွေယူပြီး နန္ဒဗေယျာတဖက်၊ရာဇယောဓာတဖက် ခြံရံလို့ ခြေလျင်ခရီးနဲ့ဘဲ အနောက်တံခါးကို ထွက်ခဲ့ရပါတယ်။

ဝင်းတော်မြောက်ဘက်ရောက်တော့မှ မြင်းစီးပြီး ကလေးတံခါးကနေ မြို့ပြင်ထွက်ခဲ့ရပါသတဲ့၊ သာမန် အရပ်ဝတ် အရပ်စားနဲ့ဘဲပေါ့၊ သားတော်တွေကိုလဲ ပါနိုင်သမျှ သင်းပင်းဖိုလ်ပါစုပြီး လေးထပ်ကျောင်းကို လိုက်ခဲ့ဘို့ အပေါက်မှူးကိုမှာထား

ခဲ့ပါသေးဘယ်၊ ဒါနဲ့ လေးထပ်ကျောင်းတော်ရှိရာကိုဦးတည်ပြီး တကိုယ်တည်းလာခဲ့တာ ငွေစင်ချောင်းနားကိုရောက်လာပါရော၊ တော်သလင်းလကြီးဆိုတော့ ငွေစင်ချောင်းကလဲ ရေပြည့်တုန်း။

ရုတ်ဘရက်အခက်တွေ့လိုက်ရတော့မင်းတရားကြီးလဲကြောက်ချင် ကြောက်သွားမှာပေါ့၊ ဒါနဲ့ ကံအားလျော်စွာဘဲ ကိုရင်ကလေးတပါး လှေကလေးတစင်းလှော်လာနေတာတွေ့ရလို့အားရှိသွားဟန်တူပါတယ်၊ အနား ရောက် တော့ မင်းတရားကြီးက "မောင်ရှင်သာမဏေ....ဟိုဘက်ကမ်းကို ပို့ပေးပါ"လို့ဆိုသတဲ့၊ ကိုရင်ကလဲ ကိစ္စနဲ့လာရတာဆိုတော့ မပို့ချင်ဘူးပေါ့၊ ဒါနဲ့ "အဘိုးကို ပို့ပေးနေရင် ဆွမ်းဝတ်နေမြင့်နေပါလိမ့်မယ်" လို့ ညည်းညူလိုက်တာကိုး၊ ဒီတော့မှ မင်းတရားကြီးက " လက်စွပ်ပေးပါ့မယ် မောင်ရှင်ရယ်" လို့ ဆိုတော့ ကိုရင်ကလှေကိုကမ်းကပ်ပေးလိုက်တယ်၊ ဘုရင်ရယ်ဘာရယ်လို့ သူသိတာမဟုတ်ဘူး၊ ကမ်းကပ်မိတော့ လှေပေါ်တက်ခိုင်းပြီး တဘက် ကမ်းကို ပို့ပေးပါတယ်၊ လှေပေါ်ရောက်တော့ မင်းတရားကြီး ကိုယ်တော်တုန်တာကို မြင်လို့ " အဘိုး....ချမ်းသလား" လို့ ကိုရင်ကမေးသတဲ့၊ မင်းတရားကြီးကတော့ ရုတ်တရက် ဘာမှမပြောပါဘူး၊ တဖက်ကမ်းရောက်တော့မှ ပြောသင့်သမျှ ပြောပြီး လေးထပ်ကျောင်းကို လိုက်ပို့ခိုင်းပါတယ်။

ကျောင်းရောက်တော့ ဆရာတော်ကို အကျိုး အကြောင်း လျှောက်ထားပြီး ကျောင်းတွင်းသို့ လူဆိုးလူသွမ်းများ မဝင်ရအောင် စောင့်ရှောက်ပေးပါဘုရားလို့ လျှောက် ထား သ တဲ့၊ ဒီတော့ ဆရာတော်က " ငါ့ရဟန်းသား ဖြစ်သည်၊ မည်သို့အထူးမကြံသာ၊ စံကျောင်း သူတော်ကို ပင့်ပါရစေဦး" ဆိုပြီး စံကျောင်းဆရာတော်ကို အပင့်ခိုင်းပါတယ်၊ စံကျောင်းဆရာ

တော်ရောက်လာတော့ အကျိုး အကြောင်း ပြောပြတာကိုး၊ " သားဆိုးသားမိုက် ပုန်စားတဲ့ဟာဘဲ၊ ရဟန်းဆိုပီး ရှောင်လွှဲနေလို့ဖြစ်မလား" ဆိုပြီး မင်းတရားကြီးကို ကြက်သရေ တိုက်ခန်းထဲမှာထားလိုက်ပါတယ်။

အဲဒီနေ့မှာတော့ ဆရာတော်လဲ ဆွမ်းခံ မကြွတော့ပါဘူး၊ ကျန်တဲ့ရဟန်းတွေကိုလဲ ထီးရိုး တောင်ဝှေးတွေကို အသီးသီး ကိုင်ခိုင်းပီး လူသူတယောက်မျှ မဝင်ရအောင် ကျောင်းတော်ပတ်လည်ကို စောင့်နေစေပါတယ်၊ ဒါလောက်နဲ့ မလုံလောက်သေးဘူးထင်လို့လားတော့မသိဘူး၊ ငါးဆူ၊လယ်ကြီး၊ တောင်ပလူစတဲ့ ဝန်းကျင်အရပ်မှာ ရှိကြတဲ့ ရဟန်းတွေကိုလဲ အမြန်လာရမယ်ဆိုပီး ဆင့်ခေါ်ပါတယ်။

ဆရာတော် အမိန့်ဆိုတော့ အားလုံးရဟန်းတွေလဲ လာကြရပါတယ်၊ ပထမရောက်လာတဲ့ ရဟန်း လေးရာကျော် ငါးရာကို ကျောင်းတော် တံခါးလေးမျက်နှာက ထီးရိုး တောင်ဝှေးများကိုင်ပီး ဆီးဆို့စေပါသတဲ့၊ နောက် ရောက် လာ တဲ့ ရဟန်း တထောင်ကျော်ကိုတော့ တုတ် တောင်ဝှေးများ ကိုင်ဆောင်စေပီး ညောင်စင်လမ်းက ဆီးဆို့စေပါသတဲ့။

ဘုရင်မင်းမြတ်ကြီး ဒီကျောင်းထဲမှာ ရှိတယ်ဆိုတာ သူပုန်တွေသေသေချာချာ သိတာပေါ့၊ သိလို့ဝင်ဖမ်းမယ်ဆိုပြန်တော့လဲ ရဟန်းတွေက အထပ်ထပ်စောင့်နေကြပြန်တယ်၊ ဒါပေမဲ့ ရဟန်းတွေ လက်ထဲမှာရှိတဲ့ လက်နက်ကတော့ ထီးရိုးနဲ့ တောင်ဝှေးပါဘဲ၊ အဲဒီအခါက ခေတ်မီလက်နက်တွေ ကိုင်ဆောင်ထားကြတဲ့ သူပုန်တွေဟာ အတင်းဒလကြမ်းတိုက်ခိုက်ပီး ဖမ်းမယ်ဆိုရင်လဲ အလွယ်နဲ့ဖြစ်သွားပေါ့၊ ဖြစ်ပေမဲ့ ရဟန်းတို့ရဲ့သိက္ခာကို ရိုသေလေးစားရသေးတာကိုး။

အဲဒီခေတ်မျိုးမှာ သူပုန်တွေရဲ့ အဓိကဆူးပြောင့် ခလုတ်ဟာ ဘုရင်ဘဲ၊ ဒီဆူးပြောင့်ခလုတ်ရှင်းပါမှ သူတို့အတွက်စိတ်ချရမှာ ဖြစ်ပါတယ်၊ မရှင်းရင် တချိန်ချိန်မှာ အကြီးအကျယ် ဘေးတွေ မှာ အမှန်ပါဘဲ၊ အနည်းဆုံး တထိတ်ထိတ် တလန့်လန့် ရှိနေရ တတ်ပါတယ်၊ အဲဒီတော့ ရဟန်းတွေကို အလေးဂရုပြုတာမို့ ဒီးဆူးပြောင့်ခလုတ်ကြီးကို ဒီအတိုင်းလက်လွှတ်စပယ် ထားနိုင် တယ်ဆိုတာဟာ တော်ရုံတန်ရုံ လေးစားမှုတော့ မဟုတ်ဘူး၊ လေးစားသမှု ရဟန်းတွေကြားထဲတိုးဝှေ့ပြီး မဝင်ဘဲနေကြတဲ့ အထိ လေးစားကြပါတယ်။

ဒါဟာယုံတမ်းစကားမဟုတ်ပါ၊ အစစ်အမှန်ဘဲဖြစ်ပါတယ်၊ ခေတ်ကာလတခုရဲ့ သရုပ်သကန်ကို တဦးချင်း သက်သေပြနိုင် တာရှိသလို အစုလိုက်အပြုံလိုက် သက်သေပြနိုင်တာမျိုးလဲ ရှိပါ တယ်၊ ခုအဖြစ်အပျက်ဟာ အဲဒီခေတ် ရဟန်းတွေရဲ့သရုပ်တခုကို ဖော်ပြတဲ့ သက်သေများအနက် စုလိုက်ပြုံလိုက် သက်သေ တခုဘဲပေါ့၊ ဒီသက်သေကိုကြည့်မယ်ဆိုရင် အဲဒီအချိန်က ရဟန်း တွေရဲ့ အကျင့်သိက္ခာနဲ့ အရှိန်အဝါကို အကဲခပ်နိုင်လောက် ပါတယ်။

ဘာပြုလို့များ ဒါလောက်တောင်ရဟန်းတွေကိုအလေးဂရုပြု ကြတယ်ဆိုတာကို အများသိသာအောင် ပြောပြ ချင်ပါတယ်၊ ပထမအနေနဲ့က ရဟန်းဆိုတာ လူမဟုတ်ဘူးဆိုတာကို သိထား ဘို့လိုပါတယ်၊ သိထားဘို့ဆိုတာက ရဟန်းကိုယ်တိုင်ကလဲ သိရ မယ်၊ ရဟန်းမဟုတ်တဲ့ လူဒကာတွေကလဲသိရမယ်။

လူမဟုတ်ဘူးဆိုကတဲက လူလိုဆက်ဆံလို့ မဖြစ်ဘူးဆိုတာ သတိပြုရပါမယ်၊ လူကလဲ ရဟန်းဆိုတာကို ယုံကြည်တယ်၊ ယုံ ကြည်တယ်ဆိုတာက သူဟာ သိက္ခာပြည့်ဝတဲ့ ရဟန်းဖြစ်

တယ်၊ သူ့ကို မလေးမစားဆက်ဆံရင် ခါးသည်း နာကျည်း စရာ မကောင်းကျိုးတွေ ဖြစ်သလောက်၊ လေး လေး စား စား ဆည်းကပ်ဆက်ဆံရင် စိတ်နှလုံးချမ်းမြေ့ဘွယ်ဖြစ်တဲ့ ကောင်း ကျိုးချမ်းသာတွေကိုကြုံတွေ့ရမယ်လို့ ယုံကြည်တာပါ၊ တခါ ရဟန်းကလဲ ငါရဟန်းဘဲလို့ သတိရှိပြီး ကိုယ့်သိက္ခာကိုကိုယ် ဂရု ပြုတယ်၊ ဒီလိုသာဆိုရင် ဒီလူနဲ့ ဒီရဟန်းရဲ့ ဆက်ဆံမှုဟာ မှန် ကန်သော ပီသသော ဆက်ဆံမှုမျိုး ပေါ်ပေါက်ဘို့အများကြီး သေချာပါတယ်။

ရဟန်းကို ရိုသေလေးစားမှု ကင်းမဲ့တဲ့ အဂါရဝသဘောနဲ့ ဆက်ဆံဆည်းကပ်ရင် ဘာပြုလို့ မကောင်းကျိုး ဖြစ်ရတာလဲလို့ မေးချင်စရာပါဘဲ၊ ဒီမေးခွန်းရဲ့ အဖြေကတော့ မီးကိုကိုင်ရင် ဘာပြု[illegible] ပူရသလဲ၊ မီးကို မလေးစားရင် ဘာပြုလို့ အန္တရာယ် တွေ့ရသလဲ- ဆိုတဲ့ မေးခွန်းရဲ့ အဖြေသဘောနဲ့ ဆင်တူပါ တယ်။

ဒီ[illegible]စ္စမျိုးနဲ့ ပတ်သက်လာရင် သဒ္ဓါရဲ့အကြောင်းကို မပြော လို့မ[illegible]ပါဘူး၊ ခန္ဓာကိုယ်ဆိုတာ သဘောတရား အစုကြီးပါ၊ ဒီသဘောတရားတွေဟာ ဖြစ်ပြီး ပျက် သွား ကြတယ် ဆိုပေတဲ့၊ တချို့သဘောတရားတွေဟာ ပင်မအနေနဲ့ ဖြစ်ပျက်နေကြပါ တယ်၊ တချို့သဘောတရားများကျတော့ အကြောင်း တိုက် [illegible]မှဘဲ ဖြစ်ပျက်လေ့ရှိကြပါတယ်၊ အဲဒီတိုက်ဆိုင်မှ ဖြစ်ပေါ် လေ့ရှိတဲ့ သဘောတရားများထဲမှာ ဒီသဒ္ဓါဆိုတဲ့သဘောတရား လဲပ[illegible]တယ်၊ ဗမာလိုအဓိပ္ပာယ်ခြုံပြီး ပြောရရင် " အမှန်တရား ကို[illegible]ကြည်ခြင်း " သဘောပါတဲ့၊ နောက် အဓိပ္ပာယ် တခုက စိတ်ကိုကြည်လင်စေတတ်တဲ့ သဘောဖြစ်ပါတယ်။

ဒါပေတဲ့ လူတယောက်ဟာ တော်တယ်၊ ဖြောင့်မတ်မှန်ကန်တယ်၊ ငွေရေးကြေးရေးမှာလဲ သိပ်စိတ်ချရတယ်၊ အဲဒီလူကို လူအများက ယုံကြည်တာမျိုးရှိပါတယ်၊ အဲဒီ ယုံကြည်မှုမျိုးက တော့ သဒ္ဓါမဟုတ်ပါဘူး၊ ဘယ် နေရာမှာ ဘာဖြစ်လို့ တဲ့ဆိုတာကို လွယ်လွယ်နဲ့ ယုံကြည်တတ်ကြပါတယ်၊ ဒါလဲ သဒ္ဓါ မဟုတ်ပါ။

သဒ္ဓါဆိုတာ ဖြစ်ကတတ်ဆန်း တရား မဟုတ်ပါ၊ သိမ်မွေ့နက်နဲပြီး အထက်တန်းကျတဲ့ တရားတခုဖြစ်ပါတယ်၊ လူတိုင်းသန္တာန်မှာ မဖြစ်ပါဘူး၊ အကြောင်း ညီညွတ်တဲ့ ပုဂ္ဂိုလ်များသန္တာန်မှာသာဖြစ်ပါတယ်၊ ဒါလဲအမြဲတမ်းတော့ မဟုတ်ဘူး၊ ဖြစ်တဲ့အခါဖြစ်၊ မဖြစ်တဲ့အခါမဖြစ်ဘဲ၊ မဖြစ်တဲ့အခါ မဖြစ်ပေတဲ့ ဖြစ်တဲ့အခါ ဖြစ်နေသေးတော့ ဒီပုဂ္ဂိုလ်မျိုးကို သဒ္ဓါခံတတ်ရှိတဲ့ပုဂ္ဂိုလ်လို့ ဆိုရပါတယ်၊ခုနကပြောခဲ့တဲ့ အမြင့်စားရှင်တရတ်ခေါင်းဆောင်တဲ့ သူပုန်တွေဟာ ဒီလိုအမျိုးအစားတွေ အများအပြားပါဝင်ပါတယ်။

ဒီနေရာမှာ မေးခွန်းတခုက " အမှန်တရားဆိုတာ ဘာလဲ " ဆိုတာဘဲဖြစ်ပါတယ်၊ ဒီမေးခွန်းကို ဖြေရရင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်လို့ တချို့က ပြောကြပါလိမ့်မယ်၊ ပြောကာမှ ပြောရော ဒါကိုမထုတ်ဖော်ရင် မပြည့်မစုံဖြစ်နေမှာမို့ ဖော်တော့ ဖော်ရမှာပါဘဲ။

အမှန်တရားဆိုတာကို ကျိုးကြောင်းဆက်ပြီး ရှင်းရရင်အရှည်ကြီးပါ၊ ဒါကြောင့် ဒီနေရာမှာတော့ အသင့် အတင့်လောက်ဘဲ ပြော နိုင်ပါလိမ့်မယ်၊ ဗုဒ္ဓဘုရားမြတ်မှာ သူမတူနိုင်တဲ့ သည်းခံခြင်းတရား၊ မတုပနိုင်တဲ့ မေတ္တာတော်၊ ကရုဏာတော်နှင့်

ဘယ်သူမှ လိုက်မမှီနိုင်တဲ့ ဉာဏ်တော်များ ထင်ထင်ရှားရှားရှိနေပါတယ်။

ကိုယ့်အိမ်ရှေ့လာပြီး ဆဲဆိုနေတဲ့လူတယောက်ကို နိုင်လောက်ရင် ရိုက်လွှတ်လိုက်မှာ ယေဘုယျလူတွေရဲ့အလေ့ပါ၊ ကြောက်ရတဲ့လူ ဖြစ်တောင်မှ အရှက်ပြေတော့ ခုခံဆဲဆိုမှာပါဘဲ၊ ဘာမှ ပြန်ပြီး မပြောဝံ့လောက်အောင် ကြောက်လို့ ငြိမ်မှိန်းနေရတာမျိုးလဲရှိပါလိမ့်မယ်၊ တကယ်တော့ ဒါဟာ သည်းခံခြင်း မဟုတ်ဘူးပေါ့၊ ကြောက်တာကိုး။

ဘုရားမြတ်သည် အမျိုးမျိုးသော ဆဲရေးခြင်း၊ အမျိုးမျိုးသောကဲ့ရဲ့ခြင်း၊ အမျိုးမျိုးသောစွပ်စွဲခြင်းတွေကို မျက်ကွယ်မှာလဲ ခံရပါတယ်၊ မျက်မှောက် ပြောင်ကျကျလဲ ခံရပါတယ်၊ ဒါတင်မကဘူး၊ သေကြောင်းကြံမှု အမျိုးမျိုးကိုလဲ ခံရပါတယ်၊ ယေဘုယျလူတွေရဲ့ စိတ်ကို အကြီးအကျယ် ဖောက်လောင်ဆူသွားစေနိုင်တဲ့ ဒီကိစ္စတွေဟာ ဘုရားမြတ်စိတ်နှစ်လုံးကိုတော့ဘယ်လိုမှ တုန်လှုပ်ချောက်ချားသွားအောင် မငြိမ်းဆောင်နိုင်ပါဘူး၊ ဒီလိုသည်းခံတာဟာ သည်းခံမှ ကောင်းမှာမို့ စိတ်ကို တမင်ထိန်းပြီး သည်းခံတာမျိုးမဟုတ်ပါဘူး။

သာမန် ထိတ်လန့်ဘွယ်ရာ တခုကို အမှတ်မထင် တွေ့လိုက်တဲ့အခါ "မြတ်စွာဘုရား" ဆိုပြီး ယောင်ယမ်းတဲ့ ဝါသနာထုံသူရှိသလို မဖွယ်မရာ ယောင်ယမ်တတ်တဲ့ ဝါသနာထုံသူများလဲ ရှိပါတယ်၊ ဒီလိုပါးစပ်က ရုတ်တရက် ယောင်ရမ်းမိတာဟာ ကြိုတင်စီစဉ်ထားခြင်းမဟုတ်ဘဲ ရှေ့ကတဲကိုက အလေ့အလာ ဝါသနာရှိလို့ ဖြစ်ပါတယ်။

ဘုရားမြတ်တို့၏ သည်းခံခြင်းတို့ဟာ ဒီလိုပေါ့ပါဘဲ၊ ဘုရား ဘဝ အသင်္ချေပဝေသဏီကတည်းက ပါလာတဲ့ မြင့်မြတ်သော

ဝါသနာဖြစ်ပါတယ်၊ တမင် လုပ်ယူရတဲ့ သည်းခံခြင်း တရားမဟုတ်ပါဘူး၊ ဒါကြောင့် ဘယ်သူက ဘယ်လိုဘဲ ဆဲဆဲ ဆိုဆို မတုန်မလှုပ်ရပ်တည်တော်မူနိုင်ခြင်းဖြစ်ပါတယ်။

သဗ္ဗသတ္တာ အဝေရာဟောန္တုလို့ ဆိုနေကြပေမဲ့ အဓိကအားဖြင့်တော့ ကိုယ့်အသိုင်းအဝိုင်းလောက်ကိုသာ အဝေရာဟောန္တုစေချင်ကြပါတယ်။ ယေဘုယျကို ပြောတာပါ။

ဘုရားမြတ်တို့ မေတ္တာတော်ဆိုတာက တကယ့်ကို သဗ္ဗသတ္တာအစစ်ပါ၊ ဘယ်သူ့အပေါ်မှာမှ တရွေးသား မပိုပါ၊ ဒီလောက်ညီမျှတဲ့အတွက် ရှေ့ရဲရဲဖြစ်သွားတယ်လို့ လဲမရှိပါဘူး။ သိပ်ကိုစုံးရှ ထက်မျက်ပါတယ်၊ ကိုယ်တော်မြတ် အပေါ်မှာ အတော်ကြီးကိုဆိုးခဲ့တဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာတောင်မှ မေတ္တာ မပျက်ပါ၊ ဘုရားမြတ်အနေကတော့ ရန်သူဆိုတာမရှိပါ၊ ကရုဏာတော်ကျတော့လဲ ဒီအတိုင်းပါဘဲ။

ကိုယ့်ကိုယ်ကို အကောင်းဆုံး အမြတ်ဆုံးလို့ ထင်နေတဲ့ ပုဂ္ဂိုလ်အချို့ကိုတော့ မဆိုလိုပါဘူး၊ အကောင်းဆုံးအမြတ်ဆုံးကို မြှော်လင့် တောင့်တနေကြတဲ့ ပုဂ္ဂိုလ်တွေအဘို့မတော့ ဘုရားမြတ်နဲ့ တကြိမ်တခါ ဆုံဆည်းမိပြီဆိုရင် တခါထဲ စိတ်ချလက်ချကြီးကို ယုံကြည် အားကိုးလိုက်တော့တာပါဘဲ၊ ဒါကြောင့် တချို့ဆန့်ကျင်ဘက် ဂိုဏ်းခေါင်းဆောင် များက "ဂေါတမဘုရားဟာလူတကာတွေကို လှည့်စားနိုင်တဲ့ မျက်လှဲ့အတတ်ကို တဖက်ကမ်းခတ်အောင်တတ်တယ်"လို့တောင်စွပ်စွဲတဲ့အထိပါဘဲ။

ဗုဒ္ဓဘုရားဆိုတာက ကမ္ဘာပေါ်မှာ အချောဆုံး၊ အလှဆုံး၊ အတင့်တယ်ဆုံး၊ အခန့်ညားဆုံး ယောကျ်ားမြတ်ပါ၊ ဒီလို စိတ်နှလုံး အလွန်ကြည်နူးချမ်းမြေ့ဘွယ်ရာ ကောင်းလှတဲ့ အသွင်အပြင်မှာ မတုပနိုင်တဲ့ သည်းခံခြင်း တရား၊ မေတ္တာ တရား၊

ကရုဏာတရားတွေနဲ့ တန်ဆာဆင်ထားတာ ဖြစ်လေတော့ အကောင်းဆုံးကို မျှော်နေကြတဲ့ ပုဂ္ဂိုလ်တွေအဘို့ မစွန့်မပယ်နိုင်လောက်အောင် ယုံကြည် ကိုးစားစရာ ဖြစ်လာရတာပေါ့။

ဒါကြောင့် အခြေအနေအရပ်ရပ်ကို ထောက်ထားပြီး[ပုဂ္ဂိုလ်အနေနဲ့ အမှန်တရားတခုအဖြစ်] ဒါဟာ ဘုရားဘဲလို့ ယုံကြည်လိုက်ကြပါတယ်၊ ဒါကြောင့် အမှန်တရားဆိုတာ ပထမအနေနဲ့ ဘုရားဘဲလို့ နားလည်ရပါတယ်၊ဒီနေရာမှာတော့ဒီယုံကြည်မှုကိုဘဲ သဒ္ဓါလို့ ဆိုရပါတယ်၊ ဒါဖြင့်ရင် ဒီသဒ္ဓါဖြစ်ပြီးမှ တရားသိရတာလား၊ တရားသိပြီးမှ သဒ္ဓါဖြစ်တာလားဆိုတာကို ငြင်းကြည့်ကြပေါ့၊ ငြင်းတဲ့နေရာမှာ သာဓကပြစရာအဖြစ် ကာလာမအမျိုးသားတို့၊ ပဥ္စဝဂ္ဂီငါးဦးတို့ အကြောင်းတွေ ရှိပါတယ်၊ ဒီစာအုပ်ကတော့ ငြင်းမနေပါဘူး။

ပြီးတော့ ဘုရားမြတ်ရဲ့ဉာဏ်တော်ဆိုတာ တကယ့်ကို အံ့မခန်းပါ၊ဒါကိုတော့ယုံကြည်နိုင်ကြပါ့မလားဆိုရင်ပြတ်ပြတ်သားသား အဖြေပေးနိုင်သူ ဒီခေတ်မှာ အတော်နည်းပါးလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင်မို့ သဒ္ဓါဖြစ်ဘို့ဆိုတာ မလွယ်ဘူးလို့ ပြောတာပေါ့၊ ပိဋကတ်သုံးပုံကို နှောကျေအောင် သင်ဘူး၊ ဖတ်ဘူး၊ မှတ်ဘူးပေမဲ့ သဒ္ဓါမှန် ဖြစ်ချင်မှ ဖြစ်တာ၊ သဒ္ဓါ မဖြစ်ရင် ဘုရားနဲ့ဖြင့် အံချော်တော့ တာပါဘဲ၊ ဘုရားနဲ့ အံချော်ရင် တရားသံဃာဆိုတာနဲ့လဲ ဝင်မကျနိုင်တော့ဘူးပေါ့၊ ဒီသဒ္ဓါ ဆိုတာ ပါးစပ်မှာလွယ်သလောက် နှလုံးသားမှာမလွယ်လှပါ၊ဖြစ်နိုင်ခဲ့တဲ့တရားမို့ [သဒ္ဓိဝိတ္တံပုရိသဿသေဋ္ဌံ] ကမ္ဘာမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ထူးမြတ်လှတဲ့ ဥစ္စာရတနာဟာ "သဒ္ဓါ" တရားဘဲလို့ ဟောတော်မူပါတယ်။

ဘုရားမြတ်ကို ယုံကြည်ရင် ဘုရားဟော တရားတော်ကိုလဲ ယုံကြည်တော့တာပါဘဲ၊ ဒါကြောင့် ဘုရားဟော တရားနဲ့ ဘုရားတပည့် သံဃာတော်များကိုလဲ အမှန်တရားလို့ ဆိုရပါတယ်၊ဘုရားမှန်ရင် တရားလဲမှန်တာဘဲကိုး၊ဒီတော့ ဘုရားမြတ်ကို ပြစ်မှားရင်၊ ရဟန်းသံဃာကို ပြစ်မှားရင် မိဘဆရာသမားကို ပြစ်မှားရင်၊ ဘယ်လိုခါးသည်း နာကျည်းဘွယ်ရာ ကောင်းတဲ့ ဆိုးကျိုးတွေကိုရမယ်၊ စတဲ့ ဟောမိန့်ချက်တွေကို လေးလေး နက်နက် ယုံကြည်ကြတာပေါ့၊ သေးငယ်တဲ့ အပြစ်ကစပြီး ကြီးမားလှတဲ့ အပြစ်ကြီးတွေအထိ သိနားလည်ပြီး ယုံကြတာပါ၊ ဒီတော့ လူတယောက်က လူတယောက်ကို အနိုင်အထက် ပြုကျင့်တဲ့အခါ တကျပ်သားလောက် အပြစ်ရသွားလိမ့်မယ်၊ ရဟန်းတပါးကို အနိုင်ကျင့် ပြစ်မှားရင်တော့ တပိဿာလောက် အပြစ်ရှိလိမ့်မယ် ဆိုတာကို သူတို့ယုံကြည်ကြတာပေါ့၊ ရဟန်းဆိုကတည်းက လူမဟုတ်ဘူးလို့ ပြောခဲ့ပါပြီ။

ကမ္ဘာမှာမီးဆိုတာ မရှိရင် မဖြစ်တဲ့အရာဝတ္ထုပါ၊ မီးကို အသုံးချတတ်မယ်ဆိုတော့ မီးကို မီးမှန်းသိတဲ့ လူက နေ့ထားတကျ အသုံးပြုတတ်လို့ မီးအတွက် ကောင်းကျိုးကိုရပါတယ်၊ မီးမှန်း မသိတဲ့လူ သို့မဟုတ် တရိစ္ဆာန်တွေကျတော့ သူ့နေရာနဲ့ သူ မသုံးတတ်ဘူး မဟုတ်လား၊ သူတို့ကျတော့ မီးအတွက်ဘဲ ကြောက်ရော အန္တရာယ်နဲ့ ကြုံရတတ်ပါတယ်။

ရဟန်းဆိုတာမီးပါ၊အသုံးပြုတတ်ဘို့လိုပါတယ်၊ဒီအကြောင်းကိုရှေ့လူအချို့ဟာသိသလောက် ယုံကြည်ပြီးယုံကြည်သလောက် လေးစားကြ လိုက်နာကြပါတယ်၊ဒါကြောင့် ဒီမီးကို ရှိမှန်းသိရက်နဲ့ တစုံတခုသော အကြောင်းကြောင့်ဘဲဖြစ်ဖြစ်၊ ရှိမှန်း မသိလို့ဘဲ ဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းနဲ့ဘဲဖြစ်ဖြစ် ပစ်ပယ်မိပြန်ရင် ဒါလဲ

မီးလောင်ခံရဘို့အကြောင်း ဖြစ်ရပြန်ပါတယ်၊ ဒီတော့ ရဟန်းသံဃာ မီးဆိုတာဟာ ပြစ်မှားသူကို အကြီးအကျယ် လောင်တတ်သလို၊ ပစ်ပယ်သူကိုလဲ ပြင်းပြင်းထန်ထန် လောင်တတ်တဲ့ သဘောရှိပါတယ်၊ ဒီလိုဖြစ်ရတာကတော့ ရဟန်းတို့ စောင့်ထိန်းထားတဲ့ သီလသိက္ခာများကြောင့်ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် အများကြီး သတိပြုဘို့ လိုတာပေါ့။ အမြင့်စားရှင်တရုတ်ရဲ့စစ်သားတွေဟာ ရဟန်းတွေကို အတင်းဗလက္ကာရ မလုပ်ဝံ့ကြဘူးဆိုတာ ဒီအကြောင်းတွေ သိထားလို့ ဖြစ်ပါတယ်၊ အများပြည်သူရဲ့ အငြိုးအငြင်ခံရမှာ ကြောက်လို့တော့ မဟုတ်တန်ရာဘူးလို့ ထင်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ ရှေးကဘုရင်တွေဟာ ပြည်သူကိုကြောက်တဲ့ဘုရင်ရယ်လို့တယ်မရှိလှပါဘူး။ ရဟန်းတွေ အနေနဲ့ကလဲ သူတို့ကို ရန်ပြုတာမဟုတ်ဘဲ ဘုရင်ကြီးကိုသာ စောင့်ရှောက်ခြင်းသက်သက်ကိုး။

ဒါလဲဘဲ သဒ္ဓါဓါတ်ခံကြောင့်ဘဲပေါ့၊ အဓိကရန်သူကြီးကို အကာအကွယ် ပေးထားတာမဟုတ်လား၊ လူအချင်းချင်းသာဆိုရင်တော့ ဒီနေရာ သူသေသေကိုယ်သေသေဘဲပေါ့။

အဲဒါနဲ့ စစ်သားတွေလဲ ကျောင်းထဲမဝင်ဘဲ ပြန်သွားကြပါတယ်၊ သာလွန်မင်းတရားကြီးလဲ အခြေအနေ မငြိမ်သက်သေးလို့ ရတ်တရက် နန်းတော်ကို မပြန်နိုင်သေးပါဘူး၊ လေးထပ်ကျောင်းတော်မှာချည်း တလကျော်ကျော်နေရပါတယ်၊ ဒီကာလအတွင်းမှာ မင်းတရားကြီးဟာ နေ့တိုင်းနေ့တိုင်း ကျောင်းတော်ဦးမှာ ရဟန်းများ စုဝေးပြီး ပရိတ်ရွတ်တာကို နာယူလေ့ရှိပါတယ်၊ ပရိတ်ရွတ်လို့ ပြီးပလားဆိုရင် မင်းတရားကြီးကိုယ်တိုင် စားတော်ကွမ်း တစီနှစ်စီကို ရဟန်းများအား ဆက်ကပ်လေ့ရှိပါသတဲ့၊ ဒါကို အများသံဃာတွေလက်နဲ့ ခံယူကြပေမဲ့ ရဟန်း

တပါးကတော့ နှစ်ထပ်သက်နိုင်းလို့ခေါ်တဲ့ ဒုကုဋ္ဌနဲ့သာခံ ယူလေ့ရှိသတဲ့၊ ဘာသဘောလဲတော့ မသိပါဘူး။

ရဟန်းပီပီ ဣန္ဒြေရှိရှိခံယူတဲ့သဘောနဲ့ဘဲတူပါတယ်၊ တခါလဲ မင်းတရားကြီးက "တပည့်တော်မှာ ဖယောင်းချေစရာ မပါပါ၊ ဖယောင်းချေချင်ပါတယ်" လို့ ဆိုတော့ တခြား ရဟန်းတွေက စကားပြန်မပေးကြဘူး၊ အဲဒီရဟန်းကဘဲ ရဟန်းတွေ ဖယောင်းချေလေ့မရှိကြောင်းကို ပြန်ကြားလိုက်ရပါတယ်။

တနေ့သ၌တော့ မင်းတရားကြီးဟာ ဗေဒင်မေးချင်စိတ်ပေါက်လာပါတယ်၊ အရေးတော်ကြီးက မပြီးဆုံးသေးတော့ ရှေ့ရေးနောက်ရေး သိချင်တာပေါ့၊ ဒါနဲ့ ဗေဒင်ကျွမ်းကျင်တဲ့ ရဟန်းများ ရှိပါသလားလို့ လျှောက်တော့၊ ဗေဒင်လေ့လာသူ ရဟန်းများ နည်းပါးကြောင်း သို့သော် ရေနံမြို့က လာနေသည့် ရဟန်းတပါးမှ အနည်းအပါး ကျွမ်းကျင်ဟန် ရှိကြောင်းနဲ့ ရဟန်းများက ပြောကြပါတယ်။

ဒါနဲ့ အဲဒီရဟန်းပင့်ပြီး မေးလျှောက်တော့၊ ရဟန်းက များများ စားစား မတတ်ကြောင်း၊ ကာလကြီးတခုကိုသာ တတ်ကြောင်း အမိန့်ရှိပါတယ်၊ ကာလကြီးနဲ့ဘဲ ဟောပါဆိုတော့မှ ကာလကြီးအလိုစိုးရိမ်စရာမရှိကြောင်း၊ ယခုသီတင်းကျွတ်လပြည့်တွင် အောင်မြင်မည်ဖြစ်ကြောင်း ဟောလိုက်ပါတယ်၊ ဟောတဲ့အတိုင်း မှန်လို့ အတော့်ကို နာမည်ကြီးသွားတာပေါ့၊ နောက်ဝမ်းဘဲအင်းစံ မင်းတရားလက်ထက်မှာ ရာဇဂုရု ဘွဲ့တံဆိပ်နဲ့ မင်းဆရာပင် ဖြစ်သွားပါသေးတယ်။

သားတော်ရှင်တရုတ်အရေးနိမ့်သွားပြီး မ ကြာ ခင် မှာ ဘဲ သာလွန်မင်းတရားကြီးဟာ နန်းတော်ကို ပြန်ဝင်ပါတယ်၊ ဒါနဲ့ တနေ့သ၌မှာ လေးထပ်ဆရာတော်နဲ့ စံကျောင်းဆရာတော်တို့ကို

အမှူးထားပြီး သံဃာအများကို ပင့်ဖိတ် ဆွမ်းကျွေးပါတယ်၊ ဒီဆွမ်းကျွေးပွဲမှာ မင်းတရားကြီးက " လေးထပ်ဆရာတော်သည် သံသရာဆရာတော် ဖြစ်သည်၊ စံကျောင်းဆရာတော်သည်ပစ္စုပ္ပန် ဆရာတော် ဖြစ်ပါသည်"လို့ လျှောက်ထားသတဲ့၊ ဒါကြောင့် သံသရာရေးအတွက် ကုသိုလ်လိုချင်လို့ လှူရင်လေးထပ်ဆရာတော် ကိုသာပင့်ပြီး လှူသတဲ့၊ စံကျောင်းဆရာတော် မပါဘူးတဲ့၊ ပစ္စုပ္ပန် ရေးအတွက် ချီးမြှောက်ပူဇော်တဲ့ အနေနဲ့လှူရင်စံကျောင်းဆရာ တော်ကိုသာပင့်ပြီး လှူတယ်လို့ အဆိုရှိပါတယ်၊ စဉ်းစားစရာ ပါဘဲ။

သာမန်လူတယောက်အန္တရာယ်ဖြစ်လို့ အကာအကွယ် ပေးရ မယ်ဆိုရင် သာမန်အနေအထားနဲ့ လုံလောက်နိုင်ပေမဲ့ ဘုရင် မင်းမြတ်လိုပုဂ္ဂိုလ်တဦး မှာ ကျရောက်လာတဲ့ အန္တရာယ်ကျတော့ အင်ကြီးအားကြီးနဲ့ စနစ်တကျ ကာကွယ်မှ ဖြစ်နိုင်တာကိုး၊ ဒီလို စနစ်တကျ ဒုဒယ် ကြီးကြီး မားမားနဲ့ အကာ အကွယ်ပေးမိတဲ့ အတွက် စံကျောင်းဆရာတော်မှာ အပြစ်မရှိဘူးဆိုတာ ဆရာ့ ဆရာများ လက်ခံကြပါတယ်၊ ရှေးထုံးဟောင်းများလဲ ရှိပေ တာကိုး၊ တကယ်တော့ လေးထပ်ဆရာတော်ရော စံကျောင်း ဆရာတော်ပါနှစ်ပါးစလုံး သူတော်သူမြတ်များ ဖြစ်ကြပါတယ်။

ဒါပေတဲ့ " ပစ္စုပ္ပန်ဆရာ " ဆိုပြီး သိမ်ငယ်တဲ့ဘွဲ့ကိုရသွား တာကတော့ ဖြစ်ပေါ်လာတဲ့ ကိစ္စကို လှုနည်းလှုဟန်နဲ့ ဖြေရှင်း လိုက်လို့ဘဲ ဖြစ်ပါတယ်၊ ရဟန်း အမှုအရာ ချွတ်ယွင်း သွားပေ သကိုး။

ဒါကိုကြည့်ရင် သာလွန်မင်းတရားကြီးဟာ သာသနာတော် ကို ချီးမြှောက်ထောက်ပင့်သူ ဒါယကာတဦးအနေနဲ့ ရဟန်းတွေ အပေါ် ဆည်းကပ်ပုံမှာ အင်မတန်နည်းယူ မှတ်သားလောက်ပါ

တယ်၊ ဒါပေတဲ့ မင်းတရားကြီးကိုယ်နှိုက်က ဗေဒင် ဟောတတ်တဲ့ ကိုယ်တော်ကိုရှာပြီး ဗေဒင်မေးနေတာကတော့ ခါးတောင်းကျိုက်တာလဲ ဖင်တာလဲ ဖြစ်နေတယ်လို့ ဆိုရပါတော့။

အမြတ်ထွက်သူ

ဆွမ်းကျွေးပွဲကြီး ပရိတ်ပါရွတ်ပြီးတဲ့ အခါကျတော့ ခွဲပြီးချထားတဲ့ ပရိတ်ချည်ကို ရဟန်းတပါးက "မင်းတရားကြီး လည်ပင်းမှာစွပ်တော့"လို့ ဆိုလိုက်ပါတယ်။

မင်းတရားကြီး လေးထပ်ကျောင်းမှာ နေရစဉ်က ကွမ်းကပ်တဲ့အခါ တခြားရဟန်းတွေလို လက်နဲ့မခံယူဘဲ ဒုကုဋ်သင်္ကန်းနဲ့သာခံယူတာ၊ ပြီးတော့ မင်းတရားကြီး ဖယောင်း ချေချင်လို့တောင်းတော့လဲ တခြားရဟန်းတွေ တုဏှိဘာဝေလုပ်နေပေမဲ့၊ ရဟန်းများ ဖယောင်းချေလေ့မရှိကြောင်း သိက္ခာရှိရှိပြန်ပြောတာဟာ ဒီကိုယ်တော်ပါဘဲ။

ဒါကြောင့် ဒီအရေးအခင်းကြီးမှာ ကုန် သည် စကားနဲ့ပြောရရင် တကယ်တမ်းအမြတ်ထွက်သူဟာ လေးထပ်ဆရာတော်လဲမဟုတ်၊ စံကျောင်း ဆရာတော်လဲမဟုတ်၊ ရေနဲ ရဟန်းလဲမဟုတ် ဒီကိုယ်တော်သာ ဖြစ်ပါတယ်၊ ဘာပြုလို့လဲ ဆိုတော့မင်းတရားကြီးက ဒီကိုယ်တော်ဟာ သိပ်သည်းကျစ်လစ်လှတယ်ဆိုပြီး သဒ္ဓါကြည်ညိုလွန်းလို့ လေးထပ်ကျောင်းတော်အနောက်မှာ အမတ်တဦးဆောက်လုပ်တဲ့ ရွှေကျောင်းကို တင်လှူလိုက်လို့ပါဘဲ၊ ဒီတော့သာမန်ကျောင်းနေ ရဟန်းဘဝကနေပြီး၊ကျောင်းသီးစံမင်းကိုးကွယ်ခံဘဝကို ရောက်သွားတာပေါ့။

ဒါကိုကြည့်ပြီး ဒီရဟန်းတော်ရဲ့ အရည်အသွေးကို အကဲခပ်သေးတာပေါ့။ ရဟန်းဆိုတာ အစားအသောက် အနေအထိုင်

အပြောအဆိုမှုစပြီး ကျစ်ကျစ် လစ်လစ်ရှိဘို့လိုပါတယ်။ နေရာတကာမှာ တလွှားလွှားဖြစ်နေတာတို့၊ တွေ့ရလေတိုင်း ဟောင်ပွာ ဟောင်ပွာ လုပ်နေတာတို့၊ နေရာတကာ စပ်စပ် စပ်စပ်ပါတာတို့ဆိုတာတွေဟာ တွေ့ရကြုံရတဲ့ ဒကာဒကာမတွေ အဘို့ အကြည်ညိုတန်စရာဖြစ်ရပါတယ်၊ အကြည်ညိုတန်ရင် အထင်သေးတော့တာပါဘဲ၊ ဒီလို အထင်အမြင်သေးတဲ့အတွက်၊ ပထမဆုံး နှစ်နာတာကတော့ မိမိကိုယ်တိုင်ဖြစ်ပြီး၊ ဒုတိယထိခိုက်တာက အခြားသော သာသနာဝန်ထမ်း ရဟန်းများဘဲဖြစ်ပါတယ်။

တဦးထဲဘဲ ဖြစ်ဖြစ်၊ အုံနဲ့ကျင်းနဲ့ဘဲဖြစ်ဖြစ် နေရာတကာမှာ လူစွာလူတွင်ကျယ် လုပ်နိုင်ရင် ဘေးကအထင်ကြီးပြီးကြည်ညိုသူတွေ ဝိုင်းဝိုင်းလယ်လိမ့်မယ်လို့ တချို့ရဟန်းများကလဲ ထင်မှားကြပါတယ်၊ ဒီအတွက် ရတဲ့အကျိုးကတော့ အကြောင်း မသိသေးရင်သာပေါ့၊ သိတာနဲ့ တပြိုင်နက်ရှိမှန်းကြီးမှန်းပီးဝေးဝေးက ရှောင်သွားခံရတာပါဘဲ၊ အခွင့်အရေးကို မြော်တဲ့ လူတို့ မြှောက်ပင့်စားသောက်တတ်တဲ့ လူတို့ ဆည်းကပ်နေတယ်ဆိုတာက ကြည်ညိုလို့မှ မဟုတ်ဘဲဘဲ။

ခုနက ရဟန်းဟာ နေရာတကာ စပ်စပ်စပ်စပ် ရဟန်း မဟုတ်ပါ၊ ပြောချင်လွန်းလို့ စကားရှာပြီး ပြောလေ့ရှိတဲ့ ရဟန်းလဲ မဟုတ်ပါ၊ ပြောခွင့်ကြုံမှ ပြောတဲ့ ရဟန်းဖြစ်လို့ တမျိုးကြည်ညိုစရာပင်ဖြစ်ရတာပါ၊ ကာယိန္ဒြေကို ကြည့်မယ်ဆိုရင်လဲအင်မတန်သေသပ်ပါတယ်၊ ကပ်လှူတဲ့ကွမ်းယာကို လက်နဲ့ခံယူတာနဲ့ သင်္ကန်းထောင့်ကလေးဖြန့်ပြီး ခံယူတာနဲ့ ဘယ်ဟာကပိုပြီး ကြည်ညိုဘွယ်ရာဖြစ်တယ်ဆိုတာ မြင်နိုင်လောက်ပါတယ်။

ရဟန်းဘဝဆိုတာကို ဒကာ ဒကာမတွေရဲ့ အမြင်မှာ သိမ်ငယ်တယ်ဆိုတဲ့ အမြင်မျိုးမခံနိုင်ဘူးဆိုတဲ့ သဘောထားလဲ ရှိဟန်

တူပါတယ်၊ ဒါကြောင့်လဲ နေရာတကာမှာ ကျစ်လစ်တာပေါ့၊ ဒီနေရာမျိုးမှာ ဟန်ကိုယ်ဘို့ ဆိုတာမျိုးလဲ ရှိတတ်ပါတယ်၊ ဟန်လုပ်တာလား၊ နဂိုရိနေလားဆိုတာ သိရဘို့ကတော့ စူးစမ်းလေ့လာမှုရှိရမှာပေါ့။

## ရဟန်းတို့ စည်းခိမ်

သက္ကရာဇ်၁၀၁၀- ရောက်တော့ ကုသိုလ်တော် ရာဇမဏိစူဠာစေတီတော် အရပ်လေးမျက်နှာမှာ ဆောက်လုပ်ထားတဲ့ ကျောင်းတော်ကြီးလေးကျောင်းအနက် သုံးကျောင်းကိုကျောင်းတင်လှူဒါန်းပါတယ်၊မြောက်မျက်နှာမှာ ဆောက်တဲ့ ဥတ္တရာဝန်ကျောင်းကတော့ မီးလောင်သွားလို့ မရှိတော့ပါဘူး။

ဒီကျောင်းတင် လှူပွဲကြီးမှာ ကျောင်းတော် တကျောင်းအတွက် အလုပ်အကျွေး လူငါးအိမ်ထောင်စီ လှူဒါန်းပါသေးသတဲ့၊ ဒီအခါမှာ မင်းတရားကြီးက ခုလိုလဲ မိန့်ပါသေးတယ်။

"ယခုကျောင်းတော် သုံးကျောင်းကို လူငါးအိမ်ထောင်စီ လှူဒါန်းတော်မူခြင်းသည် ကျောင်းတော်နေ ပုဂ္ဂိုလ်တို့ ကျွေးကျွန်ပြုဘို့အတွက် ငါလှူသည်မဟုတ်၊ ရဟန်း သံဃာဆိုသည်မှာ ကျေးကျွန်ကို အလှူမခံအပ်၊ ကျောင်းတော် ဝေယျာဝစ္စနှင့် သံဃာတော်တို့ အမှုကြီးငယ်ရှိသောအခါ စေပါးရန် အတွက် လှူသည်ကိုသာ ခံအပ်သည်၊ သည်ကိုရည်၍ ငါလှူတော်မူသည်၊ တဖန် ထိုငါးအိမ်ထောင်စီ လူတို့ကို ဆွေကိုပေးခြင်း၊ မျိုးကိုပေးခြင်း၊ အမွေခံခြင်း စသည်မပြုရ၊ ကျောင်းတော်တွင်အမြဲစောင့်နေ၍ ပေါင်းမြက်သုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ သံဃာတို့အား ထီးတရပတ်ကိုင်၍ လုပ်ကျွေးခြင်းကိုသာ ပြုစေ" ....လို့ အာဏာထားလိုက်ပါတယ်။

အဲဒီ ကျောင်း အရာမ်စောင့်၊ ဘုရား အရာမ်စောင့် ရှုတဲ့ အလေ့ဟာ လေ့လာ မိသလောက် ပြောရရင်၊ ဗမာပြည်မှာတော့ ပုဂံခေတ်လောက်မှ စတင်တွေ့မိပါတယ်၊ ရှင်အရဟံကို အရည်းကြီးတွေကရန်မူမှာစိုးလို့အနော်ရထာမင်းကြီးကအစောင့်အရှောက်အဖြစ် လှူဒါန်းတာကို ပထမဆုံး တွေ့မိပါတယ်၊ ဒီကျောင်းဘုရား အရာမ်စောင့်တွေကို နောက်ကျတော့ ဘုရားကျွန် ကျောင်းကျွန်ဆိုပြီး ခေါ်စမှတ်ပြုလာကြပါတယ်၊ တကယ်တော့ ကျွန်မဟုတ်ပါဘူး၊ အစောင့်ကပ္ပိယများပါ၊ တခုတော့ ရှိသပေါ့လေ၊ သူတို့က ကိုယ့်စေတနာနဲ့ကိုယ် လုပ်တာမဟုတ်ဘဲ ဘုရင့် အမိန့်တော်ကြီးနဲ့ လုပ်ရတာဆိုတော့ ဘေးက တမျိုးတမည်ထင်ကြပုံရပါတယ်။

ဒီလိုမင်းအာဏာနဲ့လှူထားတဲ့ ကပ္ပိယဆိုတာ ကျောင်းတိုင်းမှာတော့မရှိပါဘူး၊မင်းကိုးကွယ်တဲ့ ကျောင်းများမှာမှ ရှိတတ်ပါတယ်။

ဒီတုန်းက ကျောင်းတော်တကျောင်းဆိုတာ တကျောင်းထဲ ထီးထီးကြီးမဟုတ်ဘူး၊ အရံကျောင်းများနဲ့ဆောက်ထားတာပါ၊ ကျောင်းတိုက် တတိုက်လို့ ဆိုရပါတယ်၊ အဲဒီ ကျောင်း တိုက် တတိုက်မှာ သံဃာတရာကျော် နှစ်ရာလောက်စီ ရှိကြပါတယ်၊ ဒီသံဃာများအတွက်ခိုင်းစရာ စေစရာက လူအိမ်ထောင်ငါးအိမ်ထောင်တောင်ဘဲ ဆိုတော့ လက်တို လက်တောင်း ခိုင်းစရာ ကျောင်းသား ကျောင်းမြေး မျှပေတဲ့လဲ အရေး မကြီး လှဘူးပေါ့။

ပူစရာဆိုလို့ ဘာမှ မရှိပါဘူး၊ အမှိုက် ရှင်းဘို့၊ မြက်နုတ်ဘို့၊ ရေခပ်ဘို့၊ သူ့ဟာနဲ့သူပြီးပြီးသား၊ ကိုယ့်သပိတ်တောင် ကိုယ်ဆေးစရာမလိုဘူး၊ အဝတ် သင်္ကန်း စသည်လျှော်

စရာရှိရင် ခိုင်းလိုက်ရုံဘဲ၊ ခိုင်းလှချည့်ရဲ့ ဆိုပြီး တခြားထွက်ပြေးလို့ကလဲ မဖြစ်နိုင်ဘူး မဟုတ်လား၊ မင်းအာဏာကိုး၊ ဒီတော့ အဲဒီတုန်းက ရဟန်းတော်တွေ စည်းစိမ် ရှိလိုက်ပုံများ၊ ကာလ စကားနဲ့ ပြောရရင် တိန်တိန်မြည်နေတာဘဲပေါ့။

## ဆန်သယ် အပျိုတော်များ

၁၀၁၀-ခုနှစ်မှာဘဲ သားတော် မင်းရဲရန္တမိတ် နန်းတက်ပါတယ်၊ ဒီမင်းလက်ထက်မှာ ရဟန်းတွေရဲ့ အခြေ အနေဟာပုံမှန် ရှိနေကြပါတယ်၊ ဒါပေတဲ့ တရုပ်တွေနဲ့ စစ်ဖြစ်ပြီး တရုပ်စစ်သားတွေရဲ့ ညှဉ်းပန်းသတ်ဖြတ်မှုခံရလို့ အတော်ကို အတိဒုက္ခ ရောက်ကြရပါတယ်၊ စံကျောင်းဆရာတော်တို့၊ ဗေဒင်နာမည်ကျော် လောကုတ္တရာ ဘုန်းတော်ကြီးတို့တွေဟာ တရုပ်စစ်သားတွေရဲ့ သတ်ဖြတ် ခံရတဲ့အထဲ ပါသွားပါတယ်၊ လောကစံ ပေကိုး။

တခါအဲဒီစစ်ဘေးစစ်ဒဏ်ကြောင့် ဆန်စပါး ရှားပါးပြီးဈေးတွေ အဆမတန်တက်လာလို့ အတော်ဘဲ ကသီလင်တဖြစ်ရပါသေးတယ်၊ ဒီအရင်က ဘယ်ဈေးပေါက်တယ်တော့မသိဘူး၊ အဲဒီအချိန်ကတော့ ကြေးတပိဿာကို ဆန်သုံးပြည်ဘဲ ရပါသတဲ့၊ ဒါဟာအရမ်းဈေးမဟုတ်ပါဘူး၊ နန်းတွင်းဈေးပါ၊ နန်းတော်ထဲမှာ ဘယ်တုန်းကမှ ဈေးရောင်းတဲ့အစဉ်အလာမရှိပေမဲ့ အရပ်ထဲမှာက ဆန်ဝယ်မရဘဲကိုး၊ ဒီတော့ လူတွေက နန်းတွင်းကို သတင်းပို့တယ်နဲ့ တူပါတယ်၊ ဒါပေတဲ့ အလကား ဝေရမယ် ဆိုတာကတော့လဲ မဖြစ်နိုင်ဘူး မဟုတ်လား။

ဒါကြောင့်ဘုရင်မင်းမြတ်က ရွှေနန်းတော် အနောက်ဝင်းတော်မှာ ဈေးဖွင့်ပြီး ဆန်အရောင်းခိုင်းရတာပါဘဲ၊ နန်းတော်

ကြီးထဲမှာ တသက်လုံး ကြောင့်ကြောင့်မော့မော့နဲ့ သနပ်ခါးခြေ ဆုံးခေါင်းဆုံးလိမ်းပြီးနေလာခဲ့ကြတဲ့အပျိုတော်တွေဟာ အဲဒီအ ချိန်မှာ ပြည်တောင်းကိုင်ရ၊ ဇတုတ်တိုက်ရနဲ့ တော်တော် ဗဟု သုတတိုးသွားကြတာပေါ့။

ဝယ်လို့ရပါရဲ့ ဝယ်ဘို့ပိုက်ဆံကမလုံလောက်တော့လဲခက်တာ ပေါ့၊ ပိုက်ဆံရှိပါရဲ့ ဝယ်လို့မရတော့လဲ တခက်ဘဲ၊ ဒီအဖြစ်မျိုး ဟော့ဟာ အဲဒီအခါက အများအပြားကြုံကြရဘာပေါ့၊ ဒီတော့ ဒီအခြေအနေကြားထဲမှာ ရဟန်းတွေ ဘယ်လိုများ နေပါလိမ့် မလဲလို့ စဉ်းစားမိပါတယ်၊ ထမင်းစားစရာမရှိတဲ့ အိမ်သွားပြီး ညည့်သည်လုပ်မိသလို ဖြစ်နေမှာပါ၊ ဒါကြောင့် ဘယ်မှမကြွဘဲ နေတဲ့ရဟန်းများလဲနေ၊ ကျေးလက်တောရွာ ကြွတဲ့ ရဟန်းများ လဲကြွနဲ့ ရှိကြမှာပါဘဲ၊ ဒီအချိန်မှာ အမူအကျင့် ပျက်ပြားကြ တယ်လို့တော့ မကြားမိပါဘူး။

ဒီအခါက ရဟန်းတော်များဟာ ဆရာကောင်းဒကာကောင်း တွေကို မှီတင်းနေထိုင်ခဲ့ကြတာ ဖြစ်လေတော့၊ အထူး ကြပ်မတ် ပြုပြင်ဘွယ်မရှိပါဘူး၊ ပြီးတော့ နန်းစည်းစိမ်ကလဲ ၁၃ နှစ်သာ စံရတာဆိုတော့ ဒီမင်းရဲရန္တမိတ်လက်ထက်မှာ သာသနာနဲ့အထူး သဖြင့် ရဟန်းများနဲ့ ပတ်သက်လို့ ထူးထူးခြားခြားစီမံခန့်ခွဲမှု ကိုမတွေ့ရပါဘူး။

## မြောက်နန်းကျောင်း ဆရာတော်

၁၀၂၃-ခု မှာ ညီတော်ပြည်မင်း နန်းတက်ပါတယ်၊ရဟန်း များနဲ့ ပတ်သက်လို့ ပထမဆုံး တွေ့ရတဲ့အလုပ်ကတော့ နန်း တွင်းမှာ တစ္ဆေ သရဲ ချောက်လှန့်တာကို ကုသရခြင်းပါဘဲ၊

ငတ်မွတ်ခေါင်းပါးတဲ့ အရေးအခင်းမှာ ပြည်မင်းက အာဏာသိမ်းတော့ နန်းတွင်းမှာ လူနှစ်ဆယ်ကျော်လောက် သေကြပါတယ်၊ ပြည်မင်းနန်းတက်တော့ စက်တော်ခေါ်လို့ မရအောင် ချောက်ကြလှန့်ကြနဲ့ လုပ်လို့ သစ်ဆိပ်ပင် ဆရာတော်ရယ်၊ တခြားပညာရှိ မြို့စားရွာစားတွေရယ်ကိုပင့်ခေါ်ပြီး ကုမစေလို့ အန္တရာယ်ကင်းသွားပါသတဲ့၊ ဆရာတော်အနေနဲ့ ပရိတ်ဘဲရွတ်လေသလား၊ အင်းအိုင် ခလှဲ့တွေကိုဘဲ သုံးသလား ဆိုတာတော့ မသိဘူးပေါ့။

ဒီမင်းလက်ထက်မှာလဲ ရဟန်းတော်များ အမူအကျင့်ယိုယွင်းမှုမတွေ့ရပါဘူး၊ ပေဒင် ကိန်းခန်း ချပြ ဟောပြောမှုကတော့ ထုံးစံအတိုင်းရှိနေတာပါဘဲ။

တကြိမ်မှာ ဇာတာတော် မသန့်ဘူးဆိုလို့ ယာယီတဲနန်းထိုးပြီးစံရပါတယ်၊ နောက်နန်းတော်မှာရှိတဲ့ မြောက်နန်းဆောင်ကိုရွှေ့ပြီး ယာယီတဲနန်းနေရာမှာ ကျောင်းဆောက်ပါတယ်၊မြောက်နန်းကျောင်းလို့ခေါ်ပါတယ်၊ နောက်ဒီကျောင်းကို စစ်ကိုင်းဘက်ကအိမ်ရှေ့ကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရကိုလှူလို့၊ ဆရာတော်လဲ မြောက်နန်းကျောင်း ဆရာတော်လို့တွင်သွားပါတယ်၊ စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်တဲ့ ကျမ်းပြုဆရာတော်ဖြစ်ပါတယ်၊ ယခုအထိ အသုံးပြုနေတဲ့ နန်းကျောင်းမူ သဒ္ဒါကြီး နိသျှဟာ ဒီဆရာတော်ရဲ့ လက်ရာပါဘဲ။

တောင်ဘီလာဆရာတော် ရှိစဉ်က "ငါတို့မရှိရင် မောင်အဂ္ဂတို့က ကျမ်းဂန်တတ်လုပ်ကြတော့မှာဘဲ"လို့ အကျီစား ခံရတဲ့ ဆရာတော်ပေါ့၊ ဒီမင်းလက်ထက်မှာ ထင်ရှားတဲ့ ဆရာတော်များအနက် တပါးအပါအဝင် ဖြစ်ပါတယ်။

တခါမှာ မင်းတရားကြီးက ဆရာတော်များကို နန်းတော်ပင့်ပီး ဆွမ်းလုပ်ကျွေးပါတယ်၊ တရားလဲ နာပါတယ်၊ ပီးတော့မှ ဆရာတော်များကို လျှောက်ထားပါတယ်။

"တပည့်တော် အလိုမရှိပါဘဲလျက် အမူးအမတ် သူရဲသူခက်တို့က ကျွန်တော်တို့ကိုးကွယ်ရာမရှိပါပြီ လို့ အကြိမ်ကြိမ်လျှောက်ထားကြသောကြောင့် သံဃာအား ဘုရားမခံနိုင်ဆိုဘိ သို့ကျွန်ုပ်မင်းပြုရပါသည်"လို့ လျှောက်ပါတယ်။

ဒီစကားကို ဆရာတော်အချို့က "အင်း....ဟုတ်တာပေါ့"နဲ့ ရေလိုက်ငါးလိုက် မိန့်ဟန်တူပါရဲ့၊ အချို့ ဆရာတော်များကတော့ "ဒီလိုဘယ်ဟုတ်မလဲ၊ ကြံပေတဲ့ ကံမမှီရင် မဖြစ်နိုင်ပါဘူး၊ မကြံပေတဲ့ ကံကြီးရင် ဖြစ်တာပါဘဲ" ပေါ့၊ ဒီတော့ မြောက်နန်းကျောင်းဆရာတော်က " ငါတို့အရာမဟုတ်ဘူး၊ အောက်ရောက်မှ ငြင်းကြ"လို့ မိန့်တော်မူပါသတဲ့။

ရဟန်းများ အနေနဲ့ ဒကာဒကာမကို ချီးမြှောက်တယ်ဆိုတာ မြှောက်ပင့် ပြောဆိုခြင်း မဟုတ်စေရပါဘူး၊ ဒီလို မြှောက်ပင့်ပြောဆိုတဲ့နည်းနဲ့ ဒကာဒကာမကို ချဉ်းကပ် ဆက်ဆံရင် အဲဒီရဟန်းကို ဒကာဒကာမက သဘောကျမှာတော့ အမှန်ပါဘဲ။ အဲဒီကျောင်းကိုလဲ ခဏခဏသွားပါလိမ့်မယ်၊ဒါပေတဲ့အဲဒီရဟန်းရဲ့အရည်အသွေးကိုတော့ ဘယ်နည်းနဲ့မှ မလေးစားတော့ဘူးဆိုတာ တထင်ကျ မှတ်သင့်ပါတယ်။

တဖက်က တပိဿာအလေး၊ တဖက်ကလဲ တပိဿာအလေး ထည့်ထားတဲ့ ချိန်ခွင်ကို ဆွဲမလိုက်ရင် ချိန်ခွင်လျှာဟာ တည့်တည့်မတ်မတ်ရှိနေပါလိမ့်မယ်၊ တဖက်က တပိဿာလေး တဖက်ကငါးဆယ်သားလေး ထည့်ထားပီး ဆွဲရင် ချိန်ခွင်လျှာဟာ ပိဿာလေးဘက်ကို ပါလာမယ် မဟုတ်လား၊ လေးတဲ့ဘက်ကို

ပေါ့တဲ့ဘက်က လိုက်လျှောပေးနေရတာဟာ ချိန်ခွင်ဥပဒေပါဘဲ၊ သို့သော်လဲ လေးတယ်ဆိုတာဟာ အရာ ဌာနလိုက်လို့ အရေအတွက် သက်သက် ပမာဏ သက်သက်ချည်း မဟုတ်ဘူး ဆိုတာတော့ သတိပြုရမှာပေါ့၊ ဒါကြောင့် များတိုင်းလဲ မလေးဘူးဆိုတာ လဲနဲ့ ခဲကိုကြည့်ပြီး ဆုံးဖြတ်ဘို့ပါဘဲ။

ဒီအတိုင်းပါဘဲ ရဟန်း အရည် အသွေးနဲ့ ဒကာ ဒကာမ အရည်အသွေးကို ချိန်ခွင်ဥပဒေနဲ့ ကြည့်တဲ့အခါ ဒကာ ဒကာမ တွေအပေါ် မြှောက်ကာ ပင့်ကာနဲ့ သိပ်လိုက်လျှောနေရင် ဒကာ ဒကာမ အရည်အသွေးက ရဟန်း အရည်အသွေးထက် အလေး သာပြီဆိုတာ အကဲဖြတ်စရာပေါ့။

ဒီနေရာမှာ အရည်အသွေးဆိုတာကို ခွဲခြားဘို့ လိုပါတယ်၊ အရည်အသွေးသတ်မှတ်ပုံဟာ တဖက်နဲ့တဖက် မတူဘဲ ရှိနေတာကို တခါတရံ တွေ့ရတတ်ပါတယ်၊ ဒကာ ဒကာမက လောကီပညာရပ်များနဲ့ ဥစ္စာဓနကို အရည်အသွေးလို့ သတ်မှတ်ပြီး ရဟန်းအနေနဲ့ကလဲဒီလိုဘဲ သတ်မှတ်ယူဆမယ်ဆိုရင် အဲဒီရဟန်းနဲ့ အဲဒီ ဒကာ ဒကာမကို ချိန်ခွင်မှာ တင်လို့ရပါတယ်၊ တခါ ကျင့်ဝတ်သိက္ခာနဲ့ ပရိယတ် ပဋိပတ်ကို အရည်အသွေးလို့နှစ်ဦး နှစ်ဖက်စလုံးက သတ်မှတ်မယ်ဆိုရင်လဲ တင်လို့ရတာပါဘဲ။

ဒါပေတဲ့ ကျင့်ဝတ်သိက္ခာနဲ့ ပရိယတ်ပဋိပတ်အရည်အသွေး လို့ ရဟန်းက သတ်မှတ်ပြီး ဒကာ ဒကာမကတော့ လောကီ ပညာရပ်နဲ့ ဥစ္စာဓနကိုသာ အရည်အသွေးလို့ သတ်မှတ်လက်ခံ မယ်ဆိုရင်တော့ ဒီရဟန်းနဲ့ ဒီဒကာ ဒကာမဟာ သိပ်စပ်လို့ ဟပ်လို့မရတော့ပါဘူး၊ မရတော့ဘူး ဆိုတာက ရဟန်းကလဲ ဒီဒကာ ဒကာမကို မြှောက်လား ပင့်လား လုပ်မှာ မဟုတ်ဘူး၊ ဒကာဒကာမကလဲ ဒီရဟန်းကို နှစ်နှစ် ကာကာ ဆည်းကပ်ကိုး

ကွယ်မယ်မဟုတ်တော့ဘူး၊ ဒါကြောင့်လဲ "သမဏောနသမဏော၊ ဂေါဏောနဂေါဏော"လို့ ဆိုရိုးပြုတာ ဖြစ်မှာပါ၊ ဒါအမှန်အတိုင်းပါ။

ဒီလိုဆိုရင် ဒကာ ဒကာမတွေကို ဘယ်နည်းနဲ့မှ မလိုက်လျောရဘဲ အမြဲတမ်း တင်းတင်းမာမာဆက်ဆံ နေရမှာလားလို့ ဆိုစရာရှိပါတယ်၊ ဒီလို မဟုတ်ရပါဘူး၊ ရဟန်းဆိုတာ နူးညံ့မှ ကောင်းပါတယ်၊ ဝါသနာအလျောက် အပြောအဆို အနေအထိုင် ကြမ်းတမ်းပေမဲ့ စိတ်နှလုံးသိမ်မွေ့ဘို့ကို ဘုရားမြတ် လိုလားတော်မူပါတယ်။

တခုတော့ရှိတာပေါ့၊ ရဟန်းဆိုတာ ရဟန်း မာန်ကလေးတော့ ထားသင့်တယ်လို့ ထင်ပါတယ်၊ ဘယ်ဒကာ ဒကာမကိုမှ အောက်မကျို့ဘူးဆိုတဲ့ သဘောပါ၊ ဒီသဘောထားလောက်တော့ ထားသင့်ပါတယ်၊ ဒီနေရာမှာ မာန်ဆိုတာ မာနကိုမဆိုလိုပါ၊ တခြားသုံးစရာစကားလုံး ရှာမရလို့ ဒါကိုဘဲလွယ်လွယ် သုံးလိုက်တာပါ၊ မတန်တာကို မလုပ်ဘူးဆိုတဲ့ သဘောကိုဆိုလိုတာပါ။

လျှော့လွန်းတော့ပတ်၊ တင်းလွန်းတော့ ပြတ်ဆိုတာရှိသားဘဲ၊ သူ့နေရာနဲ့သူ ပြောရမယ်ဆိုရင်....၊ အပတ်ခံ ပြန်ရင်လဲ သံသရာပြစ်တွေကို ဝါးစည်းခံရလိမ့်မယ်၊ အပြတ်ခံပြန်တော့လဲ သာသနာ့သက်ဇိုးရှည်ဘို့ မလွယ်ဘူး၊ ဒါကြောင့် ကြားချပီး နေတတ်၊ ထိုင်တတ်၊ ဆက်ဆံတတ်ဘို့ အရေးကြီးပါတယ်၊ ဘယ်လိုကြားချပီး နေရမယ်ဆိုတာတော့ သက်ဆိုင်ရာ ကျမ်းဂန်များမှာ ရှာဖွေကြည့်ရှုကြဘို့ပါဘဲ၊ ကျမ်းဂန် အနေကို ထားပါတော့ လောကအနေမှာဘဲ ကြားချပီး နေနိုင်ရင် တော်လှပြီလို့ ဆိုချင်ပါတယ်။

မြောက်နန်းကျောင်းဆရာတော်ဟာ ကြည်ညို လေးစားထိုက်တဲ့ဆရာတော်တပါးပါ၊ ဆရာကောင်းတပည့်ပီသကြတဲ့ သူ့တပည့်အဆက်အနွယ်များလဲ လေးစားထိုက်သူများ ဖြစ်ကြပါတယ်၊ တပည့်တွေအနက် တချို့တပည့်က ဆရာတော်အနားမှာနေပြီး၊ တချို့ကတော့ ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး ကျောင်းထိုင်ကြရပါတယ်၊ ရှင်ဂုဏာဂန္ထဆိုတာ ဆရာတော့် တပည့်ပေါ့၊ ချင်းတွင်းသားပါ၊ စာပေကျမ်းဂန်များကို တသယ် တပိုးသင်ယူပြီးတဲ့နောက် သူ့ရွာမှာဘဲ ပြန်နေပါတယ်၊ ကျွဲပါး စောင်းတီးဆိုတာလို ရှင်ဂုဏာဂန္ထဘယ့်လောက်ဘဲ တော်နေပေတဲ့ ကျွဲတွေအနားမှာ တော်နေတာဆိုတော့ ဂုဏ်မမြောက်နိုင်ဘူးပေါ့၊ ဒီတော့ လူ့မွဲဒါန်းမဲ့ လူနည်းပါးပြီး ဆင်းဆင်း ရဲရဲ နေရရှာပါသတဲ့။

တခါတော့ ချင်းတွင်းရွာမှာ ငမောက်ဆိုတဲ့ လူတယောက် ကျောက်မျက်ကောင်း ရတယ် သတင်းကြားလို့ မင်းက သိမ်းယူလိုက်ပါတယ်၊ ဒါကို မြောက်နန်းကျောင်း ဆရာတော် သိတော့ ချင်းတွင်းမှာ ကျောက်ကောင်းသာ ရှိတာမဟုတ်ဘူး၊ ပိဋကတ်အိုးတလုံးလဲ အသုံးအဆောင်မရဘဲ ရှိနေတယ်လို့ မင်းနားကြားအောင် ပြောလိုက်ပါတယ်၊ ဒီတော့မှ မင်းတရားကြီးက အရှင်ဂုဏာဂန္ထကိုပင့်ပြီး ကိုးကွယ်ရပါတယ်၊ ငါ့တပည့်မှန်သမျှ မင်းကိုးကွယ်ခံချည်း ဖြစ်ရမယ် ဆိုတဲ့ မတော်လောဘသဘောထားမျိုး မြောက်နန်းကျောင်းဆရာတော်မှာ မရှိပါ၊ ဒါပေတဲ့ တော်တဲ့တပည့်ကို တော်သလို ချီးမြှောက်ရတာဟာ ဆရာသမားကောင်းတို့ရဲ့ အလေ့ အလာကိုး၊ ဒါတောင် ဟိုပုဂံခေတ်က အရှင်သီဝလိမထေရ်ကြီးရဲ့ သဘောအရဆိုရင် ဝိညာတ်မလွှတ်လို့ ကြိုက်မယ်မဟုတ်ပါဘူး။

သာသနာပြုတယ်ဆိုတာ "ဒိုဂိုဏ်းဂဏကပြုတဲ့ သာသနာမှ သာသနာ" ဆိုတဲ့ အစွဲနဲ့ ပြုနေရင် သာသနာ စည်ပင်လာဘို့ မလွယ်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ဂိုဏ်းဂဏကြီးပွားအောင် လုပ်နေရတာနဲ့ ကိုယ့်အသိုင်းအဝိုင်း ကောင်းစားအောင်ကြိုး ပမ်းနေရတာနဲ့ ရွာသစ်ကြီးရောက်သွားတတ်လို့ပါ၊ သာသနာ ဆိုတာကို အိုးကြီးတလုံးလို သဘောထားပြီး ဂိုဏ်းဂဏဆိုတာကို ဖိုခနောက်များလို သဘောထားနိုင်ပါမှ အရှည်တည်တန့်မှာဖြစ် ပါတယ်။

တနေ့တော့ ရဟန်းလူထွက်ဖြစ်တဲ့ သတိုးမင်းကြီးဟာ မှူးမတ် အဆောင်အယောင် အခင်းအကျင်းတွေနဲ့ ကျောင်းတော်ကို ရောက်လာပါတယ်။

ရဟန်းလူထွက်များဟာ လူဘဝမှာအတော်အတန်ဟန်ကျရင်၊ ရဟန်းများဆီကို လာလာပြီး ကြွားတတ်ကြပါတယ်၊ ဒါကိုဘဲ သူတို့မှာ အရသာရှိပုံရပါတယ်၊ ခေတ်သိချင်းမို့ ဖော်ကြွား တာပါ၊ ခေတ်မသိသေးတဲ့သူများရှေ့မှာဆိုရင်၊ သူတို့ကိုယ် သူ တို့ ရဟန်းလူထွက်မှန်း သိမှာစိုးလို့ ဖုံးလိုက် ဖိလိုက်ရတာကလဲ အ မောဘဲ။

သတိုးမင်းကြီးဟာ ဆရာတော်နဲ့ အတူ စကားစမြည် ပြော ရင်းက သူ့အဆောင်အယောင်တွေပြပြီး "အရှင်ဘုရားသာ လူ ဖြစ်လျှင် ဤမျှလောက် မှူးမတ်စည်းစိမ်ကို ရရှိပါလိမ့်မယ်" လို့ ဆရာဘော်ကို လျှောက်ထားပါသတဲ့၊ ဒီတော့ ဆရာတော်က "ဤမျှလောက်သော စည်းစိမ်သည် ငါတို့အိမ်သာတခါတက်ကို မျှမတန်" လို့ မိန့်လိုက်ပါသတဲ့၊ အိမ်သာတခါတက်ရင် အသုဘ ကမ္မဋ္ဌာန်းများ ရှုသွားနိုင်လို့ဘဲ ဖြစ်ပါတယ်၊ ဆိုစမှတ်ပြောစမှတ် ရအောင် မိန့်တော်မူတဲ့ ဆရာတော်ပါ။

ဒီဆရာတော်ဟာ ပြည်မင်းအမတ် နေမျိုးနော်ရထာရဲ့ သား ဖြစ်လို့ အနွယ်ကတော့ မညံ့လှပါဘူး၊ လူ့ဘဝမှာနေမယ်ဆိုရင် လဲ သတိုးမင်းကြီးမက ကြီးပွားနိုင်လောက်ပါတယ်၊ ဒီလိုအခြေ အနေပေးနေတဲ့ ဆရာတော်ဟာ ရဟန်းဘဝမှာ မတော်လောဘ ဖြစ်နိုင်စရာ အကြောင်း မရှိပါဘူး။

နိုင်ငံအနေနဲ့ မထွက်ပေါ်ထားရမဲ့ ဆရာတော်များက ရှေ့ကနေ ပီး ဖြောင့်ဖြောင့် ကြနေကြတာများလေတော့....ဒီပြည်မင်းလက် ထက်အသိ နောက်လိုက်ရဟန်းအများဟာလဲ ဖြောင့်တန်းပါတဲ၊ ပြည်မင်းတရားကလဲ သာသနာကို အားထုတ်ကြတဲ့ ရဟန်းသံဃာ များကို ချီးမြှောက်ထောက်ပံ့ပါတယ်။

## ရေနဲ့ဘုန်းကြီး

၁၀၃၄-ခုမှာ ပြည်မင်းနတ်ရွာစံလို့ သားတော်ဒိမ်ရှေ့မင်း နန်းတက်ပါတယ်။ တနှစ်လောက်အကြာမှာ ဒီမင်းလဲ နတ်ရွာစံ ပြန်လို့ ညီတော် ရမည်းသင်းမင်း နန်းတက်လာပါတယ်။

ရမည်းသင်းမင်း ဘုရင်အဖြစ်မရောက်မီ တခါက ဂူတော်သစ် ဘုရား ပဋ္ဌာန်ဇရပ်မှာ ဘုန်းတော်ကြီးတပါး တည်းခိုနေတာတွေ့ လို့မေးကြည့်တော့ ရေနံမြို့ကလာနေတာဆိုတာ သိရပါတယ်၊ဘိုး တော် သာလွန်မင်းတရားကြီးလက်ထက်ကတဲက မေဒင်တော်တယ် တော်တယ်နဲ့ ဟိုးလေးတကျော်ကျော် ဖြစ်နေတဲ့ ဘုန်းကြီးမှန်း သိတော့ မင်းသားကလဲ ကိုကြိုက်တုန်း မေဒင်မေးတာပေါ့၊ ဒါနဲ့ ဘုန်းကြီးက ဇာတာကြည့်ပီး....၁၀၃၄-ခုမှာ ကောန်မင်းဖြစ် မယ်လို့ ဟောလိုက်တာကိုး၊ ဒါကို မင်းသားက ဘယ်မေ့မလဲ၊

ဟောတဲ့အတိုင်း ဒီနှစ်မှာ မင်းဖြစ်လာတော့ အဲဒီဘုန်းကြီးကို သိပ်ယုံသွားတာပေါ့။

မင်းဖြစ်လို့မကြာခင်မှာဘဲ နန်းတွင်း အရေးတော်ပုံကြီးပေါ်လို့ ခုတ်ဟယ်၊ ထစ်ဟယ်နဲ့၊ နန်းထဲမှာ သေလိုက်ကြတာ မနဲဘူးတဲ့၊ အရေးတော် အောင်မြင်ပြီးတဲ့နောက် နန်းတွင်းမှာ ညအချိန်ရောက်ပြီဆိုရင် ကောင်းကောင်း အိပ်ရတယ်ဘဲမရှိဘူး၊ ချောက်လွန်း လှန့်လွန်းလို့ ဖျားသူဖျားကြ၊ နာသူနာကြနဲ့ပေါ့၊ ဒီတော့မှ ယုံကြည်ရင်းစွဲရှိတဲ့ ရေနဲဘုန်းတော်ကြီးကိုပင့်ပြီး လျှောက်ထားလို့ ဘုန်းတော်ကြီးရဲ့အစီအမံကြောင့် အန္တရာယ်များ ငြိမ်းသွားပါသတဲ့၊ ပြီး တခါ ရပ်ကွက်တွေထဲမှာလဲ ချောက်လှန့်နေပြန်လို့ ဒီဘုန်းတော်ကြီးဘဲ စီရင် ရ ပြန် ပါတယ်၊ အေးငြိမ်းသွားတာပါဘဲ။

ဒါကြောင့် ရေနဲဘုန်းကြီးကို အားရလွန်းလို့ ဓမ္မနန္ဒဓမ္မရာဇဂုရုဆိုတဲ့ ဘွဲ့တံဆိပ်တော်ကို လှူပါတယ်၊ ပြီးတော့ မြို့တော်တောင်၊ ရွှေစည်းခုံ မြောက်တံတိုင်းနား မှာ ယွန်းဆက်မုခ်နှစ်မျက်နှာနဲ့ ကျောင်းဆောက်လှူဒါန်းပါတယ်၊ ဒါတင်မကသေးဘူး၊ ရေနဲဘုန်းတော်ကြီးရဲ့ ဆွေမျိုးသားချင်း သုံးဆယ်ကိုလဲ သူကောင်းပြုပါသေးတယ်၊ အဲတခါ ဆွမ်းကပ် ရေကပ်ဆိုပြီး ကျောင်းကျွန် ခုနစ်ယောက်သဲ လှူပါသေးသတဲ့။

ဒီဘုန်းကြီးကို ရေနဲနတ်စက်ရောင် ဘုန်းကြီးလို့ သာသနာလင်္ကာရက ဆိုပါတယ်၊ ရာဇဝင်မှာတော့ ရေနဲဘုန်းကြီးက တပါး၊ နတ်စက်ရောင်ဘုန်းကြီးက တပါးအနေနဲ့ ဆိုပါတယ်၊ နတ်စက်ရောင်ဘုန်းကြီးဘွဲ့က ရှင်စက္ကာဘိဃောသပါတဲ့၊ ဒီဘုန်းကြီးကိုလဲ မြေသဲကျောင်းတော်ကို လှူပြီး ကိုးကွယ်ပါသတဲ့။

ရေနံဘုန်းတော်ကြီးခမျာလဲ တယ်ပြီး မသက်သာလှပါဘူး၊ အားကိုးတကြီးနဲ့ ကိုးကွယ်ထားတာဆိုတော့ အားကိုးရာရောက်အောင်လဲ လုပ်ရတာပေါ့၊ ၁၀၃၉-ခုနှစ် ကဆုန်လထဲမှာ ဂူတော်သစ်ဘုရားမှာ ပဌာန်းတရားများ ရွတ်ဖတ်ကြရပါတယ်၊ ရေနံဘုန်းကြီး စီရင်တာဆိုတော့ ယတြာချေတဲ့ သဘောနဲ့ဘဲ တူပါတယ်၊ လပြည့်ကျော် ၈ - ရက်ကစပြီး မြန်မာဆရာတော်များ ရွတ်ဖတ်ရတာ နယုန်လဆန်း ၁၀-ရက်ထိရော၊ ၁၁-ရက်ကစပြီး မွန်ဆရာတော်များက ဘယ်ထိအောင် ရွတ်ရတယ်တော့ မသိဘူး၊ ရွတ်ဖတ်ရပါတယ်။

ဝါခေါင်လထဲမှာလဲ ဒီဂူတော်သစ် ဘုရားမှာဘဲ ရဟန်းတော်လေးဆယ်ကို ရှစ်ဆိုင်းဖွဲ့ပြီး ကမ္မဝါစာ ရွတ်ဖတ်ရပါတယ်၊ ၁၀၄၁ - ခုနှစ်မှာလဲ မြို့တော်မြောက်တလွှား မိုးမရွာလို့ ရေနံဘုန်းကြီးဘဲ မိုးရွာအောင် စီရင်ရပြန်ပါတယ်၊ မြို့တော်ပတ်လည်မှာလဲ အင်းတွေနှံ့ရတယ်ဆိုတော့ မသက်သာလှဘူးပေါ့၊ ရွာမဲ့ရွာတော့ မိုးတွေက အရမ်းဖြစ်လာတယ်၊ရေတွေ နင်းကန်တိုးပြီး ကမ်းတွေပြိုပြန်ပါတယ်၊ ဒီတော့ ရေနံဘုန်းကြီးမှာ မနေသာပြန်ဘူး၊ ချက်ချင်း ရေသိမ်သမုတ်ပြီး ကမ္မဝါတွေ ဘာတွေဖတ်ပြီး အင်းများမြှုပ်ရပြန်ပါတယ်။

တပို့တွဲလထဲရောက်တော့ ပဉ္စင်းကိုးပါး၊ သာမဏေခြောက်ပါးပြုပြီး၊ ကံဆောင်သပိတ်တွေကို လေးထောင့်အရပ်မှာမြှုပ်ရပါတယ်၊ ပင့်ထားတဲ့ ဆရာတော်တွေလဲ ကမ္မဝါ ဖတ်လိုက်ရတာ ဖတ်ဖတ်ကိုမောရော၊ မြစ်ငယ် ဝကနေပြီး အိုးတော်လုပ်တိုင်အောင်ဖတ်ရသတဲ့၊ ဘယ့်လောက် ဝေး တယ် တော့ မသိဘူး၊ ၁၀၄၇-ခုနှစ်ထဲ ကျတော့ တခါ ယောဝမှာ နဒီသိမ်သမုတ်ပြီး ရေနံဘုန်းကြီး အစီအမံနဲ့ဘဲ ပဉ္စင်းငါးပါးခံရပြန်ပါတယ်။

ဒါတွေဖော်ပြရတာကတော့ ဒီမင်းတရားဟာ ဗေဒင်ဘုန်းတော်ကြီးများကို ဘယ်လိုအားထားပြီး ဘယ်လို အသုံး ချတယ်ဆိုတာသိစေချင်လို့ပါ၊ တိုင်းရေးပြည်ရေးရော၊ ကိုယ်ရေးကိုယ်တာအတွက်ပါဆိုတာလို ဖြစ်လေတော့ ခေတ်အား လျော်စွာ ကောင်းနိုးရာရာ စီမံဆောင်ရွက်ရတာဘဲပေါ့။

ဒါပေတဲ့ တိုင်းရေး ပြည်ရေး လောကီရေး သက်သက်ကိုချည်း အာရုံပြုနေတာတော့ မဟုတ်ပါဘူး၊ ပြီး ဗေဒင်ဘုန်းတော်ကြီးတွေနဲ့သာ အချိန်ကုန် နေတာမျိုးလဲ မဟုတ်သေးပါဘူး၊ သာသနာမှာ အဓိကကျတဲ့ ဆရာတော်များနဲ့ လုပ်ငန်းများကိုလဲ ပြုစုဆောင်ရွက်တာပါဘဲ။

ထင်ရှားတဲ့ ဆောင်ရွက်ချက်များကတော့....၊ ၁၀၃၉- ခုနှစ်မှာ မယ်တော်ဘုရားဆောက်လုပ်တဲ့ လေးထပ် ကျောင်းကိုယ်ဆရာရင်းဖြစ်တဲ့ အရှင်ဉာဏာဓမ္မကို တင်လှူပါတယ်၊ မူလတည်ဆောက်ပြီးသားကျောင်းများအပြင် မင်းသားများ၊ မိဖုယားများ၊ မှူးကြီးမတ်ကြီးများ အသစ်ဆောက်လုပ်တဲ့ ကျောင်းများကိုလဲ သင့်တော်ရာ ပုဂ္ဂိုလ်များကို လှူဒါန်း ချီးမြှင့်ပါတယ်။

အဲဒီအထဲက နှောင်အခါ အရည်ဝါသီများနဲ့ အမ်းရှာ်း ဖြစ်ရာမှာ ဦးစီးခေါင်းဆောင်လုပ်လို့ လူသိများသွားတဲ့ ညောင်စင်ရွှေကျောင်းဆိုတာကို ၁၀၅၀- ခုနှစ်မှာ တည်ဆောက်ပြီး ၁၀၅၃ - ခုနှစ်မှာ အရှင်ဥတ္တမသိက္ခာကို တင်လှူပါတယ်။

ဗေဒင်ဆရာတော်တွေကိုအသုံးချတာ များပေတဲ့ ချီးမြှောက်တဲ့အရေအတွက်ကတော့ နဲပါတယ်၊ ဒါကြောင့် ရဟန်းအများစုကြီးဟာ တဖက်ကိုစိတ်ပိုင်မသွားဘဲ ပရိယတ်ပဋိပတ်ဘက်မှာသာ ခိုင်ခိုင် မတ်မတ်ကြီးရှိနေပါတယ်။

ဒီမင်းလက်ထက်မှာ ပရိယတ်ကျမ်းဂန်များနဲ့ ပတ်သက်လို့ မှတ်သားစရာတခုရှိပါတယ်၊ ရှေးအခါက ကျမ်းဂန်များကို ပေပေါ်မှာမင်စာ၊ ကညစ်စာသာ ရေးပါတယ်၊ ဒီမင်း လက်ထက်ကျတော့ ပေကိုသစ္စေးသုတ်ကိုင်၊ ဆေးဒါန်းနဲ့ အက္ခရာရေးပြီး ရွှေချထားလို့ ရွှေစာအဖြစ် စတင်ပေါ်ပေါက်လာရပါတယ်။

ပရိယတ်ကို အလေးပြုနေသေးသမျှ ရဟန်းများကောင်းကြ တုန်းဘဲလို့ ကြည်ညိုရပါတယ်။

## အငြင်းအခုံပွဲကြီး

၁၀၆၀-ခုမှာ သားတော် အိမ်ရှေ့မင်း နန်းတက်ပါတယ်၊ ဒီမင်းကို စနေမင်းလို့ ခေါ်ကြပါတယ်။

ဒီမင်းလက်ထက်မှာ ဆရာတော်ကြီးများကြပ်မတ်ပြီး ပိဋကတ်တော်များကို အသစ်တဖန် ကူးရပြန်တဲ့ပြင်၊ ပိဋကတ် သုံးပုံမှာ နိသျှည်းမရှိသေးတဲ့ ကျမ်းများကိုလဲ နိသျှည်း စီရင်တော်မူပါလို့ တောင်းပန်တဲ့အတွက် ဆရာတော်များ သက်ဆိုင်ရာ ကျမ်းဂန်နဲ့ နိသျှည်းများကို ရေးသားတော်မူကြရပါတယ်။

ဒီမင်းလဲ ရဟန်းများကို စဉ်လာမပျက် ပြုစုပါတယ်၊ ဒီမင်း လက်ထက်မှာ ထူးခြားတာက ရဟန်းများ အခြေအနေ တမျိုး ပြောင်းစပြုလာခြင်းဘဲ ဖြစ်ပါတယ်။

အရညဝါသီ တောနေရဟန်းများနဲ့ ဂါမဝါသီခေါ် မြို့ရွာနေ ရဟန်းများရယ်လို့ ရှေ့ကတဲက နှစ်မျိုးနှစ်စား ရှိခဲ့ပါတယ်၊ ဘုရားမြတ်ကလဲ ကြိုက်ရာမှာနေဘို့ ခွင့်ပြုတော်မူပါတယ်၊ အကျင့် သိက္ခာ မကွဲပြားကြလို့ တဦးနဲ့တဦး လေးစားပြီး ညီညွတ်မှုရှိခဲ့ပါ တယ်၊ ဒီမင်းလက်ထက်ကျတော့ အရညဝါသီနဲ့ဂါမဝါသီရဟန်း

အချို့ဟာ မသင့်မတင့် ဖြစ်လာတာကို တွေ့ရပါတယ်၊ ဖြစ်ရတဲ့ အကြောင်းက ပထမတော့ အပရိက သဘောလောက်ပါဘဲ၊ နောက်တော့ဆက်နွယ်ပြီး အငြင်းအခုံဟာ ကြီးမားလာပါတယ်။

အနောက်ဖက် ဆလင်းတောင်ရိုးမှာ သီတင်းသုံးနေတဲ့ တုံရွာဆရာတော် အရှင်ဂုဏာဘိလင်္ကာရဆိုဘာရှိပါတယ်၊ ဒီဆရာတော်က အရညဝါသီနေပြီး တိစီဝရိတ်ဆောင်တဲ့ အကျင့်ကို ကျင့်ပါတယ်၊ ကျင့်တော့ အရညဝါသီတို့ရဲ့ ဆောင်မြဲကိုင်မြဲဖြစ်တဲ့ အထဲက ဦးထုပ်တရပတ်ကိုပယ်ပြီး ယပ်ကိုသာ ဆောင်ပါတယ်။ ထူးတာကတော့ ဒါပါဘဲ၊ ဒါပေတဲ့ တုံတောနေ ဂိုဏ်းဆိုပြီးတော့ ဂိုဏ်းသီးခြားထောင်လိုက်ပါတယ်၊ တခြား အရညဝါသီတွေနဲ့ အကျင့်သိက္ခာမှာ အတူတူပါ၊ ဦးထုပ် တရပတ် ဆောင်းတာနဲ့ မဆောင်းတာသာကွဲပါတယ်။

ယခု အဓိကရုဏ်းဖြစ်ဘယ်ဆိုတာ ဒီဦးထုပ် တရပတ်ကြောင့် ဘဲဖြစ်ပါတယ်၊ ဦးထုပ် တရပတ်အကြောင်းကို နောက်ကလဲ အတော်အသင့် ပြောပြီးပါပြီ၊ ခုလဲ အနည်းအပါးထပ်ပြီး ပြောရပါအုံးမယ်။

ဦး ထုပ်ဆိုတာ ခေါင်းမှာပတ်တဲ့ အဝတ်လို့ပြောခဲ့ပါပြီ၊ (အိတ်သဏ္ဍာန်ဆိုတဲ့ အနေအထားက ဘယ်အချိန်က စတင်တယ်ဆိုတာ မပြောတတ်ပါဘူး) ဒီအဝတ်ကို ဘုရားမြတ် ခွင့်ပြုချက်ရှိသလားဆိုတော့ ပစ္စိမဝါဝရဆိုဘာ ရှိပါတယ်၊ ရဟန်းတွေ သုံးဆောင်နိုင်တဲ့ အသေးအငယ်ဆုံးသင်္ကန်းဆိုပါတော့၊ ဘုရားမြတ်ရဲ့ လက်သစ်တောင်နဲ့ ဆိုရင် အလျားရှစ်လက်သစ်၊ အနံလေးသစ်ရှိပါတယ်၊ ခုခေတ်အတိုင်းအတာနဲ့ ဆိုရင်တော့ အလျားနှစ်ပေ၊ အနံတပေဝန်းကျင်လောက် ရှိမယ်ထင်ပါတယ်၊ အတိအကျတော့ မပြော

နိုင်ပါဘူး၊ ဒီအတိုင်းအတာကလဲ အငြင်းအခုံရှိပါတယ်၊ ခုပြော တာက လက်သမား အတိုင်းအတာပါ။

ဒီအဝတ်စကလေးဟာ ရဟန်းများ သုံးဆောင်နိုင်တဲ့ အသေး ငယ်ဆုံးသော တရားဝင်သင်္ကန်းဖြစ်ပါတယ်၊ ဒါထက်သေးရင် တ ရားဝင်သင်္ကန်းမဟုတ်တော့ပါဘူး၊ တရားဝင်သင်္ကန်း မဟုတ်ရင် သင်္ကန်းမှာလုပ်ရတဲ့ အဓိဋ္ဌာန်တင်ခြင်းတို့၊ ဝိကပ္ပနာပြုခြင်းတို့ စတဲ့ ဟာတွေကို မလုပ်ရတော့ဘူးပေါ့။

ဒီတော့ ဒါလောက် သေးငယ်တဲ့ အဝတ်စ ကလေးဟာ သင်္ကန်းလို့အမည်ရနေပေတဲ့ ကေစီလိုလဲမရှိနိုင်ဘူး၊ သင်းပိုင်လိုလဲ မဝတ်နိုင်ဘူး၊ ပြီး တခြားသင်္ကန်းတွေမှာ မိုးရေခံ၊ အမာလွှမ်း စသဖြင့် သူ့နာမည်နဲ့ သူရှိနေပေတဲ့ ဒါကလေးကတော့ နာမည် သီးသန့်မရှိပါဘူး၊ သို့သော်လဲ အသုံးပြုကောင်းတာတော့ အမှန် ပါဘဲ။

ဒါပေတဲ့ ကေစီတို့ သင်းပိုင်တို့လို မသုံးမနေရတော့ မဟုတ် ပါဘူး၊ ရှိကိုရှိထားရမယ်ဆိုတဲ့ သဘောလဲ မဟုတ်ပါဘူး၊ မရှိလဲ ဘာမှမဖြစ်ပါဘူး၊ ရှိရင်တော့လဲ အသုံးပြုရမှာပေါ့၊ ဒါဖြင့် ဘယ် နေရာမှာ ဘယ်လိုသုံးမလဲ၊ အဝတ်စကလေးက ရှည်ယားယား ဆိုတော့ ခေါင်းပေါင်းဘို့တယ်ကောင်းတာကိုး၊ပြီးဒီခေတ်တုန်းက မြင့်မြတ်သူမှန်သမျှကလဲ ခေါင်းပေါင်းနဲ့ချည်းဘဲ၊ မှူးကြီးမတ် ကြီးတွေ၊ မင်းညီမင်းသားတွေ၊ ဘုရင်တွေ၊ စော်ဘွားတွေဆိုတာ ခေါင်းပေါင်းတွေနဲ့ချည်းပေါ့။

ခေါင်းပေါင်းလေး တထောင်ထောင်နဲ့ ဆိုတော့ ကြည့်ရ တာ တယ်ကြက်သရေရှိတာကိုး၊ ဒါကို ရဟန်းများကလဲ အားကျ လာပုံရပါတယ်၊ ဘုရားမြတ်ကလဲ ပဍ္ဍိမစိဝရခေါ်တဲ့ ခုနက အ ဝတ်စကလေးကို ခွင့်ပြုတော်မူထားတယ်၊ ဒါကြောင့် ဒီအဝတ်စ

ကလေးကို သင့်တော်သလို ကြည့်ပြီးသုံးရင် သုံးကောင်းတယ်လို့ အယူရှိပြီး အညွန့်ကလေးထောင်ထားတဲ့ ဦးရစ်ပေါင်းကို ဦးထုပ်အနေနဲ့ အသုံးပြုကြတာပါလို့ စာဟောင်းက ဆိုပါတယ်၊ ဘယ်သူကများစပြီး စိတ်ကူးပေါက်တယ်တော့ မပြောတတ်ပါဘူး။

တကယ်တော့အသုံးပြုကောင်းတာမှန်ပေတဲ့ ဒီလို အသုံးပြုနည်းကိုတော့ ဘုရားမြတ်က အတိအလင်း တားမြစ်ထားပါတယ်၊ အခြေအနေကိုခြုံပြောရရင် ဒီအာစထောင် ခေါင်းပေါင်းမှာဘဲ ကြည်ညိုဘွယ်ရာ မင်္ဂလာကြက်သရေရှိတယ်လို့ အဲဒီခေတ်လူများကလဲ သတ်မှတ်လက်ခံထားပုံရပါတယ်။

အရည၀ါသီချင်းအတူတူမှာ ဆရာတော်ဂုဏာဘိလင်္ကာရက တမူထူးခြားပြီး လုပ်လိုက်တော့ ထုံးစံအတိုင်း နာမည်ကြီးလာတာပေါ့၊ နာမည်ကြီးအောင်ဆိုပြီး တမင်လုပ်တဲ့ သဘောတော့ ဟုတ်ပုံမရပါဘူး၊ နာမည် ကြီးလာတော့ ဟိုနယ်ကပင့်လိုက် တ၀ါနှစ်၀ါသွားနေလိုက်၊ ဒီမြို့ကပင့်လိုက် သုံး၀ါလေး၀ါသွားနေလိုက်နဲ့ လက်လှမ်းမှီသမျှနေရာတွေလိုက်ပြီး သာသနာပြုတယ်ဆိုပါတော့။

အဲဒီအချိန်က တောင်ငူမှာလဲ အရှင်ဗုဒ္ဓင်္ကုရနဲ့ အရှင်စိတ္တဆိုတဲ့ ညီအစ်ကိုတော် နှစ်ပါးရှိပါတယ်၊ ဒီသရာတော်များလဲ တောနေ တိစီ၀ရိတ်ဆောင် ဆရာတော်များဘဲ ဖြစ်ပါတယ်၊ ဦးထုပ်တရပတ် မဆောင်း ယပ်ကိုသာဆောင်ပါတယ်၊ ထင်ရှားတဲ့ ဆရာတော်များဘဲ ဖြစ်ပါတယ်၊ တုံရွာဆရာတော်နဲ့ အကျင့်သီလအာစာရ အကွဲအပြားမရှိ ညီမျှကြပါတယ်လို့ စာဟောင်းကဆိုပါတယ်။

သာသနာလင်္ကာရမှာတော့ တုံရွာ ဆရာတော်က တပည့်သာမဏေများ ရွာတွင်းသို့ သွားတဲ့အခါ သင်္ကန်းကို မရုံစေဘဲ

ပခုံးတဖက်တင်ကိုသာပြုစေပီး သွားစေပါတယ်၊ အတင်ဂိုဏ်း ရယ်လို့ ဂိုဏ်းထောင်ပါတယ်၊ တောင်ငူ ဆရာတော်များက သာမဏေများ ရွာတွင်းဝင်တဲ့အခါ သင်္ကန်းကိုရုံစေပီး ဝင်ရပါ တယ်၊ အရုံ တောနေဂိုဏ်းရယ်လို့ ဂိုဏ်းသီးထောင်ပါတယ်။

တုံရွာဆရာ အရှင်ဂုဏာဘိလင်္ကာရသည် စာတတ် ပေတတ် မဟုတ်၊ ဝိနည်းမကျွမ်းကျင်၊ ညဏ်ဝါ အကောက်ကိုသာ အလေ့ အလာပြု၍ ပို့ချသည်၊ တောင်ငူဆရာတော်များကတော့စာပေ ကျွမ်းဝင်နှံ့စပ် ကျွမ်းကျင်သည်၊ ဝိနည်းလိမ်မာသည်၊ဒါကြောင့် အတင်ဂိုဏ်း၊ အရုံဂိုဏ်းရယ်လို့ ကွဲပြားလာသည် စသည်ဖြင့် အဆိုပြုထားပါတယ်၊ သာသနဝံသပ္ပဒီပိကာကလဲ သာသနာ လင်္ကာရကို အခြေခံ ရေးထားတာဆိုတော့ တလေထဲ ဖြစ်နေ တာပေါ့။

ရှေ့အစဉ်အလာအရကတော့ အရည်ညဏ်ဝါသီတွေရဲ့ ဆောင်မြဲ ကိုင်မြဲဖြစ်တဲ့ ဦးထုပ် တရပတ်ဆိုတာကို ဝိနည်းနဲ့ မညီညွတ်လို့ စွန့်ပယ်ပီး ယပ်ကိုသာ ကိုင်ဆောင်လာတဲ့ တုံရွာဆရာတော်ဟာ ဒီသင်္ကန်းရုံမှု မရုံမှု ကိစ္စလေးကျမှ ဝိနည်းမကျွမ်းကျင်ဘူးဆိုတာ သိပ်ကို စဉ်းစားစရာ ကောင်းတာပေါ့။

ပီးတော့တုံရွာဆရာတော်ဟာ ပါဠိအဋ္ဌကထာ ဋီကာမန့်စပ် မကျွမ်းကျင်ဘူးလို့လဲ ဆိုပြန်ပါတယ်၊ ဒါတော့ သေသေချာချာ မပြောတတ်ဘူး၊ ဟုတ်ချင်ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး ပေါ့၊ သို့သော်လဲ ဆရာစဉ်ဆက်ကတော့ လက်ဝါးတင်ချည်း ပါဘဲ။

တောင်ဘီလာ ဆရာတော်ကို သိခဲ့ကြပါပီ၊ ဒီဆရာတော်ရဲ့ တပည့်အရှင် ဇောရိုသတ်၊ ၎င်း၏ တပည့် အရှင်အရိယဇေ၊ ထိုဆရာ၏ တပည့် ယခုအရှင်ဂုဏာဘိလင်္ကာရ.... ဆိုတော့ အစဉ်

အဆက်သိပ်မဝေးသေးပါဘူး၊ သာသနာ့လင်္ကာရအဆိုကတော့ ဒီဆရာစဉ်ဆက်ဟာ မဟုတ်ပါဘူးတဲ့၊ လိမ်ညာပြီး ပြထားတာ ပါတဲ့၊ ဒါတော့ သေသေချာချာ မသိဘူးလေ၊ စာထဲတွေ့လို့ ရေးရတာဘဲ၊ တခုပြောနိုင်တာကတော့ ဆရာသမားဆိုတာ တော့ရှိရမယ်၊ သူ့ဆရာ တော်တယ်မတော်ဘူး ဆိုတာတော့ မပြောနိုင်ဘူးပေါ့၊ ဆရာစဉ်ဆက်ကို လိမ်တယ်လို့သာပြောတာ။ သူ့ဆရာစဉ်ဆက်ဟာ ဘယ်သူတွေလဲ ဆိုတာတော့ သာသနာ လင်္ကာရက ဖော်မပြပါဘူး။

တခုတော့ရှိပါတယ်၊ ဆရာကတော်တိုင်းလဲ တပည့်ကျတော့ တော်ချင်မှတော်တာမို့ မကျွမ်းကျင်ဘူး၊ မကျနဘူးဆိုတာ ဟုတ် ချင်လဲဟုတ်မှာပါ၊ သို့သော်လဲ ဒီသင်္ကန်းရုံမှုကိစ္စကလေး လောက် မှာတော့ မကျွမ်းမကျင် မရှိတန်ရာလို့ ထင်ပါတယ်၊ကျမ်းဟောင်း မှာတော့ ဒီကိစ္စကို ထည့်သွင်းဖော်ပြခြင်းမရှိပါဘူး။

ဝက်တာက ဒီကိစ္စဟာ နှောက်မင်းများ လက်ထက်မှာလဲ တော်တော်နဲ့ မပြီးပြတ်အောင် ဖြစ်နေလေတော့ ဒီသင်္ကန်းရုံမှု ကိစ္စနဲ့ ပတ်သက်ပြီး အငြင်းအခုံ ဖြစ်တာကတော့ အမှန်ဘဲလို့ဆို ရပ ်လိမ့်မယ်၊ ဒါပေတဲ့ ဒီဝါဒကို စတင် ထူထောင်သူဟာ အရှင်ဂုဏာဘိလင်္ကာရမှ ဟုတ်ပါလေစလို့ သံသယဖြစ်မိပါတယ်၊ တခုပြောစရာ ရှိတာကတော့ ဒီအချိန်ကစပြီး ရဟန်းများအခြေ ယိုင်စပြုလာပြန်ပြီလို့တော့ ဆိုနိုင်လောက်ပါတယ်။

ဟံရွာမှာ နှစ်ဝါ၊ ဒီရွာမှာသုံးဝါနဲ့ သီတင်းသုံးနေထိုင်လာ ခဲ့တဲ့ ဟံရွာဆရာတော်ဟာ ၁၀၇၃ - ခုနှစ်ကျတော့ အဝရွှေမြို့ တော် ဘင်ကျိုး အရှေ့ဘက်မှာ မှူးတော် မတ်တော် များက ဝါဆိုကျောင်းဆောက်လှူလို့ အဲဒီမှာ ဝါဆိုရပြန်ပါတယ်၊တော နေရဟန်းဆိုပေတဲ့ ဆွမ်းခံတဲ့အခါမတော့ နီးစပ်ရာမြို့ထဲရွာထဲမှာ

ဘဲခံရတာပေါ့၊ ဒီတော့ သူတို့အကျင့်အတိုင်း ဦးထုပ်မဆောင်း တရပတ် မကိုင်ဘူးပေါ့။

ဒီလိုနဲ့သီတင်းဝါလကျွတ်တဲ့အခါကျတော့ မင်းကိုးကွယ်ခံ ဆရာတော်တဦးဖြစ်တဲ့ ညောင်စင်ရွှေကျောင်းဆရာတော်က နီးစပ်ရာ ဂါမဝါသီကျောင်းနေရဟန်းတွေကို ဆော်အော စုရုံးပြီး၊ ဦးထုပ်မဆောင်း၊အညွန့်အသားမရှိ မင်္ဂလာ ကြက်သရေကင်းမဲ့တဲ့ အရညဝါသီတွေကို နှင်ပစ်ရမယ်ဆိုလို့ ကျောင်းခတွေ ဖြိုဖျက်ပြီးနှင်လိုက်တာနဲ့ တုံရွာဆရာတော်နဲ့ အတူ တောနေ ရဟန်းငါးဆယ် ကျော်တို့ဟာ ထွက်ပြေးခဲ့ရပြီး ဆင်တဲရွာအရှေ့တောင်သူဌေးကန်အနောက်တောင်ကုန်းပြင်မှာ ကျောင်းတိုက်တည်ပြီး နေကြရပါတယ်။

ဒီနေရာမှာတောင်မှမနေစေရဘူးဆိုပြီး ညောင်စင်ရွှေကျောင်းဆရာဦးစီးတဲ့ ဂါမဝါသီ ရဟန်းများက ရိုက်နှက်နှင်အုံးမယ်ဆိုပြီး လာကြပြန်ပါတယ်၊ဒါကိုဘုရင်မင်းမြတ်သိတော့“ဆရာတော်တို့ နှင်လို့မသင့်ပါ၊ သူတို့နှစ်သက်ရာ နေပါစေ၊ ဒကာများ သဘောအတိုင်း ကျောင်းဆောက်လှူဒါန်းရာမှာ နေထိုင်ပြီး သာသနာတော်မြတ်ကို အားထုတ်ပါစေ၊ အရှင်ဘုရားတို့က ဂါမဝါသီဖြစ်သည်၊ထိုဆရာများကအရညဝါသီဖြစ်သည်၊ ဘုရားသခင်ကလည်းဂါမဝါသီ၊ အရညဝါသီ ခွင့်ပြုတော်မူသည့်ချည်းဖြစ်သည်ကို အရှင်ဘုရားတို့က နှင်၍မသင့်လျော်ပါ”လို့ အမိန့်တော်နဲ့ ဘားမြစ်ပေလို့ အရညဝါသီ ရဟန်းများ သက်သာရာ ရသွားပါတယ်။

ဒီ အဓိကရုဏ်းဟာ သင်္ကန်း ရုံမှု ကင်မှုအတွက် မဟုတ်ပါဘူး၊ ဦးထုပ် ဒေါက်ချာ မဆောင်းတာက အကြောင်းခံပါတယ်၊ပြော

ရမှာလဲ အမက်သွားဘဲ။ ကိုယ့်ဟာကိုယ် အကုသိုလ်မဖြစ်အောင် သာ စဉ်းစားကြဘို့ရှိပါတယ်။

ရဟန်းတွေ အခြေယိုင်စပြုလာပြန်ပြီဆိုပေတဲ့ ဗြုန်းကနဲအရှိန်ရပ်သွားနိုင်လောက်အောင် ကြီးမားတဲ့ယိုင်ခြင်းမျိုးတော့မဟုတ်ပါဘူး၊ အသေးအဖွဲ့ပါဘဲ၊ တချို့နေရာမှာဆိုရင် ပရိယတ်အရှိန်ကောင်းတုန်းမို့ အားရစရာဖြစ်ရပါသေးတယ်။

ခုနကပြောခဲ့တဲ့ တုံရွာဆရာတော် အရှင်ဂုဏာဘိလင်္ကာရဟာ ဆရာစဉ်ဆက်မညံ့သလို တပည့်စဉ်ဆက်လဲ မညံ့တာကို တွေ့ရပါတယ်၊ သူ့တပည့်တွေ အများထဲက အရှင်ဝရသမ္ဘောဓိ၊ အရှင်ဉာဏမဥ္ဇူ၊ အရှင်ဉာဏမဥ္ဇူသာ၊ အရှင်ဥက္ကာရမ္ဘ၊ အရှင်ဥတ္တမသာရ၊ အရှင်အာစာရမ္ဘ၊ အရှင်ဗုဒ္ဓင်္ကုရဆိုတဲ့ ခုနစ်ပါးဟာ ပရိယတ် ပဋိပတ်ကို အထူးအားထုတ်တော်မူကြပါသတဲ့။

အရှင်ဝရသမ္ဘောဓိဆိုတာ ဓမ္မပဒဋီကာသစ်ကို ပြုစုတော်မူတဲ့ ဆရာတော်ပါ၊ ရာဇဂြိုဟ်မှာ နေပြီး သံဃာ တရာကျော်နဲ့ ပရိယတ်ပဋိပတ်ကို အလွန်အားထုတ်ပါတယ်၊ အရှင်ဉာဏမဥ္ဇူက စလင်းမြို့မှာနေပြီး သံဃာ ရာ ကျော်နဲ့၊ ပီး တခါ အရှင်ဉာဏမဥ္ဇူသာကလဲ ဟန်လင်းမြို့မှာ သံဃာရာကျော်နဲ့ဘဲ၊ နောက် အရှင်ဥက္ကာရမ္ဘက စဉ့်ကူးမြို့တောင်ကျောင်းကိုးကျောင်းမှာ သူကလဲ သံဃာ ရာကျော်နဲ့ဘဲ။

ကျောင်းကိုးကျောင်း ဆိုတာက ကျောင်း အရေအတွက် ၉ ကျောင်းလား၊ နာမည်ကိုက ကျောင်းကိုးကျောင်းလားဆိုတာ သေချာချာ မသိပါဘူး။

အရှင်ဥတ္တမသာရက စစ်ကိုင်း တောင်ဘီလူးတောင်ကြားမှာ သံဃာရာကျော်နဲ့ဘဲ၊ အရှင်အာစာရမ္ဘကတော့ ရွာသစ်ကြီး အရှေ့မြောက်ထောင့်မှာ တောကျောင်းနေပါတယ်၊ သူ့မှာလဲ

သံဃာရောက်ပါဘဲ၊ အရှင်ဗုဒ္ဓကိုရကတော့တလုပ်မြို့မှာသိတင်း သုံးပြီး တပည့်သံဃာတရာကျော်နဲ့ဘဲ သာသနာတော်ကို အလွန် အားထုတ်တော်မူတယ်တဲ့။

၁၀၇၄-ခု တနင်္ဂနွေမင်းတရား နန်းတက်တော့လဲ ဒီသက္ကရာဇ် ရှိမှ၊ တင်မှုကိစ္စဟာ ငြိမ်မသွားဘဲ ပိုဆိုးလာတယ်လို့ သာသနာ လင်္ကာရကဆိုပါတယ်၊ အရုံဂိုဏ်းဘက်က အရှင်ဥက္ကံသမာလာဆို တဲ့ ဆရာတော်က ခေါင်းဆောင်ပြီး၊ အတင်ဂိုဏ်းဘက်က တောင် ဘီလူးဆရာတော် ခေါင်းဆောင်တယ်လို့ ဆိုပါတယ်၊ အဲဒီနှစ် ဘက်ခေါင်းဆောင်တွေနဲ့ ငြင်းခုံပြောဆိုကြရာမှာ ဝိနည်းဓိုရ်ဆရာ တော်များအဖြစ် မှန်စီကျောင်း ဆရာတော်၊ မိုးထိဆရာတော်၊ လက်ကောင်းဆရာတော်နဲ့ အရှင်ဗုဒ္ဓကိုရဆရာတော်များကို မင်း တရားကြီးက ခန့်ထားတယ်၊

အဲဒီမှာ အရှင်ဥက္ကံသမာလာက ပိဋကတ်စာပေ အထူးတတ် ကျွမ်းပြီး၊ တောင်ဘီလူးနဲ့ ဝိနည်းဓိုရ် ဆရာတော် လေးပါးက တော့စာပေကျမ်းဂန်ကိုကျနမှုမရှိ၊ဝိနည်းမျှမကျွမ်းကျင်၊သို့သော် မင်းကျွမ်းဝင်ပါသတဲ့၊ ဒါကြောင့် ချုံကောင်းရာမှာ ပုန်းနေတဲ့ ကျားသစ်ကို အဖမ်းရခက်သလို မင်းတည်းဟူသော မှီရာရှိနေလို့ ဒီလို စာပေဟုတ်ဘိပတ်တိမတတ်တဲ့ အတင်ဂိုဏ်းသားတွေကို အ လွန်စာတတ်လှတဲ့ ရှင်ဥက္ကံသမာလာ ဘယ်လိုပင် ပြောဆိုငြား သော်လည်း အနိုင်မရဘဲရှိပါတယ်လို့ သာသနာလင်္ကာရက ဆိုပါ တယ်။

ဆရာတော် ရှင်ဥက္ကံသမာလာ ဆိုတာက ဘုရင့် ယောကျ္ာမ တော် တွင်းသင်းမင်းကြီး ပင့်ယူ ကိုးကွယ်တဲ့ ရွှေကြက်ယက် ကျောင်းဆရာတော်ဖြစ်ပါတယ်၊ မြန်မာ့အသုံးအနှုန်းရေးထုံးရေး နည်းပြတဲ့ ဝဏ္ဏဗောဓနကျမ်းကို စီရင်ပါတယ်။ ဒီကျမ်းဟာ

လောကီကျမ်းပါ၊ ပြီးတခါ ကဝိကဏ္ဍပါသလင်္ကာနဲ့ တောင်ငူ ဆိုရတုအဖြေများကို စပ်ဆိုသောဆရာတော်လဲ ဖြစ်ပါတယ်၊ ပိဋ ကတ်တော်သမိုင်းအရ ဆိုရင်တော့ စာဆိုပညာရှင် တဦးပါဘဲ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသတို့နဲ့ နှိုင်းစာမယ် ဆိုရင် တော့၊ ဟိုဆရာတော်များလောက် အရည်အချင်း ရှိပုံတော့မရ ပါဘူး၊ ဒါနဲ့တောင် ရှင်မဟာရဋ္ဌသာရတို့ တတွေကို ဂီတဆံ တယ်ဆိုပြီး ဘေးဖယ်ထားကြတယ်၊ ဒီရှင်ဥက္ကံသမာလာ ကျမှ တော်တယ်လို့ ဆိုနေပြန်တော့ ရှေ့က မှတ်တမ်းတင်သူတွေဟာ လိုရင် လိုသလို၊ မလိုရင် မလိုသလို ရေးနေကြရော့သလားလို့ အထင်ရောက်မိပါတယ်၊ သူတော်ကောင်းကြီးများကို စွပ်စွဲ ရေးသားခြင်းမဟုတ်ရပါ၊ စွပ်လည်း မစွပ်စွဲပါ။

ပြီး စာပေကျမ်းဂန် မကျွန်ဘူးလို့သာ သာသနာလင်္ကာရ ဆို ထားတဲ့ တောင်ဘီလူးဆရာတော်ကို ကြည့်ပါအုံး။

ဒီတောင်ဘီလူး ဆရာတော်ဆိုတာက ခုနကပြောခဲ့တဲ့ တုံရွာ ဆရာတော် အရှင်ဂုဏာဘိလင်္ကာရရဲ့ တပည့်ပါ၊ ဇာတိကတော့ မြောက်ဘက် မုံညိုရွာပါတဲ့၊ ခုနစ်နှစ်အရွယ်ကစပြီး စစ်ကိုင်း လေးတပ်ဆရာတော် ဝိနယဓရ အရှင်ဂုဏာသီဟ ဆရာတော်ဘုရား ထံမှာ ပညာသင်ကြားရပါတယ်၊ ငယ်ငယ်ကတဲက ဇာတ်တော် ကြီးဆယ်စောင်၊ သဒ္ဒါသင်္ဂြိုဟ် မာတိကာဓာတုကထာ ယမိုက် ပဋ္ဌာန်းအထိ အခြေခိုင်သူဖြစ်ပါတယ်။

လေးတပ်ဆရာတော် ပျံတော်မူတော့ လယ်ကြီး ကျောင်း တိုက်ဆရာတော် အရှင်သာရမေဓ ထံမှာ ပြောင်းပြီး သင်ကြား ရင်းက အဲဒီမှာ ပထမ ပဥ္စင်းခံပါတယ်၊ စနေပင်းလက်ထက်မှာ တုံရွာ ဆရာတော်ထံမှာ သိက္ခာ ထပ်ယူပါသတဲ့၊ ပြီးတော့မှ

အမြင့်မြို့ အရှေ့တိုရွာ ဆရာတော်ဘုရားနဲ့ သံဃာ ခုနစ်ပါး ထံမှာ ခုနစ်နှစ်နဲ့ ခုနစ်လ ဆည်းကပ် သင်ကြားပြီး စစ်ကိုင်း တောင်ဘီလူး ချောက်ကြားမှာ သီတင်းသုံးနေထိုင်ပါတယ်။

ရှင်ပထမ၊ ပဥ္စင်းပထမ နှစ်စဉ်သွင်းတော်မူပါသတဲ့၊ စာမေးပွဲသွင်းတာကို ပြောတာနဲ့တူပါတယ်၊ စာသင် သံဃာ နှစ်ရာကျော် သုံးရာလောက် ရှိပါတယ်၊ အဘိဓမ္မာ ညဝါဟောရိုး၊ ယမိုက်ပဌာန်း အကောက်အယူ၊ အခွဲအစိတ်သင်ပြရာမှာ ရှေ့ဆရာများနဲ့ တမူထူးပြီး ပြတာဖြစ်လို့ သင်ရ မှတ်ရတာ လွယ်ကူလေတော့ တပည့်သံဃာများလဲ တိုးပွားလာတာပေါ့၊ ဒါကြောင့် တောင်ဘီလူး ဟောရိုး၊ ဆိုရိုးရယ်လို့ ညဝါမှာ တခမ်းတနား ထွက်ပေါ်လာတာပါဘဲ။

ဒီတောင်ဘီလူး တပည့်ထဲကလဲ အကျော်အစောရှိတဲ့ ပုဂ္ဂိုလ်များထွက်ပေါ်ပါတယ်၊ ခိုတောင်ရွာ အရှင်သီလာစာရ၊ မတ္တရားကင်းရွာအရှင်သာရဒဿီ၊ ထုံးကြီးရွာ အရှင် ကလျာဏဇောတ၊ စဉ့်ကူး အရှင်စန္ဒသီရိ ( အရှင်ဥက္ကာရမ္ဘတပည့်ရင်း )စဉ့်ကိုင်နေ ဟန်လင်း အရှင်ဥက္ကံသ၊ စရင်ရွာနေ အရှင်စန္ဒာဝရ၊ ထန်းတပင်ရွာနေ အရှင်ဝရမေဓာ၊ အုတ်ရှစ်ကျင်း ရွာနေ အရှင် ယသ၊ ကန်ပဲ့ပေါင်စရွာနေ အရှင်ဂုဏမဥ္ဇူ။ လေးပယ်ရွာနေ အရှင်သာရဓမ္မ၊ တောင်မြို့နေ အရှင်ဝိစိတ္တသာရ၊ ယင်းတော မြို့နေ အရှင်ဂုဏာသဘ၊ စကျဉ်းတောင်ရွာနေ အရှင် သုဒဿနဆိုတဲ့ ပုဂ္ဂိုလ်များဟာ တောင်ဘီလူး စာသင်ပုဂ္ဂိုလ်များဖြစ်ပြီး နောက်တခါ ရပ်ဝေးရပ်နီး အသီးသီးက လာရောက် ပညာသင်ကြတဲ့ ပုဂ္ဂိုလ်များကို ပို့ချသင်ကြားပေးတဲ့ နာမည်ရှိပုဂ္ဂိုလ် အရှင်မြတ်များဘဲဖြစ်ပါတယ်။

ဒီ တောင်ဘီလူးဆရာတော်ဟာ ဝမ်းဘဲအင်းစံ မင်းတရားလက်ထက်မှာ ပဋ္ဌင်းတော် ပထမရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါသတဲ့၊ ဒီလိုအစဉ်အလာ ခိုင်မာခဲ့တဲ့ ပုဂ္ဂိုလ်တဦးဟာ စာပေကျမ်းဂန် မကျနဘူးဆိုတော့ မစဉ်းစားတတ်အောင်ဘဲ ဖြစ်ရပါတယ်။

နောက်တခါ မိုးထိကျောင်း ဆရာတော်နဲ့ မှန်စီကျောင်းဆရာတော်တို့ဆိုတာကလဲ ရယ်ကာမောကာနဲ့ နာမည်ကြီးလာတဲ့ပုဂ္ဂိုလ်များ ပဟုတ်ပါ။

တနင်္ဂနွေမင်း နန်းတက်တော့ မိုးထိ ကျောင်းတော်ကြီးနဲ့ မှန်စီကျောင်းတော်များကို ဆောက်လုပ်ပါတယ်၊ ပြီးတဲ့အခါကျတော့ ကျောင်းတင်ဘို့အတွက် သီလသိက္ခာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ရွေးပါတယ်၊ ရွေးဦးစွာ ဇေတဝန် ဆရာတော်တပည့်ရင်းအရှင်ဇောတယန္တကို မိုးထိကျောင်းကို တင်လှူပါတယ်၊ ဒီဆရာတော်မှာ ညီဖြစ်တဲ့ အရှင်ဉာဏပြသီဆိုတာလဲ ရှိပါတယ်၊ သူတို့ငယ်တပည့်ရင်း အရှင်ဂမ္ဘီသာရဆိုတာက ပထမမေးပွဲမှာအောင်မြင်သွားလို့ နာမည်ကြီးသွားပါတယ်။

(ရွေးက ပထမမေးပွဲဆိုတာ....တကြိမ်မှာ တဦးဘဲ ရွေးသလား၊ အောင်သူအများထဲက အတော်ဆုံး ပုဂ္ဂိုလ်ကို ရွေးချယ်သလားတော့မသိ၊ "ပထမတော်"ဆိုတဲ့ နာမည်ဟာ ကြီးတော့အကြီးသား။)

ဒါကို မင်းတရားကြားတော့ သဒ္ဓါဖြစ်လွန်းလို့တဲ့ ဆရာဖြစ်တဲ့ အရှင်ဇောတယန္တကို အနန္တဓဇဆိုတဲ့ တံဆိပ်လှူကြောင်း၊ညီတော်ဉာဏပြသီကိုလဲ ပိဋကတ်တော်မ- ခန့်ကြောင်းနဲ့ သာသနာဝံသစာဟောင်းကဆိုပါတယ်။

၁၀၀၂,၃ ရောက်တော့ အရှင်ဉာဏပြသီကို မိုးထိကျောင်းကို တင်လှူပြန်ပါတယ်၊ မူလ ဆရာတော် အရှင်ဇောတယန္တ

တခြားကြွသွားလို့လား၊ ပျံလွန်တော်မူလို့လားတော့ မသိဘူး၊ မှန်စီရွှေကျောင်းကိုတော့ ချင်းတွင်း ဆရာတော်ကို တင်လှူပါတယ်၊ ဒီဆရာတော်နှစ်ပါးလုံး သက်တော်မရှည်ကြလို့ နောက်ထပ်ကျောင်းတင်တဲ့အခါ မိုးထိကျောင်းကို ပထမတော် အရှင်ဂမ္ဘီသာရ၊ မှန်စီကျောင်းကို အရှင်ဇောတယန္တရဲ့ တပည့်တဦးဖြစ်တဲ့ အရှင်ပညာကာမိကို တင်လှူပါတယ် - ဆိုတော့၊ အတင်အရုံ ဝိဝါဒမှာ ဝိနည်းမိုရ်ရဲ လုပ်တာဟာ ဒီအထဲက တပါးပါးဖြစ်ပါလိမ့်မယ်၊ ဘယ်ဆရာတော်လဲတော့ အသေအချာ မသိဘူးပေါ့။ သို့သော်လဲ ဒီဆရာတော်တွေဟာ အညံ့စားထဲက မဟုတ်ကြောင်းတော့ သိသာလောက်သားဘဲ၊ လက်ယောက်ဆရာတော်ဆိုတာတော့မသိဘူး၊ အရှင်ဗုဒ္ဓင်္ကုရဆိုတာကတော့ နောက်ကပြောခဲ့တဲ့ တုံရွာဆရာတော်ရဲ့ တပည့်ရင်း၊ တလုပ်မြို့စာသင်တိုက်ကြီးရဲ့ဆရာတော်ပါ၊ ဒီဆရာတွေကို ပါဠိကျမ်းဂန် မကျွန်ဘူးဆိုရအောင်ကလဲ တခက်ပါ၊ မကျွန်ဘူးဘဲလားပါတော့၊ ဒီအတင်အရုံကိစ္စကလေးလောက်မှ မသိဘူးတဲ့လား....လို့၊ မေးချင်စရာပါဘဲ။ တကယ်လို့ ဒီဆရာတော်တွေဟာ အတင်ဂိုဏ်းဘက်က ဦးစီးဦးကိုင်လုပ်နေတာ အမှန်ပါဘဲဆိုရင်တော့ တဖက်နဲ့ တဖက် အမျက်သိုကြလို့ တမင်အရွဲ့တိုက်ပြီး လုပ်တာများလားလို့လဲ ထင်စရာပါ၊ ဒီလိုဆိုရင်တော့လဲ ဒီဆရာတော်များရဲ့ အမှားပါဘဲ၊ မတိုက်သင့်တဲ့နေရာတိုက်တဲ့ အရွဲ့ကိုး။

၁၀၉၅ - ခုရောက်တော့ သားတော်အိမ်ရှေ့မင်း နန်းတက်ပါတယ်၊ ဟံသာဝတီရောက်မင်းတရား ဆိုတာ ဒီမင်းပါ၊ ဒီမင်းလက်ထက်မှာ အဝပြည်ကြီးပျက်စီးတာပါဘဲ။

နန်းတက်စက ပညာရှိများက ဆိုကြပါတယ်၊ အရှင်မင်းကြီးဟာ စစ်တောင်းမြေကို ရောက်ကိန်း ရှိနေတယ်ပေါ့၊ ဒါနဲ့ စစ်

တောင်းကမြေကိုယူပြီး၊ မြို့တော်အနောက်ဘက် စစ်တောင်းနဲ့ နေနံ့တူတဲ့ သင်တဲဆိုတဲ့ အရပ်မှာမြေကိုဖြန့်ကြပြီး၊ အဲဒီမှာဃာယီ နန်းဆောက်လုပ်ပြီး စံပါတယ်၊ ဒီနန်းကို ကျော်အောင်စံနန်း လို့ သမုတ်ပါတယ်၊ နောက်တော့နန်းကိုဖျက်သိမ်းပြီး အဝမြို့တော်မှာ ကျောင်းတဲရာပြည့်အောင် ဆောက်လုပ်ပါတယ်၊ ဒီကျောင်းကို "ကျော်အောင်စံထား" လို့ ကမ္ပည်းထိုးပါတယ်။

ပြီးတော့မှ ပခန်းကြီးကျေးလက် ကျေးပိုက်သင်ရွာနေ ပထမကျော် ရှင်ဉာဏဝရကို ပင့်ပြီးတင်လှူကိုးကွယ်ပါတယ်၊ ကျောင်းနာမည်ကိုအစွဲပြုပြီး ကျောင်းတရာကျော်အောင်စံထား၊ နောက်ကျော်အောင်စံထားဆရာတော်လို့ ကျော် ကြား လာ ပါ တယ်၊ အဲဒါမင်းတရားကြီးပင့်ကိုးကွယ်တဲ့ ကျမ်းဂန်စာပေ နှံ့စပ်ကျွမ်းကျင်လှတဲ့ ဆရာတော်ပါ။

ဒီမှာပဲ အဟောင်အရုံဝိဝါဒကို ဆိုပြန်ရာမှာ အရုံဂိုဏ်းဘက်က ယာနုဇကျော်အောင်စံထား ဆရာတော်က တာဝန်ယူလို့ အတင်ဂိုဏ်းဘက်က ရှင်ပါသံသဆိုတာက ခေါင်းဆောင်လို့ အခြေအတင်ဆိုကြပါသတဲ့၊ အဲဒီမှာ ဝိနည်းမိုရ်ပုဂ္ဂိုလ်အဖြစ် အောင်မြေရှာ့ဆရာတော်ကို မင်းကခန့်သတဲ့၊ ဒီဆရာတော်ဟာစာပေကျမ်းဂန်နတ္ထိ၊ ဝိနည်းဆိုတာ ဘာမှန်းပင်မသိ၊ ဒါကြောင့်ဒီပွဲမှာလဲ အရုံဂိုဏ်းကရှုံးရပြန်ပါသတဲ့၊ သာသနာလင်္ကာရက ပြောတာကိုပြန်ပြောတာပါ၊ တဖက်က ဆရာတော်တွေက ဘုရင်ကြီးနဲ့ ပလဲနံ့ပသင့်နေလို့ပါတဲ့။

နို့ တဖက်ကဦးစီးနာယကကလဲ မင်းဆရာတော်ကြီးဘဲမဟုတ်ဘူးလား၊ မင်းဆရာတော်ကြီး ကိုယ်တိုင်မှန်တယ် ဆိုတဲ့ဘက်က ဦးစီးခေါင်းဆောင်ပြုလုပ်ပါရက်နဲ့ ရှုံးရပြန်တယ် ဆိုတော့...၊ စဉ်းစားရက်လှူ မျက်စိလည်နေပါ၏၊ ကချို့နေရာတွေမှာတရား

လို၊ တရားခံ ပြောင်းပြန်များ ဖြစ်နေကြသလား မသိဘူး၊ ဝမ်းသာစရာကောင်းတဲ့ကိစ္စတွေ မဟုတ်ပါ။

ခုဆိုရင် သက္ကရာဇ် ၁၁၁၃-ခုရောက်လာတာမို့ သာသနာဟာ ဘုရားကိုယ်တော်နဲ့ ဝေးလာတာ နှစ်ပေါင်း ၂၂၉၅-နှစ်ရှိသွားပါပြီ၊ အရွယ်နဲ့နှိုင်းရမယ်ဆိုရင်တော့ လူလတ်ပိုင်း ရောက်လာပါပြီ၊ သာသနာခေတ်ကိုနှစ်ပေါင်း ၅၀၀၀လို့ အဋ္ဌကထာကသတ်မှတ်ပါတယ်၊ အနည်းဆုံးငါးထောင်လား၊ အများဆုံးငါးထောင်လား-ဆိုတာ အသေအချာမသိပါ၊ ကြည့်ရတာကတော့ အများဆုံး ငါးထောင်နဲ့ဘဲတူပါတယ်၊ ဒီလိုဆိုရင် ငါးထောင်မပြည့်ခင်မှာလဲ ပျက်သုဉ်းသွားနိုင်တယ်လို့ အဓိပ္ပါယ် ရှိနေပါတယ်၊ ဟုတ်မဟုတ်တော့မသိပါ၊ ခုကြည့်ရတာဖြင့် လူလတ်ပိုင်းသာဆိုရတယ် ဆံပင်တွေ တော်တော်ဖြူနေပါပြီ၊ ခေတ်အဆက်ဆက်မှာ မင်းအဆက်ဆက်တွေ အဖာအထေး ကောင်း လွန်းလို့၊ ကိုယ်ထည်ကလဲအဖာအထေးခံနိုင်လောက်အောင်မဆွေးသေးလို့ ခုအချိန်အထိ လူရေသူရာဝင်နေနိုင်သေးတယ်လို့ ဆိုရမှာပါဘဲ။

၁၁၁၃-ခုနှစ်ဆိုတာ ညောင်ရမ်းဆက် ကုန်ဆုံးလို့ အဝထီးနန်းတခေတ်သုဉ်းသွားတဲ့ အချိန်ပါဘဲ၊ သာလွန် မင်းတရားကြီး တိမ်းပါးတဲ့အချိန်ကစပြီး၊ စစ်မက်ရေးရာတွေနဲ့ တိုင်းပြည်လဲ လှုပ်ရှားလာသလို ရဟန်းတွေလဲ ယိမ်းယိုင်လာပုံရပါတယ်။

တော်သေးတယ်လို့ ဆိုနိုင်တာတခုကတော့ အဝခေတ်ကြီးနဲ့ အတူ ရဟန်းတွေပါမသွားခြင်းဘဲဖြစ်ပါတယ်၊ ဒါကြောင့် အစဉ်အလာမပျက်ရအောင် ကိုယ့်ကိုယ်ကိုရော ပတ်ဝန်းကျင်ကိုပါ ဆက်လက် ထိန်းသိမ်းလာ ခဲ့တော်မူကြတဲ့ ထိုထိုခေတ် ရဟန်းတော်ကြီးများကို လေးလေးစားစားဦးသတ်မိပါသတည်း။

—ရဟန်းသား

[illegible]